www.burmeseclassic.com

WORDS OFTEN CONFUSED

# ဦးတောင်လုံး

# WORDS OFTEN CONFUSED

BURMESE CLASSIC .com

မျိုးတူ - မူခြား

မှားတတ်သောစကားလုံးများ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် [ ( ၇၁၉/၂၀၀၄) (၈) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ( ၇၆၃/၂၀၀၄) (၉) ]

ပုံနှိပ်ခြင်း
ပထမအကြိမ်

ထုတ်ဝေသည့်ကာလ
၂၀၀၄၊ နိုဝင်ဘာ

အုပ်ရေ
၁၀၀၀

မျက်နှာဖုံးဒီဇိုင်း
Star

ထုတ်ဝေသူ
ဦးဝင်းမျိုးသူရ
ပင်နီစာအုပ်တိုက် (ယာယီ - ၇၅၀)
အမှတ် (၁၆၀)၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဝင်းမျိုးသူရ
မဟာမိဒီယာ (မြ - ၀၅၈၁၄)
အမှတ် (၅၁/ခ) ကိုယ်မင်းကိုယ်ချင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး
၂၀၀၀/-ကျပ်

BURMESE CLASSIC .com

# CONTENTS


| Words | Page |
|---|---|
| ကန်တော့ပန်း | ---------- |
| အမှာစကား | ---------- |
| Nouns | 1- 134 |
| Verbs | 135 - 257 |
| Adjectives | 258 - 397 |
| Adverbs | 398 - 408 |
| Prepositions and others | 409 - 420 |


**Over 3600 Words**

www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပန်း

လက်ဦးဆရာ

ကျေးဇူးရှင် မိဘနှစ်ပါး

နှင့်

အင်္ဂလိပ်စာ - ငယ်ဆရာများဖြစ်ကြသော

တောင်တွင်းကြီးမြို့မှ

- ဦးအေးချို  အငြိမ်းစားတိုင်းပညာဝန် (ကွယ်လွန်)
- ဦးဘမောင်  အငြိမ်းစား အထပြ (ကွယ်လွန်)
- ဦးမှူ  အငြိမ်းစားတိုင်းပညာဝန် (ကွယ်လွန်)
- ဦးဘနောင်  အငြိမ်းစား အထပြ (ကွယ်လွန်)
- ဦးကြွယ်  အလွတ်ပညာသင် (ကွယ်လွန်)

**"တို့အား ရှိခိုးဦးညွှတ်လျက်"**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အမှာစကား

ဘာသာစကားတိုင်းတွင် ဝေါဟာရသည် အသက် ဖြစ်၏။ ဝေါဟာရ မရှိလျှင် ဘာသာစကားလည်း ပျောက်ကွယ်သွားပေမည်။ ဝေါဟာရများများ သိမှ ဘာသာ စကားကို တတ်သည် ကျွမ်းသည်ဟု ဆိုနိုင်သည်။ သို့ဖြစ်လျှင် အင်္ဂလိပ်စာ တတ်လိုသူများသည် အင်္ဂလိပ် ဝေါဟာရများကို များများ စုစည်းထားဖို့လိုအပ်ပေသည်။

**Vocabulary ဆိုသည်မှာ စကားလုံးတစ်လုံး၏ အဓိပ္ပါယ်ကို နားလည်ပြီး၊ ယင်းစကားလုံးကို မိမိကိုယ်တိုင် အသုံးပြုနိုင်သည့် ကိုယ်ပိုင်ဝေါဟာရကို ခေါ်သည်။** ကိုယ်ပိုင်ဝေါဟာရများ စုဆောင်းခြင်းသည် အင်္ဂလိပ်စာ သင်ကြားရေး၏ အဓိက လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ကိုယ်ပိုင်ဝေါဟာရ များများရလိုလျှင် အဘိဓာန်စာအုပ် ကောင်းကောင်းတစ်အုပ် ရှိဖို့လိုသည်။

**အဘိဓာန်ဆိုသည်မှာ ဝေါဟာရများကို အက္ခရာစဉ်၍ ထည့်သွင်းထားပြီး၊ အနက်အဓိပ္ပါယ်ကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။** ဝေါဟာရလေ့လာမှုသည် အလွန်ကျယ်ပြန့်၏။ သင်ယူ၍ မကုန်နိုင်အောင် များပြားလှသည်။ ယခုဤစာအုပ်တွင် ပါရှိသော ဝေါဟာရများသည် အဘိဓာန်စာအုပ်ကြီးများတွင် ပါရှိပြီး စကားလုံးများပင် ဖြစ်သည်။ သို့ရာတွင် စာဖတ်သူများအဖို့ တစ်လုံးချင်းလိုက်၍ ရှာနေလျှင် အချိန် အတော်ယူမှ ရပေမည်။

ထို့ကြောင့် မိမိသိလိုသော စကားလုံး တစ်လုံးကို ဤစာအုပ်တွင် ရှာလိုက်လျှင် **အဓိပ္ပါယ်ဆင်တူပြီး** သုံးနည်းသုံးဟန် **အနည်းငယ်ခြားနားသော အခြားစကားလုံးများကိုပါ တစ်ထိုင်တည်း၊ တစ်မြိုင်တည်း ရှာတွေ့ကြည့်** တွေ့မြင်နိုင်စေရန် စုစည်းပေးထားခြင်း ဖြစ်ပါသည်။ ဤသို့ စုစည်းရာတွင် သာမာန်အဘိဓာန်များကဲ့သို့ A to Z အတွင်းရှိ စကားလုံးများကို အက္ခရာစဉ်အလိုက် ဆက်တိုက်ဖော်ပြမထားပဲ Noun, Verb, Adjective, Adverb စသည့်အားဖြင့် စကားလုံး အမျိုးအစား အလိုက် ခွဲခြားဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိသိလိုသော စကားလုံးများသည် Noun ဖြစ်လျှင် Noun အခန်း၌ရှာပြီး Verb ဖြစ်လျှင် Verb အခန်းတွင် ရှာရပါမည်။ ယင်းစကားလုံးအမျိုးအစား တစ်မျိုးစီထဲမှာပင် အဘိဓာန်စာအုပ်များကဲ့သို့ တတ်နိုင်သလောက် အက္ခရာ အစဉ်လိုက် ပြုစုထားသဖြင့် စာဖတ်သူများ နှစ်ခြိုက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မည်သို့ပင်ဖြစ်စေ ဤစာအုပ်သည် အင်္ဂလိပ်စာကို လေ့လာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများ၊ အင်္ဂလိပ်စာကို သင်ကြားပြသပေးနေသော ဆရာ၊ ဆရာမများနှင့် အင်္ဂလိပ်ဘာသာစကားကို အထူး ကျွမ်းကျင် တတ်မြောက်လိုသူများ အတွက် အထိုက်လျောက် အထောက်အကူ ပြုနိုင်မည်ဆိုလျှင် စာရေးသူ၏ ဆန္ဒ လုံးဝပြည့်စုံပြီဟု ယူဆပါသည်။

*ပန်းတိုင်းမွှင့်၍*
*မွှင့်သောပန်းတိုင်း မွှေးပါစေ*

**ဦးတောင်လုံး B.A; Dip. Ed.**
တိုက်(၈) 4 A၊ မင်းလမ်း၊
စမ်းချောင်း၊ ရန်ကုန်မြို့။



### (1) absence / need / want

absence = မရှိခြင်း၊ ပျက်ကွက်ခြင်း
need = လိုအပ်မှု၊ လိုအပ်ချက်
want = လိုအပ်ခြင်း၊ လိုလားမှု

- His *absence* was noticed.
  သူ မရှိတာကို သတိပြုမိကြတယ်။
- Food and clothing are their most important *needs.*
  အစားအစာနှင့် အဝတ်အထည်များသည် သူတို့၏ အဓိက လိုအပ်ချက်များဖြစ်သည်။
- He died for *want* of food.
  သူ အစာ မစားရသဖြင့် (အစာလိုအပ်မှုကြောင့်) သေဆုံးသွားခဲ့သည်။

### (2) abundance / ampliness / plenty

abundance = အလွန်များပြားခြင်း
ampliness = များပြားခြင်း၊ လုံလောက်ခြင်း
plenty = အမြောက်အများ၊ ပေါများခြင်း

- There is an *abundance* of food this year.
  ဒီနှစ် စားစရာ အစားအစာ အလွန်ပေါများတယ်။
- People in this village have *ampliness* of food for the whole year.
  ဒီရွာထဲက လူတွေမှာ တစ်နှစ်စာ စားစရာ အလုံအလောက်ရှိတယ်။
- They had *plenty* of money for their trip.
  သူတို့မှာ ခရီးသွားဖို့အတွက် ပိုက်ဆံအမြောက်အများပါတယ်။

### (3) accident / mishap / misfortune

accident = မတော်တဆဖြစ်ပွားမှု
mishap = ကံမကောင်းသည့် ဖြစ်ရပ်
misfortune = ကံဆိုးခြင်း

- He broke his leg in a car *accident.*
  သူကားတိုက်မှုတစ်ခုမှာ ခြေထောက်ကျိုးသွားတယ်။
- He had *misfortune* in his childhood.
  သူကလေးဘဝက အလွန်ကံဆိုးခဲ့တယ်။
- He was in trouble because there was some *mishap* on his way to school.
  သူကျောင်းသွားရာ လမ်းမှာ မတော်တဆ တစ်ခုခုဖြစ်လို့ ဒုက္ခရောက်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (4) account / record / report

account = ငွေစာရင်း၊ အကြောင်းခြင်းရာဖော်ပြချက်
record = မှတ်တမ်း
report = အစီရင်ခံစာ၊ သတင်း

- Write an ***account*** of your experiences.
  မင်းရဲ့အတွေ့အကြုံများကို ဖော်ပြပါ။
- They kept a ***record*** of their expenses.
  သူတို့ သူတို့ရဲ့ အသုံးစရိတ်မှတ်တမ်းကို သိမ်းထားတယ်။
- A ***report*** of an accident was in the newspapers.
  သတင်းစာထဲမှာ မတော်တဆ ထိခိုက်မှု သတင်းပါလာတယ်။

### (5) acquaintance / associate / colleague / companion

acquaintance = အသိမိတ်ဆွေ၊ အသိအကျွမ်း
associate = အဖော်၊ အပေါင်းအဖော်
colleague = လုပ်ဖော်ကိုင်ဖက်
companion = အဖော်၊ လုပ်ဖော်ကိုင်ဖက်

- He is just an ***acquaintance,*** not a friend of mine.
  သူဟာ ကျွန်တော့် မိတ်ဆွေမဟုတ်ပါဘူး၊ အသိတစ်ယောက်ပါ။
- He and his ***assoicats*** were arrested.
  သူနဲ့ သူ့အပေါင်းအဖော်တွေ အဖမ်းခံထားရတယ်။
- The Prime Minister and his ***colleagues*** are holding a meeting.
  ဝန်ကြီးချုပ်နဲ့ သူရဲ့ လုပ်ဖော်ကိုင်ဖက်တွေ အစည်းအဝေး လုပ်နေကြတယ်။
- She was not my sister. She was just my travel ***companion.***
  သူကျွန်တော့် ညီမ မဟုတ်ပါဘူး၊ ခရီးသွားဖော် တစ်ယောက်ဖြစ်ပါတယ်။

### (6) act / action / deed

act = အပြုအမူ၊ အကျင့်
action = ပြုလုပ်ချက်၊ အရေးယူခြင်း
deed = ပြုလုပ်ဆောင်ရွက်ချက်၊ အလုပ်

- That was a kind ***act*** to help the elders in crossing the road.
  အသက်ကြီးသူတွေကို လမ်းဖြတ်ကူးရာမှာ ကူညီတာဟာ ကြင်နာတဲ့အပြုအမူ တစ်ရပ်ဖြစ်တယ်။
- He is a man of ***action.***
  သူသည် (အပြောသမားမဟုတ်) အလုပ်သမားတစ်ယောက်ဖြစ်တယ်။



- Most of the people do good ***deeds*** during Thingyan Festival.
  လူတော်များများဟာ သင်္ကြန်ပွဲတော်အတွင်းမှာ ကောင်းမှုကုသိုလ်တွေ လုပ်ကြတယ်။

### (7) action / battle / combat / fight

action = အရေးယူခြင်း၊ တိုက်ခိုက်ခြင်း
battle = တိုက်ပွဲ၊ စစ်ပွဲ
combat = ယှဉ်ပြိုင်တိုက်ခိုက်ခြင်း
fight = ရိုက်ပွဲ၊ ရန်ပွဲ

- The soldiers were in ***action*** in the front lines.
  စစ်သားများ ရှေ့တန်းမှာ စစ်တိုက်နေကြတယ်။
- We won the ***battle*** on the second day.
  ကျွန်တော်တို့ ဒုတိယနေ့(နှစ်ရက်အကြာ)မှာ စစ်ပွဲကို အနိုင်ရခဲ့တယ်။
- The soldier was wounded in a ***combat.***
  တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်ရာမှာ စစ်သားတစ်ယောက် ဒဏ်ရာရသွားတယ်။
- He ***was fighting*** with his brother.
  သူ့ သူ့အစ်ကိုနဲ့ ရန်ဖြစ်နေတယ်။

### (8) address / location / residence

address = နေရပ်၊ လိပ်စာ
location = တည်နေရာ
residence = အတည်တကျနေရာ၊ နေအိမ်

- What's your ***address?***
  မင်းရဲ့ နေရပ်လိပ်စာက ဘာလဲ။
- Please find the ***location*** of the door.
  ကျေးဇူးပြုပြီး တံခါးပေါက်နေရာကို ရှာပါ။
- He lives in his ***residence*** near the lake.
  သူရေကန်နားက သူ့အိမ်မှာနေတယ်။

### (9) abode / dwelling / home / house

abode = အိမ်၊ ဂေဟာ
dwelling = နေအိမ်၊ နေစရာ အဆောက်အဦး
home = နေအိမ်၊ နေရင်းဒေသ၊ နိုင်ငံ
house = အိမ်၊ နေအိမ်၊ အဆောက်အဦး

- He took up his ***abode*** in a cave.
  သူဂူထဲမှာ အိမ်လုပ်ပြီးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



- The *dwellings* in towns and villages are different.
  မြို့နဲ့ တောရွာတွေက နေအိမ်တွေဟာ တစ်ခုနဲ့ တစ်ခုမတူကြဘူး။
- Children go back *home* after school.
  ကျောင်းဆင်းရင် ကလေးတွေ ကိုယ့်အိမ်ကို ပြန်ကြတယ်။
- What is your *house* built of?
  မင်းတို့အိမ်ကို ဘာနဲ့ ဆောက်ထားသလဲ။

### (10) admiration / respect / wonder

admiration = ကြည်ညိုလေးစားခြင်း
respect = ရိုသေလေးစားခြင်း၊ ရိုသေမှု
wonder = အံ့သြခြင်း၊ အံ့အားသင့်ခြင်း

- They had a great *admiration* for Bogyoke Aung San.
  သူတို့ ဗိုလ်ချုပ်အောင်ဆန်းကို သိပ်ကြည်ညိုလေးစားကြတယ်။
- We should pay *respect* to our parents and teachers.
  ကျွန်တော်တို့ မိဘနဲ့ ဆရာများကို ရိုသေလေးစားသင့်တယ်။
- The structure of Ananada Temple is a great *wonder* to the foreigners.
  အာနန္ဒာဘုရားဟာ နိုင်ငံခြားသားတွေအဖို့ အလွန်အံ့သြဖွယ်ရာ အဆောက်အဦ တစ်ခုဖြစ်နေတယ်။

### (11) admission / admittance / entrance

admission = ဝင်ခွင့်၊ ဝန်ခံချက်
admittance = ဝင်ခွင့်၊ ကိုယ်တိုင်ဝင်ရောက်ခွင့်
entrance = အဝင်၊ ဝင်ပေါက်

- *Admission* to this school is open to everyone.
  လူတိုင်း လူတိုင်း ဒီကျောင်းမှာ ထားနိုင်ခွင့် (ဝင်ခွင့်)ရှိတယ်။
- No *admittance* except on business.
  အလုပ်ကိစ္စမှတစ်ပါး မည်သူမျှ အထဲသို့ မဝင်ရ။
- We went into the house through the front *entrance.*
  ကျွန်ပော်တို့ အိမ်ရှေ့ပေါက်က အထဲကို ဝင်သွားခဲ့တယ်။

### (12) advance / improvement / progress

advance = ရှေ့သို့ တိုးခြင်း၊ တိုးတက်ခြင်း
improvement = တိုးတက်ခြင်း၊ ကောင်းမွန်လာခြင်း
progress = တိုးတက်ခြင်း၊ တိုးတက်မှု



- The boy has made a rapid *advance* in his studies.
  လူကလေးသည် ပညာသင်ကြားမှုတွင် အလွန် လျှင်မြန်စွာ တိုးတက်လာပြီ။
- The *improvement* of her health made their parents happy.
  သူ့ရဲ့ကျန်းမာရေးကောင်းမွန်လာခြင်းသည် သူမ၏ မိဘများကို စိတ်ချမ်းမြေ့စေသည်။
- The *progress* of the students in their reading ability is remarkable.
  ကျောင်းသားများ၏ စာဖတ်စွမ်းရည် တိုးတက်မှုသည် သိသာထင်ရှားပါသည်။

### (13) advantage / benefit / gain / profit

advantage = အကျိုး၊ အကျိုးကျေးဇူး၊ အမြတ်
benefit = အကျိုး၊ အကျိုးကျေးဇူး
gain = အကျိုး၊ အမြတ်
profit = အမြတ်အစွန်း

- His excellent education gives him an *advantage* in his new job.
  သူ၏ ပညာထူးချွန်မှုက သူ၏ လုပ်ငန်းသစ်မှာ များစွာ အကျိုးဖြစ်ထွန်းစေပါတယ်။
- The students had the *benefit* of a fine library.
  ကျောင်းသားတွေမှာ စာကြည့်တိုက်ကောင်းရဲ့ အကျိုးကျေးဇူးတွေရှိတယ်။
- Good schools bring *gains* in education.
  ကျောင်းကောင်းများသည် ပညာရေးတွင် အကျိုးဖြစ်ထွန်းစေပါသည်။
- That company makes great *profits* from manufacturing cars.
  ထိုကုမ္ပဏီသည် မော်တော်ကားထုတ်လုပ်ခြင်းဖြင့် အကျိုးအမြတ်များစွာ ရပါသည်။

### (14) advertisement / billboard / poster

advertisement = ကြေငြာစာ၊ ကြော်ငြာ
billboard = ကြော်ငြာသင်ပုန်းကြီး
poster = နံရံကပ်ကြော်ငြာ

- They learned that the house was for sale through an *advertisement.*
  အိမ်ရောင်းမယ်ဆိုတာကို ကြော်ငြာထဲက တစ်ဆင့် သိရတယ်။
- We can see large *billboards* at the side of the road.
  ကျွန်တော်တို့ လမ်းဘေးမှာ ကြော်ငြာဆိုင်းဘုတ်များကို တွေ့နိုင်တယ်။
- Election *posters* were put in public places.
  ရွေးကောက်ပွဲပိုစတာများကို လူစည်းကားရာနေရာတွေမှာ ကပ်ထားတယ်။

### (15) advice / guidance / suggestion / recommendation

advice = အကြံဉာဏ်၊ အကြံပေးစကား
guidance = လမ်းညွှန်ခြင်း၊ ဆုံးမညွှန်ပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



suggestion = အကြံပေးခြင်း
recommendation = ထောက်ခံချက်

- He gave me some good ***advice*** about building a house.
  အိမ်ဆောက်ဖို့နဲ့ ပတ်သက်ပြီး သူကျွန်တော့ကို အကြံဉာဏ်ကောင်းတွေ ပေးတယ်။
- We must work hard under his ***guidance.***
  သူ့ရဲ့ လမ်းညွှန်မှုအောက်မှာ ကျွန်တော်တို့ အလုပ်ကြိုးစားလုပ်ကြရမယ်။
- They like his ***suggestion*** that we should eat in town.
  မြို့ထဲရောက်မှ စားဖို့ အကြံဉာဏ်ကို ကျွန်တော်တို့ ကြိုက်တယ်။
- My recommendation was that he should buy that car.
  သူအဲဒီကားကို ဝယ်ဖို့ ကျွန်တော် ထောက်ခံလိုက်တယ်။

## (16) affection / fondness / friendliness

affection = ချစ်ခြင်းမေတ္တာ
fondness = ခင်မင်နှစ်သက်ခြင်း
friendliness = ဖော်ရွေခြင်း

- She has a great ***affection*** for her mother.
  သူမသည် သူမ၏ မိခင်ကို အလွန်ချစ်သည်။
- We have all developed a ***fondness*** for the new staff.
  ကျွန်တော်တို့အားလုံး ဝန်ထမ်းအသစ်ကို ခင်မင်နှစ်သက်လာကြတယ်။
- His ***friendliness*** will be remembered with great fondness.
  သူ့ရဲ့ ဖော်ရွေမှုကို အမြဲနှစ်သက်ပြီး သတိရနေတော့မှာ။

## (17) age / era / period / time

age = ခေတ်၊ အသက်အရွယ်
era = သက္ကရာဇ် ၊ ခုနှစ် အမှတ်အသား
period = ခေတ်ကာလ၊ ကာလအရှည်အကြာ
time = အချိန်၊ အချိန်ကာလ

- He studied painting in his old ***age.***
  သူအသက်ကြီးမှ ပန်းချီပညာကို လေ့လာလိုက်စားခဲ့တယ်။
- We are living in an electronic ***era.***
  ကျွန်တော့်တို့ဟာ လျှပ်စစ်ခေတ်မှာ အသက်ရှင်နေထိုင်ကြတယ်။
- My uncle spent a brief , ***period*** in the navy.
  ကျွန်တော့် ဦးလေး ရေတပ်ထဲမှာ ခဏတ္တဝင်ရောက်အမှုထမ်းခဲ့တယ်။
- The ***time*** between spring and autumn is called summer.
  နွေဦးပေါက်နှင့် ဆောင်းဦးပေါက်ကာလအတွင်းအချိန်ကို နွေရာသီလို့ ခေါ်တယ်။



## (18) agreement / contract / treaty

agreement = သဘောတူညီခြင်း၊ သဘောတူစာချုပ်
contract = သဘောတူချုပ်ဆိုချက်၊ တရားဝင်စာချုပ်
treaty = နိုင်ငံအချင်းချင်း သဘောတူစာချုပ်

- There was basic ***agreement*** on the terms of the pension contribution.
  ပင်စင်လစာထုတ်ဝေမှုနှင့် ပတ်သက်ပြီး အခြေခံသဘောတူညီချက်တွေ ရှိတယ်။
- The ***contract*** between the company and the union was signed yesterday.
  မနေ့က ကုမ္ပဏီနဲ့ သမဂ္ဂအဖွဲ့တို့ တရားဝင်စာချုပ်လက်မှတ်ရေးထိုးကြတယ်။
- That trade ***treaty*** was signed by five countries.
  အဲဒီ ကုန်သွယ်မှုစာချုပ်ကို နိုင်ငံ (၅)နိုင်ငံက သဘောတူလက်မှတ်ရေထိုးထားတယ်။

## (19) aid / assistance / help / support

aid = ကူညီထောက်ပံ့ခြင်း၊ အကူအညီ
assistance = အကူအညီ၊ ကူညီမှု
help = အကူအညီ၊ ကူညီခြင်း
support = အထောက်အပံ့၊ ထောက်ပံ့ခြင်း

- A nurse gave the wounded man ***aid.***
  သူနာပြုတစ်ယောက်သည် ဒဏ်ရာရသူတစ်ဦးကို ကူညီပြုစုပေးသည်။
- I came to offer my ***help.***
  ကျွန်တော် အကူအညီပေးရအောင်လာတာပါ။
- The police gave an old lady ***assistance*** in crossing the street.
  ရဲသားသည် အဘွားအိုတစ်ဦးကို လမ်းဖြတ်ကူးရာတွင် ကူညီခဲ့သည်။
- We need all the ***support*** we can get in the fight against disease.
  ရောဂါတိုက်ဖျက်ရေးအတွက် ကျွန်တော်တို့ အထောက်အပံ့ ရနိုင်သလောက် လိုချင်ပါတယ်။

## (20) ailment / disease / illness

ailment = အဖျားအနာ
disease = အနာ၊ ရောဂါ၊ နာမကျန်းခြင်း
illness = ဖျားနာခြင်း

- His ***ailment*** is not serious.
  သူအဖျားရောဂါက သိပ်မပျင်းထန်ပါဘူး။
- A person with that ***disease*** will have a fever.
  ဒီရောဂါမျိုးရှိတဲ့လူဟာ ကိုယ်ပူချိန်ရှိမှာပဲ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



- He could not attend the class because of his ***illness.***
  သူဖျားလို့ ကျောင်းမတတ်နိုင်ဘူး။

### (21) aim / goal / purpose / target

| | | |
|---|---|---|
| aim | = | ရည်ရွယ်မှန်းထားချက် |
| goal | = | ရည်မှန်းချက်ပန်းတိုင် |
| purpose | = | ရည်ရွယ်ချက်၊ ကိစ္စ |
| target | = | ပစ်မှတ် |

- My ***aim*** in life is to become a doctor.
  ကျွန်တော့်ရည်မှန်းချက်ကတော့ ဆရာဝန်တစ်ယောက်ဖြစ်လာဖို့ပါပဲ။
- The goal of our trip was to get to the top of the mountain.
  ကျွန်တော့်ခရီးရဲ့ပန်းတိုင်သည် တောင်ထိပ်သို့ရောက်ရန်ဖြစ်သည်။
- The ***purpose*** of his trip was to visit a new factory.
  သူခရီးထွက်လာခြင်း၏ ရည်ရွယ်ချက်မှာ စက်ရုံအသစ်ကို လည်ပတ်ရန်ဖြစ်သည်။
- He hit the ***target*** with his first shot.
  သူသည် တစ်ချက်တည်းဖြင့် ပစ်မှတ်ကို ထိအောင်ပစ်ခဲ့သည်။

### (22) air / breeze / wind

| | | |
|---|---|---|
| air | = | လေ |
| breeze | = | လေပြေလေညှင်း |
| wind | = | တိုက်ခတ်သည့်လေ |

- Birds fly in the ***air.***
  ငှက်များသည် လေထဲမှာ ပျံသန်းကြသည်။
- There is usually a cool ***breeze*** in the evening.
  ညနေပိုင်းတွင် လေပြေလေညှင်း တိုက်ခတ်လေ့ရှိသည်။
- The ***wind*** was blowing from the south.
  လေသည် တောင်အရပ်မှ တိုက်ခတ်နေပါသည်။

### (23) alarm / fear/ fright

| | | |
|---|---|---|
| alarm | = | ထိတ်လန့်တုန်လှုပ်ခြင်း၊ သတိပေးချက် |
| fear | = | ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း |
| fright | = | ကြောက်လန့်ခြင်း၊ ထိတ်လန့်ခြင်း |

- The news filled the people with ***alarm.***
  ထိုသတင်းသည် လူများအား တုန်လှုပ်ချောက်ချားစေသည်။



- He felt ***fear*** when he heard a sudden noise.
  သူ ဆူညံသံကို ရုတ်ရက် ကြားလိုက်တဲ့အခါ ကြောက်ရွံ့သွားတယ်။
- ***Fright*** caused her to run.
  သူမကြောက်လန့်ပြီး ပြေးထွက်သွားတယ်။

### (24) alien / foreigner / immigrant (stranger)

| | | |
|---|---|---|
| alien | = | လူမျိုးခြား |
| foreigner | = | နိုင်ငံခြားသား |
| immigrant | = | နိုင်ငံတွင်းသို့ အတည်တကျ လာရောက်နေထိုင်သူ |

- The government keeps the record of all ***aliens***.
  အစိုးရက လူမျိုးခြားအားလုံးရဲ့ မှတ်တမ်းတွေကို ယူထားတယ်။
- Some ***foreigners*** can be seen at the pagoda.
  ဘုရားကြီးမှာ နိုင်ငံခြားသားတွေကို တွေ့မြင်နိုင်တယ်။
- They are ***immigrants*** who settled in our country.
  သူတို့သည် ကျွန်တော်တို့ နိုင်ငံတွင် အတည်တကျ လာရောက်အခြေစိုက်သူများဖြစ်သည်။

### (25) allowance / allotment / grant

| | | |
|---|---|---|
| allowance | = | သုံးစွဲခွင့် |
| allotment | = | ခွဲဝေပေးခြင်း၊ ခွင့်ပြုငွေ၊ မြေကွက် |
| grant | = | ခွင့်ပြုချက် |

- I gave my son an ***allowance*** of 5000 kyats a month.
  ကျွန်တော် ကျွန်တော့်သားကို တစ်လ ၅၀၀၀ကျပ် သုံးစွဲခွင့်ပေးခဲ့တယ်။
- I am growing potatoes in my ***allotment.***
  ငါ့မြေကွက်ကလေးထဲမှာ ငါအာလူးစိုက်မလို့။
- The university received a large ***grant*** of money to build a new building.
  တက္ကသိုလ်သည် အဆောက်အဦအသစ် ဆောက်ရန် ခွင့်ပြုငွေ အမြောက်အများ ရခဲ့သည်။

### (26) ally / associate / friend / partner

| | | |
|---|---|---|
| ally | = | မိတ်ဆွေ၊ မဟာမိတ်နိုင်ငံ |
| associate | = | အဖော်၊ အပေါင်းအဖော် |
| friend | = | အဆွေခင်ပွန်း၊ သူငယ်ချင်း၊ မိတ်ဆွေ |
| partner | = | လုပ်ဖော်ကိုင်ဖက်၊ အပေါင်းပါ |

www.burmeseclassic.com

www.burmeseclassic.com



- England and America were ***allies*** against Germany in the second world war.
  ဒုတိယ ကမ္ဘာစစ်မှာ အင်္ဂလိပ်နှင့် အမေရိကန်တို့သည် ဂျာမဏီကို ဆန့်ကျင်သည့် မဟာမိတ်နိုင်ငံများဖြစ်ကြသည်။
- These two men are business ***associates.***
  ဤလူနှစ်ယောက်ဟာ စီးပွားရေး လုပ်ဖော်ကိုင်ဘက်တွေဖြစ်တယ်။
- He is a ***friend*** of mine.
  သူကတော့ ကျွန်တော့ အသိမိတ်ဆွေတစ်ဦးပါ။
- This store is owned by two ***partners.***
  ဒီဆိုင်ကို လူနှစ်ယောက် စပ်တူပိုင်ကြတယ်။

### (27) altitude / elevation / height

| | | |
|---|---|---|
| altitude | = | အမြင့် (ပင်လယ်ရေမျက်နှာပြင်မှ) |
| elevation | = | တိုးမြှင့်ပေးခြင်း/အမြင့် |
| height | = | အမြင့် အရပ်အမောင်း |

- The ***altitude*** of Mt Everest is 29000 ft.
  ဧဝရက် တောင်ရဲ့အမြင့်ဟာ ပေပေါင်း ၂၉၀၀၀ ရှိတယ်။
- The city is at an ***elevation*** of 2000 metres above the sea level.
  မြို့တော်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ၂၀၀၀ အမြင့်မှာရှိတယ်။
- His ***height*** is 6ft and 3 inches.
  သူ့အရပ်က ခြောက်ပေနဲ့ သုံးလက်မရှိတယ်။

### (28) ambition / desire / eagerness

| | | |
|---|---|---|
| ambition | = | ရည်မှန်းတောင့်တချက်၊ ကြီးပွားလိုစိတ် |
| desire | = | ဆန္ဒ၊ တောင့်တမှု |
| eagerness | = | စိတ်အားထက်သန်ခြင်း |

- His ***ambition*** is to become a scientist.
  သူ့ရည်မှန်းချက်က သိပ္ပံပညာရှင်တစ်ယောက်ဖြစ်လာရန်ဖြစ်တယ်။
- His greatest ***desire*** is to sleep.
  သူ့ရဲ့ အပြင်းပြဆုံးဆန္ဒကတော့ အိပ်ဖို့ဖြစ်တယ်။
- I couldn't hide my ***eagerness*** to get back home.
  အိမ်ပြန်ရောက်ချင်တဲ့ ကျွန်တော့စိတ်တွေကို ချိုးနှိမ်လို့မရဘူး။



### (29) amount / number / quantity

| | | |
|---|---|---|
| amount | = | အရေအတွက်၊ ပမာဏ |
| number | = | အရေအတွက်၊ ကိန်း၊ ဂဏန်း |
| quantity | = | အမြောက်အများ၊ အရေအတွက် |

- Only ***amount*** of sugar is used in this tea.
  ဒီလက်ဖက်ရည်ထဲမှာ သကြားနည်းနည်းပဲသုံးထားတယ်။
- A large ***number*** of books are kept in this library.
  ဒီစာကြည့်တိုက်ထဲမှာ စာအုပ်တွေ အများကြီးရှိတယ်။
- A small ***quantity*** of salt was in the box.
  သေတ္တာထဲမှာ ဆားနည်းနည်းပဲရှိတော့တယ်။

### (30) anger / fury / rage

| | | |
|---|---|---|
| anger | = | အမျက်ဒေါသ၊ စိတ်ဆိုးခြင်း |
| fury | = | ပြင်းထန်သော ဒေါသ၊ ဒေါသအမျက် |
| rage | = | ပြင်းထန်သော ဒေါသ |

- We felt ***anger*** to see the ill-treatment of the police.
  ရဲသားရဲ့ ညှင်းပန်းနှိပ်စက်မှုကို မြင်ရတာ ဒေါသထွက်မိတယ်။
- My father was in a great ***fury*** when he found the scratch on his car.
  အဖေ သူ့ကားအသစ်မှာ ခြစ်ရာတွေ့လို့ ဒေါသူပုန်ထနေတယ်။
- When he found they had gone without him, he flew into a ***rage.***
  သူ့ကို မခေါ်ဘဲ ထွက်သွားကြလို့ သူဒေါကန်နေတယ်။

### (31) announcement / declaration / message

| | | |
|---|---|---|
| announcement | = | ကြေငြာခြင်း၊ ကျေညာချက် |
| declaration | = | ကျေညာချက်၊ ထုတ်ဖော်ပြောကြားချက် |
| message | = | ပေးပို့လိုက်သော သတင်း |

- The first ***announcement*** was made on the radio.
  ပထမဦးဆုံးကြေညာချက်ကို ရေဒီယိုက ထုတ်လွှင့်ခဲ့တယ်။
- The ***declaration*** of war appeared in the newspapers.
  စစ်ကျေညာချက်ကို သတင်းစာတွေထဲမှာ ဖော်ပြထားတယ်။
- I received ***message*** from my brother by mail.
  ကျွန်တော့် အစ်ကိုထံက သတင်းစကားကို စာတိုက်က ရခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (32) answer / reply / response

answer = အဖြေ
reply = ပြန်ကြားချက်
response = ပြန်ကြားချက်၊ တုံ့ပြန်ချက်

- I don't know the ***answer*** to this question.
  ဤမေးခွန်းရဲ့အဖြေကို ကျွန်တော်မသိပါ။
- He made no ***reply*** to my question.
  သူကျွန်တော်မေးတာကို ပြန်မဖြေပါ။
- There was no ***response*** to my appeal.
  ကျွန်တော်ရဲ့ မေတ္တာရပ်ခံချက်အတွက် ပြန်ကြားချက်မရပါ။

### (33) anxiety / distress / worry

anxiety = စိုးရိမ်ကြောင့်ကြခြင်း
distress = သောက၊ ပရိဒေဝ
worry = သောက၊ စိတ်ပူပန်မှု

- She felt great ***anxiety*** when she heard of her son's accident.
  သူမရဲ့ သားထိခိုက်မှု သတင်းကြားရတော့ သူအတော် စိုးရိမ်သွားခဲ့တယ်။
- The sick man was in great ***distress***.
  လူမမာသည် သောကပရိဒေဝ အလွန်ရောက်နေသည်။
- ***worry*** is bad for health.
  စိုးရိမ်ပူပန်မှုသည် ကျန်းမာရေးအတွက် မကောင်းပါ။

### (34) apology / excuse / plea

apology = ဝန်ချတောင်းပန်ခြင်း
excuse = ဆင်ခြေပေးခြင်း၊ ခွင့်လွှတ်ခြင်း
plea = တောင်းပန်ချက်၊ ထုချေလွှာ

- He offered no ***apology*** for painting his name on the wall.
  နံရံပေါ်မှာ သူ့နာမည်ရေးထားတာကို သူဝန်မခံဘူး။
- The teacher didn't accept his ***excuse*** for lateness.
  သူနောက်ကျရတဲ့ အကြောင်းပြချက် ဆင်ခြေကို ဆရာက လက်မခံဘူး။
- The lawer entered a ***plea*** of not guilty for his client.
  ရှေ့နေကသူ့အမှုသည်မှာ အပြစ်မရှိကြောင်း ထုချေလွှာကို တင်သွင်းခဲ့တယ်။



### (35) appearance / aspect / look

appearance = ပုံပန်းသဏ္ဍာန်၊ အသွင်အပြင်
aspect = ပုံပန်း၊ မြင်ကွင်း မြင်ကွက်
looks = ရုပ်ဆင်းရူပါ

- For his ***appearance***, I can say he hasn't slept for days.
  သူ့ရဲ့ပုံပန်းသဏ္ဍာန်ကို ကြည့်ခြင်းအားဖြင့် သူရက်အတော်များများ မအိပ်ခဲ့ရဘူးဆိုတာ ပြောနိုင်တယ်။
- To the men in the boat, the rocky shore had a frightening ***aspect***.
  လှေထဲက လူများအဖို့ ကျောက်ဆောင်ထူထပ်တဲ့ ကမ်းခြေဟာ ကြောက်စရာမြင်ကွင်း တစ်ခုဖြစ်ခဲ့တယ်။
- She has a good ***look*** on her face.
  သူမရဲ့ မျက်နှာကလေးက ချောမောလှပတယ်။

### (36) appetite / hunger / thirst

appetite = အာသာ၊ ချင်ခြင်း၊ ခံတွင်း
hunger = ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း
thirst = ရေငတ်ခြင်း၊ ပျင်းပြသည် ဆန္ဒ

- He has a good ***appetite*** after illness.
  သူဖျားနာပြီးမှ အတော်ခံတွင်းလိုက်လာတယ်။
- He was so aware of his ***hunger*** that he could not study.
  သူဆာလွန်းလို့ စာမကျက်နိုင်တော့ပါ။
- He had a great ***thirst*** for knowledge.
  သူ့အသိဉာဏ်ကြွယ်ဝချင်တဲ့ဆန္ဒ သိပ်ပျင်းပြတာပဲ။

### (37) appointment / engagement / meeting

appointment = ချိန်းဆိုခြင်း၊ ရာထူး
engagement = စေ့စပ်ကြောင်းလမ်းခြင်း၊ အချိန်းအချက်
meeting = တွေ့ဆုံခြင်း၊ အစည်းအဝေး

- I have an ***appointment*** with my doctor at 4o'clock.
  ငါလေးနာရီမှာ ဆရာဝန်နဲ့ တွေ့ဖို့ ချိန်းဆိုထားတယ်။
- He could not see me as he had another ***engagement***.
  တစ်ခြား ချိန်းဆိုချက်တစ်ခုရှိလို့ သူကျွန်တော့်ကို မတွေ့နိုင်သေးဘူး။
- There was a ***meeting*** in the hall this morning.
  နံနက်ပိုင်းက ခန်းမကြီးထဲမှာ အစည်းအဝေးတစ်ခုရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (38) apprentice / beginner / learner

apprentice = အလုပ်သင်
beginner = လက်သင်စ၊ အလုပ်သင်
learner = သင်ယူသူ/စာသင်သား

- He is an ***apprentice*** in the building trade.
  အဆောက်အဦးရောင်းဝယ်ရေးမှာ သူဟာ အလုပ်သင်တစ်ယောက်ဖြစ်ပါတယ်။
- She is in the ***beginners'*** class of this school.
  သူမ ဒီကျောင်းက သူငယ်တန်းမှာ ပညာစတင်သင်ကြားနေတယ်။
- This is a handbook for ***learners*** of English.
  ဒါဟာ အင်္ဂလိပ်ဘာသာ သင်ယူသူတွေအတွက် လက်စွဲစာအုပ်ဖြစ်တယ်။

### (39) argument / discussion / dispute

argument = ငြင်းခုံခြင်း
discussion = ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း
dispute = ငြင်းဆိုချက်၊ အငြင်းပွားခြင်း

- They had a heated ***argument.***
  သူတို့အပြင်းအထန် ငြင်းခုံကြတယ်။
- They made a ***discussion*** of their plans for the next year.
  သူတို့ လာမဲ့နှစ်အတွက် စီမံကိန်းတွေကို တိုင်ပင်ဆွေးနွေးကြတယ်။
- There was a ***dispute*** about whether the rain was coming or not.
  မိုးရွာမယ် မရွာဘူးဆိုတာနဲ့ ပတ်သက်ပြီး ငြင်းခုံနေကြတယ်။

### (40) arrangement / plan / preparation

arrangement = အစီအစဉ်၊ အခင်းအကျင်း၊ စီစဉ်ခြင်း
plan = စီမံကိန်း၊ ရာထားချက်၊ ပုံစံ
preparation = အသင့်ပြင်ဆင်ထားခြင်း

- The ***arrangement*** for the meeting is made in the hall.
  အစည်းအဝေးအတွက် အစီအစဉ်ကို ခန်းမထဲမှာ လုပ်ထားတယ်။
- The ***plans*** for the new building are in my office.
  အဆောက်အဦအသစ်အတွက် ပုံစံတွေက ငါ့ရုံးခန်းထဲမှာ ရှိတယ်။
- They have made ***preparation*** for the exam.
  သူတို့ စာမေးပွဲအတွက် ပြင်ဆင်မှုတွေ လုပ်ပြီးပြီ။



### (41) art / aptitude / skill

art = အတတ်ပညာ၊ လက်ရာ၊ အနုပညာ
aptitude = ဝါသနာ၊ အထုံ
skill = ကျွမ်းကျင်မှု၊ အစွမ်း

- He is interested in the ***art*** of painting.
  သူပန်းချီဆွဲတဲ့ အတတ်ပညာကို စိတ်ဝင်စားတယ်။
- He has an ***aptitude*** for painting.
  သူပန်းချီဝါသနာပါတယ်။
- He is a man of ***skill*** in painting.
  သူပန်းချီရေးဆွဲရာမှာ ကျွမ်းကျင်သူတစ်ဦးဖြစ်တယ်။

### (42) artist / painter / sculptor

artist = ပန်းချီဆရာ၊ အနုပညာရှင်
painter = ဆေးသုတ်သမား၊ ပန်းချီဆရာ
sculptor = ပန်းပုဆရာ

- Many ***artists*** in Europe are supported by the governments.
  ဥရောပတိုက်မှာ ပန်းချီဆရာတွေကို အစိုးရက ထောက်ပံ့ကြတယ်။
- U Ngwe Gaing was a well known ***painter*** in Myanmar.
  မြန်မာနိုင်ငံမှာ ဦးငွေကိုင်ဟာ ထင်ရှားတဲ့ ပန်းချီဆရာတစ်ဦးဖြစ်တယ်။
- The ***sculptor*** made the statue from a block of white stone.
  ပန်းပုဆရာသည် ဖြူဖွေးသော ကျောက်တုံးတစ်ခုမှ ရုပ်တုပြုလုပ်ခဲ့သည်။

### (43) assembly / congress / parliament

assembly = အစည်းအဝေးကြီး
congress = ကိုယ်စားလှယ်ကြီးများအစည်းအဝေး၊ လွှတ်တော်အစည်းအဝေး
parliament = လွှတ်တော်၊ ဥပဒေပြုလွှတ်တော်

- On every Friday, there was an ***assmebly*** in our school.
  သောကြာနေ့တိုင်း ကျွန်တော်တို့ ကျောင်းမှာ စုပေါင်းတွေ့ဆုံပွဲရှိတယ်။
- The ***congress*** of the United States meets in Washinton D.C.
  အမေရိကန်ပြည်ထောင်စုရဲ့ လွှတ်တော်အစည်းအဝေးကို ဝါရှင်တန်ဒီစီမှာ တွေ့ဆုံ ကျင်းပကြတယ်။
- ***Parliament*** is a law-making group in Great Britain.
  ပါလီမန်သည် ဗြိတိန်နိုင်ငံတွင် ဥပဒေပြုအဖွဲ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### (44) association / club / organization

association = အသင်းအဖွဲ့
club = ကလပ်၊ အဖွဲ့အစည်းငယ်
organization = အစည်းအရုံး၊ သမဂ္ဂ

- He is a member of the lawer's ***association.***
  သူရှေ့နေအသင်းရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တယ်။
- She belongs to the garden ***club.***
  သူဥယျာဉ်စိုက်ပျိုးမှု ကလပ်မှာပါတယ်။
- The United Nations is a large ***organization***.
  ကမ္ဘာ့ကုလသမဂ္ဂသည် ကြီးမားသော အဖွဲ့အသင်းကြီးတစ်ခုဖြစ်သည်။

### (45) assurance / guarantee / promise

assurance = အာမခံခြင်း၊ ကတိပြုခြင်း
guarantee = အာမခံ၊ အာမခံခြင်း
promise = ကတိ

- He gave me an ***assurance*** of support.
  သူထောက်ခံသည်ဟု အခိုင်အမာ ပြောဆိုသည်။
- Here is a written ***guarantee*** for the watch.
  ဟောဒီမှာ နာရီအတွက် အာမခံလက်မှတ်ကို ယူပါ။
- Keep your ***promise***, or you will lose your friends.
  မင်းကတိတည်ပါ၊ သို့မဟုတ်က မိတ်ဆွေအပေါင်းအသင်းတွေ ဆုံးရှုံးကုန်လိမ့်မယ်။

### (46) attachment / affection / fondness

attachment = သံယောဇဉ်၊ အတွယ်အတာ
affection = ချစ်ခြင်းမေတ္တာ
fondness = ခင်မင်နှစ်သက်ခြင်း

- We showed a close ***attachment*** to our teacher.
  ကျွန်တော်တို့ ဆရာမအပေါ်မှာ သံယောဇဉ် တွယ်နေကြပြီ။
- This girl had great ***affection*** for her little sister.
  ဒီမိန်းခလေးဟာ သူ့ညီမလေးကို သိပ်ချစ်တယ်။
- We have all developed a ***fondness*** for the Headmistress
  ကျောင်းအုပ်ဆရာမကြီးကို ကျွန်တော်တို့အားလုံး နှစ်သက် သဘောကျလာပါပြီ။



### (47) attempt / effort / endeavor (struggle)

attempt = ကြိုးစားခြင်း၊ ကြိုးပမ်းမှု
effort = ကြိုးပမ်းအားထုတ်မှု
endeavor = ကြိုးပမ်းအားထုတ်ခြင်း

- The doctor ***attempted*** to save the dying man.
  ဆရာဝန်သည် သေခါနီး လူမမာကို အစွမ်းကုန် ကြိုးစားကုသခဲ့သည်။
- With great ***effort,*** they pulled the car out of the mud.
  သူတို့သည် ကားကို ရွှံ့နွံထဲမှ တစ်အားကုန် ကြိုးပမ်း၍ ဆွဲတင်ခဲ့သည်။
- He made an ***endeavor*** to save the drowning girl.
  သူသည် ရေနစ်နေသော မိန်းခလေးကို ကြိုးစား၍ ကယ်တင်ခဲ့သည်။

### (48) attendant / servant/ waiter

attendant = အခြွေအရံ၊ အစေအပါး
servant = အစေခံ၊ အခိုင်းအစေ
waiter = စားပွဲထိုး

- My uncle had three ***attendants*** with him at all times.
  ကျွန်တော့် ဦးလေးမှာ အချိန်တိုင်း သူနဲ့အတူ အခြွေအရံ (၃)ဦးရှိတယ်။
- Most of the people no longer wish to work as ***servants.***
  လူတော်တော်များများဟာ အစေခံအခိုင်းအစေအဖြစ် လုပ်လိုတဲ့ ဆန္ဒမရှိကြတော့ဘူး။
- The ***waiter*** brought us our dinner quickly.
  စားပွဲထိုးက ကျွန်တော်တို့အတွက် ညစာကို အမြန်ယူလာခဲ့တယ်။

### (49) attention / care / heed

attention = အာရုံပြုခြင်း၊ ဂရုစိုက်ခြင်း
care = သတိ/သတိရှိခြင်း၊ စောင့်ရှောက်ခြင်း
heed = အာရုံစိုက်၍ နားထောင်ခြင်း၊ ဂရုစိုက်ခြင်း

- They listened with great ***attention.***
  သူတို့ အထူးဂရုစိုက် နားထောင်ကြတယ်။
- She took good ***care*** of her baby.
  သူမ သူမရဲ့ကလေးကို သိပ်ပြီး ဂရုစိုက်တယ်။
- Pay him ***no heed***. He's only teasing you.
  သူပြောတာ ဂရုမစိုက်နဲ့၊ မင်းကိုစနေတာ။

www.burmeseclassic.com

www.burmeseclassic.com



### (50) attire / clothing / dress

attire = ဝတ်စားတန်ဆာ
clothing = အဝတ်အစား/အဝတ်အထည်
dress = အဝတ်အစား၊ ဝတ်စုံ

- The bride's ***attire*** was especially lovely.
  သတို့သမီးရဲ့ ဝတ်စုံက အလွန်ချစ်ဖို့ ကောင်းတယ်။
- Food and ***clothing*** are the most important things for us.
  ငါတို့အတွက် စားစရာအစားအစာနဲ့ ဝတ်စရာ အဝတ်တွေ အရေးကြီးဆုံးပဲ။
- She was wearing a pretty ***dress***.
  သူမ လှပတဲ့ဝတ်စုံကလေးကို ဝတ်ထားတယ်။

### (51) attitude / manner / regard

attitude = စိတ်နေသဘောထား
manner = အမူအရာ၊ နည်း၊ ဟန်
regard = ထင်မြင်ယူဆချက်၊ ဆုမွန်ကောင်းတောင်းခြင်း

- What's your father's ***attitude*** to your marriage?
  မင်းအိမ်ထောင်ပြုတာနဲ့ ပတ်သက်ပြီး မင်းအဖေရဲ့ သဘောထားက ဘယ်လိုလဲ။
- He spoke in a friendly ***manner***.
  သူက ခင်မင်ရင်းနှီးတဲ့ အမူအရာဟန်ပန်နဲ့ ပြောတယ်။
- Please give my best ***regards*** to your father.
  မင်းအဖေကို နှုတ်ဆက်ဆုမွန်ကောင်း တောင်းကြောင်း ပြောပြပါ။

### (52) author / composer / novelist / poet

author = စာရေးဆရာ
composer = သီချင်းရေးစပ်သူ
novelist = ဝတ္ထုရေးဆရာ
poet = ကဗျာဆရာ

- Who is the ***author*** of this book?
  ဒီစာအုပ်ကို ဘယ်သူရေးတာလဲ။
- U Ko Ko is a famous ***composer*** in Myanmar.
  ဦးကိုကိုဟာ မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ သီးချင်းရေးဆရာဖြစ်တယ်။
- His aim in life is to become a ***novelist***.
  သူ့ ရည်မှန်းချက်က ဝတ္ထုရေးဆရာတစ်ဦးဖြစ်လာဖို့ပါဘဲ။
- The ***poet*** read several of his poems to us.
  ကဗျာဆရာက သူ့ကဗျာတွေ အများကြီးကို ရွတ်ဆိုပြတယ်။



### (53) average / mean / medium

average = ပျမ်းမျှခြင်း၊ အလယ်အလတ်
mean = ပျမ်းမျှခြင်း၊ ပျမ်းမျှကိန်း
medium = အလည်ကိန်း၊ အလယ်အလတ်

- The ***average*** of all meat prices rose 10 per cent last year.
  မနှစ်က အသားဈေးအားလုံးဟာ ပျမ်းမျှ ၁၀ ရာနှုန်းတက်သွားတယ်။
- Each family has a ***mean number*** of 3.2 children.
  မိသားစုတစ်စုမှာ ပျမ်းမျှကလေး ၃-၂ ယောက်ရှိတယ်။
- He was of a ***medium*** height.
  သူ့အရပ်က မနိမ့်လွန်း မမြင့်လွန်း အလယ်အလတ်ပါဘဲ။

### (54) award / prize / reward

award = ဆု
prize = ဆု
reward = ဆု

- He received an ***award*** for his fine work.
  သူ့အလုပ်ကောင်းကောင်းလုပ်လို့ ဆုရတယ်။
- The boy received a ***prize*** for his painting.
  လူကလေးသည် သူ့ပန်းချီကားအတွက် ဆုရခဲ့သည်။
- As a result for his bravery , the soldier was given a ***reward***.
  သူ့ရဲ့ သူရသတ္တိကြောင့် စစ်သားကို ဂုဏ်ပြုချီးမြှင့်လိုက်တယ်။

### (55) ability / skill / talent

ability = စွမ်းရည်သတ္တိ
skill = ကျွမ်းကျင်မှု၊ အစွမ်း
talent = စွမ်းရည်၊ စွမ်းရည်ရှိသူ/အလွန်တော်သူ

- He has the ***ability*** to carry heavy loads.
  သူမှာ လေးလံတဲ့ ကုန်ထုပ်ကြီးများကို သယ်နိုင်တဲ့စွမ်းရည်ရှိတယ်။
- He plays the piano with ***skill***.
  သူစန္ဒယားကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်တယ်။
- He is a pianist of great ***talent***.
  သူသည် စန္ဒယားတီးရာမှာ အလွန်တော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### (56) bag / container / sack

bag = အိတ်
container = ထည့်စရာပစ္စည်း
sack = အိတ်ကြမ်း

- She carried the food in a large *bag*.
  သူအိပ်ကြီးကြီးနဲ့ အစားအစာတွေကို သယ်ယူခဲ့တယ်။
- Please bring me an oil *container*.
  ကျေးဇူးပြုပြီး ဆီပုံးတစ်ပုံး ယူလာပါ။
- We used to carry the coal in an old potato *sack*.
  ကျွန်တော်တို့ မီးသွေးကို အာလူးအိပ်နဲ့ သယ်ယူလေ့ရှိတယ်။

### (57) ball / globe / sphere

ball = ဘောလုံး၊ အလုံး
globe = အလုံး၊ ကမ္ဘာလုံး
sphere = အလုံး၊ လုံးဝန်းသည့်အရာ၊ နယ်ပယ်

- The children were playing with a *ball*.
  ကလေးတွေ ဘောလုံးကန်နေကြတယ်။
- The teacher pointed to the continents on the *globe*.
  ဆရာမက ကမ္ဘာလုံးပေါ်ရှိ တိုက်ကြီးများကို ညွှန်ပြခဲ့တယ်။
- The earth is a *sphere*.
  ကမ္ဘာမြေကြီးသည် လုံးဝန်းသော အရာတစ်ခုဖြစ်သည်။

### (58) band / company / group

band = လူစု ၊ တူရိယာအဖွဲ့
company = ကုမ္ပဏီ၊ လူစု၊ အပေါင်းအဖော်
group = အစု ၊ အစုအအုပ်

- The *band* played the National Anthem.
  တူရိယာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ကြတယ်။
- He lives in a *company* of good people.
  သူ လူကောင်းသူကောင်းတွေနဲ့ အတူနေတယ်။
- We all stood in a *group*.
  ကျွန်တော်တို့အားလုံးစုပြီး ရပ်နေကြတယ်။



### (59) bank / coast / shore

bank = ကမ်း၊ ကမ်းပါး
coast = ပင်လယ်ကမ်းရိုးတမ်း
shore = ပင်လယ်ကမ်းခြေ

- My native village is on the *bank* of the river.
  ကျွန်တော့ ဇာတိရွာကလေးက မြစ်ကမ်းပေါ်မှာ ရှိတယ်။
- His house is on the *coast* in Mon State.
  သူ့အိမ်က မွန်ပြည်နယ်ရှိ ကမ်းရိုးတန်းပေါ်မှာ ရှိတယ်။
- Fishing boats were near the *shore*.
  ငါးဖမ်းလှေများသည် ပင်လယ်ကမ်းခြေအနီးမှာ ရှိကြသည်။

### (60) bar / fence / wall

bar = အဆီး၊ အတား
fence = ခြံစည်းရိုး၊ ဝင်းကရံ
wall = နံရံ

- The iron *bars* of the prison windows were two inches apart.
  အကျဉ်းထောင် ပြူတင်းပေါက် သံတိုင်တွေဟာ တစ်ခုနှင့်တစ်ခု နှစ်လက်မခြားထားတယ်။
- They have a *fence* around their house.
  သူတို့ အိမ်ပတ်ပတ်လည်မှာ ခြံစည်းရိုးရှိတယ်။
- The walls of the room were painted white.
  အခန်းနံရံတွေကို အဖြူရောင်ဆေးသုတ်ထားတယ်။

### (61) base / bottom / foundation

base = အောက်ခြေ၊ အခြေခံ
bottom = အောက်ခံ၊ အောက်ခြေ
foundation = အုတ်မြစ်၊ အခြေခံ

- The *base* of the lamp was made of wood.
  မီးတိုင်ရဲ့ အောက်ခြေကို သစ်သားနဲ့ လုပ်ထားတယ်။
- There is a mark on the *bottom* of the dish.
  ပုဂံအောက်ခြေမှာ အမှတ်အသားတစ်ခုရှိတယ်။
- The *foundation* of the house was stone.
  အိမ်ရဲ့ အခြေခံအုတ်မြစ်က ကျောက်သားဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (62) battle / combat / fight / war

battle = တိုက်ပွဲ
combat = စီးချင်းတိုက်ပွဲ
fight = ရန်ပွဲ
war = စစ်ပွဲ

- We won the ***battle*** on the second day.
  ကျွန်တော်တို့ ဒုတိယနေ့မှာ တိုက်ပွဲအောင်ခဲ့တယ်။
- The soldier was wounded in a ***combat***.
  စီးချင်းတိုက်ရာမှာ စစ်သားကြီး ဒဏ်ရာရသွားတယ်။
- There was a ***fight*** between the two boys.
  ကောင်ကလေး နှစ်ယောက် ရန်ဖြစ်နေတယ်။
- They declared ***war*** on their enemy.
  သူတို့ ရန်သူကို စစ်ကြေငြာလိုက်တယ်။

### (63) beast / animal / monster

beast = သားကောင်၊ သားရဲတိရစ္ဆာန်
animal = တိရစ္ဆာန်
monster = ကြီးမားသော သတ္တဝါ

- The ox and the horse are ***beasts*** of burden.
  နွားနှင့် မြင်းတို့သည် ဝန်တင်တိရစ္ဆာန်များဖြစ်ကြသည်။
- Dogs, birds and fish are all ***animals***.
  ခွေး၊ ငှက်နှင့် ငါးများသည် အားလုံးတိရစ္ဆာန်များဖြစ်ကြသည်။
- The ***monster*** had a head larger than its body.
  မွန်းစတာမှာ ၎င်း၏ ခန္ဓာကိုယ်ထက် ကြီးမားသည့် ဦးခေါင်းရှိသည်။

### (64) beauty / attractiveness / loveliness

beauty = အလှအပ
attractiveness = ဆွဲဆောင်မှုရှိခြင်း
loveliness = ချစ်စရာကောင်းခြင်း

- The city was famous for the ***beauty*** of its flower garden.
  ဒီမြို့ကြီးဟာ သူ့ရဲ့လှပတဲ့ ပန်းဥယျာဉ်ကြောင့် ထင်ရှားတယ်။
- The ***attractiveness*** of this girl made every boy propose her.
  ဒီမိန်းခလေးရဲ့ ဆွဲဆောင်မှုဟာ ယောကျ်ားလေးတိုင်းကို ရည်းစားစကား လိုက်ပြောစေခဲ့တယ်။



- Everybody praises her loveliness of manner.
  သူမရဲ့ ချစ်စရာကောင်းတဲ့ အမူအရာလေးကို လူတိုင်းချီးကျူးကြတယ်။

### (65) beginning / commencement / start

beginning = အစ
commencement = အစပြုခြင်း
start = အစ၊ အစပြုခြင်း

- We read the story from the ***beginning*** to the end.
  ကျွန်တော်တို့ ဝတ္ထုကို အစမှ အဆုံးထိ ဖတ်ခဲ့ကြတယ်။
- The ***commencement*** of the meeting was made by the minister.
  အစည်းအဝေးကို ဝန်ကြီးက စတင်ဖွင့်လှစ်လိုက်တယ်။
- He made a good ***start*** on his work.
  သူအလုပ်ကို ကောင်းစွာ စတင်လုပ်ကိုင်ခဲ့တယ်။

### (66) behaviour / conduct / manner

behaviour = အပြုအမူ
conduct = ပြုမူခြင်း၊ အကျင့်စာရိတ္တ
manner = အမူအရာ၊ ပြုလုပ်ပုံ

- People do not like his unkind ***behaviour***.
  လူတွေက သူ့ရဲ့ အကြင်နာကင်းတဲ့ အပြုအမူကို မကြိုက်ကြဘူး။
- Her ***conduct*** in school was very excellent.
  ကျောင်းမှာ သူမရဲ့ အပြုအမူ စာရိတ္တအလွန်ကောင်းပါတယ်။
- She spoke in a friendly ***manner***.
  သူမဟာ ခင်မင်ရင်းနှီးစွာ ပြောဆိုလေ့ရှိတယ်။

### (67) belief / opinion / view

belief = ယုံကြည်မှု၊ ယုံကြည်ခြင်း
opinion = ထင်မြင်ချက်၊ အယူအဆ
view = တင်မြင်ယူဆချက်၊ ရှုခင်း

- I do not like to discuss my religious ***beliefs***.
  ဘာသာရေးနဲ့ ပတ်သက်တဲ့ ယုံကြည်မှုကို ကျွန်တော် မဆွေးနွေးချင်ဘူး။
- In my ***opinion***, he will win the race.
  ကျွန်တော့် အမြင်တော့ ပြိုင်ပွဲမှာ သူနိုင်မယ်ထင်တယ်။
- We have a ***view*** of the lake from this window.
  ကျွန်တော်တို့ ပြူတင်းပေါက်က ကန်ရဲ့ ရှုခင်းကိုတွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (68) bill / account / charge

bill = ကြွေးစာရင်းစာရွက်
account = စာရင်းအင်း
charge = အဖိုးအခ၊ တန်ဖိုး

- He gave the ***bill*** for the food they bought.
  သူတို့ ဝယ်တဲ့ အစားအစာအတွက် ကျသင့်ငွေစာရင်းကို ပေးတယ်။
- The bank sent me a monthly report of my ***account***.
  ဘဏ်က ကျွန်တော့်ဆီကို လစဉ်ငွေစာရင်းရှင်းတမ်း ပို့ပေးတယ်။
- Their ***charge*** for the work was high.
  သူတို့ လုပ်အားခတွေ မြင့်တက်လာတယ်။

### (69) bit / drop / particle / piece

bit = အစအန
drop = အစက်အပေါက်
particle = အပိုင်းအစ၊ အသေးဆုံးအရာ
piece = အပိုင်းအစ၊ အသေးဆုံးအရာ

- She gave him a ***bit*** of cake.
  သူမ သူ့ကို ပေါင်မုန့်တစ်ဖဲ့ပေးလိုက်တယ်။
- A ***drop*** of rain began to fall on his face.
  မိုးပေါက်လေး သူ့မျက်နှာပေါ်မှာ ကျလာတယ်။
- A ***particle*** of dirt was in his eye.
  သူ့မျက်လုံးထဲမှာ ဖုန်မှုန့်ဝင်နေတယ်။
- Please give me a ***piece*** of writing paper.
  ငါ့ကို စာရေးစက္ကူတစ်ရွက်ပေးပါ။

### (70) blame / fault / guilt

blame = အပြစ်၊ အပြစ်တင်ခြင်း
fault = အပြစ်၊ အပြစ်အနာအဆာ
guilt = အပြစ်၊ ပြစ်မှု

- I will accept the ***blame***.
  အပြစ်တင်ရင်လဲ ခံရမှာဘဲ။
- He finds ***fault*** with everything he does.
  သူလုပ်သမျှ လိုက်ပြီး အပြစ်ရှာနေတယ်။
- His ***guilt*** was proved by his finger prints.
  သူ့ရဲ့ အပြစ်ကို လက်ဗွေနှိပ်ပြီး ဝန်ခံအတည်ပြုခဲ့တယ်။



### (71) blaze / fire / flame

blaze = မီးတောက်မီးလျှံ
fire = မီး
flame = မီးတောက်၊ မီးလျှံ

- We could see the ***blaze*** for miles.
  မီးတောက်မီးလျှံများကို အဝေးကပင် မြင်နိုင်ပါသည်။
- They build a ***fire*** to keep warm.
  သူတို့ နွေးထွေးလာစေရန် မီးမွှေးကြတယ်။
- The ***flame*** of the burning candle was yellow.
  ထွန်းညှိထားတဲ့ ဖယောင်းတိုင် မီးတောက်က အဝါရောင်ဖြစ်တယ်။

### (72) bliss / happiness / joy

bliss = ချမ်းသာသုခ၊ ပီတိသောမနဿ
happiness = ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု
joy = ပျော်ရွှင်မှု၊ ပျော်ရွှင်ဝမ်းမြောက်မှု

- She felt ***bliss*** when she heard the good news.
  သူမ သူသတင်းကောင်းကြားရတဲ့အခါ အတိုင်းမသိ ပီတိဖြစ်တယ်။
- Children can bring so much ***happiness*** home.
  ကလေးတွေဟာ အိမ်ကို စိတ်ချမ်းသာ ပျော်ရွှင်မှုကို ပေးပါတယ်။
- It was a great ***joy*** to take part in water throwing in Thingyan Festival.
  သင်္ကြန်ပွဲတော်မှာ ရေပက်ကစားရတာ အလွန်ပျော်စရာကောင်းတယ်။

### (73) block / hinderance / obstacle

block = အတုံး၊ အပိတ်အဆို့၊ ပိတ်ဆို့ခြင်း
hinderance = အနှောင့်အယှက်၊ အတားအဆီး
obstacle = အပိတ်အပင်၊ အတားအဆီး

- The police made a road ***block*** to catch the criminal.
  ရဲများသည် ရာဇဝတ်သားကို ဖမ်းစီးရန် လမ်းကို ပိတ်ဆို့ထားသည်။
- There is no ***hinderance*** for the plan to build a new house here.
  ဤနေရာတွင် အိမ်အသစ်ဆောက်လုပ်ရန် အစီအစဉ်နှင့် ပတ်သက်ပြီး မည်သည့် အနှောင့်အယှက် အတားအဆီး မျှ မရှိပါ။
- An ***obstacle*** in the road prevented the cars from moving.
  လမ်းထဲရှိ အနှောင့်အယှက်သည် ကားများကို သွားလာမှု ရပ်ဆိုင်းထားခြင်း ဖြစ်သည်။

www.burmeseclassic.com



### (74) bloom / blossom / flower

bloom = ပန်း၊ အပွင့်
blossom = ပန်းပွင့်ခြင်း၊ ပွင့်လန်းခြင်း
flower = ပန်း၊ ပန်းပွင့်၊ အညွန့်အဖူး

- The roses are in ***bloom***.
  နှင်းဆီပန်းများ ပွင့်နေကြသည်။
- Orange ***blossoms*** have sweet smell.
  လိမ္မော်ပွင့်များသည် အနံ့မွှေးကြိုင်ကြသည်။
- The bees are flying from flower to ***flower***.
  ပျားများသည် ပန်းပွင့်တစ်ပွင့်မှ တစ်ပွင့်သို့ ပျံသန်းနေကြသည်။

### (75) blunder / error / mistake

blunder = အကြီးအကျယ် မှားယွင်းခြင်း
error = အမှား၊ မှားယွင်းချွတ်ချော်ခြင်း
mistake = အမှား/အထင်မှားခြင်း

- His failure to lock the door was a serious ***blunder***.
  တံခါးပိတ်ဖို့ မေ့နေတာဟာ သူ့ရဲ့ မဟာအမှားကြီးပါပဲ။
- He made an ***error*** in additon.
  သူဂဏန်းပေါင်းရာမှာ မှားနေတယ်။
- It was a ***mistake*** for us to start our trip in this storm.
  မုန်တိုင်းကျနေတုန်း၊ ခရီးထွက်လာတာ တို့ရဲ့ အမှားဖြစ်တယ်။

### (76) bonus / gift / reward

bonus = အပိုဆုငွေ၊ အပိုဆုကြေး
gift = လက်ဆောင်
reward = ဆုလာဘ်

- Every worker received a five dollar ***bonus*** at christmas.
  အလုပ်သမားတိုင်း ခရစ္စမတ်ပွဲတော်မှာ အပိုကြေးဆု (၅)ဒေါ်လာစီရကြတယ်။
- She gave him a book as a ***gift***.
  သူမ သူ့ကို လက်ဆောင်အဖြစ် စာအုပ်တစ်အုပ်ပေးလိုက်တယ်။
- A ***reward*** was offered for his bravery.
  သူရဲ့ ရဲရင့်မှုအတွက် ဆုချလိုက်တယ်။



### (77) boom / roar / thunder

boom = မိုးကြိုးသံကဲ့သို့ အသံနက်ကြီး
roar = ဟိန်းဟောက်သံ
thunder = မိုးခြိမ်းသံ

- I couldn't hear the music over the ***boom*** of the airplanes.
  ဆူညံတဲ့ လေယာဉ်ပျံသံတွေကြောင့် ဂီတသံကို မကြားရဘူး။
- They could hear the ***roar*** of the lion.
  သူတို့ ခြင်္သေ့ဟိန်းဟောက်သံကို ကြားရတယ်။
- The ***thunder*** woke the children fright.
  မိုးခြိမ်းသံကြောင့် ကလေးများ လန့်နိုးလာကြတယ်။

### (78) border / boundary / frontier

border = နယ်စွန်နယ်ဖျား၊ နယ်ခြား
boundary = နယ်နိမိတ်
frontier = နယ်စပ်၊ နယ်ခြား

- This river is the ***border*** between the two countries.
  ဒီမြစ်ဟာ နှစ်နိုင်ငံ နယ်စပ်ဖြစ်တယ်။
- High mountains are the ***boundrary*** between the two countries.
  မြင့်မားတဲ့ တောင်တန်းကြီးတွေဟာ နှစ်နိုင်ငံနယ်နိမိတ်ဖြစ်တယ်။
- There are not many guards along the ***frontier***.
  နယ်စပ်ဒေသတွေမှာ အစောင့်အကြပ်သိပ်မရှိပါ။

### (79) bosom / breast / heart

bosom = ရင်၊ ရင်အုံ
breast = ရင်၊ ရင်ပတ်၊ ရင်သား
heart = နှလုံး၊ စိတ်

- News of the accident struck fear in her bosom.
  ထိခိုက်မှု သတင်းကြားရတာ သူ့ရင်ထဲမှာ ထိတ်လန့် စိုးရိမ်သွားတယ်။
- Mother's ***breasts*** were full of milk.
  မိခင်ရဲ့ ရင်သားထဲမှာ နို့ရည်တွေ အပြည့်ရှိတယ်။
- He is good at ***heart***.
  သူ့အလွန် စိတ်ရင်းကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (80) boss/ manager / director

boss = ဆရာ၊ အကြီးအကဲ၊ အုပ်ချုပ်သူ
manager = စီမံအုပ်ချုပ်သူ၊ မန်နေဂျာ
director = စီစဉ်ညွှန်ကြားသူ၊ ညွှန်ကြားရေးမှူး

- He was the ***boss*** of our company.
  သူကျွန်တော်တို့ ကုမ္ပဏီရဲ့ သဌေး၊ အကြီးအကဲဖြစ်တယ်။
- The ***manager*** is giving a speech to his staff.
  မန်နေဂျာက သူ့ရုံးအဖွဲ့ကို စကားပြောနေတယ်။
- He was the chief ***director*** of this office.
  သူဒီရုံးက ညွှန်ကြားရေးမှူးချုပ်ဖြစ်တယ်။

## (81) boy / lad / youth

boy = လူငယ်၊ ယောကျ်ားလေး
lad = လူပျိုပေါက်၊ လုလင်ငယ်
youth = လူငယ်၊ လူငယ်ဘဝ

- He is a clever ***boy.***
  သူလိမ္မာသော ယောကျ်ားလေးတစ်ယောက်ဖြစ်တယ်။
- We lived in a village when I was a ***lad.***
  ကျွန်တော် လူပျိုပေါက် ဘဝတုံးက ရွာတစ်ရွာမှာ နေခဲ့တယ်။
- She played the piano in her ***youth.***
  သူမ ငယ်ငယ်တုံးက စန္ဒယားတီးခဲ့တယ်။

## (82) brain / intelligence / sense

brain = ဦးနှောက်၊ ဉာဏ်
intelligence = အသိဉာဏ်၊ အကင်းပါးခြင်း
sense = အာရုံ၊ အသိဉာဏ်

- She had both ***brain*** and beauty.
  သူဉာဏ်လည်းကောင်းတယ်၊ ရုပ်လဲချောတယ်။
- As he is a student of high ***intelligence,*** he gets good marks.
  သူဉာဏ်သိပ်ကောင်းတဲ့အတွက်ကြောင့် အမြဲတမ်း အမှတ်ကောင်းကောင်းရတယ်။
- The old man had lost his ***sense*** of hearing .
  အဖိုးကြီး နားလေးသွားပြီ။



## (83) brand / kind / trademark

brand = အမှတ်တံဆိပ်
kind = အမျိုးအစား
trademark = ကုန်အမှတ်တံဆိပ်

- What ***brand*** of cigarette do you smoke?
  မင်းဘယ်စီးကရက်ကို သောက်သလဲ။
- What ***kind*** of dog is that?
  ဒီခွေးက ဘာအမျိုးအစားလဲ။
- "JS" is the ***trademark*** on all medicines the Jones Smith company makes.
  "ဂျေအက်" ဆိုတာ ဂျုန်းစမစ်ကုမ္ပဏီက ပြုလုပ်တဲ့ ဆေးအားလုံးရဲ့ ကုန်အမှတ်တံဆိပ်ဖြစ်တယ်။

## (84) bravery / courage / daring

bravery = ရဲစွမ်းသတ္တိ၊ ရဲရင့်ခြင်း
courage = ရဲစွမ်းသတ္တိ
daring = ရဲဝံ့ခြင်း

- This medal is given for ***bravery*** in the face of the enemy.
  ရန်သူကို ရင်ဆိုင်ရာမှာ သတ္တိရှိတဲ့အတွက် သူ့ကို ဆုတံဆိပ်ချီးမြှင့်လိုက်တယ်။
- ***Courage*** is needed to try again after a defeat.
  အရေးနိမ့်ပြီးတဲ့နောက် နောက်ထပ် ကြိုးစားရန် သတ္တိရှိဖို့ လိုတယ်။
- His reputation for ***daring*** began when he saved a child from a burning house.
  ကလေးတစ်ယောက်ကို မီးလောင်နေတဲ့ အိမ်ထဲက ကယ်ထုတ်လိုက်တဲ့အခါ သူရဲ့ သတ္တိရှိတဲ့ သတင်းဟာ ဖြစ်ပေါ်လာခဲ့တယ်။

## (85) brim / edge / margin

brim = အနား၊ နှုတ်ခမ်း
edge = အသွား၊ အစွန်း
margin = အနားသပ်မျဉ်း

- The cup was filled with tea to the ***brim.***
  ခွက်ထဲမှာ လက်ဖက်ရည်နှုတ်ခမ်းအထိ အပြည့်ထည့်ထားတယ်။
- He sat at the ***edge*** of the river and put his feet in the water.
  သူမြစ်ကမ်းစပ်မှာ ထိုင်ပြီး ခြေထောက်တွေကို ရေထဲမှာ နှစ်ထားတယ်။
- Leave a ***margin*** of one inch on the left side of your paper.
  စာရွက်ရဲ့ ဘယ်ဘက်မှာ အနားသပ်မျဉ်း တစ်လက်မ ချန်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com



### (86) brook / stream / rivulet

brook = ချောင်းကလေး
stream = စမ်းချောင်း၊ စီးကြောင်း
rivulet = မြစ်ငယ်

- Children like to play in the ***brook.***
  ကလေးများသည် ချောင်းကလေးထဲမှာ ကစားခြင်းကို နှစ်သက်ကြသည်။
- They walk along the bank of the ***stream.***
  သူတို့ စမ်းချောင်းဘေးမှာ လမ်းလျှောက်ကြသည်။
- There are lots of ***rivultet*** in Shan State.
  ရှမ်းပြည်နယ်မှာ မြစ်ငယ်ကလေးများ များစွာရှိတယ်။

### (87) brother / comrade / kinsman

brother = ညီ၊ အကို၊ မောင်၊ စစ်ရဲဘော်
comrade = လုပ်ဖော်ကိုင်ဘက်၊ ရဲဘော်
kinsman = ဆွေမျိုးသားချင်း

- She has two elder ***brothers.***
  သူမမှာအစ်ကို နှစ်ယောက်ရှိတယ်။
- They were ***comrades*** in an army.
  သူတို့ တပ်ထဲက ရဲဘော်ရဲဘက်တွေဖြစ်တယ်။
- He is my ***kinsman*** as he is my mother's brother.
  သူက ကျွန်တော့် အမေရဲ့ မောင်ဆိုတော့ ကျွန်တော်ရဲ့ဆွေမျိုးသားချင်းပါဘဲ။

### (88) brush / broom / whisk

brush = ဝက်မင်ဘီး၊ စုတ်တံ
broom = တံမြက်စည်း
whisk = သားမြီးယပ်

- I keep my ***brush*** on the dressing table.
  ကျွန်တော် ဝက်မင်ဘီးကို မှန်တင်ခုံပေါ်မှာ ထားတယ်။
- Mother bought a ***broom*** from the market.
  အမေဈေးထဲက တံမြက်စည်းတစ်ချောင်း ဝယ်လာတယ်။
- Have you ever seen a ***whisk?***
  မင်းသားမြီးယပ်ကို မြင်ဘူးသလား။



### (89) bucket / can / pot

bucket = ရေပုံး
can = ပုံး၊ သံပုံး၊ သံဗူးပုံး
pot = အိုး

- We carry water with a ***bucket.***
  ကျွန်တော်တို့ ရေပုံးနဲ့ ရေကို သယ်ယူကြတယ်။
- She opened a ***can*** of condensed milk.
  သူမ နို့ဆီဗူးတစ်လုံးကို ဖောက်လိုက်တယ်။
- Many ***pots*** are made in Upper Myanmar.
  အိုးတော်တော်များများကို မြန်မာပြည်အထက်ပိုင်းမှာ ပြုလုပ်ကြတယ်။

### (90) bunch / cluster / group

bunch = အတွဲ၊ အခိုင်
cluster = အပြွတ်၊ အခိုင်၊ အစု
group = အစု၊ အအုပ်၊ အဖွဲ့

- She picked a ***bunch*** of flowers.
  သူမ ပန်းတစ်ခိုင်ကို ခူးလိုက်တယ်။
- The ***cluster*** of students looked at the board where the examination results were posted.
  စာမေးပွဲအောင်စာရင်းကပ်ထားတဲ့ သင်ပုန်းကြီးကို ကျောင်းသားတွေ စုပြုံကြည့်နေကြတယ်။
- A ***group*** of people waited at the door.
  တံခါးမှာ လူအုပ်ကြီး စောင့်နေကြတယ်။

### (91) bundle / package / parcel

bundle = အစည်း၊ အထုပ်
package = အထုပ်၊ ထုပ်စရာပစ္စည်း
parcel = အထုပ်ကလေး

- She carried a ***bundle*** of clothes.
  သူမ အဝတ်ထုပ်တစ်ခုကို သယ်သွားတယ်။
- We mailed a ***package*** to him.
  ကျွန်တော်တို့ သူ့ဆီကို အထုပ်တစ်ထုပ် စာတိုက်က ပို့လိုက်တယ်။
- This store dilivered ***parcels*** free of charge in this area.
  ဒီနယ်မြေအတွင်း ဒီစတိုးဆိုင်က ပါဆယ်ထုပ်တွေကို အခမဲ့ဖြန့်ဝေပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (92) burden / load / weight

burden = ဝန်ထုပ်ဝန်ပိုး
load = ဝန်အလေး၊ ကုန်ထုပ်
weight = အလေးချိန်

- Supporting his family was a great ***burden*** for him.
  မိသားစုကို ထောက်ပံ့နေရတာ သူ့အဖို့တော့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုပါပဲ။
- ***Loads and loads*** of vegetables are carried by carts.
  ဟင်းသီးဟင်းရွက် အထုပ်တွေကို လှည်းတွေနဲ့ သယ်ကြတယ်။
- What is the ***weight*** of this box?
  ဒီသေတ္တာကြီးက ဘယ်လောက်လေးသလဲ။

### (93) burglar / thief / robber

burglar = ဖောက်ထွင်းခိုးယူသူ
thief = သူခိုး
robber = ဓားပြ

- The ***burglar*** was caught by the police.
  ဖောက်ထွင်းသူခိုးကို ရဲက ဖမ်းလိုက်တယ်။
- A ***thief*** was climbing through the window.
  သူခိုးတစ်ယောက် ပြတင်းပေါက် တက်နေတယ်။
- The ***robbers*** were caught by the soldiers.
  ဓားပြတွေကို ညက စစ်သားတွေက ဖမ်းဆီးလိုက်တယ်။

### (94) burial / funeral / interment

burial = မြှုပ်နှံခြင်း၊ သင်္ဂြိုဟ်ခြင်း
funeral = အသုဘ၊ ဈာပန
interment = မြှုပ်နှံခြင်း

- The ***burial*** of the dead sailor was performed at sea.
  ကွယ်လွန်သွားတဲ့ သင်္ဘောသားကို ပင်လယ်ပြင်မှာပဲ သင်္ဂြိုဟ် လိုက်ကြတယ်။
- People came from great distance to attend his ***funeral.***
  သူ့ အသုဘအခမ်းအနားကို တက်ဖို့ လူအတော်များများ အဝေးကြီးက လာကြ တယ်။
- He made an ***interment*** of the dead body in the grave.
  သူ့အလောင်းကို ဂူထဲမှာ မြှုပ်နှံလိုက်တယ်။



### (95) business / commerce / trade

business = အလုပ်၊ လုပ်ငန်း
commerce = ကုန်သွယ်ခြင်း၊ ကူးသန်းရောင်းဝယ်ရေး
trade = အရောင်းအဝယ်၊ ရောင်းဝယ်ခြင်း

- His ***business*** is farming.
  သူ့အလုပ်က လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပါတယ်။
- He is engaged in ***commerce.***
  သူကူးသန်းရောင်းဝယ်ရေး လုပ်နေတယ်။
- ***Trade*** between the two countries has increased this year.
  ဒီနှစ် နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်း တိုးတက်လာပြီ။

### (96) cab / taxi / taxicab

cab = အငှားရထား၊ အငှားကား
taxi = အငှားကား၊ တက္ကစီ
taxicab = တက္ကစီအငှားကား

- He took a ***cab*** to the airport.
  သူလေဆိပ်ကို အငှားကားနဲ့ သွားတယ်။
- He went to his office by ***taxi.***
  သူရုံးကို တက္ကစီနဲ့ သွားတယ်။
- You can see a lot of ***taxi cabs*** at the station.
  မင်းဘူတာရုံမှာ အငှားကားတွေ အများကြီး တွေ့နိုင်တယ်။

### (97) cabin / cottage / hut (shed)

cabin = တဲငယ်၊ သင်္ဘောခန်းကလေး
cottage = အိမ်ကုတ်၊ တဲ၊ တစ်ထပ်အိမ်
hut = တဲ

- The hunter lived in a log ***cabin*** in the forest.
  မုဆိုးသည် တောထဲက သစ်တုံးနဲ့ လုပ်ထားတဲ့ တဲငယ်ကလေးထဲမှာ နေခဲ့သည်။
- He has a ***cottage*** near the beach at Ngapali.
  သူ့မှာ ငပလီကမ်းခြေနဲ့ အိမ်ကလေးတစ်လုံးရှိတယ်။
- They passed the ***hut*** in the forest.
  သူတို့ တောထဲက တဲကလေးအနီးမှာ ဖြတ်သွားခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(98) cabinet / council / ministry**

cabinet = ဝန်ကြီးအဖွဲ့
council = အတိုင်ပင်ခံအဖွဲ့၊ အကြံပေးအဖွဲ့
ministry = ဝန်ကြီးဌာန

- The President is meeting with his ***cabinet.***
  သမ္မတကြီးသည် သူ၏ ဝန်ကြီးအဖွဲ့နှင့် တွေ့ဆုံလိမ့်မယ်။
- The city ***council*** is in conflict with the mayor.
  မြို့တော်ကောင်စီဝင်များသည်၊ မြို့တော်ဝန်ကို ဆန့်ကျင်နေကြတယ်။
- There will be a meeting in the ***ministry*** room.
  မကြာမီ ဝန်ကြီးဌာနမှာ အစည်းအဝေးလုပ်လိမ့်မယ်။

**(99) calendar / schedule / time-table / diary**

calendar = ပြက္ခဒိန်၊ လုပ်ငန်းစဉ်
schedule = အစီအစဉ်၊ ဇယား
time-table = အချိန်ဇယား
diary = နေ့စဉ်မှတ်တမ်း

- Here is a ***calendar*** for the coming year.
  ဟောဒီမှာ လာမဲ့နှစ်အတွက် ပြက္ခဒိန်။
- May I have a bus ***schedule?***
  ဘတ်စ်ကားထွက်မဲ့ အစီအစဉ်လေးရပါရစေ။
- Look at the ***timetable*** and see when the train arrives.
  ရထားဘယ်အချိန် ဆိုက်မလဲဆိုတာ အချိန်ဇယားကို ကြည့်လိုက်ပါ။
- The traveler kept a ***diary*** of his trip.
  ခရီးသည်ဟာ သူ့ခရီးစဉ်အတွက် နေ့စဉ်မှတ်တမ်းရေးတယ်။

**(100) captain / commander / leader**

captain = ဗိုလ်ကြီး၊ သင်္ဘော မာလိန်မှူး/အသင်းခေါင်းဆောင်
commander = အုပ်ချုပ်သော ဗိုလ်၊ ရေကြောင်းဗိုလ်မှူး
leader = ခေါင်းဆောင်၊ ဦးစီးခေါင်းဆောင်

- That boy is the ***captain*** of the team.
  အဲဒီကောင်လေးက အသင်းခေါင်းဆောင်ဖြစ်တယ်။
- They followed the advice of their ***commander.***
  သူတို့ခေါင်းဆောင်ရဲ့ အကြံဉာဏ်ကို လိုက်နာကြတယ်။



- The president is the ***leader*** of our country.
  သမ္မတသည် ကျွန်တော်တို့ နိုင်ငံ၏ ဦးစီးခေါင်းဆောင်ဖြစ်သည်။

**(101) captive / convict / prisoner**

captive = စစ်သုံ့ပန်း၊ အကျဉ်းသား
convict = ထောင်သား
prisoner = ထောင်သား/အကျဉ်းသား

- The ***captives*** were sent to jail.
  စစ်သုံ့ပန်းများကို ထောင်သို့ ပို့လိုက်သည်။
- The ***convict*** was found guilty of crime and sent to the prison.
  အကျဉ်းသားမှာ ရာဇဝတ်ပြစ်မှု ထင်ရှားသည့်အတွက် ထောင်ချလိုက်သည်။
- The ***prisoners*** were kept in the prison.
  အကျဉ်းသားများကို အကျဉ်းထောင်ထဲမှာ ထားတယ်။

**(102) care / anxiety / worry**

care = စိုးရိမ်ခြင်း၊ သောက
anxiety = စိုးရိမ်ကြောင့်ကြခြင်း
worry = စိုးရိမ်ပူပန်မှု

- The doctor told her to forget her ***cares.***
  ဆရာဝန်က သူမကို စိုးရိမ်မှုသောကတွေကို မေ့ပျောက်ထားဖို့ ပြောတယ်။
- Hearing her daughter's accident, she felt great ***anxiety.***
  သမီးရဲ့ ထိခိုက်မှုသတင်းကို ကြားလိုက်ရတော့ သူမ သိပ်ပြီး စိုးရိမ်ပူပန်သွားတယ်။
- ***Worry*** turns her hair grey.
  စိုးရိမ်မှုတွေက သူမ၏ ဆံပင်များကို ဖြူစေတယ်။

**(103) career / occupation / profession**

career = အသက်မွေးမှု
occupation = ရာထူး၊ အလုပ်အကိုင်
profession = ပညာသည်အလုပ်၊ အသက်မွေးမှုအလုပ်

- He prepared for a ***career*** in law.
  သူဥပဒေပညာနဲ့ အသက်မွေးဖို့ပြင်ဆင်ခဲ့တယ်။
- He said his ***occupation*** was that of a student.
  သူ့အလုပ်အကိုင်က ကျောင်းသားတစ်ယောက်ဖြစ်တယ်လို့ ပြောတယ်။
- He is preparing for the teaching ***profession.***
  သူသင်ကြားရေးနဲ့ အသက်မွေးမှု လုပ်ဖို့ ပြင်ဆင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (104) caress / embrace / kiss

| | | |
|---|---|---|
| caress | = | ဖက်ရမ်းနမ်းရှုံ့ခြင်း |
| embrace | = | ပွေ့ဖက်ခြင်း |
| kiss | = | နမ်းခြင်း |

- His *caress* told her of his love.
  သူချစ်တဲ့အကြောင်း သူမကို နမ်းရှုံ့ပြတယ်။
- The *embrace* of the couple were seen in the park.
  ပန်းခြံထဲမှာ စုံတွဲတစ်တွဲ ပွေ့ဖက်နေကြတယ်။
- Mother gave a *kiss* to her baby.
  အမေလုပ်သူက သူ့ကလေးကို နမ်းတယ်။

## (105) car / truck / van

| | | |
|---|---|---|
| car | = | မော်တော်ကား |
| truck | = | ကုန်တင်ကား |
| van | = | ကုန်တင်လို့ရသည့် လူစီးကား |

- We go to the pagoda by *car*.
  ကျွန်တော်တို့ ဘုရားကို ကားနဲ့ သွားကြတယ်။
- The *truck* carrying their furniture arrived at their new house.
  ပရိဘောဂတွေ သယ်လာတဲ့ ကုန်တင်ကားကြီး သူတို့အိမ်အသစ်ရောက်လာပြီ။
- I like a *van* more than a car.
  ငါလူစီးကားထက် ကုန်တင်လို့ရတဲ့ ဝင်အမျိုးအစားကားကို ပိုကြိုက်တယ်။

## (106) case / box / container

| | | |
|---|---|---|
| case | = | ဗူး |
| box | = | သေတ္တာ |
| container | = | ထည့်စရာပစ္စည်း |

- The *case* contained only precious stones.
  ဗူးထဲမှာ အဖိုးတန် ကျောက်မျက်ရတနာတွေ ထည့်ထားတယ်။
- They are carrying a heavy *box*.
  သူတို့ လေးလံတဲ့ သေတ္တာကြီးတစ်လုံးကို သယ်နေကြတယ်။
- Bottles are *containers* used to put liquid.
  ပုလင်းများသည် အရည်ထည့်ရန် သုံးပစ္စည်းဖြစ်သည်။



## (107) castle / mansion / palace

| | | |
|---|---|---|
| castle | = | ရဲတိုက် |
| mansion | = | အိမ်ကြီး၊ ဗိမာန် |
| palace | = | နန်းတော် |

- A king once lived in the mountain *castle*.
  တစ်ခါက ဘုရင်ကြီးတစ်ပါး တောင်ကုန်းပေါ်က ရဲတိုက်ကြီးထဲမှာ နေခဲ့တယ်။
- That old *mansion* has more than 20 rooms.
  အဲဒီအိမ်ကြီး(ဘုံဗိမာန်)ထဲမှာ အခန်းပေါင်း ၂၀ ကျော်ရှိတယ်။
- They are building a new *palace* for the king.
  သူတို့ ဘုရင်ကြီးအတွက် နန်းတော်အသစ်တစ်ခု တည်ဆောက်နေကြတယ်။

## (108) catalogue / list / record

| | | |
|---|---|---|
| catalogue | = | စနစ်တကျလုပ်ထားသော ပစ္စည်းစာရင်း |
| list | = | စာရင်းအရေအတွက် |
| record | = | မှတ်တမ်း၊ စံချိန်/ဓာတ်ပြား |

- You can see *catalogue* before you buy something.
  မိင်းတစ်ခုခု မဝယ်ခင် ပစ္စည်းစာရင်းကို ကြည့်နိုင်တယ်။
- Have you made the *list* of people who attended the meeting.
  အစည်းအဝေးတက်တဲ့ လူဦးရေစာရင်းလုပ်ပြီးပြီလား။
- They kept a *record* of their experiences.
  သူတို့ သူတို့ရဲ့ အတွေ့အကြုံကို မှတ်တမ်းတင်ထားတယ်။

## (109) cause / purpose / reason

| | | |
|---|---|---|
| cause | = | အကြောင်း၊ အကြောင်းရင်း |
| purpose | = | ရည်ရွယ်ချက်၊ ကိစ္စ |
| reason | = | အကြောင်းတရား၊ အကြောင်းအကျိုးဖော်ပြချက် |

- What are the *causes* of the second world war?
  ဒုတိယကမ္ဘာစစ်ဖြစ်ရတဲ့ အကြောင်းရင်းတွေက ဘာတွေလဲ။
- What is the *purpose* of your visit to Myanmar?
  ခင်ဗျား မြန်မာနိုင်ငံကို ဘာရည်ရွယ်ချက်နဲ့ လာတာလဲ။
- He could give no *reason* for being absent from school.
  သူ့ဘာကြောင့် ကျောင်းပျက်ရတယ်ဆိုတာ မပြောပြနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (110) center / inside / middle

center = အလယ်၊ အလယ်ဗဟို
inside = အတွင်း၊ အတွင်းဘက်
middle = အလယ်၊ အလယ်အလတ်

- The city hall is at the *center* of the town.
  မြို့တော်ခန်းမက မြို့ရဲ့ အလယ်မှာရှိတယ်။
- The *inside* of the box is painted red.
  သေတ္တာအတွင်းဘက်ကို အနီရောင် ဆေးသုတ်ထားတယ်။
- The table was in the *middle* of the room.
  အခန်းအလယ်မှာ စားပွဲရှိတယ်။

### (111) chamber / room / saloon

chamber = အခန်း၊ လွှတ်တော်
room = နေရာ၊ အခန်း
saloon = ခန်းမကြီး၊ အရက်ဆိုင်

- There are small *chambers* in the monastery.
  ဘုန်းကြီးကျောင်းမှာ အခန်းငယ်ကလေးတွေ အများကြီးရှိတယ်။
- They had their dinner in the dining *room*.
  သူတို့ ထမင်းစားခန်းထဲမှာပဲ ညစာ စားကြတယ်။
- They drank beer in the *saloon*.
  သူတို့ အရက်ဆိုင်မှာ ဘီယာသောက်ကြတယ်။

### (112) champion / hero / winner

champion = အနိုင်ရသူ၊ ဗိုလ်စွဲသူ
hero = အာဇာနည်၊ သူရဲကောင်း၊ ဇာတ်လိုက်
winner = အောင်နိုင်သူ၊ အောင်သူ

- He is a boxing *champion*.
  သူဘောက်စင်ချန်ပီယံဖြစ်တယ်။
- He was one of the *heroes* in our country.
  သူကျွန်တော်တို့ နိုင်ငံရဲ့ အာဇာနည်သူရဲကောင်းတစ်ယောက်ဖြစ်တယ်။
- Who do you think the *winner* of the race?
  ဒီပြိုင်ပွဲမှာ မင်းဘယ်သူနိုင်မယ် ထင်သလဲ။



### (113) chance / luck / opportunity

chance = အခွင့်အလမ်း၊ အခွင့်အရေး
luck = ကံ၊ ကံကြမ္မာ၊ ကံကောင်းခြင်း
opportunity = အခွင့်ကောင်း၊ အခါကောင်း

- Now is your *chance* to escape.
  ယခုအချိန်ဟာ မင်းအတွက် လွတ်မြောက်ဖို့ အခွင့်ကောင်းဘဲ။
- I had the *luck* of finding a good job.
  ငါအလုပ်ကောင်းကောင်းရတာ ကံကောင်းတာပဲ။
- The meeting was a good *opportunity* for them to discuss their problems.
  အစည်းအဝေးဟာ သူတို့အဖို့ ပြဿနာတွေ ဖြေရှင်းဖို့ အခွင့်ကောင်းအခါကောင်း တစ်ခုဖြစ်တယ်။

### (114) character / feature / personality

character = အကျင့်စာရိတ္တ၊ ဇာတ်ကောင်
feature = ကြန်အင်လက္ခဏာ၊ ထူးခြားသည့် အကြောင်းခြင်းရာ
personality = ဥပဓိရုပ်

- A person dealing with the money of others must have good *character*.
  သူတစ်ပါးနဲ့ ငွေရေးကြေးရေး ဆက်ဆံတဲ့ လူဟာ အကျင့်စာရိတ္တကောင်းရမယ်။
- Her mouth is her best *feature*.
  သူမရဲ့ ပါးစပ်ဟာ သူမရဲ့ အကောင်းဆုံး ကြန်အင်လက္ခဏာဖြစ်တယ်။
- She was selected class president because of her *personality*.
  သူမ၏ ဥပဓိရုပ်ကြောင့် သူမကို အတန်းခေါင်းဆောင်ရွေးလိုက်တယ်။

### (115) chart / diagram / map

chart = မြေပုံ၊ ဇယားကွက်
diagram = သရုပ်ပြပုံစံ
map = မြေပုံ

- The course of the ship was marked on the *chart*.
  သင်္ဘောသွားမည့် လမ်းကြောင်းကို ဇယားကွက် (မြေပုံ)နဲ့ ပြထားတယ်။
- The teacher taught us physics with *diagrams*.
  ဆရာမက ကျွန်တော်တို့ကို သရုပ်ပြပုံတွေနဲ့ ရူပဗေဒ သင်ပေးတယ်။
- She is drawing a *map* on the blackboard.
  သူမ သင်ပုန်းကြီးပေါ်မှာ မြေပုံတစ်ခုရေးဆွဲနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (116) chat / conversation / talk

chat = စကားစမြည်ပြောခြင်း
conversation = အပြန်အလှန်စကားပြောခြင်း
talk = ပြောဆိုဆွေးနွေးခြင်း

- They had a nice *chat* on a bench.
  သူတို့ ထိုင်ခုံပေါ်မှာ စကားစမြည် ပြောခဲ့ကြတယ်။
- I enjoyed the *conversation* we had this afternoon.
  ဒီနေ့နေ့လည်ပိုင်း တို့တတွေ စကားပြောရတာ သိပ်ပျော်တယ်။
- She gave a *talk* on gardening.
  သူဥယျာဉ်စိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး ပြောဆိုဆွေးနွေးခဲ့တယ်။

### (117) cheer / applause / encouragement

cheer = အားပေးခြင်း၊ ကောင်းချီးပေးခြင်း
applause = သြဘာပေးခြင်း
encourgement = အားပေးအားမြှောက်ပြုခြင်း

- A *cheer* rose from the crowd as they heard the news.
  သူတို့သတင်းကို ကြားလိုက်တဲ့အခါ လူအုပ်ထဲမှ အားပေးချီးမြှောက်သံ ထွက်ပေါ်လာတယ်။
- The *applause* was loud and long.
  လက်ခုပ် သြောဘာပေးသံကြီးသည် ကျယ်လောင်ပြီး ကြာရှည်ခဲ့သည်။
- The *encourgement* of the teacher made him study hard to pass the exam.
  ဆရာမရဲ့ အားပေးတိုက်တွန်းမှုကြောင့် သူစာမေးပွဲအောင်ရန် အပြင်းအထန် ကြိုးစားခဲ့တယ်။

### (118) city / town / village / capital

city = မြို့ကြီး၊ မြို့တော်
town = မြို့
village = ရွာ၊ ကျေးရွာ
capital = ဘုရင်အုပ်ချုပ်သူနေထိုင်သည့် မြို့

- Yangon is the largest *city* in Myanmar.
  ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အကြီးဆုံး မြို့တော်ဖြစ်သည်။
- I was born in a small *town* in Upper Myanmar.
  ကျွန်တော့်ကို မြန်မာပြည် အထက်ပိုင်းက မြို့ကလေးတစ်မြို့မှာ မွေးတယ်။



- Farmers usually live in *villages*.
  လယ်သမားများသည် အများအားဖြင့် ကျေးရွာများမှာ နေကြသည်။
- Yangon is the *capital* of Myanmar.
  ရန်ကုန်သည် မြန်မာအစိုးရ ရုံးစိုက်ရာ မြို့ဖြစ်သည်။

### (119) civilization / culture / society

civilization = ယဉ်ကျေးမှု၊ ယဉ်ကျေးသော လူ့အဖွဲ့အစည်း
culture = ယဉ်ကျေးမှု
society = လူ့အဖွဲ့အစည်း၊ အပေါင်းအဖော်

- Modern *civilization* is strongly influenced by science.
  ခေတ်သစ်ယဉ်ကျေးမှု လူ့အဖွဲ့အစည်းသည် သိပ္ပံပညာကြောင့် တွန်းကားဟိုး တက်လာခဲ့သည်။
- We have learned much from the *culture* of ancient Greece.
  ကျွန်တော်တို့ ရှေးခေါ်မယဉ်ကျေးမှုများကို များစွာ လေ့လာသိရှိပြီးပြီ။
- One must obey the rules of *society*.
  လူတိုင်း လူ့ဘောင်အဖွဲ့အစည်းရဲ့ စည်းကမ်းဥပဒေများကို လိုက်နာရမည်။

### (120) class / grade / rank / level

class = အဆင့်အတန်း၊ လူတန်းစား
grade = အဆင့်အတန်း
rank = ရာထူး၊ အဆင့်
level = အမြင့်တူခြင်း၊ အဆင့်

- He is a member of working *class*.
  သူသည် အလုပ်သမား လူတန်းစားတစ်ဦးဖြစ်သည်။
- He is now in the eleventh *grade*.
  သူအခု (၁၁)တန်း ရောက်နေပြီ။
- He achieved a high *rank* among the officers in this company.
  သူဒီကုမ္ပဏီကအရာရှိတွေကြားမှာ ရာထူးကြီးကြီး တစ်ခုကို ရအောင် ကြိုးစားခဲ့တယ်။
- The flood water rose to a *level* of six feet.
  ရေလွှမ်းမိုးမှုဟာ ခြောက်ပေလောက်အထိ မြင့်တက်လာခဲ့တယ်။

### (121) claw / hook / nail

claw = တိရစ္ဆာန် ခြေသည်း၊ လက်သည်း
hook = ချိတ်၊ ကောက်ချိတ်
nail = လက်သည်း၊ ခြေသည်း/သံချွန်

www.burmeseclassic.com

www.burmeseclassic.com



- The cat scratched the chair with her ***claws.***
  ကြောင်သည် သူ၏ လက်သည်းများဖြင့် ကုလားထိုင်ကို ကုတ်ခြစ်သည်။
- He tried to catch a fish with a ***hook.***
  သူငါးကို ချိတ်နဲ့ ဖမ်းဖို့ကြိုးစားခဲ့တယ်။
- We should cut our ***nails*** once a week.
  ကျွန်တော်တို့ တစ်ပတ်တစ်ကြိမ် ခြေသည်းလက်သည်းတွေ ညှပ်သင့်တယ်။

### (122) clerk / typist / officer

clerk = ရုံးစာရေး
typist = လက်နှိပ်စက်စာရေး
officer = ရုံးအရာရှိ

- He is a ***clerk*** in this office.
  သူဒီရုံးက စာရေးတစ်ယောက်ဖြစ်တယ်။
- He worked in this office as ***typist.***
  သူဒီရုံးမှာ လက်နှိပ်စက်စာရေး လုပ်နေတယ်။
- The ***officer*** came to work by car.
  အရာရှိက အလုပ်လုပ်ဖို့ ကားနဲ့ လာတယ်။

### (123) client / customer / patron

client = အမှုသည်၊ ဖောက်သည်
customer = ဖောက်သည်
patron = ဆိုင်မှာ ဝယ်နေကျလူ၊ မှာယက

- The lawyer advised his ***client*** to complain.
  ရှေ့နေက အမှုသည်ကို တော့ျနုပ်ကြောင်း လျှောက်လှဲဖို့ အကြံပေးတယ်။
- This store has thousands of ***customers.***
  ဒီဆိုင်မှာ ဖောက်သည်တွေ အများကြီးရှိတယ်။
- She has been a ***patron*** of this store for many years.
  သူမ ဒီဆိုင်မှာ ဈေးဝယ်နေတာ အတော်ကြာပြီ။

### (124) cabinet / closet / cupboard

cabinet = ကြောင်အိမ်ကလေး
closet = အခန်းငယ်၊ ကြောင်အိမ်
cupboard = ကြောင်အိမ် (ပုဂံ၊ ခွက်ယောက်) ဘီရို

- There is a ***cabinet*** beside my bed.
  ကျွန်တော် အိပ်ရာဘေးမှာ ကြောင်အိမ် (ဘီရိုငယ်) တစ်လုံးရှိတယ်။



- He kept all his clothes in one ***closet.***
  သူသူ့အဝတ်အစားတွေ အားလုံးကို အဝတ်ဘီရိုထဲမှာ ထားတယ်။
- We keep plates and dishes in the ***cupboard.***
  ကျွန်တော်တို့ ပုဂံပြားနှင့် ဟင်းထည့်ပုဂံတွေကို ဘီရိုထဲမှာ ထားတယ်။

### (125) cloud / fog / mist

cloud = တိမ်၊ မိုးတိမ်
fog = မြူ
mist = မြူ၊ မြူမှုန်

- The sun is hidden by the ***cloud.***
  နေကို တိမ်ဖုံးထားတယ်။
- A heavy ***fog*** stops the plane from landing.
  တိမ်ထူထပ်တဲ့အတွက် လေယာဉ်မဆင်းနိုင်ပါ။
- It was difficult to see the house through the ***mist.***
  နှင်းမြူတွေကို ဖြတ်ပြီး အိမ်ကို မြင်ရဖို့ မလွယ်ပါ။

### (126) club / association / organization

club = ကလပ်၊ အဖွဲ့အစည်းငယ်
association = အသင်း၊ အဖွဲ့
organization = အစည်းအရုံး၊ အဖွဲ့

- She is a member of a ***golf-club.***
  သူမဂေါက်သီးရိုက်အဖွဲ့ဝင် တစ်ဦးဖြစ်တယ်။
- He is a member of the lawyers' ***association.***
  သူရှေ့နေအသင်းဝင်တစ်ဦးဖြစ်တယ်။
- The United Nation is a large ***organization.***
  ကုလသမဂ္ဂသည် ကြီးမားသော အသင်းအဖွဲ့ကြီးတစ်ခု ဖြစ်သည်။

### (127) coast / beach / shore

coast = ပင်လယ်ကမ်းရိုးတန်း
beach = သဲသောင်ယံ၊ သောင်ပြင်
shore = ပင်လယ်ကမ်းခြေ

- We enjoyed the picnic on the ***beach.***
  သဲသောင်ပြင်ပေါ်မှာ ပျော်ပွဲစားထွက်ရတာ ပျော်တယ်။
- His house is on the ***coast.***
  သူ့အိမ်က ပင်လယ်ကမ်းရိုးတန်း ပေါ်မှာ ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



- The boats are near the ***shore.***
  လှေများသည် ပင်လယ်ကမ်းခြေ အနီးမှာရှိကြသည်။

**(128) committee / board / council**

committee = အဖွဲ့ငယ်
board = အဖွဲ့၊ ဘုဉ်ပြား
council = အတိုင်ပင်ခံအဖွဲ့၊ အစည်းအဝေး

- A ***committee*** was formed to plan a new school.
  ကျောင်းအသစ်တစ်ခု အစီအစဉ်ဆွဲဖို့ ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်တယ်။
- The ***board*** of the directors of the bank meets today.
  ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့ ဒီကနေ့ တွေ့ဆုံကြတယ်။
- The political party held a ***council*** to decide on future actions.
  ရှေ့လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ချဖို့ နိုင်ငံရေး ပါတီစည်းဝေးကြတယ်။

**(129) commodity / goods / wares**

commodity = အသုံးပြုရသည့် ပစ္စည်း၊ လူသုံးကုန်
goods = ကုန်ပစ္စည်းများ
wares = အထည်ပစ္စည်းများ

- Rice and sugar are ***commodities.***
  ဆန်စပါးနှင့် သကြားသည် လူသုံးကုန် ပစ္စည်းများဖြစ်ကြသည်။
- I examined all of the ***goods*** in the store.
  ဆိုင်ထဲက ပစ္စည်းများအားလုံးကို ကျွန်တော် စစ်ဆေးခဲ့တယ်။
- The store displayed its ***wares*** in the window.
  စတိုးဆိုင်သည် ပစ္စည်းများကို ပြူတင်းပေါက်မှန်ထဲမှာ ပြထားသည်။

**(130) community / public / society**

community = အတူနေလူစု
public = ပြည်သူလူထု
society = လူ့အဖွဲ့အစည်း၊ လူ့ဘောင်လောက

- Our ***community*** has its own library.
  ကျွန်တော်တို့ လူစုမှာ ကိုယ်ပိုင်စာကြည့်တိုက်ရှိတယ်။
- He borrowed two books from the ***public*** library.
  ပြည်သူပိုင် စာကြည့်တိုက်က သူစာအုပ်နှစ်အုပ် ငှားလာတယ်။
- One must obey the rules of ***society.***
  လူတိုင်း လူ့အဖွဲ့အစည်းရဲ့ စည်းကမ်း စည်းမျဉ်းတွေကို လိုက်နာရမယ်။



**(131) companion / comrade / partner**

companion = အဖော်၊ လုပ်ဖော်ကိုင်ဖက်
comrade = ရဲဘော်ရဲဘက်၊ အပေါင်းအဖော်
partner = အပေါင်းပါ၊ အစုစပ်လုပ်ကိုင်သူ

- They were ***companions*** on the journey.
  သူတို့ ခရီးသွားဖော်တွေ ဖြစ်ကြတယ်။
- They were ***comrades*** at school.
  သူတို့ ကျောင်းနေဖက် သူငယ်ချင်းတွေဖြစ်တယ်။
- This store is owned by two ***partners.***
  ဒီဆိုင်ကို အစုစပ်နှစ်ဦးပိုင်တယ်။

**(132) company / business / firm**

company = ကုမ္ပဏီ၊ အပေါင်းအဖော်
business = အလုပ်၊ လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း
firm = စီးပွားရေးအဖွဲ့

- He is a president of a manufacturing ***company.***
  သူကုန်ထုတ်လုပ်မှု ကုမ္ပဏီတစ်ခုရဲ့ ဥက္ကဋ္ဌဖြစ်တယ်။
- His ***business*** is farming.
  သူ့စီးပွားရေးလုပ်ငန်းက လယ်ယာစိုက်ပျိုးခြင်းဖြစ်တယ်။
- They set up a ***firm*** in Hlaing Tha Yar.
  သူတို့ လှိုင်သာယာမှာ ကုမ္ပဏီတစ်ခု တည်ထောင်လိုက်တယ်။

**(133) competition / contest / match**

competition = ပြိုင်ပွဲ
contest = အနိုင်လုပွဲ၊ ပြိုင်ပွဲ
match = ကစားပွဲ၊ ပြိုင်ပွဲ

- He got the first prize in the essay ***competition.***
  စာစီစာကုံးပြိုင်ပွဲမှာ သူပထမဆုရတယ်။
- He held a ***contest*** to see who could run fast.
  ဘယ်သူမြန်မြန်ပြေးနိုင်သလဲဆိုတာ သိချင်လို့ ပြိုင်ကြတယ်။
- He went to a football ***match.***
  သူဘောလုံးပွဲကို သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (134) conclusion / decision / end

conclusion = နိဂုံး/ အဆုံးသပ်
decision = ဆုံးဖြတ်ချက်
end = အဆုံး၊ နိဂုံး၊ နောက်ဆုံးပိုင်း

- At the *conclusion* of the talk , we asked questions.
  စကားပြောဆိုအပြီးမှာ ကျွန်တော်တို့ မသိတာတွေ မေးကြတယ်။
- I made a *decision* to accept the job offered.
  အလုပ်လုပ်ဖို့ ကမ်းလှမ်းလာတာကို ကျွန်တော် လက်ခံဖို့ ဆုံးဖြတ်ခဲ့တယ်။
- The *end* of the story is more interesting than the beginning.
  ဇာတ်လမ်းနောက်ဆုံးပိုင်းက အစထက်ပိုပြီး စိတ်ဝင်စားစရာ ကောင်းတယ်။

### (135) condition / situation / state

condition = အခြေအနေ၊ အကြောင်းခံ
situation = တည်နေရာ၊ အခြေအနေ၊ ရာထူး
state = အခြေအနေ၊ နိုင်ငံတော်

- The road was in good *condition.*
  လမ်းအခြေအနေကောင်းပါတယ်။
- The political *situation* is very complicated.
  နိုင်ငံရေးအခြေအနေ အလွန်ရှုပ်ထွေးနေတယ်။
- He was in an angry *state.*
  သူအလွန်စိတ်ဆိုးနေတယ်။

### (136) confidence / faith / trust

confidence = ယုံကြည်ခြင်း၊ ယုံကြည်ချက်
faith = ယုံကြည်မှု၊ ကတိသစ္စာ
trust = ယုံကြည်ခြင်း၊ ဝေါပကာအဖွဲ့

- She has *confidence* in her daughter.
  သူမရဲ့ သမီးကို သူမ ယုံကြည်မှု အပြည့်ရှိတယ်။
- He has complete *faith* in his lawyer.
  သူ သူ့ရှေ့နေအပေါ်မှာ ယုံကြည်မှု အပြည့်အဝရှိတယ်။
- We have complete *trust* in our doctor.
  ကျွန်တော်တို့ ဆရာဝန်အပေါ်မှာ ယုံကြည်မှုရှိတယ်။



### (137) conquest / triumph / victory

conquest = အောင်နိုင်ခြင်း
triumph = ကြီးမားသော အောင်နိုင်မှု
victory = အောင်ပွဲ၊ အောင်မြင်ခြင်း

- The *conquest* of the battle was honoured by the commander.
  တိုက်ပွဲရဲ့ အောင်မြင်မှုကို ဗိုလ်ချုပ်က ဂုဏ်ပြုတယ်။
- His *triumph* over poverty was an example to others.
  ဆင်းရဲခြင်းမှ ကျော်လွှားအောင်နိုင်ခြင်းသည် အခြားသူများအတွက် စံနမူနာတစ်ခု ဖြစ်သည်။
- We won the *victory.*
  သူတို့ တိုက်ပွဲမှာ အနိုင်ရခဲ့ကြသည်။

### (138) consequence / effort / result

consequence = အကျိုး၊ အကျိုးသက်ရောက်မှု
effort = ကြိုးပမ်းမှု၊ အားထုတ်မှု
result = အကျိုးသက်ရောက်မှု၊ အကျိုးတရား

- He was rude in class and as a *consequence,* he was punished by the teacher.
  သူအတန်းထဲမှာ ရိုင်းစိုင်းတဲ့အတွက် အကျိုးတရားအနေနဲ့ ဆရာရဲ့ အပြစ်ပေးခြင်း ခံရတယ်။
- Because of his *effort,* he became a successful businessman.
  သူရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် အောင်မြင်သော စီးပွားရေးသမားတစ်ယောက် ဖြစ်လာခဲ့တယ်။
- I became ill as a *result* of my long journey.
  ကျွန်တော် ခရီးရှည်သွားခဲ့ရလို့ ဖျားလာတယ်။

### (139) copy / duplicate / imitation

copy = မိတ္တူ၊ စာစောင်၊ စာမူ
duplicate = မိတ္တူ၊ မိတ္တူပြုခြင်း
imitation = အတု၊ ပစ္စည်းအတု

- That is a *copy* of famous painting.
  ဒါဟာ ထင်ရှားတဲ့ ပန်းချီကားချပ်ပုံတူတစ်ခုဖြစ်တယ်။
- Do you have *duplicate* of this letter?
  မင်းမှာ ဒီစာ မိတ္တူရှိလား။
- These diamonds are *imitation.*
  ဒီစိန်တွေဟာ အတုတွေ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (140) cost / charge / price / value

cost = ကုန်ကျစရိတ်
charge = အခ၊ အဖိုးအခ
price = ဈေးနှုန်း
value = တန်ဖိုး

- What is the *price* of Ngagin today?
  ဒီနေ့ ငါးကြင်းဘယ်ဈေးလဲ။
- How much does a pair of shoes *cost?*
  ဖိနပ်တစ်ရံဘယ်လောက်ကျပါသလဲ။
- Their *charge* for the work is very high.
  အလုပ်သမားခတွေ သိပ်မြင့်တက်နေတယ်။
- Do you know the *value* of this ring?
  မင်း ဒီလက်စွပ်ရဲ့ တန်ဖိုးကို သိလား။

## (141) couch / settee / sofa

couch = သလွန်၊ ညောင်စောင်း
settee = ထိုင်ခုံ၊ နှစ်ယောက်ထိုင်ခုံ
sofa = ဆိုဖာထိုင်ခုံ

- The princess was lying on the *couch*.
  မင်းသမီးလေး သလွန်ပေါ်မှာ လဲလျောင်းနေတယ်။
- The guests were sitting on a *settee.*
  ဧည့်သည်များ ဆက်တီပေါ်မှာ ထိုင်နေကြတယ်။
- Please take a seat on the *sofa.*
  ကျေးဇူးပြုပြီး ဆိုဖာပေါ်မှာ ထိုင်ကြပါ။

## (142) country / nation / state

country = တိုင်းပြည်၊ နိုင်ငံ
nation = အမျိုးသား၊ နိုင်ငံ
state = နိုင်ငံတော်၊ အခြေအနေ

- Canada is a very large *country*.
  ကနေဒါသည် အလွန်ကြီးမားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။
- The United States of America is one *nation*.
  အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတစ်နိုင်ငံဖြစ်သည်။
- Many foreign *states* were represented at the meeting.
  နိုင်ငံခြားတိုင်းပြည်များမှ ကိုယ်စားလှယ်များ အစည်းအဝေးတက်ကြသည်။



## (143) couple / pair / team

couple = တစ်တွဲ၊ တစ်စုံ၊ နှစ်ယောက်တွဲ
pair = တစ်စုံ၊ တစ်တွဲ၊ နှစ်ခုတွဲ
team = အသင်း၊ အဖွဲ့

- A young *couple* just moved into the neighboured.
  လူငယ်စုံတွဲလင်မယား အိမ်နားကို ပြောင်းလာကြတယ်။
- A *pair* of horses drew a carriage.
  မြင်း နှစ်ကောင်သည် လှည်းကို ဆွဲသည်။
- A *team* of football players practised in the playground.
  ဘောလုံးအသင်းတစ်သင်း ကစားကွင်းထဲမှာ လေ့ကျင့်နေကြတယ်။

## (144) course / direction / way

course = လမ်းကြောင်း
direction = ဦးတည်ရာအရပ်
way = လမ်း၊ နည်းလမ်း

- In the *course* of my life, I have seen many strange things.
  ငါ့ဘဝတစ်လျှောက်လုံးမှာ ထူးဆန်းတာတွေ အများကြီးမြင်ဖူးပြီ။
- In which *direction* are we moving?
  ငါတို့ အခု ဘယ်ဘက်ကိုသွားနေကြတာလဲ။
- Which *way* do we go?
  တို့ ဘယ်လမ်းက သွားကြမလဲ။

## (145) courtesy / politeness / respect

courtesy = ယဉ်ကျေးမှု၊ ယဉ်ကျေးသော အမူအယာ
politeness = ယဉ်ကျေးခြင်း
respect = ရိုသေခြင်း

- He was admired for his *courtesy*.
  သူ့ရဲ့ ယဉ်ကျေးတဲ့ အမူအယာကို ချီးမွမ်းကြတယ်။
- The teachers love her because of her *politeness*.
  သူမကို လိမ္မာယဉ်ကျေးလို့ ဆရာ ဆရာမတွေက ချစ်ကြတယ်။
- We must show our *respest* to the elders.
  ကျွန်တော်တို့ အသက်ကြီးသူတွေကို ရိုသေရမယ်။

www.burmeseclassic.com

www.burmeseclassic.com



### (146) cushion / pad / pillow

cushion = ဖုံ၊ အခင်း
pad = ဂွမ်းပြားကလေး
pillow = ခေါင်းအုံး

- Here is a *cushion* for your chair.
  ဟောဒီမှာ မင်းကုလားထိုင်အတွက် အခင်းဖုံ။
- An attractive *pad* was on the seat of the chair.
  ကုလားထိုင် ထိုင်ခုံနေရာမှာ ဂွမ်းကပ်ပြားလေးရှိတယ်။
- We use *pillows* to support heads while sleeping.
  အိပ်တဲ့အခါ ကျွန်တော်တို့ ခေါင်းအောက်မှာ ခေါင်းအုံးကို အသုံးပြုတယ်။

### (147) custom / habit / practice

custom = ဓလေ့ထုံးစံ၊ အလေ့အထ
habit = အလေ့အထ၊ အကျင့်
practice = အလေ့အကျင့်၊ လုပ်ဆောင်မှု

- They are strangers and did not know our *customs*.
  သူတို့က သူစိမ်းတွေဆိုတော့ ကျွန်တော်တို့ရဲ့ ဓလေ့ထုံးစံတွေကို မသိဘူး။
- Smoking is a bad *habit*.
  ဆေးလိပ်သောက်ခြင်းသည် မကောင်းသော အကျင့်ဖြစ်သည်။
- He spends an hour at writing *practice*.
  သူ စာရေးလေ့ကျင့်မှုကို တစ်နေ့တစ်နာရီလုပ်တယ်။

### (148) dagger / blade / knife

dagger = ဓားမြှောင်
blade = အသွား၊ ဓားသွား
knife = ဓား၊ သားလှီးဓား

- The soldiers were armed with *daggers*.
  စစ်သားတွေမှာ ဓားမြှောင်တွေပါတယ်။
- The *blade* of a knife is very sharp.
  ဓားသွားသည် အလွန်ထက်သည်။
- The cook used *knife* to cut meat and vegetables.
  ထမင်းချက်သည် အသားနှင့် အသီးအရွက်များကို လှီးဖြတ်ရန် ဓားကို အသုံးပြုခဲ့သည်။



### (149) danger / risk/ threat

danger = အန္တရာယ်၊ ဘေးဥပါဒ်
risk = စွန့်စားမှု (အန္တရာယ်ရှိသည့် စွန့်စားမှု)
threat = ခြိမ်းခြောက်ခြင်း

- The ship was in *danger* of sinking during the storm.
  မုန်တိုင်းထဲမှာ သင်္ဘောကြီးနစ်မြုပ်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။
- There are some *risks* in every adventure.
  စွန့်စားမှုတိုင်းမှာ အနည်းနှင့် အများ အန္တရာယ်ရှိတယ်။
- Your *threats* will not stop me from going.
  မင်းခြိမ်းခြောက်လဲ ငါကတော့ သွားမှာပဲ။

### (150) darling / beloved / favourite / sweet-heart

darling = အလွန်ချစ်သူ
beloved = ချစ်သူ
favourite = အကြိုက်ဆုံးပုဂ္ဂိုလ်
sweet-heart = ချစ်သူရည်းစား

- Their only child is their *darling*.
  သူတို့ရဲ့ တစ်ဦးတည်းသော ကလေးသည် သူတို့၏ အချစ်ဆုံးလေးဖြစ်သည်။
- She is his *beloved*.
  သူမသည် သူ၏ ချစ်သူဖြစ်သည်။
- She is her father's *favourite*.
  သူမသည် အဖေ၏ အချစ်တော်လေးဖြစ်သည်။
- She was my *sweet-heart*.
  သူမသည် ကျွန်တော့်ရည်းစားဖြစ်သည်။

### (151) data / fact / information

data = အချက်အလက် (စုဆောင်းရရှိသည့်)
fact = အချက်အလက် (တစ်ကယ့်အဖြစ်အပျက်)
information = သတင်းစကား/သတင်း အချက်အလက်

- He supplied me with the *data* for my report.
  သူ ကျွန်တော့အစီရင်ခံစာအတွက် အချက်အလက်တွေ စုဆောင်းပေးတယ်။
- Scientists work with *facts*.
  သိပ္ပံပညာရှင်တွေဟာ တစ်ကယ့်အဖြစ်အပျက် အချက်အလက်တွေနဲ့ အလုပ်လုပ်တယ်။
- He got the *information* he needed from the library.
  သူလိုချင်တဲ့ အချက်အလက်တွေကို စာကြည့်တိုက်က ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (152) dawn / daybreak / sunrise

dawn = အာရုဏ်၊ အစ၊ ကနဦး
daybreak = မိုးသောက်ချိန်
sunrise = နေထွက်ချိန်

- We started our trip at ***dawn***.
  ကျွန်တော်တို့ အာရုဏ်တက်ချိန်မှာ ခရီးစတင်ထွက်ခဲ့ကြတယ်။
- At ***daybreak***, farmers go out for work.
  မိုးသောက်ချိန်မှာ လယ်သမားများ အလုပ်သွားကြတယ်။
- We started our work at ***sunrise***.
  ကျွန်တော်တို့ နေထွက်ချိန်မှာ အလုပ်စလုပ်ကြတယ်။

### (153) defect / flaw / weakness

defect = အပြစ်အနာအဆာ၊ ချို့ယွင်းချက်
flaw = အပြစ်၊ အပြစ်အနာအဆာ
weakness = အားနည်းချက်

- The car was unsafe because of the ***defect*** in construction.
  ကားက တည်ဆောက်ရာမှာ ချို့ယွင်းချက်ရှိတဲ့အတွက် စိတ်မချရပါ။
- There was a ***flaw*** in the brake system in this car.
  ဒီကားထဲမှာ ဘရိတ်နဲ့ ပတ်သက်ပြီး ချို့ယွင်းချက်ရှိနေတယ်။
- All the teachers knew the ***weakness*** of her English.
  သူမရဲ့ အင်္ဂလိပ်စာ အားနည်းမှုကို ဆရာအားလုံးသိကြတယ်။

### (154) defence / protection / resistance

defence = ကာကွယ်ခြင်း၊ ကာကွယ်ရေး
protection = ကာကွယ်စောင့်ရှောက်ခြင်း
resistance = ခုခံကာကွယ်ခြင်း၊ တော်လှန်ခြင်း

- The army's ***defence*** of the city was successful.
  စစ်တပ်၏ မြို့ကို ကာကွယ်မှုသည် အောင်မြင်ပါသည်။
- The baby needs the ***protection*** of its mother.
  ကလေးသည် မိခင်၏ ကာကွယ်စောင့်ရှောက်မှု လိုအပ်သည်။
- AIDS lowers the body's ***resistance*** to infection.
  အေအိုင်ဒီအက်စ်သည် ရောဂါပြန့်ပွားရန် ခန္ဓာကိုယ်၏ ခုခံနိုင်စွမ်းကို လျော့နည်းစေသည်။



### (155) defination / meaning / sense

defination = အဓိပ္ပါယ်ရှင်းလင်းချက်
meaning = အဓိပ္ပါယ်ဆိုလိုချက်
sense = အာရုဏ်၊ အသိဉာဏ်

- What is the ***definition*** of that word?
  အဲဒီစကားလုံးရဲ့ အဓိပ္ပါယ်ဆိုလိုချက်က ဘာလဲ။
- He did not understand the ***meaning*** of that word.
  အဲဒီစကားလုံးရဲ့ အဓိပ္ပါယ်ကို သူမသိဘူး။
- He had no ***sense*** to read this passage.
  သူဒီစာပိုဒ်ကို မဖတ်တတ်ဘူး။

### (156) delight / joy / pleasure (enjoyment)

delight = ဝမ်းမြောက်ခြင်း၊ ကျေနပ်နှစ်သက်ခြင်း
joy = ပျော်ရွှင်မှု၊ ဝမ်းမြောက်မှု
pleasure = သာယာခြင်း၊ နှစ်သက်ခြင်း

- She felt great ***delight*** at meeting her old friends again.
  မိတ်ဆွေဟောင်းတွေ ပြန်တွေ့ရတာ သူမ သိပ်သဘောကျနေတယ်။
- They were filled with great ***joy*** at the good news.
  သူတို့ သတင်းကောင်း ကြားရတာ အလွန်ပျော်ရွှင်နေကြတယ်။
- He found ***pleasure*** in listening to music.
  သူဂီတနားထောင်ရတာ အလွန်ပျော်တယ်။

### (157) deputy / assistant / lieutenant

deputy = ကိုယ်စား ထမ်းရွက်ရသူ
assistant = အထူးလက်ထောက်
lieutenant = လက်ထောက်၊ ဗိုလ်ကလေး

- He was appointed as the ***deputy*** Minister of Education.
  သူ့ကို ပညာရေး ဒုဝန်ကြီးအဖြစ် ခန့်အပ်လိုက်တယ်။
- My father is an ***assistant*** manager in this office.
  ကျွန်တော့်အဖေက ဒီရုံးက လက်ထောက်မန်နေဂျာပါ။
- He was promoted to a ***lieutenant*** colonel.
  သူ့ကို ဒုဗိုလ်မှူးကြီးရာထူး တိုးမြှင့်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (158) device / instrument / machine / tool

device = ပစ္စည်းကရိယာ/နည်းလမ်း
instrument = ကိရိယာတန်ဆာပလာ
machine = စက်၊ ယန္တရား
tool = လက်နက်ကိရိယာ

- The thief used a ***device*** for opening the safe.
  သူခိုးသည် မီးခံသေတ္တာကိုဖွင့်သောကြံဖန်လုပ်ထားသည့် ပစ္စည်းတစ်ခုကို အသုံးပြုခဲ့သည်။
- We have a lot of scientific ***instruments*** in the lab.
  ကျွန်တော်တို့မှာ လက်တွေ့ခန်းထဲမှ သိပ္ပံပစ္စည်းတွေ အများကြီးရှိတယ်။
- She has a sewing ***machine***.
  သူမမှာ အပ်ချုပ်စက်တစ်လုံးရှိတယ်။
- The carpenters know about their ***tools***.
  လက်သမားတွေဟာ သူတို့ရဲ့ လက်နက်ကိရိယာတွေ့အကြောင်း သိတယ်။

### (159) difficulty / hardship / trouble

difficulty = အခက်အခဲ
hardship = အခက်အခဲ၊ အကျပ်အတည်း
trouble = ဒုက္ခ

- He had no ***difficulty*** to solve this problem.
  သူဒီပြဿနာကို အခက်အခဲမရှိ ဖြေရှင်းနိုင်ခဲ့တယ်။
- We should relieve the ***hardships*** of the poor.
  ကျွန်တော်တို့ ဆင်းရဲသားတွေရဲ့ အကျပ်အတည်းအခက်အခဲများကို သက်သာအောင်ဆောင်ရွက်ပေးသင့်တယ်။
- They were in ***trouble*** on a journey.
  သူတို့ လမ်းခရီးမှာ ဒုက္ခရောက်နေကြတယ်။

### (160) direction / route / way

direction = ဦးတည်ရာအရပ်
route = လမ်း၊ လမ်းကြောင်း
way = လမ်း၊ နည်းလမ်း

- In which ***direction*** is the train moving?
  ရထားကြီး ဘယ်ဘက်ကို သွားနေတာလဲ။
- By which ***route*** did you come?
  မင်းဘယ်လမ်းက လာခဲ့တာလဲ။



- Could you tell me the ***way*** to the station?
  ဘူတာရုံသွားတဲ့ လမ်းကို ကျွန်တော့ကို ပြောပြပေးပါ။

### (161) district / area / region

district = ခရိုင်နယ်ပယ်
area = အကျယ်အဝန်း၊ နေရာဒေသ
region = နယ်ပယ်၊ ဒေသအပိုင်းအခြား

- He was elected to represent his ***district***.
  သူကို ခရိုင် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ကြတယ်။
- They travelled to mountain ***area***.
  သူတို့ တောင်တန်းဒေသတွေကို ခရီးထွက်ခဲ့ကြတယ်။
- He came to a ***region*** of ice and snow.
  သူနှင်းခဲဒေသတွေကို ရောက်လာနဲ့တယ်။

### (162) dress / frock / gown

dress = အဝတ်၊ ဝတ်စားတန်ဆာ
frock = အင်္ကျီအပွ၊ အရှည်
gown = ဂါဝန်၊ အင်္ကျီအရှည်

- She wore a pretty ***dress***.
  သူအဝတ်အစားလှလှလေး ဝတ်ထားတယ်။
- She was wearing a ***frock***.
  သူအင်္ကျီအပွအရှည်ကြီး ဝတ်ထားတယ်။
- She bought an evening ***gown*** for the party.
  သူပါတီပွဲတက်ဖို့ ညဝတ် ဂါဝန်တစ်ထည်ဝယ်လာတယ်။

### (163) drove / flock / herd

drove = နွားအုပ်/သိုးအုပ်
flock = အုပ်၊ အအုပ်
herd = တိရစ္ဆာန်အစုအအုပ်

- A ***drove*** of cattle block the road.
  နွားအုပ်ကြီးက လမ်းကို ပိတ်ဆို့ထားတယ်။
- The ***flock*** of birds all flew to a tree.
  ငှက်အုပ်ကြီးအားလုံး သစ်ပင်တစ်ပင်ဆီသို့ ပျံသွားကြတယ်။
- We saw a ***herd*** of cattle in the field.
  ကျွန်တော်တို့ လယ်ကွင်းထဲမှာ နွားအုပ်တစ်အုပ်တွေ့ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (164) duty / obligation / responsibility

duty = ဝတ္တရား၊ တာဝန်
obligation = တာဝန်ဝတ္တရား၊ တာဝန်သိစိတ်
responsibility = တာဝန်

- We have a ***duty*** to help our country.
  ကိုယ့်တိုင်းပြည်ကို ကူညီဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။
- He has an ***obligation*** to feed his children.
  သူကလေးတွေကို ကျွေးမွေးဖို့ သူ့မှာ တာဝန်ရှိတယ်။
- Locking the doors is his ***responsibility***.
  တံခါးတွေပိတ်ဖို့က သူ့တာဝန်ပဲ။

## (165) earth / globe / world

earth = ပထဝီ၊ မြေကြီး၊ မြေပြင်
globe = အလုံး၊ ကမ္ဘာလုံး
world = ကမ္ဘာ၊ ကမ္ဘာလောက

- The ***earth*** travels round the sun.
  ကမ္ဘာမြေကြီးသည် နေကို လှည့်ပတ်သွားနေသည်။
- The teacher pointed to the continents on the ***globe***.
  ဆရာသည် ကမ္ဘာလုံးပေါ်ရှိ တိုက်ကြီးများကို ညွှန်ပြခဲ့သည်။
- She took a trip round the ***world***.
  သူသည် ကမ္ဘာကို ပတ်၍ ခရီးသွားခဲ့သည်။

## (166) education / training / schooling

education = ပညာရေး
training = လေ့ကျင့်ပေးခြင်း၊ သင်တန်း
schooling = ကျောင်း၌သင်ကြားခြင်း

- We can get good ***education*** in excellent schools in Yangon.
  ရန်ကုန်ရှိ ကျောင်းကောင်းကောင်းတွေမှာ ငါတို့ ပညာသင်ယူနိုင်တယ်။
- He is in ***training*** to become a teacher.
  သူဆရာဖြစ် သင်တန်းတက်နေတယ်။
- She hasn't finished her ***schooling*** in a high school.
  သူအထက်တန်းကျောင်းမှာ ပညာသင်လို့ မပြီးသေးဘူး။



## (167) emergency / crisis / climax

emergency = အရေးပေါ်ကိစ္စ
crisis = အလွန်အရေးကြီးသည့် အချိန်အခါ
climax = အမြင့်မားဆုံးအခြေအနေ

- This door should only be used in an ***emergency***.
  အရေးပေါ်ကိစ္စရှိမှသာ ဒီတံခါးကို သုံးရမယ်။
- The sick man passed the ***crisis*** and began to regain his strength.
  လူမမာဟာ အစိုးရိမ်ရဆုံးအချိန်ကို ကျော်လွှားပြီး အခု ခွန်အားတွေ ပြန်လည်ပြည့်လာပြီ။
- The ***climax*** of the story occurred when the hero died.
  ဇာတ်လိုက်သေဆုံးသွားတဲ့အခါ ဝတ္ထုရဲ့ အမြင့်မားဆုံး အခြေအနေဖြစ်ပေါ်လာတော့တယ်။

## (168) emphasis / accent / stress

emphasis = အလေးအနက်ထားခြင်း
accent = အသံပြင်းပြင်းရွတ်ဆိုခြင်း/အသံထွက်
stress = လေးနက်စေခြင်း

- There is great ***emphasis*** on maths in studies for engineers.
  အင်ဂျင်နီယာတွေ ဖြစ်လာဖို့အတွက် သင်္ချာဘာသာကို အလေးထား လေ့လာရမယ်။
- She speaks English with a foreign ***accent***.
  သူအင်္ဂလိပ်စာကို နိုင်ငံခြားသားလေသံနဲ့ ပြောတယ်။
- His parents placed ***stress*** on honesty.
  သူ့မိဘတွေ ရိုးသားမှုကို အလေးထားတယ်။

## (169) enemy / foe / opponent / rival

enemy = ရန်သူ
foe = ရန်သူ
opponent = ပြိုင်ဘက်
rival = ပြိုင်ဘက်

- The soldiers defeated the ***enemy***.
  စစ်သားများသည် ရန်သူကို နှိမ်နင်းခဲ့သည်။
- He is a ***foe*** of evil.
  သူသည် မကောင်းဆိုးဝါး ရန်သူတစ်ဦးဖြစ်သည်။
- He could not match the skill of his ***opponent***.
  သူ သူ့ပြိုင်ဘက်ရဲ့ စွမ်းရည်ကို မယှဉ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



- The two boys were ***rivals*** for the first prize.
  လူကလေးနှစ်ယောက်သည် ပထမဆုအတွက် ပြိုင်ဘက်များဖြစ်ကြသည်။

### (170) energy / force / power / strength

| | | |
|---|---|---|
| energy | = | အင်အား/ခွန်အား |
| force | = | အား၊ စွမ်းအား |
| power | = | အစွမ်း၊ သတ္တိ၊ တန်ခိုး |
| strength | = | အင်အား၊ ခွန်အား |

- He used his ***energy*** to work for peace.
  သူငြိမ်းချမ်းရေးအတွက် အလုပ်လုပ်ဖို့ သူ့ရဲ့ခွန်အားကို အသုံးပြုခဲ့တယ်။
- The ***force*** of the wind closed the door.
  လေစွမ်းအားကြောင့် တံခါးပိတ်သွားတယ်။
- Birds have the ***power*** to fly.
  ငှက်တွေမှာ ပျံနိုင်တဲ့ စွမ်းရည်သတ္တိရှိတယ်။
- The sick man was told to eat the meat to regain his ***strength.***
  အားပြန်ပြည့်လာဖို့ လူမမာကို အသားများများ စားခိုင်းတယ်။

### (171) entrance / door / gate

| | | |
|---|---|---|
| entrance | = | အဝင်ဝ၊ ဝင်ပေါက် |
| door | = | တံခါးပေါက် |
| gate | = | ဝင်ပေါက်၊ ထွက်ပေါက် |

- We went ino the house through the front ***entrance.***
  ကျွန်တော်တို့ အိမ်ထဲကို အိမ်ရှေ့ပေါက်က ဝင်ကြတယ်။
- We have two ***doors*** in our house.
  ကျွန်တော်တို့ အိမ်မှာ တံခါးပေါက် နှစ်ပေါက်ရှိတယ်။
- There was a guard at the ***gate*** of the factory.
  စက်ရုံအဝင် တံခါးပေါက်မှာ အစောင့်တစ်ယောက်ရှိတယ်။

### (172) escort / convoy / guard

| | | |
|---|---|---|
| escort | = | ကိုယ်ရံတော်၊ အစောင့်အရှောက် |
| convoy | = | အစောင့်အရှောက်ယဉ်တန်း |
| guard | = | အစောင့်အရှောက်၊ စောင့်ရှောက်သူ |

- An ***escort*** was waiting for the distinguished visitor.
  အထူးဧည့်သည်ကို ကိုယ်ရံတော်တစ်ယောက် စောင့်ကြည့်နေတယ်။



- We drove in ***convoy*** because I didn't know the route.
  သွားရမဲ့ လမ်းကြောင်းကို မသိတဲ့အတွက် ငါ့ယဉ်တန်းနှင့်အတူလိုက်မောင်းခဲ့တယ်။
- There was an armed ***guard*** at the gate of an army camp.
  စစ်စခန်းတစ်နေရာမှာ လက်နက်ကိုင်တစ်ယောက် စောင့်နေတယ်။

### (173) event / incident / occurrance

| | | |
|---|---|---|
| event | = | အဖြစ်အပျက်၊ ကိစ္စ |
| incident | = | အဖြစ်အပျက် |
| occurrence | = | ဖြစ်ပျက်ခြင်း |

- The party was an important social ***event.***
  မိတ်ဆုံပွဲသည် အရေးကြီးသော လူမှုရေးကိစ္စတစ်ရပ် ဖြစ်သည်။
- He told me the ***incidents*** that had occurred when he was in the army.
  သူတပ်ထဲတုံးက တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို ကျွန်တော့်ကို ပြောပြတယ်။
- The ***occurrence*** of many accidents caused alarm.
  မတော်တဆ ထိခိုက်မှုဖြစ်ရင် လန့်သွားလေ့ရှိတယ်။

### (174) exercise / practice / training

| | | |
|---|---|---|
| exercise | = | လေ့ကျင့်မှု၊ လေ့ကျင့်ခန်း |
| practice | = | အလေ့အကျင့်၊ လေ့ကျင့်မှု |
| training | = | လေ့ကျင့်သင်ကြားခြင်း၊ သင်တန်း |

- Swimming is a good ***exercise*** for health.
  ရေကူးခြင်းဟာ ကျန်းမာရေးအတွက် အလေ့အကျင့်ကောင်းတစ်ခုဖြစ်တယ်။
- It is my ***practice*** to rise early.
  နံနက်စောစော ထတာဟာ ကျွန်တော့်အကျင့် ဖြစ်တယ်။
- You have to attend a ***training*** course for management.
  မင်းစီမံခန့်ခွဲမှုသင်တန်း တက်ရအုံးမယ်။

### (175) experience / knowledge / skill

| | | |
|---|---|---|
| experience | = | အတွေ့အကြုံ၊ အဖြစ်အပျက် |
| knowledge | = | အသိဉာဏ်၊ ဗဟုသုတ |
| skill | = | ကျွမ်းကျင်မှု |

- He is a teacher of wide ***experience.***
  သူဟာ အတွေ့အကြုံရှိတဲ့ ဝါရင့် ဆရာတစ်ယောက်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- The old man was respected for his ***knowledge.***
  အဖိုးအိုကို အသိဉာဏ်ဗဟုသုတကြွယ်ဝလို့ လေးစားကြတယ်။
- He can play the piano with ***skill.***
  သူစန္ဒယားကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်တယ်။

### (176) experiment / test / research

experiment = စမ်းသပ်လေ့လာချက်
test = စမ်းသပ်မှု
research = သုတေသန၊ လေ့လာစုံစမ်းခြင်း

- The purpose of the ***experiment*** is to determine whether this material will burn.
  လက်တွေ့ စမ်းသပ်ချက်ရဲ့ ရည်ရွယ်ချက်ကတော့ ဒီပစ္စည်းဟာ မီးလောင်မလောင် ဆိုတာ ဆုံးဖြတ်နိုင်ဖို့ပါဘဲ။
- They have made ***research*** that women live longer than men.
  အမျိုးသမီးများသည် အမျိုးသားများထက် ပိုပြီး အသက်ရှည်ကြသည်ကို သုတေသန လုပ်ပြီးပြီ။
- She passed her foreign language ***test.***
  သူနိုင်ငံခြားဘာသာ စာမေးပွဲအောင်ခဲ့တယ်။

### (177) explanation / defination / description

explanation = ရှင်းပြခြင်း
defination = အဓိပ္ပါယ်ရှင်းလင်းချက်
description = ဖော်ပြပြောဆိုချက်

- We all understand the ***explanation*** of our teacher on the first lesson.
  ပထမသင်ခန်းစာမှာ ဆရာမရှင်းပြတာကို ကျွန်တော်တို့ အားလုံးနားလည်ကြတယ်။
- What is the ***defination*** of that word?
  ဒီစကားလုံးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်က ဘာလဲ။
- His ***description*** of the child's grief saddened everyone.
  ကလေးရဲ့ ဝမ်းနည်းပူဆွေးရခြင်း အကြောင်းကို သူပြောပြလိုက်တော့ လူတိုင်း စိတ်မချမ်းမသာဖြစ်ကုန်ကြတယ်။



### (178) fable / legend / story / tale

fable = ဒဏ္ဍာရီ ၊ ပုံပြင်
legend = ရှေးဟောင်းသမိုင်း၊ ဝတ္ထု
story = အကြောင်းအရာ၊ ပုံပြင်၊ ဝတ္ထု
tale = ပုံပြင်၊ ဝတ္ထု

- He read to the child from an old book of ***fables.***
  ရှေးဟောင်း ပုံပြင်စာအုပ်တစ်အုပ်ကို ကလေးလေးအား ဖတ်ပြလိုက်တယ်။
- My grand father knew many old ***legends.***
  ကျွန်တော့အဖိုးက ရှေးဟောင်းသမိုင်းတွေ အများကြီး သိတယ်။
- Who wrote this ***story?***
  ဒီဝတ္ထုကို ဘယ်သူရေးတာလဲ။
- The children listened to the old soldier's ***tales.***
  ကလေးတွေဟာ စစ်သားအိုကြီးရဲ့ ပုံပြင်များကို နားထောင်ကြကယ်။

### (179) fabric / cloth / textile

fabric = အဝတ်အထည်၊ အနုအစည်း
cloth = အထည်၊ ပိတ်စ
textile = ယက်ထည်၊ အထည်အလိပ်

- Clothes are made of ***fabric.***
  အဝတ်အစားများကို ချည်မျှင်များဖြင့် ပြုလုပ်ထားတယ်။
- She bought a piece of ***cloth*** for her dress.
  ဝတ်စုံအတွက် သူမ ပိတ်စတစ်စ ဝယ်လာခဲ့တယ်။
- We have set up a ***textile*** factory.
  ကျွန်တော်တို့ အထည်စက်ရုံတစ်ရုံ တည်ထောင်ပြီးပြီ။

### (180) face / feature / look

face = မျက်နှာ၊ ပုံပန်း
feature = မျက်နှာသွင်ပြင်၊ ကြံ့နံ့အင်လက္ခဏာ
look = ပုံပန်းသဏ္ဍာန်၊ ရုပ်ဆင်းအင်္ဂါ

- She has a pretty ***face.***
  သူမ မျက်နှာကလေးက လှတယ်။
- Her mouth is her best ***feature.***
  သူမရဲ့ ပါးစပ်က သူမရဲ့ အကောင်းဆုံး ကြံ့နံ့အင်လက္ခဏာပဲ။
- She has a pretty ***look*** on her face.
  သူမရဲ့ မျက်နှာပုံပန်းသဏ္ဍာန်က လှတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (181) fair / exhibition / festival

fair = ပွဲဈေး၊ ပွဲခင်းဈေး
exhibition = ပြပွဲ
festival = ပွဲတော်

- A *fair* is held in the village every Saturday.
  စနေနေ့တိုင်း ရွာထဲမှာ ပွဲခင်းဈေးရှိတယ်။
- There is an *exhibition* of photographs in the museum today.
  ဒီနေ့ပြတိုက်မှာ ဓာတ်ပုံပြပွဲရှိတယ်။
- The pagoda *festival* is held in October.
  အောက်တိုဘာလမှာ ဘုရားပွဲတော်ကျင်းပတယ်။

### (182) faith / belief / trust

faith = ယုံကြည်မှု၊ ကတိ၊ သစ္စာ
belief = ယုံကြည်မှု၊ ယုံကြည်ခြင်း
trust = ယုံကြည်ခြင်း၊ ယုံကြည်စွာ အပ်နှံခြင်း

- He has complete *faith* in his lawyer.
  သူ သူ့ရှေ့နေကို လုံးဝယုံကြည်မှုရှိတယ်။
- I do not like to discuss my religious *beliefs*.
  ငါဘာသာရေးနဲ့ ပတ်သက်တဲ့ ယုံကြည်မှုတွေကို မဆွေးနွေးချင်ဘူး။
- We have complete *trust* in our doctor.
  ကျွန်တော်တို့ ဆရာဝန်ကြီးကို လုံးဝ ယုံကြည်အားထားတယ်။

### (183) fame / glory / honour / reputation

fame = ကျော်စောခြင်း၊ ထင်ရှားခြင်း
glory = ဂုဏ်၊ ဂုဏ်ကျက်သရေ
honour = ဂုဏ်၊ ဂုဏ်ကျက်သရေ၊ ချီးမြှင့်ခြင်း
reputation = ထင်ပေါ်ကျော်ကြားမှု

- His *fame* as an honest man spread everywhere.
  သူ့ရဲ့ ရိုးသားတဲ့ ဂုဏ်သတင်းဟာ နေရာတိုင်း ပြန့်နှံ့သွားတယ်။
- His acts of courage brought him *glory*.
  သူ့ရဲ့ ရဲရင့်တဲ့ ဆောင်ရွက်ချက်တွေက သူ့ကို ဂုဏ်တက်စေတယ်။
- The soldier was given a medal of *honour*.
  စစ်သားကြီးကို ဂုဏ်ပြုတံဆိပ်တစ်ခု ချီးမြှင့်လိုက်တယ်။
- That hotel has *reputation* for good service.
  ဒီဟိုတယ်က ဝန်ဆောင်မှုကောင်းလို့ နာမည်ကြီးနေတာ။



### (184) family / relations / relatives

family = မိသားစု
relations = ဆွေမျိုးတော်စပ်ခြင်း
relatives = ဆွေမျိုးသားချင်းများ

- There are seven people in my *family*.
  ကျွန်တော်တို့ မိသားစုမှာ လူဦးရေ (၇) ယောက်ရှိတယ်။
- She lives with her *relations*.
  သူမ ဆွေမျိုးတွေနဲ့ အတူနေတယ်။
- They have been visiting their *relatives*.
  သူတို့ ဆွေမျိုးသားချင်းများထံ အလည်သွားနေကြတယ်။

### (185) famine / hunger / starvation

famine = တော်မွတ်ခေါင်းပါးခြင်းဘေး
hunger = ဆာလောင်မွတ်သိပ်ခြင်း
starvation = တော်မွတ်ခေါင်းပါးခြင်း

- If the crops fail, there will be a *famine* this year.
  ဒီနှစ် ကောက်ပဲသီးနှံတွေ မရရင် တော်မွတ်ခေါင်းပါးတဲ့ ဘေးတွေ့လိမ့်မယ်။
- He was so aware of his *hunger* that he could not study.
  သူဆာလွန်းလို့ စာတောင် မကျက်နိုင်တော့ဘူး။
- Many people in India died of *starvation*.
  တော်မွတ်ခေါင်းပါးလို့ အိန္ဒိယမှာ လူတော်တော်များများ သေကုန်ကြပြီ။

### (186) fashion / manner / way

fashion = ပုံဟန်၊ ခေတ်ဆန်ခြင်း
manner = အမူအရာ၊ နည်းဟန်
way = လမ်း၊ နည်းလမ်း

- She talked in a childish *fashion*.
  သူကလေးလေးလို စကားပြောတယ်။
- He spoke in a friendly *manner*.
  သူခင်မင်ရင်းနှီးတဲ့ အမူအရာနဲ့ စကားပြောတယ်။
- That is the wrong *way* to do it.
  မင်း ဒါလုပ်တာ နည်းလမ်းမှားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (187) fate / fortune / luck

fate = ကံ၊ ကံကြမ္မာ
fortune = ကံ၊ ကံကောင်းခြင်း၊ ပစ္စည်းဥစ္စာ
luck = ကံ၊ ကောင်းသော ကံ

- It was his *fate* to die young.
  ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားတာ သူ့ရဲ့ ကံပဲပေါ့။
- He made a great *fortune*.
  သူအရမ်းကြီးပွားသွားပြီ။
- The *luck* is with us.
  ကျွန်တော်တို့ ကံကောင်းနေတယ်။

### (188) fee / pay / salary / wages (income)

fee = အခကြေးငွေ
pay = အတိုးအခ၊ လခ
salary = လစာ
wages = အခ၊ လက်ခ၊ လုပ်အားခ

- The *fee* for a visit by the doctor was small.
  ဆရာဝန် ခြေကြွခက သိပ်မများပါဘူး။
- His *pay* is 5000 kyats a month.
  သူ့လစာက တစ်လ ငါးထောင်ကျပ်ဖြစ်ပါတယ်။
- His *salary* will be increased next year.
  နောက်နှစ်မှာ သူ့လစာတိုးလိမ့်မယ်။
- His *wages* are paid weekly.
  သူ့လုပ်အားခကို အပတ်စဉ် ထုတ်ပေးတယ်။

### (189) feeling / emotion / sentiment

feeling = ခံစားမှု၊ တွေ့ထိခံစားမှု
emotion = အာရုံ၊ တွေ့ထိခံစားမိသော စိတ်
sentiment = စွဲလမ်းမှု၊ စိတ်ခံစားမှု

- She saw the jewel and had a sudden *feeling* of envy.
  ကျောက်မျက်ရတနာကို တွေ့လိုက်တော့ ရုတ်တရက် အားကျစိတ်ဖြစ်လာတယ်။
- Love , hate and fear are all *emotions*.
  အချစ်၊ အမုန်းနဲ့ ကြောက်ရွံ့ခြင်းများဟာ အားလုံးစိတ်လှုပ်ရှားမှုတွေဖြစ်တယ်။
- The young girls preferred stories full of *sentiment*.
  မိန်းမပျိုလေးတွေဟာ ခံစားမှု အပြည့်ပါတဲ့ ဝတ္ထုဇာတ်လမ်းများကို ပိုကြိုက်ကြတယ်။



### (190) figure / design / pattern

figure = အသွင်သဏ္ဌာန်၊ ဂဏန်း
design = ဒီဇိုင်းပုံစံ၊ အကြံဉာဏ်
pattern = နမူနာပုံစံ၊ အကွက်

- She saw the *figure* of a man ahead of her.
  သူမ သူမရှေ့မှာ လူရိပ်သဏ္ဌာန်တစ်ခု မြင်လိုက်တယ်။
- This dress has a beautiful *design* of flowers.
  ဒီဝတ်စုံမှာ လှပတဲ့ ပန်းပွင့် ဒီဇိုင်းတွေပါတယ်။
- She bought a *pattern* for an evening dress.
  ညနေပိုင်းဝတ်ဖို့ နမူနာ ဝတ်စုံတစ်ထည်ဝယ်လာတယ်။

### (191) flock / crowd / group / herd

flock = အစု၊ အအုပ်
crowd = လူအုပ်
group = အစု၊ အအုပ်
herd = တိရစ္ဆာန်အအုပ်

- The *flock* of birds all flew to a tree.
  ငှက်အုပ်တစ်အုပ် သစ်ပင်တစ်ပင်ဆီသို့ ပျံသန်းသွားကြသည်။
- There was a large *crowd* of people in the street.
  လမ်းထဲမှာ လူအုပ်ကြီးရှိနေတယ်။
- That is an interesting *group* of paintings.
  ဟို မှာ စိတ်ဝင်စားစရာ ကောင်းတဲ့ ပန်းချီကားတွေ အစုလိုက်ရှိတယ်။
- The boy drove a *herd* of cattle to the village.
  လူကလေး ကျွဲအုပ် နွားအုပ်ကို ရွာဘက်မောင်းလာတယ်။

### (192) fluid / gas / liquid / solid

fluid = အရည်
gas = အငွေ့၊ ဓာတ်ငွေ့
liquid = အရည်
solid = အစိုင်အခဲ

- Blood is an important body *fluid*.
  သွေးသည် ခန္ဓာကိုယ်၏ အရေးကြီးသော အရည်တစ်မျိုးဖြစ်သည်။
- Air is a *gas*.
  လေသည် အငွေ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



- Water and milk are ***liquids.***
  ရေနှင့် နွားနို့တို့သည် အရည်များဖြစ်ကြသည်။
- After his ***liquid*** diet, the patient began to eat solids.
  လူမမာသည် အရည်တစ်မျိုးမျိုးကို သောက်ပြီးမှ အဖတ် သို့မဟုတ် မာတဲ့အစာကို စပြီး စားရတယ်။

### (193) foreman / overseer / supervisor

| | | |
|---|---|---|
| foreman | = | ဗိုမင်၊ အလုပ်ကြပ် |
| overseer | = | ကြည့်ကြပ်ရေးမှူး |
| supervisor | = | ကြည့်ကြပ်သူ |

- He is a ***foreman*** in this factory.
  သူဒီစက်ရုံက အလုပ်ကြပ်ဖြစ်တယ်။
- The ***overseer*** paid the daily wages for the workers.
  ကြည့်ကြပ်ရေးမှူးက အလုပ်သမားတွေရဲ့ လုပ်အားခကို နေ့စဉ်ထုတ်ပေးတယ်။
- He works as a ***supervisor*** in this office.
  သူဒီရုံးမှာ အလုပ်ကြီးကြပ်သူအဖြစ် အလုပ်လုပ်နေတယ်။

### (194) forest / grove / wood

| | | |
|---|---|---|
| forest | = | သစ်တော/တောအုပ်ကြီး |
| grove | = | တောအုပ်ကလေး |
| wood | = | သစ်သား၊ တောအုပ် |

- The farmers cut down the ***forests*** and plant the crops.
  လယ်သမားများသည် သစ်တောကို ခုတ်ထွင်ရှင်းလင်းပြီး ကောက်ပဲသီးနှံများကို စိုက်ပျိုးကြသည်။
- There are one hundred orange trees in the ***grove.***
  ဒီသစ်ပင်စုထဲမှာ လိမ္မော်ပင်တစ်ရာပါတယ်။
- This kind of ***wood*** is often used for making chairs.
  ဒီသစ်သားမျိုးကို ကုလားထိုင်လုပ်ရာမှာ မကြာခဏသုံးတယ်။

### (195) fragrance / perfume / scent

| | | |
|---|---|---|
| fragrance | = | သင်းရနံ့၊ အနံ့ |
| perfume | = | ရေမွှေး၊ အမွှေးနံ့သာ |
| scent | = | အနံ့၊ အနံ့အသက် |

- The ***fragrance*** of baking bread reminds me of home.
  ပေါင်မုန့်ဖုတ်တဲ့ အနံ့လေးရတော့ အိမ်ကို သတိရလိုက်တာ။



- The ***perfume*** of roses filled the room.
  တစ်ခန်းလုံး နှင်းဆီပန်းနံ့သင်းသွားတာပဲ။
- The room was filled with the ***scent*** of flowers.
  တစ်ခန်းလုံး ပန်းရနံ့တွေနဲ့ ထုံသင်းနေတယ်။

### (196) freedom / independence / liberty

| | | |
|---|---|---|
| freedom | = | လွတ်လပ်ခြင်း၊ လွတ်လပ်မှု |
| independence | = | လွတ်လပ်ရေး |
| liberty | = | လွတ်လပ်မှု၊ လွတ်လွတ်လပ်လပ်ရှိခြင်း |

- We got our ***freedom*** from the rule of English people.
  အင်္ဂလိပ်လူမျိုးတွေရဲ့ အုပ်ချုပ်မှုအောက်က ကျွန်တော်တို့ လွတ်လပ်မှုကို အရယူခဲ့တယ်။
- Many countries have recently gained their ***independence.***
  နိုင်ငံတော်တော်များများဟာ မကြာသေးမီကမှ သူတို့ရဲ့ လွတ်လပ်ရေးကိုရခဲ့ကြတယ်။
- You are at ***liberty*** to go.
  မင်းလွတ်လွတ်လပ်လပ် သွားလို့ ရတယ်။

### (197) fun / amusement / pleasure

| | | |
|---|---|---|
| fun | = | ရယ်စရာ၊ အပျော်အပါး |
| amusement | = | အပျော်အပါး၊ ပျော်ပွဲရွှင်ပွဲ |
| pleasure | = | သာယာကြည်နူးခြင်း၊ နှစ်သက်ခြင်း |

- The young people had ***fun*** at the dance.
  လူငယ်တွေဟာ ကပွဲမှာ ပျော်ကြတယ်။
- There will be an ***amusement*** on her birthday party.
  သူမရဲ့ မွေးနေ့ပွဲမှာ ပျော်ပွဲရွှင်ပွဲပါလိမ့်မယ်။
- It is a ***pleasure*** to listen to the music.
  သီချင်းနားထောင်ရတာ ကြည်နူးစရာကောင်းပါတယ်။

### (198) function / ceremony / party

| | | |
|---|---|---|
| function | = | မိတ်ဆုံပွဲ၊ ပွဲလမ်းအခမ်းအနား |
| ceremony | = | ပွဲလမ်းသဘင်၊ အခမ်းအနား |
| party | = | ပါတီ၊ အဖွဲ့၊ ပျော်ပွဲသဘင် |

- The mayor must attend many political ***functions.***
  နိုင်ငံရေး မိတ်ဆုံပွဲတွေကို မြို့တော်ဝန်တက်ရမယ်။
- The wedding ***ceremony*** was performed in the morning.
  မင်္ဂလာဆောင်အခမ်းအနားကို နံနက်ပိုင်းမှာ ကျင်းပလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- We went to a dinner *party* last night.
  လွန်ခဲ့တဲ့ ညက ကျွန်တော်တို့ ညစာ စားပွဲသွားခဲ့ကြတယ်။

### (199) games / athletics / sports

| | | |
|---|---|---|
| games | = | အားကစား၊ အားကစားနည်းများ |
| athletics | = | အားကစားပွဲများ |
| sports | = | အားကစားနှန်စား |

- He enjoys a *game* of playing football.
  သူဘောလုံးကန်တဲ့ ကစားနည်းကို နှစ်သက်တယ်။
- The *athletics* were performed in December.
  အားကစားပွဲများကို ဒီဇင်ဘာလမှာ ပြုလုပ်လေ့ရှိတယ်။
- Swimming is her favourite summer *sport*.
  ရေကူးခြင်းသည် သူမ၏ နွေရာသီအနှစ်သက်ဆုံး အားကစားလုပ်ငန်းဖြစ်သည်။

### (200) gap / break / interval / space

| | | |
|---|---|---|
| gap | = | လပ်နေသည့်နေရာ၊ ကွာဟချက် |
| break | = | အပေါက်၊ အကျိုး |
| interval | = | ကြားကာလ၊ ကွက်လပ် |
| space | = | နေရာ၊ နေရာလပ်၊ အာကာသ |

- The cows went through a *gap* in the fence.
  နွားတွေ ခြံစည်းရိုးပေါက်က ထွက်သွားတယ်။
- The dog escaped through a *break* in the fence.
  ခွေးသည် ခြံစည်းရိုးပေါက်မှ လွတ်မြောက်ထွက်ပြေးသည်။
- Trees were planted at *intervals* of twenty feet.
  သစ်ပင်တွေကို ပေနှစ်ဆယ်စီ ခြားစိုက်ထားတယ်။
- We need a house with more *space*.
  ဒီထက်နေရာ ကျယ်ဝန်းတဲ့ အိမ်တစ်အိမ်တို့မှာ ရှိဖို့လိုတယ်။

### (201) gift / donation / offering / present

| | | |
|---|---|---|
| gift | = | လက်ဆောင်/ပါရမီ/အထုံ |
| donation | = | လှူဖွယ်ပစ္စည်း |
| offering | = | လှူဖွယ်ပစ္စည်း၊ လက်ဆောင် |
| present | = | လက်ဆောင် |

- Her *gift* to him is a book.
  သူမ သူ့ကို စာအုပ်တစ်အုပ် လက်ဆောင်ပေးတယ်။



- *Donation* of blood is a noble deed.
  သွေးလှူဒါန်းခြင်းသည် မြင့်မြတ်သော အပြုအမူဖြစ်သည်။
- They carry a lot of *offering* to the monarstry.
  သူတို့ လှူဖွယ်ပစ္စည်းများကို ဘုန်းကြီးကျောင်းသို့ ယူသွားကြတယ်။
- She bought a birthday *present* for her sister.
  သူ သူ့ညီမလေးအတွက် မွေးနေ့လက်ဆောင် ဝယ်လာခဲ့တယ်။

### (202) goodness / honesty / virtue

| | | |
|---|---|---|
| goodness | = | ကောင်းခြင်း |
| honesty | = | ရိုးသားဖြောင့်မတ်ခြင်း |
| virtue | = | အကျင့်သီလကောင်းခြင်း |

- She has *goodness* of heart.
  သူမ အလွန်စိတ်ရင်းကောင်းတယ်။
- *Honesty* is the best policy.
  ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံးဝါဒဖြစ်သည်။
- Patience is *virtue*.
  သည်းခံခြင်းသည် မြင့်မြတ်သော သီလဂုဏ်ဖြစ်သည်။

### (203) gossip / hearsay / rumour

| | | |
|---|---|---|
| gossip | = | အတင်းအဖျင်း၊ အတင်းပြောသူ |
| hearsay | = | တစ်ဆင့်စကား |
| rumour | = | အရပ်စကား၊ ကောလဟာလ |

- Her letter was filled with *gossip* about her neighbour.
  သူ့စာထဲမှာ အိမ်နီးနားချင်းအကြောင်း အတင်းအဖျင်းတွေပဲ ရေးထားတယ်။
- Don't believe *hearsays*.
  တစ်ဆင့်စကားတွေကို မယုံစမ်းပါနဲ့။
- There was a *rumour* that the president will resign.
  သမ္မတကြီး အလုပ်က ထွက် (အနားယူ)တော့မယ်လို့ ကောလဟာလ ဖြစ်နေတယ်။

### (204) glossary / dictionary / laxicon

| | | |
|---|---|---|
| glossary | = | ခက်ဆစ်အဓိပ္ပါယ်၊ ရှင်းလင်းချက် |
| dictionary | = | အဘိဓာန် |
| laxicon | = | အဘိဓာန် |

- The author has provided a *glossary* at the end of the book.
  စာရေးဆရာက စာအုပ်အဆုံးမှာ ခက်ဆစ်အဓိပ္ပါယ်တွေ ပေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



- You should have a good ***dictionary*** to study English.
  မင်းအင်္ဂလိပ်စာ လေ့လာမယ်ဆိုရင် အဘိဓာန်ကောင်းကောင်းတစ်အုပ်ရှိရမယ်။
- This is a ***lexicon*** of Economics.
  ဒါဟာ စီးပွားရေးနဲ့ ဆိုင်တဲ့ ဝေါဟာရအဘိဓာန်ဖြစ်တယ်။

**(205) glow / gleam / light**

glow = မီးရောင်၊ ရဲရဲညိုခြင်း
gleam = အရောင်၊ အလင်းရောင်
light = အလင်းရောင်

- There was a ***glow of shame*** on her face.
  သူမမျက်နှာမှာ ရှက်စိတ်ရောင်ခြည်လေး သန်းနေတယ်။
- We saw a ***gleam of light*** in the window.
  ကျွန်တော်တို့ ပြူတင်းပေါက်မှာ မီးရောင်ကလေးကို မြင်ကြရတယ်။
- The children are playing under the ***moon light***.
  ကလေးများ လရောင်အောက်မှာ ကစားနေကြတယ်။

**(206) grace / beauty / charm**

grace = ကျက်သရေ၊ တင့်တယ်ခြင်း
beauty = လှပခြင်း၊ အလှ
charm = နှစ်သက်ဖွယ်ကောင်းခြင်း

- She danced with ***grace***.
  သူတင့်တယ်လှပစွာ ကသည်။
- The city was famous for the ***beauty*** of its flower gardens.
  ဒီမြို့ဟာ သူ့ရဲ့ လှပတဲ့ ပန်းဥယျာဉ်တွေကြောင့် ထင်ရှားတယ်။
- She is a woman of great ***charm***.
  သူမ အလွန်စွဲမက်စရာ ကောင်းတဲ့ အမျိုးသမီးဖြစ်တယ်။

**(207) grief / distress / sadness / sorrow**

grief = ပူဆွေး သောက၊ ပရိဒေဝ
distress = ပူဆွေးသောက ရောက်ခြင်း
sadness = ဝမ်းနည်းကြေကွဲခြင်း
sorrow = ဝမ်းနည်းကြေကွဲခြင်း၊ စိတ်သောကရောက်ခြင်း

- The death of her father caused her ***grief***.
  ဖခင်သေဆုံးသွားခြင်းသည် သူမအား အလွန်ပူဆွေးသောက ရောက်စေသည်။
- She is in great ***distress*** for his death.
  သူသေဆုံးသွားတဲ့အတွက် သူအလွန်ပူဆွေးနေတယ်။



- Her crying showed her ***sadness*** as she lost her father.
  သူမ ငိုနေခြင်းသည် သူမ ဖခင်ဆုံးသွားသည့်အတွက် အလွန်ဝမ်းနည်းကြောင်း ပြပါသည်။
- She had a look of ***sorrow*** on her face.
  သူမရဲ့ မျက်နှာသည် ကြေကွဲဝမ်းနည်းနေပုံ ပေါ်ပါသည်။

**(208) grip / grasp / hold**

grip = တင်းကြပ်စွာ ဆုပ်ကိုင်ခြင်း
grasp = ဆုတ်ကိုင်ထားခြင်း
hold = အဆုတ်အကိုင်၊ ဖမ်းကိုင်ခြင်း

- He had a ***grip*** on my hand.
  သူကျွန်တော်လက်ကို တင်းကြပ်စွာ ဆုတ်ကိုင်ထားတယ်။
- His ***grasp*** hurt my arm.
  သူဆုတ်ကိုင်ထားလို့ ကျွန်တော် လက်မောင်းနာနေတယ်။
- Please get a good ***hold*** on this rope.
  ကျေးဇူးပြုပြီး ကြိုးကို မြဲမြဲကိုင်ထားပေးပါ။

**(209) ground / earth / land**

ground = မြေကြီး၊ မြေပြင်
earth = မြေ၊ ကမ္ဘာမြေ
land = ကုန်းမြေ၊ နိုင်ငံ

- They planted the seeds in the ***ground***.
  သူတို့ သစ်စေ့များ ကို မြေကြီးထဲမှာ စိုက်ကြတယ်။
- The ***earth*** moves round the sun.
  ကမ္ဘာမြေကြီးသည် နေကို လှည့်ပတ်သွားသည်။
- Some travelled by ***land*** and some by sea.
  အချို့ကုန်းကြောင်း ခရီးသွားကြပြီး၊ အချို့က ရေကြောင်းခရီးသွားကြတယ်။

**(210) guard / sentry / watchman**

guard = အစောင့်အရှောက်
sentry = ကင်းစောင့်၊ အစောင့်စစ်သား
wachman = အစောင့်၊ ကင်းသမား

- He was on ***guard*** all night.
  သူတစ်ညလုံးစောင့်နေရတယ်။
- There was a ***sentry*** at the ***gate*** of army.
  စစ်တပ်အဝင်ဝမှာ စစ်သားအစောင့်တစ်ယောက်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



- A *watchman* was sitting on a chair at the door of the bank.
  ဘဏ်တံခါးဝက ကုလားထိုင်ပေါ်မှာ အစောင့်တစ်ယောက် ထိုင်နေတယ်။

### (211) guest / caller / visitor

guest = ဧည့်သည်
caller = အလည်လာသူ၊ ခေါ်သူ
visitor = ဧည့်သည်/အလည်လာသူ

- We are having *guests* at our house for dinner.
  ကျွန်တော်တို့ အိမ်မှာ ဧည့်သည်တွေ ညစာစားဖို့ လာလိမ့်မယ်။
- Who is the *caller* on the phone?
  ဖုန်းပြောနေတာ ဘယ်သူလဲ။
- *Visitors* abroad are welcome to Myanmar.
  နိုင်ငံခြားက လာတဲ့ ဧည့်သည်တွေကို မြန်မာနိုင်ငံက ကြိုဆိုပါတယ်။

### (212) guide / director / leader

guide = လမ်းပြ၊ လမ်းညွှန်သူ
director = စီစဉ်ညွှန်ကြားသူ
leader = ခေါင်းဆောင်

- My father is my *guide* in life.
  ကျွန်တော့်ဘဝရဲ့ လမ်းညွှန်သူကတော့ အဖေပါဘဲ။
- U Thu Kha is a famous *director* in Myanmar.
  ဦးသုခသည် မြန်မာနိုင်ငံရဲ့ ထင်ရှားတဲ့ ဒါရိုက်တာ တစ်ဦးဖြစ်ပါတယ်။
- Our national *leader* is Bogyoke Aung San.
  ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင်ကတော့ ဗိုလ်ချုပ်အောင်ဆန်းပါ။

### (213) gutter / ditch / drain

gutter = ရေမြောင်း
ditch = မြောင်း၊ ရေမြောင်း၊ တူးမြောင်း
drain = ရေပြွန်၊ မြောင်း

- The *gutter* filled with water in the heavy rain.
  မိုးသည်းရင် မြောင်းထဲမှာ ရေတွေပြည့်လာတယ်။
- The workmen dug a *ditch* beside the road to drain the water away.
  ရေစီးဆင်းရန် အလုပ်သမားများ လမ်းဘေးမှာ မြောင်းတွေ တူးကြတယ်။
- The *drain* in the kitchen sink is not working.
  မီးဖိုဆောင်ထဲက လက်ဆေးကန်ပိုက် ပျက်နေတယ်။



### (214) harm / damage / injury

harm = ဘေးဥပါဒ်၊ အန္တရာယ်
damage = ထိခိုက်ပျက်စီးခြင်း
injury = အပျက်အစီး၊ ဒဏ်ရာအနာ

- His delay did great *harm* to our plans.
  သူနှောင့်နှေးတဲ့အတွက် ကျွန်တော်တို့ အစီအစဉ်တွေ ပျက်စီးကုန်တယ်။
- Disease and fire cause much *damage.*
  အနာရောဂါနဲ့ မီးသည် များစွာ ပျက်စီးဆုံးရှုံးစေသည်။
- His *injury* prevented him from participating in sports that summer.
  အဲဒီ နွေရာသီက သူဒဏ်ရာ ရထားတဲ့ အားကစားမှာ ဝင်ပြီး မပြိုင်နိုင်ခဲ့ဘူး။

### (215) haste / hurry / speed

haste = အလျှင်အမြန်၊ လျှင်မြန်ခြင်း
hurry = အလျင်စလိုရှိခြင်း
speed = အရှိန်၊ အမြန်နှုန်း

- They left in *haste* for the airport.
  သူတို့ လေဆိပ်ကို မြန်မြန်ထွက်ခဲ့ကြတယ်။
- Don't bother me now. I am in a *hurry*.
  ငါ့ကို လာမနှောက်ယှက်နဲ့၊ ငါသိပ်အရေးကြီးနေတယ်။
- The aeroplane flew at a *speed* of 500 miles an hour.
  လေယာဉ်ပျံသည် တစ်နာရီမိုင်၅၀၀နှုန်းနဲ့ ပျံသန်းခဲ့သည်။

### (216) hat / bonnet / helmet

hat = ဦးထုပ်
bonnet = မိန်းမဆောင်းဦးထုပ်၊ မော်တော်ကားစက်ခေါင်းအဖုံး
helmet = သံခမောက်

- He was wearing a *hat.*
  သူဦးထုပ်ဆောင်းထားတယ်။
- He opened the *bonnet* and checked the engine in his car.
  သူကားအဖုံးကိုဖွင့်ပြီး စက်ကို စစ်ဆေးခဲ့တယ်။
- The workers used to wear *helmets* while working.
  အလုပ်သမားများ အလုပ်လုပ်နေစဉ် သံခမောက်များကို ဆောင်းလေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (217) head / chief / supervisor

head = ဦးခေါင်း၊ ဦးဆောင်သူ
chief = အကြီးအကဲ၊ ခေါင်းဆောင်
supervisor = ကြည့်ကြပ်သူ၊ ကြီးကြပ်ရေးမှူး

- He is the ***head*** of the school.
  သူဒီကျောင်းကို ဦးဆောင်နေသူဖြစ်တယ်။
- The oldest man in the tribe was the ***chief.***
  လူမျိုးစုထဲမှာ အသက်ကြီးဆုံးလူဟာ အကြီးအကဲခေါင်းဆောင်ပဲ။
- He works in the office as a ***supervisor.***
  သူဒီရုံးမှာ ကြည့်ကြပ်ရေးမှူးအဖြစ် အလုပ်လုပ်နေတယ်။

### (218) heap / collection / pile (mass)

heap = အစုအပုံ
collection = အစု၊ အစုအဝေး
pile = အပုံ၊ အစုအပုံ

- A ***heap*** of stones blocked the road.
  ကျောက်ခဲပုံကြီးက လမ်းကို ပိတ်ဆို့ထားတယ်။
- She has a ***collection*** of stamps.
  သူမမှာ တံဆိပ်ခေါင်းတွေ အများကြီးပဲ။
- They put all the wood in a ***pile.***
  သူတို့ သစ်သား (ထင်း)တွေကို စုပုံထားတယ်။

### (219) heat / temperature / warmth

heat = အပူ၊ အပူရှိန်
temperature = အပူချိန်၊ အပူငွေ့
warmth = နွေးခြင်း၊ အနွေးဓာတ်

- The ***heat*** of the sun dried the wet clothes.
  နေပူရှိန်သည် အဝတ်များကို ခြောက်သွေ့စေသည်။
- What is the ***temperature*** of this room?
  ဒီအခန်းရဲ့ အပူချိန်က ဘယ်လောက်ရှိလဲ။
- The ***warmth*** of the room made me sleepy.
  အခန်းရဲ့ အနွေးဓာတ်ကြောင့် ကျွန်တော် အိပ်ငိုက်လာတယ်။



### (220) height / altitude / elevation

height = အမြင့်၊ အရပ်အမောင်း
altitude = အမြင့်
elevation = တိုးမြှင့်ပေးခြင်း၊ အမြင့်

- What is the ***height*** of Mt. Popa?
  ပုပ္ပါးတောင်ရဲ့ အမြင့်က ဘယ်လောက်ရှိလဲ။
- At what ***altitude*** is the plane flying?
  လေယာဉ်ပျံ အမြင့်ပေဘယ်လောက်မှာ ပျံသန်းနေတာလဲ။
- The ***elevation*** of the platform is raised to three feet.
  ပလက်ဖောင်းအမြင့်ကို ၃ ပေအထိ တိုးမြှင့်လိုက်တယ်။

### (221) hint / clue / tip

hint = အရိပ်အမြွက်၊ အညွှန်း
clue = သဲလွန်စ၊ အညွှန်း
tip = အဖျား၊ ထိပ်ဖျား၊ အရိပ်အမြွက်

- There was a ***hint*** of winter in the air.
  လေထဲမှာ ဆောင်းရာသီရောက်မဲ့ အရိပ်လက္ခဏာတွေ တွေ့နေတယ်။
- The police found no ***clues*** in this case.
  ဒီအမှုမှာ ရဲတွေ သဲလွန်စ မတွေ့သေးဘူး။
- The ***tip*** of her nose was sunburned.
  သူမရဲ့ နှာသီးဖျားလေးဟာ နီရဲနေတယ်။

### (222) history / record / story / tale

history = ရာဇဝင်၊ သမိုင်း
record = မှတ်တမ်း
story = ပုံပြင်၊ ဝတ္ထု
tale = ပုံပြင်၊ ဝတ္ထု၊ ပြောစကား

- She is studying ***history.***
  သူမ သမိုင်းပညာရပ်ကို လေ့လာနေတယ်။
- They kept a ***record*** of their expenses.
  သူတို့ ကုန်ကျစရိတ်များကို မှတ်တမ်းတင်ထားတယ်။
- The children listened to the old solidier's ***tales.***
  ကလေးများ စစ်သားအိုကြီး ပြောတဲ့ ပုံပြင်ကို နားထောင်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (223) hobby / habit / pastime

hobby = ဝါသနာ၊ ဝါသနာအလုပ်
habit = အလေ့အထ၊ အကျင့်
pastime = အပျင်းပြေအလုပ်

- His *hobby* was stamp collecting.
  သူ့ဝါသနာက တံဆိပ်ခေါင်းများ စုခြင်းဖြစ်တယ်။
- He has a *habit* of rising early.
  သူမှာ စောစောအိပ်ရာက ထတဲ့အကျင့်ရှိတယ်။
- My favourite *pastime* is playing chess.
  ကျွန်တော် အပျင်းပြေ လုပ်တဲ့ ဝါသနာကတော့ ချက်ကစားခြင်းပါဘဲ။

## (224) hole / den / pit

hole = အပေါက်၊ တွင်း
den = သားရဲတွင်း
pit = ကျင်း၊ ထောင်ချောက်

- There is a *hole* in your dress.
  မင်းအင်္ကျီပေါက်နေတယ်။
- The hunter followed the lion to its *den*.
  မုဆိုးသည် ခြင်္သေ့ကြီးကို သားရဲတွင်းအထိ လိုက်ခဲ့သည်။
- Men are digging sand from a *pit* near the road.
  လမ်းအနီး ကျင်းထဲက သဲတွေကို လူများ တူးထုတ်နေကြတယ်။

## (225) hotel / hostel / inn / motel

hotel = ဟော်တယ်
hostel = တည်းခိုခန်း၊ ဘော်ဒါကျောင်းဆောင်
inn = ထမင်းဆိုင်၊ ခရီးသည် တည်းခိုစခန်း
motel = လမ်းဘေးဟိုတယ် (မော်တော်ကားများရပ်နားရန်)

- We stayed at some nice *hotels* on our trip.
  ကျွန်တော်တို့ ခရီးသွားရင် ဟိုတယ်ကောင်းကောင်းမှာ တည်းခိုကြတယ်။
- The university students live in *hostels*.
  တက္ကသိုလ်ကျောင်းသားတွေ အဆောင်မှာ နေကြတယ်။
- This village has an *inn*.
  ဒီရွာမှာ တည်းခိုစရာ ထမင်းဆိုင်တစ်ဆိုင်ရှိတယ်။
- We stayed at a *motel* on Pyay Road yesterday.
  မနေ့က ပြည်လမ်းပေါ်ရှိ ဟိုတယ်ငယ်ကလေးမှာ တည်းခိုခဲ့ကြတယ်။



## (226) hue / colour / shade

hue = အသွေး၊ အရောင်အဆင်း
colour = အရောင်၊ အရောင်အဆင်း
shade = အရိပ်၊ အမှောင်ရောင်

- The room was decorated in various *hues* of blue, ranging from light to dark.
  ဒီအခန်းကို အပြာရောင် အနုအရင့်အမျိုးမျိုးနှင့် မွမ်းမံထားတယ်။
- Everything we see has *colour*.
  မြင်မြင်သမျှ အရာတိုင်းမှာ အရောင်အဆင်းရှိတယ်။
- We sat in the *shade* of a large tree.
  ကျွန်တော်တို့ သစ်ပင်ကြီး တစ်ပင် အရိပ်ထဲမှာ ထိုင်ခဲ့ကြတယ်။

## (227) idea / concept / thought

idea = စိတ်ကူး၊ အထင်အမြင်
concept = အယူအဆ
thought = အတွေးအခေါ်၊ ထင်မြင်ချက်

- He has a strange *idea* of happiness.
  သူပျော်ပျော်နေတတ်တဲ့ စိတ်ကူးရှိတယ်။
- The judge had a clear *concept* of justice.
  တရားသူကြီးသည် အမှန်တရားကို ဆုံးဖြတ်ရာမှာ အလွန်ပြတ်သားတယ်။
- He seemed to be in deep *thought*.
  သူအလေးအနက် စဉ်းစားတွေးခေါ်နေဟန်တူတယ်။

## (228) ideal / example / model

ideal = အကောင်းဆုံးအရာ၊ အတော်ဆုံးလူ၊ စံပြပုဂ္ဂိုလ်
example = ဥပမာ၊ စံနမူနာ
model = ပုံစံ၊ နမူနာ၊ စံပြမယ်

- Peace and justice are *ideals*.
  ငြိမ်းချမ်းရေးနှင့် တရားမျှတမှုများသည် အကောင်းဆုံးအရာများဖြစ်ကြသည်။
- His essay was used as an *example* for the class.
  သူ့စာစီစာကုံးကို အတန်းထဲမှာ နမူနာ စံပြအဖြစ် အသုံးပြုလိုက်တယ်။
- The *model* girls can be seen on the TV screen.
  မိုဒယ်ဂဲလ်များကို တီဗီမှန်သားပြင်ပေါ်မှာ တွေ့နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (229) idol / image / statue

idol = ဆင်းထု၊ ရုပ်ပွား၊ အမြတ်တနိုးကိုးကွယ်သည့်အရာ
image = ဆင်းထု၊ ရုပ်တု၊ ပုံတူ
statue = ရုပ်ထု၊ ပန်းပုလက်ရာ

- A stone ***idol*** stood at the entrance to the village.
  ရွာအဝင်မှာ ကျောက်ဆင်းထုတော်တစ်ဆူရှိတယ်။
- In the mirror, he saw an ***image*** of himself.
  မှန်ထဲမှာ သူ့ရုပ်သူပြန်ပြန်မြင်ရတယ်။
- A marble ***statue*** stands in the garden.
  ဥယျာဉ်ထဲမှာ ကျောက်ရုပ်ထု တစ်ခုရှိတယ်။

## (230) income / pay / salary

income = ဝင်ငွေ
pay = လစာ၊ အတိုးအခ
salary = လစာ

- He has a very high ***income***.
  သူ့ဝင်ငွေ သိပ်ကောင်းနေတယ်။
- His ***pay*** is 3000 kyats a month.
  သူ့လစာက တစ်လ ၃၀၀၀ ကျပ်ဖြစ်ပါတယ်။
- His ***salary*** will be increased next year.
  လာမဲ့နှစ်မှာ သူ့ကို လစာတိုးမြှင့်ပေးလိမ့်မယ်။

## (231) information / fact / knowledge /.news

information = သတင်းစကား
fact = တကယ့်အဖြစ်အပျက်၊ အချက်အလက်
knowledge = အသိဉာဏ်ဗဟုသုတ
news = သတင်း၊ သတင်းစကား

- He got the ***information*** he needed from the library.
  သူလိုချင်တဲ့ သတင်းအချက်အလက်များကို စာကြည့်တိုက်က ရတယ်။
- He told the police all the ***facts***.
  သူရဲကို တစ်ကယ့်အဖြစ်အပျက်အားလုံး ပြောပြလိုက်တယ်။
- You must have some ***knowledge*** of machines to fix a car.
  ကားတစ်စီးကို တပ်ဆင်ဖို့ မင်းမှာ စက်နဲ့ ပတ်သက်တဲ့ ဗဟုသုတရှိရမယ်။
- We watched the ***news*** on television.
  ကျွန်တော်တို့ သတင်းကြေငြာချက်ကို တီဗီမှာ စောင့်ကြည့်တယ်။



## (232) inmate / patient / prisoner

inmate = နေထိုင်သူ
patient = လူနာ
prisoner = ထောင်သား၊ အကျဉ်းသား

- The ***inmates*** in hospital received visitors on Sundays.
  ဆေးရုံတက်နေသူတွေဟာ တနင်္ဂနွေနေ့များမှာ ဧည့်သည်များကို လက်ခံတွေ့ဆုံရတယ်။
- The doctor asked the ***patient*** to lie down.
  ဆရာဝန်က လူမမာကို လှဲနေဖို့ ပြောတယ်။
- The ***prisoners*** were permitted to see visitors once a month.
  အကျဉ်းသားများသည် တစ်လတစ်ကြိမ်သာ ဧည့်သည်နှင့် တွေ့ခွင့်ရှိသည်။

## (233) inquiry / examination / study

inquiry = စုံစမ်းမေးမြန်းခြင်း
examination = စစ်ဆေးခြင်း၊ စာမေးပွဲ
study = လေ့လာမှု၊ စာကြည့်ခန်း

- Please make an ***inquiry*** about the train.
  မီးရထားအကြောင်း ကျေးဇူးပြုပြီး စုံစမ်းပေးပါ။
- All the students passed the ***examination***.
  ကျောင်းသားအားလုံး စာမေးပွဲအောင်ကြတယ်။
- Botany is the ***study*** of plants.
  ရုက္ခဗေဒပညာဆိုတာ အပင်များအကြောင်းလေ့လာခြင်း ဖြစ်တယ်။

## (234) instance / case / example

instance = ဥပမာ၊ သာဓက
case = အကြောင်းအရာ၊ အမှုကိစ္စ
example = ဥပမာ၊ နမူနာ

- Can you give an ***instance*** of the boy's ability?
  လူကလေးရဲ့ အရည်အချင်းနဲ့ ပတ်သက်ပြီး ဥပမာ တစ်ခုပေးနိုင်မလား။
- Only one ***case*** of stealing was repord to the police.
  ဒီနေ့ ခိုးမှုတစ်ခုတည်းသာ ရဲဌာနကို ရောက်လာတယ်။
- His essay was used as an ***example*** for the class.
  သူ့စာစီစာကုံးကို အတန်းထဲမှာ နမူနာတစ်ခုအဖြစ် အသုံးပြုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (235) intention / plan / purpose

intention = ရည်ရွယ်ချက်
plan = စီမံကိန်း၊ ရေးဆွဲချက်
purpose = ကိစ္စ၊ ရည်ရွယ်ချက်

- He has no *intention* to buy a new shirt today.
  ဒီနေ့ အင်္ကျီအသစ်ဝယ်ဖို့ ရည်ရွယ်ချက် မရှိဘူး။
- The *plans* for the new building are in my office.
  အဆောက်အဦ အသစ်အတွက် ရေးဆွဲချက်တွေက ငါ့ရုံးမှာ ရှိတာ။
- The *purpose* of his trip was to visit the new factory.
  သူခရီးထွက်တဲ့ ရည်ရွယ်ချက်ကတော့ စက်ရုံအသစ်ကို သွားရောက်လည်ပတ်ဖို့ ဖြစ်တယ်။

### (236) interest / care / attention

interest = စိတ်ဝင်စားမှု
care = ဂရုစိုက်ခြင်း၊ စောင့်ရှောက်ခြင်း
attention = အာရုံစိုက်ခြင်း၊ ဂရုစိုက်ခြင်း

- He has no *interest* in painting.
  သူပန်းချီဝါသနာမပါဘူး။
- She is still under her mother's *care*.
  သူမမိခင်ရဲ့ အစောင့်အရှောက်ကို ခံနေရသေးတယ်။
- Pay *attention* to your teacher while teaching.
  စာသင်နေတုန်း ဆရာပြောတာ ဂရုစိုက်ပါ။

### (237) interior / inside / centre

interior = အတွင်း၊ အတွင်းဘက်
inside = အတွင်း
centre = အလယ်ဗဟို

- There was nothing in the *interior* of the house.
  အိမ်အတွင်းဘက်မှာ ဘာမျှမရှိပါ။
- The *inside* of the box is painted white.
  သေတ္တာအတွင်းကို အနီရောင်ဆေးသုတ်ထားတယ်။
- This building is at the *centre* of the town.
  ဒီအဆောက်အဦက မြို့အလယ်ဗဟိုမှာ ရှိတယ်။



### (238) issue / edition / copy

issue = ထွက်ခြင်း၊ ထုတ်လိုက်သည့်အရာ
edition = တည်းဖြတ်ထုတ်ဝေခြင်း
copy = မိတ္တူ၊ စာစောင်၊ စာမူ

- The latest *issue* of the newspaper contains the story of an accident.
  နောက်ဆုံးထုတ် သတင်းစာထဲမှာ ထိခိုက်မှုတစ်ခုအကြောင်း ပါလာတယ်။
- I prefer this *edition* of the book to the earlier one.
  အရင်ထုတ်တဲ့ စာအုပ်ထက် အခုစာအုပ်ကို ပိုကြိုက်တယ်။
- I bought a *copy* of this grammer book.
  ဒီသဒ္ဒါစာအုပ်တစ်အုပ်ကို ကျွန်တော် ဝယ်လာတယ်။

### (239) intruder / thief / robber

intruder = ကျူးကျော်ဝင်ရောက်လာသူ
thief = သူခိုး
robber = ဓားပြ

- The *intruder* was sent to the court.
  ကျူးကျော်ဝင်ရောက်လာသူကို တရားရုံးပို့လိုက်တယ်။
- The *thief* was caught by the police.
  သူခိုးကို ရဲက ဖမ်းသွားပြီ။
- The *robbers* ran away when they saw the soldiers.
  စစ်သားများကို မြင်လို့ ဓားပြများ ထွက်ပြေးသွားသည်။

### (240) jail / prison / stockade

jail = ထောင်၊ အကျဉ်းထောင်
prison = ထောင်
stockade = သစ်တပ်၊ ခံတပ်

- The judge sent him to *jail* for sixty days.
  တရားသူကြီးက သူ့ကို ထောင်နှစ်လချလိုက်တယ်။
- The thief was sent to *prison* for five years.
  သူခိုးကို ထောင်ငါးနှစ် ချလိုက်တယ်။
- Some soldiers were in the *stockade* to defend the enemy.
  စစ်သားအချို့သည် ရန်သူကို ခုခံကာကွယ်ရန် ခံတပ်ထဲမှာ ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



### (241) jealousy / envy / greed

jealousy = မနာလိုမှု၊ မနာလိုခြင်း
envy = အားကျခြင်း၊ မနာလိုခြင်း
greed = လောဘ၊ လောဘရမက်

- They have *jealousy* of my fortune.
  သူတို့ ကျွန်တော် ချမ်းသာနေတာကို မနာလိုကြဘူး။
- His sudden wealth filled me with *envy*.
  သူရုတ်တရက် ချမ်းသာလာတာကို ကျွန်တော် အားကျတယ်။
- Although he had many toys, his *greed* made him want more.
  သူမှာ အရုပ်တွေ အများကြီးရှိလျက်နဲ့ လောဘကနောက်ထပ် လိုချင်နေသေးတယ်။

### (242) jewel / gem / stone

jewel = ကျောက်မျက်ရတနာ၊ အဖိုးတန်ပစ္စည်း
gem = ကျောက်မျက်ရတနာ၊ အဖိုးတန်ပစ္စည်း
stone = ကျောက်ခဲ၊ ကျောက်မျက်ရတနာ

- The *jewel* in her ring was a diamond.
  သူ့လက်စွပ်ထဲက အဖိုးတန်ပစ္စည်းက စိန်ဖြစ်တယ်။
- The crown sparkled with *gems*.
  သရဖူသည် ကျောက်မျက်ရတနာများဖြင့် လင်းလက်နေသည်။
- Her ring is set with precious *stones*.
  သူမ လက်စွပ်ကို ကျောက်မျက်ရတနာတွေနဲ့ စီချယ်ထားတယ်။

### (243) job / business / work

job = အလုပ်၊ ဝင်ငွေရသည့် အလုပ်
business = စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်
work = လုပ်သည့်အလုပ်

- His *job* pays him enough money to buy food and clothing.
  သူ့အလုပ်က အဝတ်အထည်နဲ့ အစားအစာ ဝယ်ဖို့ လုံလောက်ပါတယ်။
- His *business* is farming.
  သူ့စီးပွားရေးလုပ်ငန်းက လယ်ယာစိုက်ပျိုးခြင်းပါပဲ။
- Can you do this *work* alone?
  မင်းဒီအလုပ်ကို တစ်ယောက်ထဲ လုပ်နိုင်ရဲ့လား။



### (244) joint / connection / link

joint = အဆက်၊ ဆက်ရာ
connection = ဆက်စပ်ခြင်း၊ အဆက်အသွယ်
link = ကွင်းဆက်၊ အဆက်

- There is a *joint* in a pipe.
  ဒီပိုက်မှာ အဆက်တစ်ခုပါတယ်။
- He has good business *connection*.
  သူမှာ အရောင်းအဝယ်နဲ့ ပတ်သက်ပြီး အဆက်အသွယ်ကောင်းရှိတယ်။
- The photographs were a *link* to the past.
  ဓာတ်ပုံတွေဟာ အတိတ်ရဲ့ ကွင်းဆက်တစ်ခုဖြစ်တယ်။

### (245) journey / trip / voyage / excursion / tour

journey = ခရီး
trip = ခရီးထွက်ခြင်း
voyage = ပင်လယ်ခရီး
excursion = အပျော်ခရီးထွက်ခြင်း
tour = ခရီးလှည့်လည်သွားလာခြင်း

- We are making a *journey* abroad this year.
  ကျွန်တော်တို့ ဒီနှစ် နိုင်ငံခြားကို ခရီးထွက်ကြမယ်။
- We took a *trip* to the mountains.
  ကျွန်တော်တို့ တောင်တန်းတွေဘက်ကို ခရီးထွက်ခဲ့ကြတယ်။
- They went on a world *tour* last year.
  ကျွန်တော်တို့ မနှစ်က ကမ္ဘာပေါ်မှာ ခရီးလှည့်လည်သွားလာခဲ့တယ်။
- They expect to take an ocean *voyage* this summer.
  သူဒီနှစ် နွေရာသီမှာ ပင်လယ်ရေကြောင်း ခရီးထွက်ဖို့ မျှော်လင့်ထားတယ်။
- They have gone on an *excursion* to Inn Lay.
  သူတို့ အင်းလေးကို လေ့လာရေးခရီး ထွက်သွားကြတယ်။

### (246) judge / magistrate / referee

judge = တရားသူကြီး
magistrate = ရာဇဝတ်တရားသူကြီး
referee = ဒိုင်လူကြီး

- The *judge* sentenced the thief to two years in prison.
  တရားသူကြီးက သူခိုးကို ထောင်ဒဏ် ၂ နှစ် စီရင်ချက် ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- The *magistrate* found the prisoner guilty.
  ရာဇဝတ်တရားသူကြီးသည် အကျဉ်းသားမှာ အပြစ်ရှိကြောင်း တွေ့ရှိခဲ့တယ်။
- He was sent off for arguing with the *referee.*
  သူဒိုင်လူကြီးကို ခံပြောလို့ သူ့ကို ထုတ်ပစ်လိုက်တယ်။

### (247) jug / jar / bottle

jug = ခရား၊ လက်ပါသည့် ခရား
jar = အဝကျယ်ပုလင်း၊ စဉ့်အိုး
bottle = ပုလင်း

- She filled the *jug* with water.
  သူမ ခရားကို ရေဖြည့်ထားတယ်။
- Please bring me a *jar* to put some sugar.
  သကြားထည့်ဖို့ ပုလင်းတစ်လုံး ယူလာပါ။
- He drank a *bottle* of water a day.
  သူတစ်နေ့ ရေတစ်ပုလင်း သောက်တယ်။

### (248) key / clue / answer

key = သော့၊ သော့ချက်၊ အဖြေ
clue = သဲလွန်စ၊ အညွှန်း
answer = အဖြေ

- The *key* to success is hard work.
  အောင်မြင်မှု၏ သော့ချက်သည် အလုပ်ကြိုးစားခြင်းဖြစ်သည်။
- The police found no *clue.*
  ရဲသည် မည်သည့် သဲလွန်စမျှ မရသေးပါ။
- What is your *answer* to this question?
  ဒီမေးခွန်းကို ဘယ်လိုဖြေမှာလဲ။

### (249) kind / class / sort / type

kind = အမျိုးအစား
class = အဆင့်အတန်း၊ အတန်း၊ လူတန်းစား
sort = အမျိုး၊ အတန်းအစား
type = အမျိုးအစား၊ ပုံနိပ်စာလုံး

- What *kind* of dog is that?
  အဲဒါ ဘယ်လို ခွေးအမျိုးအစားလဲ။



- He is a member of working *class.*
  သူအလုပ်သမား လူတန်းစားတစ်ဦးဖြစ်တယ်။
- What *sort* of people do you like?
  မင်းဘယ်လို လူမျိုးကို သဘောကျလဲ။
- What *type* of a man is he?
  သူဘယ်လို လူစားလဲ။

### (250) kingdom / empire / realm

kingdom = ဘုရင်ပိုင်နိုင်ငံ
empire = ဘုရင်ကြီးစိုးသော နယ်ပယ်
realm = တိုင်းပြည်၊ နယ်ပယ်

- At one time, the *Kingdom* of Spain was one of the most powerful in the world.
  တစ်ခါက စပိန်သည် ကမ္ဘာပေါ်တွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။
- The United States was once part of the British *Empire.*
  အမေရိကန်ပြည်ထောင်စုသည် တစ်ခါက ဗြိတိသျှအင်ပိုင်ယာ နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။
- The queen visited every town in her *realm.*
  ဘုရင်မသည် သူအုပ်စိုးသော နယ်ပယ်အတွင်း တိုင်းခန်းလှည့်လည်သည်။

### (251) label / mark / stamp

label = စက္ကူကဒ်ပြား
mark = အမှတ်အသား/ကုန်တံဆိပ်၊ အမှတ်
stamp = တံဆိပ်ခေါင်း

- She read the *label* on the jar carefully.
  သူမ ခရားပေါ်က လေဘယ်ကဒ်ပြားကို သေချာစွာ ဖတ်ကြည့်တယ်။
- There were dirty *marks* on the wall.
  နံရံပေါ်မှာ ညစ်ပေနေသော အမှတ်အသားတွေ ရှိတယ်။
- She put a *stamp* on her letter.
  သူ့စာကို တံဆိပ်ခေါင်း တစ်ခုကပ်လိုက်တယ်။

### (252) lack / shortage / scarcity

lack = ချို့တဲ့ခြင်း
shortage = လျော့နည်းခြင်း
scarcity = ရှားပါးခြင်း

www.burmeseclassic.com

www.burmeseclassic.com



- The farmers worried about the ***lack*** of rain.
  လယ်သမားတွေ မိုးခေါင်မှာ စိုးကြတယ်။
- There is a ***shortage*** of food.
  စားစရာတွေ တစ်ဖြည်းဖြည်း နည်းနည်းလာပြီ။
- They suffered much because of the ***scarcity*** of water.
  သူတို့ ရေရှားပါးမှုကြောင့် ဒုက္ခများစွာ ရောက်ခဲ့ကြတယ်။

### (253) lad / boy / youth

lad = သူငယ်၊ လူပျိုပေါက်
boy = လူငယ်၊ ယောကျ်ားလေး
youth = ငယ်ရွယ်သော ဘဝ၊ လူငယ်

- My son is a good ***lad***.
  ကျွန်တော့်သားက လူတော်ကလေးပါ။
- He is a ***boy*** of sixteen.
  သူ ၁၆ နှစ်သားအရွယ် ယောကျ်ားလေးတစ်ယောက်ဖြစ်တယ်။
- The ***youths*** of today are our future.
  ယနေ့ လူငယ်များသည် ကျွန်တော်တို့၏ အနာဂတ်ဖြစ်သည်။

### (254) lane / passage / way

lane = လမ်းကြား
passage = လူသွားလမ်း၊ စင်္ကြံ
way = လမ်းနည်းလမ်း

- The children are playing in the ***lane***.
  ကလေးတွေ လမ်းကြားထဲမှာ ကစားနေကြတယ်။
- The ***passage*** between the two houses was blocked.
  အိမ် ၂ အိမ်ကြားက လမ်းပိတ်နေတယ်။
- Could you tell me the ***way*** to the station?
  ဘူတာရုံကို ဘယ်လမ်းက သွားရမလဲ။

### (255) lass / damsel / girl / maiden (maid)

lass = လုံမပျို
damsel = လုံမပျို
girl = မိန်းကလေး
maiden = အပျိုစင်



- She was a pretty ***lass***.
  သူမသည် လှပသည့် မိန်းမပျိုလေးဖြစ်သည်။
- There are two ***damsels*** in this house.
  ဒီအိမ်မှာ အပျိုနှစ်ယောက်ရှိတယ်။
- The ***girls*** are playing with their dolls.
  မိန်းကလေးတွေ အရုပ်နဲ့ ကစားနေကြတယ်။
- She is a pretty ***maiden*** of sixteen.
  သူမ ၁၆နှစ်အရွယ် လှပတဲ့ မိန်းမပျိုလေးဖြစ်တယ်။

### (256) lawyer / counsellor / advocate

lawyer = ရှေ့နေ
counsellor = အကြံပေးအရာရှိ
advocate = လွှတ်တော်ရှေ့နေ

- I had a ***lawyer*** to represent me in court.
  တရားရုံးမှာ ကျွန်တော့်ကို ကိုယ်စားပြုမဲ့ ရှေ့နေရှိတယ်။
- He was a ***counsellor*** in the court.
  သူတရားရုံးက ဥပဒေ အကြံပေးအရာရှိ တစ်ယောက်ဖြစ်တယ်။
- He is an ***advocate*** of reforms in the taxlaw.
  သူအကောက်ခွန်ဥပဒေ ပြုပြင်ရေးနဲ့ ပတ်သက်တဲ့ လွှတ်တော်ရှေ့နေဖြစ်တယ်။

### (257) league / alliance / union

league = အသင်းအဖွဲ့၊ အစည်းအရုံး
alliance = မိတ်ဖွဲ့ခြင်း
union = ပေါင်းစည်းခြင်း၊ သမဂ္ဂ

- Our country is in the ***league*** of Nations.
  ကျွန်တော်တို့ နိုင်ငံဟာ နိုင်ငံပေါင်းချုပ်အသင်းထဲမှာ ပါတယ်။
- England made an ***alliance*** with France.
  အင်္ဂလန်သည် ပြင်သစ်နှင့် မိတ်ဖွဲ့သည်။
- He is a member of labour ***union***.
  သူအလုပ်သမားသမဂ္ဂအဖွဲ့ဝင်တစ်ဦးဖြစ်တယ်။

### (258) lecture / speech / address

lecture = ဟောပြောချက်၊ ပို့ချချက်
speech = စကား၊ မိန့်ခွန်း
address = မိန့်ခွန်း

www.burmeseclassic.com

www.burmeseclassic.com



- The professor gave a ***lecture*** on modern art.
  ခေတ်သစ် အနုပညာနဲ့ ပတ်သက်ပြီး ပါမောက္ခက ဟောပြောပို့ချခဲ့တယ်။
- They cheered him after his ***speech***.
  သူမိန့်ခွန်းပြောပြီးတဲ့နောက် သူတို့ ချီးကြူးသြဘာပေးကြတယ်။
- He gave an ***address*** to the graduates.
  သူဘွဲ့ရ ကျောင်းသားကျောင်းသူများကို မိန့်ခွန်းပြောခဲ့တယ်။

### (259) leisure / rest / recreation

| | | |
|---|---|---|
| leisure | = | အလုပ်အားလပ်ချိန်၊ အချိန်အား |
| rest | = | အနားယူခြင်း |
| recreation | = | အပန်းဖြေခြင်း၊ ပျော်မြူးမှု |

- He had no ***Leisure*** for walking.
  သူလမ်းလျှောက်ဖို့တောင် အချိန်အားမရှိခဲ့ဘူး။
- Please have a ***rest*** if you are tired.
  ပင်ပန်းနေရင်လဲ ခေတ္တနားလိုက်ပါ။
- They walk for ***recreation***.
  သူတို့ အပန်းဖြေရန် လမ်းလျှောက်ကြတယ်။

### (260) lesson / exercise / homework

| | | |
|---|---|---|
| lesson | = | သင်ခန်းစာ |
| exercise | = | လေ့ကျင့်ခန်း |
| homework | = | အိမ်စာ |

- We had a new ***lesson*** yesterday.
  မနေ့က ကျွန်တော်တို့ သင်ခန်းစာအသစ် သင်ခဲ့ရတယ်။
- He did many ***exercises*** on grammar.
  သူသဒ္ဒါလေ့ကျင့်ခန်းတွေ အများကြီးလုပ်ခဲ့တယ်။
- Have you done your ***homeworks?***
  မင်းအိမ်စာတွေ လုပ်ပြီးပြီလား။

### (261) lid / cover / cap

| | | |
|---|---|---|
| lid | = | အဖုံး |
| cover | = | အဖုံး၊ အကာအကွယ် |
| cap | = | ခေါင်းစွပ်၊ ဦးထုပ်ပျော့ |

- She opened the ***lid*** of the pan on the fire.
  သူမီးဖိုပေါ်က ဒယ်အိုးအဖုံးကို ဖွင့်လိုက်တယ်။



- She put a warm ***cover*** on her bed.
  သူမအိပ်ရာကို နွေးတဲ့ အခင်းတစ်ခုကို ဖုံးလိုက်တယ်။
- Mother bought a ***cap*** for her baby.
  မိခင်သည် ကလေးအတွက် ဦးထုပ်တစ်လုံးဝယ်လာခဲ့သည်။

### (262) life / biography / history

| | | |
|---|---|---|
| life | = | အသက်၊ ဘဝ |
| biography | = | အထုပ္ပတ္တိ၊ ကိုယ်ရေးရာဇဝင် |
| history | = | သမိုင်း၊ ရာဇဝင် |

- She worked hard all her ***life***.
  သူမ တစ်ဘဝလုံး ကြိုးစားပန်းစား အလုပ်လုပ်ခဲ့ရတယ်။
- He has written his ***biography***.
  သူ သူ့ရဲ့ ကိုယ်ရေး ရာဇဝင်ကို ရေးပြီးသွားပြီ။
- They are studying ***history*** in a university.
  သူတို့ တက္ကသိုလ်မှာ သမိုင်းဘာသာရပ်ကို လေ့လာနေတယ်။

### (263) list / register / roll

| | | |
|---|---|---|
| list | = | စာရင်းအရေအတွက် |
| register | = | မှတ်တမ်း၊ မှတ်ပုံတင်စာအုပ် |
| roll | = | အမည်စာရင်း |

- He forgets to bring his ***list*** of people.
  သူ လူဦးရေစာရင်းယူလာဖို့ မေ့သွားတယ်။
- All visitors must sign the hotel guest ***register***.
  ဧည့်သည်အားလုံး ဟိုတယ်ဧည့်မှတ်ပုံတင် စာအုပ်မှာ လက်မှတ်ထိုးရမယ်။
- The teacher reads the ***roll*** of the class to know if every one is present.
  ဆရာမ ကျောင်းသားတိုင်းရှိမရှိ သိရအောင် အတန်းအမည်စာရင်းကို ဖတ်တယ်။

### (264) location / site / situation

| | | |
|---|---|---|
| location | = | တည်နေရာ |
| site | = | နေရာ၊ အိမ်ဆောက်မည့်နေရာ |
| situation | = | တည်နေရာ/အခြေအနေ |

- Find the ***location*** of the door in this house.
  ဒီအိမ်မှာ တံခါးပေါက်ဘယ်မှာလဲရှာစမ်းပါ။
- This is the ***site*** that we are going to build a house.
  ဒါတို့အိမ်ဆောက်မဲ့ နေရာပဲ။

www.burmeseclassic.com

www.burmeseclassic.com



- The political *situation* is very complicated.
  နိုင်ငံအခြေအနေ အတော်လေး ရှုပ်ထွေးနေတယ်။

### (265) lord / master / nobleman

lord = အရှင်၊ သခင်
master = သခင်၊ ဆရာ၊ အလုပ်ရှင်
nobleman = လူကုံတန်/အထက်တန်းစား

- He obeyed no *lord* or king.
  သူဘယ်အရှင်သခင်၊ ဘယ်ဘုရင်ကိုမှ မနာခံဘူး။
- The dog followed its *master*.
  ခွေးသည် သူ့သခင်နောက်ကို အမြဲလိုက်သည်။
- He was a *nobleman*.
  သူလူကုံတန် အထက်တန်းစားတစ်ဦးဖြစ်တယ်။

### (266) loss / damage / death

loss = ဆုံးရှုံးမှု၊ အရှုံး
damage = ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း
death = သေဆုံးခြင်း၊ သေခြင်းတရား

- The *loss* of football game disappointed them.
  သူတို့ ဘောလုံးပွဲရှုံးလို့ စိတ်ဓာတ်ကျနေကြတယ်။
- Disease and fire cause much *damage*.
  အနာရောဂါနှင့် မီးသည် ပျက်စီးဆုံးရှုံးမှုများ ပေးသည်။
- After his *death* , his body was sent home to be burried.
  သူသေတော့ သူ့အလောင်းကို သင်္ဂြိုလ်ဖို့ အိမ်ပို့လိုက်တယ်။

### (267) lotion / cream / liniment

lotion = လိမ်းသည့်ဆေးရည်/အနာဒဏ်ရာလိမ်းသည့်ဆေး
cream = မလိုင်၊ ပြစ်ခဲသည့်အရာ
liniment = လိမ်းဆေးအရည်

- She uses *lotions* on her hands.
  သူလက်ကို ဆေးရည် လိမ်းတယ်။
- She uses face *cream* to soften her skin.
  သူအသားအရေ ချောမွေ့အောင် မျက်နှာချေကို သုံးတယ်။
- He uses the *liniment* for his wound.
  သူသူ့ဒဏ်ရာကို လိမ်းဆေးရည် လိမ်းတယ်။



### (268) love / affection / devotion

love = အချစ်၊ ချစ်သူရည်းစား ၊ ချစ်ခြင်းမေတ္တာ
affection = ချစ်ခြင်းမေတ္တာ
devotion = သစ္စာရှိခြင်း၊ အကြင်နာကြီးမားခြင်း

- They showed their *love* for their children in many ways.
  သူတို့ နည်းအမျိုးမျိုးနဲ့ သူတို့ ကလေးတွေကို ချစ်ကြောင်းပြတယ်။
- The girl had great *affection* for her little sister.
  မိန်းကလေးသည် သူညီမလေးကို အလွန်ချစ်သည်။
- Mother gave her *devotion* for her sick child.
  မိခင်သည် မကျန်းမာသော ကလေးကို အလွန်ကြင်နာစွာ ဂရုစိုက်သည်။

### (269) luggage / bag / suitcase

luggage = ဝန်စည်စလယ်/ခရီးဆောင်အိပ်
bag = အိပ်
suitcase = ခရီးဆောင် လက်ဆွဲသေတ္တာ

- She had four pieces of *luggage*.
  သူခရီးသွားရာမှာ ပစ္စည်းလေးမျိုးပါတယ်။
- She carried the food in a large *bag*.
  သူစားစရာတွေကို အိပ်ကြီးနဲ့ သယ်သွားတယ်။
- He took two *suitcases* with him on the trip.
  သူခရီးသွားရာမှာ လက်ဆွဲသေတ္တာနှစ်လုံးယူသွားတယ်။

### (270) lust / desire / passion

lust = အလိုရမက်၊ ရာဂ
desire = ပြင်းပြသော ဆန္ဒ
passion = ရာဂစိတ်၊ ပြင်းပြသည် ချစ်စိတ်

- He was possessed by a *lust* for gold.
  သူရွှေကို သိပ်ပြီး တက်မက်တယ်။
- His greatest *desire* is to sleep.
  သူသိပ်ပြီး အိပ်ချင်နေတယ်။
- The young people could not hide the *passion* they felt for each other.
  လူငယ်စုံတွဲတွေဟာ တစ်ဦးကို တစ်ဦး ချစ်တဲ့စိတ်ကို မျိုသိပ်မထားနိုင်ကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (271) machine / engine / motor

machine = စက်ယန္တရား၊ စက်၊ မောင်းစက်
engine = စက်ကိရိယာ၊ စက်ယန္တရား
motor = အားစက်၊ မော်တော်

- My mother has a sewing ***machine***.
  အမေမှာ အပ်ချုပ်စက်တစ်လုံးရှိတယ်။
- Most cars have gasoline ***engines***.
  ကားအတော်များများမှာ ဓာတ်ဆီ သုံးရတဲ့ အင်ဂျင်စက်ပါတယ်။
- An electric ***motor*** makes the fan turn.
  လျှပ်စစ်မော်တာက ပန်ကာကို လည်စေတယ်။

### (272) magazine / journal / periodical / newspaper

magazine = မဂ္ဂဇင်း၊ စာစောင်
journal = ဂျာနယ်၊ သတင်းစာ
periodical = အချိန်မှန်ထွက်သည့် စာစောင် မဂ္ဂဇင်း
newspaper = နေ့စဉ်ထုတ် သတင်းစာ

- I like to read ***magazines*** as well as a daily newspaper.
  ကျွန်တော် မဂ္ဂဇင်းစာအုပ်နဲ့ နေ့စဉ် သတင်းစာဖတ်ရတာ နှစ်သက်တယ်။
- He writes for a business ***journal***.
  သူစီးပွားရေး စာစောင်တစ်ခုကို ရေးတယ်။
- Some ***periodicals*** are not published regularly.
  အချို့ မဂ္ဂဇင်းစာစောင်တွေက မှန်မှန် မထွက်ကြဘူး။
- We should read the ***newspaper*** everyday.
  ငါတို့ သတင်းစာကို နေ့တိုင်း ဖတ်သင့်တယ်။

### (273) majesty / dignity / nobility

majesty = ခန့်ညားခြင်း၊ ကြက်သရေရှိခြင်း၊ တန်ခိုးစွမ်းအား
dignity = သိက္ခာ၊ ဂုဏ်သိက္ခာ
nobility = မြင့်မြတ်ခြင်း

- The ***majesty*** of the mountains Lay before us.
  တောင်တန်းများ၏ ခန့်ငြားထယ်ဝါမှုသည် ကျွန်ုပ်တို့ ရှေ့တွင် အထင်းသား ပေါ်လွင်ခဲ့သည်။
- His deeds revealed his ***dignity***.
  သူ့အပြုအမူများသည် သူ့၏ ဂုဏ်သိက္ခာကို ဖော်ပြနေသည်။



- He was a man of ***nobility*** as he died in action for the country.
  တိုင်းပြည်အတွက် တိုက်ပွဲမှာ ကျဆုံးသွားတဲ့ သူဟာ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။

### (274) manager / supervisor / superintendent

manager = စီမံအုပ်ချုပ်သူ၊ မန်နေဂျာ
supervisor = ကြည့်ကြပ်သူ
superintendent = ကြည့်ကြပ်အုပ်ချုပ်သူ

- He is a ***manger*** in this office.
  သူဒီရုံးက မန်နေဂျာတစ်ယောက်ဖြစ်တယ်။
- He worked in this department as a ***supervisor***.
  သူကြည့်ကြပ်ရေးမှူးအဖြစ် ဒီဌာနမှာ အလုပ်လုပ်တယ်။
- He is the ***superintendent*** of the hospital.
  သူဒီဆေးရုံကို ကြည့်ကြပ်အုပ်ချုပ်သူဖြစ်တယ်။

### (275) manner / method / style / way

manner = အမူအရာ၊ နည်းဟန်
method = နည်းစနစ်၊ နည်းလမ်း
style = ဟန်အမူအရာ၊ ပြုလုပ်ပုံ ပြုလုပ်နည်း
way = နည်းစနစ်၊ နည်းလမ်း

- He spoke in a friendly ***manner***.
  သူခင်မင်ရင်းနှီးစွာနဲ့ စကားပြောတယ်။
- He has his own ***method*** for doing his work.
  သူ သူ့နည်းသူ့ဟန်နဲ့ အလုပ်လုပ်တယ်။
- His ***style*** of writing appeals to me.
  သူ့ စာအရေးအသားက ကျွန်တော့်ကို ဆွဲလမ်းနှစ်သက်စေတယ်။
- This is the wrong ***way*** to do it.
  ဒါကို လုပ်တာ နည်းလမ်းမှားနေတယ်။

### (276) map / chart / graph

map = မြေပုံ
chart = မြေပုံ၊ ဇယားကွက်
graph = သရုပ်ပြမျဉ်း

- The teacher is drawing a ***map*** on the blackboard.
  ဆရာမ သင်ပုန်းကြီးပေါ်မှာ မြေပုံတစ်ခု ဆွဲနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



- The course of the ship was marked on the ***chart***.
  သင်္ဘောသွားမဲ့ လမ်းကြောင်းကို မြေပုံဇယားကွက်ပေါ်မှာ ပြထားတယ်။
- He has made a ***graph*** of the changing temperature.
  သူအပူအအေး ပြောင်းလဲပုံပြ သရုပ်ပြမျဉ်း ဆွဲပြီးသွားပြီ။

**(277) mark / sign / symbol**

mark = အမှတ်၊ အမှတ်အသား
sign = အထိမ်းအမှတ်၊ လက္ခဏာ
symbol = လက္ခဏာအမှတ်အသား

- The boy always received high ***marks*** for his work.
  သူ သူ့လုပ်ငန်းမှာ အမြဲတန်း အမှတ်ကောင်းကောင်းရတယ်။
- The traffic policeman made a ***sign*** for us to advance.
  ယဉ်ထိန်းရဲက ကျွန်တော်တို့ကို သွားဖို့ အချက်ပြပြီ။
- The colour red is a ***symbol*** for danger in many countries.
  တိုင်းပြည်တော်တော်များများမှာ အနီရောင်ဟာ အန္တရာယ်ကို ပြတဲ့ အမှတ်အသား တစ်ခုဖြစ်တယ်။

**(278) market / mart / bazaar**

market = ရောင်းဝယ်ဖောက်ကားသည့်နေရာ။ ဈေး
mart = ဈေး၊ ရောင်းဝယ်ရာဌာန
bazaar = ဈေး၊ ပွဲတော်ဈေး

- There is a good ***market*** for fresh fruit in the city.
  မြို့ထဲမှာ သစ်သီးဈေးကောင်းကောင်းရှိတယ်။
- You can buy a car you like in a car ***mart***.
  ကားအရောင်းအဝယ်လုပ်တဲ့ နေရာမှာ မင်းကြိုက်တဲ့ကား ဝယ်လို့ရတယ်။
- We bought some vegetables from the ***bazaar***.
  ကျွန်တော်တို့ အသီးအရွက်တွေကို ပွဲဈေးက ဝယ်လာခဲ့တယ်။

**(279) mast / pole / post**

mast = သင်္ဘောရွက်တိုင်
pole = တိုင်၊ ထိုးဝါး၊ တုတ်တံ
post = တိုင်၊ စာတိုက်၊ ရာထူး

- The sailor climbed up the ***mast***.
  သင်္ဘောသားရွက်တိုင်ကို တက်ခဲ့တယ်။



- We took our fishing ***poles*** with us.
  ကျွန်တော်တို့ ငါးမျှားတံတွေကို ကျွန်တော်တို့နဲ့အတူယူသွားတယ်။
- The fence ***posts*** were set five feet apart.
  ခြံဝင်းထရံတိုင်တွေကို တစ်ခုနဲ့ တစ်ခု ငါးပေအကွာစိုက်ထားတယ်။

**(280) material / substance / stuff**

material = ရုပ်ဝတ္ထုပစ္စည်း
substance = ဒြပ်ပစ္စည်း
stuff = ဝတ္ထုပစ္စည်း

- Wood is one of the ***materials*** from which houses are made.
  သစ်သားသည် အိမ်ဆောက်ပစ္စည်းတစ်မျိုးဖြစ်သည်။
- The tips of matches are covered with a chemical ***substance***.
  မီးခြစ်ဆံထိပ်များလေးကို ဓာတုပစ္စည်းတစ်ခုနဲ့ ဖုံးထားတယ်။
- The shoes were made of some soft ***stuff*** that looked like leather.
  ဖိနပ်များကို သားရေလို ပျော့ပျောင်းနူးညံ့တဲ့ ပစ္စည်းနဲ့ လုပ်ထားတယ်။

**(281) meadow / field / pasture**

meadow = မြက်ခင်း
field = လယ်ကွင်း၊ ကွင်းပြင်
pasture = ကျွဲနွားစားကျက်

- The cows are eating the grass on the ***meadow***.
  နွားတွေ မြက်ခင်းပေါ်မှာ အစာစားနေကြတယ်။
- The farmers are ploughing the ***fields***.
  လယ်သမားများ လယ်ထွန်နေကြသည်။
- The boy took the cows to the ***pasture*** every morning.
  လူကလေးသည် နံနက်တိုင်း နွားကျောင်းထွက်ခဲ့သည်။

**(282) meal / food / drink**

meal = စားသောက်ခြင်း၊ တစ်နပ်စာ
food = အဟာရ၊ စားစရာအစာ
drink = သောက်စရာအရည်တစ်မျိုးမျိုး

- Breakfast is the first ***meal*** of today.
  နံနက်စာဆိုတာ နံနက်ပိုင်းမှာ အစာစားခြင်းဖြစ်တယ်။
- Milk is the baby's chief ***food***.
  နွားနို့သည် ကလေး၏ အဓိက အာဟာရ (အစားအစာ)ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- I want a ***drink*** of water.
  ငါ ရေသောက်ချင်တယ်။

### (283) means / riches / wealth

means = နည်းလမ်း/ပစ္စည်းဥစ္စာ
riches = ဥစ္စာဓန
wealth = စည်းစိမ်ဥစ္စာ၊ ပေါများခြင်း၊ ကြွယ်ဝခြင်း

- He has the ***means*** with which to buy a car.
  သူ့မှာ ကားဝယ်နိုင်လောက်အောင် ပစ္စည်းဥစ္စာရှိတယ်။
- His fame and ***riches*** are well-known in this town.
  သူရဲ့ ချမ်းသာကြွယ်ဝမှု ဂုဏ်သတင်းကို ဒီမြို့မှာ လူတိုင်းသိတယ်။
- He was a man of great ***wealth.***
  သူလူချမ်းသာ တစ်ယောက် ဖြစ်တယ်။

### (284) measure / size / weight

measure = အတိုင်းအတာ၊ ဆောင်ရွက်ချက်
size = အရွယ်အစား
weight = အလေးချိန်

- He is taking ***measure*** to reduce expenses.
  သူ အသုံးစရိတ် လျှော့ဖို့ လုပ်ဆောင်နေတယ်။
- Your house is the same ***size*** as ours.
  မင်းတို့အိမ်က ငါတို့အိမ်နဲ့ အရွယ်တူပဲ။
- What is the ***weight*** of this box?
  ဒီသေတ္တာ ဘယ်လောက်လေးသလဲ။

### (285) meat / flesh / skin

meat = အမဲဟင်းလျာ
flesh = အသွေးအသား
skin = အရေပြား၊ အရေခွံ၊ အသားအရေ

- What kind of ***meat*** are you serving for dinner?
  ညစာ ဘာဟင်းနဲ့ ကျွေးမှာလဲ။
- The knife cut into the ***flesh*** of his arm.
  သူ လက်မောင်းဓားပြတ်သွားတယ်။
- Her ***skin*** was smooth and soft.
  သူမရဲ့ အသားအရေက ချောမွေ့နူးညံ့တယ်။



### (286) medicine / drug / remedy

medicine = ဆေးဝါး၊ ဆေးပညာ
drug = မေ့ဆေး၊ ဘယဆေး
remedy = ရောဂါပျောက်သည့် နည်း၊ ကုထုံး

- She took the ***medicines*** which the doctor gave her.
  သူမ ဆရာဝန်ပေးတဲ့ ဆေးကို အမြဲစားတယ်။
- ***Drugs*** should be used only at the direction of a doctor.
  ဆေးဝါးတွေကို ဆရာဝန် ညွှန်ကြားချက်အတိုင်း သောက်သင့်တယ်။
- This is a good ***remedy*** for a sore foot.
  ခြေထောက်ရောင်နေရင် ဒီဆေးလိမ်းတာကောင်းတယ်။

### (287) melody / music / song / tune

melody = သာယာသော တူရိယာသံ
music = ဂီတသံ၊ ဂီတပညာ
song = သီချင်း
tune = တီးလုံး၊ တီးကွက်

- I heard the ***melody*** of a song.
  ကျွန်တော် သာယာတဲ့ သီချင်းသံကို ကြားခဲ့ရတယ်။
- He was interested in ***music.***
  သူဂီတ ဝါသနာပါတယ်။
- She sang a beautiful song on the stage.
  သူစင်မြင့်ပေါ်မှာ သာယာတဲ့ သီးချင်းတစ်ပုဒ် သီဆိုခဲ့တယ်။
- He whistled a ***tune*** as he walked.
  သူလမ်းလျှောက်ရင်း သီးချင်းတစ်ပုဒ် လေချွန်နေတယ်။

### (288) merchant / broker / businessman / trader

merchant = လက်ကားကုန်သည်ကြီး
broker = ပွဲစား
businessman = လုပ်ငန်းရှင်၊ စီးပွားရေးသမား
trader = ကုန်သည်

- That ***merchant*** has enlarged his store.
  အဲဒီကုန်သည်ကြီးက သူ့ဆိုင်ကို တိုးချဲ့လိုက်တယ်။
- My uncle was a car ***broker.*** He bought and sold cars for others.
  ကျွန်တော့် ဦးလေးက ကားပွဲစားဖြစ်တယ်။ သူများအတွက် ကားဝယ်ရောင်းပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



- He became a successful ***businessman.***
  သူအောင်မြင်တဲ့ စီးပွားရေးသမားတစ်ယောက်ဖြစ်လာတယ်။
- The ***traders*** were at the meeting in Trader's Hotel.
  ကုန်သည်ကြီးများ ဟိုတယ်မှာ ကုန်သည်ကြီးတွေ စည်းဝေးနေကြတယ်။

## (289) mercy / pity / sympathy

| | | |
|---|---|---|
| mercy | = | သနားကြင်နာခြင်း |
| pity | = | သနားကြင်နာခြင်း၊ ဂရုဏာ |
| sympathy | = | ကိုယ်ချင်းစာတရား၊ သနားခြင်း |

- They showed ***mercy*** towards their enemies.
  သူတို့ ရန်သူတွေကို အကြင်နာတရားပေးတယ်။
- She felt ***pity*** for the starving people.
  အစာရေစာ ငတ်မွတ်နေသူတွေအတွက် သူမ စိတ်မချမ်းမသာ ဖြစ်နေတယ်။
- They expressed their ***sympathy*** by sending flowers to her husband's funeral.
  သူ့ခင်ပွန်း ဈာပနမှာ ထပ်တူထပ်မျှ ဝမ်းနည်းကြောင်းပြဖို့ ပန်းတွေ ပို့လိုက်တယ်။

## (290) might / power / strength

| | | |
|---|---|---|
| might | = | အစွမ်းသတ္တိ၊ အား၊ စွမ်းအား |
| power | = | အစွမ်းသတ္တိ၊ တန်ခိုး၊ အာဏာ |
| strength | = | အင်အား၊ ခွန်အား |

- Do it with all your ***might.***
  မင်းဒါကို အားကုန်ထုတ်ပြီး လုပ်လိုက်ပါ။
- He has ***power*** to make laws.
  သူ့မှာ ဥပဒေ ပြဋ္ဌာန်းနိုင်ခွင့် အာဏာရှိတယ်။
- What is the ***strength*** of this rope?
  ဒီကြိုးဘယ်လောက်ခိုင်သလဲ။

## (291) mind / brain / intelligence

| | | |
|---|---|---|
| mind | = | စိတ် |
| brain | = | ဦးနှောက် |
| intelligence | = | အသိဉာဏ် |

- His ***mind*** is busy with many affairs.
  သူအလုပ်များလို့ စိတ်ရှုပ်နေတယ်။
- She had good ***brain*** and beauty.
  သူမ ဉာဏ်လည်းကောင်းတယ်၊ ရုပ်လည်းချောတယ်။



- He is a boy of great ***intelligence.***
  သူအလွန်ဉာဏ်ကောင်းတဲ့ ကောင်ကလေးတစ်ယောက်ဖြစ်တယ်။

## (292) motion / change / movement

| | | |
|---|---|---|
| motion | = | ရွေ့ရှားခြင်း |
| change | = | အပြောင်းအလဲ၊ ပြောင်းလဲခြင်း |
| movement | = | ပြောင်းရွှေ့ခြင်း၊ လှုပ်ရှားမှု |

- He suggested several ***changes*** in the plan of the house.
  သူအိမ်ပုံစံကို ပြောင်းဖို့ အမျိုးမျိုး အကြံပေးတယ်။
- The ship's ***motion*** made the passengers fed sea-silk.
  သင်္ဘောလှုပ်တဲ့အတွက် ခရီးသည်တွေ လှိုင်းမူးနေကြတယ်။
- The ***movement*** of the dancer was very graceful.
  ကချေသည်မလေးရဲ့ လှုပ်ရှားမှုက ကျက်သရေရှိတယ်။

## (293) mourning / layment / regret

| | | |
|---|---|---|
| mourning | = | ငိုကြွေးခြင်း |
| layment | = | ပူဆွေးလွမ်းဆွတ်ခြင်း |
| regret | = | နောင်တရခြင်း၊ ပူပန်ခြင်း |

- As a sign of ***mourning*** his wife is wearing black.
  ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ သူ့ဇနီး အနက်ရောင်ကို ဝတ်ထားတယ်။
- The ***layment*** of the mourners was heard during the funeral.
  ပူဆွေးလွမ်းဆွတ်တဲ့ ငိုကြွေးသံကို မီးသင်္ဂြိုဟ်စဉ်မှာ ကြားရတယ်။
- Some of those invited to dinner sent their ***regrets.***
  ထမင်းစား ဖိတ်ထားတဲ့ လူအချို့ဟာ မလာနိုင်လို့ ဝမ်းနည်းကြောင်း သတင်းပို့လိုက်တယ်။

## (294) money / coin / cash

| | | |
|---|---|---|
| money | = | ငွေကြေး၊ ပိုက်ဆံ |
| coin | = | ဒင်္ဂါး၊ အကြွေ |
| cash | = | လက်ငင်းပေးငွေ၊ ငွေကြေး |

- He is saving ***money*** to buy a car.
  သူကားဝယ်ဖို့ ပိုက်ဆံ စုနေတယ်။
- She had several ***coins*** in her purse.
  သူ့ပိုက်ဆံအိတ်ထဲမှာ အကြွေတွေ အများကြီးပဲ။
- I didn't have any ***cash*** with me.
  ငါ့မှာလက်ငင်းပေးချေဖို့ ပိုက်ဆံပါမလာဘူး။

www.burmeseclassic.com

www.burmeseclassic.com



## (295) motive / purpose / reason

motive = အကြောင်းရင်း၊ ရည်ရွယ်ရင်း
purpose = ရည်ရွယ်ချက်၊ ကိစ္စ
reason = စဉ်းစားဆင်ခြင်ဉာဏ်၊ အကြောင်းပြချက်

- What was his ***motive*** for taking them on that trip.
  ဘာရည်ရွယ်ချက်နဲ့ သူတို့ကို ဒီခရီးမှာ ခေါ်မှာလဲ။
- The ***purpose*** of this trip was to visit a new factory.
  ဒီခရီးရဲ့ ရည်ရွယ်ချက်က စက်ရုံအသစ်ကို သွားရောက် လည်ပတ်ဖို့ပါဘဲ။
- I had ***reasons*** to think he was disloyal.
  သူသစ္စာမရှိဘူးလို့ ထင်စရာ အကြောင်း ကျွန်တော့မှာ ရှိတယ်။

## (296) motto / proverb / slogan

motto = ဆောင်ပုဒ်
proverb = စကားပုံ
slogan = ကြွေးကြော်သံ၊ သံချပ်

- “Be prepared’ is a good ***motto*** for scouts.
  “အသင့်ပြင်ထား”ဆိုတာ ကင်းထောက်တွေအတွက် အကောင်းဆုံး ဆောင်ပုဒ်ပဲ။
- We should learn ***proverbs*** for better speaking.
  စကားကောင်းကောင်း ပြောတတ်ချင်ရင် စကားပုံတွေ ကျက်ထားရမယ်။
- They were shouting ***slogans*** in Thingyan festival.
  သူတို့ သင်္ကြန်ပွဲတော်တုံးက သံချပ်တွေ ထိုးကြတယ်။

## (297) mound / hill / mountain / peak

mound = တောင်ဘို့(ပို့)၊ ကုန်းမို့ကလေး
hill = တောင်ကုန်း
mountain = တောင်တန်း၊ တောင်
peak = တောင်ထိပ်

- They built ***mounds*** over their dead.
  သူတို့ရဲ့ အလောင်းပေါ်မှာ မြေနည်းနည်းဖို့ထားတယ်။
- The ***mountain*** was surrounded by low ***hills.***
  တောင်တန်းကြီးကို တောင်ကုန်းများနဲ့ ဝန်းရံထားတယ်။
- This region was full of ***mountains.***
  ဒီဒေသကို တောင်တန်းတွေနဲ့ ဖုံးလွှမ်းထားတယ်။
- The ***peak*** of the mountain was covered with snow.
  တောင်ထိပ်ကို နှင်းတွေ ဖုံးလွှမ်းထားတယ်။



## (298) name / lable / title

name = အမည်၊ နာမည်
label = တံဆိပ်ကပ်ပြား
title = ဘွဲ့အမည်၊ ဂုဏ်ထူး

- What’s your ***name***?
  မင်းနာမည် ဘယ်လိုခေါ်သလဲ။
- Have you put the label on the luggage?
  မင်းခရီးသွားအိပ်ပေါ်မှာ နာမည်တပ်ပြီးပြီလား။
- What is the ***title*** of this book?
  ဒီစာအုပ်နာမည်က ဘာတဲ့လဲ။

## (299) note / memo / record

note = မှတ်စု၊ စာတို
memo = အမှတ်တရ ရေးသားချက်
record = မှတ်တမ်း၊ စံချိန်၊ ဓာတ်ပြား

- He is taking ***notes*** on the lecture.
  သူပို့ချချက်ကို မှတ်စု လိုက်ရေးနေတယ်။
- Please write me a ***memo*** in my note book.
  ငါ့မှတ်စု စာအုပ်ထဲမှာ အမှတ်တရ စာလေး ရေးပေးပါ။
- They have a ***record*** of their expenses.
  သူတို့မှာ အသုံးစရိတ်မှတ်တမ်းရှိတယ်။

## (300) notice / poster / sign

notice = သတိပေးစာ၊ ကြော်ငြာ
poster = နံရံကပ်ကြော်ငြာ၊ ဆိုင်းဘုတ်
sign = အမှတ်အသား၊ လက္ခဏာ

- The notice on the wall of the house said “for Sale”.
  အိမ်နံရံပေါ်မှာ “ရောင်းရန်”ဟု ကြော်ငြာ ကပ်ထားတယ်။
- Big ***posters*** can be seen on both sides of the road.
  လမ်းဘေးဝဲယာမှာ ကြော်ငြာ ဆိုင်းဘုတ်ကြီးများကို တွေ့နိုင်တယ်။
- There was no ***sign*** of danger here.
  ဒီနေရာမှာ ဘာအန္တရာယ်လက္ခဏာမှ မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (301) oath / promise / vow

oath = ကျမ်းသစ္စာ၊ ကျိန်ဆိုခြင်း
promise = ကတိ /ကတိသစ္စာ
vow = ကျိန်စာ၊ အဓိဋ္ဌာန်

- He placed his hand on the Bible when spoke the ***oath.***
  သူကျမ်းသစ္စာ ကျိန်ဆိုတဲ့အခါ သမ္မာကျမ်းစာအုပ်ပေါ်မှာ လက်တင်လိုက်တယ်။
- He gave us his ***promise*** that he would go.
  သူသွားမယ်လို့ ကျွန်တော်တို့ကို ကတိပေးတယ်။
- He made a ***vow*** to revenge his enemy.
  သူရန်သူကို လက်စားချေဖို့ အဓိဋ္ဌာန်ပြုလိုက်တယ်။

### (302) ocean / lagoon / sea

ocean = သမုဒ္ဒရာ
lagoon = ပင်လယ်ရေအိုင်
sea = ပင်လယ်

- We crossed the ***ocean*** in five days.
  ကျွန်တော်တို့ သမုဒ္ဒရာကြီးကို ငါးရက်နဲ့ ဖြတ်ကျော်ခဲ့တယ်။
- There is a ***lagoon*** on this island.
  ဒီကျွန်းပေါ်မှာ ရေအိုင်ကြီးတစ်ခုရှိတယ်။
- The boat has been at ***sea*** for an hour.
  လှေပင်လယ်ပြင်ထွက်သွားတာ တစ်နာရီလောက်ကြာပြီ။

### (303) operation / action / function

operation = ဆောင်ရွက်ခြင်း၊ ခွဲစိတ်ကုသခြင်း
action = ပြုလုပ်ခြင်း၊ ဆောင်ရွက်ခြင်း
function = ဆောင်ရွက်မှု၊ မိတ်ဆုံပွဲ

- The doctor was going to make an ***operation*** on my brother this morning.
  ဆရာဝန် ဒီမနက် ကျွန်တော်အကိုကို ခွဲလိမ့်မယ်။
- He is a man of ***action.***
  သူအပြောသမားမဟုတ်၊ အလုပ်သမား ဖြစ်သည်။
- The ***function*** of the watch is to keep time.
  နာရီရဲ့ လုပ်ဆောင်ချက်က အချိန်ကို ပြဖို့ပါပဲ။



### (304) orbit / course / revolution

orbit = ဂြိုလ်လှည့်ပတ်ခရီး
course = သွားရာလမ်းကြောင်း၊ သင်ကြားမှု အစီအစဉ်
revolution = လည်ပတ်ခြင်း၊ တော်လှန်ရေး

- The moon travels in an ***orbit*** around the earth.
  လသည် ကမ္ဘာပတ်လမ်းကြောင်းအတိုင်း သွားသည်။
- Our ship was off its ***course*** because of bad weather.
  ရာသီဥတု ဆိုးရွားလို့ ကျွန်တော်တို့ သင်္ဘောလမ်းကြောင်း ပြောင်းသွားတယ်။
- One ***revolution*** of the minute hand of a clock takes an hour.
  မိနစ် လက်တန့် တစ်ပတ်လည်ခြင်းသည် တစ်နာရီကြာသည်။

### (305) origin / source / root / start

origin = အစမူလ၊ အရင်းခံ
source = မူလအစ၊ အကြောင်းရင်း
root = အမြစ်၊ သစ်မြစ်၊ အရင်းအမြစ်မူလ
start = အစ၊ အစပြုခြင်း

- The ***origin*** of this river is a stream in the mountains.
  ဒီမြစ်ဟာ တောင်ပေါ်ချောင်းကလေးတစ်ခုက စတာဖြစ်တယ်။
- This region is an important ***source*** of coal.
  ဒီဒေသက အရေးကြီးတဲ့ ကျောက်မီးသွေး စတင်တွေ့ရှိတဲ့ ဒေသဖြစ်တယ်။
- Improper food was the ***root*** of her trouble.
  မကောင်းတဲ့ အစားအစာတွေက သူမဒုက္ခရောက်ရတဲ့ အကြောင်းရင်းဘဲ။
- He made a good ***start*** on his work.
  သူအလုပ်ကို ကောင်းကောင်းစပြီး လုပ်ပါတယ်။

### (306) outcome / profit / result

outcome = အကျိုးကျေးဇူး၊ ရလာဒ်
profit = အမြတ်အစွန်း
result = အကျိုးသက်ရောက်မှု

- What is the ***outcome*** of the race?
  ပြိုင်ပွဲရဲ့ ရလာဒ်က ဘာလဲ(ဘယ်သူနိုင်လဲ)။
- They made great ***profits*** from manufacturing cars.
  သူကားထုတ်လုပ်တာ အမြတ် အများကြီးရတယ်။
- I became ill as a ***result*** of my long journey.
  ငါခရီးရှည်သွားခဲ့လို့ ဖျားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (307) outline / plan / sketch

outline = အဓိက အချက်များကို ဖော်ပြခြင်း
plan = ပုံစံ ၊ ကြိုတင်စီစဉ်ခြင်း
sketch = ပုံကြမ်း၊ အကျဉ်းချုပ် ဖော်ပြချက်

- He showed the publisher the ***outline*** of the book he wanted to write.
  သူရေးချင်တဲ့ စာအုပ်ရဲ့ အဓိက အချက်များကို ထုတ်ဝေသူကို ပြခဲ့တယ်။
- This is the ***plan*** of our new house.
  ဒါကျွန်တော်တို့ အိမ်အသစ်ရဲ့ ပုံစံပဲ။
- His ***sketch*** included the main points of his plan.
  သူ့ပုံကြမ်းထဲမှာ ပုံစံရဲ့ အဓိက အချက်တွေ အားလုံးပါတယ်။

### (308) outsider / foreigner / stranger

outsider = အပြင်လူ
foreigner = နိုင်ငံခြားသား
stranger = လူစိမ်း၊ ဧည့်သည်

- ***Outsiders*** were not allowed to attend the meeting.
  အစည်းအဝေးကို အပြင်လူတွေ တက်ခွင့်မရှိဘူး။
- We sometimes see ***foreigners*** at the pagoda.
  ကျွန်တော်တို့ တစ်ခါတစ်ရံ နိုင်ငံခြားသားတွေကို ဘုရားကြီးမှာ တွေ့ရတယ်။
- There was a ***stranger*** at the door of the house.
  အိမ်ရှေ့တံခါးမှာ ဧည့်သည် လူစိမ်းတစ်ယောက် ရောက်နေတယ်။

### (309) order / arrangement / sequence

order = အစီအစဉ်၊ အထားအသို
arrangement = အစီအစဉ်ပြုလုပ်ခြင်း
sequence = အစီအစဉ်၊ စီစဉ်မှု

- The words in this book are in alphabetical ***order***.
  ဒီစာအုပ်ထဲက စကားလုံးတွေကို အက္ခရာလိုက် စီစဉ်ထားပါတယ်။
- All the ***arrangements*** had been made for dinner.
  ညစာအတွက် အားလုံး အစီအစဉ်လုပ်ပြီး သွားပြီ။
- ***Sequence*** of sentences are not easy in English grammar.
  အင်္ဂလိပ် သဒ္ဒါမှာ ဝါကျတွေကို အစဉ်တကျ ထားတတ်ဖို့ မလွယ်ဘူး။



### (310) pain / ache / distress / suffering

pain = နာကျင်ခြင်း၊ ဝေဒနာ
ache = နာကျင်ကိုက်ခဲခြင်း
distress = ဝေဒနာ၊ သောကပရိဒေဝ
suffering = ဝေဒနာ ခံစားရခြင်း

- He was in great ***pain*** when he was ill
  သူဖျားတုံးက အတော် ဝေဒနာ ခံစားရတယ်။
- I have an ***ache*** in my teeth.
  ကျွန်တော် သွားကိုက်နေတယ်။
- The sick woman was in great ***distress***.
  လူမမာ အပြင်းအထန် ဝေဒနာ ခံစားနေတယ်။
- They are ***suffering*** from illness.
  သူအတော်ဖျားနေတယ် (အဖျားရောဂါ ခံစားနေရတယ်)။

### (311) pardon / excuses / forgiveness

pardon = ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း
excuses = ဆင်ခြေ၊ အကြောင်းပြချက်
forgiveness = ခွင့်လွှတ်ခြင်း၊ အပြစ်မယူခြင်း

- I beg your ***pardon***.
  သည်းခံပါခင်ဗျာ (ခုနပြောတာ မကြားလိုက်လို့ ပြန်ပြောပါဦး)။
- He had a good ***excuse*** for being late.
  သူ့မှာ နောက်ကျရတဲ့ အကြောင်းပြချက် ကောင်းကောင်းရှိတယ်။
- He asked for our ***forgiveness***.
  သူကျွန်တော်တို့ကို ခွင့်လွှတ်ဖို့ ပြောနေတယ်။

### (312) part / portion / piece (share)

part = အစိတ်အပိုင်း၊ အခန်းကဏ္ဍ
portion = အစိတ်အပိုင်း၊ ဝေစု
piece = အပိုင်းအစ၊ အစအန

- She was not hungry and ate only ***part*** of her lunch.
  သူဆိပ်မဆာလို့ နံနက်စာ နည်းနည်းပဲစားတယ်။
- She gave him a large ***portion*** of pie.
  သူမ မုန့်ကြီးတဲ့ အပိုင်းကို သူ့ကို ပေးလိုက်တယ်။
- Please give me a ***piece*** of writing paper.
  စာရေးဖို့ စာရွက်တစ်ရွက် ပေးပါလား။

www.burmeseclassic.com

www.burmeseclassic.com



### (313) passenger / tourist / traveller

passenger = ယာဉ်စီးသည်
tourist = အလည်အပတ် ခရီးသွားသူ
traveller = ခရီးသည်၊ ခရီးသွားသူ

- This ship can carry one hundred ***passengers.***
  ဒီသင်္ဘောက ခရီးသည်တစ်ရာတောင် တင်နိုင်တယ်။
- The ***tourists*** were warmly welcome to our country.
  ကျွန်တော်တို့နိုင်ငံက ကမ္ဘာလှည့် ခရီးသည်တွေကို နွေးထွေးစွာ ကြိုဆိုပါတယ်။
- The ***travellers*** were waiting for the high way bus on the road.
  ခရီးသည်များ လမ်းမကြီးပေါ်မှာ အဝေးပြေး ဘတ်စကားကို စောင့်နေကြတယ်။

### (314) patience / persistance / perseverance

patience = သည်းခံခြင်း၊ စိတ်ရှည်ခြင်း
persistance = ဇွဲရှိခြင်း၊ မပြတ်မနေလုပ်ခြင်း
perseverance = ဇွဲ၊ ဇွဲလုံ့လ

- Please bear the troubles with ***patience.***
  စိတ်ရှည်ရှည်နဲ့ သည်းခံပြီး ဒုက္ခခံလိုက်ပါအုံး။
- His ***persistance*** was finally rewarded when the boss gave him 5 day's leave.
  မရမချင်း ဇွဲနဲ့ တောင်းလို့ သူ့လူကြီးက သူ့ကို ခွင့်ငါးရက် ပေးလိုက်ရတယ်။
- You can not succeed without ***perseverance.***
  မင်းတို့ ဇွဲမရှိဘဲနဲ့တော့ မအောင်မြင်နိုင်ဘူး။

### (315) peace / quiet / serenity

peace = ငြိမ်းချမ်းခြင်း
quiet = တိတ်ဆိတ်ငြိမ်သက်ခြင်း
serenity = တည်ငြိမ်မှု

- We like the ***peace*** of country life.
  ကျွန်တော်တို့ တောမှာနေရတဲ့ ငြိမ်းချမ်းမှုကို ကြိုက်တယ်။
- I would like a few hours of ***quiet*** after the day's work.
  တစ်နေ့တာ အလုပ်ပြီးရင် ခေတ္တငြိမ်ငြိမ်လေး နားချင်တယ်။
- The hotel offers a heaven of peace and ***serenity*** away from the bustle of the city.
  ဒီဟော်တယ်က မြို့ထဲက ဆူဆူညံညံ အသံတွေနဲ့ ကင်းဝေးပြီး အလွန်တည်ငြိမ်အေးချမ်းမှုကို ပေးပါတယ်။



### (316) pen / cage / sty

pen = ကြက်ခြံ၊ သိုးခြံ
cage = ငှက်လှောင်အိမ်
sty = ဝက်ခြံ

- The boy drove the ship into the ***pen.***
  လူကလေး သိုးတွေကို ခြံထဲသွင်းလိုက်တယ်။
- The bird escaped from its ***cage.***
  ငှက်ကလေး လှောင်ချိုင့်အတွင်းက လွတ်မြောက်ထွက်ပြေးတယ်။
- Pigs are kept in the ***sty.***
  ဝက်တွေကို ခြံထဲမှာ ထည့်ထားတယ်။

### (317) penalty / fine / punishment

penalty = အပြစ်ဒဏ်
fine = ဒဏ်ငွေ
punishment = အပြစ်ဒဏ်

- The ***penalty*** for his offense was five years in prison.
  သူ့ပြစ်မှုအတွက် ထောင်ငါးနှစ် အပြစ်ဒဏ်ချမှတ်လိုက်တယ်။
- There is a ***fine*** for driving too fast.
  ကားမြန်မြန်မောင်းရင် ဒဏ်ငွေချတယ်
- As a ***punishment***, he was sent to prison for his theft.
  သူခိုးမှုအတွက် အပြစ်ဒဏ်အနေနဲ့ ထောင်ချလိုက်တယ်။

### (318) people / race / tribe

people = လူများ၊ တိုင်းသူပြည်သားများ
race = လူမျိုး
tribe = လူမျိုးစု

- Ten ***people*** live in this house.
  ဒီအိမ်ထဲမှာ လူဆယ်ယောက်နေတယ်။
- People of many ***races*** settled in our country.
  ကျွန်တော်တို့ နိုင်ငံမှာ လူအမျိုးမျိုးနေထိုင်ကြတယ်။
- Members of that ***tribe*** settled along the river.
  အဲဒီလူမျိုးစုဝင်တွေက မြစ်ရိုးတစ်လျှောက်မှာ နေထိုင်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (319) picture / painting / photograph

picture = ရုပ်ပုံ၊ ပန်းချီကား

painting = ပန်းချီဆွဲခြင်း၊ ပန်းချီကား

photograph = ဓာတ်ပုံ

- That *picture* of the President is seen often in the newspaper.
  သမ္မတကြီးရဲ့ ဒီပုံကို သတင်းစာထဲမှာ မကြာခဏတွေ့ရတယ်။
- His *paintings* were kept on the wall.
  သူ့ပန်းချီကားတွေကို နံရံပေါ်မှာ ချိတ်ထားတယ်။
- Whose *photograph* is that?
  အဲဒါ ဘယ်သူ့ဓာတ်ပုံလဲ။

### (320) pin / clip / peg

pin = တွယ်အပ်၊ ပင်အပ်

clip = ညှပ်

peg = စို့၊ စို့ချောင်း၊ ချိတ်

- She used a *pin* to fasten the flower to her dress.
  သူမ ပန်းပွင့်ကလေးကို ပင်အပ်နဲ့ အင်္ကျီမှာ ထိုးထားတယ်။
- The papers were fastened together with a *clip.*
  စက္ကူများကို ညှပ်နဲ့မြဲအောင်လုပ်ထားတယ်။
- He hung his hat on a *peg.*
  သူ့ဦးထုပ်ကို ချိတ်မှာ ချိတ်ထားဘယ်။

### (321) pioneer / guide / leader

pioneer = စတင်လုပ်ကိုင်သူ/ဦးဆောင်သူ

guide = လမ်းပြသူ၊ လမ်းညွှန်စာအုပ်

leader = ဦးဆောင်သူ၊ ခေါင်းဆောင်

- John Glenn was a *pioneer* in space travel.
  ဂျွန်ဂလဲန်သည် အာကာသထဲကို စတင်သွားလာသူဖြစ်သည်။
- A *guide* led us through the mountains.
  လမ်းပြသူက ကျွန်တော်တို့ကို တောင်တန်းတွေ ဖြတ်ပြီး ခေါ်သွားတယ်။
- The good *leader* should have good followers.
  ခေါင်းဆောင်ကောင်းတွေမှာ နောက်လိုက်ကောင်းတွေ ရှိရမယ်။



### (322) pistol / gun / revolver / weapon

pistol = သေနတ်တို

gun = သေနတ်

revolver = ခြောက်လုံးပြူး

weapon = လက်နက်

- The robber had a *pistol* hidden under his coat.
  ဓားပြမှာ ကုတ်အင်္ကျီထဲ၌ သေနတ်တို တစ်လက်ပါတယ်။
- The *guns* destroyed the enemy's building across the river.
  မြစ်တစ်ဖက်ကမ်းရှိ ရန်သူရဲ့ အဆောက်အဦတွေကို သေနတ်တွေနဲ့ ဖျက်ဆီးပစ်လိုက်တယ်။
- He had a *revolver* in his hand.
  သူလက်ထဲမှာ ၆ လုံးပြူးသေနတ်တစ်လက်ရှိတယ်။
- The soldiers were cleaning their *weapons.*
  စစ်သားတွေဟာ သူတို့ရဲ့ လက်နက်များကို တိုက်ချွတ်နေကြတယ်။

### (323) place / plot / space

place = နေရာ၊ အရပ်ဒေသ

plot = မြေကွက်ငယ်၊ ဝတ္ထုဇာတ်လမ်း

space = အာကာသ၊ နေရာ ဟင်းလင်းပြင်

- What's the name of your native *place?*
  မင်းရဲ့ မွေးရပ်ဇာတိက ဘာလဲ။
- He intends to build a house on this *plot.*
  သူဒီမြေကွက်ပေါ်မှာ အိမ်ဆောက်ဖို့ စိတ်ကူးထားတယ်။
- I could not find the *space* to park my car.
  ငါကားရပ်ဖို့ နေရာလွတ်ကို မတွေ့သေးဘူး။

### (324) platform / pavement / stage

platform = စင်မြင့်၊ ခုံမြင့်

pavement = လူသွားလမ်း၊ စင်္ကြံ

stage = ဇာတ်ခုံ၊ စင်မြင်

- The president stood on the *platform* to give his speech.
  သမ္မတကြီး မိန့်ခွန်းပြောဖို့ စင်မြင့်ပေါ်မှာ ရပ်ခဲ့တယ်။
- People walked on the *pavement.*
  လူတွေ စင်္ကြံလမ်းပေါ်က လျှောက်သွားကြတယ်။
- There were two actors on the *stage.*
  ဇာတ်ခုံပေါ်မှာ မင်းသား ၂ ယောက်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(325) play / performance / show**

play = ပြဇာတ်
performance = ကပွဲ၊ ကပြခြင်း
show = ပြပွဲ

- The actor's performance in the *play* was a great success.
  ပြဇာတ်ထဲမှာ မင်းသားသရုပ်ဆောင်တာ သိပ်အောင်မြင်တယ်။
- There will be a *performance* in the hall tonight.
  ဒီနေ့ ညခန်းမကြီးထဲမှာ ကပွဲရှိလိမ့်မယ်။
- Did you enjoy the flower *show?*
  မင်း ပန်းပြပွဲသွားခဲ့တာ သဘောကျခဲ့ရဲ့လား။

**(326) plaything / toy / game**

plaything = ကစားစရာ၊ ပစ္စည်း
toy = အရုပ်၊ ကစားစရာ အရုပ်
game = ကစားနည်း

- They put their *playthings* away.
  သူတို့ ကစားစရာပစ္စည်းတွေကို သိမ်းထားလိုက်တယ်။
- The children were playing with *toy-cars.*
  ကလေးတွေ ကားရုပ်တွေနဲ့ ကစားနေကြတယ်။
- What *game* did you play at the party?
  မင်းပါတီမှာ ဘာကစားနည်းကို ကစားခဲ့သလဲ။

**(327) poem / poetry / verse**

poem = ကဗျာ၊ လင်္ကာ
poetry = ကဗျာလင်္ကာ၊ အလင်္ကာအတတ်
verse = လင်္ကာ၊ ကဗျာ

- He wrote many short *poems.*
  သူကဗျာတိုလေးတွေ များများရေးတယ်။
- One volume of his *poetry* has been published.
  သူ့ကဗျာစာအုပ်တစ်အုပ် ထုတ်ဝေပြီးပြီ။
- This poem has eight *verses.*
  သူကဗျာထဲမှာ လင်္ကာ ၈ ခုပါတယ်။



**(328) policy / rule / system**

policy = စည်းမျဉ်း၊ မူဝါဒ၊ လမ်းစဉ်
rule = အုပ်ချုပ်ခြင်း၊ စည်းကမ်း
system = လုပ်ပုံလုပ်နည်း၊ စနစ်

- He is writing a book about the foreign *policy* of his country.
  သူ့နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ် ရေးနေတယ်။
- Students must obey the school *rules.*
  ကျောင်းသားတွေဟာ ကျောင်းစည်းကမ်းကို လိုက်နာရမယ်။
- What is their *system* of government?
  အစိုးရရဲ့ အုပ်ချုပ်ပုံနည်းစနစ်က ဘာလဲ။

**(329) porch / portico / veranda**

porch = ဆင်ဝင်၊ ဝရံတာ (အမေရိကန်)
portico = ဆင်ဝင်
veranda = ဝရံတာ၊ အိမ်ရှေ့အဖီ

- We stood on the *porch* watching the rain.
  ကျွန်တော် ဝရံတာမှာ ရပ်ပြီး မိုးရွာတာကို ကြည့်နေကြတယ်။
- We have a *portico* in our house.
  ကျွန်တော်တို့အိမ်မှာ ဆင်ဝင်ပါတယ်။
- After dinner, we sat talking on the *veranda.*
  ညစာ စားပြီးတော့ ကျွန်တော်တို့ အိမ်ရှေ့ ဝရံတာမှာ စကားထိုင်ပြောကြတယ်။

**(330) post / pole / piller**

post = တိုင်၊ စာတိုက်၊ ရာထူးနေရာ
pole = တိုင်၊ ထိုးဝါး
piller = တိုင်၊ တိုင်လုံး

- The fence *posts* were set 10 ft apart.
  ဝင်းထရံတိုင်တွေကို ၁၀' အကွာမှာ စိုက်ထားတယ်။
- We took our fishing *poles* with us.
  ကျွန်တော်တို့နဲ့အတူ ငါးမျှားတံတွေ ယူသွားကြတယ်။
- The roof of the porch was supported by brick *pillers.*
  အိမ်ဆင်ဝင်အမိုးကို အုတ်တိုင်ကြီးတွေနဲ့ ထောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (331) pot / saucepan / vessel

pot = အိုး
saucepan = ဒယ်အိုးကင်း (လက်ကိုင်ပါ)
vessel = ခွက်၊ ထည့်စရာပစ္စည်း၊ လှေသင်္ဘော

- A *pot* of flowers was on the table.
  စားပွဲပေါ်မှာ ပန်းအိုးတစ်လုံးရှိတယ်။
- She fried an egg in a *saucepan*.
  သူ ဒယ်အိုးနဲ့ ကြက်ဥတစ်လုံး ကျော်လိုက်တယ်။
- Bowls, cups and bottles were among the ancient *vessels* they found.
  သူတို့တွေ့တဲ့ ရှေးဟောင်းပစ္စည်းတွေထဲမှာ ပုဂံခွက်ယောက်နဲ့ ပုလင်းတွေပါတယ်။

### (332) preface / foreword / introduction

preface = နိဒါန်း၊ အချီး
foreword = အမှာစာ၊ ကျမ်းဦးစကား
introduction = မိတ်ဆက်ခြင်း၊ နိဒါန်း၊ ပဏာမ

- In the *preface*, he explained why he wrote this book.
  သူဒီစာအုပ်ကို ဘာကြောင့် ရေးရတယ်ဆိုတာ နိဒါန်းအချီးမှာ ဖော်ပြထားတယ်။
- It's a good idea to read the *foreword* before you buy a book.
  စာအုပ်တစ်အုပ်ကို မဝယ်ခင် အမှာစာကို ဖတ်တာ အကောင်းဆုံးပဲ။
- This book has an excellent *introduction* and notes.
  ဒီစာအုပ်ထဲမှာ နိဒါန်းပိုင်း သိပ်ကောင်းပြီး မှတ်သားစရာ အချက်တွေ ပါတယ်။

### (333) procedure / process / system

procedure = ဆောင်ရွက်မှု အစီအစဉ်၊ နည်းလမ်း
process = လမ်းစဉ်၊ လုပ်ရပ်၊ လုပ်ထုံး
system = လုပ်ပုံ၊ လုပ်နည်း၊ စနစ်

- The new secretary learned the *procedures* in the office.
  အတွင်းရေးမှူးအသစ်က ဒီရုံးရဲ့ လုပ်ထုံးလုပ်နည်းတွေကို သင်ယူခဲ့တယ်။
- The *process* of making rubber was developed many years.
  ကြက်ပေါင်စေး ထုတ်လုပ်ပုံ အဆင့်ဆင့် တိုးတက်လာတာ ကြာပြီ။
- What is their *system* of government?
  သူတို့ အစိုးရရဲ့ အုပ်ချုပ်ပုံစနစ်က ဘာလဲ။



### (334) procession / parade / march

procession = စီတန်းလှည့်လည်ခြင်း
parade = စစ်ရေးပြခြင်း
march = ချီတက်ခြင်း

- We were among those in the wedding *procession*.
  မင်္ဂလာဆောင် လျှောက်လာတဲ့ အဖွဲ့ထဲမှာ ကျွန်တော်တို့ ပါတယ်။
- Our school band was among the groups in the *parade*.
  စစ်ရေးပြအဖွဲ့ထဲမှာ ကျွန်တော်တို့ ကျောင်းဘင်ခရာအဖွဲ့ပါတယ်။
- The troops were on the *march*.
  စစ်သားတွေ ချီတက်လမ်းလျှောက်နေကြတယ်။

### (335) profession / occupation / vocation

profession = အသက်မွေးဝမ်းကြောင်းအလုပ်
occupation = ရာထူး အလုပ်အကိုင်
vocation = အသက်မွေးမှု အလုပ်အကိုင်

- He is preparing for the teaching *profession*.
  သူသင်ကြားရေးနဲ့ အသက်မွေးဖို့ ပြင်ဆင်နေတယ်။
- He said his *occupation* was that of a student.
  သူ သူ့ရဲ့ အလုပ်အကိုင်က ကျောင်းသားလို့ ပြောတယ်။
- He has not yet discovered a *vocation*.
  သူအခုထက်ထိ အလုပ်မရသေးဘူး။

### (336) project / plan / proposal

project = စီမံကိန်း
plan = ပုံစံ၊ စီမံကိန်း၊ ရာထားချက်
proposal = တင်သွင်းသည့် အဆို၊ အကြံပေးချက်

- The road building *project* was discussed at the meeting.
  လမ်းဖောက်လုပ်ဖို့ စီမံချက်ကို အစည်းအဝေးမှာ ဆွေးနွေးကြတယ်။
- Our *plan* is to go to the beach.
  ငါတို့အစီအစဉ်က ပင်လယ်ကမ်းခြေကို သွားဖို့ပါဘဲ။
- All the members accept his *proposal* for a new building.
  အဖွဲ့ဝင်အားလုံးက အဆောက်အဦးအသစ်ရဲ့ သူ့အကြံပြုချက်ကို လက်ခံကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (337) proof / evidence / confirmation

proof = သက်သေ၊ သက်သေပြချက်
evidence = အထောက်အထား၊ သက်သေသာဓက
confirmation = အတည်ပြုချက်

- The man was freed when his lawyer offered ***proof*** that he was innocent.
  သူ့မှာ အပြစ်မရှိကြောင်း သူ့ရှေ့နေက သက်သေအထင်အရှား ပြနိုင်တဲ့အတွက် လူကြီးလွတ်မြောက်သွားတယ်။
- From the ***evidence,*** the police believed two people committed the crime.
  သက်သေ အထောက်အထားအရ လူနှစ်ယောက်လုံး ရာဇဝတ်မှု ကျူးလွန်ကြောင်း ရဲက ယုံကြည်ထားတယ်။
- We get no ***confirmation*** on his report.
  သူ့အစီရင်ခံစာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အတည်ပြုချက် မရသေးဘူး။

### (338) provisions / supplies / stock

provisions = စားနပ်ရိက္ခာ
supplies = အထောက်အပံ့ပစ္စည်းများ
stock = သိုလှောင်ထားသည့် ပစ္စည်းများ

- We carried our ***provisions*** with us.
  ကျွန်တော်တို့နဲ့အတူ စားနပ်ရိက္ခာများကို ယူသွားကြတယ်။
- Our ***supply*** of flour is very low.
  ကျွန်တော်တို့ကို ပေးထားတဲ့ ဂျုံအရေအတွက်ပမာဏက နည်းနေပြီ။
- That store has a large ***stock*** of goods for sale.
  ဒီစတိုထဲမှာ ရောင်းစရာပစ္စည်းတွေ အများကြီးရှိတယ်။

### (339) public / people / society

public = ပြည်သူလူထု
people = လူများ၊ တိုင်းသူပြည်သားများ
society = လူ့အဖွဲ့အစည်း၊ လူ့ဘောင်လောက

- He borrowed two books from the ***public*** library.
  သူ ပြည်သူ့ပိုင် စာကြည့်တိုက်က စာအုပ်နှစ်အုပ် ငှားလာခဲ့တယ်။
- There are ten ***people*** living in this house.
  ဒီအိမ်မှာ လူဆယ်ယောက် နေထိုင်ကြတယ်။
- One must obey the rules of ***society***.
  လူတိုင်း လူ့အဖွဲ့အစည်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမယ်။



### (340) pupil / learner / student (scholar)

pupil = တပည့်
learner = စာသင်သား
student = ကျောင်းသား

- Only ten ***pupils*** are in my class.
  ကျွန်တော့် အတန်းထဲမှာ တပည့် ၁၀ ယောက်ပဲရှိတယ်။
- He is a ***learner*** of this music school.
  သူဂီတ ပညာသင်ကျောင်းမှာ ပညာသင်နေသူဖြစ်တယ်။
- She will be a college ***student*** next year.
  သူလာမဲ့နှစ်မှာ တက္ကသိုလ် ကျောင်းသူကြီးဖြစ်တော့မယ်။

### (341) puzzle / question / riddle

puzzle = ပဟေဠိ၊ စကားထာ
question = မေးခွန်း၊ အမေးပုစ္ဆာ
riddle = စကားထာ၊ ခက်ခဲသော ပုစ္ဆာ

- She has always been a ***puzzle*** to me.
  ငါ့အဖို့တော့ သူဟာ အမြဲတမ်း ပဟေဠိပဲ။
- He answered my ***question*** with facts.
  သူကျွန်တော့်မေးခွန်းကို အချက်အလက်တွေနဲ့ ဖြေတယ်။
- This ***riddle*** is very difficult to answer.
  ဒီစကားထာက အလွန်ဖြေဖို့ ခက်နေတယ်။

### (342) quarrel / argument / dispute

quarrel = ရန်ဖြစ်ခြင်း
argument = ငြင်းခုံခြင်း
dispute = အငြင်းပွားမှု

- We have not spoken to each other since our ***quarrel.***
  ရန်ဖြစ်ပြီးကတည်းက ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် စကားမပြောတော့ဘူး။
- There was a big ***argument*** at the restaurant about the football match.
  စားသောက်ဆိုင်မှာ ဘောလုံးပွဲနဲ့ ပတ်သက်ပြီး အငြင်းပွားနေကြတယ်။
- They had a better ***dispute*** about money .
  သူတို့ ငွေရေးကြေးရေး ပတ်သက်ပြီး အကြီးအကျယ်အငြင်းပွားနေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (343) race / nation / tribe

race = လူမျိုး
nation = အမျိုးသား/နိုင်ငံ
tribe = လူမျိုးစု

- People of many *races* settled in the United States.
  အမေရိကန် ပြည်ထောင်စုမှာ လူမျိုးပေါင်းများစွာ နေကြတယ်။
- The United States of America is one *nation*.
  အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။
- Members of that *tribe* settled along the river.
  အဲဒီလူမျိုးစု အဖွဲ့ဝင်တွေဟာ မြစ်ကမ်းတစ်လျှောက်မှာ နေကြတယ်။

### (344) rag / cloth / wiper

rag = အဝတ်စုတ်
cloth = အဝတ်စ၊ ပိတ်စ
wiper = မိုးရေသုတ် ကိရိယာ

- He wiped his shoes with an old *rag*.
  သူ့ဖိနပ်တွေကို သူအဝတ်စုတ်နဲ့ သုတ်တယ်။
- She bought *cloth* for a dress.
  သူမ အင်္ကျီချုပ်ဖို့ ပိတ်စဝယ်လာတယ်။
- His car had a good *wiper*.
  သူ့ကားမှာ ရေသုတ်ကိရိယာ ကောင်းကောင်းပါတယ်။

### (345) rail / fense / bar

rail = လက်ရန်း၊ အရံအတား
fense = ခြံစည်းရိုး၊ ဝင်းထရံ
bar = အချောင်း၊ အတားအဆီး၊ အရက်ဆိုင်

- He leaned over the boat *rail* to look at the water.
  သူရေပြင်ကို ကြည့်ချင်လို့ သင်္ဘောလက်ရန်းကို မှီနေတယ်။
- There is no *fence* in some villages.
  အချို့ရွာတွေမှာ ခြံစည်းရိုးမရှိကြဘူး။
- The iron *bars* of the prison windows were two inches apart.
  အကျဉ်းထောင် ပြူတင်းပေါက်တန်းတွေကို နှစ်လက်မစီ ခြားထားတယ်။



### (346) ramble / stroll / wander

ramble = လျှောက်လည်မြင်း
stroll = လှည့်ပတ်သွားလာခြင်း
wandering = လှည့်လည်သွားလာခြင်း

- Let's take a *ramble* along the beach.
  ပင်လယ်ကမ်းခြေတစ်လျှောက် လျှောက်သွားရအောင်။
- We went for a *stroll* along the river after dinner.
  ကျွန်တော်တို့ ညစာ စားပြီး လမ်းလျှောက်ထွက်ကြတယ်။
- They liked *wandering* through the wood to pluck wild flowers.
  သူတို့ ပန်းရိုင်းတွေ ခူးဖို့ တောထဲလျှောက်သွားရတာ နှစ်သက်တယ်။

### (347) rascal / trickster / villain

rascal = လူဆိုး၊ လူယုတ်မာ
trickster = လူလိမ်
villain = လူကြမ်း၊ လူဆိုး

- The boy is a little *rascal*.
  ဒီကောင် တော်တော် ဆိုးတဲ့ ကောင်လေးဖြစ်တယ်။
- Take care of *tricksters* if you go on business.
  မင်းစီးပွားရေးလုပ်ရင် လူလိမ်တွေကို သတိထား။
- He was a *villain* in this story.
  ဒီဝတ္ထုထဲမှာ သူဟာ လူကြမ်းတစ်ယောက်ဖြစ်တယ်။

### (348) rate / proportion / ratio

rate = နှုန်း၊ စံနှုန်း
proportion = အချိုးအစား
ratio = အချိုး၊ နှိုင်းစာချက်

- He typed our letters at the *rate* of (80) words a minute.
  သူကျွန်တော်တို့ စာတွေကို တစ်မိနစ် အလုံး ၈၀ နှုန်းနဲ့ ရိုက်ပေးတယ်။
- The *proportion* of Sunny days to rainy days last month was four to one.
  ပြီးခဲ့တဲ့လက နေသာတဲ့ ရက်နဲ့ မိုးရွာတဲ့ရက်ဟာ ၄:၂ ဖြစ်တယ်။
- The *ratio* of successful candidates to applicants was one to five.
  လျှောက်လွှာတင်သူနဲ့ အောင်သူတွေကို နှိုင်းစာရင် ၅ ပုံ ၁ ပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



### (349) reaction / response / reception

reaction = တုန့်ပြန်ခြင်း၊ လှုပ်ရှားမှု၊ ဂယက်
response = ပြန်ကြားချက်၊ တုန့်ပြန်ချက်
reception = ကြိုဆိုဧည့်ခံခြင်း၊ လက်ခံရယူခြင်း

- What is the public *reaction*?
  လူတွေရဲ့ သဘောထားက ဘယ်လိုလဲ။
- There was no *response* to my appeal.
  ကျွန်တော့် မေတ္တာရပ်ခံချက်ကို ဘယ်သူမှ တုန့်ပြန်ပြောဆိုခြင်း မရှိဘူး။
- After the wedding ceremony, a *reception* was held in the garden.
  လက်ထပ်ပြီးတော့ ဧည့်ခံပွဲကို ဥယျာဉ်ထဲမှာ ကျင်းပခဲ့တယ်။

### (350) rebel / mutineer / traitor

rebel = သူပုန်၊ တော်လှန်သူ
mutineer = ပုန်ကန်ထကြွသူ၊ သူပုန်
traitor = သစ္စာဖောက်

- The *rebels* fought as they thought the government was bad.
  အစိုးရကို မကောင်းဘူးထင်လို့ သူပုန်တွေ တော်လှန် တိုက်ခိုက်ကြတယ်။
- The *mutineers* were defeated on the mountain.
  တောင်ကုန်းပေါ်မှာ သူပုန်တွေ အနိမ်နင်းခံနေရတယ်။
- The *traitor* sold secrets to the enemy.
  သစ္စာဖောက်က လျှို့ဝှက်ချက်တွေကို ရန်သူကို ရောင်းစားတယ်။

### (351) recess / rest / pause

recess = ခေတ္တရပ်နားချိန်
rest = အနားယူခြင်း၊ နားခြင်း
pause = ခေတ္တရပ်နားခြင်း

- During the *recess*, the children played in the school yard.
  ခေတ္တအားလပ်ချိန်မှာ ကလေးများ ကျောင်းဝန်းထဲမှာ ကစားကြတယ်။
- Have a *rest* or you will be so tired.
  မင်းသိပ်ပင်ပန်းနေလိမ့်မယ်၊ ခေတ္တအနားယူလိုက်အုံး။
- During the TV program, there were several *pauses* for advertisements.
  ရုပ်မြင်သံကြား အစီအစဉ်မှာ ကြော်ငြာတွေ အတွက် ခဏခဏ ရပ်နားနေတယ်။



### (352) rule / regulation / law

rule = စည်းကမ်း၊ စည်းမျဉ်း
regulation = နည်းဥပဒေ
law = တရားဥပဒေ၊ စီရင်ထုံး

- Students must obey the school *rules*.
  ကျောင်းသားများ ကျောင်းစည်းကမ်းကို လိုက်နာရမယ်။
- Every nation should follow or obey the *rules* and *regulations* of UNO.
  ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ရဲ့ စည်းကမ်းဥပဒေများကို နိုင်ငံတိုင်း လိုက်နာသင့်တယ်။
- He intends to study *law*.
  သူတရားဥပဒေကို လေ့လာဖို့ ရည်ရွယ်ထားတယ်။

### (353) response / answer / reply

response = ပြန်ကြားချက်၊ တုန့်ပြန်ချက်
answer = အဖြေ၊ ဖြေဆိုချက်
reply = ပြန်ကြားချက်၊ တုန့်ပြန်ချက်

- There was no *response* to my appeal.
  ငါ့ရဲ့ မေတ္တာရပ်ခံချက်ကို ဘာမှ အကြောင်း မပြန်ဘူး။
- What is your *answer* to this question?
  မင်း ဒီမေးခွန်းကို ဘယ်လိုဖြေမလဲ။
- There was no *reply* to my question.
  ငါမေးတာ ဘယ်သူမှပြန်မဖြေကြဘူး။

### (354) rest / remainder / supplies

rest = အကြွင်းအကျန်
remainder = အကြွင်း၊ အကျန်
supplies = အထောက်အပံ့ပစ္စည်းများ

- The *rest* of the students are taking a trip next week.
  ကျန်တဲ့ ကျောင်းသားတွေ နောက်တစ်ပတ် ခရီးထွက်ကြမယ်။
- I ate some and gave the *remainder* to her.
  ကျွန်တော် နည်းနည်းစားပြီး အကျန်ကို သူမ ပေးလိုက်တယ်။
- We have no *supply* of flour at home.
  ငါတို့ အိမ်မှာ ဂျုံပစ္စည်းမရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (355) river / stream / brook

river = မြစ်
stream = ချောင်း၊ စမ်းချောင်း
brook = ချောင်းငယ်

- After four weeks of rain , the ***river*** was swollen to flood level.
  သီတင်း လေးပတ်ကြာ မိုးရွာပြီးတဲ့နောက် မြစ်ရေလျှံလောက်အောင်မြင့်တက်လာတယ်။
- They walked along the bank of a ***stream.***
  သူတို့ စမ်းချောင်းဘေးမှာ လမ်းလျှောက်ကြတယ်။
- Children like to play in the ***brook.***
  ကလေးတွေ ချောင်းထဲမှာ ကစားရတာကို နှစ်သက်ကြတယ်။

### (356) rod / staff / stick

rod = တုတ်ချောင်း၊ အတံ
staff = တောင်ဝှေး၊ လက်ကိုင်တုတ်
stick = တုတ်ချောင်းကလေး

- She hung the curtain on a ***rod.***
  သူခန်းဆီးကို တုတ်ချောင်းနဲ့ ချိတ်ထားတယ်။
- He always walks with a ***staff.***
  သူအမြဲတမ်း တောင်ဝှေးနဲ့ လမ်းလျှောက်တယ်။
- We picked up ***sticks*** and used them to start a fire.
  ကျွန်တော်တို့ တုတ်ချောင်းလေးတွေ ကောက်ပြီး မီးမွေးကြတယ်။

### (357) role / character / function

role = ဇာတ်ကောင်၊ လုပ်ဆောင်မှု
character = ဇာတ်ကောင်၊ အကျင့်စာရိတ္တ
function = ဆောင်ရွက်မှု၊ ပွဲလမ်းသဘင်

- His ***role*** in that movie proved his acting ability.
  ဒီရုပ်ရှင်ထဲက သူ့ရဲ့လုပ်ဆောင်ချက်က သူ့ရဲ့သရုပ်ဆောင်မှုစွမ်းရည်ကို ပြနေတယ်။
- He was a man of good ***character.***
  သူသည် အကျင့်စာရိတ္တကောင်းသူတစ်ဦးဖြစ်သည်။
- What are the ***functions*** of the secretary?
  အတွင်းရေးမှူးရဲ့ လုပ်ဆောင်ချက်တွေက ဘာတွေလဲ။



### (358) row / rank / series

row = အတန်း၊ အစီအတန်း
rank = အစီအတန်း၊ ရာထူးအဆင့်
series = အစဉ်အဆက်၊ တသီတန်း

- The seats are arranged in ***rows.***
  ထိုင်ခုံတွေကို အတန်းလိုက် စီထားတယ်။
- He has the ***rank*** of major in the army.
  သူတပ်ထဲမှာ ဗိုလ်မှူးအဆင့်ရှိတယ်။
- He attended all the lectures in the ***series.***
  သူပို့ချချက်ကို အဆက်မပြတ် တက်ရောက်ခဲ့တယ်။

### (359) sample / example / specimen / model

sample = စံ/စံနမူနာ
example = ဥပမာ၊ သာဓက
specimen = နမူနာ၊ လူတစ်မျိုး
model = နမူနာပုံစံ၊ အတုယူရမည့်သူ

- She asked for a ***sample*** of the dress material.
  သူအဝတ်အထည်ပစ္စည်း နမူနာကို တောင်းခဲ့တယ်။
- This painting is an ***example*** of an artist's work.
  ဒီပန်းချီကားက ပန်းချီဆရာရဲ့ နမူနာ လက်ရာဖြစ်တယ်။
- We need to have ***speciemen*** signatures of the debtor.
  ကျွန်တော်တို့ ချေးယူသူတွေရဲ့ နမူနာ လက်မှတ်တွေကို ယူထားဖို့ လိုတယ်။
- The tacher was the student's ***modeL***
  ဆရာဆိုတာ ကျောင်းသားတွေ အတုယူရမည့်သူဖြစ်တယ်။

### (360) satisfaction / enjoyment / pleasure

satisfaction = ကျေနပ်စေခြင်း
enjoyment = ပျော်ရွှင်ခြင်း
pleasure = သာယာခြင်း၊ နှစ်သက်ခြင်း

- We have ***satisfaction*** of watching TV at night.
  ည တီဗီကြည့်ရတာ ကျွန်တော်တို့ သိပ်ပျော်တယ်။
- I get a lot of ***enjoyment*** from my riding a bicycle.
  စက်ဘီးစီးရတာ သိပ်ပျော်တယ်။
- He found ***pleasure*** in listening to music.
  သူသီချင်းနားထောင်ရတာကို အလွန်ပျော်ရွှင်နှစ်သက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (361) scene / spectacle / view

scene = ရှုခင်း၊ ဖြစ်ပွားသည့်နေရာ
spectacle(s) = မြင်ရသည့်အရာ၊ မျက်မှန်
view = ကြည့်ရှုလေ့လာပုံ၊ ရှုခင်း

- She likes to paint the winter *scenes*.
  သူဆောင်းရာသီရှုခင်းတွေကို ပန်းချီဆွဲရတာ နှစ်သက်တယ်။
- The sunset was stunning *spectacle*.
  နေဝင်ချိန်ဟာ အလွန်လှပတဲ့ ရှုခင်းဖြစ်တယ်။
- We have a *view* of the lake from the window.
  ကျွန်တော်တို့ ပြူတင်းပေါက်က ကန်တော်ကြီးရဲ့ ရှုခင်းကို မြင်နေရတယ်။

## (362) scheme / plan / program

scheme = စီမံကိန်း၊ စနစ်
plan = ပုံစံ၊ စီမံကိန်း၊ ရာထားချက်
program = လုပ်ငန်းစဉ်၊ အစီအစဉ်

- He had a *scheme* to get the old man's money.
  သူအဘိုးကြီးရဲ့ ပိုက်ဆံတွေကို ရဖို့ စီမံချက်ရှိတယ်။
- The *plans* for the new building are in my office.
  အဆောက်အဦးသစ်ပုံစံတွေက ကျွန်တော့် ရုံးခန်းထဲမှာ ရှိတယ်။
- The *program* included songs sung by the boys and girls.
  အစီအစဉ်ထဲမှာ ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေ ဆိုမယ့် သီချင်းတွေပါတယ်။

## (363) script / handwriting / writing

script = လက်ရေးလက်သား၊ ဇာတ်ညွှန်း
handwriting = လက်ရေး
writing = စာရေးသားခြင်း၊ အရေးအသား

- I recognized my father's careful *script*.
  ကျွန်တော်အဖေရဲ့ လက်ရေးလက်သားကို ကျွန်တော် မှတ်မိတယ်။
- Printing is easier to read than *handwriting*.
  လက်ရေးထက် ပုံနှိပ်စာလုံးတစ်လုံးကို ဖတ်ရတာ ပိုလွယ်တယ်။
- I have read all of his *writings*.
  သူ့အရေးအသားအားလုံးကို ကျွန်တော် ဖတ်ဖူးတယ်။



## (364) sense / sensation / feeling

sense = အာရုံ/အသိဉာဏ်
sensation = အာရုံ ခံစားမှု၊ စိတ်လှုပ်ရှားမှု
feeling = အတွေ့အထိ၊ အာရုံ၊ စိတ်ခံစားမှု

- He has no *sense*.
  သူမှာ အသိဉာဏ်မရှိဘူး။
- Touching the hot stove produced a painful *sensation*.
  မီးဖိုကို သွားကိုင်ရင် နာကျင်တဲ့ ခံစားမှုကို ရတယ်။
- She had a sudden *feeling* of envy when she saw the jewel.
  ကျောက်သံပတ္တမြားတွေကို မြင်တော့ သူမ ရုတ်တရက် လိုချင်စိတ် ပေါက်လာတယ်။

## (365) shade / shadow / gloom

shade = အရိပ်၊ အမှောင်ရောင်
shadow = အရိပ်၊ အမှောင်ရိပ်
gloom = အမှောင်၊ စိတ်ညှိုးငယ်ခြင်း

- We sat in the *shade* of a large tree.
  ကျွန်တော်တို့ သစ်ပင်ရိပ်မှာ ထိုင်ခဲ့ကြတယ်။
- With the light behind him, his *shadow* could be seen on the wall.
  သူ့နောက်က အလင်းရောင်နဲ့ သူ့အရိပ်ကို နံရံပေါ်မှာ မြင်ရတယ်။
- I heard footsteps but could see nothing in the *gloom*.
  ခြေသံကြားရပြီး အမှောင်ထဲမှာ ဘာကိုမှ မမြင်ရပါ။

## (366) shape / form / figure

shape = အသွင်အပြင်၊ ပုံပန်းသဏ္ဌာန်
form = ပုံသဏ္ဌာန်၊ ပုံစံ
figure = အသွင်၊ သဏ္ဌာန်၊ ဂဏာန်း

- An apple and an orange have almost the same *shape*.
  ပန်းသီးနဲ့ လိမ္မော်သီးဟာ ပုံပန်းသဏ္ဌာန်ချင်း အတူတူလိုပါပဲ။
- The *form* of a man appeared in the doorway.
  တံခါးပေါက်မှာ လူပုံသဏ္ဌာန်ပေါ်လာတယ်။
- She has a good *figure*.
  သူမ ကိုယ်လုံးကိုယ်ပေါက် အတော်လှတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (367) shawl / scarf / stole

| | | |
|---|---|---|
| shawl | = | ပုဝါ၊ ပုခုံးတင်စောင် |
| scarf | = | လည်စည်းပုဝါ၊ တဘက်ကလေး |
| stole | = | ခြုံပုဝါ |

- He ***shawl*** kept her warm.
  သူမရဲ့ ပုဝါကလေးက သူမကို နွေးထွေးစေတယ်။
- The green ***scarf*** was the colour of her gloves.
  သူမရဲ့ လက်အိတ်အရောင်ဟာ သူမရဲ့ အစိမ်းရောင် လည်စည်းကလေးအတိုင်းပါပဲ။
- The ***stole*** on her shoulders was very fine.
  သူမ ပုခုံးပေါ်က ပုဝါကလေးဟာ သိပ်လှတာပဲ။

## (368) shout / roar / yell

| | | |
|---|---|---|
| shout | = | အော်သံ |
| roar | = | ဟိန်းဟောက်သံ၊ ဟိန်းသံ |
| yell | = | စူးစူးဝါးဝါးအော်သံ |

- ***Shouts*** of laughter came from the crowd.
  လူအုပ်ကြီးထဲက ရယ်မောသံတွေ ထွက်လာတယ်။
- They could hear the ***roar*** of the ocean waves.
  သူတို့ ပင်လယ်ရေလှိုင်းသံတွေကို ကြားနေရတယ်။
- The baby's ***yell*** with pain made her mother frightened.
  ကလေးလေး နာကျင်လို့ စူးစူး အော်သံကြောင့် မိခင်လန့်သွားတယ်။

## (369) show / display / exhibition

| | | |
|---|---|---|
| show | = | ပြပွဲ၊ ကပွဲ |
| display | = | တည်ခင်းပြသခြင်း |
| exhibition | = | ပြပွဲ၊ တည်ခင်းပြသခြင်း |

- Did you enjoy the flower ***show?***
  ပန်းအလှပြပွဲကို မင်းသဘောကျလား။
- We enjoyed the interesting ***displays*** at the fair.
  ပွဲခင်းထဲမှာ စိတ်ဝင်စားစရာတွေ ပြသထားတာ ကျွန်တော်တို့ သဘောကျတယ်။
- There will be an ***exhibition*** of photographs in the City Hall.
  မြို့တော်ခန်းမထဲမှာ ဓာတ်ပုံပြပွဲတစ်ခု ပြုလုပ်လိမ့်မယ်။



## (370) sight / scene / view / vision

| | | |
|---|---|---|
| sight | = | အမြင်၊ မြင်နိုင်စွမ်း၊ မြင်ရသည့် အရာ |
| scene | = | ရှုခင်း၊ ဖြစ်ပျက်သည့် နေရာ |
| view | = | ရှုခင်း၊ ထင်မြင်ယူဆချက် |
| vision | = | စက္ခုအာရုံ၊ အမြင်အာရုံ |

- The old man had lost his ***sight.***
  အသက်ကြီးတဲ့ လူဟာ မျက်စေ့မှုန်လာတာပါပဲ။
- There are beautiful ***scenes*** in our country.
  ကျွန်တော်တို့ နိုင်ငံမှာ လှပတဲ့ ရှုခင်းတွေ အများကြီးပဲ။
- What are your ***views*** on this question?
  ဒီမေးခွန်းနဲ့ ပတ်သက်ပြီး မင်းရဲ့ အမြင်က ဘာလဲ။
- Glasses will improve her ***vision.***
  မျက်မှန်က သူမရဲ့ အမြင်ကို ကြည်လင်စေလိမ့်မယ်။

## (371) sign / symbol / token

| | | |
|---|---|---|
| sign | = | အမှတ်အသား၊ လက္ခဏာ |
| symbol | = | အထိမ်းအမှတ်၊ လက္ခဏာ |
| token | = | လက္ခဏာ၊ အမှတ်အသား၊ အထိမ်းအမှတ် |

- It is a good sign.
  ဒါကောင်းတဲ့ လက္ခဏာပဲ။
- The colour red is a ***symbol*** for danger in many countries.
  တိုင်းပြည်တော်တော်များများ အနီရောင်ဟာ အန္တရာယ်ကို ပြတဲ့ အမှတ်အသား ဖြစ်တယ်။
- This gift is a ***token*** of our respect for you.
  ဒီလက်ဆောင်ဟာ မင်းအတွက် လေးစားတဲ့ အထိမ်းအမှတ်ပါပဲ။

## (372) site / place / position

| | | |
|---|---|---|
| site | = | နေရာ၊ အရပ် (အိမ်ဆောက်မည့်နေရာ) |
| place | = | နေရာ၊ အရပ်ဒေသ |
| position | = | ရာထူးနေရာ၊ သဘောထား |

- This is the ***site*** of a famous battle.
  ဒီနေရာဟာ ထင်ရှားတဲ့ တိုက်ပွဲဖြစ်တဲ့နေရာဖြစ်တယ်။
- There are still many ***places*** we don't know.
  ကျွန်တော်တို့ မသိတဲ့ အရပ်ဒေသတွေ အများကြီးရှိသေးတယ်။
- He has a good ***position*** in the government.
  သူအစိုးရ အမှုထမ်းအဖြစ် ရာထူးကောင်းကောင်း ရထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (373) sketch / drawing / picture

sketch = ပုံကြမ်း
drawing = ရုပ်ပုံကားချပ်၊ ပုံဆွဲအတတ်
picture = ရုပ်ပုံ၊ ပန်းချီကားချပ်

- We like his sea *sketches* best.
  သူဆွဲထားတဲ့ ပင်လယ်ပုံကြမ်းကို အကြိုက်ဆုံးပဲ။
- She was interested in *drawing*.
  သူပန်းချီပညာကို စိတ်ဝင်စားတယ်။
- The *picture* of the president is often seen in the newspaper.
  သမ္မတကြီးရဲ့ ရုပ်ပုံသတင်းစာထဲမှာ ခဏခဏပါတယ်။

### (374) skill / ability / talent

skill = ကျွမ်းကျင်မှု၊ အစွမ်း
ability = စွမ်းရည်သတ္တိ
talent = စွမ်းရည်၊ စွမ်းရည်ရှိသူ

- He plays the piano with *skill*.
  သူစန္ဒရားကို ကောင်းကောင်းတီးတတ်တယ်။
- He has *ability* to carry heavy loads.
  သူလေးလံတဲ့ ဝန်ထုတ်တွေကို သယ်နိုင်တဲ့ စွမ်းရည်ရှိတယ်။
- He is a pianist of great *talent*.
  သူဟာ အလွန်ထူးချွန်တဲ့ စန္ဒယား ဆရာတစ်ယောက်ဖြစ်တယ်။

### (375) skin / peel / shell

skin = အရေပြား
peel = အခွံ
shell = အမြောက်ဆံ၊ အခွံမာ

- Her *skin* was smooth and soft.
  သူမရဲ့ အသားအရေက နူးညံ့ပြောပြောင်းတယ်။
- She used some orange *peel* to flaver the cake.
  ကိတ်မုန့်ကို အနံ့အရသာ ကောင်းအောင် လိမ္မော်ခွံထည့်သုံးတယ်။
- We collected many *shells* on the beach.
  ကျွန်တော်တို့ ပင်လယ်ကမ်းခြေမှာ ခရုခွံတွေ ကောက်ကြတယ်။



### (376) snare / net / trap

snare = ကျော့ကွင်း
net = ပိုက်ကွန်
trap = ထောင်ချောက်

- The hunter set *snares* to catch the birds.
  မုဆိုးသည် ငှက်များကို ဖမ်းရန် ကျော့ကွင်းထောင်သည်။
- The fishermen went out to sea with their *nets*.
  တံငါသည်များသည် ပိုက်ကွန်များနှင့် အတူပင်လယ်သို့ ထွက်ခဲ့ကြသည်။
- They put some meat in the *trap* to attract the lion.
  သူတို့ခြင်္သေ့ကို ဆွဲဆောင်ဖို့ ထောင်ချောက်ထဲမှာ အသားတွေ ကို ထားခဲ့ကြတယ်။

### (377) soil / earth / dirt

soil = အပေါ်ယံမြေဆီလွှာ
earth = မြေကြီး၊ မြေပြင်
dirt = ဖုံမှုန့်၊ အညစ်အကြေး

- The farmers tilled the *soil*.
  လယ်သမားများသည် မြေကို ထွန်ယက်စိုက်ပျိုးသည်။
- We live on *earth*.
  ကျွန်တော်တို့ ကမ္ဘာမြေပေါ်မှာ နေထိုင်ကြတယ်။
- She washed the *dirt* from her hand.
  သူမ လက်က ဖုန်မှုန့်တွေကို ဆေးကြောပစ်တယ်။

### (378) speech / lecture / talk

speech = စကား၊ မိန့်ခွန်း
lecture = ဟောပြောချက်၊ ပို့ချချက်
talk = ဆွေးနွေးမှု၊ ဟောပြောချက်

- They cheered him after his *speech*.
  သူမိန့်ခွန်းပြောပြီးတဲ့အခါ ချီးကျူးသြဘာပေးကြတယ်။
- The professor gave a *lecture* on English language.
  အင်္ဂလိပ်ဘာသာစကားနဲ့ ပတ်သက်ပြီး ပါမောက္ခက ဟောပြောပို့ချတယ်။
- I had a long *talk* with my friend.
  ကျွန်တော် သူငယ်ချင်းနဲ့ စကားတွေ အကြာကြီးပြောခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (379) stair / stairway / steps

stairs = လှေကား လှေကားထစ်များ
stairway = လှေကား
steps = ခြေလှမ်း၊ လှေကားထစ်

- Those ***stairs*** go up to bedroom.
  အဲဒီလှေကားက အိပ်ခန်းပေါ်ကို သွားတာ။
- The outside ***stairway*** leads to the garden.
  အပြင်ဘက်လှေကားက ဥယျာဉ်ထဲကို ဆင်းတာ
- The baby took his first ***steps*** today.
  ဒီနေ့ ကလေးလေးစပြီး လမ်းလျှောက်တယ်။

### (380) stock / supply / store

stock = သိုလှောင်ကုန်ပစ္စည်း
supply = ထောက်ပံ့သည့်ပစ္စည်း
store = သိမ်းဆည်းထားသည့် ပစ္စည်း

- The store had a large ***stock*** of goods for sale.
  ဒီစတိုခန်းထဲမှာ ရောင်းစရာပစ္စည်းတွေ အများကြီးရှိတယ်။
- Our ***supply*** of flour is very low.
  တို့ရဲ့ ဂျုံရိက္ခာထောက်ပံ့မှု တော်တော် နည်းသွားပြီ။
- They kept a large ***store*** of food in the kitchen.
  သူတို့ စားစရာပစ္စည်းတွေကို မီးဖိုခန်းထဲမှာ ထားတယ်။

### (381) store / market / shop

store = ကုန်စုံဆိုင်
market = ဈေး
shop = ဈေးဆိုင်

- She went to a ***store*** to buy bread.
  သူမ ပေါင်မုန့်ဝယ်ဖို့ ဆိုင်ကို သွားတယ်။
- He bought a shirt from the ***market***.
  သူဈေးက အင်္ကျီတစ်ထည် ဝယ်လာတယ်။
- They had a ***shop*** in the corner of the street.
  သူတို့မှာ လမ်းထောင့်မှာ ဆိုင်တစ်ဆိုင်ရှိတယ်။



### (382) strap / belt / strip

strap = သားရေကြိုးပြား
belt = ခါးပတ်
strip = အမြှောင်း၊ အမျှင်၊ အချောင်း

- The ***strap*** of her purse broke.
  သူမ ပိုက်ဆံအိပ်က သရေပြားလေး ပြတ်သွားတယ်။
- She wore a ***belt*** that match her dress.
  သူမ အဝတ်နဲ့ လိုက်မဲ့ ခါးပတ်ကလေးကို ပတ်ထားတယ်။
- He cut the paper into ***strip*** one inch wide.
  သူစက္ကူကို တစ်လက်မ အကျယ်အပိုင်းလေးတွေ ဖြတ်ခဲ့တယ်။

### (383) stroke / blow / knock

stroke = ရိုက်ချက်၊ ထုနှက်ချက်
blow = ထိုးချက်၊ ထုချက်
knock = ထုခြင်း၊ ရိုက်ခြင်း

- He broke the lock with one ***stroke*** of a hammer.
  သူသော့ခလောက်ကို တူနဲ့ တစ်ချက်ထဲနဲ့ ရိုက်ချိုးလိုက်တယ်။
- He was knocked to the ground with a ***blow*** of my fist.
  ကျွန်တော် လက်သီးတစ်ချက်ထဲနဲ့ သူ့ကို မြေကြီးပေါ်သို့ အလဲထိုးချလိုက်တယ်။
- I heard a ***knock*** on the door.
  ကျွန်တော် တံခါးခေါက်သံကြားလိုက်တယ်။

### (384) tape / ribbon / strip

tape = ကြိုးပြား၊ ပေကြိုး
ribbon = ဖဲပြား၊ အမျှင်
strip = အမြှောင်း၊ အမျှင်

- He measured the height of the door with his ***tape***.
  သူတံခါးအမြင့်ကို ပေကြိုးနဲ့ တိုင်းခဲ့တယ်။
- The girl wore the blue ***ribbon*** in her hair.
  မိန်းကလေး သူမခေါင်းမှာ ဖဲပြားအပြာလေး စည်းထားတယ်။
- His shirt has green ***strips***.
  သူ့အင်္ကျီမှာ အစိမ်းရောင် အစင်းကြောင်းလေးတွေ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (385) teacher / lecturer / professor / tutor

teacher = ကျောင်းဆရာ
lecturer = ကထိက၊ ဟောပြောသူ
professor = ပါမောက္ခ
tutor = နည်းပြဆရာ

- He is the ***teacher*** I admire most.
  သူသည် ကျွန်တော် အကြည်ညိုလေးစားဆုံးဆရာဖြစ်သည်။
- He was a ***lecturer*** in a university.
  သူတက္ကသိုလ်တစ်ခုက ကထိကတစ်ဦးဖြစ်တယ်။
- She was a ***professor*** of English .
  သူမ အင်္ဂလိပ်စာ ပါမောက္ခတစ်ဦးပါ။
- His father employed a ***tutor*** for him.
  သူ့အဖေက သူ့အတွက် နည်းပြဆရာတစ်ယောက် ခေါ်ပေးထားတယ်။

### (386) tone / noise / sound

tone = အသံ
noise = ဆူညံသံ
sound = အသံ

- I like the ***tone*** of this piano.
  ဒီစန္ဒယားအသံကို ငါသဘောကျတယ်။
- The children are making too much ***noise***.
  ကလေးတွေ သိပ်ဆူတာပဲ။
- They heard the ***sound*** of the train whistle.
  သူတို့ ရထားခရာမှုတ်သံကြားတယ်။

### (387) vacation / holiday / leisure

vacation = ရုံးပိတ်ရက်ရှည်၊ အားလပ်ရက်ရှည်
holiday = ရက်အား၊ အားလပ်သော ရက်
leisure = အချိန်အား၊ အားလပ်ချိန်

- The children are on ***vacation*** from school.
  ကလေးတွေ ကျောင်းပိတ်ထားတယ်။
- We spent our ***holiday*** at the seashore.
  ကျွန်ုပ်တို့ ကျောင်းပိတ်ရက်မှာ ပင်လယ်ကမ်းခြေမှာ အချိန်ဖြုန်းကြတယ်။
- He had no ***leisure*** for his favourite sport.
  သူ့မှာ ဝါသနာပါတဲ့ အားကစားလုပ်ဖို့တောင် အချိန်မရဘူး။



### (388) value / cost / worth

value = တန်ဖိုး
cost = ကုန်ကျစရိတ်၊ ကျသင့်ငွေ
worth = တန်ဖိုး၊ ထိုက်တန်ခြင်း

- He sets a high ***value*** on his time.
  သူအချိန်ကို သိပ်ပြီး တန်ဖိုးထားတယ်။
- The ***cost*** of the hat is high.
  ဦးထုပ်တန်ဖိုးက များတယ်။
- It is ***worth*** the price.
  ဒါ သူ့ဈေးနဲ့သူ တန်ပါတယ်။

### (389) vessel / ship / boat

vessel = လှေသင်္ဘော
ship = ပင်လယ်ကူးသင်္ဘော
boat = လှေ

- The ***vessel*** sailed at midnight.
  ညသန်းခေါင်ယံအချိန်လောက်မှာ သင်္ဘောထွက်သွားတယ်။
- The ***ship*** was loaded with tons of coal.
  သင်္ဘောကြီးပေါ်မှာ ကျောက်မီးသွေး တန်ချိန် အများကြီးတင်ထားတယ်။
- They travel by ***boat*** in this area.
  ဒီဒေသမှာ သူတို့ လှေနဲ့ ခရီးသွားလာကြတယ်။

### (390) victory / success / triumph

victory = အောင်ပွဲ၊ အောင်မြင်ခြင်း
success = အောင်မြင်မှု
triumph = ကြီးစွာသော အောင်မြင်မှု

- We won the ***vicotry*** in the football match.
  ကျွန်တော်တို့ ဘောလုံးကစားတာ အောင်ပွဲခံနိုင်ခဲ့တယ်။
- He had great ***success*** in his business.
  သူစီးပွားရေးလုပ်ငန်းမှာ အောင်မြင်နေတယ်။
- His ***triumph*** over poverty was an example to others.
  သူရဲ့ ဆင်းရဲခြင်းမှ လွတ်မြောက်အောင်မြင်မှုဟာ အခြားသူများအတွက် စံနမူနာ တစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## (391) virgin / maid / maiden

virgin = အပျိုစင်၊ အပျိုစစ်
maid = မိန်းမပျို၊ အစေခံမ
maiden = အပျိုစင်၊ မိန်းမပျို

- The young ***virgins*** danced on the stage.
  ဇာတ်ခုံပေါ်မှာ အပျိုလေးတွေကကြတယ်။
- The ***housemaid*** cleaned the room and made the beds.
  အိမ်ဖော်မလေးက အခန်းသန့်ရှင်းပြီး အိပ်ရာခင်းတယ်။
- She is a pretty ***maiden*** of sixteen.
  သူမသည် အသက် ၁၆ နှစ်အရွယ် လှပသည့် အပျိုချောလေးဖြစ်သည်။

## (392) virtue / goodness / morality

virtue = အကျင့်သီလကောင်းခြင်း
goodness = ကောင်းခြင်း
morality = ကိုယ်ကျင့်တရားကောင်းခြင်း

- Patience is one of her ***virtues.***
  သည်းခံခြင်းဟာ သူမရဲ့ ကောင်းမြတ်တဲ့ အကျင့်သီလပါပဲ။
- Every body praised her for her ***goodness*** to others.
  တစ်ခြားသူများအပေါ် ကောင်းတဲ့အတွက် သူမကို လူတိုင်းက ချီးမွမ်းကြတယ်။
- He is a man of high ***morality.***
  သူဟာ . အလွန်ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်တယ်။

## (393) warden / guard / jailer

warden = ထောင်မှူး၊ အဆောင်မှူး
gurd = အစောင့်အရှောက်
jailer = ထောင်မှူး

- The ***warden*** knows most of the prisoners by name.
  ထောင်မှူးက ထောင်သားတွေရဲ့ နာမည်အားလုံးလိုလို သိတယ်။
- He was on ***guard*** all night.
  သူကို တစ်ညလုံးစောင့်ရှောက်ထားပါတယ်။
- All the prisoners obey the ***jailer.***
  အကျဉ်းသားအားလုံး ထောင်မှူးစကားကို နားထောင်ကြတယ်။



## (394) warrior / fighter / soldier

warrior = စစ်သည်တော်၊ စစ်သား
fighter = တိုက်ခိုက်သူ
soldier = စစ်သား၊ စစ်သည်တော်

- He was a brave ***warrior.***
  သူရဲရင့်တဲ့ စစ်သားတစ်ယောက်ဖြစ်တယ်။
- He was a great ***fighter*** in the army.
  သူတပ်ထဲမှာ တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်တယ်။
- The ***soldiers*** must defend their country.
  စစ်သားများဟာ ကိုယ့်တိုင်းပြည်ကို ခုခံကာကွယ်ရမယ်။

## (395) wave / ripple / surf

wave = လှိုင်း၊ ရေလှိုင်း
ripple = ဂယက်၊ လှိုင်းဂယက်
surf = လှိုင်းလုံး၊ လှိုင်းမြှုတ်

- The ***waves*** carried him to ashore.
  ရေလှိုင်းတွေကြောင့် သူကမ်းခြေကို ရောက်သွားတယ်။
- There are ***ripples*** in the lake because of the wind.
  လေတိုက်လို့ ကန်ထဲမှာ လှိုင်းဂယက်လေးတွေ ဖြစ်လာတယ်။
- We heard the sound of ***surf*** breaking the beach.
  ကမ်းခြေကို ရိုက်ခတ်နေတဲ့ လှိုင်းလုံးသံကို ကြားရတယ်။

## (396) wintness / onlooker / spectator

wintness = သက်သေ၊ အထောက်အထား
onlooker = ပွဲကြည့်ပရိသတ်
spectator = ပွဲကြည့်သူ၊ ဘေးကကြည့်နေသူ

- I can bear ***witness*** to his character.
  သူ့စာရိတ္တကောင်းကြောင်း ကျွန်တော် သက်သေခံနိုင်ပါတယ်။
- A crowd of ***onlookers*** gathered at the scene of the accident.
  ထိခိုက်မှုဖြစ်တဲ့နေရာမှာ ကြည့်တဲ့လူတွေ စုပြုံလာကြတယ်။
- Many ***spectators*** watched the football game.
  ပွဲကြည့်သူအတော်များများ ဘောလုံးပွဲကြည့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (397) wrath / anger / rage

wrath = ပြင်းထန်သော ဒေါသ၊ ဒေါသအမျက်
anger = အမျက်ဒေါသ
rage = ပြင်းထန်သော ဒေါသ၊ အမျက်ကြီးခြင်း

- The *wrath* of the storm lessened.
  ပြင်းထန်တဲ့ မုန်တိုင်း အရှိန်လျော့နည်းသွားပြီ။
- The king's unjust laws cause great *anger*.
  ဘုရင်၏ မတရားတဲ့ ဥပဒေက အကြီးအကျယ်ဒေါသဖြစ်စေတယ်။
- He flew into a *rage* when he found they had gone with out him.
  သူ့ကို မခေါ်ဘဲထွက်သွားကြလို့ သူအကြီးအကျယ်ဒေါကန်နေတယ်။

### (398) will / desire / wish

will = ဆန္ဒ၊ သေတမ်းစာ
desire = ဆန္ဒ၊ ပြင်းပြသည့် ဆန္ဒ
wish = လိုအင်ဆန္ဒ၊ ဆုတောင်း

- The dying man prepared a *will*.
  သေခါနီး လူကြီးသည် သေတမ်းစာတစ်စောင်ကို ရေးခဲ့သည်။
- His grestest *desire* is to have peace.
  သူ့ရဲ့ အပြင်းပြဆုံးဆန္ဒက ငြိမ်းချမ်းဖို့ပါပဲ။
- He had no *wish* to see her.
  သူမကို သူ မတွေ့ချင်တော့ပါ။

### (399) wisdom / intelligence / knowledge

wisdom = ဉာဏ်ပညာ၊ အမြော်အမြင်
intelligence = အသိဉာဏ်၊ ဉာဏ်ကောင်းခြင်း
knowledge = အသိဉာဏ်၊ ဗဟုသုတ

- Our teacher is a man of *wisdom*.
  ကျွန်တော်တို့ဆရာသည် ပညာရှိတစ်ယောက်ဖြစ်သည်။
- She got five distinctions because of her *intelligence*.
  သူမ ဉာဏ်ကောင်းသောကြောင့် ဂုဏ်ထူး(၅)ခုရတယ်။
- Reading gives us *knowledge* and happiness.
  စာဖတ်ခြင်းသည် အသိဉာဏ်ဗဟုသုတနှင့် ပျော်ရွှင်မှုကို ပေးပါသည်။



### (1) abandon / leave / quit

abandon = စွန့်ပစ်သည်
leave = ချန်ထားသည်၊ ထွက်ခွာသည်
quit = ထွက်သွားသည်၊ လက်လျှော့သည်

- We should not *abandon* all hope.
  မျှော်လင့်ချက်အားလုံးကို ငါတို့ မစွန့်လွှတ်သင့်ဘူး။
- He *left* for London Yesterday.
  သူမနေ့က လန်ဒန်ကို ထွက်သွားတယ်။
- The doctor told his patient to *quit* smoking.
  ဆရာဝန်က သူ့လူနာကို ဆေးလိပ်မသောက်ဖို့ ပြောတယ်။

### (2) abolish / end / erase

abolish = ဖျက်သိမ်းသည်
end = ပြီးဆုံးသည်၊ အပြီးသတ်သည်
erase = ချေဖျက်ပစ်သည်

- We are trying to *abolish* disease.
  ငါတို့ ရောဂါကို ဖျက်သိမ်းဖို့ ကြိုးပမ်းနေကြတယ်။
- The road *ended* at the river.
  လမ်းမကြီးသည် မြစ်မှာ အဆုံးသတ်သွားသည်။
- The student *erased* his mistake on the examination paper.
  ကျောင်းသားသည် စာမေးပွဲအဖြေလွှာပေါ်မှာ သူ၏ အမှားကို ဖျက်ခဲ့သည်။

### (3) abridge / cut / shorten

abridge = အကျဉ်းချုံ့သည်
cut = ဖြတ်တောက်သည်၊ ပိုင်းဖြတ်သည်
shorten = တိုအောင်လုပ်သည်၊ ဖြတ်ပစ်သည်

- The 150 pages of the book were *abridged* to 100.
  ဒီစာအုပ်ကို စာမျက်နှာ ၁၅၀ က ၁၀၀ အထိ အကျဉ်းချုပ်လိုက်တယ်
- Please *cut* me a slice of bread.
  ငါ့ကို ပေါင်မုန့်တစ်ချပ်လှီးပေးစမ်း။
- She *shortened* her dress.
  သူမ သူမ၏ ဝတ်စုံကို ဖြတ်ပစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (4) absorb / consume / occupy

absorb = အရည်ကို စုပ်ယူသည်၊ စိတ်ဝင်စားသည်
consume = စားသုံးသည်
occupy = အချိန်ကို အလုပ်ဖြင့် အသုံးပြုသည်

- Most paper *absorbs* water.
  စက္ကူတော်တော်များများဟာ အရည်ကို စုပ်တယ်။
- Business *consumes* his time.
  သူ့အလုပ်လုပ်ငန်း အချိန်ကို ကုန်လွန်စေတယ်။
- He *occupied* himself with writing.
  သူစာရေးခြင်းဖြင့် အချိန်ကို အသုံးပြုခဲ့တယ်။

## (5) abuse / scold / upbraid

abuse = ဆဲသည်၊ ဆဲရေးတိုင်းထွာသည်
scold = ဆူသည်၊ ပြစ်တင်ကြိမ်းမောင်းသည်
upbraid = ပြစ်တင်ကြိမ်းမောင်းသည်

- He *abused* the man by beating and cursing him.
  သူလူကြီးကို ဆဲဆိုကြိမ်းမောင်းပြီး ရိုက်ခဲ့သည်။
- My father *scolded* me for coming home late.
  အဖေက ကျွန်တော့်ကို အိမ်ပြန်နောက်ကျလို့ ဆူတယ်။
- The teacher *upbraided* his pupils for not doing homeworks.
  ဆရာက သူ့တပည့်များကို အိမ်စာတွေ မလုပ်လို့ ပြစ်တင်ကြိမ်းမောင်းတယ်။

## (6) accept / receive / take

accept = လက်ခံသည်၊ လက်ခံရယူသည်
receive = လက်ခံရရှိသည်
take = ယူသွားသည်၊ ယူသည်

- He was happy to *accept* the gift.
  သူလက်ဆောင်ရတာ ပျော်တယ်။
- I *received* several books on art for my birthday.
  ကျွန်တော့်မွေးနေ့မှာ (ပန်းချီ) စာအုပ်များစွာ လက်ခံရရှိတယ်။
- They *took* my car to the pagoda.
  သူတို့ကျွန်တော့် ကားကို ဘုရားကို ယူသွားတယ်။



## (7) aid / assist / help

aid = ကူညီထောက်ပံ့သည်
assist = ကူညီသည်
help = ကူညီသည်၊ အထောက်အပံ့ပြုသည်

- He *aided* me in my work.
  သူကျွန်တော့်အလုပ်မှာ ကူညီပါတယ်။
- Please *assist* me with my work.
  ငါ့ကို တဆိတ်လောက်ကူညီပါအုံး။
- Can you *help* me lift this piano?
  မင်းဒီစန္ဒယားကို ကူသယ်ပေးနိုင်မလား။

## (8) accompany / escord / join

accompany = အတူသွားသည်၊ အဖော်ပြုသည်
escort = စောင့်ရှောက်သည်၊ လိုက်ပို့သည်
join = ဆက်သွယ်သည်၊ ပေါင်းစပ်သည်

- I will *accompany* him on a trip.
  သူခရီးသွားရင် ကျွန်တော်လိုက်မယ်။
- He *escorted* her home.
  သူ သူမကို အိမ်လိုက်ပို့ခဲ့တယ်။
- He *joined* the army.
  သူတပ်ထဲကို ဝင်လိုက်တယ်။

## (9) accomplish / complete / finish

accomplish = ပြီးမြောက်အောင်မြင်သည်
complete = ပြီးအောင်ဆောင်ရွက်သည်
finish = အပြီးသတ်သည်၊ အဆုံးသတ်သည်

- We *accomplished* our task.
  ကျွန်တော်တို့ အလုပ်ကို ကျွန်တော်တို့ပြီးစီးအောင် ဆောင်ရွက်ခဲ့တယ်။
- They *completed* the journey.
  သူတို့ လိုရာခရီးသို့ ရောက်သွားကြပြီ။
- She *finished* the work she was doing.
  သူမ လုပ်လက်စ အလုပ်ကို ပြီးအောင်လုပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (10) accuse / blame / charge

| | | |
|---|---|---|
| accuse | = | စွပ်စွဲသည် |
| blame | = | အပြစ်တင်သည် |
| charge | = | တာဝန်ပေးသည်၊ စွပ်စွဲသည် |

- They ***accused*** him of stealing.
  သူ့ကို သူခိုးလို့ စွပ်စွဲကြတယ်။
- They ***blamed*** the driver for the accident.
  သူတို့ ထိခိုက်မှုအတွက် ကားသမားကို အပြစ်တင်ကြတယ်။
- He was ***charged*** with murder.
  သူလူသတ်မှုနဲ့ စွဲချက်အတင်ခံရတယ်။

## (11) achieve / act / do / perform

| | | |
|---|---|---|
| achieve | = | ပြီးစီးအောင်မြင်သည် |
| act | = | ပြုမူသည်၊ သရုပ်ဆောင်သည် |
| do | = | ပြုလုပ်ဆောင်ရွက်သည် |
| perform | = | ကပြသည်၊ ပြုလုပ်ဆောင်ရွက်သည် |

- They were able to ***achieve*** their purpose quickly.
  သူတို့ ရည်မှန်းချက်ကို မြန်မြန်ပြီးအောင် ဆောင်ရွက်နိုင်ခဲ့တယ်။
- Think before you ***act***.
  မင်းမလုပ်ခင် စဉ်းစားပါ။
- They ***do*** their work very well.
  သူတို့အလုပ်ကို ကောင်းကောင်းလုပ်ကြတယ်။
- He always ***performs*** his work with great care.
  သူအလုပ်ကို အမြဲတမ်း ဂရုတစိုက်လုပ်တယ်။

## (12) acquire / gain / get

| | | |
|---|---|---|
| acquire | = | ရယူသည် |
| gain | = | ရသည်၊ အကျိုးအမြတ်ရသည် |
| get | = | ရသည်၊ ရောက်သည် |

- She ***acquired*** a Ph.D degree after many years of study.
  နှစ်ပေါင်းများစွာ လေ့လာပြီးမှ သူမ ဒေါက်တာဘွဲ့ကို ရခဲ့တယ်။
- Her kindness ***gained*** her many friends.
  သူမကြင်နာတတ်တဲ့အတွက် မိတ်ဆွေအပေါင်းအသင်းများတယ်။
- I expect to ***get*** some money soon.
  ငါမကြာခင် ပိုက်ဆံတွေ ရလိမ့်မယ်ထင်တယ်။



## (13) add / increase / supplement

| | | |
|---|---|---|
| add | = | ပေါင်းသည်၊ ဖြည့်စွက်သည် |
| increase | = | တိုးမြှင့်သည်၊ တိုးပွားစေသည် |
| supplement | = | ဖြည့်စွက်သည်၊ ဖြည့်သည် |

- When you ***add*** 5 and 2 , the total is 7.
  ၅ နဲ့ ၂ ကို ပေါင်းရင် ၇ ဖြစ်တယ်။
- The number of people living in this city is ***increasing*** rapidly.
  ဒီမြို့မှာ နေထိုင်ကြတဲ့ လူဦးရေဟာ လျင်မြန်စွာ တိုးလာတယ်။
- He ***supplemented*** his salary by working at a second job.
  သူနောက်ထပ် အလုပ်တစ်ခုလုပ်ပြီး သူ့လစာကို တိုးအောင်လုပ်လိုက်တယ်။

## (14) admire / esteem / venerate (like)

| | | |
|---|---|---|
| admire | = | ကြည်ညိုသည်၊ ချီးမွမ်းအံ့သြသည် |
| esteem | = | လေးစားသည်၊ အထင်ကြီးသည် |
| venerate | = | ကြည်ညိုလေးစားသည် |
| like | = | နှစ်သက်သည်၊ သဘောကျသည် |

- He ***admired*** her beauty very much.
  သူ သူမအလှကို အလွန်ချီးမွမ်းသည်။
- His writing is much ***esteemed***.
  သူ့အရေးအသားကို သိပ်ပြီးအထင်ကြီးလေးစားကြတယ်။
- We ***venerated*** the Shwedagon pagoda very much.
  ကျွန်တော်တို့ ရွှေတိဂုံစေတီကြီးကို အလွန်ကြည်ညိုလေးစားကြတယ်။
- I ***like*** reading.
  ကျွန်တော် စာဖတ်ခြင်းကို နှစ်သက်သည်။

## (15) admit / confess / acknowledge

| | | |
|---|---|---|
| admit | = | ဝန်ခံသည်၊ ခွင့်ပြုသည် |
| confess | = | ဝန်ခံသည်၊ ဖြောင့်ချက်ပေးသည် |
| acknowledge | = | ဝန်ခံသည်၊ အသိအမှတ်ပြုသည် |

- The criminal ***admitted*** his guilt.
  တရားခံသည် သူ့အပြစ်ကို ဝန်ခံသည်။
- He ***confessed*** that he had stolen the money.
  သူပိုက်ဆံ ခိုးယူကြောင်းဖြောင့်ချက်ပေးတယ်။
- She ***acknowledged*** her mistake.
  သူမ သူမ၏ အမှားကို ဝန်ခံလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (16) admonish / advise / warn

admonish = သတိပေးဆုံးမသည်
advise = အကြံပေးသည်
warn = သတိပေးသည်၊ ကြိုပြောထားသည်

- The teacher ***admonished*** the pupils not to drink.
  ဆရာက တပည့်တွေကို အရက်မသောက်ဖို့ သတိပေးဆုံးမတယ်။
- He ***advised*** me to read science books.
  သူကျွန်တော့်ကို သိပ္ပံစာအုပ်တွေ ဖတ်ဖို့အကြံပေးတယ်။
- I ***warned*** her of the danger.
  အန္တရာယ်ရှိတဲ့အကြောင်း ကျွန်တော် သူမကို သတိပေးခဲ့တယ်။

### (17) adore / love / respect / worship

adore = ချစ်ခင်မြတ်နိုးသည်
love = ချစ်သည်၊ ကြိုက်နှစ်သက်သည်
respect = ရိုသေလေးစားသည်
worship = ရှိခိုးပူဇော်သည်

- He ***adore*** his wife.
  သူ သူ့ဇနီးကိုချစ်မြတ်နိုးတယ်။
- They ***love*** their parents and respect them.
  သူတို့ မိဘတွေကို ချစ်ခင်လေးစားကြတယ်။
- We ***respect*** him as a great leader.
  ကျွန်တော်တို့ သူ့ကို ခေါင်းဆောင်အဖြစ် ကြည်ညိုလေးစားကြတယ်။
- Every one ***worshiped*** in his own way.
  လူတိုင်း ကိုယ့်နည်း ကိုယ်ဟန်နဲ့ ရှိခိုးပူဇော်ကြတယ်။

### (18) adorn / beautify / decorate

adorn = တန်ဆာဆင်သည်
beautify = အလှပြုပြင်သည်
decorate = လှပအောင်မွမ်းမံပြုပြင်သည်

- She ***adorned*** her neck and arms with jewels.
  သူ့လည်ပင်းနဲ့ လက်တွေမှာ ကျောက်မျက်ရတနာတွေနဲ့ တန်ဆာဆင်ထားသည်။
- He ***beautified*** the land with flowers.
  သူ့မြေကွက်ကို ပန်းတွေနဲ့ လှပအောင် ပြုလုပ်ထားတယ်။
- We ***decorated*** the hall with flags.
  ကျွန်တော်တို့ ခန်းမကြီးကို အလံတွေနဲ့ လှပအောင် မွမ်းမံထားတယ်။



### (19) advance / move / proceed

advance = ရှေ့သို့သွားသည်၊ တိုးတက်သည်
move = ရွှေ့ပြောင်းသည်၊ ရွှေ့သည်
proceed = ရှေ့ဆက်သွားသည်

- The army ***advanced*** up the hill.
  စစ်တပ်သည် တောင်ကုန်းပေါ်သို့ ဆက်တက်သွားသည်။
- They ***moved*** to another town.
  သူတို့ တစ်ခြားမြို့ကို ပြောင်းသွားခဲ့တယ်။
- They ***proceeded*** on their journey after lunch.
  သူတို့ နေ့လည်စာ စားပြီး ခရီးဆက်သွားကြတယ်။

### (20) advise / recommand / suggest

advise = အကြံပေးသည်
recommand = ထောက်ခံပြောဆိုသည်
suggest = အကြံပေးတိုက်တွန်းသည်

- The doctor ***advised*** him to rest.
  ဆရာဝန်က သူ့ကို အနားယူဖို့ အကြံပေးခဲ့တယ်။
- His former employer ***recommanded*** him.
  သူ့ ယခင်အလုပ်ရှင်က သူ့ကို ထောက်ခံပြောဆိုပေးတယ်။
- He ***suggested*** they should come next week.
  သူတို့ နောက်တစ်ပတ် လာဖို့ သူအကြံပေး တိုက်တွန်းလိုက်တယ်။

### (21) agree / consent / unite

agree = သဘောတူသည်၊ စိတ်တူသည်
consent = သဘောတူသည်၊ ကျေနပ်ခွင့်ပြုသည်
unite = ဆက်စပ်ပေါင်းစည်းသည်

- I quite ***agree*** with you about it.
  ဒီကိစ္စမှာ မင်းနဲ့ ငါ သဘောထားချင်း ကိုက်ညီတယ်။
- His father ***consented*** to the marriage.
  သူ့ အဖေက လက်ထပ်တာကို သဘောတူ ခွင့်ပြုတယ်။
- The two families ***united*** by marriage.
  မိသားစု နှစ်စုဟာ လက်ထပ်ခြင်းဖြင့် ပေါင်းစည်းလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (22) aim / direct / point

aim = ချိန်ရွယ်သည်
direct = ရည်ညွှန်းသည်၊ ညွှန်ကြားသည်
point = ညွှန်ပြသည်၊ ထောက်ပြသည်

- He ***aimed*** at a little bird before he shot it.
  သူငှက်ကို မပစ်မီ ချိန်ရွယ်ခဲ့တယ်။
- The teacher ***directed*** us to sit quietly.
  ဆရာက ကျွန်တော်တို့ကို ငြိမ်ငြိမ်ထိုင်နေဖို့ ညွှန်ကြားတယ်။
- He ***pointed*** to the book he wanted.
  သူလိုချင်တဲ့ စာအုပ်ကို ညွှန်ပြခဲ့တယ်။

### (23) allot / distribute / divide

allot = ဝေခြမ်းသည်/ခွဲဝေသည်
distribute = ဝေငှသည်၊ ဖြန့်ဖြူးသည်
divide = ခွဲခြမ်းသည်၊ ခွဲခြားသည်

- Prizes were ***allotted*** to the winners.
  ဆုရသူတွေကို ခွဲဝေ ဆုချလိုက်တယ်။
- Please ***distribute*** these books to the students.
  ဒီစာအုပ်တွေကို ကျောင်းသားတွေကို ဝေပေးလိုက်ပါ။
- The four men ***divided*** the money among themselves.
  ပိုက်ဆံတွေကို လူလေးယောက် ခွဲဝေယူလိုက်ကြတယ်။

### (24) allow / let / permit / grant

allow = ခွင့်ပြုသည်၊ ဝင်ခွင့်ရှိသည်
let = ခွင့်ပြုသည်၊ (ပြု) ပါရစေ
permit = သဘောတူခွင့်ပြုသည်
grant = ခွင့်ပြုသည်

- Smoking is not ***allowed*** here.
  ဒီနေရာမှာ ဆေးလိပ်သောက်ခွင့်မရှိပါ။
- Please ***let*** me see your photograph.
  မင်းဓာတ်ပုံလေး ကြည့်ပါရစေ။
- The teacher ***permitted*** us to leave the class early.
  ဆရာက ကျွန်တော်တို့ကို စောစော ကျောင်းဆင်းဖို့ ခွင့်ပြုလိုက်တယ်။
- He ***granted*** their request to hold a meeting.
  သူ သူတို့ရဲ့ အစည်းအဝေးကျင်းပဖို့ တောင်းဆိုချက်ကို ခွင့်ပြုလိုက်တယ်။



### (25) alter / change / convert

alter = ပြုပြင်ပြောင်းလွှဲသည်
change = လဲလှယ်သည်၊ ပြောင်းလွှဲသည်
convert = ပြောင်းလဲစေသည်

- The tailor will ***alter*** the suit to fit you.
  စက်သမားက ဝတ်စုံကို မင်းနဲ့ ကိုက်အောင် ပြင်ပေးလိမ့်မယ်။
- He ***changed*** into a clean shirt before dinner.
  သူညစာ မစားခင် အင်္ကျီ အသစ်လဲလိုက်တယ်။
- Heat ***converts*** water into vapour.
  အပူသည် ရေကို အငွေ့အဖြစ် ပြောင်းလဲစေသည်။

### (26) alternate / interchange / rotate

alternate = တစ်လှည့်စီပြုလုပ်သည်
interchange = အပြန်အလှန် လဲလှယ်သည်၊ အပေးအယူလုပ်သည်
rotate = တစ်လှည့်စီ ပြောင်းလဲသည်၊ လည်ပတ်သည်

- The teacher ***alternated*** written and spoken work.
  ဆရာသည် အပြောနှင့် အရေးကို တစ်လှည့်စီ ပြုလုပ်ပေးသည်။
- He asked the driver to ***interchange*** the front tyres with the rare ones.
  သူ့ ဒရိုက်ဗာကို ရှေ့ တာယာတွေ လဲပစ်ဖို့ ပြောလိုက်တယ်။
- The earth ***rotates*** once in 24 hours.
  ကမ္ဘာမြေကြီးဟာ ၂၄ နာရီမှာ တစ်ပတ်လည်တယ်။

### (27) amaze / astonish / surprise

amaze = အံ့အားသင့်စေသည်
astonish = အကြီးအကျယ် အံ့အားသင့်စေသည်
surprise = အံ့အားသင့်စေသည်

- I was ***amazed*** by his skill at the piano.
  သူ ဒီလောက် စန္ဒယား တီးတတ်တာ ကျွန်တော်တော့ အံ့သြတယ်။
- His words ***astonished*** me.
  သူ့စကားကြားရတာ ကျွန်တော် အတော့်ကို အံ့အားသင့်သွားတယ်။
- We were ***surprised*** to hear the news.
  ကျွန်တော်တို့ ဒီသတင်းကြားရတာ သိပ်အံ့သြသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (28) amend / improve / better

amend = ပြုပြင်သည်၊ ကောင်းမွန်အောင်လုပ်သည်
improve = တိုးတက်အောင်လုပ်သည်
better = ပိုကောင်းအောင်လုပ်သည်

- This bill should be ***amended***.
  ဒီဥပဒေကြမ်းကို ပြုပြင်ဖို့လိုတယ်။
- We should ***improve*** our English.
  ကျွန်တော်တို့ အင်္ဂလိပ်ဘာသာကို တိုးတက်အောင်လုပ်သင့်တယ်။
- He ***has bettered*** his position.
  သူ့အခြေအနေ ပိုကောင်းလာပြီ။

## (29) amplify / enlarge / extend

amplify = ဖြည့်သည်၊ ချဲ့သည်
enlarge = ချဲ့သည်၊ အကျယ်ပြောသည်
extend = တိုးချဲ့သည်၊ ရှည်လာစေသည်

- He ***amplified*** his statement.
  သူ သူ၏ အဆိုကို ချဲ့ထွင်၍ ပြောသည်။
- He ***enlarged*** his photograph.
  သူ သူ့ဓာတ်ပုံကို ပုံကြီးချဲ့လိုက်တယ်။
- The rail road has been ***extended*** for another 20 miles.
  ရထားလမ်းကို နောက်ထပ် မိုင် ၂၀ လောက်ချဲ့ပြီးသွားပြီ။

## (30) amuse / entertain / please

amuse = ရွှင်မြူးစေသည်
entertain = ပျော်ရွှင်စေသည်/ဧည့်ခံသည်
please = ကျေနပ်စေသည်၊ ဝမ်းမြောက်စေသည်

- The actors ***amused*** us all.
  သရုပ်ဆောင်များသည် ကျွန်တော်တို့ အားလုံးကို ပျော်မြူးစေပါသည်။
- We ***entertained*** our friends for lunch.
  ကျွန်တော်တို့ သူငယ်ချင်းတွေကို နေ့လည်စာနဲ့ ကျွေးမွေးဧည့်ခံလိုက်တယ်။
- I am very ***pleased*** to see you again.
  မင်းနဲ့ တွေ့ရတာ ငါသိပ်ဝမ်းသာတာပဲ။



## (31) announce / declare / report

announce = ထုတ်ပြန်ကြေညာသည်
declare = ကြေညာသည်၊ အတိအလင်းဖော်ပြသည်
report = အစီရင်ခံသည်၊ သတင်းပေးပို့သည်

- His marriage was ***announced*** in the papers.
  သူ့မင်္ဂလာဆောင်ကို သတင်းစာထဲမှာ ကြေညာလိုက်တယ်။
- He ***declared*** his love for the girl.
  သူ့မိန်းကလေးကို မေတ္တာရှိကြောင်း ဖွင့်ပြောခဲ့သည်။
- The class ***reported*** on its trip to the museum.
  အတန်းသည် ပြတိုက်သွားသည့်ခရီးကို အစီရင်ခံခဲ့သည်။

## (32) annoy / bother / disturb

annoy = နှောက်ယှက်သည်
bother = အနှောက်အယှက်ပေးသည်
disturb = နှောက်ယှက်သည်

- Loud noises ***annoy*** many people.
  ဆူညံသံတွေက လူတွေကို အနှောက်အယှက်ပေးသည်။
- Don't ***bother*** me. I am busy now.
  ငါအခုအလုပ်သိပ်ရှုပ်နေတယ်၊ ငါ့ကို အနှောက်အယှက်မပေးနဲ့။
- You should not ***disturb*** the doctors while they are working.
  အလုပ်လုပ်နေတုန်း ဆရာဝန်များကို အနှောက်အယှက် မပေးသင့်ပါ။

## (33) appear / look / seem

appear = ပေါ်ထွက်လာသည်၊ ဖြစ်ဟန်ရှိသည်
look = ကြည့်သည်၊ ပုံပန်းရှိသည်၊ ပုံပေါ်သည်
seem = ပုံဖော်သည်၊ ဖြစ်ဟန်ရှိသည်

- He ***appears*** to be happy.
  သူပျော်ရွှင်နေပုံ ပေါ်သည်။
- The woman ***looked*** tired.
  အမျိုးသမီးကြီး ပင်ပန်းနွမ်းနယ်နေပုံပေါ်သည်။
- She ***seems*** angry.
  သူမ စိတ်ဆိုးနေပုံ ပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (34) applaud / approve of / praise

| | | |
|---|---|---|
| applaud | = | ကောင်းချီးပေးသည်၊ သြဘာပေးသည် |
| approve of | = | သဘောကျသည်၊ ကျေနပ်နှစ်သက်သည် |
| praise | = | ချီးမွမ်းသည်၊ ချီးကျူးသည် |

- The audience ***applauded*** the speaker.
  ပရိတ်သတ်က စကားပြောသူကို ချီးမွမ်းသြဘာပေးကြတယ်။
- I do not ***approve of*** his conduct.
  သူ့အပြုအမူကို ကျွန်တော်သဘောမကျဘူး။
- They ***praised*** his honesty.
  သူ့ရဲ့ ရိုးသားမှုကို သူတို့က ချီးမွမ်းကြတယ်။

## (35) appoint / name / nominate

| | | |
|---|---|---|
| appoint | = | အလုပ်ခန့်သည်၊ သတ်မှတ်ချိန်းဆိုသည် |
| name | = | နာမည်မှည့်သည်၊ ရွေးခြယ်သတ်မှတ်သည် |
| nominate | = | ရွေးခြယ်ခန့်ထားသည်၊ တင်မြှောက်ရန် အဆိုပြုသည် |

- We must ***appoint*** a time and place for the meeting.
  ကျွန်တော်တို့ အစည်းအဝေးအတွက် အချိန်နဲ့ နေရာ သတ်မှတ်ရမယ်။
- They have not ***named*** the baby.
  သူတို့ ကလေးကို နာမည်မပေးရသေးဘူး။
- His party ***nominated*** him to be a leader.
  သူ့ကို ခေါင်းဆောင်တင်မြှောက်ဖို့ သူ့ပါတီက သတ်မှတ်လိုက်ကြတယ်။

## (36) appreciate / recognize / value

| | | |
|---|---|---|
| appreciate | = | တန်ဖိုးထားသည်၊ နှစ်သက်လေးစားသည် |
| recognize | = | အသိအမှတ်ပြုသည်၊ တန်ဖိုးထား နားလည်သည် |
| value | = | တန်ဖိုးထားသည် |

- I ***appreciate*** your kindness.
  ခင်ဗျားသက်ညှာတာကို ကျွန်တော် သိရှိလေးစားပါတယ်။
- We ***recognize*** your ability.
  ခင်ဗျားရဲ့ စွမ်းရည်ကို ကျွန်တော်တို့ အသိအမှတ်ပြု ချီးကျူးပါတယ်။
- I ***value*** your friendship.
  ကျွန်တော် ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ရတာကို တန်ဖိုးထားပါတယ်။



## (37) argue / discuss / dispute

| | | |
|---|---|---|
| argue | = | အငြင်းအခုံပြုသည် |
| discuss | = | တိုင်ပင်ဆွေးနွေးသည် |
| dispute | = | အခြေအတင် ပြောသည်၊ အငြင်းပွားသည် |

- He ***argued*** with the teacher.
  သူသည် ဆရာကို ခံငြင်းသည်။
- They ***discussed*** their plans for the coming year.
  လာမည့်နှစ်အတွက် စီမံချက်တွေကို သူတို့တိုင်ပင် ဆွေးနွေးကြတယ်။
- The villagers are ***disputing*** about the building of a new road.
  လမ်းသစ်ဖောက်လုပ်မှုနဲ့ ပတ်သက်ပြီး ရွာသားတွေ အငြင်းပွားနေကြတယ်။

## (38) arise / appear / emerge

| | | |
|---|---|---|
| arise | – | ပေါ်ထွက်လာသည်၊ မြင့်တက်လာသည်၊ ထသည် |
| appear | = | ပေါ်လာသည်၊ ဖြစ်ဟန်ရှိသည် |
| emerge | = | ထွက်ပေါ်လာသည်၊ အရေးပေါ်လာသည် |

- New problems ***arise*** every day.
  ပြဿနာတွေကတော့ နေ့တိုင်းပေါ်နေတာပဲ။
- She ***appeared*** in a new movie.
  သူ ရုပ်ရှင်ဇာတ်ကား အသစ်မှာ ပါလာတယ်။
- After the rain, the sun ***emerged*** from the clouds.
  မိုးရွာပြီးတဲ့နောက် တိမ်ကြားထဲက နေ ထွက်ပေါ်လာတယ်။

## (39) arouse / awaken / stir

| | | |
|---|---|---|
| arouse | = | နှိုးဆွသည်၊ နှိုးလာသည်၊ လှုပ်ရှားလာသည် |
| awaken | = | နှိုးသည်၊ နိုးသည်၊ သိမြင်လာသည် |
| stir | = | လှုပ်ရှားသည်၊ မွှေသည် |

- They ***aroused*** the boy from the deep sleep.
  အိပ်မောကျနေတဲ့ ကောင်လေးကို သူတို့ နှိုးလိုက်တယ်။
- He ***awakened*** when I went to call him.
  သူ့ကိုခေါ်ဖို့ သွားတော့ သူနိုးနေပြီ။
- She ***stirred*** some sugar ino her coffee.
  သူမ ကော်ဖီထဲမှာ သကြားကို ထည့်ပြီး မွှေခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



**(40) arrange / order / place**

arrange = စီစဉ်သည်၊ စီမံသည်
order = အမိန့်ပေးသည်၊ အစီအစဉ်တကျထားသည်
place = နေရာချထားသည်၊ တင်ထားသည်

- We will ***arrange*** the meeting for the next week.
  ငါတို့နောက်တစ်ပတ် အစည်းအဝေးလုပ်ဖို့ စီစဉ်မယ်။
- The general ***ordered*** his men to advance.
  ဗိုလ်ချုပ်က သူ့လူတွေကို ချီတက်ဖို့ အမိန့်ပေးတယ်။
- He ***placed*** his hands on her shoulder.
  သူ့လက်တွေကို သူမ ပုခုံးပေါ်မှာ တင်ထားသည်။

**(41) arrest / catch / seize**

arrest = ဖမ်းဆီးသည်
catch = ဖမ်းသည်၊ လိုက်၍ မိသည်
seize = ဆုတ်ကိုင် ဖမ်းဆီးသည်၊ သိမ်းယူသည်

- The police ***have arrested*** the thief.
  သူခိုးကို ရဲက ဖမ်းလိုက်ပြီ။
- The thief ***was caught*** red-handed.
  သူခိုးကို ခိုးနေတုန်း တန်းလန်းမိသွားတယ်။
- We should not fail to ***seize*** the opportunity.
  ငါတို့ အခွင့်အလမ်းကို အမိအရ ယူဖို့ မပျက်ကွက်သင့်ပါ။

**(42) arrive / come to / reach**

arrive = ဆိုက်ရောက်လာသည်
come to = လာသည်၊ ရောက်လာသည်
reach = ရောက်သည်၊ မှီအောင်လှမ်းသည်

- They will ***arrive*** tomorrow.
  သူတို့ မနက်ဖြန် ရောက်လာလိမ့်မယ်။
- She ***came to*** the wedding alone.
  သူမင်္ဂလာဆောင်ကို တစ်ယောက်တည်း လာခဲ့သည်။
- I ***can not reach*** the ceiling.
  ကျွန်တော် မျက်နှာကျက်ကို လှမ်းမမှီပါ။



**(43) ascend / climb / mount**

ascend = အပေါ်သို့တက်သည်၊ တက်သည်
climb = အပေါ်တက်သည်၊ တိုးတက်လာသည်
mount = တက်သည်၊ တပ်ဆင်သည်

- We ***ascended*** the hill.
  ကျွန်တော်တို့ တောင်ကုန်းပေါ်သို့ တက်ကြသည်။
- He ***is climbing*** up a tree.
  သူသစ်ပင် တစ်ပင်ကို တက်နေသည်။
- The boy ***mounted*** a horse.
  လူကလေးသည် မြင်းပေါ်သို့ တက်လိုက်သည်။

**(44) ask / inquire / question**

ask = မေးသည်၊ ပြောသည်
inquire = စုံစမ်းမေးမြန်းသည်
question = မေးခွန်းထုတ်သည်၊ မေးခွန်း

- Please ***ask*** her when the train leaves.
  ရထား ဘယ်အချိန် ထွက်သလဲ မေးကြည့်ပါ။
- They ***inquired*** about his past experience.
  သူတို့ သူရဲ့ ယခင်က အတွေ့အကြုံများကို စုံစမ်းကြည့်တယ်။
- The man ***was questioned*** about where he had been.
  သူဘယ်ရောက်နေပြီလဲလို့ လူကြီးကို မေးတယ်။

**(45) assemble / collect / gather / meet**

assemble = စုရုံးသည်
collect = စုရုံးသည်၊ကောက်ခံသည်
gather = စုပုံသည်၊ စုစည်းသည်
meet = တွေ့သည်၊ တွေ့ဆုံသည်

- Teachers and students ***assembled*** in the hall.
  ဆရာနှင့် ကျောင်းသားများ ခန်းမထဲမှာ စုရုံးကြတယ်။
- Dust ***collects*** in the corner.
  အမှိုက်တွေ ဒေါင့်မှာ စုပုံနေတယ်။
- The children ***gather*** around the fire place.
  မီးဖိုပတ်လည်မှာ ကလေးတွေ စုကြတယ်။
- I ***met*** my class teacher on the way.
  ကျွန်တော် ဆရာမနဲ့ လမ်းမှာ တွေ့ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (46) associate / connect / link

associate = တွဲဖက်သည်၊ ပေါင်းဖော်သည်
connect = ဆက်သည်၊ ဆက်စပ်သည်၊ ဆက်သွယ်သည်
link = ဆက်စပ်သည်

- Students should not ***associate*** with bad-hats.
  ကျောင်းသားများသည် လူဆိုးများနှင့် မပေါင်းဖော်သင့်ပါ။
- I do not wish to be ***connected*** with him.
  ကျွန်တော် သူနဲ့ မဆက်သွယ်ချင်ဘူး။
- We are ***linked*** together by common interests.
  ဝါသနာချင်းတူလို့ ကျွန်တော်တို့ချင်း ဆက်သွယ်မှုရှိကြတယ်။

### (47) assure / guarantee / promise

assure = အသေအချာပြောသည်၊ အာမခံထားသည်
guarantee = အာမခံသည်
promise = ကတိပြုသည်၊ ကတိပေးသည်

- He ***assured*** me that he would call in the evening.
  သူညနေလာတွေ့မည်ဟု ကျွန်တော့ကို အသေအချာ ပြောလိုက်တယ်။
- The merchant ***guaranteed*** that the colour of the material would not fade.
  ကုန်သည်က ပစ္စည်းအရောင်မပျက်ကြောင်း အာမခံတယ်။
- He ***promised*** to come again the next day.
  သူနောက်နေ့ပြန်လာဘို့ ကတိပေးတယ်။

### (48) attach / fasten / fix

attach = သံယောဇဉ်ရှိသည်၊ တွဲထားသည်
fasten = ချည်နှောင်သည်၊ မြဲမြံစေသည်
fix = တပ်ဆင်သည်၊ ခိုင်မြဲအောင် လုပ်သည်

- The bathroom was ***attached*** to the kitchen.
  ရေချိုးခန်းကို မီးဖိုခန်းနဲ့ တွဲထားတယ်။
- He ***fastened*** the papers together.
  သူစက္ကူတွေကို တစ်စုတည်း ချည်နှောင်ထားလိုက်တယ်။
- They ***fix*** the sign to the wall.
  သူတို့ကြော်ငြာစာရွက်ကို နံရံပေါ်မှာ ကပ်လိုက်တယ်။



### (49) attempt / try / seek

attempt = ကြိုးစားအားထုတ်သည်
try = ကြိုးစားသည်၊ စမ်းသပ်ကြည့်သည်
seek = ကြိုးပန်းရှာဖွေသည်

- The doctor ***attempted*** to save the dying man.
  ဆရာဝန်က သေတော့မယ့် လူနာကို ကြိုးစားပြီး ကယ်တင်ခဲ့တယ်။
- She ***is trying*** to find him.
  သူမ သူ့ကို တွေ့ဖို့ ကြိုးစားနေတယ်။
- They ***were seeking*** a pass through the mountains.
  သူတို့ တောင်တွေကို ဖြတ်ကျော်ဖို့ လမ်းကို ကြိုးပန်းရှာဖွေနေကြတယ်။

### (50) award / bestow / confer / give

award = ဆုပေးသည်
bestow = အပ်နှင်းသည်၊ ချီးမြှင့်သည်၊ ဂုဏ်ပြုသည်
confer = ပေးသည်၊ အပ်နှင်းသည်
give = ပေးသည်

- He was ***awarded*** the first prize.
  သူ့ကို ပထမဆုချီးမြှင့်လိုက်တယ်။
- People ***bestowed*** honour on the soldiers returning from the front.
  ပြည်သူတွေက ရှေ့တန်းပြန် ရဲဘော်တွေကို ဂုဏ်ပြုကြတယ်။
- The President ***confers*** a title on him.
  သမ္မတက သူ့ကို ဘွဲ့တစ်ခု အပ်နှင်းလိုက်တယ်။
- I want to ***give*** you this book.
  ငါမင်းကို ဒီစာအုပ် ပေးချင်တယ်။

### (51) ban / forbid / prohibit

ban = တားမြစ်သည်
forbid = တားမြစ်သည်
prohibit = (ဥပဒေအရ) တားဆီးပိတ်ပင်သည်

- The sale of liquor to children is ***banned***.
  ကလေးများအား အရက်ရောင်းခြင်းကို တားမြစ်ထားသည်။
- Smoking is ***forbidden*** in this room.
  ဒီအခန်းထဲမှာ ဆေးလိပ်မသောက်ဖို့ တားမြစ်ထားတယ်။
- Wearing shoes on the pagoda platform is strictly ***prohibited***.
  ဘုရားရင်ပြင်မှာ ဖိနပ်မစီးရန် တင်းကြပ်စွာ ပိတ်ပင်တားဆီးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



### (52) banish / dismiss / expel

banish = နှင်ထုတ်သည်၊ ဖျောက်ဖျက်သည်
dismiss = ဖြုတ်ပစ်သည်
expel = နှင်ထုတ်သည်၊ ထုတ်ပစ်သည်

- The King ***banished*** him for his crime.
  သူ့ရဲ့ ရာဇဝတ်ပစ်မှုအတွက် သူ့ကို ပြည်နှင်ဒဏ် ပေးလိုက်တယ်။
- He was ***dismissed*** because he was always late for work.
  သူအမြဲတမ်းနောက်ကျလို့ အလုပ်က ထုတ်ပြစ်လိုက်တယ်။
- The boy was ***expelled*** from school.
  ကောင်ကလေးကို ကျောင်းထုတ်ပစ်လိုက်တယ်။

### (53) barter / exchange / trade

barter = ကုန်ချင်းဖလှယ်သည်
exchange = လဲလှယ်သည်
trade = ကူးသန်းရောင်းဝယ်သည်

- She ***bartered*** eggs for wool.
  သူမ ကြက်ဥများကို သိုးမွေးနှင့် လဲလှယ်သည်။
- He ***exchanged*** the box for another which is larger.
  သူသေတ္တာကို နည်းနည်းကြီးတာနဲ့ ပြန်လဲတယ်။
- We ***trade*** with most of the countries of the world.
  ကျွန်တော်တို့ ကမ္ဘာနိုင်ငံတော်တော်များများနဲ့ ကူးသန်းရောင်းဝယ်ပါတယ်။

### (54) bear / carry / support

bear = ဆောင်ယူသည်၊ ခံယူသည်၊ သည်းခံသည်
carry = သယ်ဆောင်သည်၊ သယ်သည်
support = ထောက်ပံ့သည်၊ အထောက်အကူပြုသည်

- I cannot ***bear*** his shouting.
  သူအော်ပြောနေတာကို ကျွန်တော် သည်းမခံနိုင်တော့ပါ။
- The two men ***carried*** a heavy box into the house.
  လူကြီးနှစ်ယောက် သေတ္တာကြီးကို အိမ်ထဲသယ်ယူနေကြတယ်။
- He ***supports*** his parents.
  သူသူ့မိဘများကို ထောက်ပံ့သည်။



### (55) beat / hit / pound / strike

beat = ရိုက်နှက်သည်၊ နှိမ်နင်းသည်
hit = ရိုက်သည်၊ ထုသည်၊ တိုက်မိသည်
pound = ထောင်းသည်၊ ထုသည်
strike = ရိုက်သည်၊ နှက်သည်၊ သပိတ်မှောက်သည်

- We heard the rain ***beating*** against the window.
  ပြူတင်းပေါက်ကို မိုးပက်နေတဲ့ အသံ ကျွန်တော်တို့ ကြားရတယ်။
- The boy ***hit*** his little brother.
  လူကလေး သူ့ညီလေးကို ရိုက်ခဲ့တယ်။
- She ***pounded*** the chillies to make curry.
  သူမ ဟင်းချက်ဖို့ ငရုပ်သီးထောင်းတယ်။
- He ***stroke*** the nail into the wall.
  သူ သံချွန်ကို နံရံအတွင်း ရိုက်သွင်းလိုက်တယ်။

### (56) beg / ask / request

beg = တောင်းပန်သည်၊ အသနားခံသည်
ask = တောင်းသည်၊ နိုင်းသည်၊ မေးမြန်းသည်
request = တောင်းဆိုသည်၊ တောင်းပန်သည်

- I ***beg*** your pardon for being late.
  ကျွန်တော် နောက်ကျသွားတဲ့အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။
- Please ***ask*** her when the train leaves.
  ရထား ဘယ်အချိန်ထွက်မလဲဆိုတာ သူမကို မေးလိုက်ပါ။
- I ***request*** you to give me 3 day's leave.
  ကျွန်တော့်ကို ခွင့် ၃ ရက်ပေးဖို့ တောင်းဆိုပါတယ်။

### (57) begin / commence / start

begin = အစပြုသည်
commence = အစပြုသည်
start = အစပြုသည်၊ သွားစေသည်

- When does your school ***begin***?
  မင်းတို့ ကျောင်းဘယ်အချိန် စတက်သလဲ။
- The work has ***commenced*** since 8 o'clock.
  ၈ နာရီကတည်းက အလုပ်စ နေပြီ။
- We ***started*** on a trip yesterday.
  ငါတို့ မနေ့က စပြီး ခရီးထွက်ခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (58) behave / act / conduct

behave = ပြုမူနေထိုင်သည်
act = ပြုမူသည်၊ သရုပ်ဆောင်သည်
conduct = ဦးစီးရှေ့ဆောင်သည်၊ ပြုမူသည်

- The children ***behave*** themselves well in public.
  ကလေးများ လူအများရှေ့မှာ ကောင်းစွာ နေထိုင်ကြတယ်။
- Think before you ***act***.
  မလုပ်ခင် စဉ်းစားပါ။
- The teacher ***conducted*** himself well.
  ဆရာက သူ ကိုယ်တိုင် ကောင်းစွာ ပြုမူနေထိုင်တယ်။

### (59) bend / bow / curve

bend = ကွေးသည်၊ ကောက်သည်
bow = ဦးညွတ်သည်၊ အလေးပြုသည်
curve = ကွေးကောက်သည်၊ ကုန်းသည်

- The strong man was able to ***bend*** the iron bar.
  လူသန်ကြီးက သံချောင်းကို ကွေးနိုင်တယ်။
- They ***bowed*** to each other as they passed in the street.
  သူတို့ လမ်းမှာတွေ့တဲ့အခါ တစ်ဦးကို တစ်ဦး ဦးညွတ်နှုတ်ဆက်ကြတယ်။
- The road ***curved*** away from the river.
  လမ်းမကြီးက မြစ်ကိုရောက်တော့ ကွေ့ဝိုက်သွားတယ်။

### (60) bewilder / confuse / puzzle

bewilder = တွေဝေသွားသည်၊ စိတ်ရှုတ်သွားသည်
confuse = ရှုပ်ထွေးသည်၊ ပလုံးပထွေးဖြစ်သည်
puzzle = ခေါင်းရှုပ်စေသည်

- The busy streets of the city ***bewildered*** the country boys.
  လူစည်ကားတဲ့မြို့တွင်း လမ်းမကြီးတွေကြောင့် တောသားကလေးစိတ်ရှုပ်သွားတယ်။
- He ***confused*** me with my brother.
  သူကျွန်တော့်ကို ကျွန်တော့် အစ်ကိုနဲ့ လွဲမှားနေတယ်။
- Her absence ***puzzles*** me.
  သူမ မလာတော့ ကျွန်တော် ခေါင်းရှုပ်သွားတယ်။



### (61) bid / command / order

bid = နှုတ်ဆက်သည်၊ အမိန့်ထုတ်သည်
command = အမိန့်ပေးသည်
order = အမိန့်ပေးသည်

- I ***bade*** him good bye.
  ကျွန်တော် သူကို သွားခါနီး နှုတ်ဆက်သည်။
- I ***command*** you to do it.
  ဒါကို လုပ်ဖို့ မင်းကို အမိန့်ပေးတယ်။
- The general ***ordered*** his men to advance.
  ဗိုလ်ချုပ်က သူ့လူများကို ရှေ့သို့ ချီတက်ဖို့ အမိန့်ပေးတယ်။

### (62) bind / fasten / tie

bind = ချည်နှောင်သည်၊ စည်းသည်
fasten = မြဲမြံစေသည်၊ ချည်သည်၊ တပ်ပေးသည်
tie = ချည်နှောင်သည်၊ တုပ်နှောင်သည်

- Please ***bind*** these papers in one package.
  ဒီစက္ကူတွေကို တစ်ထုပ်ထဲ စည်းလိုက်ပါ။
- He ***fastened*** the papers together.
  သူစက္ကူများကို အတူတကွ ချည်လိုက်တယ်။
- She ***tied*** a ribbon into a pretty bow.
  သူမ ဖဲကြိုးလေးကို တယောထိုးတံလို လှလှပပ ချည်လိုက်တယ်။

### (63) bite / chew / gnaw

bite = ကိုက်သည်
chew = အစာကို ဝါးသည်၊ ကိုက်စားသည်
gnaw = တစ်ဖြည်းဖြည်း ကိုက်စားသည်

- My dog will ***bite*** strangers.
  ကျွန်တော့် ခွေးက ဧည့်သည်တွေကို ကိုက်လိမ့်မယ်။
- Dogs like to ***chew*** bones.
  ခွေးများသည် အရိုးကို ဝါးစားရတာ နှစ်သက်သည်။
- The rat ***gnawed*** a hole in the door.
  ကြွက်သည် တံခါးကို ကိုက်ဖောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (64) blame / condemn / criticize

blame = အပြစ်တင်သည်
condemn = ရှုတ်ချသည်၊ စီရင်ချက်ချသည်
criticize = ဝေဖန်သည်

- They *blamed* the driver for the accident.
  သူတို့ထိခိုက်မှုအတွက် ကားသမားကို အပြစ်တင်ကြတယ်။
- Do not *condemn* me just because I do not agree with you.
  ငါလုံးဝ သဘောမတူတဲ့အတွက် ငါ့ကို ပြစ်တင်မရှုတ်ချနဲ့။
- The judge was *criticized* for not taking the problem seriously.
  ပြဿနာကို အလေးအနက်မဖြေရှင်းတဲ့အတွက် တရားသူကြီးကို ပြစ်တင်ဝေဖန်ကြတယ်။

## (65) boil / bubble / simmer

boil = ဆူသည်၊ ကြိုချက်သည်
bubble = ပွက်သည်၊ ဆူပွက်သည်
simmer = ဆူခါနီးပွက်သည်၊ ပွက်စပြုသည်

- The water for the tea *is boiling*.
  လက်ဖက်ရည် ဖျော်ဖို့ ရေနွေးဆူနေပြီ။
- When a liquid boils, it *bubbles*.
  အရည်တစ်မျိုးမျိုး ဆူတဲ့အခါ ဆူပွက်လာတယ်။
- Leave the soup on the stove to *simmer*.
  ဟင်းရည်ကို ပွက်စပြုအောင် မီးဖိုပေါ် ထားလိုက်ပါ။

## (66) bore / tire / weary

bore = ငြီးငွေ့စေသည်
tire = မောပန်းသည်၊ မောပန်းစေသည်
weary = ပင်ပန်းစေသည်၊ ငြီးငွေ့သည်

- People who talk themselves all the time *bore* me.
  လူတွေက သူတို့အကြောင်း တစ်ချိန်လုံး ပြောနေတော့ ငြီးငွေ့လာတယ်။
- Whatever she does, she *tires* easily.
  ဘာပဲလုပ်လုပ် သူမ မောပန်းလွယ်တယ်။
- He *wearies* as he has to study all the time.
  တစ်ချိန်လုံး စာကျက်နေရတော့ သူငြီးငွေ့လာတယ်။



## (67) bounce / jump / leap / skip

bounce = ပြန်၍ ခုန်တက်စေသည်
jump = ခုန်သည်၊ ခုန်ပေါက်သည်
leap = ခုန်သည်၊ ကျော်လွှားသည်
skip = ကြိုးခုန်သည်၊ ကျော်ဖြတ်သည်

- He *bounced* the ball on the pavement.
  သူဘောလုံးကို တမံတလင်းပေါ်မှာ ပစ်ပေါက်ကစားသည်။
- He *jumped* up to catch the ball.
  သူဘောလုံးကို ခုန်ဖမ်းသည်။
- He *leapt* over the gate and went into the house.
  သူတံခါးပေါက်ကို ကျော်လွှားပြီး ခုန်ဝင်ခဲ့သည်။
- The girls are *skipping* in front of the school.
  ကျောင်းရှေ့မှာ မိန်းကလေးတွေ ကြိုးခုန်နေကြတယ်။

## (68) brag / boast / swagger

brag = ကြွားဝါသည်
boast = ကြွားဝါသည်၊ ဝင့်ဝါသည်
swagger = ဟန်ရေးပြသည်၊ ကြွားကြွားဝါဝါပြောသည်

- She is always *bragging* about her children.
  သူမ သူ့ကလေးတွေအကြောင်း အမြဲတမ်း ကြွားပြောတယ်။
- He *boasts* of his success.
  သူအောင်မြင်မှုအတွက် ကြွားဝါသည်။
- He *swaggered* into the room looking very pleased with himself.
  သူကိုယ်သူ အလွန်ကျေနပ်နေဟန်နဲ့ သူ့အခန်းထဲကို ဝင်လာတယ်။

## (69) break / shatter / smash

break = ချိုးသည်၊ ခွဲသည်၊ ကျိုးသည်
shatter = ကြေမွစေသည်၊ ခွဲပစ်သည်
smash = အစိပ်စိပ်အမွှာမွှာ ခွဲသည်၊ ချေမှုန်းသည်

- He had to *break* the window to enter the house.
  သူ အိမ်ထဲကို ပြတင်းပေါက်ကို ချိုးဖျက်ပြီး ဝင်ခဲ့ရတယ်။
- The mirror *shattered* when it was dropped.
  မှန်လွတ်ကျသွားလို့ အစိပ်စိပ်ကွဲသွားတယ်။
- The cup *smashed* when the girl dropped it.
  မိန်းကလေး ခွက်လွတ်ကျသွားလို့ အစိပ်စိပ်အမွှာမွှာ ကွဲသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (70) bear / breed /produce

bear = မွေးဖွားသည်
breed = မွေးမြူသည်
produce = ထုတ်လုပ်သည်၊ ဖြစ်ထွန်းစေသည်

- She *bore* a son.
  သူမ သားတစ်ယောက်ကို မွေးဖွားခဲ့သည်။
- He *breeds* race horses.
  သူ ပြိုင်မြင်းများကို မွေးမြူသည်။
- Farmers *produce* food for us.
  လယ်သမားများသည် ကျွန်တော်တို့အတွက် စားစရာများကို ထုတ်လုပ်ပေးသည်။

### (71) bring / carry / fetch / take

bring = ယူလာသည်
carry = သယ်ဆောင်သည်၊ ထမ်းသည်
fetch = သွား၍ ယူသည်၊ ရယူသည်
take = ယူသွားသည်

- *Bring* me a glass.
  ငါ့ဆီကို ဖန်ခွက်တစ်လုံး ယူလာပေးပါ။
- He *carried* a heavy box into the house.
  သူသေတ္တာကြီးတစ်လုံး အိမ်ထဲသယ်ယူလာတယ်။
- Please *fetch* me a glass of water.
  ကျေးဇူးပြု၍ ရေတစ်ခွက် သွားခပ်ပေးပါ။
- *Take* away these books and put on the shelf.
  စာအုပ်တွေကို ယူသွားပြီး စင်ပေါ်မှာ တင်ထားလိုက်ပါ။

### (72) broadcast / announce / spread

broadcast = အသံလွှင့်သည်၊ သတင်းဖြန့်သည်
announce = ထုတ်ပြန်ကြေညာသည်
spread = ဖြန့်သည်၊ ပြန့်နှံ့စေသည်

- The radio station *bradcasts* educational programs.
  ဒီရေဒီယိုက ပညာရေးနဲ့ ဆိုင်တဲ့ အစီအစဉ်တွေကို အသံလွှင့်ပေးတယ်။
- They will *announce* the names of the winners tonight.
  ယနေ့ည အောင်မြင်သူတွေရဲ့ အမည်ကို ကြေညာလိမ့်မယ်။
- They *spread* the news of their success.
  သူတို့ အောင်မြင်တဲ့သတင်းကို ဖြန့်လိုက်ကြတယ်။



### (73) bruise / injure / hurt

bruise = ဒဏ်ရာရစေသည်၊ ပွန်းပဲ့စေသည်
injure = ပျက်စီးစေသည်၊ အန္တရာယ်ပြုသည်
hurt = နာကျင်ထိခိုက်စေသည်

- I have *bruised* my leg.
  ကျွန်တော့ ခြေထောက်ပွန်းပဲ့သွားတယ်။
- The soliders were *injured* in the battle.
  စစ်သားများတိုက်ပွဲမှာ ဒဏ်ရာရလာကြတယ်။
- He *hurt* himself when he fell.
  သူလဲလို့ နာကျင်သွားတယ်။

### (74) build /construct / erect

build = ဆောက်လုပ်သည်၊ တည်ဆောက်သည်
construct = ဆောက်လုပ်သည်၊ ဖွဲ့စည်းတည်ဆောက်သည်
erect = ထောင်သည်၊ တည်သည်၊ တည်ဆောက်သည်

- They used wood to *build* a house.
  သူတို့ အိမ်ဆောက်ဖို့ သစ်သားကို အသုံးပြုကြတယ်။
- The workers are *constructing* a road.
  အလုပ်သမားတွေ လမ်းဖောက်နေကြတယ်။
- They will *erect* a building here.
  သူတို့ ဒီနေရာမှာ အဆောက်အဦတစ်ခု ဆောက်လိမ့်မယ်။

### (75) burn / combust / fire

burn = မီးရှို့သည်၊ မီးလောင်သည်
combust = မီးစွဲလောင်စေသည်
fire = မီးရှို့သည်၊ မီးလောင်သည်၊ သေနတ်ပစ်သည်

- Hard wood *burns* a long time.
  သစ်မာသည် ကြာကြာ မီးစွဲလောင်သည်။
- Hay and dry leaves *combust* easily.
  မြက်နှင့် သစ်ရွက်ခြောက်များသည် အလွယ်တကူ မီးလောင်စေနိုင်သည်။
- The soldiers *fired* their guns.
  စစ်သားများသည် သူတို့၏ သေနတ်များကို ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (76) burst / erupt / explode

burst = ပေါက်ကွဲသည်၊ ဖောက်ခွဲသည်
erupt = ပွင့်ထွက်သည်၊ ပေါက်ထွက်သည်
explode = ဖောက်ခွဲသည်၊ ပေါက်ကွဲစေသည်

- The bubble ***burst***.
  စည်ပေါင်းကလေး ပေါက်ကွဲသွားသည်။
- The volcano can ***erupt*** at any time.
  မီးတောင်သည် အချိန်မရွေး ပေါက်ကွဲနိုင်သည်။
- A bomb ***exploded*** and killed many people.
  ဗုံးပေါက်ကွဲသဖြင့် လူအတော်များများ သေကုန်ကြတယ်။

## (77) bury / cover / hide

bury = မြှုပ်နှံသည်
cover = ဖုံးအုပ်သည်
hide = ပုန်းသည်၊ ဖုံးကွယ်သည်

- He was ***buried*** in the cemetery.
  သူ့ကို သုသာန်မှာ မြေမြှုပ် သင်္ဂြိုဟ်လိုက်တယ်။
- We ***covered*** the furniture on the floor with a sheet before the walls were painted.
  နံရံများများကို ဆေးမသုတ်ခင် ကြမ်းပြင်ပေါ်ရှိ ပရိဘောဂများကို တစ်ခုခုနဲ့ ဖုံးလိုက်တယ်။
- She tried to ***hide*** her feeling from everyone.
  သူ့ခံစားချက် လူတိုင်း မသိအောင် ဖုံးကွယ်ဖို့ ကြိုးစားခဲ့တယ်။

## (78) buy / procure / purchase

buy = ဝယ်သည်
procure = ရယူသည်၊ ရရှိစေသည်
purchase = ဝယ်ယူသည်

- I will ***buy*** a new coat when I have enough money.
  ငါမှာ ပိုက်ဆံရှိရင် ကုတ်အင်္ကျီအသစ်တစ်ထည် ဝယ်မယ်။
- They ***procured*** the money needed to build a hospital.
  ဆေးရုံဆောက်ဖို့ သူတို့ လိုအပ်တဲ့ ငွေကို ရအောင်လုပ်ကြတယ်။
- She ***purchased*** a new dress.
  သူမ ဝတ်စုံတစ်စုံ ဝယ်ယူခဲ့တယ်။



## (79) calculate / compute / measure

calculate = တွက်ချက်သည်/ ဂဏန်းတွက်သည်။
compute = တွက်ချက်သည်
measure = တိုင်းတာသည်

- They ***calculated*** how much it had cost to build a house.
  အိမ်ဆောက်တာ ဘယ်လောက်ကုန်သလဲဆိုတာ တွက်ချက်ကြည့်ကြတယ်။
- He is ***computing*** his yearly taxes.
  သူ့နှစ်စဉ်ဆောင်ရတဲ့ အခွန်ငွေကို တွက်ကြည့်နေတယ်။
- She ***measured*** her waist.
  သူမ သူမ၏ ခါးကို တိုင်းတာကြည့်တယ်။

## (80) call / shout / telephone

call = ခေါ်သည်
shout = အော်ပြောသည်
telephone = ဖုန်းဆက်သည်၊ ဖုန်းနှင့် စကားပြောသည်

- They ***call*** me Hla Bu.
  သူတို့ ကျွန်တော့ကို လှဘူးလို့ခေါ်ကြတယ်။
- He ***shouted*** my name.
  သူကျွန်တော့်နာမည်ကို အော်ခေါ်တယ်။
- She ***telephoned*** his office.
  သူမ သူ့ရုံးကို ဖုန်းဆက်လိုက်တယ်။

## (81) cast / throw / toss

cast = ပစ်လွှင့်သည်၊ ပစ်ချသည်
throw = ပစ်သည်
toss = မြှောက်ပန်းလှန်သည်၊ တော့သည်

- He ***cast*** stones into the water.
  သူကျောက်ခဲတွေကို ရေထဲပစ်ချတယ်။
- The boys ***are throwing*** the ball to one another.
  ယောကျ်ားလေးများ ဘောလုံးကို တစ်ဦးနှင့် တစ်ဦးပစ်နေကြတယ်။
- He ***tossed*** his hat on the chair.
  သူကုလားထိုင်ပေါ်မှာ ဦးထုပ်ကို တော့ကစားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (82) cease / stop / terminate

cease = ပြီးဆုံးသည်၊ ရပ်စဲသည်
stop = ရပ်နားသည်၊ ပိတ်ဆို့သည်
terminate = အဆုံးသပ်သည်၊ ကုန်ဆုံးသည်

- She *ceased* crying.
  သူမ အငိုတိတ်သွားသည်။
- *Stop* this car so that I can get out.
  ကျွန်တော် ဆင်းချင်လို့ ဒီကားကို ရပ်ပေးပါ။
- They *terminated* the agreements.
  သူတို့ သဘောတူညီမှုများကို အဆုံးသပ်လိုက်ကြတယ်။

## (83) change / replace / substitute

change = ပြောင်းလဲသည်၊ လဲလှယ်သည်
replace = ပြန်ထားသည်၊ အစားထိုးသည်
substitute = အစားထိုးသည်၊ အစားဝင်ရောက်သည်

- He *changed* into a clean shirt before dinner.
  သူညစာမစားခင် အင်္ကျီအသစ် တစ်ထည် လဲလိုက်တယ်။
- She *replaced* her husband as a local doctor.
  သူမ၏ ခင်ပွန်းကို ဒေသခံ ဆရာဝန်အဖြစ် အစားထိုးလိုက်တယ်။
- She *substituted* for our regular teacher.
  သူမသည် ကျွန်တော်တို့ ပုံမှန်ဆရာအတွက် အစားဝင်လာခဲ့တယ်။

## (84) chase / follow / hunt/ pursue

chase = လိုက်ဖမ်းသည်
follow = နောက်ကလိုက်သည်၊ လိုက်နာသည်
hunt = အမဲလိုက်သည်၊ လိုက်ရှာသည်
pursue = လိုက်လံသည်၊ ဖမ်းရန်လိုက်သည်

- The police *chased* the thief.
  ရဲတွေက သူခိုးကို လိုက်ဖမ်းကြတယ်။
- He could not *follow* the lecture.
  သူဟောပြော သင်ပြမှုကို မလိုက်နိုင်ပါ။
- He *hunted* the shops for this book.
  သူ ဒီစာအုပ်ကို ဆိုင်တွေသွားပြီး လိုက်ရှာခဲ့တယ်။
- He *pursued* money in everything he did.
  သူလုပ်သမျှ အရာတိုင်းဟာ ပိုက်ဆံရှာဖို့ပဲဖြစ်တယ်။



## (85) chat / converse / talk

chat = စကားစမြည် ပြောသည်
converse = တစ်ဦးနှင့် တစ်ဦးပြောသည်
talk = စကားပြောသည်၊ ဆွေးနွေးပြောဆိုသည်

- The two women *chatted* on the telephone for an hour.
  အမျိုးသမီးနှစ်ယောက် ဖုန်းနဲ့ တစ်နာရီလောက် စကားစမြည် ပြောနေကြတယ်။
- We will *converse* in English.
  ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် အင်္ဂလိပ်လိုပဲပြောကြတယ်။
- I had a long *talk* with my friend.
  ငါသူငယ်ချင်းနဲ့ စကားတွေ အကြာကြီးပြောခဲ့ရတယ်။

## (86) check / examine / test

check = မှန်မမှန် စစ်ဆေးသည်
examine = (စာမေးပွဲ)စစ်ဆေးသည်
test = စမ်းသပ်စစ်ဆေးသည်

- *Check* your list to see if you have forgotten anything.
  တစ်ခုခုများ မေ့ကျန်ခဲ့မလားဆိုတာ မင်းစာရင်းကို စစ်ကြည့်ပါအုံး။
- The doctor *examined* my sore eye.
  ဆရာဝန်က ကျွန်တော့ ယောင်နေတဲ့မျက်လုံးကို သေသေချာချာကြည့်တယ်။
- They *tested* the car tires by driving on a rocky road.
  ကျောက်ခဲထူတဲ့ လမ်းပေါ်မှာ မောင်းပြီး သူတို့ကားတာယာများကို စမ်းသပ်ကြည့်ခဲ့တယ်။

## (87) cancel / erase / remove

cancel = ပယ်ဖျက်သည်
erase = ချေဖျက်ပစ်သည်
remove = ဖယ်ရှားသည်၊ ဖြုတ်ပစ်သည်

- The singer *cancelled* his concert.
  အဆိုတော်သည် သူ့ရဲ့ဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်သည်။
- He *erased* his mistake on the examination paper.
  သူအဖြေစာရွက်ပေါ်မှာ သူ့အမှားကို ဖျက်ပစ်တယ်။
- She could not *remove* the spot from the carpet.
  သူကော်ဇောပေါ်က အကွက်ကြီးကို ဖယ်ရှားလို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



## (88) cherish / comfort / nurse

cherish = မြတ်နိုးသည်၊ တယုတယ စောင့်ထိန်းသည်
comfort = နှစ်သိမ့်အားပေးသည်
nurse = ထိမ်းသိမ်းသည်၊ စောင့်ရှောက်သည်

- He *cherished* his wife.
  သူ သူ့ဇနီးကို အလွန်ချစ်မြတ်နိုးသည်။
- The mother *comforted* her crying child.
  မိခင်သည် ငိုနေသော ကလေးကို ချော့သည်။
- She *nursed* him back to health.
  သူမ သူပြန်ကျန်းမာလာအောင် ပြုစုစောင့်ရှောက်ခဲ့သည်။

## (89) choose / pick / select

choose = ရွေးချယ်သည်
pick = ကောက်ယူသည်၊ ရွေးကောက်သည်
select = ရွေးယူသည်၊ ရွေးကောက်တင်မြှောက်သည်

- In a democracy, the people *choose* their leader.
  ဒီမိုကရေစီစနစ်မှာ လူများဟာ သူတို့ခေါင်းဆောင်ကို ရွေးချယ်ကြတယ်။
- He *picked* a pin from the floor.
  သူကြမ်းပြင်ပေါ်က အပ်ကလေးကို ကောက်ယူလိုက်တယ်။
- She *selected* the material carefully.
  သူမ ပစ္စည်းကို သေသေချာချာ ရွေးယူခဲ့တယ်။

## (90) chop / cut / fell / mince

chop = ခုတ်သည်၊ ဖြတ်သည်
cut = ခုတ်သည်၊ ထစ်သည်၊ ဖြတ်သည်
fell = လှဲသည်၊ ခုတ်လှဲသည်
mince = နုပ်နုပ်စဉ်းသည်၊ စဉ်းကောသည်

- He *chopped* down the tree.
  သူသစ်ပင်ကို ခုတ်လှဲချသည်။
- Please *cut* me a slice of bread.
  ပေါင်မုန့်တစ်ချပ်လှီးဖြတ်ပေးပါ။
- A woodsman *will fell* the tree for us.
  သစ်ခုတ်သမားက ကျွန်တော်တို့အတွက် သစ်ပင်ကို လှဲပေးလိမ့်မယ်။
- He *minced* the beef with his knife.
  အမဲသားကို သူဓားနဲ့ နုပ်နုပ်စဉ်းတယ်။



## (91) claim / demand / request

claim = တောင်းဆိုသည် (ရသင့်ရထိုက်သည်ကို)
demand = တောင်းဆိုသည်၊ အလိုရှိသည်၊ လိုအပ်သည်
request = တောင်းဆိုသည်၊ တောင်းပန်သည်

- He *claimed* a share of family property.
  သူမိသားစု အမွေကို တောင်းဆိုသည်။
- He *demanded* to be heard.
  သူကြားနာခွင့် တောင်းတယ်။
- The boy *requested* permission to go.
  ကောင်လေးက သွားခွင့်တောင်းတယ်။

## (92) close / lock / shut

close = ပိတ်သည်၊ ပိတ်ဆို့သည်
lock = သော့ခတ်သည်
shut = ပိတ်သည်၊ ပိတ်ကာသည်

- The store *closed* on Sundays.
  တနင်္ဂနွေနေ့မှာ ဆိုင်ပိတ်တယ်။
- Please *lock* the door before you leave.
  မင်း မသွားခင် တံခါးကို သော့ခတ်ခဲ့ပါ။
- *Shut* the windows, please. The wind is blowing.
  လေတိုက်နေတယ်၊ ပြူတင်းပေါက်တွေ ပိတ်ထားလိုက်ပါ။

## (93) coincide / correspond / match

coincide = ကြုံကြိုက်သည်၊ တိုက်ဆိုင်သည်
correspond = လိုက်ဖက်သည်၊ ကိုက်ညီသည်
match = အစပ်တည့်သည်၊ သဟာဇာတဖြစ်သည်၊ လိုက်ဖက်သည်

- His opinion *coincided* with mine.
  သူ့ထင်မြင်ယူဆချက်က ကျွန်တော်နဲ့ တိုက်ဆိုင်သည်။
- His action *corresponds* with his belief.
  သူ့လုပ်ရပ်က သူ့ယုံကြည်မှုနဲ့ ကိုက်ညီတယ်။
- This hat will *match* your new dress.
  ဒီဦးထုပ်က မင်းရဲ့ ဝတ်စုံသစ်နဲ့ လိုက်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## (94) collapse / drop / fall

collapse = ပြိုကျသည်
drop = လွတ်ကျသည်၊ အောက်သို့ချသည်
fall = ကျသည်၊ လိမ့်ကျသည်၊ လဲကျသည်။

- The roof of the house ***collasped.***
  အိမ်အမိုး ပြိုကျသွားတယ်။
- The man ***dropped*** to the ground.
  လူကြီး မြေကြီးပေါ် ကျသွားတယ်။
- The snow started to ***fall*** last night.
  ညက နှင်းတွေစပြီး ကျလာပြီ။

## (95) combat / contest / fight / struggle

combat = ယှဉ်ပြိုင်တိုက်ခိုက်သည်
contest = အပြိုင်လုသည်၊ အနိုင်ရအောင်လုပ်သည်
fight = တိုက်သည်၊ ရိုက်ပုတ်ထိုးသတ်သည်
struggle = ရုန်းကန်ကြိုးပမ်းသည်

- The soldiers ***combatted*** their enemies in the battle.
  စစ်သားများသည် တိုက်ပွဲမှာ ရန်သူကို ယှဉ်ပြိုင်တိုက်ခိုက်ကြသည်။
- He ***contested*** our claim that we own the house.
  ဒီအိမ်ကို ကျွန်တော်တို့ ပိုင်ဆိုင်ကြောင်း သူ ကျွန်တော်တို့ကို အနိုင်ရအောင် လုပ်ပေးတယ်။
- He was ***fighting*** with his brother.
  သူ သူ့ညီလေးနဲ့ ရန်ဖြစ်နေတယ်။
- They are ***struggling*** to learn English.
  သူတို့ အင်္ဂလိပ်ဘာသာကို ကြိုးပမ်းသင်ယူနေကြတယ်။

## (96) combine / connect / join / unite

combine = ပေါင်းစပ်ဖွဲ့စည်းသည်
connect = ဆက်သည်၊ ဆက်သွယ်သည်
join = ဆက်စပ်သည်၊ ပေါင်းစည်းသည်
unite = ပူးပေါင်းသည်၊ ဖွဲ့စည်းသည်

- The colour blue can be ***combined*** with yellow to make green.
  အစိမ်းရောင် လုပ်ချင်ရင် အပြာရောင်ကို အဝါနဲ့ ပေါင်းစပ်နိုင်တယ်။
- I don't wish to be ***connected*** with him in any way.
  ဘယ်လိုပဲဖြစ်ဖြစ် ငါသူနဲ့ မဆက်သွယ်ချင်ဘူး။



- The carpenter ***joined*** two pieces of wood with glue.
  လက်သမားက သစ်သားနှစ်ခုကို ကော်နဲ့ ကပ်လိုက်တယ်။
- The two groups ***united*** to form a club.
  သူတို့နှစ်ဖွဲ့ပေါင်းပြီး အသင်းတစ်ခု တည်ထောင်လိုက်ကြတယ်။

## (97) comfort / cheer / relieve

comfort = နှစ်သိမ့်သည်
cheer = အားပေးသည်၊ ကောင်းချီးပေးသည်
relieve = သက်သာစေသည်၊ ရာထူးကို ပြန်ရုပ်သိမ်းသည်

- He ***comforted*** me in my trouble.
  သူကျွန်တော် ဒုက္ခရောက်စဉ်က နှစ်သိမ့် အားပေးခဲ့တယ်။
- They loudly ***cheered*** the speaker.
  သူတို့စကားပြောသူကို ကျယ်လောင်စွာ ဩဘာပေးခဲ့ကြတယ်။
- The medicine ***relieved*** her headache.
  ဒီဆေးက သူမကို ခေါင်းကိုက် သက်သာစေတယ်။

## (98) compare / contrast / match

compare = နှိုင်းယှဉ်သည်
contrast = ယှဉ်ပြိုင်သည်၊ ခြားနားကြောင်းပြသည်
match = ပြိုင်ဆိုင်သည်၊ လိုက်ဖက်သည်

- He ***compares*** life with a journey.
  သူဘဝကို ခရီးတစ်ခုနဲ့ နှိုင်းယှဉ်ထားရတယ်။
- The teacher ***contrasted*** the climate of one country from others.
  ဆရာမက တိုင်းပြည်တစ်ခုရဲ့ ရာသီဥတုနဲ့ အခြားတိုင်းပြည်များရဲ့ ရာသီဥတုကို နှိုင်းယှဉ်ပြတယ်။
- Her dress ***matched*** the colour of her eyes.
  သူမရဲ့ ဝတ်စုံက သူမရဲ့ မျက်လုံးအရောင်နဲ့ လိုက်ဖက်တယ်။

## (99) compel / drive / force

compel = အတင်းခိုင်းသည်၊ အလုပ်ခိုင်းသည်
drive = မောင်းနှင်သည်၊ တိုက်တွန်းသည်
force = ဇွတ်အတင်းစေခိုင်းသည်

- My sense of duty ***compels*** me to do this.
  ကျွန်တော် ဒါကို တာဝန်သိစိတ်နဲ့ လုပ်တာပါ။
- They ***drive*** to work in their car every day.
  သူတို့ နေ့တိုင်း ကားနဲ့ အလုပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



- He *forced* me to give him some money.
  သူကျွန်တော့်ဆီက ပိုက်ဆံ ဍှတ်တောင်းနေတယ်။

## (100) compete / contest / rival

compete = ယှဉ်ပြိုင်၍ လုသည်
contest = အားပြိုင်လုသည်၊ အနိုင်ရဖို့ အားထုတ်သည်
rival = ယှဉ်ပြိုင်သည်၊ ပြိုင်သည်

- Students *compete* for a prize in dictation.
  ကျောင်းသားများ သတ်ပုံပြိုင်ပွဲမှာ ဆုရဖို့ ပြိုင်ကြတယ်။
- They will *contest* in the elections.
  သူတို့ ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ကြလိမ့်မယ်။
- He *rivals* others in industry.
  လုံ့လဝီရိယ ရှိရာမှာ သူတစ်ခြားလူတွေနဲ့ ယှဉ်နိုင်ပါတယ်။

## (101) complain / grumble / moan

complain = မကျေနပ်ကြောင်းပြောသည်၊ တိုင်တန်းသည်
grumble = တဖျစ်တောက်တောက်ပြောသည်
moan = ညည်းညူသည်

- He *complained* of bad treatement.
  သူပြုစုမှု ညံ့ဖျင်းကြောင်း တိုင်ပြောသည်။
- He is always *grumbling* about his boss.
  သူ သူ့လူကြီးအကြောင်း တစ်ဖျစ်တောက်တောက် ပြောနေတယ်။
- The sick man *moaned* in pain.
  လူမမာ နာကျင်မှုကြောင့် ညည်းညူနေတယ်။

## (102) compose / create / write

compose = တာစီသည်၊ စီကုံးရေးသားသည်
create = ဖန်ဆင်းသည်၊ ဖြစ်စေသည်
write = စာရေးသည်

- He *composes* beautiful music.
  သူ သီချင်းကောင်းကောင်းကို ရေးသားစပ်ဆိုတယ်။
- The artist *created* many beautiful pictures.
  ပန်းချီဆရာဟာ လှပတဲ့ ရုပ်ပုံကားချပ်များကို ဆွဲခဲ့တယ်။
- He *writes* me a letter every week.
  သူကျွန်တော့်ဆီကို တစ်ပတ်တစ်ခါ စာရေးပါတယ်။



## (103) comprehend / grasp / understand

comprehend = နားလည်သည်၊ သဘောပေါက်သည်
grasp = ဆုပ်ထားသည်၊ သဘောပေါက်သည်
understand = နားလည်သည်

- She can not *comprehend* the problem.
  သူပြဿနာကို နားမလည်ဘူး။
- The child heard the words but did not *grasp* their meaning.
  ကလေးက စကားများကို ကြားပေမဲ့၊ အဓိပ္ပါယ်ကို နားမလည်ဘူး။
- Do you *understand* the question?
  မင်း မေးခွန်းကို နားလည်ရဲ့လား။

## (104) concern / involve / relate

concern = သက်ဆိုင်သည်
involve = ပါဝင်ပတ်သက်သည်
relate = ဆက်သွယ်သည်၊ ဆက်စပ်သည်

- The election of officials should *concern* every citizen.
  ရွေးကောက်ပွဲဟာ နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တယ်။
- He is *involved* with the police.
  သူရဲနဲ့ ပတ်သက်နေတယ်။
- It was natural to *relate* his disappearance to the disappearance of the money.
  သူပျောက်သွားတာနဲ့ ပိုက်ဆံ ပျောက်သွားတာ ဆက်စပ်မှုရှိတယ်။

## (105) conclude / end / finish

conclude = အဆုံးသတ်သည်၊ နိဂုံးချုပ်သည်
end = ပြီးဆုံးသည်၊ အပြီးသတ်သည်
finish = အပြီးသတ်သည်၊ အဆုံးသတ်သည်

- The president *concluded* the meeting with an announcement.
  သမ္မတက အစည်းအဝေး ပြီးဆုံးကြောင်း ပြောဆိုနိဂုံးချုပ်လိုက်တယ်။
- The road *ended* at the river.
  လမ်းမကြီးက မြစ်မှာ ပြီးဆုံးသွားတယ်။
- She *finished* the work she was doing.
  သူမ လုပ်လက်စ အလုပ်ကို ပြီးအောင်လုပ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (106) condense / reduce / shorten

condense = သိပ်သည်းစေသည်၊ ချုံ့သည်
reduce = လျှော့ပစ်သည်၊ လျှော့ကျသည်
shorten = တိုစေသည်၊ ဖြတ်ပစ်သည်

- Many books are ***condensed*** to save the time for the readers.
  စာဖတ်သူများ အချိန်ကုန် သက်သာအောင် စာအုပ်တွေကို ချုံ့လိုက်တယ်။
- His salary was ***reduced***.
  သူလစာ အလျှော့ခံရတယ်။
- She ***shortened*** her dress.
  သူမ အင်္ကျီကို ဖြတ်ပစ်လိုက်တယ်။

## (107) confirm / assure / verify

confirm = အတည်ပြုသည်၊ ခိုင်မြဲစေသည်
assure = သေချာစေသည်၊ အာမခံထားသည်
verify = ဟုတ်မဟုတ် စစ်ဆေးကြည့်သည်

- He would not ***confirm*** his report.
  သူအစီရင်ခံစာကို အတည်ပြုမှာမဟုတ်ဘူး။
- He ***assured*** them that he was able to do the work.
  သူအလုပ်လုပ်နိုင်ကြောင်း အာမခံပြောခဲ့တယ်။
- We ***verify*** his story.
  သူ့အကြောင်းကို ကျွန်တော်တို့ စစ်ဆေးကြည့်တယ်။

## (108) conflict / clash / struggle

conflict = တိုက်ခိုက်သည်၊ ဆန့်ကျင်သည်
clash = ရိုက်ခတ်သည်၊ ဆန့်ကျင်တိုက်ခိုက်သည်
struggle = ကြိုးပမ်းအားထုတ်သည်

- His ideas ***conflict*** with mine.
  သူ့ စိတ်ကူးအတွေးအခေါ်တွေက ကျွန်တော်နဲ့ ဆန့်ကျင်ဘက်ဘဲ။
- Their opinions always ***clashed***.
  သူတို့ ထင်မြင်ယူဆချက်တွေက အမြဲတန်း ဆန့်ကျင်နေတယ်။
- The two fighters ***struggled*** together.
  ရန်ဖက် နှစ်ယောက်ဟာ အပြင်းအထန် ရုန်းကန်တိုက်ခိုက်ကြတယ်။



## (109) conquer / succeed / win

conquer = အောင်နိုင်သည်
succeed = အောင်မြင်သည်၊ ဆက်ခံသည်
win = အောင်မြင်မှုရရှိသည်၊ အနိုင်ရသည်

- He ***conquered*** his cravings.
  သူ တဏှာလောဘကို အောင်နိုင်ခဲ့သည်။
- He ***succeeded*** in reaching home before the rain started.
  သူမိုးမရွာခင် အိမ်ကိုရောက်အောင် သွားနိုင်ခဲ့တယ်။
- He ***won*** the first prize in the examination.
  သူစာမေးပွဲမှာ ပထမဆုရခဲ့တယ်။

## (110) consider / study / think

consider = စဉ်းစားဆင်ခြင်သည်၊ ယူဆသည်
study = လေ့လာမှတ်သားသည်၊ စာကျက်သည်၊ စာသင်သည်
think = စဉ်းစားသည်၊ တွေးသည်၊ ထင်သည်

- I ***considered*** him a fool.
  သူ့ကို အရူးတစ်ယောက်လို့ ကျွန်တော် ယူဆခဲ့တယ်။
- He ***studied*** her manners.
  သူ သူမရဲ့ အမူအရာများကို လေ့လာမှတ်သားခဲ့သည်။
- I want you to ***think*** over this matter.
  ဒီကိစ္စကို အလေးအနက် ပြန်ပြီး စဉ်းစားစေချင်တယ်။

## (111) consult / confer / discuss

consult = တိုင်ပင်သည်
confer = တိုင်ပင်သည်၊ ဆွေးနွေးသည်
discuss = ဆွေးနွေးသည်

- He ***consulted*** a lawyer about his problem.
  သူ့ပြဿနာကို ရှေ့နေနဲ့ တိုင်ပင်ဆွေးနွေးခဲ့တယ်။
- The principal ***conferred*** with the teachers.
  ကျောင်းအုပ်ကြီးက ဆရာ ဆရာမတွေနဲ့ တိုင်ပင်ဆွေးနွေးခဲ့တယ်။
- The business partners ***discussed*** their plans for the coming years.
  စီးပွားရေး လုပ်ဖော်ကိုင်ဖက်များသည် လာမဲ့နှစ်အတွက် စီမံချက်များကို တိုင်ပင်ဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## (112) consume / eat / use / spend

consume = စားသုံးသည်၊ ဖိစီးသည်
eat = စားသည်
use = သုံးစွဲသည်၊ အသုံးပြုသည်
spend = အချိန်နှင့် ငွေကို သုံးသည်

- The family ***consumed*** a lot of food.
  မိသားစုသည် အစားအစာများစွာ စားသုံးခဲ့သည်။
- She does not ***eat*** meat.
  သူမ အသား မစားပါ။
- We **use** soap to wash the dishes.
  ကျွန်တော်တို့ ပန်းကန်တွေကို ဆပ်ပြာနဲ့ ဆေးတယ်။
- We should ***spend*** the money usefully.
  ကျွန်တော်တို့ ပိုက်ဆံကို အကျိုးရှိရှိ သုံးသင့်ကြတယ်။

## (113) contain / have / hold / include

contain = ပါဝင်သည်
have = မှာရှိသည်၊ ပိုင်သည်၊ ပါသည်
hold = ပါသည်၊ ဝင်ဆန့်သည်၊ ဆုတ်ကိုင်သည်
include = ထည့်သွင်းသည်၊ ပါဝင်စေသည်

- This book ***contains*** 10 short stores.
  ဒီစာအုပ်ထဲမှာ ဝတ္ထု (၁၀) ပုဒ်ပါတယ်။
- We ***have*** a new house.
  ကျွန်တော်တို့မှာ အိမ်အသစ်တစ်လုံးရှိတယ်။
- This bottle ***holds*** one quart of oil.
  ဒီပုလင်းက ဆီ အစိပ်သား ဆန့်တယ်။
- We shall ***include*** his name on the list of guests.
  ဧည့်သည် စာရင်းထဲမှာ သူ့နာမည်ကို ထည့်လိုက်မယ်။

## (114) continue / persist / proceed

continue = ဆက်လက်လုပ်ကိုင်သည်
persist = ကြံ့ကြံ့ခံသည်၊ ဇွတ်လုပ်သည်
proceed = ဆက်သွားသည်၊ ရှေ့တိုးသွားသည်

- The rain ***continued*** all the week.
  မိုးတစ်ပတ်လုံး ဆက်တိုက်ရွာခဲ့တယ်။
- He ***persisted*** in his work until he succeeded.
  သူအလုပ်ကို မအောင်မြင်မချင်း ဇွဲနဲ့ လုပ်တယ်။



- They proceeded on their journey after lunch.
  သူတို့ နေ့လည်စာ စားပြီး ခရီးဆက်သွားကြတယ်။

## (115) control / direct / manage

control = ထိန်းသိမ်းသည်၊ ကြည့်ကြပ်သည်
direct = စီစဉ်ညွှန်ကြားသည်
manage = စီမံအုပ်ချုပ်သည်

- He ***controlled*** his temper.
  သူ့စိတ်ကို သူ ထိန်းချုပ်ထားတယ်။
- The policeman ***directed*** traffic.
  ရဲက ယဉ်သွားလာမှုကို ညွှန်ပြတယ်။
- He manages a large factory.
  သူစက်ရုံကြီးတစ်ရုံကို စီမံအုပ်ချုပ်နိုင်တယ်။

## (116) co-operate / combine / unite

co-operate = ပူးပေါင်းဆောင်ရွက်သည်
combine = ပေါင်းစပ်ဖွဲ့စည်းသည်
unite = ပူးပေါင်းသည်၊ ဖွဲ့စည်းသည်

- All members must ***co-operate*** to make the group a success.
  အဖွဲ့ဝင်အားလုံး အောင်မြင်ဖို့ ပူးပေါင်းဆောင်ရွက်ရမယ်။
- The colour blue can be ***combined*** with yellow to make green.
  အစိမ်းရောင် လုပ်ချင်ရင် အပြာရောင်ကို အဝါနဲ့ ပေါင်းစပ်နိုင်တယ်။
- The two groups ***united*** to form a club.
  သူတို့နှစ်ဖွဲ့ပေါင်းပြီး အသင်းတစ်ခု ဖွဲ့စည်းတည်ထောင်လိုက်ကြတယ်။

## (117) correspond / communicate / write

correspond = စာပေးစာယူလုပ်သည်
communicate = အကြောင်းကြားသည်၊ ဆက်သွယ်သည်
write = စာရေးသည်

- They ***correspond*** with each other regularly.
  သူတို့ တစ်ဦးနဲ့ တစ်ဦး စာမှန်မှန် ဆက်သွယ်ကြတယ်။
- Radio and television qunickly ***communicate*** news to all parts of the world.
  ရေဒီယိုနဲ့ ရုပ်မြင်သံကြားက သတင်းတွေကို တစ်ကမ္ဘာလုံးသို့ လျှင်မြန်စွာ ဆက်သွယ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



- He *writes* me a letter every week.
  သူကျွန်တော့ဆီကို တစ်ပတ်တစ်ခါ စာရေးတယ်။

**(118) count / number / reckon**

count = ရေတွက်သည်၊ ထင်မြင်ယူဆသည်
number = ရေတွက်သည်၊ အမှတ်စဉ်ရေးထိုးသည်
reckon = တွက်ချက်သည်၊ ယုံစားအားထားသည်၊ ယူဆသည်

- The child can *count* one to ten.
  ကလေးလေး တစ်ကနေ တစ်ဆယ်ထိ ရေတွက်နိုင်တယ်။
- The pages were *numbered* from one to hundred.
  စာမျက်နှာကို တစ်မှ တစ်ရာအထိ ရေးထိုးထားတယ်။
- The age of the earth is reckoned at about 4600 million years.
  ကမ္ဘာမြေကြီးရဲ့ သက်တမ်းကို နှစ်သန်းပေါင်း ၄၆၀၀ ကျော်ရှိတယ်လို့ တွက်ချက်ထားကြတယ်။

**(119) crack / break / split**

crack = ကွဲအက်စေသည်
break = ချိုးသည်၊ ကျိုးသည်
split = ခွဲသည်၊ ခွဲခြမ်းသည်

- The cup was *cracked*.
  ခွက်ကွဲအက်သွားတယ်။
- Those who *break* the law will be punished.
  ဥပဒေ ချိုးဖောက်တဲ့ လူတွေဟာ အပြစ်ပေးခံရမှာပဲ။
- He *split* the wood with an axe.
  သူထင်းကို ပုဆိန်နဲ့ နှစ်ခြမ်းခွဲလိုက်တယ်။

**(120) crash / dash/ smash**

crash = ကျ၍ ကွဲရှသွားသည်၊ ရုတ်တရက် ကျသွားသည်
dash = အားနှင့် ပစ်ချသည်၊ တဟုန်ထိုးပြေးသည်
smash = အစိပ်စိပ်အမွှာမွှာ ကွဲစေသည်၊ ချေမှုန်းသည်

- The two cars *crashed* into each other.
  ကားနှစ်စီး ရုတ်တရက် တိုက်မိကြတယ်။
- The boy *dashed* for the bus.
  လူကလေး ဘတ်စကားမှီအောင် တဟုန်ထိုးပြေးသွားတယ်။
- The cup *smashed* when the girl dropped it.
  မိန်းကလေး ခွက်လွှတ်ကျလို့ အစိပ်စိပ် ကွဲသွားတယ်။



**(121) cry / shout / scream**

cry = ငိုသည်၊ အော်ပြောသည်
shout = အော်သည်၊ အော်ခေါ်သည်
scream = ကျယ်လောင်စူးရှစွာ အော်သည်

- The child *cried* as he was hurt.
  ကလေးလေး နာကျင်မိလို့ အော်ငိုတယ်။
- He *shouted* my name.
  သူကျွန်တော့်အမည်ကို အော်ခေါ်သည်။
- We heard someone *scream* in fright.
  ကျွန်တော်တို့ တစ်စုံတစ်ဦး လန့်အော်သံကို ကြားလိုက်တယ်။

**(122) cultivate / farm / till**

cultivate = ထွန်ယက်စိုက်ပျိုးသည်(မြေကို)
farm = တောင်ယာလုပ်သည်
till = ထွန်ယက်စိုက်ပျိုးသည်

- The farmer *cultivated* his land.
  လယ်သမားသည် သူ၏ မြေကို ထွန်ယက်စိုက်ပျိုးသည်။
- He *farmed* the land himself.
  သူ သူကိုယ်တိုင် တောင်ယာလုပ်ကိုင်ခဲ့ပါသည်။
- He has *tilled* the soil all his life.
  သူဘဝတစ်လျှောက်လုံး မြေကို ထွန်ယက်စိုက်ပျိုးခဲ့ရတယ်။

**(123) dare / brave / risk**

dare = ရဲဝံ့သည်၊ အနတ္တသည်
brave = ရင်ဆိုင်သည်
risk = စွန့်စားသည်

- I *dare* not go.
  ကျွန်တော် မသွားဝံ့ပါ။
- He *braved* the storm.
  သူမုန်တိုင်းကို ရဲဝံ့စွာ ရင်ဆိုင်သည်။
- He *risked* his life.
  သူအသက်စွန့်၍ လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (124) Deal / treat / trade

deal = ဆက်ဆံသည်၊ အရောင်းအဝယ်လုပ်သည်
treat = ပြုမူသည်
trade = ရောင်းဝယ်သည်၊ ဖလှယ်သည်၊ လဲလှယ်သည်

- We ***deal*** directly with the farmers for our vegetables.
  ကျွန်တော်တို့ ဟင်းသီးဟင်းရွက်များအတွက် လယ်သမားတွေဆီက တိုက်ရိုက် ဝယ်ယူရောင်းချတယ်။
- He ***treated*** the old man with respect.
  သူအသက်ကြီးသူကို လေးလေးစားစား ပြုမူခဲ့တယ်။
- This country ***trades*** with most of the countries in the world.
  ဒီနိုင်ငံက ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများနဲ့ ကူးသန်းရောင်းဝယ်တယ်။

## (125) deceive / cheat / mislead

deceive = လိမ်လည်လှည့်ဖြားသည်
cheat = လိမ်လည်လှည့်ဖြားသည်
mislead = အထင်အမြင်မှားစေသည်၊ လိမ်လည်လှည့်ဖြားသည်

- He ***deceived*** his friend about his income.
  သူ့ သူ သူငယ်ချင်းအား ဝင်ငွေနှင့် ပတ်သက်ပြီး လိမ်လည်လှည့်ဖြားသည်။
- He was ***cheated*** out of his money by a stranger.
  သူစိမ်းတစ်ယောက်က သူ့ပိုက်ဆံတွေကို လိမ်ယူသွားတယ်။
- His statement ***misleads*** the people.
  သူ့ပြောဆိုချက်က လူတွေကို အထင်မှားစေတယ်။

## (126) decide / determine / settle

decide = ဆုံးဖြတ်သည်
determine = ပြဋ္ဌာန်းသည်၊ ပိုင်းဖြတ်သည်
settle = ဖြေရှင်းသည်၊ ဆုံးဖြတ်သည်၊ နေရာတကျထားသည်

- He ***decided*** to leave home.
  သူအိမ်က ထွက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။
- I am ***determined*** to go abroad.
  ငါနိုင်ငံခြား သွားဖို့ ဆုံးဖြတ်လိုက်ပြီ။
- He ***settled*** his affairs before leaving the town.
  သူမြို့က ထွက်မသွားခင် သူကိစ္စတွေကို အကုန်ဖြေရှင်းခဲ့တယ်။



## (127) deduct / eleminate / substract

deduct = နုတ်သည်၊ နုတ်ယူသည်
eleminate = ထုတ်ပယ်သည်၊ ဖြုတ်ပစ်သည်
substract = နုတ်သည်

- 50 kyats was ***deducted*** from his pay.
  သူ့ လစာထဲက ငွေ(၅၀) ကျပ် နုတ်ထားလိုက်တယ်။
- Part of the program was ***eliminated*** to save time.
  အချိန်ကုန် သက်သာအောင် အစီအစဉ်ထဲက အချို့အပိုင်းကို ဖြုတ်ပစ်လိုက်တယ်။
- If you ***substract*** 2 from 4, you will get 2.
  (လေး)ထဲက (နှစ်)ကို နုတ်ရင်၊ (နှစ်)ပဲရမယ်။

## (128) defeat / conquer / overcome

defeat = နိုင်းနင်းသည်၊ ရှုံးနိမ့်စေသည်
conquer = အောင်နိုင်သည်
overcome = ကျော်လွှန်သည်၊ လွန်မြောက်သည်၊ အောင်မြင်သည်

- We ***defeated*** the enemy in the battle.
  ကျွန်တော်တို့ တိုက်ပွဲမှာ ရန်သူကို အနိုင်ရခဲ့တယ်။
- They ***conquered*** the new territory.
  သူတို့ နယ်မြေသစ်ကို သိမ်းပိုက် အောင်မြင်ခဲ့တယ်။
- The early settlers had many difficulties to ***overcome.***
  ရှေးဦးလူတွေဟာ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ ကြိုးပန်းခဲ့ကြရတယ်။

## (129) defend / guard / prevent / protect

defend = ခုခံသည်၊ ကာကွယ်သည်
guard = ကာကွယ်စောင့်ရှောက်သည်
prevent = တားမြစ်သည်၊ ဆီးတားသည်၊ ကာကွယ်သည်
protect = ကာကွယ်သည်၊ လုံခြုံစေသည်

- The dog ***defended*** his master from harm.
  ခွေးသည် သူ့သခင်အား အန္တရာယ်မှ ခုခံကာကွယ်ခဲ့သည်။
- The dog ***guards*** the house.
  ခွေးသည် အိမ်ကို ကာကွယ်စောင့်ရှောက်သည်။
- A heavy rain ***prevented*** the fire from spreading.
  သည်းထန်စွာ မိုးရွာသဖြင့် မီးကူးပျံ့ခြင်းကို တားဆီးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



- The umbrellas ***protect*** us from rain.
  ထီးများသည် မိုးရေစိုခြင်းမှ ကာကွယ်ပေးသည်။

### (130) defer / delay / postphone

defer = ရွှေ့ဆိုင်းသည်၊ နှောင့်နှေးသည်
delay = ကြံ့ကြာစေသည်
post phone = ရွှေ့ဆိုင်းသည်

- The ship ***deferred*** its sarting because of bad weather.
  ရာသီဥတုဆိုးလို့ သင်္ဘောရက်ရွှေ့ဆိုင်းလိုက်တယ်။
- He ***delayed*** his trip for two weeks.
  သူသူ့ခရီးကို သတင်းနှစ်ပတ်လောက် ရွှေ့လိုက်တယ်။
- The meeting was ***postphoned*** next Sunday.
  အစည်းအဝေးကို နောက်တနင်္ဂနွေနေ့ ရွှေ့လိုက်တယ်။

### (131) deliver / give / offer / present

deliver = ပေးဝေသည်
give = ပေးသည်
offer = ပေးကမ်း၊ လှူဒါန်းသည်
present = လက်ဆောင်ပေးသည်၊ ဆက်သသည်၊ တင်ပြသည်

- Please ***deliver*** this package to my mother.
  ကျေးဇူးပြုပြီး ဒီအထုပ်ကလေးကို အမေ့ ပေးပေးပါ။
- I will ***give*** you this book.
  ငါမင်းကို ဒီစာအုပ်ပေးမယ်။
- He ***offered*** the flowers to the pagoda.
  သူ ဘုရားကို ပန်းကပ်လှူ ပူဇော်တယ်။
- No new ideas were ***presented*** at the meeting.
  အစည်းအဝေးမှာ ဘာအကြံဉာဏ်ကိုမှ မတင်ပြကြဘူး။

### (132) Demonstrate / exhibit / show

demonstrate = လက်တွေ့ပြသည်
exhibit = တည်ခင်းပြသသည်
show = ထင်ရှားအောင်ပြသည်

- The scientist ***demonstrated*** the correctness of his theory.
  သိပ္ပံပညာရှင်သည် သူ၏ စမ်းသပ်ချက်မှန်ကန်ကြောင်း လက်တွေ့လုပ်ပြသည်။
- The paintings were ***exhibitted*** at the art gallery.
  အနုပညာပြခန်းမှာ ပန်းချီကားတွေကို ပြသထားတယ်။
- Please ***show*** me your new car.
  မင်းကားအသစ်ကို ငါ့ကို ပြပါ။



### (133) deny / refuse / reject

deny = ငြင်းဆိုသည် (မဟုတ်ကြောင်းပြော)
refuse = ငြင်းပယ်သည် (လက်မခံ)
reject = ပယ်ချသည်၊ ပစ်ပယ်သည်

- I ***deny*** that he took the book.
  သူစာအုပ် ယူသွားတာကို ကျွန်တော်ငြင်းဆိုတယ်။
- He ***refused*** to give me the money.
  သူကျွန်တော့ကို ပိုက်ဆံပေးဖို့ ငြင်းပယ်ခဲ့တယ်။
- They ***reject*** my advice.
  သူတို့ ကျွန်တော့ အကြံဉာဏ်ကို ပယ်ချလိုက်တယ်။

### (134) depart / go / leave

depart = ထွက်ခွာသည်၊ ခွဲခွာသွားသည်
go = သွားသည်
leave = ချန်ထားသည်၊ ထားခဲ့သည်၊ ထွက်သွားသည်

- He said Good-bye and ***departed***.
  သူနှုတ်ဆက်ပြီး ထွက်သွားတယ်။
- We ***go*** that way to town.
  ကျွန်တော်တို့ မြို့ကို ဒီလမ်းအတိုင်း သွားကြတယ်။
- He ***leaves*** home early in the morning.
  သူအိမ်က နံနက်စောစော ထွက်သွားတယ်။

### (135) deposit / put / save

deposit = ချထားသည်၊ ဘဏ်မှာ ငွေအပ်ထားသည်
put = ထားသည်၊ ချထားသည်
save = ကယ်တင်သည်၊ ချွေတာစုဆောင်းသည်

- He ***deposited*** part of his salary in the bank.
  သူ့လစာအချို့ကို ဘဏ်မှာသွင်းထားတယ်။
- He ***put*** the money in his pocket.
  သူပိုက်ဆံကို အိပ်ကပ်ထဲမှာပဲ ထည့်ထားတယ်။
- He ***saved*** the money to go to college.
  သူကောလိပ်ကျောင်းတက်ဖို့ ပိုက်ဆံစုခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (136) describe / narrate / recount

describe = ဖွဲ့ဆိုစီကုံးသည်၊ ဖော်ပြသည်
narrate = ဇာတ်လမ်းကုံးပြောသည်၊ ပုံပြောသည်
recount = ပြန်ပြောပြသည်၊ ပြန်ပြီး ရေတွက်သည်

- He ***described*** his sister to me.
  သူ သူ့ညီမအကြောင်း ကျွန်တော့်ကို ပြောပြတယ်။
- He ***narrated*** the events of yesterday.
  သူ မနေ့က အဖြစ်အပျက်တွေကို ပြန်ပြောပြတယ်။
- He ***recounted*** his adventure.
  သူ သူ့ရဲ့ စွန့်စားမှုကို ပြန်ပြောပြတယ်။

## (137) deserve / earn / merit

deserve = ထိုက်တန်သည်
earn = လုပ်ကိုင်၍ ရသည်၊ ရထိုက်၍ရသည်
merit = ထိုက်သည်၊ ရထိုက်သည်

- Their efforts ***deserve*** to be rewarded.
  သူတို့ရဲ့ ကြိုးပမ်းအားထုတ်မှုများကို ချီးမြှင့်ထိုက်ပါတယ်။
- He ***earns*** money by working in the factory.
  သူ စက်ရုံမှာ အလုပ်လုပ်ပြီး ပိုက်ဆံရှာခဲ့သည်။
- He ***merits*** the prize that he won.
  သူရတဲ့ ဆုနဲ့ သူထိုက်တန်ပါတယ်။

## (138) design / plan / scheme

design = ပုံစံရေးဆွဲသည်
plan = ပုံစံထုတ်သည်၊ ရည်ရွယ်သည်၊ စီစဉ်သည်
scheme = စီမံကိန်းရေးဆွဲသည်၊ ကြံစည်သည်

- The girl ***designed*** a dress.
  မိန်းကလေးသည် အင်္ကျီပုံစံ ရေးဆွဲခဲ့သည်။
- He ***planned*** the streets of the new town.
  သူမြို့သစ်အတွက် လမ်းပုံစံတွေကို ထုတ်ခဲ့တယ်။
- He ***schemed*** to get his brother's share of the family money.
  သူ သူ့အကိုရဲ့ မိသားစုငွေ ဝေစုကို ရယူဖို့ကြံစည်ခဲ့တယ်။



## (139) destroy / kill / ruin

destroy = ဖျက်ဆီးသည်၊ ပျက်စီးစေသည်
kill = သတ်သည်
ruin = ဖျက်ဆီးသည်

- Fire ***destroyed*** many houses.
  မီးလောင်သောကြောင့် အိမ်အတော်များများ ပျက်စီးသွားတယ်။
- Many people were ***killed*** in the war.
  စစ်ဖြစ်တုံးက လူအတော်များများ သေကုန်ကြတယ်။
- The rain ***ruined*** our plans.
  မိုးရွာလို့ ကျွန်တော်တို့ အစီအစဉ်တွေ အတော်ပျက်သွားတယ်။

## (140) detach / divide / separate

detach = ဖြုတ်ယူသည်၊ ဖြုတ်တောက်သည်
divide = ခွဲခြမ်းသည်၊ ခွဲခြားသည်
separate = ခွဲထားသည်၊ ခွဲခွာသည်

- The engine was ***detached*** from the rest of the train.
  အင်ဂျင်ကို ရထားရဲ့ ကျန်အပိုင်းတွေက ဖြုတ်ထုတ်လိုက်တယ်။
- The fence ***divided*** his property from mine.
  ခြံစည်းရိုးက သူပိုင်ဆိုင်မှုနဲ့ ကျွန်တော် ပိုင်ဆိုင်မှုကို ခွဲခြားထားတယ်။
- The policeman ***separated*** the fighters.
  ရဲက ရန်ဖြစ်တဲ့ လူတွေကို ခွဲထားလိုက်တယ်။

## (141) develop / grow / mature

develop = ကြီးထွားလာသည်၊ ဖွံ့ဖြိုးလာသည်
grow = စိုက်ပျိုးသည်၊ ပေါက်သည်၊ ကြီးပြင်းလာသည်
mature = မှည့်သည်၊ ရင့်သည်

- You should ***develop*** your idea.
  သင့်အတွေးအခေါ်တွေကို ရင့်သန်လာအောင် လုပ်သင့်တယ်။
- She is ***growing*** fast.
  သူမ ကြီးထွားလာတာ မြန်တယ်။
- He ***matured*** with the years.
  သူ အသက်ကြီးလာတာနဲ့အမျှ ရင့်ကျက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (142) dictate / record / speak

dictate = လိုက်ရေးစေသည်၊ ရေးမှတ်ရန် ပြောသည်
record = မှတ်တမ်းတင်သည်၊ ရေးမှတ်ထားသည်၊ဓာတ်ပြားသွင်းသည်
speak = စကားပြောသည်၊ ပြောဆိုသည်

- The teacher ***dictated*** a letter to his pupils.
  ဆရာက တပည့်တွေကို စာတစ်စောင် လိုက်ရေးခိုင်းတယ်။
- We ***recorded*** the music played by the band.
  ကျွန်တော်တေးဂီတအဖွဲ့ရဲ့ သီချင်းတွေကို မှတ်တမ်းတင်ထားတယ်(အသံသွင်းယူထား)။
- The child began to ***speak*** at the age of two.
  ကလေးလေးဟာ (၂) နှစ်သားအရွယ်မှာ စကားစပြောတယ်။

## (143) die / expire / perish

die = သေဆုံးသည်၊ ကွယ်လွန်သည်
expire = သေသည်၊ ကုန်ဆုံးသည်
perish = သေကျေပျက်စီးသည်၊ ဆုံးရှုံးသည်

- My father ***died*** two years ago.
  ကျွန်တော့် အဖေ လွန်ခဲ့တဲ့ ၂နှစ်က ကွယ်လွန်သွားတယ်။
- The agreement ***expired*** yesterday.
  သဘောတူညီချက်က မနေ့ကဘဲ ကုန်ဆုံးသွားပြီ။
- A hundred people ***perished*** in the fire.
  လူတစ်ရာလောက် မီးလောင်လို့ ပျက်စီးဆုံးရှုံးသွားတယ်။

## (144) dine / eat / feast

dine = စားသောက်သည်၊ တည်ခင်းကျွေးမွေးသည်
eat = စားသည်
feast = လူအများကို ကျွေးမွေးသည်

- They invited their friends to ***dine*** with them.
  သူတို့က သူတို့ သူငယ်ချင်းတွေကို စားဖို့ သောက်ဖို့ ဖိတ်တယ်။
- Children like to ***eat*** cake.
  ကလေးတွေက ကိတ်မုန့်စားရတာကို နှစ်သက်တယ်။
- They ***feasted*** the guests on their wedding ceremony.
  သူတို့ မင်္ဂလာဆောင်မှာ ဧည့်သည်တွေကို ကျွေးမွေးခဲ့ကြတယ်။



## (145) disappear / end / vanish

disappear = ပျောက်ကွယ်သွားသည်
end = အပြီးသပ်သည်၊ ပြီးဆုံးသည်
vanish = ပျောက်ကွယ်သွားသည်

- The ship ***disappeared*** in the distance.
  သင်္ဘောကြီးအဝေးမှာ ပျောက်ကွယ်သွားတယ်။
- The road ***ended*** at the river.
  လမ်းမကြီးဟာ မြစ်မှာ အဆုံးသပ်သွားတယ်။
- Their fears ***vanished*** when the storm ended.
  မုန်တိုင်းစဲသွားတော့ ကြောက်ရွံ့စိတ်တွေ ပျောက်သွားတယ်။

## (146) discover / find / know / learn.

discover = စတင်တွေ့ရှိသည်
find = တွေ့မြင်သည်၊ ရှာတွေ့သည်
know = သိသည်၊ နားလည်သည်
learn = သင်ယူသည်၊ ကြားသိသည်

- Columbus ***discovered*** America in 1949.
  ကိုလန်ဘတ်သည် အမေရိကတိုက်ကို ၁၉၄၉ ခုနှစ်မှာ စတွေ့ခဲ့သည်။
- Did you ***find*** your lost book.
  မင်းပျောက်သွားတဲ့ စာအုပ်တွေ့ပြီလား။
- Do you ***know*** that man?
  မင်းဟိုလူကြီးကို သိလား။
- She is ***learning*** to dance.
  သူမ အကသင်နေတယ်။

## (147) disguise / hide / mask

disguise = ရုပ်ဖျက်၊ အယောင်ဆောင်သည်
hide = ပုန်းအောင်းသည်၊ ဖုံးကွယ်ထားသည်
mask = ဖုံးသည်၊ ကွယ်သည်

- The detective ***disguised*** himself as an old man.
  စုံထောက်သည် အဘိုးကြီးနှင့် တူအောင် ရုပ်ပြောင်းထားသည်။
- He is ***hiding*** behind the door.
  သူတံခါးနောက်မှာ ပုန်းနေသည်။
- He ***masked*** his real intentions.
  သူသည် သူ၏ ရည်ရွယ်ချက်အမှန်ကို ဖုံးကွယ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## (148) disperse / scatter / spread

disperse = လူစုခွဲသည်၊ လူစုကွဲသည်
scatter = ဖြန့်ကြဲသည်၊ ကြဲဖြန့်သည်
spread = ဖြန့်သည်၊ ပြန့်သွားသည်

- The crowd ***dispersed*** when the rain fell.
  မိုးရွာတော့ လူစုကွဲသွားကြတယ်။
- The farmer ***scattered*** the paddy seeds.
  လယ်သမားသည် စပါးမျိုးစေ့များကို ဖြန့်ကြဲခဲ့သည်။
- The bad news ***spread*** quickly.
  မကောင်းသတင်းဆိုတာ အလွန်ပျံ့နှံ့လွယ်တယ်။

## (149) do / make / work

do = လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်သည်
make = ပစ္စည်းတစ်ခုခုကို ပြုလုပ်သည်
work = အလုပ်လုပ်သည်

- They ***do*** their work well.
  သူတို့ အလုပ်ကောင်းကောင်း လုပ်ကြပါတယ်။
- They will ***make*** tea for the guests.
  သူတို့ ဧည့်သည်တွေအတွက် လက်ဖက်ရည်ဖျော်လိမ့်မယ်။
- My father ***works*** in a factory.
  ကျွန်တော့အဖေ စက်ရုံတစ်ခုမှာ အလုပ်လုပ်တယ်။

## (150) drag / draw / pull

drag = ဒရွတ်တိုက်ဆွဲသည်
draw = ရေးဆွဲသည်၊ ဆွဲသည်၊ ရုံးသည်
pull = ဆွဲရုံးသည်

- The little boy ***dragged*** the large box up the hill.
  လူငယ်လေးသည် သေတ္တာကြီးကို တောင်ကုန်းပေါ်သို့ ဆွဲတင်ခဲ့သည်။
- The artist ***draws*** beautiful flowers.
  ပန်းချီဆရာသည် လှပသော ပန်းများကို ရေးဆွဲသည်။
- The horse ***pulled*** (drew) a wagon along the road.
  မြင်းသည် ရထားလုံးကို လမ်းတစ်လျှောက် ဆွဲရုံးခဲ့သည်။

BURMESE CLASSIC .com



## (151) draw / sketch / trace

draw = ရေးဆွဲသည်၊ ဆွဲရုန်းသည်
sketch = ပုံကြမ်းရေးသည်၊ အကြမ်းဖော်ပြသည်
trace = ထပ်၍ ကူးယူသည်၊ လိုက်ထပ်ရေးသည်

- A horse was needed to ***draw*** a wagon.
  ရထားလုံးကို ဆွဲဖို့ မြင်းတစ်ကောင်လိုတယ်။
- He ***sketched*** her as she stood in the doorway.
  သူမ တံခါးဝမှာ ရပ်နေပုံကို ပုံကြမ်းရေးဆွဲလိုက်တယ်။
- The children ***traced*** the pictures in the book.
  ကလေးများသည် ရုပ်ပုံများကို စာအုပ်ထဲမှာ လိုက်ထပ်ရေးဆွဲကြသည်။

## (152) drift / float / sail

drift = မျောပါသွားသည်
float = ပေါ်မျောသည်၊ ပေါလောပေါ်သည်
sail = ရွက်လွှင့်သည်

- The boat ***drifted*** towards the shore.
  လှေကလေး ကမ်းခြေဘက်သို့ မျောပါလာတယ်။
- Wood ***floats*** on water.
  သစ်သားသည် ရေပေါ်မှာ ပေါ်မျောသည်။
- The ship ***sails*** at midnight.
  သင်္ဘော ညသန်းခေါင်ယံအချိန်မှာ ရွက်လွှင့်သွားတယ်။

## (153) drink / sip / swallow

drink = သောက်သည်
sip = အနည်းအကျဉ်းသောက်သည်၊ တဖြည်းဖြည်းသောက်သည်
swallow = မျိုချသည်

- We ***drink*** coffee with our dinner.
  ကျွန်တော်တို့ ညစာစားပြီး ကော်ဖီသောက်ကြတယ်။
- You should ***sip*** the hot dry tea slowly.
  မင်းရေနွေးကြမ်းကို ဖြည်းဖြည်းချင်း တစိမ့်စိမ့်သောက်သင့်တယ်။
- He ***swallowed*** a big piece of cake.
  သူကိတ်မုန့်တစ်ချပ်ကြီးကြီးကို မျိုချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (154) drive / ride / run

drive = မောင်းနှင်သည်
ride = စီးနင်းသည်
run = ပြေးသည်

- They *drive* to work in their car every day.
  သူတို့နေ့တိုင်း သူတို့ ကားနဲ့ အလုပ်သွားကြတယ်။
- The boy is *riding* a bicycle.
  လူကလေး စက်ဘီးစီးနေတယ်။
- He *ran* to catch the train as he was late.
  သူနောက်ကျနေလို့ ရထားမှီအောင်ပြေးတယ်။

## (155) dwell / live / reside

dwell = နေထိုင်သည် (အဓိကထားပြောသည်)
live = နေထိုင်သည်၊ အသက်ရှင်နေသည်
reside = နေထိုင်သည်(ပစ္စည်းဥစ္စာ၊အရည်အချင်း)စသည်တို့နှင့်

- Some bats *dwell* in caves.
  လင်းနို့အချို့ဟာ ဂူတွေထဲမှာ နေကြတယ်။
- We *live* with our parents.
  ကျွန်တော်တို့ မိဘတွေနဲ့ အတူနေတယ်။
- Where do you *reside* now?
  မင်းအခုဘယ်မှာ အတည်တကျနေသလဲ။

BURMESE CLASSIC .com

## (156) educate / teach / train

educate = ပညာသင်ပေးသည်၊ ဆုံးမပဲ့ပြင်သည်
teach = သင်ကြားပြသသည်၊ သွန်သင်ဆုံးမသည်
train = လေ့ကျင့်သင်ကြားပေးသည်၊ လေ့ကျင့်သည်

- He was *educated* in good schools.
  သူကျောင်းကောင်းကောင်းတွေမှာ စာသင်ခဲ့ရတယ်။
- She *teaches* us how to speak English.
  သူမ ကျွန်တော်တို့ကို အင်္ဂလိပ်လို စကားပြော သင်ပေးတယ်။
- They *trained* their children to use good manners.
  သူတို့ ကလေးတွေကို ကောင်းကောင်းနေထိုင်တတ်ဖို့ လေ့ကျင့်ထားတယ်။



## (157) elevate / lift / raise

elevate = တိုးမြှင့်သည်၊ မြှောက်တင်သည်
lift = မချီသည်၊ မတင်သည်
raise = ထူသည်၊ မသည်၊ မ၍ ထောင်သည်

- The platform was *elevated* to a hight of 5 ft .
  ပလက်ဖောင်းကို ၅ ပေအထိ မြှင့်တင်လိုက်တယ်။
- The man *lifted* the heavy box.
  လူကြီးသည် လေးလံသော သေတ္တာကြီးကို မချီခဲ့သည်။
- He *raised* his hand and waved to us.
  သူတို့ လက်မြှောက်ပြီး ကျွန်တော့်တို့ကို ဝှေ့ရမ်းပြတယ်။

## (158) embrace / clasp / hug

embrace = ပွေ့ဖက်သည်
clasp = ဆုတ်ကိုင်ထားသည်၊ တွယ်ထားသည်၊ ချိတ်ထားသည်
hug = ဖက်ထားသည်၊ ဖမ်းဆုတ်သည်

- He *embraced* his wife.
  သူ သူ့ဇနီးကို ပွေ့ဖက်ထားသည်။
- The dancers *clasped* hands and formed a circle.
  ယိမ်းသမလေးတွေ လက်ချင်းချိတ်ပြီး စက်ဝိုင်းပုံ ဖော်ထားတယ်။
- The mother *hugged* her lost child.
  မိခင်ဖြစ်သူက ပျောက်သွားတဲ့ ကလေးကို တအားပွေ့ဖက်ထားတယ်။

## (159) encounter / face / meet

encounter = တွေ့ဆုံသည်၊ ကြုံကြိုက်သည်
face = မျက်နှာမူသည်၊ ရင်ဆိုင်သည်
meet = တွေ့ဆုံသည်၊ စည်းဝေးသည်

- While out walking, we *encountered* an old friend.
  အပြင် လမ်းလျှောက်ထွက်တုံး မိတ်ဆွေဟောင်းတစ်ဦးနဲ့ တွေ့ခဲ့တယ်။
- The teacher *faced* the class.
  ဆရာမက အတန်းဘက်ကိုမျက်နှာ လှည့်ထားသည်။
- We often *meet* in the street.
  ကျွန်တော်တို့ လမ်းမှာ မကြာခဏ ဆုံကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (160) endeavour / try / struggle

endeavour = ကြိုးပန်းအားထုတ်သည်
try = ကြိုးစားသည်၊ စမ်းသပ်ကြည့်သည်
struggle = ရုန်းကန် ကြိုးပန်းသည်

- They *endeavoured* to find a home for him.
  သူတို့ သူနေဖို့ အိမ်တစ်အိမ်ကို ကြိုးစားရှာပေးကြတယ်။
- Students try to *pass* the examination.
  ကျောင်းသားတွေ စာမေးပွဲအောင်ဖို့ ကြိုးစားကြတယ်။
- They are *struggling* to learn English.
  သူတို့ အင်္ဂလိပ်စာ သင်ယူတတ်မြောက်ဖို့ ရုန်းကန်ကြိုးပန်းနေကြတယ်။

## (161) engage / employ / occupy

engage = လုပ်ကိုင်စေသည်၊ စေ့စပ်ကြောင်းလမ်းသည်
employ = အသုံးပြုသည်၊ အသုံးချသည်
occupy = နေရာယူသည်၊ အချိန်ကို အလုပ်ဖြင့် အသုံးပြုသည်

- She is *engaged* in writing a book.
  သူမစာတစ်အုပ် ရေးနေတယ်။
- That store *employed* many people.
  ဒီဆိုင်မှာ လူတွေ အများကြီး အလုပ်ခန့်ထားတယ်။
- We *occupy* the house next to yours.
  ငါတို့ အိမ်ကို မင်းတို့နဲ့ ကပ်လျက် နေရာယူထားတယ်။

BURMESE CLASSIC .com

## (162) enlarge / amplify / extend

enlarge = ချဲ့သည်၊ အကျယ်ချဲ့ပြောသည်
amplify = ဖြည့်သည်၊ ချဲ့သည်
extend = တိုးချဲ့သည်၊ ဆန့်ထုတ်သည်၊ ကျယ်သည်

- He *enlarges* on her beauty.
  သူ သူမရဲ့ အလှကို ငိုကာ ချဲ့ပြောသည်။
- He *amplified* his statement.
  သူ သူ၏ အဆိုကို ချဲ့ထွင်ပြောဆိုသည်။
- They *extended* their visit for two more days.
  သူတို့ နောက်ထပ် နှစ်ရက်လောက် တိုးလည်ကြတယ်။



## (163) entertain / amuse / interest

entertain = ပျော်ရွှင်စေသည်၊ အသုံးတော်ခံသည်
amuse = ရွှင်မြူးစေသည်
interest = စိတ်ဝင်စားစေသည်

- Her jokes and stories *entertained* everyone.
  သူမရဲ့ ဟာသနဲ့ ပုံပြင်တွေက လူတိုင်းကို ပျော်ရွှင်စေတယ်။
- The actor *amused* us all.
  ရုပ်ရှင်မင်းသားက ကျွန်တော်တို့အားလုံးကို ရွှင်မြူးစေတယ်။
- He *interested* his friends in outdoor sports.
  သူ သူ့သူငယ်ချင်းတွေကိုအပြင် အားကစားတွေကို စိတ်ဝင်စားစေတယ်။

## (164) equip / furnish / provide

equip = တပ်ဆင်သည်
furnish = ပြည့်စုံအောင် ဖြည့်ဆည်းသည်
provide = ဖြည့်တင်းသည်၊ ထောက်ပံ့သည်

- He *equipped* himself for a hunting trip.
  သူ အမဲလိုက်ထွက်ဖို့ လိုအပ်ချက်အားလုံး တပ်ဆင်လိုက်တယ်။
- It took months to *furnish* their house.
  သူတို့အိမ်ကို မွမ်းမံဖို့ လအတော်ကြာခဲ့တယ်။
- His farm *provided* them all the food they needed.
  သူတို့ လယ်ယာခြံမြေက သူတို့ လိုတဲ့ အစားအစာအားလုံး ဖြည့်ဆည်းပေးတယ်။

## (165) escape / flee / avoid

escape = လွတ်မြောက်ထွက်ပြေးသည်
flee = ထွက်ပြေးသည်၊ ရှောင်တိမ်းသည်
avoid = ရှောင်ရှားသည်၊ တိမ်းရှောင်သည်

- The prisoner *escaped* from prison.
  အကျဉ်းသား ထောင်က လွတ်မြောက်ထွက်ပြေးသွားတယ်။
- People *flee* from a burning house.
  လူတွေ မီးလောင်နေတဲ့ အိမ်က ထွက်ပြေးကြတယ်။
- He *avoids* me because he owes me money.
  သူကျွန်တော်ကို ပိုက်ဆံပေးစရာရှိလို့ ရှောင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (166) establish / begin / found

establish = အခြေစိုက်သည်၊ အခိုင်အမြဲပြုလုပ်သည်
begin = အစပြုသည်၊ စတင်သည်
found = စတင်တည်ထောင်သည်

- They *established* a new village at the foot of the mountain.
  သူတို့ တောင်ခြေမှာ ရွာကလေးတစ်ရွာ တည်ထောင်လိုက်ကြတယ်။
- They plan to *begin* a new business.
  သူတို့ လုပ်ငန်းသစ်တစ်ခု စဖို့ စီစဉ်နေကြတယ်။
- He helped to *found* the university.
  သူတက္ကသိုလ်ဖွင့် (တည်ထောင်)ဖို့ ကူညီခဲ့တယ်။

## (167) esteem / prize / value

esteem = လေးစားသည်၊ ကြည်ညိုသည်၊ အထင်ကြီးသည်
prize = တန်ဖိုးထားသည်
value = တန်ဖိုးထားသည်၊ ထိုက်တန်သည်

BURMESE CLASSIC .com

- His writing is much *esteemed*.
  သူ့အရေးအသားကို တန်ဖိုးထား လေးစားကြတယ်။
- He *prizes* this stamp more than the others.
  ဒီတံဆိပ်ခေါင်းကလေးကို သူတစ်ခြားဟာတွေထက် ပိုပြီး တန်ဖိုးထားတယ်။
- She *values* her diamond ring.
  သူမ စိန်လက်စွပ်ကို အလွန်တန်ဖိုးထားတယ်။

## (168) excite / arouse / stimulate

excite = ထကြွစေသည်၊ စိတ်လှုပ်ရှားစေသည်
arouse = လှုပ်ရှားလာသည်၊ နိုးလာသည်၊ နိုးသည်
stimulate = အားတက်စေသည်၊ နိုးဆော်ဆွဲဆောင်သည်

- People were *excited* by the news.
  လူတွေဟာ သတင်းကြောင့် စိတ်လှုပ်ရှားနေကြတယ်။
- We *aroused* him from sleep.
  ကျွန်တော်တို့ သူ့ကို အိပ်ရာမှ နိုးခဲ့ကြသည်။
- Reading good books *stimulates* thoughts.
  စာအုပ်ကောင်းတွေ ဖတ်တာဟာ အတွေးအခေါ်ကို တိုးတက်စေတယ်။



## (169) excuse / forgive / pardon

excuse = ခွင့်လွှတ်သည်၊ ဆင်ခြေပေးသည်
forgive = အပြစ်မှ လွှတ်သည်၊ ခွင့်လွှတ်သည်
pardon = ခွင့်လွှတ်သည်၊ ခွင့်ပေးသည်

- Please *excuse* me for being late.
  နောက်ကျသွားတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ။
- He will *forgive* you if you apologize.
  မင်းတောင်းပန်ရင်တော့ သူခွင့်လွှတ်မှာပဲ။
- Please *pardon* this interruption.
  ဒီလို နှောက်ယှက်မိတာ ခွင့်လွှတ်ပါခင်ဗျာ။

## (170) exhaust / fatigue / tire

exhaust = အားအင်ကုန်ခန်းစေသည်၊ မောပန်းစေသည်
fatigue = ပင်ပန်းနွမ်းနယ်သည်
tire = မောပန်းစေသည်၊ ငြီးငွေ့စေသည်

- Hard work *exhausted* him.
  ပင်ပန်းတဲ့ အလုပ်က သူ့ကို အားအင်ကုန်ခန်းစေတယ်။
- Working in the hot kitchen, *fatigued* her.
  သူမ မီးဖိုခန်းထဲမှာ အလုပ်လုပ်ရတာ ပင်ပန်းနွမ်းနယ်သွားတယ်။
- Hearing the same story again and again *tired* me.
  ဒီဇာတ်လမ်းကို ခဏခဏ ကြားရတော့လဲငြီးငွေ့လာတယ်။

## (171) explain / define / interpret

explain = ရှင်းပြသည်၊ ရှင်းလင်းဖော်ပြသည်
define = အဓိပ္ပါယ်ရှင်းလင်းသည်၊ သတ်မှတ်ပြဋ္ဌာန်းသည်
interpret = အဓိပ္ပါယ်ပြန်သည်၊ အနက်ကောက်သည်၊ ပြန်ဆိုသည်

- He *explained* how the machine worked.
  စက် အလုပ်လုပ်ပုံကို သူရှင်းပြတယ်။
- A dictionary *defines* words.
  အဘိဓာန်သည် စကားလုံးများ၏ အဓိပ္ပါယ်ကို ရှင်းပြသည်။
- Please *interpret* this massage for me.
  ဒီစာရဲ့ အဓိပ္ပါယ်ကို ကျွန်တော့ ပြောပြပါအုံး။

www.burmeseclassic.com

www.burmeseclassic.com



## (172) explore / investigate / examine

explore = ရှာဖွေလေ့လာစူးစမ်းသည်
investigate = စုံစမ်းစစ်ဆေးသည်
examine = စစ်ဆေးသည်၊ ကြည့်ရှုစစ်ဆေးသည်

- Man is now ***exploring*** the moon.
  လူများ ယနေ့ လကမ္ဘာကို စူးစမ်းရှာဖွေလေ့လာနေကြတယ်။
- The doctor ***examined*** my sore eye.
  ဆရာဝန်က ရောင်ကိုင်းနေတဲ့ မျက်လုံးကို ကြည့်ရှုစစ်ဆေးတယ်။
- The police ***investigated*** the murder.
  လူသတ်မှုကို ရဲက စုံစမ်းစစ်ဆေးခဲ့တယ်။

## (173) express / declare / state

express = ဖော်ပြသည်၊ လှစ်ဟပြောဆိုသည်
declare = ကြေညာသည်၊ ဖွင့်ပြောသည်
state = ထုတ်ဖော်ပြောဆိုသည်

- You should learn to ***express*** our opinion.
  မင်းရဲ့ တင်မြင်ယူဆချက်ကို ဖော်ပြတတ်အောင် သင်ယူသင့်တယ်။
- He ***declared*** his love for the girl.
  သူမိန်းခလေးကို ချစ်နေကြောင်း ဖွင့်ပြောလိုက်တယ်။
- He ***stated*** his views at the meeting.
  သူအစည်းအအဝေးမှာ သူ့ထင်မြင်ချက်များကို ထုတ်ဖော်ပြောကြားခဲ့တယ်။

BURMESE CLASSIC .com

## (174) extend / lengthen / stretch

extend = ရှည်ကြာစေသည်၊ တိုးချဲ့သည်၊ ဆွဲဆန့်သည်
lengthen = ရှည်လာသည်၊ ရှည်အောင်လုပ်သည်
stretch = ဆွဲဆန့်သည်၊ ဆန့်သည်

- The railroad has been ***extended*** for about 10 miles.
  မီးရထားလမ်းကို မိုင် ၂၀ လောက် တိုးချဲ့ဖောက်လုပ် လိုက်တယ်။
- Her mother ***lengthened*** her dress.
  သူမ အင်္ကျီကို သူမ အမေက ရှည်အောင်လုပ်လိုက်တယ်။
- Please ***stretch*** out your hand.
  ကျေးဇူးပြုပြီး မင်းလက်ကို ဆန့်ထုတ်လိုက်စမ်း။



## (175) fade / fail / pale

fade = မှေးမှိန်သည်၊ ညှိုးနွမ်းသည်
fail = ပျက်ကွက်သည်၊ စာမေးပွဲကျသည်
pale = အရောင်ပြော့စေသည်၊ အရောင်ဖျော့သည်

- Colour ***fades*** in the sun.
  နေရောင်ထဲမှာ အရောင် မှိန်တတ်တယ်။
- He ***fails*** in his duty.
  သူတာဝန်ပျက်ကွက်တယ်။
- His face ***paled*** with fright.
  သူကြောက်လို့ မျက်နှာဖြူဖတ်ဖြူရော်ဖြစ်သွားတယ်။

## (176) fall / descend / drop

fall = ကျသည်၊ ကျဆုံးသည်
descend = ဆင်းသက်သည်
drop = လွတ်ကျသည်၊ ချသည်

- The snow started to ***fall*** last night.
  ညက နှင်းတွေ စကျပါတယ်။
- The woman ***descended*** the stairs.
  အမျိုးသမီးကြီး လှေကားပေါ်က ဆင်းလာတယ်။
- He ***dropped*** his glass to the floor.
  သူဖန်ခွက် ကြမ်းပြင်ပေါ် လွတ်ကျသွားတယ်။

## (177) feed / nourish / satisfy

feed = ကျွေးမွေးသည်၊ အားပြည့်မိဝသည်
nourish = အဟာရဖြည့်သည်၊ အားဖြစ်စေသည်
satisfy = ကျေနပ်စေသည်၊ နှစ်သက်စေသည်

- ***Feed*** the baby first.
  ကလေးကို အရင်ကျွေးပါ။
- Babies are ***nourised*** with milk.
  ကလေးများကို နို့ဖြင့် အားအင်ပြည့်ဝစေသည်။
- I am not ***satisfied*** with your explanation.
  မင်းရှင်းပြတာကို ငါမကျေနပ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**(178) feel / perceive / sense**

feel = အာရုံခံစားသည်၊ စိတ်နှင့် သိသည်
perceive = စိတ်ဖြင့် သိမြင်သည်
sense = သဘောပေါက်သည်၊ စိတ်တွင် သိမြင်သည်

- She *feels* happy because of his success.
  သူအောင်မြင်ကြောင်း သိရလို့ သူမ စိတ်ပျော်ရွှင်တယ်။
- He *perceived* the full meaning of the words.
  စကားလုံးတွေရဲ့ အဓိပ္ပါယ်ကို အပြည့်အဝ သိမြင်ခဲ့တယ်။
- He *sensed* that someone was in the room.
  အခန်းထဲမှာ တစ်ယောက်ယောက် ရှိနေတာကို သူစိတ်က သိနေတယ်။

**(179) fling / throw / toss**

fling = လွှင့်ပစ်သည်
throw = ပစ်လွှင့်သည်၊ ပစ်ပေါက်သည်
toss = ပစ်တင်သည်၊ မျှောက်ပန်းလုန်သည်

- Boys love to *fling* stones into water.
  လူကလေးများသည် ကျောက်တုံးများကို ရေထဲလွှတ်ပစ်ရတာ နှစ်သက်သည်။
- They *were throwing* water on one another.
  သူတို့ တစ်ဦးနဲ့တစ်ဦး ရေပက်ကစားနေကြတယ်။
- He *tossed* his hat on the chair.
  သူဦးထုပ်ကို ကုလားထိုင်ပေါ် ပစ်တင်လိုက်တယ်။

**(180) flourish / prosper / succeed**

flourish = ကြီးပွားသည်၊ သန်စွမ်းသည်
prosper = စီးပွားဖြစ်သည်၊ အောင်မြင်ကြီးပွားသည်
succeed = အောင်မြင်သည်၊ ဆက်ခံသည်

- Flowers *flourish* in good soil.
  ပန်းပွင့်တွေဟာ မြေကောင်းပေါ်မှာ ကြီးထွားသန်စွမ်းကြတယ်။
- His business *prospered* at its new location.
  နေရာသစ်မှာ သူ့လုပ်ငန်းက အောင်မြင်ကြီးပွားနေတယ်။
- He *succeeded* in reaching home before the rain started.
  သူ မိုးမရွာခင် အိမ်ကို အရောက်သွားနိုင်ခဲ့တယ်။



**(181) flow / pour / stream**

flow = စီးဆင်းသည်
pour = သွန်းလောင်းသည်၊ ရွာချသည်
stream = စီးဆင်းသည်

- The rivers *flow* into the sea.
  မြစ်များသည် ပင်လယ်ထဲသို့ စီးဆင်းကြသည်။
- She *poured* milk from the bottle into the glasses.
  သူမ နွားနို့ကို ဖန်ခွက်တွေထဲ လောင်းထည့်တယ်။
- Blood *streamed* from the cut.
  အနာက သွေးတွေ စီးကျနေတယ်။

**(182) fly / soar / wing**

fly = ပျံတက်သည်၊ ပျံသန်းသည်၊ လွှင့်သည်
soar = ပျံတက်သည်၊ မြင့်တက်သွားသည်
wing = အတောင်ပံဖြင့် ပျံသန်းသည်

- Birds *fly* in the sky.
  ငှက်တွေဟာ ကောင်းကင်မှာ ပျံသန်းကြတယ်။
- Prices are *soaring* day by day.
  တစ်နေ့ထက် တစ်နေ့ ဈေးတွေ မြင့်တက်နေတယ်။
- A seagull *winged* its way across the bay.
  ဇင်ယော်ငှက်တစ်ကောင် ပင်လယ်ကွေ့ကို ဖြတ်ပြီး ပျံသန်းသွားတယ်။

**(183) fold / double / lap**

fold = ခေါက်သည်၊ ချိုးသည်
double = နှစ်ဆပြုသည်၊ ခေါက်ချိုးချိုးသည်
lap = ပိုက်ထွေးသည်၊ တဖျပ်ဖျပ်ရိုက်သည်

- She *folded* the paper.
  သူမ စက္ကူကို ခေါက်လိုက်တယ်။
- He *doubled* his last month's sales.
  သူပြီးခဲ့တဲ့လ ရောင်းအားကို နှစ်ဆမြှင့်တင်လိုက်တယ်။
- The mother *lapped* a shawl round the child.
  မိခင်သည် ကလေးကို စောင်နှင့် ထွေးပိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



### (184) forbid / prohibit / prevent

forbid = တားမြစ်သည်
prohibit = တားဆီးပိတ်ပင်သည်
prevent = ကာကွယ်တားဆီးသည်

- I *forbid* you to see him again.
  မင်းသူ့ကို နောက်ထပ်လာမတွေ့ဖို့ ငါပြောတယ်။
- Smoking is *prohibitted* in this room.
  ဒီအခန်းထဲမှာ ဆေးလိပ်မသောက်ဖို့ တားမြစ်ထားတယ်။
- A heavy rain *prevented* the fire spreading.
  မိုးသည်းထန်စွာ ရွာခြင်းက မီးဆက်မလောင်အောင် ကာကွယ်တားဆီးလိုက်တယ်။

BURMESE CLASSIC .com

### (185) frighten / scare / terrify

frighten = ထိတ်လန့်စေသည်
scare = ခြောက်လှန့်သည်၊ ထိတ်လန့်သွားစေသည်
terrify = ကြောက်လန့်စေသည်၊ ထိတ်လန့်စေသည်

- The bark of that dog *frightened* me.
  ခွေးဟောင်တော့ ကျွန်တော် လန့်သွားတယ်။
- He *scared* me jumping out from behind the door.
  သူတံခါးနောက်က ခုန်ထွက်လာပြီး ကျွန်တော့ကို ခြောက်တယ်။
- The armed men *terrified* the crowd.
  လက်နက်ကိုင်လူတွေက လူအုပ်ကြီးကို ကြောက်လန့်သွားစေတယ်။

### (186) gain / get / obtain

gain = ရသည်၊ အကျိုးအမြတ်ရသည်
get = ရသည်၊ ရောက်သည်
obtain = ရရှိသည်၊ ရယူသည်

- He *gains* favour.
  သူမျက်နှာသာရသည်။
- He *got* a lot of presents on his birthday.
  သူမွေးနေ့မှာ လက်ဆောင်တွေ အများကြီးရတယ်။
- You can *obtain* much knowledge by reading this book.
  မင်းဒီစာအုပ်ကို ဖတ်ရင် ဗဟုသုတ အများကြီး ရနိုင်တယ်။



### (187) gaze / look / stare

gaze = စူးစိုက်ကြည့်သည်
look = ကြည့်သည်၊ ပုံပန်းရှိသည်၊ ဖြစ်ဟန်ရှိသည်
stare = စေ့၍ ကြည့်သည်

- He *gazed* at the lovely scene.
  သူချစ်စရာရှုခင်းကို စိုက်၍ ကြည့်နေသည်။
- He is *looking* at the picture.
  သူသည် ရုပ်ပုံကားချပ်ကို ကြည့်နေတယ်။
- Don't *stare* at me.
  ငါ့ကို စေ့ကြည့်မနေနဲ့။

### (188) give / donate / offer / present

give = ပေးသည်
donate = လှူဒါန်းသည်
offer = ကမ်းလှမ်းသည်၊ ကပ်လှူသည်
present = လက်ဆောင်ပေးသည်

- I will *give* you this book.
  ငါမင်းကို ဒီစာအုပ်ပေးမယ်။
- He *presented* the prize to the winner.
  သူအနိုင်ရသူကို ဆုပေးခဲ့တယ်။
- They *offered* some flowers to the pagoda.
  သူတို့ ဘုရားကို ပန်းကပ်လှူကြတယ်။
- Some *donated* blood to the hospital.
  အချို့က ဆေးရုံမှာ သွေးလှူဒါန်းကြတယ်။

### (189) glance / glimpse / peep

glance = ဖျတ်ခနဲကြည့်သည်၊ စောင်းကြည့်သည်
glimpse = ရိပ်ခနဲမြင်သည်
peep = ချောင်းမြောင်း၍ ကြည့်သည်

- She *glanced* in the mirror as she passed.
  သူမသွားတော့ မှန်ကိုဖြတ်ခနဲ ကြည့်လိုက်သေးတယ်။
- We *glimpsed* a runing figure while walking.
  ကျွန်တော်တို့ လမ်းလျှောက်နေတုန်း ပြေးနေတဲ့ အရိပ်ကို ဖြတ်ခနဲမြင်လိုက်ရတယ်။
- The child *peeped* at the guests through a partly opened door.
  ကလေးက တံခါးလေးနည်းနည်း ဖွင့်ပြီး ဧည့်သည်ကို ချောင်းကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (190) glide / slide / slip

glide = လျှောဆင်းသည်၊ လျှောကျသည်
slide = အသာကလေး တွန်းသည်၊ လျှောချသည်
slip = ချော်သည်၊ လျှောသည်

- They *glided* across the ice.
  သူတို့ ရေခဲပြင်ဖြတ်၍ လျှောစီးကြသည်။
- This window *slides* up and down easily.
  ဒီပြူတင်းက အပေါ်နဲ့ အောက် အသာကလေး တွန်းလို့ချလို့ရတယ်။
- She *slipped* on the banana and hurt her hand.
  သူငှက်ပျော အခွံပေါ် ချော်လဲပြီး လက်နိုက်မိသွားတယ်။

## (191) glitter / shine / sparkle

glitter = တစ်ဖိတ်ဖိတ်တောက်သည်
shine = ထွန်းလင်းတောက်ပသည်
sparkle = အရောင်လက်သည်

- The diamond in her hand *glittered*.
  သူမလက်စွပ်က စိန်သည် တဖိတ်ဖိတ်တောက်နေသည်။
- The sun *shines* in the sky.
  နေသည် ကောင်းကင်မှာ. ထွန်းလင်းတောက်ပသည်။
- The lake *sparkled* in the sunshine.
  ရေအိုင်သည် နေရောင်အောက်မှာ အရောင်လက်နေခဲ့သည်။

## (192) grab / grasp / seize

grab = ဆွဲယူသည်၊ ဆွဲကိုင်သည်
grasp = ဆုတ်ထားသည်၊ လှမ်းဆွဲသည်
seize = အတင်းဆုတ်ကိုင်သည်၊ ဖမ်းဆီးသည်

- She *grabbed* the stair rail when she slipped.
  သူမ ခြေချော်သွားတော့ လှေခါးလက်ရမ်းကို ဆွဲကိုင်လိုက်တယ်။
- The drowning man *grasped* at the rope.
  ရေနစ်နေတဲ့ လူကြီးကြိုးကို လှမ်းဆွဲထားတယ်။
- She *seized* the child by the arm.
  သူမ ကလေးကို လက်ဖမ်းဆုပ်ပြီး ဆွဲထားတယ်။



## (193) greet / meet / welcome

greet = နှုတ်ဆက်သည်
meet = တွေ့ဆုံသည်
welcome = ကြိုဆိုသည်

- He *greeted* me with a smile.
  သူကျွန်တော့်ကို ပြုံးပြီး နှုတ်ဆက်သွားတယ်။
- I *met* the headmaster on the way.
  ငါလမ်းမှာ ဆရာကြီးနဲ့ တွေ့ခဲ့တယ်။
- We *welcomed* the visitor with open arms.
  ကျွန်တော်တို့ ဧည့်သည်ကို ဖော်ရွေစွာ ကြိုဆိုခဲ့ကြတယ်။

## (194) grieve / lament / mourn

grieve = ပူဆွေးသည်၊ သောကရောက်သည်
lament = လွမ်းဆွတ်ပူဆွေးသည်
mourn = ဝမ်းနည်းပူဆွေးသည်၊ ငိုကြွေးသည်

- She *grieved* over the death of her father.
  သူမ ဖခင်ကွယ်လွန်သွားတဲ့အတွက် ပူဆွေးသောက ရောက်နေတယ်။
- They *lamented* the death of their father.
  သူတို့ အဖေဆုံးသွားလို့ လွမ်းဆွတ် ပူဆွေးနေကြတယ်။
- They *moured* the death of their father.
  သူတို့ အဖေဆုံးသွားလို့ သူတို့ ငိုကြွေးနေကြတယ်။

## (195) grumble / complain / protest

grumble = တဖျစ်တောက်တောက် ပြောသည်၊ မကျေမနပ်ဖြစ်သည်
complain = မကျေနပ်ကြောင်း ပြောသည်၊ တိုင်တန်းသည်
protest = ကန့်ကွက်ပြောဆိုသည်

- He is always *grumble* about his boss.
  သူ သူ့သူဌေးအကြောင်း တစ်ဖျစ်တောက်တောက် ပြောနေတယ်။
- He *complains* about having to work late.
  သူအလုပ်ကို မိုးချုပ်သည့်အထိ လုပ်ရလို့ မကျေနပ်ကြောင်း ပြောတယ်။
- They *protested* against the new tax.
  သူတို့ အခွန်အသစ်နဲ့ ပတ်သက်ပြီး ကန့်ကွက်ပြောဆိုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (196) guess / suppose / think

guess = တွေးထင်သည်၊ မှန်းဆသည်
suppose = မှတ်ထင်သည်၊ ထင်မြင်ယူဆသည်
think = စဉ်းစားသည်၊ တွေးသည်၊ အောက်မေ့ဆင်ခြင်သည်

- He ***guessed*** that it would rain.
  သူမိုးရွာမယ်လို့ ထင်နေတယ်။
- I ***suppose*** you are right.
  မင်းမှန်တယ်လို့ ငါထင်တယ်။
- I want you to ***think*** over this matter again.
  မင်း ဒီကိစ္စကို လေးလေးနက်နက် ပြန်စဉ်းစားစေချင်တယ်။

## (197) guide / direct / lead

BURMESE CLASSIC .com

guide = လမ်းပြသည်၊ ခေါင်းဆောင်သည်
direct = ညွှန်ကြားသည်၊ စီမံအုပ်ချုပ်သည်
lead = ရှေ့ဆောင်သည်၊ ဦးဆောင်ဦးရွက်ပြုသည်

- He ***guided*** them around the city.
  သူ သူတို့ကို မြို့ထဲလိုက်ပြတယ်။
- The manager ***directed*** his staff in his office.
  သူ့ရုံးမှာ မန်နေဂျာက ရုံးအဖွဲ့ကို စီမံအုပ်ချုပ်တယ်။
- You ***lead*** the way and I will follow.
  မင်းရှေ့ကသွား ငါနောက်ကလိုက်မယ်။

## (198) halt / cease / stop

halt = ရပ်တန့်သည်၊ ရပ်တန့်စေသည်
cease = ရပ်စဲသည်၊ ပြီးဆုံးသည်
stop = ရပ်နားသည်၊ ပိတ်ဆို့တားဆီးသည်

- The marching soldiers ***halted***.
  ချီတက်နေတဲ့ စစ်သားတွေ ခေတ္တရပ်တန့်သွားတယ်။
- She ***ceased*** crying when the teacher coming in.
  ဆရာဝင်လာတော့ သူမ အငိုတိတ် သွားတယ်။
- We ***stop*** talking so that we can hear music.
  သီချင်းသံကြားရအောင်လို့ ကျွန်တော်တို့ စကားပြောတာ ရပ်ထားလိုက်တယ်။



## (199) happen / befall / occur

happen = ဖြစ်ပေါ်သည်း၊ ဖြစ်ပွားသည်၊ ဖြစ်လာသည်
befall = ဖြစ်ပေါ်သည်၊ ပေါ်ပေါက်လာသည်
occur = ဖြစ်ပွားသည်၊ စိတ်တွင် ပေါ်လာသည်။

- They told us everything that ***happend*** on their trip.
  သူတို့ ခရီးတလျှောက် ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြတယ်။
- They were unaware of the fate that was to ***befall*** them.
  သူတို့ကို ဖြစ်စေမဲ့ ကံကြမ္မာကို သူတို့ မသိခဲ့ကြဘူး။
- The accident ***occured*** on Friday.
  သောကြာနေ့တုံးက မတော်တဆ ထိခိုက်မှုတစ်ခုဖြစ်ခဲ့တယ်။

## (200) have / bold / possess / own

have = ပိုင်သည်၊ ပါသည် (မှာရှိသည်)
hold = ကိုင်ထားသည်၊ သိမ်းပိုက်ထားသည်
possess = ပိုင်ဆိုင်သည်၊ အပိုင်ယူသည်
own = ပိုင်ဆိုင်သည်

- I ***have*** a car.
  ငါ့မှာ ကားတစ်စီးရှိတယ် (ပိုင်တယ်)။
- He ***holds*** the rank of manager.
  သူ မန်နေဂျာ ရာထူးကို ဆုပ်ကိုင်ထားတယ်။
- The dog ***possesses*** keen sense of smell.
  ခွေးတွေက အနံ့ခံကောင်းတယ်။
- They ***owned*** a big house in Yangon.
  သူတို့ ရန်ကုန်မှာ အိမ်တစ်လုံးရှိတယ်။

## (201) heal / cure / restore

heal = ကုသည်၊ ရောဂါပျောက်ကင်းသွားသည်
cure = ပျောက်ကင်းစေသည်၊ ကုသသည်
restore = ပြန်ပေးသည်၊ နဂိုအတိုင်းဖြစ်စေသည်

- The doctor ***healed*** the sick man.
  ဆရာဝန်သည် လူမမာကို ကုသသည်။
- The medicine ***cured*** her cold.
  ဒီဆေးကြောင့် သူမအအေးမိတာ ပျောက်သွားတယ်။
- After long illness, his health was ***restored***.
  သူ့အချိန် အတော်ကြာဖျားပြီး ပြန်လည် ကျန်းမာလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (202) hear / listen / perceive

hear = ကြားသည်၊ ကြားနာသည်
listen = နားထောင်သည်
perceive = အာရုံဖြင့် သိမြင်သည်

- Do you ***hear*** a strange sound?
  မင်း ထူးဆန်းတဲ့ အသံတစ်သံ ကြားလား။
- They ***listened*** to the radio.
  သူတို့ ရေဒီယို နားထောင်ကြတယ်။
- He ***perceived*** the full meaning of the words.
  သူစကားလုံးတွေရဲ့ အဓိပ္ပါယ်ကို သိမြင်နားလည်တယ်။

## (203) heed / obey / regard

heed = ဂရုပြုသည်၊ နားစိုက်သည်
obey = နားထောင်သည်၊ နာခံသည်
regard = အမှတ်ထားသည်၊ အောက်မေ့ယူဆသည်

- You had better ***heed*** traffic lights when crossing the street.
  မင်းလမ်းဖြတ်ကူးရင် မီးပွိုင့်ကို ဂရုပြုရမယ်။
- The soldiers ***obeyed*** the order immediately.
  စစ်သားတွေက အမိန့်ကို ချက်ချင်း နာခံကြတယ်။
- She did not ***regard*** the warning.
  သူမ သတိပေးတာကို အလေးမထားဘူး။

## (204) help / aid / assist

help = ကူညီသည်၊ ထောက်ပံ့သည်
aid = ကူညီထောက်ပံ့သည်
assist = ကူညီသည်၊ အထောက်အကူပြုသည်

- This medicine will ***help*** you to cure your illness.
  ဒီဆေးက မင်းရောဂါ ပျောက်ဖို့ အထောက်အကူပြုလိမ့်မယ်။
- Will you ***aid*** me with this problem?
  မင်း ဒီပြဿနာကို ကူညီဖြေရှင်းပေးနိုင်မလား။
- Please ***assist*** me with my work.
  ငါ့ကို ကူလုပ်ပေးစမ်းပါအုံး။



## (205) hinder / interrupt / interfere

hinder = နှောင့်နှေးစေသည်၊ ဟန့်တားသည်
interrupt = ကြားဖြတ်သည်၊ အနှောက်အယှက်ပြုသည်
interfere = ကြားဝင်သည်၊ နှောက်ယှက်သည်

- The constant ringing of the phone ***hinders*** my work.
  ဖုန်းအဆက်မပြတ် မြည်နေတော့ အလုပ်နှောင့်နှေးတာပေါ့။
- Don't ***interrupt*** me. I am reading.
  ငါစာဖတ်နေတယ်၊ ငါ့ကို လာမနှောက်ယှက်နဲ့။
- The noise ***interfered*** with his sleep.
  ဆူညံတဲ့အသံက သူအိပ်မရအောင် နှောက်ယှက်နေတယ်။

## (206) hire / employ / rent

hire = အခပေး၍ ငှါးသည်
employ = အသုံးပြုသည်၊ အသုံးချသည်
rent = အခနှင့် ငှါးသည်၊ ငှါးထားသည်

- They ***hired*** several new workers.
  သူတို့ အလုပ်သမားအသစ်တွေ အများကြီးငှါးထားတယ်။
- That store ***employed*** many people.
  ဒီဆိုင်က အလုပ်သမားတွေများစွာ ခန့်ထားတယ်။
- They ***rented*** a car for the trip.
  သူတို့ ခရီးသွားဖို့ ကားတစ်စီးကို ငှါးလိုက်တယ်။

## (207) hit / smite / strike

hit = ရိုက်သည်၊ ထုသည်၊ တိုက်မိသည်
smite = တအားရိုက်နှက်သည်
strike = ရိုက်နှက်သည်၊ သပိတ်မှောက်သည်၊ တိုက်ခိုက်သည်

- The boy ***hit*** his little brother.
  ကောင်ကလေး သူ့ညီလေးကို ရိုက်တယ်။
- He is ***smiting*** a nail into the wood.
  သူသံချွန်ကို သစ်သားထဲ တအားရိုက်သွင်းနေတယ်။
- The enemy may ***strike*** at any time.
  ရန်သူက အချိန်မရွေး လာတိုက်နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (208) hurt / harm / injure

hurt = အနာတရဖြစ်စေသည်၊ နာကျင်ထိခိုက်စေသည်
harm = ထိခိုက်စေသည်၊ နစ်နာပျက်စီးစေသည်၊ အန္တရာယ်ပြုသည်
injure = ဒဏ်ရာရစေသည်

- He ***hurt*** himself when he fell.
  သူလဲလို့ ဒဏ်ရာရစေသည်။
- This ***medicine*** will not harm you.
  ဒီဆေးက မင်းကို အန္တရာယ် မပေးပါဘူး။
- Some soldiers were ***injured*** in the battle.
  စစ်သားအချို့ တိုက်ပွဲမှာ ဒဏ်ရာရလာကြတယ်။

## (209) ignore / neglect / overlook

ignore = လစ်လျူရှုသည်
neglect = ဥပေက္ခာပြုသည်၊ ဂရုမစိုက်ဘဲပစ်ထားသည်
overlook = အပြစ်မယူဘဲ ခွင့်လွှတ်သည်

- He ***ignored*** the danger.
  သူအန္တရာယ်ကို ဂရုမစိုက်ပါ။
- She was unhappy because he ***neglected*** her.
  သူက သူမကို ဥပေက္ခာ ပြုထားလို့ စိတ်မချမ်းမသာ ဖြစ်နေတယ်။
- Please ***overlook*** his rudeness.
  သူရိုင်းပြတာကို ခွင့်လွှတ်လိုက်ပါ။

## (210) illuminate / brighten / light

illuminate = ထွန်းလင်းသည်၊ အလင်းရောင်ပေးသည်
brighten = တောက်ပလာသည်၊ တောက်ပစေသည်
light = မီးညှိသည်၊ တောက်ပစေသည်

- The lamp ***illuminated*** the room.
  မီးအိမ်က အခန်းကို လင်းထိန်သွားစေသည်။
- After the rain, the sky ***brightens.***
  မိုးရွာပြီးနောက် မိုးကောင်းကင်ဟာ တောက်ပလာတယ်။
- Please ***light*** the candle.
  ဖယောင်းတိုင်ကို မီးထွန်းလိုက်ပါ။



## (211) imagine / suppose / think

imagine = စိတ်ကူးသည်၊ တွေးထင်သည်
suppose = ထင်မြင်ယူဆသည်
think = စဉ်းစားသည်၊ တွေးသည်

- I want you to ***think*** over this matter.
  ဒီကိစ္စကို ခင်ဗျား အလေးအနက် စဉ်းစားစေချင်တယ်။
- I ***suppose*** you are right.
  ကျွန်တော်တော့ ခင်ဗျား မှန်တယ်ထင်တာပဲ။
- I ***imagind*** you are tired after your trip.
  ခင်ဗျား ခရီးကအပြန် ပင်ပန်းလာတယ် ထင်တယ်။

## (212) imitate / copy / reproduce

imitate = အတုလုပ်သည်၊ အတုခိုးသည်
copy = မိတ္တူကူးသည်၊ ကူးချသည်
reproduce = ထုတ်လုပ်သည်၊ ပေါက်ပွားသည်

- Boys often ***imitate*** their sports heroes.
  ယောကျ်ားလေးများဟာ သူတို့ရဲ့ အားကစား သူရဲကောင်းများကို အတုခိုးကြတယ်။
- She ***copies*** her sister's style of dress.
  သူမ သူ့အစ်မရဲ့ အဝတ်အစားပုံစံအတိုင်း လိုက်ဝတ်တယ်။
- I ***reproduced*** the letter on the typewriter.
  ကျွန်တော် ဒီစာကို လက်နှိပ်စက်နဲ့ ထပ်ရိုက်ထားတယ်။

## (213) Imply / mention / suggest

imply = အဓိပ္ပါယ်သက်ရောက်စေသည်၊ ဖော်ပြသည်
mention = ညွှန်းသည်၊ ဖော်ပြသည်
suggest = အကြံပေးသည်၊ ညွှန်းသည်

- Your manner ***implies*** that you are not pleased with me.
  မင်း အမူအယာက ငါ့ကို မကျေနပ်ကြောင်း ပြနေတယ်။
- Your name was ***mentioned*** only once during conversation.
  စကားပြောနေတုန်းမှာ မင်းနာမည် တစ်ခါပဲ ပါတယ်။
- His behaviour ***suggests*** that he is sick.
  သူ့ အပြုအမူက သူဖျားနေတယ်ဆိုတာ ဖော်ညွှန်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (214) impress / affect / influence

impress = စိတ်တွင် စွဲထင်စေသည်
affect = ထိရောက်သည်၊ အကျိုးဖြစ်ထွန်းစေသည်
influence = ဩဇာလွှမ်းသည်

- My talk with the headmaster ***impressed*** me deeply.
  ဆရာကြီးနဲ့ စကားပြောရတာ ကျွန်တော့်အတွက်များစွာ အကျိုးရှိပါတယ်။
- Any change in the weather ***affects*** the crops.
  ရာသီဥတုအပြောင်းအလဲက သီးနှံတွေကို ထိခိုက်စေတယ်။
- He is ***influenced*** by his wife.
  သူ့ မိန်းမဩဇာ လွှမ်းမိုးခြင်း ခံနေရတယ်။

## (215) improve / better / refine

improve = တိုးတက်လာသည်၊ ပြုပြင်သည်
better = ပိုကောင်းအောင်လုပ်သည်
refine = ပြန်လည်မွမ်းမံသည်၊ ပြန်သစ်စေသည်

- ***Improve*** your English.
  မင်းအင်္ဂလိပ်ဘာသာကို တိုးတက်အောင်လုပ်ပါ။
- He has ***bettered*** his position.
  သူ့အခြေအနေ ပိုကောင်းအောင် လုပ်နေပြီ။
- He ***refined*** what he had written.
  သူရေးထားတဲ့ စာကို ကောင်းသည်ထက် ကောင်းအောင်ပြန်လည်အချောသတ်သည်။

## (216) indicate / mean / show

indicate = ညွှန်ပြသည်
mean = ဆိုလိုသည်၊ အဓိပ္ပါယ်ရသည်၊ ရည်ရွယ်သည်
show = ပြသည်

- Please ***indicate*** the city on the map.
  မြို့တော်ကို မြေပုံပေါ်မှာ ညွှန်ပြပေးပါ။
- What does this word ***mean***?
  ဒီစာလုံးက ဘာကို ဆိုလိုတာလဲ။
- Please ***show*** me your new car.
  မင်း ကားအသစ်ကို ငါ့ကို ပြပါ။



## (217) inform / report / tell

inform = ပြောကြားသည်၊ သတင်းပေးသည်
report = အစီရင်ခံသည်၊ တိုင်ကြားသည်
tell = ပြောပြသည်

- He ***informed*** me that the work was completed.
  သူအလုပ်ပြီးသွားကြောင်း ကျွန်တော့်ကို ပြောတယ်။
- The committee ***reported*** on housing condition.
  အိုးအိမ်အခြေအနေကို ကော်မတီက အစီရင်ခံစာ တင်သွားတယ်။
- The teacher ***told us*** a wonderful story.
  ဆရာက ကျွန်တော်တို့ကို အံ့ဩစရာပုံပြင်တစ်ခု ပြောပြတယ်။

## (218) intend / expect / propose

intend = ရည်ရွယ်သည်၊ စိတ်ကူးသည်
expect = မျှော်လင့်သည်
propose = အကြံပေးသည်၊ အဆိုသွင်းသည်

- I ***intend*** to buy a new suit today.
  ဒီနေ့ ငါဝတ်စုံအသစ်တစ်စုံ ဝယ်ဖို့ စိတ်ကူးတယ်။
- He ***expects*** her to come on Friday.
  သူသောကြာနေ့ သူမ လာမယ်လို့ မျှော်လင့်တယ်။
- They ***proposed*** a plan for a new school.
  သူတို့ ကျောင်းဆောင်သစ် ဆောက်ဖို့ အဆိုတင်သွင်းကြတယ်။

## (219) jail / imprison / confine

jail = ထောင်ချသည်
imprison = အကျဉ်းချထားသည်၊ ဖမ်းချုပ်ထားသည်
confine = အကျဉ်းထားသည်၊ ချုပ်တည်းထားသည်

- He was ***jailed*** for stealing a car.
  သူ့ကို ကားခိုးလို့ ထောင်ချလိုက်တယ်။
- They were ***imprisoned*** for possession of drugs.
  မူးယစ်ဆေးဝါးများ ဝယ်ယူထားရှိလို့ သူတို့ကို အကျဉ်းချလိုက်တယ်။
- He was ***confined*** in jail for murder.
  သူ့ကို လူသတ်မှုနဲ့ ထောင်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (220) joke / jest / laugh

joke = ပြောင်သည်၊ ရယ်စရာပြောသည်
jest = ရွတ်နောက်သည်၊ ရယ်စရာ ပြောသည်
laugh = ရယ်မောသည်

- We should not ***joke*** with monks.
  ဘုန်းကြီးများနှင့် ရယ်စရာ မောစရာ မပြောသင့်ပါ။
- Would I ***jest*** about such a thing?
  ငါ ဒါကို ရယ်စရာအဖြစ် နောက်လိုက်ရမလား။
- The men ***laughed*** loudly at the joke.
  လူများ ပျက်လုံးကို ကျယ်လောင်စွာ ရယ်ကြတယ်။

## (221) jump / leap / spring

jump = ခုန်လွှားသည်၊ ခုန်ပေါက်သည်
leap = ခုန်သည်၊ ခုန်ကျော်သည်
spring = ခုန်သည်၊ ခုန်အုပ်သည်

- He ***jumped*** up to catch the ball.
  သူဘောလုံးကို ခုန်ဖမ်းသည်။
- He ***lept*** over the gate and went into the house.
  သူတံခါးမကြီးကို ခုန်ကျော်ပြီး အိမ်ထဲဝင်သွားသည်။
- The tiger tried to ***spring*** a deer.
  ကျားသည် သမင်ကို ခုန်အုပ်ရန် ကြိုးစားခဲ့သည်။

## (222) keep / maintain / preserve

keep = သိမ်းဆည်းထားသည်၊ မွေးမြူထားသည်
maintain = ထားသည်၊ တည်နေစေသည်၊ ထောက်ပံ့ထားသည်
preserve = မပျက်စီးအောင်၊ မပုတ်သိုးအောင် ထိမ်းသိမ်းထားသည်

- He ***keeps*** a cat at home.
  သူအိမ်မှာ ကြောင်ကလေးတစ်ကောင် မွေးထားတယ်။
- He ***maintained*** a steady speed on the highway.
  သူ အဝေးပြေးလမ်းမကြီးပေါ်မှာ ကားအရှိန်ကို မှန်မှန်ထိန်းထားတယ်။
- Even though she became poor, she was able to ***preserve*** her jewels.
  သူမ ဆင်းရဲပေမဲ့ သူမရဲ့ လက်ဝတ်ရတနာတွေကို မပျောက်ပျက်ရအောင်ထိန်းသိမ်းထားနိုင်တယ်။



## (223) kill / assassinate / murder

kill = သတ်သည်၊ သေစေသည်
assassinate = ချောင်းမြောင်းသတ်ဖြတ်သည်
murder = လူကို သတ်သည်

- Many people are ***killed*** by guns.
  လူတော်များများဟာ သေနတ်မှန်သေကြတယ်။
- The Prime Minister was ***assassinated*** by the against party.
  ဝန်ကြီးချုပ်ကို ဆန့်ကျင်ဘက်ပါတီက လုပ်ကြံသတ်ဖြတ်လိုက်ကြတယ်။
- He ***murdered*** his wife cruely.
  သူ သူ့ဇနီးကို ရက်ရက်စက်စက် သတ်လိုက်တယ်။

## (224) know / recognize / understand

know = သိသည်၊ နားလည်သည်
recognize = မှတ်မိသည်၊ အသိအမှတ်ပြုသည်
understand = နားလည်သည်၊ သဘောပေါက်သည်

- Do you ***know*** that man?
  မင်း ဟိုလူကြီးကို သိလား။
- I ***recognized*** him as the same man I had seen yesterday.
  မနေ့က တွေ့ခဲ့တဲ့ လူကြီးဟာ သူဘဲဆိုတာ ကျွန်တော် မှတ်မိတယ်။
- Do you ***understand*** this question?
  မင်း ဒီမေးခွန်းကို နားလည်ရဲ့လား။

## (225) knock / rap / tap

knock = ခေါက်သည်၊ ထုသည်၊ တိုက်မိသည်
rap = ဆတ်ခနဲ့ ရိုက်သည်၊ တံခါးခေါက်သည်
tap = အသာပုတ်သည်၊ တီးခေါက်သည်

- She heard the visitor ***knock*** on the door.
  သူဧည့်သည် တံခါးခေါက်သံကို ကြားလိုက်တယ်။
- He ***rapped*** on the door.
  သူ တံခါးကို ခေါက်သည်။
- He ***tapped*** me on the shoulder.
  သူကျွန်တော့ ပုခုံးကို အသာပုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (226) label / mark / stamp

label = တံဆိပ်ကပ်သည်၊ တံဆိပ်ချိတ်သည်
mark = မှတ်သားသည်
stamp = တံဆိပ်ခတ်သည်၊ ခေါင်းကပ်သည်

- The bottle is *labelled* "poison".
  ပုလင်းမှာ "အဆိပ်"ဟု ရေးထားသည်။
- The little girl *marked* the wall with a pencil.
  မိန်းကလေးနံရံပေါ်မှာ ခဲတံနှင့် လိုက်မှတ်တယ်။
- The name of the manufacturer was *stamped* on the box.
  သေတ္တာပေါ်မှာ ထုတ်လုပ်သူရဲ့ အမည်ကို တံဆိပ်ခတ်နှိပ်ထားတယ်။

## (227) laugh / chuckle / giggle

laugh = ပြက်ရယ်ပြုသည်၊ ရယ်သည်
chuckle = တခစ်ခစ်ရယ်သည်
giggle = တခိခိရယ်သည်

- Don't *laugh* at the elders.
  လူကြီးတွေကို ပြက်ရယ်မပြုပါနဲ့။
- He *chuckled* at the amusing way things were happening.
  သူရယ်စရာကောင်းတာတွေ တွေ့လို့ တခစ်ခစ် ရယ်ခဲ့တယ်။
- The young girls *giggled* among themselves.
  မိန်းမပျိုလေးတွေ သူတို့ချင်း တခိခိရယ်နေကြတယ်။

## (228) lay / place / put / set

lay = ထားသည်၊ ချထားသည်
place = နေရာချထားသည်၊ ထားသည်
put = ထားသည်၊ ချထားသည်
set = ထားသည်၊ တပ်ဆင်သည်

- *Lay* your cards on the table.
  ခင်ဗျား ဖဲချပ်တွေကို စားပွဲပေါ်တင်လိုက်ပါ။
- She *placed* her hand on his shoulder.
  သူမ သူ့ပုခုံးပေါ်မှာ လက်ကို တင်ထားတယ်။
- He *put* the money in his pocket.
  သူ ပိုက်ဆံတွေကို အိပ်ကပ်ထဲမှာ ထည့်ထားသည်။
- He *set* the lamp on the table.
  သူစားပွဲပေါ်မှာ မီးအိမ်တစ်ခု တပ်ဆင်ထားတယ်။



## (229) leak / drip / flow

leak = စိမ့်ယိုသည်
drip = တစက်စက်ကျသည်
flow = စီးဆင်းသည်

- Water is *leaking* from the pot.
  အိုးထဲက ရေတွေ စိမ့်ယိုနေတယ်။
- Blood *dripped* from his wound.
  သူ့ဒဏ်ရာက သွေးတစ်စက်စက် ကျနေတယ်။
- The river *flows* into the sea.
  မြစ်သည် ပင်လယ်ထဲသို့ စီးဆင်းသွားသည်။

## (230) learn / teach / study

learn = သင်ယူသည်
teach = သင်ကြားပို့ချသည်
study = လေ့လာကျက်မှတ်သည်

- She is *learning* to dance.
  သူမ အကသင်နေတယ်။
- My father *teaches* me how to swim.
  အဖေက ကျွန်တော့ကို ရေကူးသင်ပေးတယ်။
- He is *studying* at the university.
  သူတက္ကသိုလ်မှာ ပညာဆည်းပူးလေ့လာနေတယ်။

## (231) lend / borrow / loan

lend = ချေးငှားသည်
borrow = ချေးယူသည်
loan = ချေးငှါးလိုက်သည်၊ ပေးလိုက်သည်

- I asked him to *lend* me his pencil.
  သူ့ခဲတံကို ကျွန်တော့ငှါးဖို့ ကျွန်တော် သူ့ကို ပြောခဲ့တယ်။
- She *borrowed* a book from the library.
  သူမ စာကြည့်တိုက်က စာအုပ်တစ်အုပ် ငှါးခဲ့တယ်။
- The bank *loaned* money to the farmers.
  ဘဏ်က လယ်သမားများကို ငွေထုတ်ချေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (232) liberate / free / release

liberate = လွတ်သည်၊ လွတ်မြောက်စေသည်
free = လွတ်သည်၊ ဘေးမဲ့ပေးသည်
release = လွတ်သည်၊ လွတ်မြောက်စေသည်

- The slaves were ***liberated*** two days ago.
  လွန်ခဲ့တဲ့ ၂ ရက်က ကျေးကျွန်များကို လွတ်လိုက်တယ်။
- People ***free*** live fishes on the New Year day.
  နှစ်ဆန်းတစ်ရက်နေ့မှာ ငါးတွေကို ဘေးမဲ့ပေးကြတယ်။
- They ***released*** the prisoners on Independence day.
  သူတို့ လွတ်လပ်ရေးနေ့မှာ အကျဉ်းသားတွေကို လွတ်လိုက်တယ်။

### (233) lodge / reside / stay

lodge = တည်းခိုသည်
reside = အတည်တကျနေထိုင်သည်
stay = ခေတ္တနေသည်၊ တည်းသည်

- We are ***lodging*** here.
  ငါတို့ ဒီမှာ တည်းခိုနေကြတယ်။
- Where do you ***reside*** now?
  မင်းအခုဘယ်မှာနေလဲ။
- We ***stayed*** there for three hours.
  ကျွန်တော်တို့ အဲဒီမှာ (၃)နာရီလောက်ကြာကြာနေခဲ့တယ်။

### (234) long / desire / wish

long = ရောင်ရမ်းသည်၊ တမ်းတသည်
desire = ပြင်းပြသော ဆန္ဒရှိသည်
wish = ဆန္ဒရှိသည်၊ လိုချင်တောင့်တသည်

- I am ***longing*** to see you again.
  ငါမင်းကို တွေ့ချင်နေတာ။
- They ***desire*** peace more than anything else.
  သူတို့အရာအားလုံးထက် ငြိမ်းချမ်းရေးကိုပဲ လိုချင်ကြတယ်။
- She ***wishes*** to be home again.
  သူမ အိမ်ကိုပဲ ပြန်ရောက်ချင်နေတယ်။



### (235) lower / degrade / humble

lower = အောက်သို့ချသည်၊ လျှော့ချသည်
degrade = နှိမ့်သည်၊ အဆင့်အတန်းနှိမ့်စေသည်
humble = နှိမ့်ချသည်၊ ချိုးနှိမ်သည်

- Prices were ***lowered*** to sell the goods quickly.
  ကုန်ပစ္စည်းတွေ မြန်မြန်ရောင်းရအောင် ဈေးချလိုက်တယ်။
- The captain is ***degraded*** to the rank of a lieutenant.
  ဗိုလ်ကြီးကို ဗိုလ်အဖြစ် ရာထူးလျှော့ချလိုက်တယ်။
- She ***humbled*** herself to ask forgiveness.
  အပြစ်က ခွင့်လွှတ်ဖို့ ပြောရန် သူမ ကိုယ့်ကိုယ်ကို နှိမ့်ချလိုက်တယ်။

### (236) manage / direct / lead / supervise

manage = စီမံအုပ်ချုပ်သည်
direct = စီစဉ်ညွှန်ကြားသည်
lead = ဦးဆောင်သည်
supervise = ကြည့်ကြပ်သည်

- He ***manages*** a large factory.
  သူစက်ရုံကြီးတစ်ခုကို စီမံအုပ်ချုပ်ရတယ်။
- The policeman ***directed*** the traffic.
  ယာဉ်သွားလာမှုကို ရဲက စီစဉ်ညွှန်ကြားပေးတယ်။
- The general will ***lead*** the army for the battle.
  စစ်တပ်ကို တိုက်ပွဲဝင်ဖို့ ဗိုလ်ချုပ်ကြီးက ဦးဆောင်လိမ့်မယ်။
- The engineer ***supervised*** the building of the house.
  အိမ်ဆောက်တာကို အင်ဂျင်နီယာက ကြည့်ကြပ်ခဲ့တယ်။

### (237) marry / engage / wed

marry = လက်ထပ်သည်၊ အိမ်ထောင်ပြုသည်
engage = စေ့စပ်ကြောင်းလမ်းသည်
wed = လက်ထပ်သည်၊ ထိမ်းမြားသည်

- They asked the judge to ***marry*** them.
  သူတို့ကို လက်ထပ်ပေးဖို့ တရားသူကြီးကို ပြောတယ်။
- They were ***engaged*** yesterday.
  သူတို့ မနေ့ကဘဲ လက်ထပ်ဖို့ စေ့စပ်လိုက်ကြတယ်။
- The couple plan to ***wed*** next summer.
  စုံတွဲနှစ်ဦး လာမဲ့နွေရာသီမှာ လက်ထပ်ဖို့ စီစဉ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(238) mend / fix / repair**

mend = ပြုပြင်သည်၊ ဖာထေးသည်
fix = တပ်ဆင်သည်
repair = ပြင်ဆင်သည်

- She is ***mending*** the hole in a boy's shirt.
  သူ ရှပ်အင်္ကျီတစ်ထည်ကို ဖာထေးနေတယ်။
- He will ***fix*** the broken table.
  သူစားပွဲခုံ ကျိုးသွားလို့ ပြန်တပ်နေတယ်။
- He tried to ***repair*** the radio.
  သူရေဒီယိုကို ပြန်ပြင်ဖို့ ကြိုးစားခဲ့တယ်။

**(239) mind / tend / watch**

mind = ဂရုပြုသည်၊ သတိထားသည်
tend = ကြည့်ရှုစောင့်ရှောက်သည်၊ တိမ်းညွတ်သည်
watch = စောင့်ကြည့်သည်၊ စောင့်မျှော်သည်

- ***Mind*** what you are doing.
  မင်း ဘာမဆို ဂရုတစိုက်လုပ်ပါ။
- The mother ***tended*** the baby.
  မိခင်က ကလေးကို သိပ်ဂရုစိုက်တာပဲ။
- We ***watch*** for our father to come home.
  ကျွန်တော်တို့ အဖေအိမ်ပြန်အလာကို စောင့်မျှော်နေကြတယ်။

**(240) mingle / mix / combine**

mingle = ရောနှောသည်၊ ရောစပ်သည်
mix = ရောနှောသည်၊ ပေါင်းစပ်သည်
combine = ပေါင်းစပ်ဖွဲ့စည်းသည်

- He ***mingled*** with the crowd.
  သူလူအုပ်ကြီးနဲ့ ရောလိုက်သွားတယ်။
- The rich do not ***mix*** with the poor.
  လူချမ်းသာတွေက လူဆင်းရဲတွေနဲ့ မပေါင်းကြဘူး။
- The colour blue can be ***combined*** with yellow to make green.
  အစိမ်းရောင်ရချင်ရင် အဝါနှင့် အပြာကို ပေါင်းစပ်နိုင်တယ်။



**(241) Modify / alter / change**

modify = အလိုက်သင့် ပြုပြင်သည်၊ သင့်သလို ပြုပြင်သည်
alter = ပြောင်းလွှဲသည်၊ ပြုပြင်ပြောင်းလွှဲသည်
change = ပြောင်းလွှဲသည်၊ လဲလှယ်သည်

- The Minister ***modified*** the plan.
  ဝန်ကြီးက စီမံကိန်းကို ပြုပြင်ပြောင်းလဲလိုက်တယ်။
- Don't ***alter*** the time table.
  အချိန်ဇယားကို မပြောင်းပါနဲ့။
- She has ***changed*** her dress to go to market.
  သူမ ဈေးသွားဖို့ အဝတ်အစား လဲပြီးသွားပြီ။

**(242) motivate / prompt / stimulate**

motivate = လှုံ့ဆော်သည်၊ စေ့ဆော်သည်
prompt = ရုတ်တရက် ပြုစေသည်၊ တိုက်တွန်းသည်
stimulate = သွေးဆောင်သည်၊ နှိုးဆွသည်၊ ထကြွစေသည်

- What ***motivates*** him to behave the way he does.
  ဘယ်အရာက သူ့ကို ဒီလိုပြုမူအောင် လုပ်လိုက်တာလဲ။
- The clouded sky ***prompted*** him to take his umbrella.
  မိုးတိမ်တွေ မဲနေတာနဲ့ သူထီးကို ယူဖြစ်တော့တယ်။
- Reading good books ***stimulates*** thought.
  စာအုပ်ကောင်းများကို ဖတ်ခြင်းသည် အသိဉာဏ်တိုးတက်စေသည်။

**(243) multiply / double / triple**

multiply = တိုးပွားစေသည်၊ မြှောက်သည်
double = နှစ်ဆပြုသည်
triple = သုံးဆပြုသည်

- The population of the city ***multiplied*** in 3 years.
  သုံးနှစ်အတွင်းမှာ မြို့ရဲ့ လူဦးရေ အတော်တိုးပါတယ်။
- He tried to ***double*** his income.
  သူ့ဝင်ငွေကို နှစ်ဆတိုးအောင် ကြိုးစားခဲ့တယ်။
- His business has ***tripled*** in a short time.
  အချိန်တိုအတွင်းမှာ သူ့စီးပွားရေးက သုံးဆလောက် တက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (244) navigate / guide / steer

navigate = သင်္ဘောလွှင့်သည် (ရေပြင်ကို သင်္ဘောဖြင့် ဖြတ်သွားသည်)
guide = လမ်းပြသည်၊ ခေါင်းဆောင်သည်
steer = ပဲ့ကိုင်သည်၊ ရှေးရှုသွားသည်

- He ***navigated*** the ship across the ocean.
  သူ သမုဒ္ဒရာကို ဖြတ်ပြီး သင်္ဘောကို မောင်းနှင်ခဲ့တယ်။
- He ***guided*** them around the city.
  သူ သူတို့ကို မြို့ထဲလိုက်ပြီး လမ်းညွှန်ပြတယ်။
- We ***steered*** the boat towards the land.
  ကျွန်တော်တို့ လှေကို ကုန်းပေါ်သို့ ရှေ့ရှုမောင်းနှင်ခဲ့တယ်။

### (245) need / require / want

need = လိုအပ်သည်
require = လိုသည်၊ တောင်းဆိုသည်
want = အလိုရှိသည်၊ ဆန္ဒရှိသည်

- Babies ***need*** milk.
  ကလေးငယ်များ နွားနို့လိုအပ်တယ်။
- The sickman ***required*** constant attention.
  လူမမာကို အမြဲဂရုစိုက်ဖို့လိုတယ်။
- He ***wants*** a drink of water.
  သူရေသောက်ချင်တယ်။

### (246) negotiate /settle / transact

negotiate = စေ့စပ်ဆွေးနွေးသည်၊ ပြီးစီးအောင် လုပ်သည်
settle = ဖြေရှင်းသည်၊ ဆုံးဖြတ်သည်
transact = ပြီးမြောက်စေသည်

- Statesmen ***negotiated*** peace.
  တိုင်းပြည်ခေါင်းဆောင်များ ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေးနွေးကြသည်။
- He ***settled*** his affairs before leaving town.
  မြို့ကမထွက်ခွာခင် သူ့ကိစ္စတွေကို သူဖြေရှင်းသွားတယ်။
- Buyers and sellers ***transact*** their business.
  အရောင်းအဝယ်သမားတွေဟာ အရောင်းအဝယ်ကို ပြီးအောင်လုပ်ကြတယ်။



### (247) nominate / name / select

nominate = ရွေးချယ်ခန့်ထားသည်၊ တင်မြှောက်ရန် အဆိုပြုသည်
name = နာမည်မှည့်သည်၊ ရွေးချယ်သတ်မှတ်သည်
select = ရွေးချယ်သည်၊ ရွေးချယ်ယူသည်

- He has ***nominated*** his successor.
  သူ သူ့အရိုက်အရာခံမည့်သူကို ရွေးထားပြီပြီ။
- They have not ***named*** the baby.
  သူတို့ ကလေးလေးကို နာမည်မပေးရသေးဘူး။
- She ***selected*** the material carefully.
  သူမ ပစ္စည်းတွေကို ဂရုတစိုက်ရွေးပြီး ယူတယ်။

### (248) nurse / attend / serve

nurse = ထိန်းသိမ်းမွေးမြူသည်၊ ပြုစုစောင့်ရှောက်သည်
attend = အာရုံစိုက်သည်၊ ကြည့်ရှုစောင့်ရှောက်သည်
serve = အစေအပါးခံသည်၊ အမှုထမ်းသည်၊ ပြုစုသည်

- She ***nursed*** him back to health.
  သူမ သူ့ကို ပြန်လည် ကျန်းမာလာအောင် ပြုစုခဲ့သည်။
- The sick people are ***attended*** by nurses.
  လူမမာများကို သူနာပြုတွေက ကြည့်ရှုစောင့်ရှောက်ကြတယ်။
- Let me know if I can ***serve*** you in any way.
  ခင်ဗျားကို ကျွန်တော်တစ်နည်းနည်းနဲ့ ကူညီပြုစုလို့ရမလား။

### (249) object / disapprove / protest

object = ကန့်ကွက်သည်
disapprove = ပြစ်တင်ရှုံ့ချသည်၊ သဘောမကျဖြစ်သည်
protest = အလေးအနက် ကန့်ကွက်သည်

- They ***objected*** to my proposal.
  သူတို့ ကျွန်တော့်အဆိုကို ကန့်ကွက်ခဲ့ကြတယ်။
- He ***disapproved*** their conduct.
  သူ သူတို့၏ အပြုအမူကို သဘောမကျပါ။
- I shall ***protest*** against the decision.
  ဒီဆုံးဖြတ်ချက်ကို ကျွန်တော် အလေးအနက် ကန့်ကွက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## (250) oblige / compel / require

oblige = ကျေးဇူးပြုသည်၊ တာဝန်သက်ရောက်စေသည်
compel = အတင်းနိုင်းသည်၊ မဖြစ်မနေလုပ်ရသည်
require = လိုအပ်သည်၊ တောင်းဆိုသည်၊ ဆင့်ဆိုသည်

- I shall be ***obliged*** if you lend me some money.
  မင်း ငါ့ကို ပိုက်ဆံချေးမယ်ဆိုရင် ကျေးဇူးတင်ပါတယ်ကွာ။
- He was ***compelled*** to retire from business because of ill-health
  သူ မကျန်းမာလို့ အလုပ်က အနားယူလိုက်ရတယ်။
- You are ***required*** to appear before the court.
  မင်းကို ရုံးတော်သို့လာဖို့ ဆင့်ဆိုထားတယ်။

## (251) observe / notice / see

observe = ဂရုတစိုက်ကြည့်သည်၊ လေ့လာကြည့်ရှုသည်
notice = သိမြင်မှတ်သားသည်၊ အမှတ်ထားသည်
see = မြင်သည်၊ တွေ့သည်၊ သိမြင်သည်

- He ***observed*** the man leaving by the rare door.
  ပုံမှန်မဟုတ်တဲ့ တံခါးက ထွက်သွားတဲ့လူကြီးကို သူသေသေချာချာလေ့လာတယ်။
- I ***notice*** that you are wearing a new hat.
  မင်း ဦးထုပ်အသစ် ဆောင်းလာတယ်ဆိုတာ ငါသိပါတယ်။
- I will ***see*** you tomorrow.
  ငါ မင်းကို မနက်ဖြန်မှ လာတွေ့မယ်။

## (252) obstruct / block / stop

obstruct = ပိတ်ပင်ဆီးတားထားသည်
block = ပိတ်ဆို့တားဆီးသည်
stop = ပိတ်ဆို့သည်၊ ရပ်နားသည်

- A fall of tree ***obstructed*** the road.
  သစ်ပင်ကြီး လဲသွားလို့ လမ်းပိတ်နေတယ်။
- The car accident ***blocked*** the traffic.
  ကား အက်ဆီးဒင့်ဖြစ်လို့ ယဉ်ကျောပိတ်သွားတယ်။
- Please ***stop*** the car so that I can get out.
  ငါဆင်းချင်လို့ ကားခဏရပ်ပေးပါ။



## (253) offend / annoy / irritate

offend = စိတ်ဆိုးစေသည်
annoy = စိတ်အနှောက်အယှက်ဖြစ်စေသည်
irritate = စိတ်ဆိုးအောင်လုပ်သည်၊ ဒေါသဖြစ်စေသည်

- He ***offended*** me by the way he spoke.
  သူ ဒီလိုပြောတော့ ကျွန်တော် သိပ်စိတ်ဆိုးတယ်။
- Loud noises ***annoyed*** many people.
  ဆူညံတဲ့ အသံတွေက လူတွေကို စိတ်အနှောက်အယှက်ဖြစ်စေတယ်။
- The slightest noise ***irritates*** her as she has an headache.
  ခေါင်းကိုက်နေလို့ နည်းနည်းလေး ဆူသံကြားရင်တောင် စိတ်တိုလာတယ်။

## (254) offer / present / submit

offer = ပေးလှူသည်၊ ပေးကမ်းသည်
present = လက်ဆောင်ပေးသည်၊ ပေးအပ်သည်
submit = အပ်နှင်းသည်၊ တင်ဆက်သည်

- He ***offered*** me help.
  သူကျွန်တော်ကို အကူအညီပေးသည်။
- The chief ***presented*** the prizes to the outstanding students.
  ထူးချွန်သော ကျောင်းသားများကို အကြီးအကဲက ဆုများချီးမြှင့်သည်။
- They ***submitted*** their plan to the committee.
  သူတို့ရဲ့ စီမံချက်ကို ကော်မတီကို တင်ပြတယ်။

## (255) omit / exclude / bar

omit = ချန်ထားသည်၊ မေ့ကျန်ခဲ့သည်
exclude = ထုတ်ပယ်ထားသည်၊ ချန်ထားသည်
bar = ဆီးတားသည်၊ ပိတ်ပင်သည်

- He was not invited as his name was ***omitted*** from the list.
  သူနာမည် မေ့ကျန်နေလို့ မဖိတ်လိုက်ရဘူး။
- They ***excluded*** him from the list.
  သူတို့ သူ့ကို စာရင်းက ထုတ်ပယ်လိုက်ကြတယ်။
- They ***barred*** the way to strangers.
  သူစိမ်းတွေ ဝင်မလာအောင် သူတို့ လမ်းကို တားထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (256) oppose / combat / resist

oppose = ကန့်ကွက်သည်၊ အတိုက်အခံပြုသည်
combat = တွန်းလှန်ဖြိုဖျက်သည်
resist = ခုခံသည်၊ တော်လှန်သည်

- He *opposed* all of my ideas for change.
  ကျွန်တော့်ရဲ့ ပြောင်းလဲဖို့ စိတ်ကူးတွေအားလုံးကို သူကန့်ကွက်တယ်။
- Good *combats* evil.
  ကုသိုလ်က အကုသိုလ်ကို တွန်းလှန်ဖြိုဖျက်တယ်။
- The thief *resisted* arrest.
  သူခိုးက အဖမ်းမခံဘဲ ပြန်လည်ခုခံခဲ့တယ်။

## (257) oppress / persecute / suppress

oppress = ဖိနှိပ်ချုပ်ချယ်သည်
persecute = ညှင်းပန်းနှိပ်စက်သည်
suppress = နှိမ်နင်းချေမှုန်းသည်၊ ချေဖျက်သည်

- Bad governments *oppressed* the people.
  မကောင်းတဲ့ အစိုးရဟာ လူထုကို မတရား ဖိနှိပ်ချုပ်ချယ်တယ်။
- Some early religious leaders were *persecuted* by their enemies.
  ရှေးတုန်းက ဘာသာရေး ခေါင်းဆောင်တွေဟာ ရန်သူရဲ့ညှင်းပန်းနှိပ်စက်မှုကို ခံကြရတယ်။
- The army was called to *suppress* the revolt.
  သူပုန်တွေကို နှိမ်နင်းဖို့ စစ်တပ်ကို ခေါ်ထားတယ်။

## (258) organize / compose / co-ordinate

organize = စည်းရုံးသည်၊ စီစဉ်သည်
compose = ပေါင်းစည်းသည်၊ ပေါင်းဖွဲ့သည်
co-ordinate = ညှိနှိုင်းသည်၊ စီစဉ်ပေးသည်

- They *organized* a show.
  သူတို့ ကပွဲတစ်ပွဲစီစဉ်ကြတယ်။
- This substance is *composed* of many chemicals.
  ဒီပစ္စည်းကို ဓာတုပစ္စည်းတွေနဲ့ ပေါင်းစပ်ထားတာ။
- Have you *co-ordinated* these plans with all the people concerned.
  ဒီစီမံချက်တွေကို သက်ဆိုင်သူ အားလုံးနဲ့ ညှိနှိုင်းပြီးပြီလား။



## (259) overtake / catch / reach

overtake = မှီလာသည်
catch = ဖမ်းသည်၊ လိုက်မှီသည်
reach = ရောက်သည်၊ လက်လှမ်းသည်၊ မီအောင်လှမ်းသည်

- He ran to *overtake* his friend.
  သူ သူငယ်ချင်းကို မီအောင်ပြေးလိုက်သည်။
- The cat will *catch* the mouse.
  ကြောင်က ကြွက်ကို ဖမ်းလိမ့်မယ်။
- I can't *reach* the ceiling.
  ငါမျက်နှာကြက်ကို လက်လှမ်းမမှီဘူး။

## (260) pack / prepare / store

pack = ထုပ်ပိုးသည်
prepare = ပြင်ဆင်သည်
store = သိမ်းဆည်းထားသည်

- He *packed* a suitcase for the trip.
  သူခရီးထွက်ဖို့အထုပ်အပိုး ပြင်ဆင်ခဲ့တယ်။
- The farmers *prepared* the ground for paddy.
  လယ်သမားများ စပါးစိုက်ဖို့ မြေကို ထွန်ယက်ပြင်ဆင်ကြတယ်။
- They *stored* fruits for the cold winter.
  သူတို့ ဆောင်းရာသီအတွက် သစ်သီးများကို သိုလှောင်ထားတယ်။

## (261) pare / peel / skin

pare = နွှာသည်၊ လှီးဖြတ်သည်
peel = အခွံနွှာသည်
skin = အရေခွံခွာသည်၊ အသားနတက်သည်

- Mother *pared* the potatoes.
  အမေ အားလူးတွေ အခွံနွှာနေတယ်။
- It is not as easy as *peeling* a banana.
  ဒါဟာ ငှက်ပျောသီး အခွံနွှာသလို မလွယ်ဘူး။
- The hunter *skinned* the deer.
  မုဆိုးကြီး သမင်အရေခွံကို ခွာယူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (262) pass / go / move

pass = ဖြတ်သွားသည်၊ အောင်မြင်သည်
go = သွားသည်
move = ရွေ့ရှားသည်၊ ရွှေ့ပြောင်းသည်

- I *passed* his car on the road.
  ကျွန်တော် သူ့ကားကို လမ်းပေါ်မှာ ဖြတ်ကျော်ခဲ့တယ်။
- We *go* that way to town.
  ကျွန်တော်တို့ ဒီလမ်းအတိုင်း မြို့ကို သွားကြတယ်။
- He *moved* the chair from one side of the room to the other.
  သူကုလားထိုင်ကို အခန်းတစ်နေရာမှ တစ်နေရာသို့ ပြောင်းလိုက်တယ်။

## (263) pay / settle / discharge

pay = ပိုက်ဆံပေးသည်၊ အဖိုးအခပေးသည်
settle = ဖြေရှင်းသည်၊ ပေးအပ်သည်၊ ကြွေးဆပ်သည်
discharge = အလုပ်က ထုတ်ပစ်သည်၊ ကြွေးဆပ်သည်

- He had to *pay* bills from several stores.
  သူဆိုင်အတော်များများကို ကြွေးဆပ်စရာရှိတယ်။
- He *settled* his bills monthly.
  သူ လစဉ်မှန်မှန် ကြွေးဆပ်သွားတယ်။
- He works so hard to *discharge* the debt.
  သူ အကြွေးဆပ်ဖို့ အလုပ်ကို ကြိုးစားလုပ်တယ်။

## (264) perform / do / act

perform = ပြုလုပ်သည်၊ ဆောင်ရွက်သည်
do = ပြုလုပ်သည်၊ ဆောင်ရွက်သည်
act = ပြုမူသည်၊ သရုပ်ဆောင်သည်

- He always *performs* his work carefully.
  သူအမြဲတမ်း သူ့အလုပ်ကို ဂရုတစိုက်လုပ်တယ်။
- They *do* their work very well.
  သူတို့ အလုပ်ကို ကောင်းကောင်းလုပ်ကြတယ်။
- He *acted* the part of the king in the play.
  သူပြဇာတ်ထဲမှာ ဘုရင်အဖြစ် သရုပ်ဆောင်ခဲ့တယ်။



## (265) perish / die / expire

perish = သေကျေပျက်စီးသည်၊ ဆုံးရှုံးသည်
die = သေဆုံးသည်၊ ကွယ်လွန်သည်
expire = သေသည်၊ ကုန်ဆုံးသွားသည်

- A hundred people *perished* in the fire.
  လူတစ်ရာလောက် မီးထဲမှာ ပါသွားတယ်။
- My father *died* two years ago.
  လွန်ခဲ့တဲ့ ၂ နှစ်လောက်က ကျွန်တော်အဖေ ဆုံးသွားတယ်။
- The agreement *expired* yesterday.
  မနေ့ကတဲ့ သဘောတူညီချက် ပြီးဆုံးသွားပြီ။

## (266) persevere / persist / endure

persevere = ဇွဲလုံ့လရှိသည်၊ စွဲစွဲမြဲမြဲလုပ်သည်
persist = ဇွတ်လုပ်သည်၊ ကြံ့ကြံ့ခံသည်
endure = သည်းခံသည်၊ ခံနိုင်ရည်ရှိသည်

- He *persevered* in his work.
  သူအလုပ်လုပ်ရာမှာ ဇွဲလုံ့လရှိတယ်။
- He *persists* in going into the forest in spite of my protest.
  ကျွန်တော် တားတဲ့ကြားထဲက သူတောထဲကို ဇွတ်ဝင်သွားတယ်။
- The early settlers *endured* great hardships.
  ရှေးဟောင်း အတည်တကျ နေထိုင်သူများသည် အတော် ဒုက္ခခံနိုင်ကြသည်။

## (267) peddle / hawk / sell

peddle = လမ်းလျှောက်ဈေးရောင်းသည်
hawk = လမ်းလျှောက်ဈေးရောင်းသည်
sell = ရောင်းချသည်

- He *peddled* clothes and brushes from door to door.
  သူတစ်အိမ်မှ တစ်အိမ်သို့ အဝတ်အစားနဲ့ ဝက်မှင်ဘီးတွေ လိုက်ရောင်းတယ်။
- He made a living *hawking* cleaning things.
  သူသန့်ရှင်းရေးပစ္စည်းများကို လှည့်လည်ရောင်းချရင်း အသက်မွေးဝမ်းကြောင်းခဲ့သည်။
- He is trying to *sell* his house.
  သူ သူ့အိမ်ကိုရောင်းဖို့ ကြိုးစားနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (268) persuade / prompt / urge

persuade = တိုက်တွန်းသည်၊ ဖျောင်းဖျသည်
prompt = တိုက်တွန်းသည်၊ ရုတ်တရက် ပြုစေသည်
urge = တိုက်တွန်းသည်၊ နှင်သည်

- They ***persuaded*** him to stay with them.
  သူတို့နဲ့အတူနေဖို့ သူ့ကို ဖျောင်းဖျကြတယ်။
- The clouded sky ***prompt*** him to take his umbrella.
  မိုးတိမ်တွေ မဲနေလို့ သူ့ထီးကို ယူဖြစ်တော့တယ်။
- I ***urged*** him to join the army.
  ကျွန်တော် သူ့ကို စစ်ထဲဝင်ဖို့ တိုက်တွန်းခဲ့တယ်။

### (269) pester / annoy / trouble / vex

pester = ဒုက္ခပေးသည်၊ နှောက်ယှက်သည်
annoy = စိတ်ရှုတ်အောင်လုပ်သည်၊ နှောက်ယှက်သည်
trouble = ဒုက္ခဖြစ်စေသည်၊ ဒုက္ခခံသည်
vex = နှောက်ယှက်သည်၊ စိတ်ရှုတ်စေသည်

- Don't ***pester*** me with all sorts of questions.
  ငါ့ကို တွေ့ကရာတွေ မေးပြီး အနှောက်အယှက်မပေးနဲ့။
- Loud noises ***annoy*** many people.
  ဆူညံတဲ့ အသံတွေက လူတွေကို စိတ်အနှောက်အယှက်ပေးသည်။
- He was ***troubled*** by the bad news.
  သူ မကောင်းသတင်းကို ကြားရလို့ ဒုက္ခရောက်နေတယ်။
- The neighbours were ***vexed*** by the barking dog.
  ခွေးဟောင်နေလို့ အိမ်နီးနားချင်းတွေ စိတ်အနှောက်အယှက် ဖြစ်နေကြတယ်။

### (270) pick / gather / harvest / pluck / reap

pick = ကောက်ယူသည်၊ ဆွတ်ခူးသည်
gather = စုပုံသည်၊ စုဆောင်းသည်၊ စုရုံးသည်
harvest = ကောက်ရိတ်သိမ်းသည်
pluck = ဆွတ်ခူးသည်၊ နှုတ်ယူသည်
reap = ရိတ်ဖြတ်သည်၊ ရိတ်သိမ်းသည်

- He ***picked*** a pin from the floor.
  သူကြမ်းပေါ်က ပင်အပ်တစ်ချောင်း ကောက်ယူလိုက်တယ်။
- The farmers ***gathered*** the crops.
  လယ်သမားများ သီးနှံများကို စုပုံခဲ့ကြတယ်။



- The farmers ***harvested*** the paddy in November.
  လယ်သမားများ နိုဝင်ဘာလထဲမှာ စပါးရိတ်သိမ်းကြတယ်။
- They ***reaped*** the paddy and threshed them with cows.
  သူတို့ စပါးရိတ်ပြီး နွားတွေနဲ့ စပါးနယ်ကြတယ်။
- She ***plucked*** a rose from the bush.
  သူမ နှင်းဆီပင်က ပန်းတစ်ပွင့်ကို ဆွတ်ခူးလိုက်တယ်။

### (271) pierce / puncture / stab

pierce = ထိုးဖောက်သည်၊ ရှုးဝင်စေသည်
puncture = ပေါက်သွားသည်၊ ထိုးဖောက်သည်
stab = ဓားနှင့် ထိုးသည်၊ အချွန်တစ်ခုနှင့် ထိုးသည်

- Many girls have their ears ***pierced*** for earrings.
  မိန်းကလေးများ နားဆွဲဝတ်ဖို့ နားကို ဖောက်ကြတယ်။
- One of the front tyres had ***punctured*** on the road.
  လမ်းမှာ ရှေ့တာယာတစ်လုံး ပေါက်သွားတယ်။
- He ***stabbed*** the man with a knife.
  သူလူကြီးကို ဓားနဲ့ ထိုးလိုက်တယ်။

### (272) pinch / nip / squeeze

pinch = လိမ်ဆွဲသည်၊ ညှပ်သည်
nip = ဆိတ်၍ ဆွဲသည်၊ အညွန့်ချိုးသည်၊ ဆိတ်သည်
squeeze = ဖြစ်သည်၊ ညှစ်သည်

- He ***pinched*** the fruit to see if it was soft.
  သူသစ်သီးကို ပျော့လား မာလား လိမ်ဖြစ်ကြည့်တယ်။
- She ***nipped*** at my arm.
  သူမ ကျွန်တော့ လက်မောင်းကို ဆိတ်ဆွဲတယ်။
- He ***squeezed*** my hand in greeting.
  သူ ကျွန်တော်လက်ကိုဖြစ်ညှစ်ပြီး လက်ဆွဲနှုတ်ဆက်တယ်။

### (273) plead / beg / appeal

plead = လျှောက်လှဲသည်၊ တောင်းပန်သည်
beg = တောင်းသည်၊ တောင်းပန်သည်၊ အသနားခံသည်
appeal = သနားခံသည်၊ တောင်းပန်သည်၊ မေတ္တာရပ်ခံသည်

- He ***pleaded*** with me to forgive his son.
  သူ သူ့သားကို ခွင့်လွှတ်ဖို့ တောင်းပန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



- They *begged* him to stay with them.
  သူတို့နဲ့ အတူနေဖို့ သူ့ကို တောင်းပန်ကြတယ်။
- He *appealed* to me for help.
  သူ ကျွန်တော့်ကို အကူအညီပေးဖို့ မေတ္တာရပ်ခံနေတယ်။

## (274) please / gratify / satisfy

please = နှစ်သက်စေသည်၊ ကျေနပ်စေသည်၊ ပျော်ရွှင်စေသည်
gratify = ချော့သည်၊ ကျေနပ်စေသည်၊ နှစ်သိမ့်သည်
satisfy = ကျေနပ်စေသည်၊ အလိုကျစေသည်

- They did everything they could to *please* their guests.
  သူတို့ ဧည့်သည်တွေ ကျေနပ်အောင် တတ်နိုင်သမျှ လုပ်ခဲ့တယ်။
- The speaker was *gratified* by the large audience.
  ဟောပြောသူကို ပရိတ်သတ်က သိပ်သဘောကျသွားတယ်။
- I am not *satisfied* with your work.
  မင်းအလုပ်လုပ်တာကို ငါသိပ်သဘောမကျဘူး။

## (275) pluck / pull / snatch

pluck = ဆွဲနှုတ်သည်၊ ဆွတ်ခူးသည်
pull = ဆွဲရုန်းသည်၊ ဆွဲနှုတ်သည်
snatch = လှမ်းဆွဲသည်၊ အလစ်ဆွဲသည်

- She *plucked* a rose from the bush.
  သူခြုံထဲက နှင်းဆီပန်းတစ်ပွင့်လို ဆွတ်ယူလိုက်တယ်။
- They were *pulling* weeds in the garden.
  သူတို့ ဥယျာဉ်ထဲက ပေါင်းပင်တွေကို ဆွဲနှုတ်နေကြတယ်။
- The thief *snatched* the money and ran away.
  သူခိုးက ပိုက်ဆံကို လုပြီးထွက်ပြေးတယ်။

## (276) polish / brighten / shine

polish = အရောင်တင်သည်
brighten = တောက်ပလာသည်၊ တောက်ပစေသည်
shine = တောက်ပသည်၊ တောက်ပစေသည်

- We *polished* the furniture on the day the guest arrived.
  ဧည့်သည်ရောက်မဲ့နေ့မှာ ကျွန်တော်တို့ ပရိဘောဂတွေကို အရောင်တင်လိုက်တယ်။
- Her eyes *brightened* at their words of encourgement.
  သူတို့ရဲ့ အားပေးစကားကြားလိုက်ရတော့ သူမမျက်လုံးတွေ လင်းလက်လာတယ်။



- The cat's eyes *shine* in dim light.
  အမှောင်ထဲမှာ ကြောင်ရဲ့ မျက်လုံးက တောက်ပနေတယ်။

## (277) pose / model / sit

pose = အနေအထားကျအောင်လုပ်သည်၊ ဟန်ဆောင်သည်
model = ကိုယ်ဟန်ပြသည်၊ ပုံစံပြုလုပ်သည်
sit = ထိုင်သည်၊ နားသည်

- They *posed* in front of their house to take a photograph.
  သူတို့ ဓာတ်ပုံရိုက်ဖို့ အိမ်ရှေ့မှာ နေရာယူကြတယ်။
- He *modeled* himself after his father.
  သူ သူ့အဖေအတိုင်း တထေရာထဲပြုမူလုပ်ကိုင်ခဲ့သည်။
- The birds *are sitting* on a tree.
  သစ်ပင်ပေါ်မှာ ငှက်တွေ နားနေကြတယ်။

## (278) practise / exercise / drill

practise = ကျင့်သည်၊ အလေ့အကျင့်လုပ်သည်
exercise = လေ့ကျင့်သည်၊ အသုံးပြုသည်
drill = လေ့ကျင့်ပေးသည်

- He *practised* the new words in the vocabulary daily.
  သူ ဝေါဟာရအတွက် နေ့တိုင်း စကားလုံးအသစ်တွေကို လေ့ကျင့်တယ်။
- He *exercised* his muscles every day.
  သူနေ့တိုင်း သူ့ကြွက်သားတွေကို လေ့ကျင့်ပေးတယ်။
- The teacher *drills* the pupils in speaking.
  ဆရာက တပည့်တွေကို စကားပြောလေ့ကျင့်ပေးတယ်။

## (279) prepare / arrange / ready

prepare = ပြင်ဆင်သည်၊ အဆင်သင့်ဖြစ်အောင်လုပ်သည်
arrange = စီစဉ်သည်
ready = အဆင်သင့်ဖြစ်စေသည်

- He *prepared* the ground for planting.
  သူ အပင်စိုက်ဖို့ မြေကြီးကို ပြင်ဆင်ထားသည်။
- We will *arrange* a meeting for next week.
  လာမည့် သီတင်းပတ်စည်းဝေးဖို့ စီစဉ်ထားမယ်။
- He *readied* himself to go out to dinner.
  သူ ညစာအပြင်ထွက်စားဖို့ အဆင်သင့်လုပ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (280) print / issue / publish

print = ပုံနှိပ်သည်
issue = ထုတ်သည်၊ ထုတ်လွှတ်သည်
publish = ပုံနှိပ်ထုတ်ဝေသည်

- This dictionary was ***printed*** in the United States.
  ဒီအဘိဓာန်စာအုပ်ကို အမေရိကန် ပြည်ထောင်စုမှာ ပုံနှိပ်ထားတယ်။
- That magazine is ***issued*** once a month.
  အဲဒီမဂ္ဂဇင်းကို တစ်လတစ်ကြိမ် ထုတ်တယ်။
- He ***published*** a grammar book in 2001.
  သူ နှစ်ထောင့်တစ်ခုနှစ်က သဒ္ဒါစာအုပ်တစ်အုပ် ပုံနှိပ်ထုတ်ဝေခဲ့တယ်။

## (281) produce / make / supply

produce = ထုတ်လုပ်သည်၊ ထွက်စေသည်
make = ပြုလုပ်သည်
supply = ထောက်ပံ့သည်၊ ဖြည့်ဆည်းသည်

- Boiling water ***produces*** steam.
  ဆူနေတဲ့ရေက ရေနွေးငွေ့ကို ထွက်လာစေတယ်။
- They will ***make*** a camp near the river.
  သူတို့မြစ်နားမှာ စခန်းချကြလိမ့်မယ်။
- Father ***supplied*** us with food and clothes.
  အဖေက ကျွန်တော်တို့ကို စားစရာနဲ့ အဝတ်အထည်များ ဖြည့်ဆီးပေးတယ်။

## (282) profess / declare / state

profess = ဖွင့်ဟပြောဆိုသည်၊ ကိုးကွယ်ဆည်းကပ်သည်
declare = ကြေညာသည်၊ ဖွင့်ပြောသည်
state = ထုတ်ဖော်ပြောဆိုသည်

- He ***professed*** his love for her.
  သူ သူမကို ချစ်ကြောင်း ဖွင့်ပြောလိုက်တယ်။
- He ***declared*** that he was going to get married.
  သူ လက်ထပ်တော့မယ်အကြောင်း ဖွင့်ပြောလိုက်တယ်။
- He ***stated*** his views on the subject.
  ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး သူ့အမြင်ကို ထုတ်ဖော်ပြောကြားလိုက်တယ်။



## (283) pronounce / proclaim / utter

pronounce = အသံထွက်သည်၊ မိန့်မြွက်သည်၊ ကျေညာသည်
proclaim = ထုတ်ပြန်ကျေညာသည်
utter = အသံထွက်သည်၊ ရွတ်ဆိုသည်

- The teacher ***pronounced*** each word slowly.
  ဆရာသည် စကားလုံးတိုင်းကို ဖြည်းဖြည်း အသံထွက် ရွတ်ဆိုပြသည်။
- Many former colonies have ***proclaimed*** their independence.
  ယခင် ကိုလိုနီနိုင်ငံ အတော်များများဟာ သူတို့ရဲ့ လွတ်လပ်ရေးကို ထုတ်ပြန်ကျေညာကြပြီ။
- He was gone before she could ***utter*** a word.
  သူမ စကားမပြောတတ်ခင်က သေဆုံးသွားတယ်။

## (284) prophesy / foretell / predict

prophesy = နိမိတ်ဖတ်သည်၊ ဗျာဒိတ်ပေးသည်
foretell = ဗေဒင်ဟောသည်၊ အနာဂတ်ရေးကို ပြောသည်
predict = ဗေဒင်ဟောသည်၊ ကြိုတင်ဟောပြောသည်

- The fortune - teller ***prophesied*** that we would be wealthy at the age of 40.
  ကျွန်တော်တို့ အသက် (၄၀) အရွယ်မှာ ချမ်းသာမယ်လို့ ဗေဒင်ဆရာက ဟောထားတယ်။
- None of us can ***foretell*** what lies ahead.
  ရှေ့ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ပါဘူး။
- He ***predicted*** rain for tomorrow.
  မနက်ဖြန် မိုးရွာမယ်လို့ သူကြိုတင်ဟောကိန်းထုတ်တယ်။

## (285) propose / offer / present (submit)

propose = အကြံပေးသည်၊ လက်ထပ်ရန် စကားဆိုသည်
offer = ပေးကမ်းသည်၊ လှူဒါန်းသည်
present = လက်ဆောင်ပေးသည်

- He ***proposed*** to a girl.
  သူသည် မိန်းကလေးတစ်ယောက်အား လက်ထပ်ရန် စကားဆိုခဲ့သည်။
- We offer some flowers to the pagodas.
  ကျွန်တော်တို့ ဘုရားမှာ ပန်းကပ်လှူကြတယ်။
- They presented me a good dictionary.
  သူတို့ကျွန်တော့်ကိုအဘိဓာန်စာအုပ်ကောင်းကောင်းတစ်အုပ်လက်ဆောင်ပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (286) pry / peep / peer

pry = ချောင်းကြည့်သည်၊ စပ်စုသည်
peep = ချောင်းမြောင်းကြည့်သည်
peer = စေ့စေ့စပ်စပ်၊ အနီးကပ်ကြည့်သည်

- Don't *pry* into other's affairs.
  သူများကိစ္စ ဝင်မစပ်စုချင်ပါနဲ့။
- She *peeped* at me behind the door.
  သူမ တံခါးနောက်ကွယ်က ကျွန်တော့်ကို ချောင်းကြည့်သည်
- He *peered* into my face.
  သူ ကျွန်တော့မျက်နှာကို စေ့စေ့စပ်စပ်ကြည့်တယ်။

## (287) punish / lecture / scold

punish = အပြစ်ပေးသည်၊ ဆုံးမသည်
lecture = ဟောပြောသည်၊ ဆိုဆုံးမသည်
scold = မြည်တွန်တောက်တီးသည်၊ ဆူပူကြိမ်းမောင်းသည်

- Mother will *punish* the child if it tells lies.
  အမေက ကလေးကို မုသားပြောရင် ဆုံးမလိမ့်မယ်။
- The professor *lectured* in the evening.
  ညနေပိုင်းမှာ ပါမောက္ခက ဟောပြောပို့ချခဲ့တယ်။
- His parents *scolded* him for returning late.
  မိဘတွေက နောက်ကျမှ ပြန်လာလို့ သူ့ကို ဆူနေတယ်။

## (288) push / shove / thrust

push = တွန်းသည်၊ ထိုးသည်
shove = တွန်းသည်၊ ထိုးထည့်သည်
thrust = တွန်းသည်၊ ထိုးသွင်းသည်

- He *pushed* the cart up the hill.
  သူလှည်းကို တောင်ကုန်းပေါ်သို့ တွန်းတင်ခဲ့သည်။
- She *shoved* the heavy table against the wall.
  သူစားပွဲကြီးကို နံရံဘက်သို့ တွန်းကပ်လိုက်တယ်။
- She *thrust* the door open.
  သူတံခါးကို ဆောင့်တွန်းပြီး ဖွင့်လိုက်တယ်။



## (289) put / place / set

put = ထားသည်
place = နေရာချထားသည်
set = တပ်ဆင်သည်၊ တည်နေစေသည်

- He *put* the money in his pocket.
  သူပိုက်ဆံကို အိပ်ကပ်ထဲမှာ ထည့်ထားသည်။
- She *placed* her hand on his shoulder.
  သူမ လက်ကို သူ့ပုခုံးပေါ်မှာ တင်ထားတယ်။
- She *set* the lamp on the table.
  သူမ မီးအိမ်ကို စားပွဲပေါ်မှာ တပ်ဆင်လိုက်တယ်။

## (290) qualify / befit / suit

qualify = သင့်တော်သည်၊ အရည်အချင်းပြည့်သည်
befit = သင့်လျော်သည်၊ လျှော်ကန်သင့်မြတ်သည်
suit = သင့်မြတ်စေသည်၊ သင့်တော်စေသည်

- He will be *qualified* to vote when he is 18.
  သူ ၁၈ နှစ်ပြည့်ရင် မဲပေးဖို့ အရည်အချင်းရှိပြီ။
- His conduct does not *befit* a child of respectable parents.
  သူ့အပြုအမူတွေက မိကောင်းဖခင် သားသမီးတစ်ဦးနှင့် မလျှော်ကန်ဘူး။
- This house *suited* their large family.
  ဒီအိမ်က သူတို့ မိသားစုကြီးနဲ့ဆို အတော်ပါဘဲ။

## (291) quiver / quake / shake

quiver = တုန်တုန်ရီရီဖြစ်သည်၊ လှုပ်ရှားသည်
quake = တုန်လှုပ်သည်၊ ရှေ့ထိုးနောက်ငင်ဖြစ်သည်
shake = ခါသည်၊ လှုပ်သည်

- Leaves are *quivering* in the wind.
  သစ်ရွက်များ လေထဲမှာ လှုပ်ရမ်းနေကြတယ်။
- He was **quaking** with fear.
  သူကြောက်ရွံ့တုန်နေတယ်။
- The two men stopped to *shake* hands.
  လူနှစ်ယောက် လက်ဆွဲနှုတ်ဆက်ဖို့ ရပ်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(292) ramble / stroll / wander**

ramble = အပျင်းပြေလျှောက်လည်သည်
stroll = အပျင်းပြေလမ်းလျှောက်၊ လှည့်ပတ်သွားလာသည်
wander = လှည့်လည်သည်၊ လည်ပတ်သည်

- We ***rambled*** through the meadow looking for the wildflowers to pick.
  ကျွန်တော်တို့ ပန်းရှာဖို့ တောထဲလျှောက်လည်ကြတယ်။
- The couple ***strolled*** arm in arm in the park.
  စုံတွဲနှစ်ယောက် ပန်းခြံထဲမှာ လက်ချင်းချိတ်ပြီး လျှောက်သွားကြတယ်။
- They are ***wandering*** about the town.
  သူတို့ မြို့ထဲလျှောက်လည်ကြတယ်။

**(293) react / reply / respond**

react = တုန့်ပြန်သည်၊ တန်ပြန်သည်
reply = ပြန်ကြားသည်၊ ပြန်ပြောသည်
respond = တုန့်ပြန်သည်၊ ပြန်ကြားသည်

- He ***reacted*** to my question with surprise.
  သူကျွန်တော့် မေးခွန်းကို တအံ့တသြပြန်ဖြေတယ်။
- She ***replied*** to my letter promptly.
  သူမ ကျွန်တော့်စာကို ချက်ချင်းပြန်ကြားတယ်။
- They ***responded*** to my question.
  သူတို့ ကျွန်တော့် မေးခွန်းကို ပြန်ဖြေကြားတယ်။

**(294) realize / recognize / understand**

realize = အမှန်ကိုသိသည်
recognize = မှတ်မိသည်
understand = နားလည်သည်၊ သဘောပေါက်သည်

- We ***realized*** that he was a kind-hearted man.
  သူကြင်နာတတ်သူတစ်ဦးဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိပြီ။
- I did not ***recognize*** his name.
  ကျွန်တော် သူ့နာမည်ကို မမှတ်မိဘူး။
- We ***understand*** what the teacher have said.
  ဆရာ ပြောသွားတာကို ကျွန်တော်တို့ နားလည်ကြတယ်။



**(295) recite / read / repeat**

recite = ရွတ်ဆိုသည်၊ အလွတ်ပြန်ဆိုသည်
read = စာဖတ်သည်
repeat = ထပ်ပြောသည်၊ လိုက်ဆိုသည်

- The children ***recited*** poems.
  ကလေးများ ကဗျာကို ရွတ်ဆိုကြတယ်။
- We read the ***newspaper*** every day.
  ကျွန်တော်တို့ နေ့တိုင်း သတင်းစာ ဖတ်တယ်။
- She ***repeated*** the poem after her teacher.
  သူမ ကဗျာကို ဆရာမနောက်က လိုက်ဆိုတယ်။

**(296) recollect / recall / remember**

recollect = ပြန်သတိရသည်
recall = ပြန်ခေါ်သည်၊ အတိတ်ကို ပြန်ပြောသည်
remember = မှတ်မိသည်၊ သတိရသည်

- I cannot ***recollect*** his name.
  သူ့နာမည်ကို ကျွန်တော် ပြန်စဉ်းစားလို့ မရဘူး။
- He tried to ***recall*** where they had met before.
  သူတို့ အရင်က ဘယ်မှာ တွေ့ခဲ့ဘူးသလဲဆိုတာ ပြန်စဉ်းစားနေတယ်။
- He could not ***remember*** where he put his eye glasses.
  သူ့မျက်မှန် ဘယ်မှာထားခဲ့သလဲဆိုတာ သူမမှတ်မိတော့ဘူး။

**(297) record / register / write**

record = မှတ်တမ်းတင်သည်၊ ရေးမှတ်ထားသည်
register = မှတ်ပုံတင်သည်
write = စာရေးသည်

- The teacher ***recorded*** the test results.
  ဆရာမက အစမ်းစာမေးပွဲအောင်စာရင်းကို ရေးမှတ်ထားတယ်။
- You are ***required*** to ***register*** if you want to enter this school.
  မင်း ဒီကျောင်းကို ဝင်ချင်ရင် မှတ်ပုံတင်ဖို့လိုတယ်။
- He ***writes*** me a letter every week.
  သူ ကျွန်တော့်ဆီ တစ်ပတ်တစ်ခါ စာရေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (298) refer / direct / recommand

refer = ညွှန်းသည်၊ ရည်ညွှန်းသည်
direct = စီစဉ်ညွှန်ကြားသည်၊ ညွှန်ပြသည်
recommand = အကြံဉာဏ်ပေးသည်၊ ထောက်ခံအားပေးသည်

- She *refered* me to the library.
  သူမ ကျွန်တော့်ကို စာကြည့်တိုက် သွားဖို့ရည်ညွှန်းတယ်။
- Can you *direct* me to the hotel?
  ခင်ဗျား ကျွန်တော့်ကို ဟိုတယ် ညွှန်ပြနိုင်မလား။
- What do you *recommand* that I should read?
  ကျွန်တော် ဘယ်စာအုပ် ဖတ်ရမလဲဆိုတာ အကြံပေးနိုင်မလား။

## (299) reflect / ponder / think

reflect = ဆင်ခြင်စဉ်းစားသည်
ponder = အလေးအနက်တွေးသည်
think = စဉ်းစားသည်၊ တွေးသည်၊ တွေးထင်သည်

- He *reflected* on his problems.
  သူ သူ့ပြဿနာတွေကို ဆင်ခြင်စဉ်းစားတယ်။
- He *pondered* over this matter.
  သူဒီကိစ္စကို အလေးအနက် စဉ်းစားပါတယ်။
- I *think* that he is a good boy.
  သူလူကောင်းတစ်ယောက်လို့ ကျွန်တော်ထင်တယ်။

## (300) regulate / govern / manage / rule

regulate = စနစ်တကျထားသည်
govern = အုပ်ချုပ်သည်၊ အုပ်ထိန်းသည်
manage = စီမံအုပ်ချုပ်သည်၊ ဖြစ်မြောက်အောင်လုပ်သည်
rule = အုပ်ချုပ်သည်၊ မင်းလုပ်သည်

- This department *regulates* commerce.
  ဒီဌာနက စီးပွားရေးကို စနစ်တကျကိုင်တွယ်သည်။
- The President *governed* the country.
  တိုင်းပြည်ကို သမ္မတအုပ်ချုပ်တယ်။
- He *manages* a large factory.
  သူ စက်ရုံကြီးတစ်ရုံကို စီမံအုပ်ချုပ်ရတယ်။
- The queen *ruled* her country.
  တိုင်းပြည်ကို ဘုရင်မကြီး အုပ်ချုပ်တယ်။



## (301) rehearse / practice / train

rehearse = ဇာတ်တိုက်သည်၊ အစမ်းလေ့ကျင့်သည်
practice = ကျင့်သည်၊ အလေ့အကျင့်လုပ်သည်
train = လေ့ကျင့်သင်ကြားပေးသည်

- We will *rehearse* the play this afternoon.
  ဒီနေ့ နေ့လည် ပြဇာတ်တိုက်ကြမယ်။
- Those people *practiced* strange customs.
  ထူးဆန်းတဲ့ ထုံးတမ်းစဉ်လာတွေကို လူတွေ ကျင့်ကြတယ်။
- We can *train* dogs to lead the blind.
  မျက်မမြင်များကို ဦးဆောင်ဖို့ ခွေးများကို လေ့ကျင့်သင်ကြားပေးနိုင်တယ်။

## (302) relate / report / tell

relate = ပြောပြသည်၊ ပုံပြောသည်၊ ဆယ်သွယ်ပုံကို ပြသည်
report = အစီရင်ခံသည်၊ တိုင်ကြားသည်
tell = ပြောပြသည်

- We listened as he *related* his adventures.
  ကျွန်တော်တို့ သူစွန့်စားမှုတွေ ပြောပြတာကို နားထောင်ခဲ့တယ်။
- The committe *peported* on housing condition.
  အိမ်ဆောက်လုပ်မှု အခြေအနေကို ကော်မတီက တင်ပြတယ်။
- Can you *tell* me where she lives?
  သူမ ဘယ်မှာနေသလဲဆိုတာ ငါ့ကို ပြောပြပါလား။

## (303) relax / rest / slacken

relax = ဖြေလျှော့သည်၊ အညောင်းအညာဖြေသည်
rest = နားသည်၊ အနားယူသည်
slacken = လျှော့စေသည်၊ လျှော့သွားသည်

- They *relaxed* by going to the movies.
  သူတို့ ရုပ်ရှင်သွားပြီး အပန်းဖြေကြတယ်။
- She *rested* for half-an hour.
  သူမ တစ်နာရီလောက် နားလိုက်တယ်။
- He *slackend* the rope slightly.
  သူကြိုးကို တစ်ဖြည်းဖြည်း လျှော့ပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (304) remain / continue / stay

remain = နေသည်၊ ကျန်နေသည်၊ တည်မြဲနေသည်
continue = ဆက်လက်လုပ်ကိုင်သည်၊ ဆက်ဖြစ်သည်
stay = ဆက်နေသည်၊ ဆိုင်းငံ့ထားသည်

- She has ***remained*** as beautiful as ever.
  သူမ အရင်ကအတိုင်း လှမြဲလှနေဆဲပဲ။
- The rain ***continued*** all the week.
  တစ်ပတ်လုံး မိုးအဆက်မပြတ် ရွာခဲ့တယ်။
- We ***stayed*** there for 3 hours.
  ကျွန်တော်တို့ အဲဒီမှာ သုံးနာရီလောက်နေခဲ့တယ်။

### (305) remark / say / mention

remark = မှတ်ချက်ချသည်၊ ဝေဖန်ပြောဆိုသည်
say = ပြောသည်
mention = အမြွက်မျှပြောသည်၊ ဖော်ပြသည်

- He ***remarked*** that the weather was fine.
  သူ ရာသီဥတု သာယာမယ်လို့ ပြောတယ်။
- The farmers ***say*** that the harvest will be good.
  လယ်သမားတွေက သီးနှံတွေ အထွက်ကောင်းမယ်ပြောတယ်။
- Your name was ***mentioned*** only once during the conversation.
  မင်းနာမည်ကို စကားပြောတုန်းက တစ်ခါပဲဖော်ပြခဲ့တယ်။

### (306) reside / live / stay

reside = နေထိုင်သည်၊ အတည်တကျနေသည်
live = အမြဲနေထိုင်သည်၊ အသက်ရှင်နေသည်
stay = ခေတ္တနေသည်

- Where do you ***reside*** now?
  မင်းအခု ဘယ်အိမ်မှာနေသလဲ။
- All want to ***live*** and hate to die.
  အားလုံး အသက်ရှင်နေလိုကြတယ် ဘယ်သူမှ မသေလိုကြပါ။
- We ***stayed*** in Yangon for two days.
  ကျွန်တော်တို့ ရန်ကုန်မှာ နှစ်ရက်လောက်နေခဲ့တယ်။



### (307) resign / leave / quit

resign = လက်လျှော့သည်၊ ရာထူးမှ နုတ်ထွက်သည်
leave = ထွက်ခွာသည်၊ ထွက်သွားသည်၊ ချန်ထားသည်
quit = ထွက်သွားသည်၊ လက်လျှော့သည်

- I ***resigned*** myself to my fate.
  ငါတော့ ကံစီမံရာအတိုင်းဘဲလို့ သဘောထားလိုက်တယ်။
- ***Leave*** me alone.
  ငါ့ဖာသာ တစ်ဦးထဲ နေပါရစေ၊ လာမနှောက်ယှက်နဲ့။
- Why did you ***quit*** that job.
  မင်းအဲဒီအလုပ်က ဘာဖြစ်လို့ ထွက်လိုက်တာလဲ။

### (308) restore / return / replace

restore = ပြန်ပေးသည်၊ နဂိုအတိုင်း ပြန်ထားသည်
return = ပြန်လာသည်၊ ပြန်ပေးသည်
replace = ပြန်ထားသည်၊ အစားထိုးသည်

- The thief ***restored*** the jewels he had stolen.
  သူခိုးလာတဲ့ ကျောက်မျက်ရတနာတွေကို သူခိုးက ပြန်ထားတယ်။
- We ***return*** home by car.
  ကျွန်တော်တို့ အိမ်ကို ကားနဲ့ပြန်လာကြတယ်။
- He ***replaced*** the lost ball.
  ပျောက်သွားတဲ့ ဘောလုံးနေရာကို အစားထိုးလိုက်တယ်။

### (309) revenge / repay / return

revenge = လက်စားချေသည်၊ ရန်တုန့်ပြန်သည်
repay = ကျေးဇူး ပြန်ဆပ်သည်
return = ပြန်ပေးသည်၊ တုန့်ပြန်၍ ကျေးဇူးဆပ်သည်

- He ***revenged*** the insults to his family.
  သူမိသားစု အပေါ် စော်ကားတာကို လက်စားချေခဲ့တယ်။
- He ***repaid*** the old man for his kindness.
  သူလူကြီးကို သူ၏ ကြင်နာမှုအတွက် ကျေးဇူးဆပ်ခဲ့တယ်။
- Please ***return*** this book to her.
  ဒီစာအုပ်ကို သူမအား ပြန်ပေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## (310) retire / leave / part

retire = အငြိမ်းစား ယူသည်၊ ပင်စင်ယူသည်
leave = ထွက်ခွာသည်၊ ချန်ထားသည်
part = ခွဲခွာသည်၊ ပိုင်းသည်၊ ဖြတ်သည်

- He *retired* from his job two years ago.
  သူလွန်ခဲ့တဲ့ ၂ နှစ် လောက်ကတည်းက ပင်စင်ယူလိုက်တယ်။
- He *leaves* home early in the morning.
  သူအိမ်က အစောကြီး ထွက်သွားတယ်။
- He was sorry to *part* from his friends.
  သူ သူငယ်ချင်းတွေနဲ့ ခွဲရတာ စိတ်မကောင်းဖြစ်နေတယ်။

## (311) revolve / rotate / turn

revolve = ချာချာလည်စေသည်
rotate = ဝင်ရိုးတွင် လည်သည်၊ တစ်လှည့်စီပြောင်းလဲသည်
turn = လှည့်သည်၊ လည်သည်၊ ပြောင်းလဲစေသည်

- The earth *revolves* around the sun.
  ကမ္ဘာမြေကြီးသည် နေကို လှည့်ပတ်နေသည်။
- The earth *rotates* once in 24 hours.
  ကမ္ဘာမြေကြီးသည် ၂၄ နာရီတွင် တစ်ပတ်လည်ပတ်သည်။
- The mill wheel was being *turned* by water power.
  စက်ရုံဘီးကို ရေအားနဲ့ လည်ပတ်စေတယ်။

## (312) rid / clear / shed

rid = သုတ်သင်ဖယ်ရှားသည်
clear = သန့်ရှင်းစေသည်
shed = ထွက်ကျသည်၊ ကြွေကျသည်

- He *rid* the house of rats.
  သူ အိမ်ထဲက ကြွက်တွေကို ဖယ်ရှားပစ်လိုက်တယ်။
- She *clears* the table after meals.
  သူမ ထမင်းစားပြီးရင် စားပွဲကို အမြဲရှင်းပစ်တယ်။
- Those trees *shed* their leaves in summer.
  နွေရာသီမှာ အဲဒီအပင်က သစ်ရွက်တွေ ကြွေကြတယ်။



## (313) ring / resound / sound

ring = အသံမြည်စေသည်၊ ခေါင်းလောင်းထိုးသည်
resound = ပဲ့ထင်ထပ်သည်
sound = မြည်သည်၊ အသံမြည်စေသည်

- Did you *ring* the bell?
  မင်း ခေါင်းလောင်းထိုးခဲ့သလား။
- Laughter *resounded* through the house.
  ရယ်မောသံက တစ်အိမ်လုံး ပဲ့တင်ထပ်သွားတယ်။
- The music *sounds* too loud.
  သီချင်းသံက သိပ်ကျယ်လွန်းတယ်။

## (314) rip / tear / slit

rip = အတင်းဆွဲဖြဲသည်၊ စုတ်ပြဲသည်
tear = ဆုတ်ဖြဲသည်
slit = လှီးဖြတ်သည်၊ အမျှင်အမျှင်ဖြတ်သည်

- He *ripped* his shirt on a nail.
  သူ့အင်္ကျီသံချွန်နဲ့ ငြိပြီး ပြဲသွားတယ်။
- Be careful or you will *tear* your coat on that branch.
  ဂရုစိုက်ပါ မဟုတ်ရင် မင်းအင်္ကျီ သစ်ကိုင်းနဲ့ ငြိပြီး ပြဲသွားလိမ့်မယ်။
- She *slit* the envelope with a knife.
  သူမ စာအိတ်ကို ဓားနဲ့ လှီးဖြတ်လိုက်တယ်။

## (315) ripen / mature / mellow

ripen = မှည့်သည်၊ မှည့်စေသည်
mature = မှည့်သည်၊ ရင့်သည်၊ ရင့်ကျက်လာသည်
mellow = မှည့်လာသည်၊ ရင့်မာသိမ်မွေ့စေသည်

- The bananas *ripen* and you can eat them.
  ငှက်ပျောသီးတွေ မှည့်လာပြီ၊ မင်းစားလို့ရပြီ။
- He *matured* more rapidly than his brother.
  သူ သူ့အစ်ကိုထက် ပိုပြီး ရင့်ကျက်လာတယ်။
- He has *mellowed* with the year.
  သူအသက်ကြီးလာတာနဲ့အမျှ ရင့်ကျက်သိမ်မွေ့လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (316) roar / shout / yell

roar = ဟိန်းဟောက်သည်၊ ကျယ်လောင်စွာ ရယ်မောသည်
shout = အော်ဟစ်သည်၊ အော်ပြောသည်
yell = ကျယ်လောင်စွာ အော်သည်

- The lion *roared* in anger.
  ခြင်္သေ့သည် ဒေါသဖြင့် ဟိန်းဟောက်ခဲ့သည်။
- He *shouted* to me to stop.
  သူကျွန်တော့်ကို ရပ်ဖို့ အော်ပြောခဲ့တယ်။
- The boy *yelled* with pain.
  လူကလေး နာကျင်လို့ ကျယ်လောင်စွာ အော်ခဲ့တယ်။

## (317) rob / steal / plunder

rob = လုယူသည်၊ ဓားပြတိုက်သည်
steal = ခိုးသည်၊ တိတ်တဆိတ် ထွက်သွားသည်
plunder = လုယက်တိုက်ခိုက်သည်

- Their house was *robbed* last night.
  ညက သူတို့ အိမ် ဓားပြတိုက်သွားတယ်။
- The thief tried to *steal* my watch.
  သူခိုးက ကျွန်တော့ နာရီကို ခိုးဖို့ ကြိုးစားခဲ့တယ်။
- Enemy troops *plundered* the town.
  ရန်သူ စစ်တပ်က မြို့ကို တိုက်ခိုက် သိမ်းပိုက်လုယူလိုက်တယ်။

## (318) roll / spin / wind

roll = လိပ်သည်၊ လိမ့်သည်၊ လှိမ့်သည်
spin = ငင်သည်၊ ချည်ငင်သည်၊ လည်ပတ်သည်
wind = ရစ်ပတ်သည်၊ ခွေသည်၊ နာရီသံပတ်ပေးသည်

- She *rolled* a string into a ball.
  သူမ အပ်ချည်ကို လုံးလိုက်သည်။
- The girl is *spinning* cotton to make a dress.
  သူမ အင်္ကျီချုပ်ဖို့ ဗိုင်းငင်နေတယ်။
- He forgot to *wind* his watch.
  သူနာရီကို သံပတ်ပေးဖို့ မေ့သွားတယ်။



## (319) rot / spoil / mold

rot = ဆွေးမြေ့သွားသည်၊ ပုပ်သိုးသွားသည်
spoil = ဖျက်ဆီးသည်၊ ပျက်စီးစေသည်
mold = မှိုတက်သည်၊ ဟောင်းနွမ်းဆွေးမြေ့နေသည်

- The fruits will begin to *rot* on the tree.
  သစ်သီးတွေ အပင်ပေါ်မှာ ပုတ်သိုးကုန်လိမ့်မယ်။
- She *spoilt* the meat by burning it.
  သူမ အသားတွေကို တူးအောင် ချက်ထားတယ်။
- The bread has molded.
  ပေါင်မုန့်တွေ မှိုတက်ကုန်ပြီ။

## (320) ruin / spoil / wreck

ruin = ဖျက်ဆီးသည်
spoil = ဖျက်ဆီးသည်၊ ပျက်စီးစေသည်
wreck = ပျက်စီးစေသည်

- The rain *ruined* our plan.
  မိုးက ကျွန်တော်တို့ အစီအစဉ်ကို ဖျက်ဆီးပစ်တယ်။
- Milk *spoils* quickly if it is not kept in a cold place.
  နွားနို့ကို အေးတဲ့နေရာမှာ မထားရင် မြန်မြန် ပျက်စီးတတ်တယ်။
- His hopes were *wrecked* when be failed the examination.
  စာမေးပွဲကျတော့ သူ့မျှော်လင့်ချက်တွေ ပျက်စီးသွားတယ်။

## (321) salute / greet / welcome

salute = အလေးပြုသည်၊ နှုတ်ဆက်သည်
greet = နှုတ်ဆက်သည်
welcome = ကြိုဆိုသည်၊ ခရီးဦးကြိုပြုသည်

- The children *saluted* the flag as they passed it.
  ကလေးများ အလံနားဖြတ်သွားတဲ့အခါ အလေးပြုကြတယ်။
- He *greeted* me with a smile.
  သူကျွန်တော့်ကို ပြုံးပြီး နှုတ်ဆက်တယ်။
- She *welcomed* the visitors with open arms.
  သူမ ဧည့်သည်များကို ဖော်ရွေစွာ ကြိုဆိုခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (322) save / rescue / liberate

save = ကယ်တင်သည်၊ လွတ်မြောက်စေသည်
rescue = ကယ်ဆယ်သည်၊ ကယ်တင်သည်
liberate = လွှတ်လိုက်သည်၊ လွတ်မြောက်စေသည်

- They *saved* the children from the fire.
  သူတို့ ကလေးတွေကို မီးလောင်နေတဲ့ အထဲက ကယ်တင်ခဲ့တယ်။
- The passengers were *rescued* from the sinking ship.
  သင်္ဘောကြီးနစ်မြုပ်သွားလို့ ခရီးသည်များကို ကယ်တင်လိုက်ရတယ်။
- They *liberated* the prisoners of war.
  သူတို့ စစ်သုံ့ပန်းတွေကို လွှတ်လိုက်ကြတယ်။

## (323) say / speak / tell / talk

say = ပြောသည်
speak = ဘာသာစကားကို ပြောသည်
tell = အကြောင်းအရာတစ်ခုခုကို ပြောပြသည်
talk = စကားစမည်ပြောသည်၊ ပြောဆိုဆွေးနွေးသည်

- What did he *say?*
  သူဘာပြောလိုက်တာလဲ။
- The child began to *speak* at the age of two.
  ဒီကလေး အသက် ၂ နှစ်အရွယ်ရောက်မှ စကားစပြောခဲ့တယ်။
- Can you *tell* me where she lives?
  သူမဘယ်မှာနေသလဲဆိုတာ မင်းငါ့ကို ပြောပြနိုင်မလား။
- The student *talked* with his teacher about the problem.
  ကျောင်းသားက သူ့ပြဿနာကို ဆရာနဲ့ပြောဆိုဆွေးနွေးခဲ့တယ်။

## (324) scan / examine / study

scan = စိစစ်သည်၊ ကပြာကယာဖတ်သည်
examine = စစ်ဆေးသည်
study = စာသင်သည်၊ လေ့လာကျက်မှတ်သည်

- He didn't read the report. He just *scanned* through it.
  သူအစီရင်ခံစာကို မဖတ်ဘူး၊ ခပ်ပေါ့ပေါ့ဘဲကြည့်လိုက်တယ်။
- The teacher *examined* the students on the previous lesson.
  ဆရာက ကျောင်းသားတွေကို ပြီးခဲ့တဲ့ သင်ခန်းစာတွေ စစ်ဆေးခဲ့တယ်။
- My sister is *studying* at the University.
  ကျွန်တော့် ညီမလေး တက္ကသိုလ်မှာ စာသင်နေပြီ။



## (325) scare / shock / startle

scare = ခြောက်လှန့်သည်၊ ထိတ်လန့်စေသည်
shock = အထိတ်တလန့်ဖြစ်စေသည်၊ ရုတ်တရက် တုန်လှုပ်သွားသည်
startle = အံ့အားသင့်စေသည်၊ လန့်ဖျပ်သွားစေသည်

- People were *scared* by bombs.
  ဗုံးသံကြောင့် လူတွေ လန့်သွားတယ်။
- You will be *shocked* to hear this news.
  မင်းဒီသတင်းကြားရင် လန့်သွားမယ်။
- I was *startled* by the noise.
  ငါ ဒီအသံကြောင့် လန့်ဖျပ်သွားတယ်။

## (326) scour / scrub / wash

scour = စင်ကြယ်သန့်ရှင်းစေသည်
scrub = တိုက်ချွတ်ဆေးကြောသည်
wash = ဆေးကြောသည်၊ လျှော်ဖွတ်သည်

- She *scoured* the pots and pans.
  သူမ အိုးခွက်ပုဂံတွေကို စင်ကြယ်အောင် လုပ်လိုက်တယ်။
- She *scrubs* the floor every week.
  သူမ သတင်းပတ်တိုင်း ကြမ်းတိုက်တယ်။
- We *wash* our hands before dinner.
  ကျွန်တော်တို့ ထမင်းမစားခင် လက်ဆေးတယ်။

## (327) scream / shriek / yell

scream = ရူးရူးရှား အော်သည်
shriek = သံသေးသံကြောင်ဖြင့် အော်သည်
yell = ကျယ်လောင်စွာ အော်သည်

- We heard someone *scream* in fright.
  တစ်ယောက်ယောက် ရူးရှူး အော်သံကို ကြားလိုက်တယ်။
- She *shrieked* in horror.
  သူမလန့်ပြီး အော်လိုက်တယ်။
- The boy *yelled* with pain.
  လူကလေး နာကျင်သောကြောင့် ကျယ်လောင်စွာ အော်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (328) send / mail / transmit

send = စေလွှတ်သည်၊ ပို့သည်
mail = စာပို့သည်၊ ချောစာပို့သည်
transmit = အဝေးသို့ ပေးပို့သည်

- They will *send* the food to the island by boat.
  သူတို့ အစားအစာများကို ကျွန်းသို့ လှေနဲ့ပို့ကြတယ်။
- He *mailed* the letter yesterday.
  သူမနေ့က စာတိုက်က စာ ထည့်လိုက်တယ်။
- His *message* was transmitted by radio.
  သူ့သတင်းကို ကြိုးမဲ့ ကြေးနန်းနဲ့ ပို့လိုက်တယ်။

## (329) sew / mend / stitch

sew = အပ်နှင့် ချုပ်သည်၊ စက်ချုပ်သည်
mend = ပြုပြင်သည်၊ ဖာထေးသည်
stitch = ချုပ်သည်၊ အပ်ချည်နှင့် သီသည်

- She *sewed* the button on his coat.
  သူမ သူ့ကုပ်အင်္ကျီကို ကြယ်သီးတပ်ပေးလိုက်တယ်။
- She is *mending* the hole in the boys shirt.
  သူမ ကောင်လေးရဲ့ ရှပ်အင်္ကျီကို အပေါက်ဖာနေတယ်။
- She *stitched* the two lengths of cloth together.
  သူမ ပိတ်စနှစ်စကို အပ်နဲ့ ချုပ်လိုက်တယ်။

## (330) shift / move / transfer

shift = နေရာပြောင်းသည်၊ ရွှေ့သွားသည်၊ ပြောင်းသွားသည်
move = ရွှေ့သည်၊ ရွှေ့ပြောင်းသည်
transfer = လွှဲပြောင်းပေးပို့သည်၊ ကူးပြောင်းသည်

- The wind *shifted* from east to west.
  လေသည် အရှေ့မှ အနောက်သို့ ပြောင်းရွှေ့တိုက်ခတ်သည်
- They *moved* to another town.
  သူတို့ အခြားမြို့တစ်မြို့ကို ပြောင်းသွားကြပြီ။
- He has been *transferred* to another job.
  သူကို အခြားလုပ်ငန်းတစ်ခုသို့ လွှဲပြောင်းခန့်အပ်လိုက်တယ်။



## (331) signify / mean / show

signify = ဆိုလိုသည်၊ အဓိပ္ပါယ်သက်ရောက်စေသည်
mean = ဆိုလိုသည်၊ အဓိပ္ပါယ်ရှိသည်၊ ရည်ရွယ်သည်
show = ပြသည်၊ ထင်ရှားစွာ မြင်ရသည်

- If you agree, *signify* by raising your right hand.
  မင်းသဘောတူရင် ညာဘက်လက်ကို ထောင်ပြပါ။
- What does this word *mean*?
  ဒီစကားလုံးက ဘာအဓိပ္ပါယ်ရှိသလဲ။
- He *showed* us to our seats.
  သူကျွန်တော်တို့ ထိုင်ခုံတွေကို လိုက်ပြတယ်။

## (332) smell / scent / sniff

smell = နံသည်၊ အနံ့ခံသည်၊ ရှူကြည့်သည်
scent = အနံ့ရသည်၊ ရိပ်မိသည်
sniff = အနံ့ခံသည်၊ နမ်းကြည့်သည်၊ နှာခေါင်းရှုံ့သည်

- He *smelled* something burning.
  မီးလောင်တဲ့ အနံ့ရသည်၊ ညှော်စော်နံသည်။
- The flowers *scented* the room.
  တစ်ခန်းလုံး ပန်းနံ့ရနေသည် (မွှေးနေသည်)။
- She *sniffed* the flowers.
  သူမ ပန်းများကို နမ်းကြည့်သည်။

## (333) soak / steep / wet

soak = ရွှဲသည်၊ စိမ့်ဝင်သည်၊ စုပ်ယူသည်
steep = နှစ်သည်၊ စိမ်သည်
wet = စိုရွှဲစေသည်၊ စိုစေသည်

- The blotting paper *soaks* up the ink.
  မှင်နှိပ်စက္ကူက မှင်ကို စုပ်ယူလိုက်တယ်။
- She *steeped* a tea packet in the hot water.
  သူမ လက်ဖက်ခြောက်ထုပ်ကလေးကို ရေနွေးထဲမှာ စိမ်လိုက်တယ်။
- Please *wet* the cloth and wash your face.
  ကျေးဇူးပြု၍ မျက်နှာကို အဝတ်ရေဆွတ်ပြီး သုတ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



### (334) sparkle / shine/ twinkle

sparkle = တဖိတ်ဖိတ်တောက်ပသည်၊ အရောင်လက်သည်
shine = တောက်ပသည်၊ အရောင်တင်သည်
twinkle = မှိတ်တုတ်မှိတ်တုတ် လင်းသည်၊ တလက်လက်နေသည်

- The waves ***sparkled*** in the sunlight.
  ရေလှိုင်းများသည် နေရောင်ထဲမှာ အရောင်လက်သည်။
- The sun ***shines*** in the sky.
  နေသည် ကောင်းကင်မှာ ထွန်လင်းတောက်ပသည်။
- The stars are ***twinkling*** at night.
  ကြယ်များသည် ညမှာ တလက်လက်တောက်ပနေကြသည်။

### (335) spend / pay / use

spend = အချိန်နှင့် ငွေကို သုံးသည်
pay = ပိုက်ဆံပေးသည်၊ လခပေးသည်
use = ပစ္စည်းတစ်ခုခုကို အသုံးပြုသည်၊ အသုံးချသည်

- We like to ***spend*** the boliday on a beach.
  ကျောင်းပိတ်ရက် ကမ်းခြေမှာ အချိန်ဖြုန်းရတာ နှစ်သက်တယ်။
- How much did you ***pay*** for that suit.
  ဒီဝတ်စုံအတွက် မင်းပိုက်ဆံ ဘယ်လောက်ပေးခဲ့ရသလဲ။
- He ***used*** the car to drive to work.
  သူအလုပ်သွားရင် ကားကို အသုံးပြုတယ်။

### (336) strain / stretch / tighten

strain = ဆွဲဆန့်သည်၊ တင်းအောင်လုပ်သည်၊ အားစိုက်လုပ်သည်
stretch = စန့်သည်၊ ဆန့်သည်
tighten = တင်းကျပ်လာသည်၊ တင်းကျပ်စေသည်

- She ***strained*** herself to get the work finished.
  သူမ ကိုယ်တိုင် အလုပ်ကို ပြီးအောင် အားစိုက်လုပ်ကိုင်ခဲ့တယ်။
- He ***stretched*** himself on the couch.
  သူကုတင်ပေါ်မှာ စန့်စန့်လှဲနေလိုက်တယ်။
- The rope holding the boat ***tightened*** and broke.
  လှေကို ချည်ထားတဲ့ ကြိုးတင်းပြီး ပြတ်သွားတယ်။



### (337) struggle / oppose / strive

struggle = ရုန်းကန်ကြိုးပန်းသည်
oppose = အတိုက်အခံပြုသည်၊ ဆန့်ကျင်သည်
strive = ကြိုးပန်းအားထုတ်သည်

- They are ***struggling*** to learn English.
  သူတို့ အင်္ဂလိပ်စာကို ကြိုးစားပန်းစား သင်နေကြတယ်။
- He ***opposed*** all of my ideas for change.
  ပြောင်းမဲ့ ကျွန်တော့်အစီအစဉ်အားလုံးကို သူဆန့်ကျင်တယ်။
- We must ***strive*** to finish the job today.
  ကျွန်တော်တို့ ဒီနေ့ အလုပ်ပြီးအောင် ကြိုးစားလုပ်ရမယ်။

### (338) submit / tender / surrender

submit = လက်နက်ချသည်၊ အပ်နှင်းသည်
tender = ကမ်းလှမ်းသည်
surrender = လက်နက်ချသည်၊ အညံ့ခံသည်

- They had to ***submit*** to the superior force of the enemy.
  သူတို့ ရန်သူအကြီးအကဲထံမှာ အညံ့ခံလိုက်ရတယ်။
- He ***tendered*** us money as payment for the book he had lost.
  သူပျောက်သွားတဲ့ စာအုပ်တစ်အုပ်အတွက် ပိုက်ဆံပေးဖို့ ကမ်းလှမ်းတယ်။
- The rebel ***surrendered*** himself to the army.
  သူပုန်သည် သူ့ကိုယ်သူ စစ်တပ်သို့ လက်နက်ချ အညံ့ခံလိုက်သည်။

### (339) summon / call / invite

summon = ဆင့်ခေါ်သည်
call = ခေါ်သည်၊ အော်ခေါ်သည်
invite = ဖိတ်ခေါ်သည်၊ ဖိတ်ကြားသည်

- He was ***summoned*** to appear in the court.
  သူ့ကို တရားရုံးလာဖို့ ဆင့်ခေါ်လိုက်တယ်။
- I ***called*** her on the telephone.
  ကျွန်တော် သူမကို ဖုန်းနဲ့ လှမ်းခေါ်လိုက်တယ်။
- They ***invited*** me to go to the theater.
  သူတို့ ကျွန်တော့်ကို ကပွဲသွားဖို့ ဖိတ်ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (340) suspect / doubt / mistrust

suspect = မယုံသင်္ကာရှိသည်
doubt = သံသယဖြစ်သည်
mistrust = မယုံကြည်၊ အယုံအကြည်မရှိ

- The police *suspected* him of the crime.
  ရာဇဝတ်မှုနဲ့ ပတ်သက်ပြီး ရဲက သူ့ကို မယုံသင်္ကာဖြစ်နေတယ်။
- I *doubt* that he will come.
  သူလာမယ် မလာဘူးဆိုတာ ကျွန်တော် သံသယဖြစ်နေတယ်။
- She *mistrusted* him for wanting to see her again.
  သူ သူမကို ထပ်တွေ့ချင်တယ်ဆိုတာ သူမ မယုံကြည်ပါ။

### (341) swear / state / vow

swear = ကျမ်းကျိန်သည်၊ ကျိန်ဆဲသည်
state = ထုတ်ဖော်ပြောဆိုသည်
vow = သစ္စာပြုသည်၊ အဓိဋ္ဌာန်ပြုသည်

- He *swore* that he had not done it.
  သူ ဒါကို မလုပ်ကြောင်း ကျိန်ပြောသည်။
- He *stated* his view.
  သူ သူ့ရဲ့ ထင်မြင်ချက်ကို ထုတ်ပြောတယ်။
- He *vowed* revenge on his opponent.
  သူပြိုင်ဘက်ကို လက်စားချေဖို့ သစ္စာဆိုခဲ့တယ်။

### (342) switch / shift / turn

switch = ခလုပ်နှိပ်သည်၊ ပြောင်းပေးသည်
shift = နေရာပြောင်းသည်၊ ရွှေ့သွားသည်
turn = လှည့်သည်၊ လည်စေသည်၊ ပြောင်းလဲစေသည်

- *Switch* on the light.
  မီးခလုပ်နှိပ်လိုက်ပါ (မီးဖွင့်လိုက်ပါ)။
- She was *shifted* to the account department.
  သူမကို ငွေစာရင်းဌာနပြောင်းရွှေ့လိုက်တယ်။
- The leaves *turn* yellow in summer.
  နွေရာသီမှာ သစ်ရွက်တွေ အဝါရောင်ပြောင်းကြတယ်။



### (343) tap / pat / strike

tap = အသာကလေးပုတ်သည်
pat = ပုတ်သည်
strike = ရိုက်သည်၊ ရိုက်ခတ်သည်၊ တိုက်ခိုက်သည်

- He *tapped* on the shoulder.
  သူက ကျွန်တော့် ပုခုံးကို အသာလေး ပုတ်တယ်။
- She *patted* her cat on the back.
  သူကြောင်ကလေးရဲ့ ကျောပြင်ကို အသာပုတ်သည်။
- The enemy may *strike* at anytime.
  ရန်သူက အချိန်မရွေး ဝင်တိုက်နိုင်တယ်။

### (344) thrash / beat / whip

thrash = စပါးခါသည်၊ ရိုက်ခတ်သည်
beat = ရိုက်နှက်သည်၊ အနိုင်ရသည်၊ နှိမ်နင်းသည်
whip = ကြာပွတ်နှင့် ရိုက်သည်

- The farmers *thrashed* the paddy after being reaped.
  စပါးများ ရိတ်ပြီးတဲ့နောက် လယ်သမားများ စပါးရိုက်ခဲ့ကြတယ်။
- The teacher will *beat* you if you are late.
  မင်းနောက်ကျရင် ဆရာက ရိုက်လိမ့်မယ်။
- He *whipped* the two oxen while driving a cart.
  သူလှည်းမောင်းနေစဉ် နွားနှစ်ကောင်ကို ကြာပွတ်နဲ့ ရိုက်တယ်။

### (345) threaten / menace / warn

threaten = ခြိမ်းခြောက်သည်
menace = ခြိမ်းခြောက်သည်၊ လန့်အောင်လုပ်သည်
warn = သတိပေးသည်၊ ကြိုပြောထားသည်

- They *threatened* to kill him if he did not go with them.
  သူတို့နဲ့ မလိုက်ရင် သူ့ကို သတ်မယ်လို့ ခြိမ်းခြောက်တယ်။
- Black market *menaces* the economy of the country.
  မှောင်ခိုဈေးသည် တိုင်းပြည်စီးပွားရေးကို အန္တရာယ်ပြုသည်။
- I *warned* her of the danger.
  သူမ အန္တရာယ်ဖြစ်မယ့်အကြောင်း ကျွန်တော် ကြိုတင်သတိပေးခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (346) throw / send / toss

| | | |
|---|---|---|
| throw | = | ပစ်လွှင့်သည်၊ လွှင့်ပစ်သည် |
| send | = | စေလွှတ်သည်၊ ပို့သည် |
| toss | = | ပစ်မြှောက်သည်၊ တော့သည်၊ မြှောက်ပန်းလှန်သည် |

- The boys were ***throwing*** the ball to one another.
  မြောက်ကလေးများ ဘောလုံးကို ပစ်ကစားနေကြတယ်။
- They ***send*** a letter to their parents.
  သူတို့ မိဘများထံ စာတစ်စောင် ပို့လိုက်ကြတယ်။
- He ***tossed*** his hat on the table.
  သူဦးထုပ်ကို စားပွဲပေါ် ပစ်တင်လိုက်တယ်။

## (347) tire / weary / weaken

| | | |
|---|---|---|
| tire | = | မောပန်းသည်၊ ငြီးငွေ့သည် |
| weary | = | ပင်ပန်းစေသည်၊ ငြီးငွေ့သည် |
| weaken | = | အားနည်းစေသည် |

- I am ***tired*** of working hard.
  ကျွန်တော် အလုပ်ကြိုးစားရတော့ ငြီးငွေ့လာပြီ။
- He soon ***wearies*** of hard work.
  သူအလုပ်များများ လုပ်ရရင် ချက်ချင်း မောလာသည်။
- The team has been ***weakend*** by injury.
  ဒဏ်ရာ အနာကြောင့် သူတို့အသင်း ညံ့ဖျင်းလာတယ်။

## (348) toil / sweat / work

| | | |
|---|---|---|
| toil | = | ပင်ပင်ပန်းပန်း အလုပ်လုပ်သည် |
| sweat | = | ချွေးထွက်အောင် အလုပ်လုပ်သည်၊ ချွေးထွက်စေသည် |
| work | = | အလုပ်လုပ်သည် |

- They ***toiled*** in the field.
  သူတို့ လယ်ကွင်းထဲမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ကြတယ်။
- Unloading the truck made him ***sweat***.
  ကားပေါ်က ပစ္စည်းတွေ ချရတာ ချွေးတွေတောင် ထွက်တယ်။
- He ***works*** very hard at every thing.
  သူဘာပဲလုပ်လုပ် ကြိုးစားပြီး လုပ်တယ်။



## (349) touch / feel / handle

| | | |
|---|---|---|
| touch | = | လက်ဖြင့်ထိသည်၊ တို့သည်၊ စမ်းသည် |
| feel | = | တွေ့ထိသိသည်၊ အာရုံခံစားသည်၊ စမ်းကြည့်သည် |
| handle | = | ကိုင်တွယ်သည်၊ ဆက်ဆံလုပ်ကိုင်သည် |

- She burned her finger when she ***touched*** the hot stove.
  သူမ မီးဖိုကို ကိုင်လိုက်လို့ လက်မီးလောင်သွားတယ်။
- She ***felt*** rain on her cheeks.
  ပါးပေါ်ကို မိုးပေါက်ထိမှန်တာကို သူမ သိလိုက်တယ်။
- She knows how to ***handle*** the children.
  ကလေးတွေကို ဘယ်လို ကိုင်တွယ်ရမလဲဆိုတာ သူမ သိတယ်။

## (350) tour / travel / visit

| | | |
|---|---|---|
| tour | = | ခရီးလှည့်လည်သွားလာသည် |
| travel | = | ခရီးသွားသည် |
| visit | = | အလည်အပတ် သွားရောက်သည် |

- They are ***touring*** several countries.
  သူတို့ နိုင်ငံအတော်များများကို လှည့်လည်သွားလာနေတယ်။
- He ***travels*** a great deal in his work.
  သူအလုပ်ထဲမှာ ခရီးအတော်သွားရတယ်။
- They ***visited*** us for a week.
  သူတို့ ကျွန်တော်တို့ဆီကို တစ်ပတ်လောက် လာလည်ကြတယ်။

## (351) treat / manage / negotiate

| | | |
|---|---|---|
| treat | = | ကျွေးမွေးပြုစုသည်၊ ဆက်ဆံသည် |
| manage | = | စီမံအုပ်ချုပ်သည်၊ ဖြစ်မြောက်အောင် လုပ်သည် |
| negotiate | = | ညှိနှိုင်းဆွေးနွေးသည်၊ ပြီးစီးအောင် ဆောင်ရွက်သည် |

- He ***treated*** the old man with respect.
  သူအသက်ကြီးသူကို လေးလေးစားစား ပြုစုဆက်ဆံသည်။
- He ***managed*** to build a modern house.
  သူခေတ်မီတဲ့ အိမ်တစ်လုံးကို ပြီးစီးအောင် ဆောက်နိုင်ခဲ့တယ်။
- We successfully ***negotiated*** the release of hostages.
  ဓားစာခံတွေကို လွှတ်ပေးဖို့ ကျွန်တော်တို့ အောင်မြင်စွာ ညှိနှိုင်းနိုင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (352) trouble / upset / worry

trouble = ဒုက္ခခံသည်၊ ဒုက္ခဖြစ်စေသည်
upset = မှောက် ပစ်/သွားသည်၊ စိတ်အနှောက်အယှက်ဖြစ်စေသည်
worry = စိတ်အနှောက်အယှက်ပေးသည်၊ စိတ်ပူပန်သည်

- He was ***troubled*** by the bad news.
  သူမကောင်းသတင်း ကြားရလို့ ဒုက္ခရောက်နေတယ်။
- The boys ***upset*** the table while playing.
  ကလေးတွေ ကစားနေတုံး စားပွဲမှောက်သွားတယ်။
- Don't ***worry*** me with your problems.
  မင်းပြဿနာတွေနဲ့ ငါ့ကို လာဒုက္ခမပေးနဲ့။

## (353) tumble / fall / stumble

tumble = လဲကျသည်၊ ပရိုဖရဲကြီးသည်
fall = ကျသည်၊ လဲကျသည်
stumble = ခလုတ်တိုက်လဲသည်၊ မှားယွင်းချွတ်ချော်သည်

- He ***tumbled*** over the mat
  သူဖျာပေါ်မှာ မှောက်ရက် လဲကျသွားသည်။
- He ***fell*** into the water.
  သူရေထဲကျသွားတယ်။
- He ***stumbled*** over a stone in the path.
  သူလမ်းမှာ ကျောက်ခဲတစ်ခု တိုက်လဲခဲ့တယ်။

## (354) twist / braid / wring

twist = ပူး၍ လိမ်ကျစ်သည်၊ လိမ်ကောက်သွားသည်
braid = လိမ်သည်၊ ကျစ်သည်
wring = လိမ်ညှစ်သည်

- He ***twisted*** his ankle.
  သူခြေပွတ်တိုင် လည်သွားတယ်။
- She ***braids*** her hair.
  သူမ ဆံပင်ကို ကျစ်ဆံမြီး ထိုးထားတယ်။
- Please ***wring*** the water out of the wet clothes.
  ကျေးဇူးပြုပြီး အဝတ်စိုတွေကို ညှစ်ထုတ်လိုက်ပါ။



## (355) undertake / try / venture

undertake = တာဝန်ယူဆောင်ရွက်သည်
try = ကြိုးစားသည်၊ စမ်းသပ်ကြည့်သည်
venture = စွန့်စားလုပ်သည်၊ ရဲဝံ့သည်

- He always ***undertakes*** more than he can do.
  သူလုပ်နိုင်တာထက် ပိုပြီး ကြိုးစားလုပ်တယ်။
- She is ***trying*** to find him.
  သူမ သူ့ကို ကြိုးစားရှာဖွေနေတယ်။
- The boys ***ventured*** into the cave.
  ကောင်ကလေးတွေ ဂူထဲကို စွန့်စွန့်စားစား ဝင်သွားကြတယ်။

## (356) uphold / maintain / support

uphold = ပင့်မပေးသည်၊ အားပေးအားမြှောက်ပြုသည်
maintain = တည်နေစေသည်၊ ထောက်ပံ့ထားသည်
support = ထောက်ခံသည်၊ ထောက်ခံထားသည်၊ ထောက်ပံ့သည်

- He promised to ***uphold*** the law.
  သူဥပဒေကို တည်မြဲနေစေဖို့ ကတိပေးတယ်။
- His salary was too small to ***maintain*** a family of five.
  သူလစာက လူ ငါးယောက်ရှိတဲ့ မိသားစုလေးတောင် မထောက်ပံ့နိုင်ဘူး။
- This chair will not ***support*** a heavy person.
  ဒီကုလားထိုင်က သိပ်လေးတဲ့ လူတစ်ယောက်ကို မခံနိုင်ဘူး။

## (357) upset / overturn / topple

upset = မှောက်ပစ်သည်၊ မှောက်စေသည်
overturn = မှောက်သွားသည်
topple = ရှုန်းပြန်ကျသည်၊ မှောက်ကျသည်

- The boys ***upset*** the table while playing.
  ကလေးများ ကစားနေစဉ် စားပွဲမှောက်သွားတယ်။
- His car was ***overturned*** in the accident.
  ကားထိခိုက်မှုဖြစ်ပြီး မှောက်သွားတယ်။
- The glass ***toppled*** over.
  ဖန်ခွက်မှောက်ကျသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (358) urge / plead / persuade

urge = တိုက်တွန်းသည်
plead = လျှောက်လှဲသည်၊ တောင်းပန်သည်
persuade = တိုက်တွန်းသည်၊ ဖျောင်းဖျသည်

- I *urged* him to join the army.
  ကျွန်တော် သူ့ကို စစ်ထဲလိုက်ဖို့ တိုက်တွန်းလိုက်တယ်။
- He *pleaded* with me to forgive his son.
  သူ ကျွန်တော့ကို သူ့သားအား ခွင့်လွှတ်ရန် တောင်းပန်ခဲ့သည်။
- She *persuaded* her son to go to school.
  သူမ သားကို ကျောင်းသွားဖို့ ဖျောင်းဖျပြောဆိုခဲ့တယ်။

### (359) use / consume / spend / utilize

use = အသုံးပြုသည်၊ အသုံးချသည်
consume = စားသုံးသည်
spend = သုံးစွဲသည်၊ အသုံးပြုသည်
utilize = အသုံးချသည်၊ အသုံးဝင်စေသည်

- He *used* the car to drive to work.
  သူအလုပ်ကို ကားနဲ့သွားတယ်။
- The family *consumes* a lot of food.
  မိသားစု အစားအစာ သိပ်ကုန်တယ်။
- How much money do you *spend* each week for food?
  မင်း၊ အစားအစာအတွက် တစ်ပတ်ကို ဘယ်လောက်သုံးသလဲ။
- He *utilizes* all his spare time for study.
  သူအချိန်အားရရင် စာကိုပဲဖတ်နေတယ်။

### (360) vault / leap / spring

vault = လှံထောက်၍ ခုန်သည်
leap = ခုန်သည်၊ ကျော်လွှားသည်
spring = ခုန်အုပ်သည်

- Kyansitha *vaulted* the fence with a lance.
  ကျန်စစ်သားသည် ဝင်းခြံကို လှံထောက်၍ ခုန်ခဲ့သည်။
- He *lept* over the gate.
  သူအိမ်အဝင်တံခါးကို ကျော်ဝင်ခဲ့သည်။
- The tiger *spang* the deer.
  ကျားသည် သမင်ကို ခုန်အုပ်ခဲ့သည်။



### (361) visit / call on / see

visit = အလည်အပတ်သွားသည်
call on = အလည်လာသည်
see = မြင်သည်၊ တွေ့သည်

- They *visited* the famous pagodas in Bagan.
  သူတို့ ပုဂံက ထင်ရှားတဲ့ဘုရားတွေကို သွားရောက် လည်ပတ်ခဲ့ကြတယ်။
- He often *called on* me?
  သူကျွန်တော်ဆီကို မကြာခဏ လာလည်ပါတယ်။
- I *will see* you tomorrow.
  ငါ မနက်ဖြန် မင်းကို လာတွေ့မယ်။

### (362) wait / remain / stay

wait = စောင့်သည်
remain = တည်နေသည်
stay = ခေတ္တနေထိုင်သည်

- I am *waiting* for him to call.
  ကျွန်တော် သူ့ကို ခေါ်ဖို့ စောင့်နေတယ်။
- I have to *remain* at home when they go out.
  သူတို့ အပြင်သွားရင် ကျွန်တော် အိမ်မှာ ရှိနေမှ ဖြစ်မယ်။
- We *stayed* there for three hours.
  ကျွန်တော်တို့ အဲဒီမှာ သုံးနာရီလောက် နေခဲ့ကြတယ်။

### (363) wake / rouse / waken

wake = နိုးသည်၊ နှိုးသည်
rouse = နိုးသည်၊ ထစေသည်၊ ဆွသည်
waken = နိုးသည်၊ နိုးလာစေသည်

- Please *wake* me at 5 o'clock.
  ငါကို (၅) နာရီမှာ နှိုးပါ။
- His anger was *roused.*
  သူဒေါသ ထွက်နေတယ်။
- Mother *wakened* me at dawn.
  မိုးလင်းရင် အမေက ကျွန်တော့ကို နှိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (364) walk / march / step / stroll

walk = လမ်းလျှောက်သည်
march = စစ်ချီသည်၊ ချီတက်သည်
step = ခြေလှမ်း၊ လှမ်းသည်၊ လျှောက်သည်
stroll = အပျင်းပြေလမ်းလျှောက်သည်

- I *walk* this street every day.
  ငါဒီလမ်းကို နေ့တိုင်းသွားတယ်။
- The boys *marched* around the playground.
  ကောင်ကလေးများ ကွင်းကို ပတ်ပြီး ချီတက်လမ်းလျှောက်ကြတယ်။
- Please *step* out of the house.
  ကျေးဇူးပြုပြီး အိမ်ထဲက ထွက်ခဲ့ပါ။
- They are *strolling* in the park.
  သူတို့ ပန်းခြံထဲမှာ အပျင်းပြေ လမ်းလျှောက်ကြတယ်။

## (365) wander / ramble / roam

wander = လှည့်လည်သွားလာသည်
ramble = ရည်ရွယ်ချက်မရှိ လျှောက်သွားသည်
roam = လျှောက်လည်သည်၊ လှည့်လည်သည်

- Let us *wander* about the town.
  မြို့ထဲလျှောက်လည်ကြစို့။
- They are *rambling* in the countryside.
  သူတို့ ကျေးလက်ဒေသတွေကို လျှောက်လည်နေကြတယ်။
- Yesterday, they *roamed* about in the city.
  သူတို့ မနေ့က မြို့ထဲလျှောက်လည်ကြတယ်။

## (366) wash / rub / scrub

wash = ဆေးကြောသည်
rub = ပွတ်တိုက်သည်
scrub = တိုက်ချွတ်ဆေးကြောသည်

- We *wash* our hands before dinner.
  ကျွန်တော်တို့ ထမင်းမစားခင် လက်ဆေးကြတယ်။
- He *rubbed* his sleepy eyes.
  သူအိပ်ချင်နေတဲ့ မျက်လုံးတွေကို ပွတ်တိုက်ပစ်တယ်။
- She *scrubs* the floor every day.
  သူမနေ့တိုင်း အိမ်မှာ ကြမ်းတိုက်တယ်။



## (367) watch / look / observe

watch = စောင့်ကြည့်သည်
look = ကြည့်သည်
observe = လေ့လာကြည့်ရှုသည်

- We *watched* the dancers on TV.
  ကျွန်တော်တို့ တီဗီပေါ်က ယိမ်းသူမတွေကို ကြည့်တယ်။
- Hearing a noise he *looked* towards the door.
  သူအသံကြားလို့ တံခါးကို လှမ်းကြည့်လိုက်တယ်။
- He *observed* the man leaving the door.
  သူ လူကြီး တံခါးက ထွက်သွားတာကို သေသေချာချာကြည့်တယ်။

## (368) weep / cry / sob

weep = ငိုကြွေးသည်
cry = အော်ပြောသည်၊ ငိုယိုသည်
sob = ငိုပြောသည်၊ ငိုရှိုက်သည်

- She was *weeping* for joy at the news.
  သူမ သတင်းကြားရတာ ဝမ်းသာပြီး မျက်ရည်ကျနေတယ်။
- The baby is *crying* as she is hungry.
  ကလေး၊ လေးဆာလို့ ငိုနေတယ်။
- She *sobbed* when she heard the bed news.
  သူမ မကောင်းတဲ့သတင်းကို ကြားရတော့ ရှိုက်ရှိုက်ပြီး ငိုတယ်။

## (369) win / gain / succeed

win = အောင်မြင်သည်၊ အောင်နိုင်သည်
gain = ရသည်၊ ရယူသည်၊ အကျိုးအမြတ်ရသည်
succeed = ဆက်ခံသည်၊ အောင်မြင်သည်

- Our team is *winning* the game.
  ကစားပွဲမှာ တို့အသင်းက နိုင်နေတယ်။
- Her kindness *gained* her many friends.
  သူမရဲ့ ကြင်နာတတ်မှုကြောင့် မိတ်ဆွေတွေ တိုးလာတယ်။
- He *succeeded* in reaching home before the rain started.
  မိုးမရွာခင် သူအိမ်ကို ချောချောမောမော ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (1) able / capable / clever

able = စွမ်းရည်သတ္တိရှိသော၊ တတ်ကျွမ်းသော
capable = စွမ်းရည်ရှိသော၊ အရည်အချင်းရှိသော
clever = လိမ္မာသော၊ ကျွမ်းကျင်သော

- The child is ***able*** to walk.
  ကလေးလေး လမ်းလျှောက်တတ်ပြီ။
- I am ***capable*** of doing it myself.
  ဒါကို ကျွန်တော်ကိုယ်တိုင် လုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။
- He is ***clever*** enough to make his own furniture.
  သူ သူ့ပရိဘောဂတွေကို ကိုယ်တိုင်လုပ်တယ်။

### (2) abnormal / odd / peculiar

abnormal = သဘာဝမဟုတ်သော
odd = ထူးဆန်းသော
peculiar = ထူးဆန်းသော၊ သီးသန့်ခြားနားသော

- His ***abnormal*** behaviour shows that something is wrong.
  သူရဲ့ ထူးခြားတဲ့ အမူအယာ ကြည့်ရတာ တစ်ခုခုတော့ မှားနေပြီ။
- The sounds of foreign language are ***odd***.
  နိုင်ငံခြားဘာသာစကားရဲ့ အသံတွေက ထူးဆန်းတယ်။
- We heard a ***peculiar*** noise.
  ကျွန်တော်တို့ ထူးဆန်းတဲ့ အသံတစ်သံကြားလိုက်တယ်။

### (3) abrupt / short / sudden

abrupt = ရုတ်တရက်ဖြစ်သော
short = တိုတောင်းသော
sudden = ရုတ်တရက်ဖြစ်သော

- The car came to an ***abrupt*** stop.
  ကားကို ရုတ်တရက် ဖြန်းကနဲရပ်လိုက်ရတယ်။
- I am busy and can stay only for a ***short*** time.
  ငါအလုပ်များနေတဲ့အတွက် ခဏလေးဘဲနေနိုင်မယ်။
- There was a ***sudden*** change in the weather.
  ရာသီဥတု ရုတ်တရက် ပြောင်းသွားတယ်။



### (4) absent / away / out

absent = မရှိသော၊ ပျက်ကွက်သော
away = အဝေးသို့ရောက်နေသော
out = အပြင်မှာရှိသော

- The student was ***absent*** from school.
  ကျောင်းသားကျောင်းမတက်ပါ။
- He will be ***away*** for two days.
  သူနှစ်ရက်လောက် အိမ်မှာ ရှိမှာ မဟုတ်ဘူး။
- Several students are ***out*** because of illness.
  ကျောင်းသား အတော်များများ ဖျားလို့ ကျောင်းမလာကြဘူး။

### (5) absent-minded / forgetful / inattentive

absent-minded = မေ့လျော့တတ်သော
forgetful = မေ့လျော့တတ်သော
inattentive = ဂရုမစိုက်သော၊ အာရုံမပြုသော

- My grandfather was ***absent-minded***.
  ကျွန်တော့်အဖိုးက သတိမေ့တတ်တယ်။
- She has become very ***forgetful*** in recent years.
  သူမကြာသေးခင်ကမှ သတိမေ့တတ်လာတယ်။
- He was ***inattentive*** to the needs of others.
  သူ သူတစ်ပါးရဲ့ လိုအပ်ချက်ကို ဂရုမထားဘူး။

### (6) absolute / complete / perfect

absolute = လုံးဝဖြစ်သော၊ အကြွင်းမဲ့သော
complete = ပြီးပြည့်စုံသော
perfect = ချွတ်ယွင်းချက်မရှိသော၊ ပြီးမြောက်ပြည့်စုံသော

- I have ***absolute*** faith in his honesty.
  သူ့ရိုးသားမှုကို ကျွန်တော် လုံးဝယုံကြည်တယ်။
- We have to give the ***complete*** answers to these questions.
  ကျွန်တော်တို့ ဒီမေးခွန်းတွေရဲ့ အဖြေကို ပြည့်စုံအောင်ပေးရမယ်။
- His accounts were in ***perfect*** order.
  သူ့ရဲ့ စာရင်းအင်းတွေက လုံးဝအမှားမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (7) absurd / foolish / silly

absurd = ရူးမိုက်သော၊ ရယ်စရာကောင်းသော
foolish = မိုက်မဲသော
silly = မိုက်မဲသော၊ စိတ်ဓာတ်ပျော့ညံ့သော

- Your story is too ***absurd*** to believe.
  မင်းအဖြစ်အပျက်က မယုံကြည်နိုင်လောက်အောင်ကို ရယ်ရတယ်။
- You are very ***foolish*** to do this work.
  မင်းဒီအလုပ်ကို လုပ်တာ သိပ်မိုက်မဲတာပဲ။
- You have made many ***silly*** mistakes.
  မင်းမမှားသင့်တဲ့အမှားတွေ သိပ်လုပ်တာပဲ။

### (8) abundant / abounding / plentiful

abundant = ပေါများသော
abounding = ပေါများသော
plentiful = ပေါများသော

- There is an ***abundant*** supply of vegetables in the market.
  ဈေးထဲမှာ ဟင်းသီးဟင်းရွက်တွေ သိပ်ပေါတယ်။
- The ***abounting*** fish are bred in this lake.
  ဒီကန်ထဲမှာ ငါးတွေ အများကြီး မွေးထားတယ်။
- Fruits and vegetables are ***plentiful*** in our town.
  ကျွန်တော်တို့ မြို့မှာ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်ပေါတယ်။

### (9) accurate / correct / exact

accurate = တိကျမှန်ကန်သော
correct = မှန်သော၊ အမှားမရှိသော
exact = တိကျမှန်ကန်သော

- This is an ***accurate*** account of what has happened.
  အဲဒါဖြစ်တဲ့ အကြောင်းအရာအတိုင်း အတိအကျပါဘဲ။
- Please give me the ***correct*** answer to my question.
  ငါမေးတဲ့မေးခွန်းကို အမှန်အတိုင်းဖြေပါ။
- I can tell you the ***exact*** time when the crime was comitted.
  ရာဇဝတ်မှု ကျူးလွန်တဲ့အချိန်ကို ငါအတိအကျပြောနိုင်တယ်။



### (10) acid / sour / tart

acid = ချဉ်သော
sour = ချဉ်သော
tart = ချဉ်သော၊ စူးရှသော

- The lemon is an ***acid*** fruit.
  ရှောက်သီးသည် အရသာချဉ်သောအသီးတစ်မျိုးဖြစ်သည်။
- Those grapes taste ***sour***.
  အဲဒီစပျစ်သီးတွေက ချဉ်တယ်။
- She made ***tart*** apples to make pie.
  သူချဉ်တဲ့ ပန်းသီးတွေကို မုန့်လုပ်လိုက်တယ်။

### (11) active / energetic / industrious

active = သွက်လက်ဖျပ်လတ်သော
energetic = သွက်လက်ချက်ချာသော
industrious = လုံ့လဝီရိယရှိသော

- He is very ***active*** for his age.
  သူ့အရွယ်နှင့် မလိုက်အောင် သွက်လက်ဖျတ်လတ်တယ်။
- He is an ***energetic*** worker.
  သူသည် သွက်လက်ချက်ချာသော အလုပ်သမားတစ်ယောက်ဖြစ်သည်။
- He is an ***industrious*** student.
  သူသည် စာကြိုးစားသော ကျောင်းသားတစ်ယောက်ဖြစ်သည်။

### (12) actual / real / true

actual = အကယ်၊ စင်စစ်၊ အမှန်ဖြစ်သော
real = အမှန်တကယ်ဖြစ်သော၊ စစ်မှန်သော
true = ဟုတ်မှန်သော

- He is the one who has the ***actual*** power.
  သူဟာ အမှန်တကယ် အစွမ်းထက်သူဖြစ်တယ်။
- This is a ***real*** diamond, not an imitation.
  အဲဒါ အတုမဟုတ်ဘူး၊ တကယ့် စိန်အစစ်ပါ။
- I can prove I am the ***true*** owner of this land.
  ဒီမြေပိုင်ရှင်အစစ်အမှန်ဟာ ကျွန်တော်ဆိုတာ သက်သေပြနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (13) adequate / enough / sufficient

adequate = လုံလောက်သော၊ နိုင်လုံသော
enough = လုံလောက်သော၊ ပြည့်စုံသော
sufficient = လုံလောက်သော

- He has no ***adequate*** reasons to blame me.
  သူမှာ ကျွန်တော့်ကို အပြစ်တင်ဖို့ နိုင်လုံတဲ့ အကြောင်းပြချက်မရှိပါ။
- We have ***enough*** money to buy a car.
  ကျွန်တော်တို့မှာ ကားဝယ်ဖို့ ပိုက်ဆံအလုံအလောက်ရှိတယ်။
- We need ***sufficent*** protection on this journey.
  ဒီခရီးမှာ ကျွန်တော်တို့ လုံလောက်တဲ့ အကာအကွယ်ရှိဖို့ လိုတယ်။

### (14) admirable / excellent / fine

admirable = ကြည်ညိုလေးစားစရာကောင်းသော
excellent = အလွန်ကောင်းမွန်သော၊ ထူးချွန်သော
fine = ကောင်းမွန်သော

- He has ***admirable*** qualities.
  သူမှာ ကြည်ညိုစရာကောင်းတဲ့ အရည်အချင်းတွေရှိတယ်။
- He is an ***excellent*** student.
  သူအလွန်တော်သော ကျောင်းသားတစ်ယောက်ဖြစ်တယ်။
- She sent her children to a ***fine*** school.
  သူမရဲ့ ကလေးတွေကို ကျောင်းကောင်းကောင်းမှာ ထားခဲ့တယ်။

### (15) adolescent / teen-aged / young

adolescent = လူလားမြောက်စပြုသော
teen-aged = ဆယ်ကျော်သက်အရွယ်ဖြစ်သော၊ မြီးကောင်ပေါက်
young = ငယ်ရွယ်နုပျိုသော

- Being ***adolescent***, he had many problems.
  လူလားမြောက်စအရွယ်ဖြစ်လို့ သူမှာ ပြဿနာတွေအများကြီးပါပဲ။
- We watched the ***teen-aged*** dancers on the stage.
  ကျွန်တော်တို့ ဇာတ်စင်ပေါ်က ဆယ်ကျော်သက်အရွယ်ယိမ်း သူမလေးတွေကို ကြည့်ခဲ့ကြတယ်။
- Our children are too ***young*** to go to school.
  ကျွန်တော်တို့ ကလေးတွေ ကျောင်းသွားဖို့ အရွယ်မရောက်သေးပါဘူး။



### (16) adult / grown-up / mature

adult = လူလားမြောက်သော၊ အရွယ်ရောက်သော
grown-up = ကြီးပြင်းလာသော
mature = ရင့်ကျက်သော

- He is an ***adult*** person.
  သူအရွယ်ရောက်လာပြီ (လူလားမြောက်ပြီ)။
- She has ***grown up*** in three years.
  သူမ သုံးနှစ်အတွင်းမှာ အတော်ကြီးထွားလာတယ်။
- He becomes ***mature*** day by day.
  သူတစ်နေ့တစ်ခြား ရင့်ကျက်လာတယ်။

### (17) adverse / contrary / opposite

adverse = အကြောင်းမသင့်သော၊ ဆန့်ကျင်ဘက်ဖြစ်သော
contrary = ကပ်ဖဲ့တိုက်နေသော
opposite = ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်တွင်ရှိသော

- The ***adversed*** winds prevented the boat from entering the harbour.
  လေဆန့်ကျင်ဘက်တိုက်နေလို့ လှေဆိပ်ကမ်းကို ဝင်လို့မရပါ။
- My opinion is ***contrary*** to yours.
  မင်းအမြင်နဲ့ ငါ့အမြင်ကတော့ ဆန့်ကျင်ဘက်ပဲ။
- The two houses are on ***opposite*** sides of the road.
  အိမ်နှစ်အိမ်ဟာ လမ်းရဲ့ မျက်နှာချင်းဆိုင်မှာ ရှိကြတယ်။

### (18) affectionate / fond / loving

affectionate = ချစ်ခင်သော
fond = ချစ်ခင်သော၊ ကြင်နာယုယသော
loving = ချစ်သော

- You are my ***affectionate*** nephew.
  မင်းဟာ ငါရဲ့ ချစ်ခင်သော တူမောင်ဖြစ်တယ်။
- I am ***fond*** of horses.
  ကျွန်တော် မြင်းများကို ချစ်တယ်။
- She is their ***loving*** daughter.
  သူမသည် သူတို့၏ ချစ်သမီးလေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### (19) afraid / fearful / frightened

afraid = ကြောက်ရွံ့သော၊ စိုးရိမ်သော
fearful = ကြောက်စရာကောင်းသော
frightened = ကြောက်လန့်သော၊ ထိတ်လန့်သော

- The children are ***afraid*** of thunder.
  ကလေးများ မိုးခြိမ်းသံကို ကြောက်ကြတယ်။
- The tiger is a ***fearful*** animal.
  ကျားသည် ကြောက်စရာကောင်းသော တိရစ္ဆာန်ဖြစ်သည်။
- I am ***frightened*** to see a snake suddenly:
  ကျွန်တော်မြွေကို ရုတ်တရက်တွေ့လိုက်ရတော့ လန့်သွားတယ်။

### (20) aged / elderly / old

aged = အသက်ကြီးသော၊ အိုမင်းသော
elderly = အသက်အရွယ်ကြီးပုံပေါ်သော
old = အိုသော၊ ဟောင်းနွမ်းသော

- That ***aged*** gentleman is almost 100 years old.
  ဟို အသက်ကြီးတဲ့ လူကြီးမင်းဟာ အသက်၁၀၀လောက်ရှိပြီ။
- The ***elderly*** people were often seen at the pagoda.
  အသက်ကြီးကြီးလူများကို ဘုရားမှာ မကြာခဏတွေ့ရတယ်။
- My parents are very ***old.***
  ကျွန်တော်မိဘများက အတော်အသက်ကြီးကြပြီ။

### (21) agreeable / co-operative / friendly

agreeable = ကိုက်ညီသော၊ သဘောတူညီသော
co-operative = အကျိုးတူ ပူးပေါင်းဆောင်ရွက်ရသော
friendly = မိတ်ဆွေပီသသော၊ ဖော်ရွေသော

- He is an ***agreeable*** person.
  သူပေါင်းလို့သင်းလို့ကောင်းတဲ့လူတစ်ယောက်ပါ။
- ***Cooperative*** activity is essential to effective community work.
  အဖွဲ့အစည်းနဲ့ဆိုင်တဲ့ လုပ်ငန်းတွေ အောင်မြင်ဖို့ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်။
- Our neighbours are very ***friendly*** with each other.
  ကျွန်တော်တို့ အိမ်နီးချင်းတွေ တစ်ဦးနဲ့ တစ်ဦး အလွန်ဖော်ရွေကြတယ်။



### (22) ailing / ill / sick

ailing = မကျန်းမာသော၊ နေမကောင်းသော
ill = ဖျားနာသော၊ ဆိုးသော၊ မကောင်းသော
sick = မကျန်းမာသော၊ ငြီးငွေ့လာသော

- The ***ailing*** child needs a doctor's care.
  နေမကောင်းတဲ့ ကလေးဟာ ဆရာဝန်ရဲ့ ဂရုစိုက်မှုလိုအပ်တယ်။
- She is so ***ill*** that she can not go to school.
  သူမ သိပ်ဖျားနေလို့ ကျောင်းမတက်နိုင်ဘူး။
- ***Sick*** people are usually kept in hospitals.
  လူမမာတွေကို ဆေးရုံမှာ အများအားဖြင့် ထားကြတယ်။

### (23) alarming / appalling / shocking

alarming = ထိတ်လန့်စရာကောင်းသော
appalling = ထိတ်လန့်ကြောက်ရွံ့စရာကောင်းသော
shocking = ထိတ်လန့်ရွံ့မုန်းစရာကောင်းသော

- The ***alarming*** bell made him wake suddenly.
  ထိတ်လန့်စရာကောင်းသော ခေါင်းလောင်းသံကြောင့် သူရုတ်တရက် နိုးလာတယ်။
- The prisoners were living in ***appalling*** conditions.
  အကျဉ်းသားတွေ ကြောက်စရာကောင်းလောက်အောင် ဆိုးရွားနေကြတယ်။
- It is ***shocking*** that they involved the children in the crime.
  ရာဇဝတ်မှုထဲမှာ ကလေးတွေ ပါဝင်ပတ်သက်စေတာကတော့ အလွန်ထိတ်လန့်ရွံ့မုန်းစရာကောင်းပဲ။

### (24) alert / attentive / keen

alert = သတိရှိသော၊ နိုးကြားသော
attentive = ဂရုစိုက်သော
keen = ထက်မြက်သော၊ စိတ်အားထက်သန်သော

- He is ***alert*** in spite of being old.
  သူအသက်ကြီးပေမဲ့ အလွန်သတိကောင်းတယ်။
- He is very ***attentive*** to his guests.
  သူဧည့်သည်တွေကို အလွန်ဂရုစိုက်တယ်။
- He is ***keen*** on going abroad.
  သူနိုင်ငံခြားသွားဖို့ စိတ်အားထက်သန်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (25) alone / apart / isolated

alone = တစ်ကိုယ်တည်းဖြစ်သော၊ အထီးကျန်သော
apart = ကွဲကွာနေသော၊ သီးခြားဖြစ်သော
isolated = အထီးကျန်သော

- He lives *alone* in a small hut.
  သူတဲကလေးတစ်လုံးထဲ တစ်ယောက်တည်းနေတယ်။
- Artists consider themselves a group *apart* from the rest of society.
  ပန်းချီဆရာတွေက သူတို့ကိုယ်သူတို့ တစ်ခြားလူ့အဖွဲ့တွေနဲ့ သီးခြားလို့ ခံယူထားကြတယ်။
- He was *isolated* since his wife was dead.
  သူ့ဇနီး သေပြီးကတည်းက သူအထီးကျန်နေတယ်။

### (26) aloof / separate / uninvolved

aloof = အလှမ်းဝေးသော
separate = ကွဲကွာနေသော၊ သီးခြားဖြစ်သော
uninvolved = မပါဝင်သော၊ မပတ်သက်သော

- He keeps himself *aloof* from us.
  သူကျွန်တော်တို့နဲ့ ခပ်ခွာခွာနေတယ်။
- He is now *separated* from his wife.
  သူအခု သူ့ဇနီးနဲ့ ကွဲနေတယ်။
- He was *uninvolved* in politics.
  သူနိုင်ငံရေးနဲ့ မပတ်သက်ပါဘူး။

### (27) ambiguous / uncertain / unclear

ambiguous = အဓိပ္ပါယ်မတိကျသော
uncertain = မသေချာသော
unclear = အဓိပ္ပါယ်မရှင်းလင်းသော

- His words are most *ambiguous*.
  သူစကားတွေက ဘာမှ ရေရေရာရာ မရှိဘူး။
- The result is *uncertain*.
  အဖြေကတော့ မသေချာမရေရာသေးပါဘူး။
- It is *unclear* whether there is a damage.
  အပျက်အစီးရှိမရှိဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးပါဘူး။



### (28) amiable / good-natured / kind-hearted

amiable = ဖော်ရွေသော၊ ချစ်စရာကောင်းသော
good-natured = သဘောကောင်းသော
kind-hearted = ကြင်နာတတ်သော

- He spoke in an *amiable* manner.
  သူစကားပြောတာ သိပ်ဖော်ရွေတာပဲ။
- My teacher is *good-natured* in dealing with his pupils.
  ကျွန်တော့်ဆရာက တပည့်တွေနဲ့ ဆက်ဆံရာမှာ သိပ်သဘောကောင်းတယ်။
- He is a *kind-hearted* person.
  သူဟာ ကြင်နာတတ်တဲ့ လူတစ်ယောက်ဖြစ်တယ်။

### (29) ample / great / large

ample = ပေါများသော၊ ဖောသီသော၊ ကျယ်ဝန်းသော
great = ကြီးကျယ်သော၊ ခန့်ညားမြင့်မြတ်သော
large = ကြီးမားသော၊ ကျယ်ပြန့်သော

- Two people could sit on the *ample* chair.
  ကုလားထိုင်က လူနှစ်ယောက်စာ ထိုင်လို့ ရတယ်။
- Eight million people live in the *great* city.
  မြို့ကြီးမှာ လူဦးရေ ရှစ်သန်းလောက် နေကြတယ်။
- We also live in a *large* city.
  ကျွန်တော်တို့လည်း မြို့ကြီးမှာပဲနေကြတယ်။

### (30) amusing / funny / pleasant

amusing = ပျော်စရာကောင်းသော
funny = ရယ်စရာကောင်းသော
pleasant = သာယာသော၊ နှစ်သက်ကြည်နူးစရာကောင်းသော

- He enjoyed reading *amusing* story.
  သူပျော်စရာကောင်းတဲ့ ဝတ္ထုတွေ ဖတ်ရတာ သဘောကျတယ်။
- The teacher told us a *funny* story.
  ဆရာမက ကျွန်တော်တို့ကို ရယ်စရာ ပုံပြင်ကို ပြောပြတယ်။
- We had a *pleasant* visit with our friends.
  ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ရတာ သိပ်ကြည်နူးစရာ ကောင်းတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



### (31) ancient / old-fashioned / primitive

ancient = ရှေးကျသော
old-fashioned = ခေတ်မဆန်သော၊ ရှေးကျသော
primitive = ရှေးကျသော၊ ရိုင်းစိုင်းသော

- We have to study ***ancient*** history at school.
  ကျွန်တော်တို့ ကျောင်းမှာ ရှေးဟောင်းသမိုင်းကို သင်ကြရတယ်။
- They are wearing ***old-fashioned*** clothes.
  သူတို့ ခေတ်မမီတော့တဲ့ အဝတ်အစားတွေ ဝတ်ထားကြတယ်။
- Some of the African tribes are still living a ***primitive*** life.
  အာဖရိကန် လူမျိုးစုအချို့ဟာ ယခုတိုင် ရှေးကျသော အနေအထိုင်မျိုးနဲ့ နေထိုင်ကြတယ်။

### (32) angry / furious / mad

angry = စိတ်ဆိုးသော
furious = အလွန် စိတ်ဆိုးသော၊ ပြင်းထန်သော
mad = ရူးသွပ်သော၊ စိတ်မနှံ့သော

- He is ***angry*** with me.
  သူကျွန်တော့်ကို စိတ်ဆိုးနေတယ်။
- He was ***furious*** when he heard the news.
  သတင်းကြားရတဲ့အခါ သူအလွန်ဒေါသဖြစ်ခဲ့တယ်။
- He was ***mad*** with me for saying it.
  ဒါကို ပြောတဲ့အတွက် သူကျွန်တော့်ကို သိပ်စိတ်ဆိုးသွားတယ်။

### (33) anxious / troubled / worried

anxious = စိတ်စောသော၊ စိုးရိမ်သော
troubled = ဒုက္ခရောက်နေသော၊ စိုးရိမ်ကြောင့်ကြသော
worried = စိတ်ပူပန်သော၊ စိတ်အနှောက်အယှက်ဖြစ်သော

- He is ***anxious*** about his health.
  သူ ကျန်းမာရေးအတွက် စိုးရိမ်နေတယ်။
- She looked into his ***troubled*** face.
  သူမ သူ့ရဲ့ စိုးရိမ်နေတဲ့ မျက်နှာကို စိုက်ကြည့်ခဲ့တယ်။
- I am not ***worried*** about you.
  ငါမင်းအတွက် ဘာမှ စိတ်မပူတော့ဘူး။



### (34) apparent / evident / obvious

apparent = ထင်ရှားသော၊ သိမြင်နိုင်သော
evident = သိသာထင်ရှားသော
obvious = ပေါ်လွင်သော၊ သိသာထင်ရှားသော

- His fear was ***apparent*** to all.
  သူကြောက်နေတယ်ဆိုတာကို အားလုံးသိတယ်။
- This is an ***evident*** mistake.
  ဒါသိပ်သိသာတဲ့ အမှားတစ်ခု ဖြစ်တယ်။
- It was ***obvious*** that he did not hear the news.
  သူဒီသတင်းကို မကြားရသေးဘူး ဆိုတာ ထင်ရှားပါတယ်။

### (35) appropriate / proper / suitable

appropriate = သင့်လျော်သော၊ အဆီအငေါ်တည့်သော
proper = ကောင်းမွန်သော၊ ဆီလျော်သော
suitable = သင့်တော်သော

- Fill in the blanks with ***appropriate*** words.
  ကွက်လပ်များတွင် ဆီလျော်သည့် စကားလုံးများကို ဖြည့်ပေးပါ။
- She put the books in its ***proper*** place on the shelf.
  သူမ စာအုပ်တွေကို စင်ပေါ်က သင့်တော်တဲ့နေရာမှာ ထားလိုက်တယ်။
- This ***programme*** is not suitable for children.
  ဒီအစီအစဉ်က ကလေးတွေအတွက် မသင့်တော်ဘူး။

### (36) apt / fitting / suited

apt = ဆီလျော်သော၊ လိမ္မာရေးခြားရှိသော
fitting = သင့်တင့်လျောက်ပတ်သော
suited = လိုက်ဖက်သော၊ သင့်တော်သော

- Although not prepared to talk, he made some ***apt*** remarks.
  ကြိုတင်ပြင်ဆင်မှုမရှိပေမဲ့ သူဆီလျော်အောင် မှတ်ချက်ချနိုင်ခဲ့တယ်။
- Flowers are a ***fitting*** gift for her birthday.
  ပန်းတွေဟာ သူမ မွေးနေ့အတွက် သင့်တော်တဲ့ လက်ဆောင်တစ်ခုပဲ။
- He is not really ***suited*** for a teaching career.
  သူ့ဘာဝမှာ ဆရာအလုပ်နဲ့ လုံးဝမသင့်တော်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (37) arrogant / haughty / proud

arrogant = ဝင့်ဝါသော၊ စိတ်ကြီးဝင်သော
haughty = မောက်မာသော၊ မာနကြီးသော
proud = မာနကြီးသော/ဂုဏ်ယူသော

- He behaves in an ***arrogant*** manner.
  သူဝင့်ဝင့်ဝါဝါ ပြုမူတယ်။
- She gave him a ***haughty*** look.
  သူမ သူ့ကို အထင်သေးတဲ့ မျက်လုံးနဲ့ ကြည့်တယ်။
- You must be very ***proud*** of your son's success.
  မင်းသားရဲ့ အောင်မြင်မှုအတွက် မင်းဂုဏ်ယူစမ်းပါ။

### (38) artificial / man-made / unreal

artificial = အတုဖြစ်သော
man-maid = လုပန်တီးထားသော
unreal = အမှန်တကယ်မဟုတ်သော

- The ***artificial*** flowers were made of paper.
  ပန်းအတုတွေကို စက္ကူနဲ့ လုပ်ထားတယ်။
- They were wearing clothes of ***man-maid*** fibres.
  သူတို့ ချည်အတုနဲ့ ယက်လုပ်ထားတဲ့ အဝတ်တွေ ဝတ်ထားတယ်။
- This diamond is ***imitation***. It is ***unreal***.
  ဒီစိန်ဟာ အတုဖြစ်တယ်၊ အစစ်မဟုတ်ပါ။

### (39) artless / natural / simple

artless = အရိုးခံသဘောရှိသော၊ ရိုးစင်းသော
natural = သဘာဝအတိုင်းဖြစ်သော၊ ပကတိအတိုင်းဖြစ်သော
simple = ရိုးသားသော၊ ရှင်းလင်းလွယ်ကူသော

- The young child has the ***artless*** sincerity.
  ကလေးငယ်လေးမှာ အပြစ်ကင်းစင်တဲ့ ရိုးသားမှုရှိတယ်။
- Our country is a land of ***natural*** resourses.
  ငါတို့ နိုင်ငံက သယံဇာတ ပေါကြွယ်တဲ့ နိုင်ငံဖြစ်တယ်။
- She is a ***simple*** country girl.
  သူမဟာ ရိုးသားတဲ့ ကျေးတောသူကလေးဖြစ်တယ်။



### (40) ashamed / embarrassed / humiliated

ashamed = ရှက်သော/အရှက်ရသော
embarassed = ကြွေမြှုပ်သော၊ အနှောက်အယှက်ခံရသော
humiliated = အရှက်ကွဲသော

- He was ***ashamed*** of his bad manner.
  သူမ ကောင်းတဲ့ အပြုအမူကြောင့် ရှက်နေတယ်။
- She is ***embarassed*** about her height.
  သူမ အရပ်မြင့်လို့ သူကိုယ်သူ ရှက်နေတယ်။
- I have never felt ***humiliated.***
  ငါဒီလို ဘယ်တုံးကမှ အရှက်မကွဲခဲ့ဘူးဖူး။

### (41) assorted / miscellaneous / various

assorted = အမျိုးစုံသော
miscellaneous = အမျိုးမျိုးသော
various = အမျိုးမျိုးအထွေထွေသော

- She received a box of ***assorted*** cakes.
  သူမ မုန့်မျိုးစုံဘူးတစ်ဘူးကို လက်ခံရရှိခဲ့တယ်။
- She gave me some money to buy ***miscellaneous*** household items.
  အိမ်သုံးပစ္စည်းအမျိုးမျိုးဝယ်ဖို့ သူမ ကျွန်တော့်ကို ပိုက်ဆံပေးတယ်။
- There are ***various*** ways of doing this.
  ဒါကို လုပ်ဖို့နည်းလမ်းအမျိုးမျိုးရှိတာပဲ။

### (42) attractive / charming / appealing

attractive = ဆွဲဆောင်တတ်သော၊ နှစ်လိုဖွယ်ကောင်းသော
charming = နှစ်သက်စရာကောင်းသော၊ ချစ်စရာကောင်းသော
appealing = စွဲမက်စရာကောင်းသော

- She is an ***attractive*** girl.
  သူမသည် ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်။
- She is a ***charming*** lady.
  သူမသည် နှစ်သက်ဖွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။
- They have an ***appealing*** beauty.
  သူတို့မှာ စွဲမက်စရာကောင်းတဲ့ ရုပ်ရည် (အလှ)ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (43) available / obtainable / ready

available = ရနိုင်သော
obtainable = ရရှိနိုင်သော
ready = အသင့်ရှိသော

- No funds were ***available*** for this building.
  ဒီအဆောက်အဦအတွက် ရံပုံငွေ မရနိုင်ဘူး။
- Oranges are ***obtainable*** in winter.
  ဆောင်းရာသီမှာ လိမ္မော်သီးတွေ ရနိုင်တယ်။
- They are always ***ready*** to help others.
  သူတို့ အခြားသူများကို ကူညီဖို့ အမြဲအသင့်ရှိနေတယ်။

### (44) average / common / normal

average = သာမန်ဖြစ်သော
common = ယေဘုယျဖြစ်သော၊ အများနှင့်ဆိုင်သော
normal = ပုံမှန်ဖြစ်သော၊ နဂိုအတိုင်းဖြစ်သော

- She is an ***average*** student.
  သူမသည် သာမန်ကျောင်းသူတစ်ဦးဖြစ်သည်။
- The package was wrapped in ***common*** brown paper.
  အထုပ်ကို ရိုးရိုး စက္ကူ အညိုနဲ့ပဲထုတ်ထားတယ်။
- His temperature is above ***normal.***
  သူ့အပူချိန်က သာမန်ထက် ပိုနေတယ်။

### (45) aware / concious / informed

aware = သိမြင်သော၊ သတိပြုမိသော
concious = သတိရှိသော၊ သိတတ်သော
informed = အကြားအမြင်ဗဟုသုတရှိသော

- He was not ***aware*** of it.
  သူဒါကို သတိမပြုမိဘူး။
- I am ***concious*** of my weakness.
  ကျွန်တော်ရဲ့ ချို့ယွင်းချက် (အားနည်းချက်) ကို ကျွန်တော် သိတယ်။
- They are not fully ***informed*** about it.
  ဒါနဲ့ ပတ်သက်လို့ သူတို့ ဘာမှ အပြည့်အစုံ မသိကြဘူး။



### (46) awful / dreadful / terrible

awful = အလွန်ကြောက်စရာကောင်းသော
dreadful = ကြောက်စရာကောင်းသော၊ ရွံ့မုန်းစရာကောင်းသော
terrible = ကြောက်မက်ဖွယ်ကောင်းသော

- It was an ***awful*** sight.
  အလွန်ကြောက်စရာကောင်းတဲ့ မြင်ကွင်းပဲ။
- They suffered ***dreadful*** injuries.
  သူတို့ ကြောက်စရာကောင်းတဲ့ ဒဏ်ရာတွေ ရထားတယ်။
- I had a ***terrible*** nightmare last night.
  ညက အလွန် ကြောက်စရာကောင်းတဲ့ အိမ်မက်ဆိုးမက်ခဲ့တယ်။

### (47) awkward / clumsy / crude

awkward = ကိုးယို့ကားယားနိုင်သော၊ ဂွကျသော
clumsy = မသေသပ်သော
crude = ရိုင်းစိုင်းသော၊ ကြမ်းတမ်းသော

- He had many accidents because he was ***awkward.***
  သူက ကိုးယိုးကားယား ဆိုတော့ ထိခိုက်မှု များတာပေါ့။
- The boy was a ***clumsy*** dancer.
  ကောင်ကလေးကတော့ အလွန် ကိုးယိုးကားယား နိုင်တယ်။
- His manners were ***crude.***
  သူ့အမူအယာတွေက သိပ်ရိုင်းတာပဲ။

### (48) bad / evil / wicked

bad = ဆိုးသော၊ မကောင်းသော
evil = ဆိုးသော၊ ယုတ်သော၊ အကုသိုလ်ဖြစ်သော
wicked = ယုတ်မာသော

- The ***bad*** food made us ill.
  မကောင်းတဲ့ အစားအစာတွေက ကျွန်တော်တို့ကို ဖျားနာစေတယ်။
- Smoking is an ***evil*** habit.
  ဆေးလိပ်သောက်ခြင်းသည် မကောင်းသော အကျင့်ဖြစ်သည်။
- The ***wicked*** man was punished.
  ယုတ်မာတဲ့လူကို အပြစ်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (49) bare / naked / nude

bare = အဖုံးအလွှမ်းမရှိသော
naked = ကိုယ်တုံးလုံး၊ ဝလာကျင်းသော
nude = ဝတ်လစ်စလစ်ဖြစ်သော

- The children walked on the sand with ***bare*** feet.
  ကလေးတွေ ဖိနပ်မပါဘဲ သဲပေါ်မှာ လျှောက်သွားနေကြတယ်။
- ***Naked*** boys were swimming in the river.
  ကောင်ကလေးတွေ မြစ်ထဲမှာ ကိုယ်တုံးလုံးရေကူးနေကြတယ်။
- We often see ***nude*** scenes in the movie.
  ကျွန်တော်တို့ မကြာခဏ ဝတ်လစ်စလစ် အခန်းတွေ ရုပ်ရှင်ထဲမှာ တွေ့ရတယ်။

## (50) bashful / shy / timid

bashful = ရှက်ကြောက်သော
shy = ရှက်တတ်သော
timid = ကြောက်တတ်သော

- He was too ***bashful*** to tell a girl that he loved her.
  သူမိန်းကလေးတစ်ယောက်ကို ချစ်တဲ့အကြောင်း ပြောဖို့ ရှက်နေတယ်။
- She is a ***shy*** girl.
  သူမ ရှက်တတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်။
- The ***timid*** child would not greet the guest.
  ကလေးက ကြောက်တတ်တော့ ဧည့်သည်ကို နှုတ်မဆက်ရဲဘူး။

## (51) basic / essential / chief

basic = အခြေခံဖြစ်သော
essential = အရင်းခံဖြစ်သော၊ လိုအပ်သော
chief = အဓိကဖြစ်သော၊ အရေးကြီးဆုံးဖြစ်သော

- You must obey the ***basic*** rules.
  အခြေခံ စည်းမျဉ်းတွေကို မင်းတို့လိုက်နာရမယ်။
- Food and water are ***essential*** to life.
  အသက်ရှင်ဖို့အတွက် အစာနဲ့ ရေဟာ မရှိမဖြစ် လိုအပ်တယ်။
- What are the ***chief*** merits of this plan?
  ဒီအစီအစဉ်ရဲ့ အဓိက အကျိုးအမြတ်တွေက ဘာတွေလဲ။



## (52) beautiful / handsome / lovely

beautiful = လှပသော/သာယာသော
handsome = ရုပ်ရည်ချောမောသော
lovely = ချစ်စရာကောင်းသော

- You don't have to be ***beautiful*** to become a movie star.
  ရုပ်ရှင်သရုပ်ဆောင် ဖြစ်လာဖို့ လှဖို့ မလိုပါဘူး။
- He is as ***handsome*** as a movie star.
  သူ့ရုပ်ရှင်မင်းသားတစ်ယောက်လို ရုပ်ချောတယ်။
- The bride was ***lovely*** in a white dress.
  သတို့သမီးက အဖြူရောင်ဝတ်စုံနဲ့ ချစ်စရာကောင်းတယ်။

## (53) beneficial / advantageous / helpful

beneficial = အကျိုးဖြစ်စေသော
advantageous = အကျိုးရှိသော၊ တပန်းသာသော
helpful = အသုံးဝင်သော၊ ကျေးဇူးများသော၊ အကူအညီရသော

- Fresh air and sunshine are ***beneficial*** to old people.
  လေကောင်းလေသန့်နဲ့ နေရောင်ခြည်ဟာ လူအိုတွေအတွက် အကျိုးရှိပါတယ်။
- He was in an ***advantageous*** position.
  သူ့အခြေအနေက တပန်းသာနေပါတယ်။
- Your advice about returning to school to complete my education was very ***helpful***.
  ပညာကို ဆုံးခန်းတိုင်သင်ယူဖို့ ကျောင်းပြန်နေခိုင်းတဲ့ ခင်ဗျားအကြံဉာဏ်ဟာ ကျွန်တော့အတွက် အလွန်ကျေးဇူးများလှပါတယ်။

## (54) benevolent / good / kind

benevolent = စေတနာကောင်းသော
good = တော်သော၊ ကောင်းသော
kind = ကြင်နာတတ်သော

- He has a ***benevolent*** heart.
  သူမှာ စိတ်ကောင်းနှလုံးကောင်း ရှိတယ်။
- She has a ***good*** character.
  သူမ အကျင့်စာရိတ္တကောင်းတယ်။
- He is ***kind*** to me.
  သူကျွန်တော့်ကို ကြင်နာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (55) big / great / huge

big = ကြီးသော၊ ကြီးမားသော
great = ကြီးကျယ်သော၊ မြင့်မြတ်သော
huge = အလွန်ကြီးမားသော၊ ဧရာမ

- He has a ***big*** house.
  သူ့မှာ အိမ်ကြီးတစ်လုံးရှိတယ်။
- The country's first president was a ***great man.***
  နိုင်ငံရဲ့ ပထမ သမ္မတဟာ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။
- The ***huge*** buildings seem to touch the sky.
  မြင့်မားတဲ့ အဆောက်အဦတွေဟာ ကောင်းကင်ကို ထိလုမတတ်ပါပဲ။

## (56) bitter / harsh / painful

bitter = ခါးသော/ နာကျည်းသော
harsh = ကြမ်းတမ်းသော၊ ခက်ထန်သော
painful = နာကျင်သော

- He felt ***bitter*** hatred against his enemy.
  သူရန်သူကို အလွန်နာကျည်းမုန်းတီးခဲ့တယ်။
- Her parents were very ***harsh.***
  သူမ မိဘတွေက အလွန်ရက်စက် ကြမ်းတမ်းကြတယ်။
- The ***painful*** injury caused her cry.
  သူမ ဒဏ်ရာက နာလွန်းလို့ အော်ငိုလိုက်တော့တယ်။

## (57) black / dark / stained

black = မဲနက်သော
dark = မှောင်မဲသော
stained = စွန်းထင်းသော၊ မဲနေသော

- I don't like the ***black*** colour.
  ငါအနက်ရောင်ကို မကြိုက်ဘူး။
- It is ***dark*** outside the house at night.
  ညဆိုရင် အပြင်ဘက်မှာ သိပ်မှောင်တာပဲ။
- My dress was ***stained*** and sent to a laundry.
  ငါ့အကျႌစွန်းနေလို့ ပင်မင်းဆိုင်ကို ပို့လိုက်တယ်။



## (58) blank / empty / unmarked

blank = ဗလာဖြစ်သော၊ လွတ်နေသော
empty = မရှိသော၊ လစ်လပ်သော
unmarked = အမှတ်အသားမပါသော၊ မရှိသော

- A ***blank*** sheet of paper has no writing on it.
  စက္ကူလွတ်ပေါ်မှာ ဘာမှ ရေးမထားပါ။
- I need an ***empty*** box for packing the dishes.
  ပုဂံတွေထည့်ဖို့ သေတ္တာအလွတ်တစ်လုံး လိုချင်တယ်။
- He was burried in an ***unmarked*** grave.
  သူ့ကို ဘာအမှတ်အသားမပါတဲ့ ဂူထဲမှာ မြှုပ်နှံလိုက်တယ်။

## (59) blind / sightless / unaware

blind = မမြင်သော၊ ကန်းသော
sightless = မျက်စေ့မမြင်သော
unaware = မသိလိုက်သော

- Mothers are sometimes ***blind*** to the faults of their children.
  မိခင်များသည် တစ်ခါတရံ သူတို့သားသမီးများ၏ အပြစ်ကို မမြင်ကြပါ။
- The statue stared down at them with ***sightless*** eyes.
  ရုပ်ထုကြီးက သူတို့ကို မမြင်ရတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေတယ်။
- He was ***unaware*** that I could see her.
  ကျွန်တော် သူမကို မြင်လိုက်တာ သူမသိလိုက်ပါ။

## (60) bluff / steep / vertical

bluff = ကမ်းနဖူး မတ်စောက်သော
steep = မတ်စောက်သော
vertical = မတ်စောက်သော၊ ထိပ်ဖျားမှာရှိသော

- The cliff was ***bluff*** right down to the beach.
  တောင်ကမ်းပါးသည် ကမ်းခြေအထိ မတ်စောက်သွားသည်။
- The expert mountaineers were moving up the face of the ***steep*** cliff.
  ကျွမ်းကျင်သော တောင်တက်သမားများသည် မတ်စောက်သော ကျောက်ကမ်းပါးကို တက်နေကြသည်။
- Ths side of the building isn't quite ***vertical.***
  အဆောက်အဦနံရံက တည့်တည့်မတ်မတ်မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (61) blunt / dull / impolite

blunt = တုံးသော၊ ထုံအသော
dull = ထိုင်းသော၊ အသော၊ တွေဝေမိုက်မဲသော
impolite = မယဉ်ကျေးသော၊ မချေငံသော

- His ***blunt*** answer to my question was "No".
  သူကျွန်တော့မေးခွန်းကို မသိဘူးလို့ ခပ်တုံးတုံးဖြေလိုက်တယ်။
- He is a ***dull*** child.
  သူခပ်ထိုင်းထိုင်းကလေးလေးဖြစ်တယ်။
- He never used ***impolite*** words to greet his elders.
  သူလူကြီးတွေကို အမြဲတမ်းချေချေငံငံ နှုတ်ဆက်ပါတယ်။

### (62) bold / brave / courageous

bold = ရဲရင့်သော၊ အကြောက်ကင်းသော
brave = ရဲရင့်သော၊ သတ္တိရှိသော
courageous = ရဲစွမ်းသတ္တိရှိသော

- They did not like his ***bold*** manners.
  သူတို့ သူရဲ့ အကြောက်ကင်းတဲ့ အမူအယာတွေကို မကြိုက်ဘူး။
- We need ***brave*** soldiers to defend our country.
  ကျွန်တော်တို့ တိုင်းပြည်ကို ကာကွယ်ဖို့ ရဲရင့်တဲ့ စစ်သားကောင်းတွေ လိုအပ်တယ်။
- He was ***courageous*** and fought the enemies against the country.
  သူရဲစွမ်းသတ္တိရှိပြီး တိုင်းပြည်ရဲ့ ရန်သူများကို တိုက်ခိုက်ခဲ့တယ်။

### (63) brief / concise / short

brief = တိုသော၊ တိုတောင်းသော
concise = စကားကျစ်လစ်သော၊ တိုတိုနှင့် အသားပါသော
short = တိုသော၊ ပုသော

- I am reading a ***brief*** story.
  ငါဝတ္ထုတိုတစ်ပုဒ် ဖတ်နေတယ်။
- He bought a ***concise*** dictionary of English.
  သူအင်္ဂလိပ်အဘိဓာန်စာအုပ် (တိုတိုနှင့် လိုရင်း) တစ်အုပ်ဝယ်လာတယ်။
- She has written a ***short*** story.
  သူဝတ္ထုတိုတစ်ပုဒ် ရေးပြီးသွားပြီ။



### (64) bright / radiant / shining

bright = တောက်ပသော၊ ဉာဏ်ထက်မြက်သော
radiant = အလင်းရောင်ဖြာထွက်သော၊ ဝင်းလက်သော
shining = တောက်ပသော၊ ထွန်းလင်းသော

- Her ***bright*** eyes showed her pleasure.
  သူမရဲ့ တောက်ပတဲ့ မျက်လုံးတွေက သူမကြည်နူးဝမ်းမြောက်နေကြောင်းပြသနေတယ်။
- The ***radiant*** moon lighted the path.
  လမ်းပေါ်မှာ လရောင်ကြောင့် လင်းလက်နေတယ်။
- The sun is ***shining.***
  နေသည် ထွန်းလင်းတောက်ပနေသည်။

### (65) brilliant /glittering / splendid

brilliant = ဝင်းထိန်သော၊ ထူးကဲခမ်းနားသော
glittering = ဝင်းလက်တောက်ပြောင်နေသော
splendid = ခမ်းနားကြီးကျယ်သော

- The lightning flashed a ***brilliant*** light.
  လျှပ်စီးလက်ခြင်းသည် ဝင်းထိန်လင်းလက်သွားစေသည်။
- She is wearing ***glittering*** jewel.
  သူမ ဝင်းလက်နေတဲ့ ကျောက်သံပတ္တမြားတွေ ဝတ်ဆင်ထားတယ်။
- What a ***splendid*** house it was!
  သိပ်ခမ်းနားတဲ့ အိမ်ကြီးပဲ။

### (66) brisk / active / lively

brisk = လျှင်မြန်ဖြတ်လတ်သော
active = သွက်လက်ဖြတ်လတ်သော
lively = သက်ဝင်လှုပ်ရှားသော၊ သွက်လက်သော

- The busy man took a ***brisk*** walk.
  သူအလုပ်များလို့ လမ်းသွက်သွက် လျှောက်ခဲ့တယ်။
- She is a very ***active*** person.
  သူမ အလွန် သွက်လက်ဖြတ်လတ်သူလေးဖြစ်တယ်။
- The band played ***lively*** tune.
  တီးဝိုင်းက အသက်ဝင်တဲ့ တေးသွားကို တီးမှုတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (67) brittle / breakable / frail

brittle = ကျိုးလွယ် ကွဲလွယ်သော၊ ဆတ်သော
breakable = ကွဲတတ်သော၊ ချိုးဖဲ့ပစ်နိုင်သော
frail = နုသော၊ သေးသွယ်နုနယ်သော

- Glassware and chinaware are ***brittle.***
  ဖန်နဲ့ ကြွေထည်ပစ္စည်းတွေဟာ ကွဲလွယ်တယ်။
- Take care of this stuff. They are ***breakable.***
  အဲဒီပစ္စည်းတွေကို ဂရုစိုက်ပါ၊ ကွဲတတ်တယ်။
- He is a man of ***frail*** constitution.
  သူကိုယ်ခန္ဓာချည့်နဲ့သူတစ်ဦးဖြစ်သည်။

### (68) broad / large / wide

broad = ကျယ်ဝန်းသော၊ ကျယ်ပြန့်သော
large = ကြီးမားသော
wide = ကျယ်သော၊ အနံကြီးသော

- We watched the boats on the ***broad*** river.
  ကျွန်တော်တို့ မြစ်ပြင်ကျယ်ပေါ်က လှေတွေကို ကြည့်ခဲ့ကြတယ်။
- He lives in a ***large*** city.
  သူမြို့ကြီး တစ်မြို့မှာ နေထိုင်ပါသည်။
- The travellers crossed a ***wide*** plain.
  ခရီးသည်များသည် ကျယ်ပြန့်သော လွင်ပြင်ကြီးကို ဖြတ်သွားခဲ့သည်။

### (69) brutal / cruel / ferocious

brutal = ရက်စက်သော
cruel = အကြင်နာမဲ့သော၊ ရက်စက်သော
ferocious = ရက်စက်ကြမ်းကြုတ်သော

- He is a ***brutal*** man.
  သူသည် တိရစ္ဆာန်ကဲ့သို့ ရက်စက်သော သူဖြစ်သည်။
- The ***cruel*** boy threw stones at the children.
  ရက်စက်တဲ့ ကောင်လေးသည် ကလေးများကို ခဲနှင့်ပေါက်သည်။
- The old house was guarded by two ***ferocious*** dogs.
  အဲဒီအိမ်ကြီးကို ကြောက်စရာကောင်းတဲ့ ခွေးကြီးနှစ်ကောင် စောင့်နေတယ်။



### (70) busy / engaged / occupied

busy = အလုပ်များသော၊
engaged = စေ့စပ်ထားသော၊ အလုပ်လုပ်နေသော
occupied = အလုပ်လုပ်နေသော၊ အချိန်ကို အလုပ်ဖြင့် အစားထိုးသော

- Mother was ***busy*** cleaning the house.
  အမေအိမ်သန့်ရှင်းရေးလုပ်နေတယ်။
- He is ***engaged*** in writing a book.
  သူစာအုပ်တစ်အုပ်ရေးနေတယ်။
- Her mind was ***occupied*** with her own troubles.
  သူမအခက်အခဲပြဿနာတွေနဲ့ စိတ်မအားဖြစ်နေတယ်။

### (71) calm / peaceful / quiet

calm = ငြိမ်သက်သော၊ အေးဆေးသော
peaceful = အေးချမ်းသော၊ ငြိမ်းချမ်းသော
quiet = တိတ်ဆိတ်သော၊ ငြိမ်သက်သော

- It was a ***calm*** evening with no wind.
  ညနေခင်းမှာ လေမတိုက်ပဲအေးဆေးငြိမ်သက်နေတယ်။
- He is fond of living in a ***peaceful*** life.
  သူငြိမ်းချမ်းတဲ့ ဘဝလေးမှာ နေရတာ နှစ်သက်ပါတယ်။
- The children became ***quiet*** when the teacher came in.
  ဆရာဝင်လာတော့ ကလေးများ တိတ်ဆိတ်ငြိမ်သက်သွားကြတယ်။

### (72) cardinal / chief / important

cardinal = အကြီးအကဲဖြစ်သော၊ ပဓာနဖြစ်သော
chief = အဓိကဖြစ်သော
important = အရေးပါအရာရောက်သော

- Physical exercise is of ***cardinal*** importance to health.
  ကာယလေ့ကျင့်ခန်းဟာ ကျန်းမာရေးအတွက် အဓိက အရေးပါမှုတစ်ခုဖြစ်တယ်။
- He is the ***chief*** clerk in this office.
  ဒီရုံးမှာ သူက ရုံးအုပ် စာရေးကြီးပဲ။
- He has an ***important*** position with his company.
  သူသူ့ကုမ္ပဏီမှာ အရေးပါတဲ့ရာထူးနေရာ ရထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (73) careful / cautious / watchful

careful = သတိထားသော၊ ဂရုစိုက်သော
cautious = သတိရှိသော၊ ဆင်ခြင်သော
watchful = သတိနှင့်နေသော၊ နိုးနိုးကြားကြားရှိသော

- We should be ***careful*** about our health.
  ငါတို့ ကျန်းမာရေးကို ဂရုစိုက်သင့်တယ်။
- He made ***cautious*** remarks.
  သူသတိနဲ့ ဆင်ခြင်ပြောတယ်။
- A soldier should have to be ***watchful*** on his guard duty.
  စစ်သားဆိုတာ ကင်းစောင့်နေတုံး သတိရှိနေရမယ်။

## (74) careless / rackless / thoughtless

careless = သတိမထားသော၊ ဂရုမစိုက်သော
rackless = ဂရုမစိုက်သော၊ မထေလေးစားပြုသော
thoughtless = စဉ်းစားဉာဏ်မရှိသော

- His writing was very good but ***careless*** about spelling.
  သူ့အရေးအသားတော့ ကောင်းပါတယ်၊ ဒါပေမဲ့ စာလုံးပေါင်းကို ဂရုမစိုက်ဘူး။
- His uncle was arrested for ***reckless*** driving.
  သူ့ဦးလေးကား အရမ်းမောင်းလို့ အဖမ်းခံရတယ်။
- He made a ***thoughtless*** remark in this case.
  သူဒီကိစ္စကို မဆင်မခြင် ဆုံးဖြတ်လိုက်တယ်။

## (75) casual / accidental / unexpected

casual = အမှတ်မထင်ဖြစ်သော
accidental = မတော်တဆဖြစ်သော
unexpected = မမျှော်လင့်သော

- It was just a ***casual*** meeting with a friend.
  သူငယ်ချင်းနဲ့ အမှတ်မထင် တွေ့ခဲ့တယ်။
- I didn't think our meeting was ***accidental***.
  ငါတို့ အမှတ်မထင် တွေ့လိမ့်မယ်လို့ မထင်မိဘူး။
- The announcement was entirely ***unexpected***.
  ကြော်ငြာလိမ့်မယ်လို့ လုံးဝ မျှော်လင့်မထားဘူး။



## (76) celebrated / famous / wellknown

celebrated = နာမည်ကျော်သော
famous = ထင်ရှားသော၊ ကျော်ကြားသော
well-known = ထင်ရှားသော၊ လူသိများသော

- The lecture was by a ***celebrated*** writer.
  နာမည်ကျော် စာရေးဆရာတစ်ယောက်ရဲ့ ဟောပြောချက်ဖြစ်တယ်။
- He was a ***famous*** writer.
  သူဟာ ထင်ရှားတဲ့ စာရေးဆရာတစ်ဦးဖြစ်တယ်။
- U Ba Kyi was a ***well-known*** painter.
  ဦးဘကြည်သည် ထင်ရှားသော ပန်းချီဆရာကြီးဖြစ်သည်။

## (77) central / focal / middle

central = အလယ်ဗဟိုတွင်ရှိသော
focal = အချက်အချာကြသော၊ အလယ်နှင့် ဆိုင်သော
middle = အလယ်နှင့် ဆိုင်သော၊ အလယ်မှာရှိသော

- They live in the ***central*** area of the city.
  သူတို့ မြို့လယ်ခေါင်မှာ နေကြတယ်။
- Can you draw the ***focal*** length of this bridge?
  ဒီတံတားကြီးရဲ့ အဓိက အလျားကို မင်းဆွဲနိုင်ရဲ့လား။
- The table was placed by the ***middle*** window.
  စားပွဲကို အလယ်ပြူတင်းပေါက်နားမှာ ထားလိုက်တယ်။

## (78) certain / definite / positive / sure

certain = သေချာသော၊ မြဲမြံသော
definite = တိကျသော၊ ပြတ်သားသော
positive = ဟုတ်မှန်သော၊ သေချာသော
sure = သေချာသော၊ စိတ်ချရသော

- I am ***certain*** that my information is correct.
  ကျွန်တော်ပြောတဲ့ သတင်းဟာ အမှန်ဆိုတာ သေချာပါတယ်။
- His meaning is very ***definite***.
  သူ့အဓိပ္ပါယ်က အလွန်တိကျပါတယ်။ (ဆိုလိုချက်)
- He is ***positive*** that he saw them.
  သူ သူတို့ကို တွေ့ခဲ့တာ သေချာပါတယ်။
- I am ***sure*** of his honesty.
  သူရိုးသားတယ်ဆိုတာ ကျွန်တော် အသေအချာပြောနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (79) charitable / generous / kind

| | | |
|---|---|---|
| charitable | = | စာနာတတ်သော |
| generous | = | ရက်ရောသော |
| kind | = | ကြင်နာတတ်သော |

- A *charitable* person gives more than much money to help others.
  စာနာတတ်တဲ့ လူတွေက အခြားသူများကို ကူညီရာမှာ ပိုက်ဆံတွေ ပိုပေးလေ့ရှိတယ်။
- He made a *generous* contribution to the museum.
  သူပြတိုက်ကို ရက်ရက်ရောရော လှူဒါန်းလိုက်တယ်။
- She is very *kind* to her children.
  သူမ ကလေးတွေကို အလွန်ကြင်နာတတ်ပါတယ်။

### (80) cheap / inexpensive / lowcost

| | | |
|---|---|---|
| cheap | = | ဈေးပေါသော၊ ဈေးချိုသော |
| inexpensive | = | တန်ဖိုးမများသော၊ ဈေးသက်သာသော |
| lowcost | = | ဈေးနှုန်းချိုသာသော၊ တန်ဖိုးနည်းသော |

- These shoes are good and very *cheap.*
  ဒီဖိနပ်က ကောင်းလဲကောင်းတယ် ဈေးလည်းချိုတယ်။
- This camera is quite big but it is *inexpensive.*
  ဒီကင်မရာက အကြီးကြီးပဲ ဒါပေမဲ့ ဈေးသိပ်မများဘူး။
- We are living in a *low-cost* housing.
  ကျွန်တော်တို့ တန်ဖိုးနည်း အိမ်ရာမှာ နေပါတယ်။

### (81) cheerful / gay / happy

| | | |
|---|---|---|
| cheerful | = | ပျော်ရွှင်သော၊ ရွှင်လန်းအားရသော |
| gay | = | ရွှင်ပြသော၊ ရွှန်းဝေတောက်ပြောင်သော |
| happy | = | ဝမ်းသာသော၊ ပျော်ရွှင်သော |

- He is always *cheerful.*
  သူအမြဲတမ်း ပျော်ရွှင်နေတတ်တယ်။
- The streets are *gay* with flags on independent day.
  လွတ်လပ်ရေးနေ့မှာ လမ်းများဟာ အလံတွေနဲ့ ဝေဆာရွှန်းလက်နေတယ်။
- We are *happy* to hear of your success.
  မင်းအောင်မြင်တယ်ဆိုတာ ကြားရလို့ ငါတို့ ဝမ်းသာပါတယ်။



### (82) childish / childlike / immature

| | | |
|---|---|---|
| childish | = | ကလေးဆန်သော၊ မိုက်မဲသော |
| childlike | = | ကလေးကဲ့သို့ အပြစ်ကင်းစင်သော၊ မွင့်လင်းသော |
| immature | = | မမှည့်ရင့်သေးသော၊ မကြီးထွားသေးသော |

- You must put away *childish* behaviour.
  မင်းကလေးဆန်တဲ့ အပြုအမူတွေကို ဖယ်ရှားပစ်ရမယ်။
- He has a *childlike* behaviour.
  သူမှာ ကလေးလေးလို အပြစ်ကင်းတဲ့ အပြုအမူရှိတယ်။
- She is very *immature* for her age.
  သူမ အသက်နဲ့ တာရင် သိပ်ပြီးမရင့်ကျက်သေးဘူး။

### (83) circular / round / ringlike

| | | |
|---|---|---|
| circular | = | ဝန်းဝိုင်းသော |
| round | = | လုံးဝန်းသော |
| ringlike | = | လုံးဝန်းသည့် သဏ္ဌာန်ရှိသော |

- Most drinking glasses are *circular.*
  အရက်ဖန်ခွက်အတော်များများဟာ လုံးဝန်းကြတယ်။
- The earth is *round.*
  ကမ္ဘာမြေကြီးဟာ လုံးဝန်းတယ်။
- The shape of the globe is *ringlike.*
  ကမ္ဘာလုံးရဲ့ ပုံသဏ္ဌာန်က လုံးဝန်းတယ်။

### (84) civil / municipal / public

| | | |
|---|---|---|
| civil | = | မြို့ပြနှင့် ဆိုင်သော၊ ပြည်သူနှင့် ဆိုင်သော |
| municipal | = | မြို့တော်အုပ်ချုပ်မှုနှင့် ဆိုင်သော |
| public | = | ပြည်သူလူထုနှင့် ဆိုင်သော |

- Every citizen must do his *civil* duty.
  မြို့ကြီးသားတိုင်း မြို့ပြဆိုင်ရာ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ရမယ်။
- The mayor's office is in the *municipal* building.
  မြို့တော်ဝန် ရုံးခန်းဟာ မြူနီစီပယ် အဆောက်အဦထဲမှာ ရှိတယ်။
- I went to the *public* park and took a walk.
  ကျွန်တော် ပြည်သူ့ ပန်းခြံကို အမြဲသွားပြီး လမ်းလျှောက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (85) clean / neat / tidy

clean = သန့်ရှင်းစင်ကြယ်သော
neat = သပ်ယပ်သော၊ အစီအစဉ်ကျသော
tidy = သပ်ယပ်သော

- The windows were very ***clean.***
  ပြူတင်းပေါက်များသည် အလွန်သန့်ရှင်းကြသည်။
- The child was taught to put away her toys and clothes to keep her room ***neat.***
  ကလေးကို ကစားစရာ အရုပ်များနှင့် အဝတ်အစားများကို စနစ်တကျသိမ်းတတ်အောင် သင်ထားတယ်။
- She kept her room very ***tidy***.
  သူမသည် သူမ၏ အခန်းကို သပ်ယပ်စွာ ထားသည်။

## (86) clear / distinct / plain

clear = ကြည်လင်သော
distinct = ထင်ရှားသော၊ ပြတ်သားသော
plain = ရှင်းလင်းသော၊ သိသာထင်ရှားသော

- The sky is ***clear*** today.
  ဒီနေ့ ကောင်းကင်မှာ ကြည်လင်နေတယ်။
- Her handwriting is very ***distinct.***
  သူ့လက်ရေးက ရှင်းလင်းပြတ်သားတယ်။
- Their house was in ***plain*** sight.
  သူတို့ အိမ်ကို အထင်းသားမြင်နေရတယ်။

## (87) clever / bright / intelligent

clever = လိမ္မာသော၊ ကျွမ်းကျင်သော
bright = တောက်ပသော၊ ဉာဏ်ထက်သော
intelligent = အသိဉာဏ်စွမ်းအားရှိသော၊ အကင်းပါးသော

- He is ***clever*** with his hands.
  သူ့လက်ရာမြောက်တယ်။
- She was a ***bright*** student.
  သူမ ဉာဏ်ရည်ထက်တဲ့ ကျောင်းသူတစ်ဦးဖြစ်တယ်။
- They are ***intelligent*** students.
  သူတို့ ဉာဏ်ရည်ထက်မြက်တဲ့ ကျောင်းသားတွေ ဖြစ်တယ်။



## (88) close / near / nearby

close = နီးကပ်သော၊ ကပ်လျက်ရှိသော
near = နီးသော
nearby = အနီး၌ရှိသော

- The school is ***close*** to my house.
  ကျောင်းက ကျွန်တော့်တို့ အိမ်နဲ့ ကပ်လျှပ်ပါပဲ။
- Our house is ***near*** the market.
  ကျွန်တော်တို့ အိမ်က ကျောင်းနားမှာရှိတယ်။
- Please sit in the chair ***nearby*** you.
  မင်းနားက ကုလားထိုင်မှာဘဲ ထိုင်လိုက်ပါ။

## (89) cloudy / dim / unclear

cloudy = တိမ်ထူသော
dim = မှိန်သော၊ မှုန်သော၊ မထင်ရှားသော
unclear = မထင်ရှားသော၊ မှေးမှိန်သော၊ မသေချာသော

- It was ***cloudy*** and we couldn't see the sun.
  ယနေ့ တိမ်ထူနေလို့ နေကို မမြင်ရဘူး။
- There was only a ***dim*** light.
  အလင်းရောင်မှိန်မှိန်လေးပဲရှိတယ်။
- It is ***unclear*** whether there is any damage.
  အပျက်အစီး ရှိမရှိဆိုတာ မသေချာသေးပါဘူး။

## (90) coarse / rough / rude

coarse = ကြမ်းသော၊ မညက်သော၊ ရန့်ကြမ်းသော
rough = မညီညာသော၊ ကြမ်းတမ်းသော
rude = မယဉ်ကျေးသော၊ ရိုင်းစိုင်းသော

- The path was covered with ***coarse*** sand.
  လမ်းကို သဲကြမ်းတွေ ခင်းထားတယ်။
- The wall was made of ***rough*** stones.
  နံရံကို ကြမ်းတမ်းတဲ့ ကျောက်တုံးများနဲ့ လုပ်ထားတယ်။
- We shouldn't show ***rude*** manners to others.
  ကျွန်တော်တို့ သူတစ်ပါးကို ရိုင်းစိုင်းတဲ့ အမူအရာ မပြသင့်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (91) cold / cool / freezing

cold = အေးသော
cool = အေးမြသော၊ အေးဆေးသော
freezing = ရေခဲသော

- Winter nights are *cold*.
  ဆောင်းရာသီညများသည် အေးသည်။
- A *cool* breeze was blowing.
  အေးမြသောလေသည် တိုက်ခတ်နေသည်။
- It is *freezing* in here. Please put on your coat.
  ဒီနေရာ သိပ်အေးတယ် ကုတ်အင်္ကျီဝတ်ထားပါ။

### (92) comfortable / easy / relaxed

comfortable = သက်သောင့်သက်သာရှိသော
easy = လွယ်ကူသော
relaxed = အညောင်းအညာပြေသော၊ အေးအေးဆေးဆေးရှိသော

- He was lying on a *comfortable* bed.
  သူသက်တောင့်သက်သာ ရှိတဲ့ အိပ်ရာပေါ်မှာ လှဲနေတယ်။
- When he tries, he expects to lead an *easy* life.
  သူကြိုးစားရင် ဘဝမှာ သက်တောင့်သက်သာနဲ့ အဆင်ပြေချောမွေ့မယ်လို့ မျှော်လင့်တယ်။
- He appeared *relaxed* and confident before the match.
  သူပြိုင်ပွဲမစခင် အေးအေးဆေးဆေးပါပဲ၊ သူ့ကိုယ်သူယုံကြည်မှုအပြည့်ရှိတယ်။

### (93) common / ordinary / usual

common = အများနှင့် ဆိုင်သော၊ ယေဘုယျဖြစ်သော
ordinary = သာမန်ဖြစ်သော၊ ရိုးရိုးဖြစ်သော
usual = ပုံမှန်ဖြစ်သော၊ ဖြစ်နေကျဖြစ်သော

- White flowers are very *common*.
  အဖြူရောင်ပန်းတွေကို နေရာတိုင်းမှာ တွေ့ရတယ်။
- This is not an *ordinary* day but a holiday.
  ဒီနေ့ဟာ သာမန်နေ့မဟုတ် ရုံးပိတ်ရက်ဖြစ်တယ်။
- She took her *usual* seat at the table.
  သူမ စားပွဲမှာ သူထိုင်နေကျနေရာမှာဘဲထိုင်တယ်။



### (94) compact / packed / tight

compact = သိပ်သည်းသော၊ ကျစ်လစ်သော၊ သေးငယ်သော
packed = ပြည့်ကြပ်နေသော၊ ပွတ်သိပ်နေသော
tight = တင်းကျပ်သော၊ မြဲမြံသော

- The kitchen was *compact* but well equipped.
  မီးဖိုဆောင်က ကျဉ်းပေမဲ့ ကောင်းကောင်း ထည့်လို့ရတယ်။
- The restaurant was *packed* at night.
  ညဆိုင် စားသောက်ဆိုင်မှာ လူတွေ ပြည့်ကျပ်နေတယ်။
- He kept a *tight* grip on her arm.
  သူ သူမလက်ကို တင်းကျပ်စွာ ဆုတ်ကိုင်ထားတယ်။

### (95) comparable / alike / like

comparable = နှိုင်းယှဉ်နိုင်သော
alike = တူသော၊ ဆင်သော
like = တူသော

- This metal is *comparable* to steal in strength.
  ဒီသတ္တုဟာ သံမဏိလိုပဲအလွန်မာတယ်။
- My sister and I do not look *alike*.
  ကျွန်တော့် အစ်မနဲ့ ကျွန်တော် ရုပ်ချင်း မတူကြဘူး။
- She is *like* her mother. She is pretty.
  သူမ သူ့အမေနဲ့ တူတယ်၊ သူမ လှပါတယ်။

### (96) competent / qualified / skillful

competent = စွမ်းရည်ရှိသော
qualified = အရည်အချင်းနှင့် ပြည့်စုံသော
skillful = ကျွမ်းကျင်သော

- He is not *competent* to pass the examination.
  သူ့မှာ စာမေးပွဲအောင်နိုင်တဲ့ စွမ်းရည်မရှိဘူး။
- He is a *qualified* doctor.
  သူဟာ အရည်အချင်းရှိတဲ့ ဆရာဝန်တစ်ယောက်ဖြစ်တယ်။
- *Skillful* workers are needed in this factory.
  ဒီစက်ရုံမှာ ကျွမ်းကျင်တဲ့ အလုပ်သမားတွေ လိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (97) complete / entire / full

complete = ပြီးပြည့်စုံသော
entire = လုံးဝပြည့်စုံသော
full = ပြည့်သော၊ လုံးဝပြည့်စုံသော

- Give ***complete*** answers to these questions.
  ဤမေးခွန်းများရဲ့ အဖြေအပြည့်အစုံကို ပေးပါ။
- The walls supported the ***entire*** weight of the roof.
  အမိုးရဲ့ အလေးချိန်အားလုံးကို နံရံတွေက ထောက်ခံထားတယ်။
- I drank a ***full*** glass of water.
  ကျွန်တော် ရေတစ်ဖန်ခွက် အပြည့်သောက်လိုက်တယ်။

### (98) complex / complicated / involved

complex = ရှုပ်ထွေးများပြားသော
complicated = ရှုပ်ထွေးသော၊ ခက်ခဲသော
involved = ပါဝင်ပတ်သက်နေသော

- He is in a ***complex*** situation.
  သူ့အခြေအနေ ရှုပ်ထွေးနေတယ်။
- It is difficult to solve a ***complicated*** problem.
  ရှုပ်ထွေးသော ပြဿနာကို ဖြေရှင်းဖို့ ခက်တယ်။
- I was so ***involved*** in my book that I couldn't hear your knock.
  ငါစာအုပ်ထဲမှာ အာရုံရောက်နေလို့ မင်းတံခါးခေါက်တာ မကြားဘူး။

### (99) composed / peaceful / serene

composed = တည်ငြိမ်သော၊ ဣန္ဒြေရသော
peaceful = အေးချမ်းသော၊ ငြိမ်းချမ်းသော
serene = တည်ငြိမ်သော၊ ကြည်လင်အေးဆေးသော

- You are quite ***composed*** as you grow old.
  အသက်ကြီးလာတော့ မင်းလဲတည်ငြိမ်လာပြီပေါ့။
- It is very ***peaceful*** to spend the week fishing in a stream.
  စမ်းချောင်းထဲမှာ ငါးများရတာ သိပ်ပြီး ငြိမ်းချမ်းတာပဲ။
- He is a man of ***serene*** nature.
  သူ့ရဲ့ သဘာဝကိုယ်က တည်ငြိမ်အေးချမ်းတဲ့ လူတစ်ယောက်ဖြစ်တယ်။



### (100) compulsory / necessary / required

compulsory = မလုပ်မဖြစ်သော၊ ပြုလုပ်ရမည်ဖြစ်သော
necessary = မရှိမဖြစ်လိုအပ်သော
required = လိုအပ်သော

- English is a ***compulsory*** subject at schools in Myanmar.
  အင်္ဂလိပ်စာဟာ မြန်မာပြည်ကျောင်းတွေမှာ မသင်မနေရဘာသာရပ်တစ်ခု ဖြစ်တယ်။
- It is ***necessary*** to buy a ticket for travelling by air.
  လေယာဉ်နဲ့ ခရီးသွားဖို့အတွက် လက်မှတ်ဝယ်ဖို့ လိုတယ်။
- All the students will be ***required*** to take a short test.
  ကျောင်းသားအားလုံး စမ်းသပ်မှု နည်းနည်းလုပ်ကြည့်ဖို့ လိုမယ်။

### (101) concerted / combined / united

concerted = စည်းဝါးကိုက်ထားသော၊ တညီတညွတ်တည်း ဖြစ်သော
combined = ပေါင်းစပ်ဖွဲ့စည်းထားသော
united = စည်းလုံးညီညွတ်သော

- They all made a ***concerted*** effort to win.
  သူတို့ အနိုင်ရဖို့ တညီတညွတ်တည်း ကြိုးပမ်းကြတယ်။
- The ***combined efforts*** of the two families made them prosperous quickly.
  မိသားစုနှစ်စုရဲ့ ဖွဲ့စည်းညီညွတ်မှုအားကြောင့် သူတို့ လျင်မြန်စွာ ကြီးပွားချမ်းသာလာကြတယ်။
- We need to become a more ***united*** team.
  ကျွန်တော်တို့ ပိုမိုစည်းလုံးတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်လာဖို့ လိုတယ်။

### (102) constant / fixed / stable

constant = တည်မြဲသော၊ မပြောင်းလဲသော
fixed = နိုင်မြဲသော၊ တပ်ဆင်ထားသော
stable = အခြေနိုင်သော၊ တည်တံ့နိုင်မြဲသော

- Death is man's ***constant*** companion.
  သေခြင်းတရားဟာ အမြဲတမ်းလူ့ရဲ့ အဖော်ဖြစ်တယ်။
- It was ***fixed*** price.
  အဲဒါ မပြောင်းလဲတဲ့ ရောင်းဈေးပါ။
- Ours is a ***stable*** government.
  ငါတို့ အစိုးရဟာ တည်တန့်နိုင်မြဲတဲ့ အစိုးရဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (103) content / pleased / satisfied

content = တင်းတိမ်ရောင့်ရဲသော
pleased = ကျေနပ်သော၊ ဝမ်းမြောက်သော
satisfied = ကျေနပ်သော၊ နှစ်သက်သော

- He is ***content*** with his life.
  သူသူ့ဘဝကနဲ့ သူတင်းတိမ်ရောင့်ရဲပါတယ်။
- He was ***pleased*** with the work of his son.
  သူ သူ့သားလုပ်ထားတဲ့ အလုပ်ကို အလွန်သဘောကျတယ်။
- I am not ***satisfied*** with his work.
  ငါ မင်းအလုပ်ကို မကျေနပ်ဘူး။

## (104) continuous / ceaseless / constant

continuous = အဆက်မပြတ်သော
ceaseless = ရပ်စဲခြင်းမရှိသော၊ မရပ်မနား
constant = တည်မြဲသော၊ မပြောင်းလဲသော

- There was a ***continuous*** flow of water from the broken pipe.
  ပိုက်ပေါက်ကနေ ရေတွေ အဆက်မပြတ် စီးထွက်နေတယ်။
- The farmers are working in the ***ceaseless*** rain.
  မိုးမပြတ်ရွာနေတုံးမှာပင် လယ်သမားများ အလုပ်လုပ်နေကြတယ်။
- Babies need ***constant*** attention.
  ကလေးတွေကို အမြဲမပြတ် စောင့်ရှောက်နေဖို့ လိုတယ်။

## (105) contrary / opposed / opposite

contrary = တစ်ဖက်တစ်လမ်း ဆန့်ကျင်ဘက်ဖြစ်သော
opposed = ဆန့်ကျင်သော၊ အတိုက်အခံပြုသော
opposite = မျက်နှာချင်းဆိုင်ဖြစ်သော

- Why are you being so ***contrary*** if you agree?
  မင်းသဘောတူတယ်ဆိုရင် ဘာဖြစ်လို့ ဆန့်ကျင်နေတာလဲ။
- She remained bitterly ***opposed*** to the idea of moving abroad.
  သူ နိုင်ငံခြားပြောင်းဖို့ ခါးခါးသည်းသည်း ငြင်းနေတုန်းပဲ။
- The car was driving off in the ***opposite*** direction.
  မော်တော်ကားက မျက်နှာချင်းဆိုင်ဘက်ကို မောင်းထွက်သွားတယ်။



## (106) convenient / accessible / handy

convenient = အဆင်ပြေသော၊ သက်တောင့်သက်သာရှိသော
accessible = လွယ်ကူစွာပေါက်ရောက်နိုင်သော
handy = လက်မြောက်သော၊ လက်လွယ်သော

- Put the table in a ***convenient*** place.
  စားပွဲကို အဆင်ပြေတဲ့ နေရာမှာ ထားလိုက်ပါ။
- These documents are not ***accessible*** to the public.
  ဒီအထောက်အထား မှတ်တမ်းတွေဟာ လူထု လက်ထဲမရောက်နိုင်ဘူး။
- Have you got a pen ***handy***?
  ဖောင်တိန်တစ်ချောင်းလောက် အလွယ်တကူရနိုင်မလား။

## (107) cordial / friendly / polite

cordial = ဖော်ရွေသော၊ ခင်မင်ကြည်ဖြူသော
friendly = ဖော်ရွေသော၊ ကောင်းကျိုးပြုသော၊ ခင်မင်သော
polite = ယဉ်ကျေးသော

- He gave us a ***cordial*** welcome.
  သူ ကျွန်တော်တို့ကို ဖော်ဖော်ရွေရွေ ကြိုဆိုကြတယ်။
- We are very ***friendly*** with a new neighbour.
  ကျွန်တော်တို့ အိမ်နီးချင်း အသစ်နဲ့ ခင်မင်ကြပါတယ်။
- He was ***polite*** to every one he met.
  သူတွေ့တဲ့ လူတိုင်းကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါတယ်။

## (108) corrupt / crooked / dishonest

corrupt = ဖောက်ပြန်သော၊ အဂတိလိုက်စားသော
crooked = ကွေးကောက်သော၊ ကောက်ကျစ်သော
dishonest = မရိုးသားသော

- Many of the officials are ***corrupt***.
  အမှုထမ်းအတော်များများ ဖောက်ပြန်ကြတယ်။
- He was involved in some very ***crooked*** business.
  သူမသမာတဲ့ စီးပွားရေးလုပ်ငန်းထဲမှာ ပါနေတယ်။
- Beware of ***dishonest*** traders in this town.
  ဒီမြို့ထဲမှာ မရိုးသားတဲ့ ကုန်သည်များကို သတိထားပါ။

www.burmeseclassic.com

www.burmeseclassic.com



### (109) costly / dear / expensive

costly = အကုန်အကျများသော
dear = ရှားပါးသော၊ ဈေးကြီးသော
expensive = အကုန်အကျများသော၊ တန်ဖိုးများသော

- She was wearing ***costly*** furs.
  သူမ တန်ဖိုးကြီးတဲ့ သားမွေးထည်ကို ဝတ်ထားတယ်။
- Everything is so ***dear*** now.
  အခုအရာရာ ဈေးကြီးနေပြီ။
- This car is so ***expensive*** that we can not buy it.
  ဒီကားက ဈေးသိပ်ကြီးနေလို့ မဝယ်နိုင်ပါဘူး။

### (110) courteous / polite / well-mannered

courteous = ယဉ်ကျေးပြူငှာသော
polite = ယဉ်ကျေးသိမ်မွေ့သော
well-mannered = အလွန်ယဉ်ကျေးသိမ်မွေ့သော

- The hotel staff are friendly and ***courteous.***
  ဟိုတယ်ဝန်ထမ်းတွေဟာ ခင်မင်တတ်ပြီး ယဉ်ကျေးပြူငှာကြတယ်။
- Please be ***polite*** to our guests.
  ကျွန်တော်တို့ ဧည့်သည်တွေကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြပါ။
- She is ***well-mannered*** in dealing with her teachers.
  သူမ ဆရာ ဆရာမတွေနဲ့ ဆက်ဆံရာမှာ အလွန်ယဉ်ကျေးသိမ်မွေ့ပါတယ်။

### (111) crazy / insane / mad

crazy = အရူးအမူးဖြစ်သော၊ အရမ်းကြိုက်သော
insane = ရူးသွပ်သော၊ စိတ်နောက်သော
mad = ရူးသွပ်သော၊ စိတ်မနှံ့သော

- We are ***crazy*** about Chitsnow-Oo.
  ကျွန်တော်တို့ ချစ်စနိုးဦးကို အရမ်းသဘောကျတယ်။
- ***Insane*** people are treated in special hospitals.
  အရူးတွေကို သီးသန့် ဆေးရုံမှာ ကုသကြတယ်။
- He was ***mad*** with joy.
  သူအရူးအမူး ပျော်နေတယ်။



### (112) creditable / praiseworthy / worthy

creditable = ဂုဏ်ပြုထိုက်သော
praiseworthy = ချီးကျူးထိုက်သော
worthy = အဖိုးတန်သော၊ ထိုက်တန်သော

- It was a very ***creditable*** result for the team.
  အဲဒါ မင်းအတွက် ဂုဏ်ပြုထိုက်တဲ့ ရလာဒ်ပါပဲ။
- He had done a ***praiseworthy*** effort for us.
  သူကျွန်တော်တို့အတွက် ချီးကျူးထိုက်အောင် လုပ်ပြီးခဲ့ပြီ။
- He felt he was not ***worthy*** of her.
  သူ သူကိုယ်သူ သူမနဲ့ မထိုက်တန်ဘူးလို့ တွေးထင်ခဲ့တယ်။

### (113) criminal / illegal / unlawful

criminal = ရာဇဝတ်ပြစ်မှုနှင့် ဆိုင်သော
illegal = ဥပဒေနှင့် ဆန့်ကျင်သော
unlawful = ဥပဒေနှင့် မကိုက်ညီသော

- He studied ***criminal*** law.
  သူ ရာဇသတ်ဥပဒေကို လေ့လာခဲ့တယ်။
- He was arrested for the ***illegal*** sale of guns.
  ဥပဒေနဲ့ ဆန့်ကျင်တဲ့ လက်နက်တွေ ရောင်းလို့ သူအဖမ်းခံရတယ်။
- Selling the drugs is ***unlawful.***
  မူးယစ်ဆေးဝါးရောင်းချတာ ဥပဒေနဲ့ ဆန့်ကျင်တယ်။

### (114) critical / dangerous / risky

critical = အရေးပါသော၊ အပြစ်ရှာတတ်သော
dangerous = အန္တရာယ်များသော
risky = ဘေးအန္တရာယ်များသော၊ စွန့်စားရသော

- The most ***critical*** battle of the war occured near that town.
  အဲဒီမြို့နားမှာ အရေးပါတဲ့ တိုက်ပွဲဖြစ်ပွားခဲ့တယ်။
- It is ***dangerous*** to play close to the road.
  လမ်းနားမှာ ကစားရတာ အလွန်အန္တရာယ်များတယ်။
- This is a ***risky*** experiment.
  ဒါအရဲစွန့်လုပ်ရမဲ့ စမ်းသပ်ချက်တစ်ရပ် ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (115) crooked / curved / twisted

crooked = ကွေ့ကောက်သော၊ မရိုးသားသော
curved = ကွေးကောက်သော၊ ကွေ့ဝိုက်သော
twisted = လိမ်လည်လှည့်များသော၊ တွန့်လိမ်သော

- He was involved in some ***crooked*** business.
  မရိုးသားတဲ့ စီးပွားရေးလုပ်ငန်းကို သူလုပ်နေတယ်။
- It was hard to drive along the ***crooked*** road in the dark.
  အမှောင်ထဲမှာ ကွေ့ဝိုက်နေတဲ့ လမ်းပေါ် ကားမောင်းရတာ အလွန်ခက်ခဲတယ်။
- The car became ***twisted*** after the crash.
  ကားတိုက်ပြီးတော့ ကားတွန့်လိမ်သွားတယ်။

### (116) crude / raw / unpolished

crude = နဂိုပုံကြမ်းအတိုင်းဖြစ်သော
raw = မချက်ပြုတ်ရသေးသော၊ အရိုင်း၊ အစိမ်းဖြစ်သော
unpolished = အရောင်မတင်ရသေးသော

- His manners are ***crude***.
  သူ့အမူအယာက နဂိုအတိုင်းပါပဲ။
- I love to eat ***raw*** carrots.
  ကျွန်တော်မုန်လာဥ အစိမ်းလိုက် စားရတာ သဘောကျတယ်။
- They bought ***unpolished*** furniture for their house.
  သူတို့ အိမ်အတွက် ပရိဘောဂ အကြမ်းထည်တွေကို ဝယ်ခဲ့တယ်။

### (117) cultural / educational / instructive

cultural = ယဉ်ကျေးမှုနှင့် ဆိုင်သော
educational = ပညာရေးနှင့် ဆိုင်သော
instructive = ပညာရသော၊ မှတ်သားလိုက်နာစရာကောင်းသော

- There are many ***cultural*** activities in a big town.
  မြို့ကြီးမှာ ယဉ်ကျေးမှုနဲ့ ဆိုင်တဲ့ လုပ်ရပ်တွေ များစွာရှိတယ်။
- Watching TV is very ***educational***.
  တီဗီကြည့်ခြင်းဟာ ပညာဗဟုသုတများစွာ ရတယ်၊
- This magazine contains many ***instructive*** articles.
  ဒီမဂ္ဂဇင်းမှာ မှတ်သားစရာ ဆောင်းပါးတွေများစွာပါတယ်။



### (118) cunning / tricky / wily

cunning = ကောက်ကျစ်စဉ်းလဲသော
tricky = လိမ်လည်လှည့်စားသော
wily = ဉာဏ်များသော၊ မာယာကြွယ်သော

- He is as ***cunning*** as a fox.
  သူ့မြေခွေးလိုပဲ ကောက်ကျစ်စဉ်းလဲတယ်။
- He is very ***tricky*** to get money from others.
  သူ သူတစ်ပါးထံမှ ပိုက်ဆံကို လိမ်ပြီးယူတတ်တယ်။
- The boss is a ***wily*** old fox.
  သူဌေးက ဉာဏ်များတဲ့ မြေခွေးအိုကြီးတစ်ကောင်ဖြစ်တယ်။

### (119) curious / inquisitive / interested

curious = သိလိုမြင်လိုသော၊ စပ်စုသော၊ ထူးဆန်းသော
inquisitive = အမေးအမြန်ထူသော၊ စပ်စုသော
interested = စိတ်ဝင်စားသော

- She is very ***curious*** about language.
  သူမ ဘာသာစကားကို သိပ်ပြီး တတ်ကျွမ်းလိုတယ်။
- We shouldn't be ***inquisitive*** about neighbours.
  ကျွန်တော်တို့ အိမ်နီးနားချင်းတွေ အကြောင်း မစပ်စုသင့်ဘူး။
- He is ***interested*** in gardening.
  သူဥယျာဉ်စိုက်ပျိုးခြင်းကို စိတ်ဝင်စားတယ်။

### (120) current / modern / present

current = မျက်မှောက်ခေတ်နှင့် ဆိုင်သော
modern = ခေတ်မီသော
present = မျက်မှောက်ထင်ရှားရှိသော

- This is the ***current*** issue of the magazine.
  ဒါအခုထွက်တဲ့ မဂ္ဂဇင်း အသစ်ပါပဲ။
- Their house is furnished with ***modern*** furniture.
  သူတို့ အိမ်ကို ခေတ်မီပရိဘောဂတွေနဲ့ ခင်းကျင်းထားတယ်။
- He was ***present*** at the meeting.
  သူအစည်းအဝေးတက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (121) dainty / delicate / fine

| | | |
|---|---|---|
| dainty | = | နုးညံ့သိမ်မွေ့သော၊ အရသာရှိသော |
| delicate | = | နုနယ်သော၊ သိမ်မွေ့သော |
| fine | = | ကောင်းမွန်သော၊ နုးညံ့သော |

- The tea was served in ***dainty*** little cups.
  လက်ဖက်ရည်ကို ခွက်လှလှကလေးများနှင့် ညှိခဲ့တယ်။
- The box was decorated with ***delicate*** curvings.
  သေတ္တာကို နုးညံ့သေးသွယ်တဲ့ ကောက်ကြောင်းလေးတွေနဲ့ ခြယ်မှုန်းထားတယ်။
- The beach is covered with ***fine*** sand.
  ပင်လယ်ကမ်းခြေကို နုးညံ့ကောင်းမွန်တဲ့ သဲတွေနဲ့ ဖုံးလွှမ်းထားတယ်။

### (122) dangerous / risky / unsafe

| | | |
|---|---|---|
| dangerous | = | အန္တရာယ်များသော |
| risky | = | စွန့်စားရသော/ဘေးအန္တရာယ်များသော |
| unsafe | = | အန္တရာယ်ရှိသော၊ စိတ်မချရသော |

- It is very ***dangerous*** to play close to the road.
  လမ်းဘေးမှာ ကစားရတာ အန္တရာယ်သိပ်များတယ်။
- It is very ***risky*** to climb high mountain.
  တောင်တက်ခြင်းဟာ အန္တရာယ်များပြီး စွန့်စားရတယ်။
- The roof was ***unsafe*** to walk on.
  အမိုးပေါ်မှာ လမ်းလျှောက်သွားမယ်ဆိုရင် အန္တရာယ်ရှိတယ်။

### (123) daring / fearless / valiant

| | | |
|---|---|---|
| daring | = | ရဲဝံ့သော |
| fearless | = | အကြောက်အဝံ့ကင်းသော |
| valiant | = | ရဲဝံ့သော၊ သတ္တိရှိသော |

- He is very ***daring*** to enter the lion's cage.
  သူ ခြင်္သေ့လှောင်အိမ်ထဲသို့ ဝင်ရဲတယ်။
- He was ***fearless*** to fight against wild animals.
  သူတိရစ္ဆာန်ရိုင်းတွေနဲ့ တိုက်ခိုက်ရဲတယ်။
- The queen had ***valiant*** soldiers to defend her kingdom.
  မိဖုရားကြီးမှာ နိုင်ငံကို ကာကွယ်ဖို့ ရဲဝံ့တဲ့ စစ်သည်တော်တွေရှိတယ်။



### (124) dark / dim / gloomy

| | | |
|---|---|---|
| dark | = | မှောင်မဲသော |
| dim | = | မှေးမှိန်သော |
| gloomy | = | စိတ်ညှိုးငယ်သော၊ မျက်နှာမသာယာသော |

- The room was completely ***dark*** when the light went out.
  မီးပြတ်တဲ့အခါ အခန်းလုံးဝမှောင်သွားတယ်။
- There was only a ***dim*** light.
  အလင်းရောင်မှိန်မှိန်လေးပဲရှိတော့တယ်။
- They seemed ***gloomy*** when they heard bad news.
  သတင်းဆိုးကို ကြားလိုက်ရတော့ သူတို့ မျက်နှာပျက်သွားကြတယ်။

### (125) dead / gone / lifeless

| | | |
|---|---|---|
| dead | = | သေသော |
| gone | = | ကုန်သွားသော၊ ပြီးဆုံးသွားသော |
| lifeless | = | အသက်မရှိသော၊ ဇီဝဉ်ကင်းမဲ့သော |

- The patient is ***dead***.
  လူနာ သေသွားပြီ။
- The rain has ***gone***. (stopped raining)
  မိုးတိတ်သွားပြီ။
- He carried the ***lifeless*** body of his son to the palace.
  သူ သူ့သားရဲ့ အလောင်းကို နန်းတော်သို့ ယူလာခဲ့တယ်။

### (126) deadly / fatal / mortal

| | | |
|---|---|---|
| deadly | = | သေစေတတ်သော |
| fatal | = | ပျက်စီးနိုင်သော |
| mortal | = | သေမျိုးဖြစ်သော၊ သေတတ်သော |

- Don't touch it. It is ***deadly*** poison.
  အဲဒါကို မကိုင်နဲ့၊ ဒါသေစေနိုင်တဲ့ အဆိပ်ဖြစ်တယ်။
- The delay was ***fatal*** to their plan.
  ဒီလောက်ကြာနေရင် သူတို့ အစီအစဉ် ပျက်သွားနိုင်တယ်။
- Men are ***mortal***.
  လူတွေဟာ သေမျိုးပါပဲ။ (တစ်နေ့သေရမှာဖြစ်တယ်)။

www.burmeseclassic.com

www.burmeseclassic.com



## (127) dear / darling / beloved

dear = ချစ်လှစွာသော၊ ရှားပါးသော
darling = ချစ်လှစွာသော
beloved = အလွန်ချစ်သော

- They are my ***dear*** teachers.
  သူတို့ဟာ ကျွန်တော်ချစ်တဲ့ ဆရာတွေပါပဲ။
- She is my ***darling*** child.
  သူမဟာ ကျွန်တော်ချစ်တဲ့ ကလေးဖြစ်တယ်။
- She is my ***beloved*** wife.
  သူမဟာ ကျွန်တော် အလွန်ချစ်တဲ့ ဇနီးဖြစ်တယ်။

## (128) deep / low / bottomless

deep = နက်သော၊ မတ်စောက်သော
low = နိမ့်သော၊ တိမ်သော
bottomless = အစောက်အနက်အဆုံးမရှိသော

- This pool is so ***deep*** that it has no bottom.
  ဒီကန်က နက်လွန်းလို့ အောက်ခြေကို မတွေ့ရဘူး။
- The land near the mouth of the river was quite ***low***.
  မြစ်ဝနားမှာ ရေက အတော်ကို တိမ်သွားတယ်။
- It was a ***bottomless*** lake and nobody swam in it.
  ဒီကန်ကို နက်လွန်းလို့ ဘယ်သူမှ ရေမကူးကြဘူး။

## (129) deliberate / considered / planned

deliberate = တမင်သက်သက်လုပ်သော
considered = ထောက်ထားညှာတာသော
planned = ကြိုတင်စီစဉ်ထားသော၊ ပုံစံချထားသော

- This is a ***deliberate*** insult.
  ဒါတမင်သက်သက် စော်ကားတာပဲ။
- His request for an increase in salary should be ***considered*** by the committee.
  သူရဲ့ လစာတိုးပေးဖို့ တောင်းဆိုချက်ကို ကော်မတီက စဉ်းစားသင့်တယ်။
- A trip to the beach must have been ***planned***.
  ပင်လယ်ကမ်းခြေကို ခရီးထွက်ဖို့ ကြိုတင်စီစဉ်ထားတာ ဖြစ်ရမယ်။



## (130) delightful / charming / pleasant

delightful = နှစ်သက်စရာကောင်းသော
charming = ချစ်စရာကောင်းသော
pleasant = ကြည်နူးစရာကောင်းသော၊ ပျော်စရာကောင်းသော

- Cho Pyon's voice is very ***delightful***.
  ချိုပြုံးအသံက အလွန်နှစ်သက်စရာ ကောင်းတယ်။
- She is a ***charming*** lady.
  သူမသည် ချစ်စရာကောင်းသော အမျိုးသမီးဖြစ်သည်။
- We had a ***pleasant*** visit with our friends.
  ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ရတာ ပျော်တယ်။

## (131) dense / solid / thick

dense = သိပ်သည်းသော၊ ထူထပ်သော
solid = အနိုင်အခဲဖြစ်သော၊ လုံးကျစ်သော
thick = ထူသော၊ ထုထယ်ကြီးမားသော

- We can see ***dense*** forest in Shan State.
  ရှမ်းပြည်နယ်မှာ ထူထပ်တဲ့ သစ်တောများကို တွေ့နိုင်တယ်။
- The water had frozen into a ***solid*** block of ice.
  ရေသည် ရေခဲတုံးအဖြစ် ပြောင်းလဲအေးခဲသွားသည်။
- He ate a ***thick*** slice of bread.
  သူပေါင်မုန့်အထုကြီးတစ်ချပ် စားလိုက်တယ်။

## (132) desirable / wanted / wished for

desirable = လိုလားအပ်သော
wanted = အလိုရှိသော၊ လိုအပ်သော
wished for = ဆန္ဒရှိသော

- It is ***desirable*** that interest should be reduced.
  အတိုးနှုန်းကို လျှော့ပေါ့ပေးဖို့ လိုလားပါတယ်။
- He is the man ***wanted*** by the police.
  ဒီလူဟာ ရဲက အလိုရှိနေတဲ့လူပဲ။
- The only thing ***wished for*** him is to get better.
  သူ့အတွက် အဖြစ်ချင်ဆုံးဆန္ဒကတော့ ကျန်းမာလာဖို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



### (133) desolate / deserted / lonely

desolate = လူသူကင်းမဲ့သော၊ စိတ်အားငယ်သော
deserted = လူသူကင်းဝေးသော၊ အဖော်မဲ့သော
lonely = အဖော်မဲ့သော၊ တစ်ကိုယ်တည်းဖြစ်သော

- She had led a ***desolate*** life since his death.
  သူကွယ်လွန်ကတည်းက သူမ တစ်ကိုယ်တည်း ညှိုးငယ်နေရတယ်။
- They found a ***deserted*** house in the forest.
  သူတို့ တောထဲမှာ လူမနေတဲ့ အိမ်တစ်လုံးတွေ့ခဲ့တယ်။
- The old man led a ***lonely*** life.
  အဖိုးကြီး အဖော်မရှိ တစ်ကိုယ်တည်းဘဝကို ဦးဆောင်နေရတယ်။

### (134) desperate / hopeless / reckless

desperate = စိတ်ပျက်သော
hopeless = မျှော်လင့်ချက်မရှိသော
reckless = ဂရုမစိုက်သော၊ အလေးမထားသော

- The enemy's attack left them in a ***desperate*** situation.
  ရန်သူရဲ့ တိုက်ခိုက်မှုကြောင့် သူတို့ စိတ်ပျက်လက်ပျက်ဖြစ်နေကြတယ်။
- He is ***hopeless*** to pass the examination.
  သူစာမေးပွဲအောင်ဖို့ မျှော်လင့်ချက်မရှိဘူး။
- She was arrested for ***reckless*** driving.
  သူမ အရမ်းကာရော ကားမောင်းလို့ အဖမ်းခံရတယ်။

### (135) different / unlike / various

different = ကွဲပြားခြားနားသော
unlike = မတူညီသော
various = အမျိုးမျိုးသော

- His ideas were ***different*** from mine.
  သူစိတ်ကူးအယူအဆတွေက ကျွန်တော်နဲ့ မတူဘူး။
- Her appearance is ***unlike*** her mother's
  သူမ ပုံပန်းသဏ္ဌာန်က သူ့အမေနဲ့ မတူဘူး။
- She tried on ***various*** dresses before selecting one.
  သူမ ဝတ်စုံတစ်စုံကို မရွေးခင် အမျိုးမျိုးစမ်းဝတ်ကြည့်တယ်။



### (136) dignified / elegant / noble

dignified = ဂုဏ်သိက္ခာရှိသော
elegant = ရည်မွန်သော
noble = မြင့်မြတ်သော

- He spoke in a ***dignified*** manner.
  သူသိက္ခာရှိရှိ စကားပြောခဲ့တယ်။
- They were an ***elegant*** couple who were invited to many important affaris in Yangon.
  သူတို့ဟာ ရန်ကုန်မြို့ရဲ့ အရေးကြီးတဲ့ ကိစ္စအတော်များများမှာ ဖိတ်ကြားခံရတဲ့ ရည်မွန်တဲ့ ဇနီးမောင်နှံဖြစ်တယ်။
- He comes from a ***noble*** family.
  သူမြင့်မြတ်တဲ့ မိသားစုမှ ဆင်းသက်လာတယ်။

### (137) difficult / complicated / hard

difficult = ခက်ခဲသော
complicated = ရှုပ်ထွေးသော
hard = မာသော၊ ခက်ခဲသော၊ ကြိုးစားသော

- Driving a car is ***difficult*** for me.
  ကားမောင်းရတာ ကျွန်တော့်အဖို့တော့ ခက်တယ်။
- It is difficult to solve the ***complicated*** problem.
  ရှုပ်ထွေးနေတဲ့ ပြဿနာကို ဖြေရှင်းဖို့ ခက်တယ်။
- We need ***hard*** workers in this factory.
  ကျွန်တော်တို့ ဒီစက်ရုံမှာ ကြိုးစားတဲ့ အလုပ်သမားတွေ လိုတယ်။

### (138) diplomatic / gracious / polite

diplomatic = အကင်းပါးသော
gracious = ကြက်သရေရှိသော
polite = ယဉ်ကျေးသော

- His ***diplomatic*** remarks satisfied everyone.
  သူ့ရဲ့ လိမ္မာပါးနပ်တဲ့ မှတ်ချက်က လူတိုင်းကို ကျေနပ်စေတယ်။
- It was very ***gracious*** of you to allow me to invite my friend for dinner.
  ငါ့သူငယ်ချင်းကို ညစာစားဖို့ ဖိတ်ခွင့်ပြုတာ သိပ်ကျက်သရေရှိတာပဲ။
- We should always be ***polite*** to the elders.
  ကျွန်တော်တို့ အသက်ကြီးတဲ့လူတွေကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံသင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (139) dirty / pollued / soiled

dirty = ညစ်ပေသော၊ မစင်ကြယ်သော
pollued = ညစ်ပတ်သော၊ မသန့်ရှင်းသော
soiled = ညစ်ပေနေသော၊ စွန်းထင်းနေသော

- Wash your ***dirty*** hands before you eat something.
  တစ်ခုခု မစားခင် ညစ်ပေနေတဲ့ လက်တွေကို ဆေးပါ။
- The drinking water was ***pollued.***
  သောက်ရေတွေ ညစ်ပတ်နေတယ်။
- The goods in the store are ***soiled.***
  စတိုထဲက ကုန်ပစ္စည်းတွေ ဟောင်းနွမ်းညစ်နေပြီ။

### (140) dishonest / corrupt / false

dishonest = မရိုးသားသော
corrupt = အဂတိလိုက်စားသော/ဖောက်ပြန်သော
false = မမှန်ကန်သော

- I don't like his ***dishonest*** behaviour.
  ငါသူ့ရဲ့ မရိုးသားတဲ့ အပြုအမူကို မကြိုက်ဘူး။
- The ***corrupt*** judge accepted money to let the prisoner go unpunished.
  လာဘ်စားတဲ့ တရားသူကြီးက ပိုက်ဆံလက်ခံပြီး အကျဉ်းသားကို အပြစ်မပေးဘဲ လွှတ်လိုက်တယ်။
- She made a ***false*** statement.
  သူမ မမှန်မကန်ပြောဆိုတင်ပြတယ်။

### (141) distant / far / remote

distant = ဝေးကွာသော
far = ဝေးလံသော
remote = အဆက်ဝေးသော

- The moon is ***distant*** from the earth.
  လသည် ကမ္ဘာမြေကြီးမှ ဝေးလံသည်။
- He came from a ***far*** country.
  သူသည် ဝေးလံသော နိုင်ငံမှ လာခဲ့သည်။
- The accident occured in a ***remote*** place.
  မတော်တဆဖြစ်ပွားမှုသည် အဝေးတစ်နေရာမှ ဖြစ်ခဲ့သည်။



### (142) distinct / individual / separate

distinct = တသီးတခြားဖြစ်သော၊ ကွဲပြားခြားနားသော
individual = တသီးတသန့်ဖြစ်သော၊ တစ်ဦးတစ်ယောက်စီဖြစ်သော
separate = ကွဲနေသော၊ သီးခြားဖြစ်သော

- His handwriting is very ***distinct*** from others.
  သူလက်ရေးက တခြားလက်ရေးတွေနဲ့ ကွဲပြားခြားနားပါတယ်။
- They each received individual letters.
  သူတို့ လူတိုင်း စာတစ်စောင်စီရကြတယ်။
- They ate at ***separate*** tables.
  သူတို့ သီးခြားစားပွဲမှာ စားကြတယ်။

### (143) distinguished / eminent / famous

distinguished = ထင်ရှားသော၊ ကျော်စောသော
eminent = ထင်ရှားကျော်ကြားသော၊ ဂုဏ်အဆင့်အတန်းမြင့်သော
famous = ကျော်စောသော

- Edison was a ***distinguished*** scientist.
  အက်ဒီဆင်သည် ထင်ရှားကျော်ကြားသော သိပ္ပံပညာရှင်ဖြစ်သည်။
- His father was an ***eminent*** doctor.
  သူ့အဖေက ထင်ရှားတဲ့ ဆရာဝန်တစ်ယောက်ဖြစ်တယ်။
- We are proud of having ***famous*** residents in our town.
  ငါတို့ မြို့မှာ ထင်ရှားတဲ့ နေအိမ်တွေရှိတဲ့အတွက် ဂုဏ်ယူပါတယ်။

### (144) doubful / uncertain / unsure

doubtful = သံသယရှိသော၊ သံသယဖြစ်ဖွယ်ကောင်းသော
uncertain = မသေချာသော
unsure = မသေချာသော၊ သံသယမကင်းစရာဖြစ်သော

- The result of the race is ***doubtful*** until it is over.
  မပြီးမချင်း ပြိုင်ပွဲရဲ့ အဖြေကို ပြောလို့မရသေးဘူး။
- It was ***uncertain*** that he would pass the exam.
  သူစာမေးပွဲအောင်ဖို့ မအောင်ဖို့ မသေချာသေးဘူး။
- He was ***unsure*** of what to do next.
  နောက်ဘာလုပ်ရမယ်ဆိုတာ မသေချာသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



## (145) downcast / depressed / sad

downcast = ငုံ့လျက်ရှိသော၊ ငုံ့နေသော
depressed = စိတ်ဓာတ်ကျနေသော
sad = စိတ်မချမ်းသာသော၊ ဝမ်းနည်းသော

- He seemed ***downcast*** as he was shy.
  သူရှက်လို့ ခေါင်းငုံ့ထားဟန်ရတယ်။
- He was ***depressed*** when he heard bad news.
  သူမကောင်းသတင်းကို ကြားတဲ့အခါ စိတ်ဓာတ်ကျသွားတယ်။
- The ***sad*** news caused her cry.
  ဝမ်းနည်းစရာ သတင်းကြားရလို့ သူမ ငိုချလိုက်တယ်။

## (146) downhearted / discouraged / unhappy

downhearted = ဝမ်းနည်းစိတ်ပျက်ညှိုးငယ်သော
discouraged = စိတ်အားငယ်သော
unhappy = စိတ်မချမ်းမြေ့သော၊ ကံမကောင်းသော

- He seems so ***downhearted*** today.
  သူဒီနေ့ သိပ်ပြီး ဝမ်းနည်းစိတ်ပျက်နေပုံရတယ်။
- He was much ***discouraged*** by his failure.
  သူမအောင်မြင်လို့ များစွာ စိတ်အားငယ်နေတယ်။
- He was ***unhappy*** as the vacation was over.
  ကျောင်းပိတ်ရက် ကုန်ဆုံးသွားလို့ သူစိတ်မချမ်းသာဘူး။

## (147) dry / parched / waterless

dry = ခြောက်သွေ့သော
parched = ခြောက်သွေ့သော၊ ခြောက်အောင်လုပ်ထားသော
waterless = ရေမရှိသော၊ ခြောက်သွေ့သော

- Trees are leafless in the ***dry*** season.
  နွေရာသီမှာ သစ်ပင်များ၌ သစ်ရွက်များ မရှိကြပါ။
- She licked her ***parched*** lips.
  ခြောက်သွေ့နေတဲ့ နှုတ်ခမ်းတွေကို သူမ လျှာနဲ့ ယက်တယ်။
- This lake was ***waterless*** in summer.
  နွေရာသီမှာ ဒီရေကန်ထဲမှာ ရေမရှိတော့ဘူး။



## (148) due / owing / payable

due = ကျသင့်သော၊ ထိုက်တန်သော
owing = တင်လျက်ရှိသော
payable = ပေးနိုင်သော၊ ပေးရန်ရှိသော

- My rent is ***due*** at the end of this month.
  ဒီလကုန်ရင် အိမ်လခပေးဖို့ အချိန်ကျပြီ။
- He worked extra hours to pay the money ***owing to*** his doctor's bill.
  ဆရာဝန်ကို ပိုက်ဆံပေးဖို့ သူအချိန်ပို နာရီအလုပ် လုပ်ခဲ့တယ်။
- The bill is ***payable*** today.
  ဒီနေ့ အကြွေးစာရင်းပေးရမယ်။

## (149) dull / boring / tiresome

dull = ထိုင်းသော၊ အသော၊ တွေဝေမိုက်မဲသော
boring = ငြီးငွေ့စရာကောင်းသော
tiresome = ပျင်းရိငြီးငွေ့စရာကောင်းသော

- ***Dull*** pupils are given special classes.
  ဉာဏ်ထိုင်းတဲ့ ကလေးတွေကို အထူးသင်တန်းပေးရတယ်။
- It is a ***boring*** book.
  အဲဒါ ငြီးငွေ့စရာကောင်းတဲ့ စာအုပ်ဖြစ်တယ်။
- It is ***tiresome*** to be left alone at home.
  အိမ်မှာ တစ်ယောက်ထဲကျန်ခဲ့တာ ပျင်းစရာကောင်းတယ်။

## (150) dumb / ignorant / stupid

dumb = စကားမပြောတတ်သော၊ ဉာဏ်ထိုင်းသော
ignorant = အသိဉာဏ်ကင်းမဲ့သော
stupid = မိုက်မဲသော၊ တုံးသော

- When we questioned him, he was ***dumb***.
  ကျွန်တော်တို့ မေးတော့ သူ အတိ အတဖြစ်နေတယ်။
- He was ***ignorant*** and knew nothing about the truth.
  သူအသိဉာဏ်မရှိလို့ အမှန်တရားကို မသိဘူး။
- It is very ***stupid*** of you to tell him about that.
  သူ့ကို အဲဒါပြောလိုက်တာ မင်းသိပ်မိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



## (151) durable / firm / lasting

durable = ခိုင်ခံ့သော၊ ကြာရှည်ခံသော
firm = ခိုင်ခံ့သော၊ ခိုင်မာသော
lasting = တာရှည်ခံသော၊ တည်မြဲသော

- The cloth is thick but ***durable.***
  ဒီပိတ်စက ထူတယ် ဒါပေမဲ့ တာရှည်ခံပါတယ်။
- He has very ***firm*** ideas.
  သူမှာခိုင်မာတဲ့ စိတ်ကူးတွေ ရှိတယ်။
- The whole nation needs a ***lasting*** peace.
  တစ်နိုင်ငံလုံးက တည်မြဲတဲ့ ငြိမ်းချမ်းရေးကို လိုလားကြတယ်။

## (152) dutiful / faithful / obedient

dutiful = တာဝန်ကျေသော
faithful = သစ္စာရှိသော
obedient = အမိန့်နာခံတတ်သော

- The big dog obeyed his master like a ***dutiful*** animal.
  တာဝန်ကျေတဲ့ တိရစ္ဆာန်တစ်ကောင်လို သူ့သခင်အမိန့်ကို လိုက်နာတယ်။
- We must be ***faithful*** to our leaders.
  ကျွန်တော်တို့ ခေါင်းဆောင်တွေအပေါ်မှာ သစ္စာရှိရမယ်။
- We are ***obedient*** to our parents and teachers.
  ကျွန်တော်တို့ မိဘနဲ့ ဆရာ ဆရာမများစကားကို နားထောင်ကြတယ်။

## (153) eager / enthusiastic / keen

eager = စိတ်အားထက်သန်သော
enthusiastic = စိတ်အားထက်သန်သော
keen = ထက်မြက်သော၊ ထက်သန်သော

- They are very ***eager*** to learn English.
  သူတို့ အင်္ဂလိပ်စာ သင်ယူဖို့ စိတ်အားထက်သန်နေကြတယ်။
- He is very ***enthusiastic*** in his work.
  သူအလုပ်ကို စိတ်ပါလက်ပါ လုပ်တယ်။
- He is ***keen*** on going abroad.
  သူနိုင်ငံခြားသွားဖို့ စိတ်အားထက်သန်နေတယ်။



## (154) earnest / sincere / serious

earnest = စိတ်အားထက်သန်သော
sincere = ရိုးသားဖြူစင်သော
serious = လေးနက်သော၊ ပြင်းထန်သော

- The children are so ***earnest*** in their studies.
  ကလေးများသည် စာကျက်ရာတွင် စိတ်အားထက်သန်ကြသည်။
- He is a ***sincere*** friend to me.
  သူသည် ကျွန်တော်အပေါ် ရိုးသားဖြူစင်သော မိတ်ဆွေဖြစ်သည်။
- He spoke about the problem in a ***serious*** way.
  သူဒီပြဿနာနဲ့ ပတ်သက်ပြီး အလေးအနက်ထားပြောတယ်။

## (155) easy / comfortable / simple

easy = လွယ်ကူသော
comfortable = သက်တောင့်သက်သာဖြစ်သော
simple = ရိုးရိုးရှင်းရှင်းဖြစ်သော၊ အပြစ်ကင်းသော

- It is ***easy*** to do this work.
  ဒီအလုပ်ကို လုပ်ဖို့ လွယ်ပါတယ်။
- It is very ***comfortable*** to sit in an easy chair.
  ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ရတာ သက်တောင့်သက်သာ ရှိတယ်။
- She answered the ***simple*** questions without difficulty.
  သူမ လွယ်ကူရှင်းလင်းသော မေးခွန်းများကို အခက်အခဲမရှိ ဖြေဆိုခဲ့တယ်။

## (156) economical / provident / sparing

economical = ချွေတာသော၊ အကုန်အကျသက်သာသော
provident = ချွေတာစုဆောင်းတတ်သော
sparing = ချွေတာသော၊ စေ့စပ်သော

- He was ***economical*** in all areas of his life.
  သူဘဝမှာ ဘယ်နေရာမှာမဆို ချွေတာစုဆောင်းခဲ့တယ်။
- He saved the money at a bank as a ***provident*** fund.
  အိုနာစာရံပုံငွေအဖြစ် သူဘဏ်မှာ ငွေစုထားတယ်။
- Doctors now advise only ***sparing*** use of such creams.
  ဆရာဝန်က ဒီလိမ်းဆေးကို ပါးပါးလိမ်းပေးဖို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (157) effective / efficient / productive

effective = ထိရောက်သော
efficient = တော်သော၊ ဆောင်ရွက်နိုင်စွမ်းရှိသော
productive = ဖြစ်ထွန်းစေသော

- He made an ***effective*** decision at the meeting.
  သူအစီးအဝေးမှာ ထိရောက်တဲ့ ဆုံးဖြတ်ချက်တစ်ခုချခဲ့တယ်။
- This factory needs ***efficient*** workers.
  ဒီစက်ရုံမှာ တော်တဲ့ အလုပ်သမားတွေ လိုတယ်။
- They have ***productive*** imagination.
  သူတို့မှာ ဖြစ်ထွန်းအောင် ကြံဆောင်တတ်တဲ့ စိတ်ကူးရှိတယ်။

### (158) elaborate / decorated / ornamented

elaborate = ခန်းနားကြီးကျယ်သော၊ အသေးစိတ်ဖြစ်သော
decorated = မွန်းမံပြင်ဆင်ထားသော
ornamented = အလှပြင်ထားသော၊ လှပအောင် ဝတ်ဆင်တားသော

- They made ***elaborate*** plans for the party.
  သူတို့ ဧည့်ခံပွဲအတွက် အသေးစိတ် စီစဉ်ထားတယ်။
- This room is ***decorated*** with beautiful flowers.
  ဒီအခန်းကို လှပတဲ့ ပန်းတွေနဲ့ မွန်းမံပြင်ဆင်ထားတယ်။
- The bride is ***ornamented*** with precious jewellary.
  သတို့သမီးကို အဖိုးတန် ကျောက်မျက်ရတနာများနှင့် လှပအောင် ဝတ်ဆင်ပေး ထားတယ်။

### (159) elastic / flexible / resilient

elastic = ဆွဲဆန့်၍ရသော
flexible = ကွေးဆန့်၍ရသော၊ ပျော့ပြောင်းသော
resilient = နောက်ပြန်ကန်တတ်သော

- A rubber ball bounces because it is ***elastic.***
  ရာဘာဘောလုံးသည် ဆွဲဆန့်ရသောကြောင့် ပြန်၍ခုန်တက်သည်။
- Rubber is used when a very ***flexible*** tube is needed.
  အလွယ်တကူ ကွေးဆန့်လို့ရတဲ့ ဖန်ပြွန်ကို လိုချင်ရင် ကြက်ပေါင်စေးကိုပဲအသုံးပြု ကြတယ်။
- Rubber is ***resilient.***
  ကြက်ပေါင်စေးသည် ပျော့ပျဉ်း၍ နောက်ပြန်ကန်တတ်သည်။



### (160) elementary / basic / primary

elementary = အရင်းအစ၊ မူလဖြစ်သော
basic = အခြေခံဖြစ်သော
primary = မူလဖြစ်သော၊ အခြေခံဖြစ်သော၊ အဓိကဖြစ်သော

- The children were first sent to the ***elementary*** schools.
  ကလေးများကို မူလတန်းကျောင်းများမှာ စထားကြတယ်။
- Food is one of the three ***basic*** needs for human being.
  အစားအစာသည် လူသားများအတွက် အခြေခံလိုအပ်ချက် (၃)ခုအနက် တစ်ခုဖြစ် တယ်။
- His ***primary*** reason for studying was to get a better job.
  သူ့ရဲ့ မူလ အဓိက ရည်ရွယ်ချက်က အလုပ်ကောင်းကောင်းရဖို့ဖြစ်တယ်။

### (161) emotional / passionate / stirring

emotional = စိတ်ထိခိုက်လှုပ်ရှားလွယ်သော
passionate = ဒေါသကြီးသော၊ လှိုက်လှိုက်လဲလဲဖြစ်သော
stirring = တက်ကြွစေသော

- I have never seen such a ***emotional*** scene in the picture.
  ငါရုပ်ရှင်ထဲမှာ ဒီလိုစိတ်လှုပ်ရှားစရာ ကောင်းတဲ့ မြင်ကွင်းတစ်ခါမှ မကြည့်ဘူးဖူး။
- The teacher gave a ***passionate*** speech to his students.
  ဆရာက ကျောင်းသားတွေကို လှိုက်လှိုက်လဲလဲ မိန့်ခွန်းပြောခဲ့တယ်။
- We enjoyed the ***stirring*** performance of the dancers in this play.
  ဒီပြဇာတ်ထဲမှာ စိတ်တက်ကြွစရာကောင်းတဲ့ ကခွက်များကို ကြည့်ခဲ့ရတယ်။

### (162) empty / blank / vacant

empty = ဟင်းလင်းဖြစ်သော၊ ဘာမှမရှိသော
blank = လွတ်နေသော၊ ကွက်လပ်ဖြစ်သော
vacant = လွတ်နေသော၊ လစ်လပ်နေသော

- I need an ***empty*** box for packing the dishes.
  ပုဂံတွေ ထုပ်ဖို့ ငါ သေတ္တာအလွတ်တစ်လုံးလိုတယ်။
- Write your name in the ***blank*** on this form.
  ဒီပုံစံထဲက ကွက်လပ်ထဲမှာ မင်းအမည်ကို ရေးပါ။
- The house on the corner is ***vacant.***
  လမ်းထောင့်က အိမ်မှာ လူမနေဘူး လစ်လပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (163) enormous / huge / immense

enormous = အလွန်ကြီးမားသော
huge = ဧရာမ၊ အလွန်ကြီးသော
immense = ဧရာမ၊ ကြီးမားလှစွာသော

- The *enormous* building was over 100 stories high.
  အလွန်ကြီးမားသော အဆောက်အဦသည် အထပ်ပေါင်း ၁၀၀ မြင့်သည်။
- A *huge* building seems to touch the sky.
  ကြီးမားသော အဆောက်အဦသည် မိုးထိမြင့်မားသည်။
- He was left an *immense* fortune.
  သူ့အလွန်ချမ်းသာ ကြွယ်ဝပြီး ကျန်ရစ်ခဲ့တယ်။

### (164) entire / complete / whole

entire = လုံးဝပြည့်စုံသော
complete = ပြီးပြည့်စုံသော
whole = လုံးဝဖြစ်သော၊ အားလုံးဖြစ်သော

- The walls supported the *entire* weight of the roof.
  အမိုးရဲ့ အလေးချိန်အားလုံးကို နံရံတွေက ထောက်ခံထားတယ်။
- We bought a *complete* set of dishes.
  ကျွန်တော်တို့ ဟင်းပုဂံအပြည့်စုံ တစ်စုံကို ဝယ်ခဲ့တယ်။
- Rice is enough for the *whole* family.
  မိသားစုအားလုံးအတွက် ဆန်အလုံအလောက်ရှိတယ်။

### (165) equal / like / same

equal = တူညီသော၊ ညီမျှသော
like = တူသော
same = အတူတူဖြစ်သော၊ မပြောင်းလဲသော

- One half is *equal* to the other.
  တစ်ဝက်သည် အခြားတစ်ဝက်နှင့် တူညီသည်။
- Our house is *like* theirs.
  ငါတို့အိမ်က သူတို့အိမ်နဲ့ တစ်ထေရာတည်းပဲ။
- He wears the *same* suit every day.
  သူနေ့တိုင်း ဒီဝတ်စုံကို အမြဲဝတ်တယ်။



### (166) erect / upright / vertical

erect = တည့်မတ်သော
upright = မားမားမတ်မတ်နေသော
vertical = တည့်တည့်ရှိသော

- Flag poles are *erect*.
  အလံတိုင်များသည် တည့်မတ်ကြသည်။
- He stood in an *upright* position.
  သူတည့်တည့်မတ်မတ် ရပ်ခဲ့တယ်။
- The old tree is no longer *vertical*.
  သစ်ပင်အိုကြီးသည် တည့်တည့်မတ်မတ် မရှိတော့ပါ။

### (167) essential / important / necessary

essential = မရှိမဖြစ်လိုအပ်သော
important = အရေးပါအရာရောက်သော
necessary = လိုအပ်သော

- Food is *essential* for life.
  အစားအစာသည် အသက်ရှင်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။
- Watching TV is not an *important* thing for a student.
  တီဗီကြည့်ခြင်းသည် ကျောင်းသားတစ်ယောက်အတွက် အရေးမကြီးပါ။
- A car is *necessary* if we live in Yangon.
  ရန်ကုန်မြို့မှာနေရင် ကားရှိဖို့လိုတယ်။

### (168) eternal / everlasting / perpetual

eternal = အဆုံးအစမရှိသော/ သံသရာနှင့်ဆိုင်သော
everlasting = အမြဲတည်မြဲလျက်ရှိသော၊ ထာဝရ
perpetual = ဆက်တိုက်ဖြစ်သော၊ အမြဲမပြတ်သော

- He said that his religion is based on *eternal* truths.
  သူ့ရဲ့ ယုံကြည်ကိုးကွယ်မှုဟာ မပြောင်းလဲတဲ့အမှန်တရားပေါ်မှာ အခြေခံတယ်လို့ သူက ပြောတယ်။
- I am tired of your *everlasting* complaints.
  မင်းဒီလို အဆက်မပြတ် တိုင်တန်းပြောဆိုနေတာ ရွံ့မုန်းလာပြီ။
- He has a *perpetual* calendar on his desk.
  သူစားပွဲပေါ်မှာ ပြက္ခဒိန်တစ်ခု အမြဲထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (169) even / flat / level / smooth

even = ချောမွေ့သော၊ ညီညာသော
flat = ပြားသော၊ ငြီးငွေ့စရာကောင်းသော
level = ညီညာသော
smooth = ချောမွေ့သော

- The top of the table has an *even* surface.
  စားပွဲမျက်နှာပြင်က ညီညာချောမွေ့ပါတယ်။
- His farm is on *flat* land.
  သူ့ ယာခင်းက ညီညာသော မြေပြန့်ပေါ်မှာရှိတယ်။
- The floor is not *level*.
  ကြမ်းပြင်က မညီဘူး။
- The lake is as *smooth* as glass.
  ကန်ရေပြင်က မှန်သားလို ချောမွေ့နေတယ်။

### (170) eventual / consequent / ultimate

eventual = နောက်ဆုံးဖြစ်ပျက်သော
consequent = အကျိုးဆက်ဖြစ်သော
ultimate = အပြီးသတ်၊ နောက်ဆုံးဖြစ်သော

- They hoped for the *eventual* success of their plans.
  သူတို့ နောက်ဆုံး အောင်မြင်မှုကို မျှော်လင့်ခဲ့ကြတယ်။
- We will have a *consequent* matters that is to be decided.
  ဆုံးဖြတ်စရာ ကိစ္စတွေ အဆက်မပြတ်ပေါ်လာလိမ့်မယ်။
- What was his *ultimate* goal?
  သူရဲ့ နောက်ဆုံးရည်မှန်းချက် ပန်းတိုင်က ဘာလဲ။

### (171) evident / clear / plain

evident = သိသာထင်ရှားသော
clear = ကြည်လင်သော၊ သန့်စင်သော
plain = ရှင်းလင်းသော၊ ညီညာသော

- This is an *evident* mistake.
  ဒါဟာ သိသာတဲ့ အမှားတစ်ခုဖြစ်တယ်။
- We can see the stars when the sky is *clear*.
  ကောင်းကင်က ကြည်လင်သန့်ရှင်းနေရင် ကြယ်တွေကို မြင်ရတယ်။
- It is *plain* that he is against us.
  ငါ့ကို ဆန့်ကျင်နေတယ်ဆိုတာ ရှင်းနေတာပဲ။



### (172) excellent / marvelous / wonderful

excellent = ထူးကဲကောင်းမွန်သော
marvellous = အံ့သြဖွယ်ကောင်းသော
wonderful = အံ့သြစရာကောင်းသော

- He is an *excellent* student.
  သူအလွန်တော်တဲ့ ကျောင်းသားတစ်ယောက်ဖြစ်တယ်။
- He has a *marvellous* memory.
  သူ အံ့သြစရာကောင်းလောက်အောင် မှတ်ဉာဏ်ကောင်းတယ်။
- He showed *wonderful* courage.
  သူအံ့သြစရာကောင်းတဲ့ သတ္တိကို ပြတယ်။

### (173) exceptional / strange / unusual

exceptional = သာမန်မဟုတ်သော၊ ထူးခြားသော
strange = ထူးဆန်းသော
unusual = ထူးခြားသော၊ ဓါတိုင်းနှင့် မတူသော

- At the age of five, he showed *exceptional* talent as a musician.
  အသက် (၅)နှစ် အရွယ်မှာ သူပြောင်မြောက်တဲ့ ဂီတသမားတစ်ယောက်အဖြစ် ပြခဲ့တယ်။
- I saw a *strange* sight today.
  ကျွန်တော် ယနေ့ထူးဆန်းတဲ့ မြင်ကွင်းတစ်ခုတွေ့ခဲ့တယ်။
- This is the most *unusual* animal I have ever seen.
  ငါမြင်ဖူးတဲ့ တိရစ္ဆာန်ထဲမှာ အထူးခြားဆုံး တိရစ္ဆာန်ပဲ။

### (174) experienced / expert / skilled

experienced = အတွေ့အကြုံများသော၊ ကျွမ်းကျင်သော
expert = အထူးကျွမ်းကျင်သော၊ ပြောင်မြောက်သော
skilled = ကျွမ်းကျင်သော၊ ကျင့်သားရပြီးသော

- My mother is an *experienced* English teacher.
  ကျွန်တော့် အမေက အတွေ့အကြုံရှိတဲ့ အင်္ဂလိပ်စာပြ ဆရာဖြစ်တယ်။
- He is an *expert* driver.
  သူသည် ကျွမ်းကျင်သော ဒရိုင်ဘာ တစ်ယောက်ဖြစ်သည်။
- Making watches is a *skilled* work.
  နာရီပြုလုပ်ခြင်းဟာ ကျွမ်းကျင်မှုလိုတဲ့ အလုပ်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (175) extensive / spacious / vast

extensive = ကျယ်ဝန်းသော၊ ကျယ်ပြန့်သော
spacious = နေရာကျယ်သော
vast = ကြီးမားကျယ်ပြန့်သော

- They have made an ***extensive*** scheme.
  သူတို့ ကျယ်ကျယ်ပြန့်ပြန့် စီမံကိန်းရေးဆွဲပြီးပြီ။
- We have a ***spacious*** room in our house.
  ကျွန်တော်တို့ အိမ်မှာ အခန်းကျယ်တစ်ခုရှိတယ်။
- They have a ***vast*** land of vegetables.
  သူတို့မှာ ကျယ်ပြန့်တဲ့ အသီးအရွက် စိုက်ခင်းကြီးရှိတယ်။

### (176) external / exterior / outside

external = အပြင်ဘက်ဖြစ်သော
exterior = အပြင်အပဖြစ်သော
outside = အပြင်ဘက်၌ရှိသော

- This medicine is for ***external*** use only.
  ဒီဆေးက အပြင်မှာ အသုံးပြုဖို့ သက်သက်ပါပဲ။
- The ***exterior*** of the house was brick.
  အိမ်ရဲ့ အပြင်ဘက်က အုတ်တွေဖြစ်တယ်။
- They painted the ***outside*** of the house.
  သူတို့ အိမ်အပြင်ဆားကို ဆေးသုတ်ခဲ့ကြတယ်။

### (177) extinct / dead / lost / vanished

extinct = ငြိမ်းသော၊ ပျောက်ကွယ်သွားသော
dead = သေသော၊ အသက်မဲ့သော
lost = ပျောက်ဆုံးသွားသော၊ ကုန်ဆုံးသွားသော
vanished = ပျောက်ကွယ်သွားသော

- Mt. Papa is an ***extinct*** volcano.
  ပုပ္ပါးတောင်ဟာ မီးငြိမ်းတောင်တစ်ခုဖြစ်တယ်။
- The ***dead*** bodies were burried in the ground.
  လူသေအလောင်းများကို မြေကြီးထဲမှာ မြှုပ်နှံကြတယ်။
- They have found the ***lost*** money.
  သူပျောက်သွားတဲ့ ပိုက်ဆံတွေ ပြန်တွေ့တယ်။



### (178) extraordinary / rare / remarkable

extraordinary = ထူးခြားသော၊ သာမန်မဟုတ်သော
rare = ရှားပါးသော၊ ကြုံခဲလှသော
remarkable = ထင်ရှားမှတ်သားလောက်သော

- A genius has ***extraordinary*** talents.
  ပါရမီရှင်မှာ ထူးခြားတဲ့ စွမ်းရည်များရှိတယ်။
- Horses are ***rare*** in cities.
  မြို့ကြီးတွေထဲမှာ မြင်းတွေမရှိသလောက် ရှားပါးနေပြီ။
- He told me a ***remarkable*** story.
  သူ ကျွန်တော့ကို မှတ်သားလောက်တဲ့ အဖြစ်အပျက်တစ်ခုပြောပြတယ်။

### (179) extravagant / excessive / wasteful

extravagant = အလွန်အကျွံဖြုန်းသော
excessive = ပိုလွန်သော၊ မမျှတသော
wasteful = ဖြုန်းတီးသော၊ အလဟဿကုန်ခန်းစေသော

- He is ***extravagant.***
  သူအလွန်အသုံးအစွဲကြီးတယ်။
- The amounts she borrowed were not ***excessive.***
  သူမ ချေးလာတဲ့ ငွေပမာဏက သိပ်မများလွန်းပါဘူး။
- The engine of this car is ***wasteful*** of fuel.
  ဒီကား အင်ဂျင်က ဆီစားလွန်းတယ်။

### (180) extreme / greatest / ultimate

extreme = အဆုံးစွန်ဖြစ်သော၊ အလွန်အကြူးဖြစ်သော
greatest = အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံးဖြစ်သော
ultimate = အပြီးသတ်ဖြစ်သော၊ နောက်ဆုံးဖြစ်သော

- He uses ***extreme*** care when driving in the rain.
  သူမိုးရေထဲမှာ ကားမောင်းတဲ့အခါ သိပ်ဂရုစိုက်တယ်။
- Kyansitha is one of the ***greatest*** Kings in Myanmar.
  ကျန်စစ်သားမြန်မာနိုင်ငံရှိ အထင်ရှားအမြတ်ဆုံးဘုရင်တစ်ပါးဖြစ်တယ်။
- What is his ***ultimate*** goal?
  သူ့ရဲ့ နောက်ဆုံးပန်းတိုင်က ဘာလဲ။

www.burmeseclassic.com

www.burmeseclassic.com



### (181) fabulous / amazing / unbelievable

fabulous = မယုံနိုင်လောက်အောင်ဖြစ်သော
amazing = အံ့မှယ်ကောင်းသော
unbelievable = ယုံစရာမဟုတ်သော၊ မယုံနိုင်လောက်အောင်ဖြစ်သော

- He possessed ***fabulous*** wealth.
  သူမယုံနိုင်လောက်အောင် ကြွယ်ဝချမ်းသာတယ်။
- This is an ***amazing*** story.
  ဒါ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ။
- We had an ***unbelievable*** time in Chaungtha last summer.
  လွန်ခဲ့တဲ့ နွေရာသီက ကျွန်တော်တို့ ချောင်းသာမှာ မယုံကြည်နိုင်လောက်အောင် ပျော်ခဲ့ကြတယ်။

### (182) factual / correct / true

factual = ဟုတ်မှန်သော၊ မှန်ကန်သော
correct = မှန်ကန်စေသော၊ အမှန်ဖြစ်အောင် ပြုလုပ်သော
true = ဟုတ်သော၊ မှန်သော

- The reporter gave the ***factual*** account to the newspaper.
  သတင်းထောက်သည် သတင်းစာတိုက်သို့ မှန်ကန်သော သတင်းအချက်အလက်များကို ပေးခဲ့သည်။
- He gave the ***correct*** answer.
  သူသည် မှန်ကန်သော အဖြေကို ပေးခဲ့သည်။
- The teacher says his statment is ***true.***
  ဆရာမက သူပြောတာ မှန်တယ်လို့ ပြောတယ်။

### (183) faint / feeble / weak

faint = အားနည်းသော၊ တိုးညှင်းသော
feeble = မသန်စွမ်းသော၊ ချိနဲ့သော
weak = ချိနဲ့သော၊ အင်အားမရှိသော၊ မခိုင်မြဲသော

- We heard a ***faint*** cry for help.
  ကျွန်တော်တို့ အကူအညီတောင်းသံ သဲ့သဲ့ကလေးကြားတယ်။
- He was too ***feeble*** to lift the chair.
  သူမှာ ကုလားထိုင်ကို မနိုင်လောက်အောင် ခွန်အားမရှိဘူး။
- The sick man is very ***weak.***
  လူနာ သိပ်အားနည်းနေတယ်။



### (184) fainthearted / shy / timid

fainthearted = သူရဲဘောနည်းသော
shy = ရှက်သော
timid = ကြောက်ရွံ့သော

- He was too ***fainthearted*** to ask her to marry him.
  သူမကို လက်ထပ်ရန် ပြောဖို့ သူရဲဘောနည်းလွန်းတယ်။
- She is a ***shy*** child.
  သူမ ရှက်တတ်တဲ့ မိန်းကလေးဖြစ်တယ်။
- The ***timid*** child would not greet the guest.
  ကြောက်တတ်တဲ့ ကလေးဟာ ဧည့်သည်ကို နှုတ်ဆက်မှာ မဟုတ်ပါ။

### (185) fair / honest / just

fair = သင့်တော်သော၊ တရားမျှတသော
honest = ရိုးသားသော
just = တရားမျှတသော၊ ဖြောင့်မတ်သော

- They received a ***fair*** share of the money.
  သူတို့ ရသင့်တဲ့ ဝေစုကို ရခဲ့ကြတယ်။
- He is an ***honest*** person.
  သူဟာ ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်တယ်။
- A good judge is a ***just*** man.
  တရားသူကြီးကောင်းဆိုတာ ဖြောင့်မတ်သူဖြစ်တယ်။

### (186) faithful / devoted / loyal

faithful = သစ္စာရှိသော၊ မှန်ကန်သော
devoted = သစ္စာခိုင်မြဲသော၊ အချစ်အကြင်နာကြီးသော
loyal = သစ္စာရှိသော

- He is a ***faithful*** friend to me.
  သူဟာ ကျွန်တော့်အပေါ် သစ္စာရှိတဲ့ မိတ်ဆွေဖြစ်တယ်။
- She is a ***devoted*** wife of my brother.
  သူမဟာ ကျွန်တော့်အကိုရဲ့ သစ္စာခိုင်မြဲတဲ့ ဇနီးဖြစ်တယ်။
- We should trust him as he is ***loyal*** to us.
  သူကျွန်တော်တို့အပေါ် သစ္စာရှိလို့ သူ့ကို ယုံကြည်သင့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (187) famed / famous / well-known

famed = ကျော်စောသော၊ နာမည်ကျော်သော
famous = ထင်ရှားသော၊ ကျော်ကြားသော
well-known = ထင်ရှားသော၊ နာမည်ကျော်သော

- She was ***famed*** for her hospitality.
  သူမသည် ဧည့်ဝတ်ကျေပွန်သည်ဟု နာမည်ကျော်သည်။
- His father is a ***famous*** writer.
  သူ့အဖေက ထင်ရှားတဲ့ စာရေးဆရာတစ်ယောက် ဖြစ်တယ်။
- He is a ***well-known*** actor.
  သူဟာ နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ဖြစ်တယ်။

### (188) familiar / common / ordinary

familiar = သိကျွမ်းသော၊ ရင်းနှီးသော
common = ယေဘုယျဖြစ်သော၊ အများနှင့် ဆိုင်သော
ordinary = သာမန်ဖြစ်သော၊ မထူးခြားသော

- He was ***familiar*** with my family.
  သူ ကျွန်တော်တို့ မိသားစုနဲ့ ခင်မင်သိကျွမ်းပါတယ်။
- Our ***common*** interest in art brought us together.
  ကျွန်တော်တို့ ပန်းချီဝါသနာချင်းတူလို့ ဒီလိုစုစည်းမိကြတာပါ။
- This is not an ***ordinary*** day but a holiday.
  ဒီနေ့ဟာ သာမန်နေ့မဟုတ်ဘူး၊ ရုံးပိတ်ရက်ပါ။

### (189) fashionable / smart / stylish

fashionable = ခေတ်ဆန်သော
smart = တော်သော၊ ဖြတ်လတ်သော
stylish = စတိုင်ကျသော၊ ကြော့ရှင်းသော

- She wears ***fashionable*** clothes.
  သူမ ခေတ်ဆန်တဲ့ အဝတ်တွေကို ဝတ်တယ်။
- She is a ***smart*** girl.
  သူမ ဖြတ်လတ်သွက်လက်တဲ့ ကလေးမလေးဖြစ်တယ်။
- Her hair is ***stylish*** according to the latest fashion.
  သူမရဲ့ ဆံပင်က နောက်ဆုံးပေါ် ဖက်ရှင်နဲ့ ကြော့ရှင်းနေတာပဲ။



### (190) fast / quick / rapid

fast = ခိုင်မြဲသော၊ လျှင်မြန်သော
quick = သွက်လက်လှုပ်ရှားသော၊ မြန်ဆန်သော
rapid = လျှင်မြန်သော၊ အရှိန်မြန်သော

- That clock is a little ***fast***.
  အဲဒီနာရီနည်းနည်းမြန်နေတယ်။
- The soldiers marched at a ***quick*** speed.
  စစ်သားများ အရှိန်မြန်မြန်နဲ့ ချီတက်လမ်းလျှောက်ကြတယ်။
- The ***rapid*** growth of the city surprised us.
  ကျွန်တော်တို့ မြို့တော်လျှင်မြန်စွာ ကြီးထွားလာတာကို အံ့အားသင့်ခဲ့ကြတယ်။

### (191) fat / greasy / oily

fat = ဝသော၊ ဆူသော၊ အဆီများသော
greasy = အဆီပေနေသော၊ အဆီများသော
oily = အဆီရွှဲနေသော

- He is a ***fat*** but healthy baby.
  သူဝပေမဲ့ ကျန်းမာတဲ့ ကလေးတစ်ယောက်ဖြစ်တယ်။
- This pan is ***greasy***. Please clean it.
  ဒီဒယ်အိုးမှာ ဆီတွေ ပေနေတယ်၊ သုတ်လိုက်ပါအုံး။
- They are wiping the ***oily*** machine.
  သူတို့ အဆီရွှဲနေတဲ့ စက်ကို သုတ်နေကြတယ်။

### (192) ferocious / fierce / wild

ferocious = ရက်စက်ကြမ်းကြုတ်သော
fierce = ကြမ်းတမ်းခက်ထန်သော၊ ပြင်းထန်သော
wild = ရိုင်းစိုင်းသော

- Tiger is a ***ferocious*** animal.
  ကျားသည် ရက်စက်ကြမ်းကြုတ်သော တိရစ္ဆာန်ဖြစ်သည်။
- He had a ***fierce*** look.
  သူမှာ ကြမ်းတမ်းခက်ထန်သော မျက်နှာထားရှိတယ်။
- ***Wild*** animals usually live in deep forest.
  တိရစ္ဆာန်ရိုင်းများသည် တောနက်ထဲမှာ နေလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



### (193) fertile / productive / rich

fertile = မြေဩဇာထက်သန်သော
productive = ဖြစ်ထွန်းစေသော
rich = ချမ်းသာကြွယ်ဝသော

- His land is ***fertile.***
  သူ့ယာမြေက မြေဩဇာကောင်းတယ်။
- The conference was ***productive*** of new ideas.
  ညီလာခံက စိတ်ကူးသစ်များကို ဖြစ်ထွန်းစေတယ်။
- He is a ***rich*** man.
  သူသည် လူချမ်းသာတစ်ယောက်ဖြစ်သည်။

### (194) festive / joyful / merry

festive = ပျော်ပွဲသဘင်နှင့် ဆိုင်သော/ပျော်မြူးသော
joyful = ပျော်စရာကောင်းသော
merry = ပျော်ရွှင်သော၊ ပျော်မြူးသော

- His birthday was a ***festive*** occation.
  သူ့မွေးနေ့ဟာ ပျော်စရာကောင်းတဲ့ နေ့ဖြစ်တယ်။
- It was ***joyful*** to travel by train.
  မီးရထားနဲ့ ခရီးသွားရတာ ပျော်စရာကောင်းတယ်။
- We all had such a ***merry*** time on his birthday.
  သူ့မွေးနေ့မှာ ကျွန်တော်တို့ အားလုံးသိပ်ပျော်ကြတယ်။

### (195) final / last / terminal

final = နောက်ဆုံးဖြစ်သော
last = နောက်ဆုံး၊ နောက်ဆုံးဖြစ်သော
terminal = အစွန်အဖျားဖြစ်သော

- The ***final*** test was the hardest one of the year.
  နောက်ဆုံး စာမေးပွဲဟာ နှစ်ရဲ့ အခက်ဆုံး စာမေးပွဲဖြစ်တယ်။
- December 31 is the ***last*** day of the year.
  ဒီဇင်ဘာလ ၃၁ ရက်ဟာ နှစ်ရဲ့ နောက်ဆုံးနေ့ဖြစ်တယ်။
- He has a ***terminal*** illness.
  သူ့မှာ နောက်ဆုံးပျားနာခြင်းဖြစ်တယ်။



### (196) firm / rigid / stiff

firm = ခိုင်မြဲသော၊ ခိုင်ခန့်သော
rigid = တောင့်တင်းသော၊ ကွေးကောက်မရသော
stiff = ကွေးမရသော၊ ပုံဖော်မရသော

- He has very ***firm*** idea.
  သူ့မှာ ခိုင်မြဲတဲ့ စိတ်ကူးရှိတယ်။
- The tent was supported by ***rigid*** poles.
  တဲကို တောင့်တင်းတဲ့ တိုင်များနဲ့ ထောက်ခံထားတယ်။
- The paint brush was too ***stiff*** to use.
  ဆေးသုတ်တံဟာ သုံးမရလောက်အောင် မာခဲနေပြီ။

### (197) fit / suitable / proper

fit = သင့်လျော်သော
suitable = သင့်လျော်သော
proper = သင့်လျော်သော

- Is that book ***fit*** for young people to read?
  ဒီစာအုပ်က ကလေးအတွက် ဖတ်ဖို့ သင့်တော်ရဲ့လား။
- The children should be given ***suitable*** diet.
  ကလေးများကို သင့်လျော်တဲ့ အစားအစာတွေ ကျွေးရမယ်။
- He put the book in its ***proper*** place on the book-shelf.
  သူစာအုပ်ကို စာအုပ်စင်ပေါ်မှာ နေရာတကျထားလိုက်တယ်။

### (198) foolish / silly / stupid

foolish = မိုက်မဲသော
silly = မိုက်မဲသော၊ ရူးနှမ်းသော
stupid = ဉာဏ်ထိုင်းသော

- He is very ***foolish*** to smoke too much.
  သူ ဆေးလိပ်အရမ်းသောက်တာ သိပ်မိုက်ပဲ။
- He often made ***silly*** mistakes.
  သူ မကြာခဏ ရူးနှမ်းနှမ်း အမှားတွေ လုပ်တယ်။
- Some students are ***stupid*** in learning their lessons.
  အချို့ကျောင်းသားတွေ စာသင်ရာမှာ ဉာဏ်အလွန်လေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (199) former / earlier / previous

former = ရှေးအခါကဖြစ်သော

earlier = ပို၍စောသော

previous = အလျင်ကျသော၊ ပိုစောသော

- He is a ***former*** teacher.
  သူယခင်က ဆရာတစ်ယောက်ဖြစ်တယ်။
- He arrived home at his ***earlier*** time.
  သူအခါတိုင်းထက် စောပြီး အိမ်ပြန်ရောက်တယ်။
- We had met in the ***previous*** month.
  လွန်ခဲ့တဲ့လကတည်းက ကျွန်တော်တို့ တွေ့ဆုံဖူးကြတယ်။

### (200) fortunate / blessed / lucky

fortunate = ကံကောင်းသော

blessed = မြင့်မြတ်သော၊ ကံကောင်းသော

lucky = ကံကောင်းသော

- He was ***fortunate*** to get the first prize in the state lottery.
  သူအစိုးရ ထီဖွင့်ပွဲမှာ ပထမဆုရတာ သိပ်ကံကောင်းတာပဲ။
- She was ***blessed*** to have good children.
  လိမ္မာတဲ့ ကလေးတွေ မွေးရတာ သူမ ကံကောင်းပါတယ်။
- They were ***lucky*** to get good jobs.
  သူတို့ အလုပ်ကောင်းကောင်းရတာ ကံကောင်းပါတယ်။

### (201) foul / dirty / impure

foul = ရွံ့စရာကောင်းသော

dirty = ညစ်ပတ်သော

impure = မသန့်စင်သော

- The old well was ***foul*** with leaves.
  ရေတွင်းဟောင်းကြီးက သစ်ရွက်များနဲ့ ရွံ့စရာကောင်းတယ်။
- We shouldn't eat the food with ***dirty*** hands.
  ကျွန်တော်တို့ ညစ်ပတ်တဲ့ လက်တွေနဲ့ အစာမစားသင့်ဘူး။
- ***Impure*** water makes the people sick.
  မသန့်စင်သော ရေသည် လူများကို ဖျားနာစေပါသည်။



### (202) fragrant / scented / sweet-smelling

fragrant = မွှေးကြိုင်သင်းပျံ့သော

scented = မွှေးသော

sweet-smelling = မွှေးကြိုင်သော၊ ရနံ့သင်းသော

- The flowers in the garden are ***fragrant***.
  ဥယျာဉ်ထဲက ပန်းတွေ မွှေးကြိုင်နေကြသည်။
- I like ***scented*** food for breakfast.
  ငါမနက်စာကို အမွှေးပါတဲ့ အစားအစာကို ကြိုက်တယ်။
- Rose is a kind of ***sweet-smelling*** flower.
  နှင်းဆီပန်းဟာ မွှေးရနံ့သင်းတဲ့ ပန်းတစ်မျိုးဖြစ်တယ်။

### (203) frank / honest / open

frank = ပွင့်လင်းသော

honest = ရိုးသားသော

open = ဖွင့်ထားသော

- He likes the boy's ***frank*** way of speaking.
  သူကောင်ကလေးရဲ့ ပွင့်ပွင့်လင်းလင်းပြောဆိုဟန်ကို နှစ်သက်တယ်။
- He is an ***honest*** person
  သူရိုးသားတဲ့ လူတစ်ယောက်ဖြစ်တယ်။
- He walked through the ***open*** door.
  သူဖွင့်ထားတဲ့ တံခါးအတိုင်း ဝင်သွားတယ်။

### (204) free / independent / liberated

free = လွတ်လပ်သော၊ အားလပ်သော

independent = လွတ်လပ်သော၊ အချုပ်အချယ်ကင်းသော

liberated = လွတ်မြောက်သော၊ ချုပ်ချယ်မှုကင်းသော

- They were fighting to make their country ***free***.
  သူတို့ သူတို့နိုင်ငံကို လွတ်လပ်ဖို့ တိုက်ခိုက်နေကြတယ်။
- He is an ***independent*** thinker.
  သူသည် လွတ်လပ်စွာ တွေးခေါ်သူတစ်ဦးဖြစ်သည်။
- My aunty is a ***liberated*** woman.
  ကျွန်တော့် အဒေါ်က လွတ်လပ်သော အမျိုးသမီးတစ်ဦးဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (205) fresh / new / pure

fresh = သန့်ရှင်းလတ်ဆတ်သော
new = သစ်သော၊ အသစ်ဖြစ်သော
pure = သန့်ရှင်းသော၊ မျိုးစစ်သော

- These eggs are ***fresh***.
  ဒီကြက်ဥတွေက လတ်ဆတ်တယ်။
- He discovered a ***new*** way to solve the problem.
  သူဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းအသစ်တွေ့ခဲ့တယ်။
- Her dress was made of ***pure*** silk.
  သူမရဲ့ ဝတ်စုံကို ပိုးထည်စစ်စစ်နဲ့ လုပ်ထားတယ်။

### (206) full / complete / filled

full = ပြည့်နေသော
complete = ပြည့်စုံသော
filled = ပြည့်အောင်ဖြည့်ထားသော

- I drank a ***full*** glass of water.
  ကျွန်တော် ရေတစ်ဖန်ခွက်လုံး သောက်လိုက်တယ်။
- We bought a ***complete*** set of dishes.
  ကျွန်တော်တို့ ဟင်းပုဂံတစ်စုံကို ဝယ်လာခဲ့တယ်။
- I can not sit in the room ***filled*** with smoke.
  ကျွန်တော်မီးခိုးတွေ ပြည့်နေတဲ့ အခန်းထဲမှာ ကြာကြာမနေနိုင်ဘူး။

### (207) fundamental / elementary / principal

fundamental = အခြေခံကျသော
elementary = အခြေခံဖြစ်သော
principal = အဓိကဖြစ်သော

- They had ***fundamental*** differences of opinion.
  သူတို့မှာ မတူညီတဲ့ အခြေခံ ထင်မြင်ယူဆချက်တွေ ရှိတယ်။
- The ***elementary*** priciples of mathematics are taught in the lower grade at school.
  ကျောင်းတွေမှာ အခြေခံ သင်္ချာစည်းမျဉ်းများကို မူလတန်းအဆင့်မှာ သင်ကြရတယ်။
- Our ***principal*** needs are food, shelter and clothing.
  ကျွန်တော်တို့ရဲ့ အဓိက လိုအပ်ချက်တွေက စားစရာ၊ နေစရာနဲ့ ဝတ်စရာပစ္စည်းများပါပဲ။



### (208) funny / amusing / comic

funny = ရယ်စရာကောင်းသော
amusing = ရယ်စေသော
comic = ဟာသမြောက်သော၊ ရယ်ရသော

- Every one laughed at his ***funny*** story.
  သူပြောတဲ့ ရယ်စရာပုံပြင်ကို လူတိုင်း ရယ်ကြတယ်။
- We like to read ***amusing*** stories.
  ရယ်စရာကောင်းတဲ့ ပုံပြင်တွေကို ဖတ်ရတာ နှစ်သက်တယ်။
- The play is both ***comic*** and tragic.
  ပြဇာတ်က ရယ်လည်း ရယ်ရတယ်၊ ငိုလည်း ငိုရတယ်။

### (209) furious / angry / enraged

furious = ဒေါသထွက်သော၊ ပြင်းထန်သော
angry = စိတ်ဆိုးသော
enraged = စိတ်ဆိုးနေသော

- He was ***furious*** when he heard the news.
  သူဒီသတင်းကြားတဲ့အခါ အလွန်ဒေါသထွက်ခဲ့တယ်။
- An ***angry*** crowd gathered in the street and shouted loudly.
  ဒေါသထွက်နေတဲ့ လူအုပ်ကြီးဟာ လမ်းထဲမှာ စုရုံးလာပြီး ကျယ်လောင်စွာ အော်ဟစ်ကြတယ်။
- The teacher was ***enraged*** by the students.
  ကျောင်းသားတွေကြောင့် ဆရာ ဒေါသထွက်နေတယ်။

### (210) future / approaching / coming

future = နောင်တစ်ချိန်တွင် ဖြစ်မည်ဖြစ်သော
approaching = နီးကပ်နေသော
coming = လာမည်ဖြစ်သော

- They are looking forward to my ***future*** days.
  သူတို့ ကျွန်တော်ရဲ့ အနာဂါတ်နေ့ရက်တွေကို စောင့်ကြည့်နေကြတယ်။
- Our summer holidays are ***approaching***.
  ကျွန်တော်တို့ နွေရာသီကျောင်းပိတ်ရက် အချိန်နီးလာပြီ။
- We are going to leave home on ***coming*** Sunday.
  လာမည့် တနင်္ဂနွေနေ့မှာ ကျွန်တော်တို့ အိမ်က ထွက်ကြမယ်။

www.burmeseclassic.com

www.burmeseclassic.com



### (211) generous / charitable / unselfish

generous = သဘောထားကြီးသော၊ ရက်ရောသော
charitable = လှူဒါန်းသော၊ တနာသော
unselfish = တစ်ကိုယ်ကောင်း မဆန်သော

- He is ***generous*** to his friends.
  သူ သူငယ်ချင်းများအပေါ် သဘောကောင်းတယ်။
- She is very ***charitable*** to the poor.
  သူမသည် ဆင်းရဲသူများအပေါ် အလွန်တနာ ပေးကမ်းလိုသည်။
- He was ***unselfish*** to share his candy.
  သူ သူ့ရဲ့မုန့်ကို တစ်ကိုယ်ကောင်းမဆန်ပဲ အမြဲဝေစားတယ်။

### (212) gentle / amiable / mild

gentle = သိမ်မွေ့သော၊ နူးညံ့သော
amiable = ကြင်နာသနားတတ်သော
mild = နူးညံ့ပျော့ပျောင်းသော

- He has a ***gentle*** manner.
  သူ အလွန်နူးညံ့သိမ်မွေ့ပါတယ်။
- He spoke in an ***amiable*** manner.
  သူစကားပြောရင် ကြင်ကြင်နာနာ ပြောပါတယ်။
- She is a very ***mild*** person.
  သူမ ဟာ အလွန်နူးညံ့ပျော့ပျောင်းပါတယ်။

### (213) genuine / actual / real / true

genuine = စစ်မှန်သော
actual = အမှန်တကယ်ဖြစ်သော
real = စစ်မှန်သော
true = မှန်ကန်သော၊ သစ္စာရှိသော

- It is a ***genuine*** gold ring.
  အဲဒါ ရွှေလက်စွပ်အစစ်ပါ။
- He is the one who has the ***actual*** power.
  သူအမှန်တကယ် ဩဇာအာဏာရှိသူဖြစ်တယ်။
- This is a ***real*** diamond.
  ဒါ စိန်အစစ်ပါ။
- He is always ***true*** to his friend.
  သူမိတ်ဆွေအပေါ်မှာ အမြဲသစ္စာရှိပါတယ်။



### (214) glad / delighted / pleased

glad = ဝမ်းသာသော
delighted = နှစ်ထောင်းအားရသော
pleased = ကျေနပ်နှစ်သက်သော

- We were ***glad*** to see you.
  မင်းကို တွေ့ရတာ တို့ ဝမ်းသာတယ်။
- They were ***delighted*** to hear good news.
  သတင်းကောင်းကြားရလို့ သူတို့ အားရဝမ်းသာနေကြတယ်။
- I am ***pleased*** to receive valuable gifts.
  အဖိုးတန် လက်ဆောင်တွေရလို့ ကျွန်တော် ကျေနပ်ပါတယ်။

### (215) global / international / worldwide

global = တစ်ကမ္ဘာလုံးနှင့် ဆိုင်သော
international = နိုင်ငံတကာနှင့် ဆိုင်သော
worldwide = ကမ္ဘာအနှံ့အပြား

- The United Nations is a ***global*** organization.
  ကုလသမဂ္ဂဆိုတာ တစ်ကမ္ဘာလုံးနဲ့ ဆိုင်တဲ့ အသင်းကြီးဖြစ်တယ်။
- English is an ***international*** language.
  အင်္ဂလိပ်ဘာသာဟာ နိုင်ငံတကာ သုံးတဲ့ ဘာသာစကားဖြစ်တယ်။
- His works enjoy a ***world-wide*** fame.
  သူရေးတဲ့ စာအုပ်တွေက ကမ္ဘာအနှံ့ကျော်ကြားတယ်။

### (216) gloomy / morose / sad

gloomy = မဲမှောင်သော၊ သုန်မှုန်သော
morose = စိတ်မချမ်းမသာဖြစ်သော
sad = ဝမ်းနည်းသော၊ ထိုင်းမှိုင်းလေးလံသော

- It was wet and ***gloomy*** day.
  အဲဒီနေ့က စွတ်စိုပြီး မိုးမှောင်ကျနေတဲ့ နေ့ပါပဲ။
- She just sat there looking ***morose***.
  သူမ စိတ်မချမ်းမသာနဲ့ ဟိုမှာ ထိုင်နေတယ်။
- We are very ***sad*** to hear that you are leaving.
  မင်းသွားတော့မယ်ဆိုလို့ တို့စိတ်မကောင်းဖြစ်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (217) glorious / noted / splendid

glorious = ဂုဏ်ကျက်သရေရှိသော
noted = ထင်ရှားကျော်ကြားသော
splendid = တင့်တယ်ခန့်ငြားသော၊ ခန့်နားထယ်ဝါသော

- He made a ***glorious*** victory in the battle.
  သူတိုက်ပွဲမှာ ဂုဏ်ကျက်သရေဆောင်နိုင်အောင် အောင်မြင်ခဲ့တယ်။
- Myanmar is ***noted*** for its natural resorces.
  သဘာဝ သယံဇာတပစ္စည်းများကြောင့် မြန်မာနိုင်ငံဟာ ထင်ရှားတယ်။
- They live in a ***splendid*** house.
  သူတို့ ခန့်နားသော အိမ်တစ်အိမ်ထဲမှာ နေကြတယ်။

### (218) good / suited / proper

good = ကောင်းသော၊ တော်သော
suited = သင့်တော်သော၊ လိုက်ဖက်သော
proper = သင့်လျော်သော၊ ကောင်းမွန်သော

- Her school work is always ***good.***
  သူ့ကျောင်းစာတွေမှာ အမြဲတမ်းတော်ပါတယ်။
- He is not really ***suited*** for a teaching career.
  သူဟာ ကျောင်းဆရာ အလုပ်နဲ့ အသက်မွေးဖို့ လုံးဝ မသင့်တော်ဘူး။
- When are you going to get a ***proper*** job?
  မင်းဘယ်တော့ အလုပ်ကောင်းကောင်းရမှာလဲ။

### (219) gracious / friendly / kind

gracious = ချစ်ခင်နှစ်သက်ဖွယ်ဖြစ်သော
friendly = ခင်မင်သော၊ ဖော်ရွေသော
kind = ကြင်နာသော

- My teacher is a young and ***gracious*** lady.
  ကျွန်တော့် ဆရာမသည် ငယ်ရွယ်ပြီး ချစ်စရာကောင်းသော အမျိုးသမီးဖြစ်ပါသည်။
- My neighbours are very ***friendly***.
  ကျွန်တော့် အိမ်နီးချင်းများဟာ အလွန် ခင်တတ်ပါတယ်။
- My father is a very ***kind*** and helpful person.
  ကျွန်တော့် ဖခင်သည် အလွန်ကြင်နာပြီး ကူညီတတ်သူတစ်ဦးဖြစ်ပါသည်။



### (220) grand / great / royal

grand = ခမ်းနားကြီးကျယ်သော
great = ကြီးမားသော၊ များပြားသော
royal = ဘုရင်နှင့်ဆိုင်သော၊ ကြီးကျယ်မြင့်မြတ်သော

- They live in a ***grand*** house.
  သူတို့ ကြီးကျယ်ခမ်းနားသော အိမ်ထဲမှာ နေကြတယ်။
- Eight million people live in the ***great*** city.
  မြို့ကြီးထဲမှာ လူဦးရေ ရှစ်သန်းနေထိုင်ကြတယ်။
- He is a member of the ***royal*** family.
  သူဘုရင့်မျိုးနွယ် မိသားစုဝင်တစ်ဦးဖြစ်တယ်။

### (221) grateful / appreciative / thankful

grateful = ကျေးဇူးသိတတ်သော
appreciative = တန်ဖိုးထားသော၊ ကျေးဇူးတင်သော
thankful = ကျေးဇူးသိသော

- We are ***grateful*** for your help.
  မင်းကူညီတဲ့အတွက် ငါတို့ ကျေးဇူးတင်ပါတယ်။
- She ***appreciated*** the gifts she received on her birthday.
  မွေးနေ့မှာ ရတဲ့ လက်ဆောင်တွေကို သူမတန်ဖိုးထားတယ်။
- I was ***thankful*** that they hadn't asked for more.
  နောက်ထပ် ထပ်မတောင်းတာကို ကျေးဇူးတင်ပါတယ်။

### (222) great / large / enormous

great = ကြီးမားသော၊ များပြားသော
large = ကြီးသော၊ ကျယ်ပြန့်သော
enormous = အလွန်ကြီးမားသော

- A ***great*** crowd had gathered in the street.
  လမ်းထဲမှာ လူအုပ်ကြီး စုရုံးရောက်လာကြတယ်။
- We live in a ***large*** city.
  ကျွန်တော်တို့ ကြီးမားတဲ့ မြို့ထဲမှာ နေကြတယ်။
- The ***enormous*** building was over 100 stories high.
  ကြီးမားတဲ့ အဆောက်အဦကြီးသည် အထပ်ပေါင်း ၁၀၀ မြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (223) greedy / grasping / selfish

greedy = လောဘကြီးသော
grasping = ဆုတ်ကိုင်ထားသော
selfish = တစ်ကိုယ်ကောင်းဆန်သော

- The shareholdres are ***greedy*** for profit.
  အစုဝင်တွေက အမြတ်ရဖို့ လောဘကြီးကြတယ်။
- He was a ***grasping*** landlord in this village.
  ဒီရွာမှာ သူဟာ လောဘကြီးတဲ့ မြေပိုင်ရှင်တစ်ဦးဖြစ်တယ်။
- He was very ***selfish***.
  သူအလွန်တစ်ကိုယ်ကောင်းဆန်တယ်။

## (224) grim / harsh / severe / stern

grim = ရက်စက်သော၊ တင်းမာသော
harsh = ကြမ်းတမ်းသော၊ ရက်စက်သော
severe = တင်းမာသော၊ ခက်ထန်သော
stern = တင်းကျပ်သော၊ တင်းမာသော

- The judge had a ***grim*** look on his face.
  တရားသူကြီးသည် အလွန်မျက်နှာထား တင်းမာသည်။
- She has a ***harsh*** voice.
  သူမသည် အပြောအဆို အလွန်ကြမ်းတမ်းသည်။
- The man was given a ***severe*** punishment.
  ဒီလူကြီးကို ပြင်းထန်စွာ အပြစ်ပေးလိုက်တယ်။
- The judge was ***stern*** as he spoke.
  တရားသူကြီး စကားပြောတဲ့အခါ အလွန်တင်းမာတယ်။

## (225) guilty / culpable / responsible

guilty = အပြစ်ရှိသော
culpable = အပြစ်ဆိုထိုက်သော
responsible = တာဝန်ရှိသော

- He is ***guilty*** of breaking the windows.
  သူမှာ ပြူတင်းပေါက်တွေ ဖျက်ဆီးတဲ့ အပြစ်ရှိတယ်။
- He was ***culpable*** because the accident happened carelessly.
  ဂရုမစိုက်ဘဲ ထိခိုက်မှုဖြစ်လို့ သူ့ကို အပြစ်ဆိုထိုက်တယ်။
- He is ***responsible*** for designing the entire project.
  စီမံကိန်းကြီးတစ်ခုလုံး ရေးဆွဲဖို့ သူမှာ တာဝန်ရှိတယ်။



## (226) handsome / fine / good-looking

handsome = ကြည့်ကောင်းသော၊ ရုပ်ရည်ချောမောသော
fine = ကောင်းမွန်သော၊ ကြည်လင်သော
good-looking = ကြည့်ကောင်းသော၊ ရုပ်ချောသော

- He is a ***handsome*** young boy.
  သူသည် ရုပ်ချောသော လူငယ်တစ်ယောက်ဖြစ်သည်။
- She goes to a ***fine*** school.
  သူမ ကျောင်းကောင်းကောင်းမှာ နေတယ်။
- They had a ***good-looking*** daughter.
  သူတို့မှာ ရုပ်ရည်ချောမောလှပတဲ့ သမီးပျိုတစ်ဦးရှိတယ်။

## (227) handy / helpful / useful

handy = ကျွမ်းကျင်သော၊ လက်မြောက်သော၊ အသုံးဝင်သော
helpful = ကူညီတတ်သော၊ အကူအညီပေးသော
useful = အသုံးဝင်သော

- The can opener was very ***handy***.
  ဗူးဖောက်တံဟာ အလွန် အသုံးဝင်တယ်။
- My sister is very ***helpful*** to my mother in cooking.
  ညီမလေးက ကျွန်တော့်အမေကို ချက်ပြုတ်ရာမှာ များစွာ အကူအညီရပါတယ်။
- This book is ***useful*** to write good essays.
  စာစီစာကုံးကောင်းရေးရာမှာ ဒီစာအုပ်က အသုံးဝင်တယ်။

## (228) happy / pleased / satisfied

happy = ပျော်ရွှင်သော၊ စိတ်ချမ်းသာသော
pleased = ကျေနပ်သော၊ ဝမ်းမြောက်ကြည်နူးသော
satisfied = ကျေနပ်အားရသော၊ အလိုပြည့်သော

- We are ***happy*** to see you.
  ငါတို့ မင်းနဲ့ တွေ့ရတာ ပျော်ပါတယ်။
- I am ***pleased*** to hear good news.
  ငါ သတင်းကောင်း ကြားရတာ ဝမ်းသာပါတယ်။
- We are ***satisfied*** to enjoy the TV.
  ကျွန်တော်တို့ တီဗီ ကြည့်ရတာ ကျေနပ်အားရကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (229) harmful / hurtful / mischievous

harmful = အန္တရာယ်များသော
hurtful = ထိခိုက်စေသော၊ ဒဏ်ရာရစေသော
mischievous = ထိခိုက်နစ်နာစေသော

- This machine is very ***harmful***.
  ဒီစက်က သိပ်ပြီး အန္တရာယ်များတယ်။
- I can not forget the ***hurtful*** things he said.
  သူပြောခဲ့တဲ့ ထိခိုက်စရာ စကားတွေကို ကျွန်တော် မေ့လို့မရဘူး။
- He is a ***mischievous*** boy in class.
  သူဟာ အတန်းထဲမှာ သူတစ်ပါးကို ဒုက္ခပေးတဲ့ ကောင်လေးဖြစ်တယ်။

### (230) haughty / arrogant / proud

haughty = စိတ်ကြီးဝင်သော
arrogant = မောက်မာသော
proud = မာနကြီးသော၊ ဂုဏ်ယူသော

- She gave him a ***haughty*** look.
  သူမ သူ့ကို အထင်သေးတဲ့ မျက်နှာနဲ့ ကြည့်တယ်။
- He gave us an ***arrogant*** speak yesterday.
  သူမနေ့က ကျွန်တော်တို့ကို မောက်မာတဲ့ စကားတွေ ပြောခဲ့တယ်။
- He is very ***proud*** of his new car.
  သူကားအသစ်ကြောင့် မာနကြီးနေတယ်။

### (231) headstrong / obstinate / stubborn

headstrong = ခေါင်းမာသော
obstinate = ခေါင်းမာသော
stubborn = ခေါင်းမာသော

- He is so ***headstrong*** that he is often in trouble.
  သူခေါင်းမာလွန်းလို့ မကြာခဏ ဒုက္ခရောက်တယ်။
- The ***obstinate*** girl refused to go to school.
  ခေါင်းမာတဲ့ မိန်းခလေးဟာ ကျောင်းသွားဖို့ငြင်းဆိုခဲ့တယ်။
- The ***stubborn*** child refused to eat.
  ဒီကလေးဟာ ခေါင်းမာတယ် ဘာမှ ကျွေးလို့မရဘူး။



### (232) healthy / sound / strong

healthy = ကျန်းမာသော
sound = ကျန်းမာသော၊ အခြေအနေကောင်းမွန်သော
strong = သန်မာသော

- ***Healthy*** people are always happy.
  ကျန်းမာတဲ့ သူတွေဟာ အမြဲပျော်ရွှင်ကြတယ်။
- The doctor said his heart was ***sound***.
  ဆရာဝန်က သူ့နှလုံးက ကောင်းတယ်လို့ ပြောတယ်။
- He has ***strong*** arms.
  သူမှာ သန်မာတဲ့ လက်မောင်းတွေရှိတယ်။

### (233) heavy / intense / serious

heavy = လေးလံသော
intense = ပြင်းထန်သော
serious = လေးနက်သော၊ ပြင်းထန်သော

- He cannot lift a ***heavy*** box.
  သူလေးလံတဲ့ သေတ္တာကြီးကို မမနိုင်ဘူး။
- The intense heat ***exhausted*** him.
  အပူချိန် ပြင်းထန်မှုကြောင့် သူပင်ပန်းနွမ်းနယ်နေတယ်။
- He spoke about the problem in a ***serious*** way.
  သူပြဿနာကို အလေးအနက်ထားပြီး ပြောခဲ့တယ်။

### (234) helpful / advantageous / profitable

helpful = အထောက်အကူရသော
advantageous = အကျိုးကျေးဇူးရှိသော
profitable = အကျိုးအမြတ်ရသော

- This boy is very ***helpful*** at home.
  ဒီကောင်လေးက အိမ်မှာ အကူအညီရပါတယ်။
- His education is ***advantageous*** in his job.
  သူ့ပညာက သူ့လုပ်ငန်းမှာ အကျိုးပြုပါတယ်။
- His business is very ***profitable***.
  သူစီးပွားရေးလုပ်ငန်းက အတော်အကျိုးဖြစ်ထွန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (235) high / tall / towering

high = မြင့်သော
tall = အရပ်မြင့်သော
towering = အလွန်မြင့်သော

- This is a ***high*** building.
  ဤအရာသည် မြင့်မားသော အဆောက်အဦးဖြစ်သည်။
- She is five feet and three inches ***tall***.
  သူမ အရပ် ၅ ပေ ၃ လက်မမြင့်တယ်။
- The Shwedagon pagoda is ***towering*** above the city.
  ရွှေတိဂုံဘုရားကြီး မြို့အထက်မှာ အလွန်မြင့်မားပါသည်။

## (236) holy / blessed / sacred

holy = မြင့်မြတ်သော
blessed = မြင့်မြတ်သော၊ ကံကောင်းသော
sacred = အထွတ်အမြတ်ထားသော

- This building is a ***holy*** place.
  ဤအဆောက်အဦသည် မြင့်မြတ်သော ဘုရားကျောင်းဆောင်ဖြစ်သည်။
- She was ***blessed*** to have many sons.
  သားတွေများစွာ ရတာ သူမ ကံကောင်းတာပေါ့။
- They played ***sacred*** music.
  သူတို့ မြင့်မြတ်တဲ့ တေးဂီတကို သီဆိုတီးမှုတ်ကြတယ်။

## (237) homely / plain / ugly

homely = ရိုး၍ ရှင်းသော
plain = ရိုးရိုးဖြစ်သော
ugly = အရုပ်ဆိုး၊ အကြည်းတန်သော

- She is a ***homely*** woman.
  သူမသည် ရိုးရှင်းသော အမျိုးသမီးဖြစ်သည်။
- She wore ***plain*** black dress.
  သူမ အနက်ရောင် ရိုးရိုး ဝတ်ထားတယ်။
- That is an ***ugly*** house.
  အဲဒီအိမ်ဟာ အလွန်အကြည်းရဆိုးတယ်။



## (238) honest / moral / truthful

honest = ရိုးသားသော
moral = ကိုယ်ကျင့်တရားကောင်းမွန်သော
truthful = သစ္စာရှိသော၊ မှန်ကန်သော

- He is an ***honest*** person.
  သူသည် ရိုးသားသော လူတစ်ယောက်ဖြစ်သည်။
- A teacher must be a ***moral*** person.
  ဆရာသည် ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ရမည်။
- They always give me ***truthful*** answer.
  သူတို့ ကျွန်တော့်ကို အမြဲတမ်းအဖြေမှန်ကိုဘဲ ပေးတယ်။

## (239) honorable / fair / noble

honorable = ဂုဏ်ရှိသော၊ ဂုဏ်ပြုထိုက်သော
fair = ကောင်းမွန်သော၊ တရားမျှတသော
noble = မြင့်မြတ်သော

- They asked him to do the ***honorable*** things.
  သူတို့ သူ့ကို ဂုဏ်ရှိတဲ့ အလုပ်တွေ လုပ်ဖို့ပြောတယ်။
- They receive a ***fair*** share of the money.
  သူတို့ ပိုက်ဆံဝေစုကောင်းကောင်းရပါတယ်။
- Giving his life to save the child was a ***noble*** thing to do.
  ကလေးကို အသက်စွန့်ပြီးကယ်တင်တယ်ဆိုတာ မြင့်မြတ်တဲ့လုပ်ရပ်တစ်ခုဖြစ်တယ်။

## (240) hopeful / confident / optimistic

hopeful = မျှော်လင့်ချက်ရှိသော
confident = ယုံကြည်မှုရှိသော
optimistic = အကောင်းမြင်သော

- I feel ***hopeful*** that we will find a suitable house very soon.
  မကြာခင် သင့်တော်တဲ့ အိမ်တစ်လုံးတွေ့လိမ့်မယ်လို့ မျှော်လင့်ပါတယ်။
- He is ***confident*** that he will succeed.
  သူအောင်မြင်လိမ့်မယ်လို့ ယုံကြည်တယ်။
- She is not very ***optimistic*** about the outcome of the talk.
  စကားစမည်ပြောခြင်းရဲ့ အကျိုးတရားနဲ့ ပတ်သက်ပြီး သူမ အကောင်းမမြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## (241) horizontal / level / straight

horizontal = အလျားလိုက်ဖြစ်သော
level = တစ်ပြေးညီဖြစ်သော
straight = ဖြောင့်တန်းသော

- The **horizontal** lines on the paper are an inch apart.
  စက္ကူပေါ်က အလျားလိုက်မျဉ်းများသည် တစ်လက်မခြားသည်။
- The two pictures are not ***level***.
  ရုပ်ပုံကားချပ်နှစ်ခုသည် မညီပါ။
- She drew a ***straight*** line.
  သူမသည် မျဉ်းဖြောင့်တစ်ကြောင်းကို ရေးဆွဲခဲ့သည်။

## (242) horrible / dreadful / awful

horrible = ကြောက်ရွံ့စရာကောင်းသော
dreadful = ကြောက်မက်ဖွယ်ကောင်းသော
awful = ကြောက်ရွံ့ဖွယ်ကောင်းသော

- He has a ***horrible*** cut on his face.
  သူ့မျက်နှာမှာ ကြောက်စရာကောင်းတဲ့ ဒဏ်ရာ ရထားတယ်။
- The snakes are very ***dreadful*** to touch.
  မြွေများသည် ကိုင်တွယ်ရန် အလွန်ကြောက်မက်ဖွယ်ကောင်းသည်။
- It was an ***awful*** storm.
  အဲဒါ ကြောက်စရာကောင်းတဲ့ မုန်တိုင်းတစ်ခုဖြစ်တယ်။

## (243) hostile / unfriendly / warlike

hostile = ရန်လိုသော
unfriendly = မခင်မင်သော၊ မရင်းနှီးသော
warlike = အတိုက်အခိုက် ဝါသနာပါသော

- A ***hostile*** attack was expected during the night.
  ညမှာ မမျှော်လင့်ဘဲရန်ပွဲဖြစ်လိမ့်မယ်ထင်တယ်။
- There is no need to be so ***unfriendly*** towards them.
  သူတို့ကို တစိမ်းတွေလို ဆက်ဆံဖို့ မလိုဘူး။
- The U.S.A is a ***warlike*** nation.
  အမေရိကန်သည် စစ်လိုလားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။



## (244) hot / burning / heated

hot = ပူသော၊ စိတ်ပြင်းပြသော
burning = ပြင်းထန်သော၊ စိတ်လှုပ်ရှားဖွယ်ကောင်းသော
heated = အလွန်စိတ်ဆိုးသော

- The tea is too ***hot*** for me to drink.
  လက်ဖက်ရည်က ပူလွန်းလို့ ကျွန်တော် မသောက်နိုင်ပါ။
- He has a ***burning*** desire to start his own business.
  သူ ကိုယ်ပိုင်လုပ်ငန်းစဖို့ ဆန္ဒသိပ်ပြင်းနေတယ်။
- She became very ***heated*** when we teased her.
  ကျွန်တော်တို့က စလို့ သူမ ဒေါကန်နေတယ်။

## (245) humane / merciful / tender

humane = ကြင်နာသော၊ ထောက်ထားညှာတာသော
merciful = သနားကြင်နာသော
tender = နူးညံ့သော၊ ကြင်နာသနားသော

- They are ***humane*** to the animals.
  သူတို့ တိရစ္ဆာန်တွေကို ကြင်နာသနားတယ်။
- They asked him to be ***merciful*** to the prisoners.
  သူတို့ အကျဉ်းသားများကို သနားကြင်နာဖို့ သူ့ကို ပြောကြတယ်။
- This meat is very ***tender***.
  ဒီအသားက သိပ်ပြီးနူးညံ့တယ်။
- He always gives me a ***tender*** look.
  သူအမြဲတမ်း ကျွန်တော့်ကို ကြင်နာတဲ့ အကြည့်နဲ့ ကြည့်တယ်။

## (246) humble / polite / respectful

humble = နှိမ့်ချသော
polite = ယဉ်ကျေးသော
respectful = လေးစားမှုကို ပြသော

- He was a ***humble*** man.
  သူသည် မာန်မာန မရှိ နှိမ့်ချတတ်သူဖြစ်သည်။
- He was ***polite*** to every one he met.
  သူတွေ့တဲ့ လူတိုင်းကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံတယ်။
- The onlookers stood at a ***respectul*** distance.
  ဘေးကကြည့်နေသူတွေဟာ လေးစားမှုကိုပြတဲ့အနေနဲ့ အဝေးက ရပ်ကြည့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (247) hungry / famished / starving

hungry = ဆာလောင်မွတ်သိပ်သော
famished = အစာငတ်မွတ်သော
starving = ဆာလောင်သော၊ အစာငတ်သော

- The child is ***hungry***.
  ကလေးလေး ဆာနေပြီ။
- When is lunch? I am ***famished***.
  ဘယ်တော့ နေ့လည်စာ စားမှာလဲ၊ ငါသိပ်ဆာနေပြီ။
- When is food? I am ***starving***.
  ဘယ်တော့ ထမင်းစားရမှာလဲ၊ ငါဆာနေပြီ။

### (248) ideal / perfect / supreme

ideal = စံပြဖြစ်သော
perfect = ပြည့်စုံသော၊ လုံးဝဖြစ်သော
supreme = အရေးအကြီးဆုံးဖြစ်သော

- The pilot was the boy's ***ideal***.
  လေယာဉ်မှူးသည် လူကလေး၏ စံပြဖြစ်သည်။
- The man was a ***perfect*** stranger.
  လူကြီးသည် လုံးဝ လူစိမ်းသက်သက်ဖြစ်သည်။
- He showed ***supreme*** courage in his decision.
  သူရဲရဲဝံ့ဝံ့ အကောင်းဆုံး ဆုံးဖြတ်နိုင်ခဲ့တယ်။

### (249) identical / alike / same

identical = ထပ်တူဖြစ်သော
alike = တူညီသော
same = အလားတူဖြစ်သော.

- Her dress is almost ***identical*** to mine.
  သူမနဲ့ ကျွန်မဝတ်စုံဟာ ထပ်တူနီးပါးပါပဲ။
- My sister and I do not look ***alike***.
  ကျွန်တော်အမနဲ့ ကျွန်တော် လုံးဝရုပ်ချင်းမတူပါ။
- He wears the ***same*** suit every day.
  သူနေ့တိုင်း ဒီဝတ်စုံကိုပဲ ဝတ်လေ့ရှိတယ်။



### (250) idle / inactive / lazy

idle = အလုပ်အကိုင်မရှိသော၊ ပျင်းရိသော
inactive = မလှုပ်ရှားသော၊ ဘာမှမလုပ်သော
lazy = ပျင်းရိသော

- He spent an ***idle*** hour watching the river.
  သူဘာမှ မလုပ်ဘဲ မြစ်ကိုကြည့်ပြီး ပျင်းရိစွာ နေခဲ့တယ်။
- He was ***inactive*** in community affairs.
  သူလူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားခြင်း မရှိဘူး။
- He was a ***lazy*** student.
  သူပျင်းရိသော ကျောင်းသားတစ်ယောက်ဖြစ်တယ်။

### (251) ignorant / illiterate / uneducated

ignorant = အသိပညာနည်းပါးသော
illiterate = စာမတတ်သော
uneducated = ပညာမတတ်သော

- He was ***ignorant*** of the danger.
  သူအန္တရာယ်ကို လုံးဝမသိဘူး။
- Some of the villagers are ***illiterate***.
  ရွာသူရွာသား အချို့သည် စာမတတ်ကြပါ။
- The workers in this factory are ***uneducated***.
  ဒီစက်ရုံက အလုပ်သမားတွေဟာ ပညာမတတ်ကြဘူး။

### (252) illegal / illicit / unlawful

illegal = ဥပဒေနှင့် ဆန့်ကျင်သော
illicit = တရားမဝင်သော၊ ပိတ်ပင်ထားသော
unlawful = တရားမဝင်သော၊ ဥပဒေနှင့် အကျုံးမဝင်သော

- He was arrested for the ***illegal*** sale of guns.
  သေနတ်တွေကို တရားမဝင် ရောင်းချတဲ့အတွက် သူအဖမ်းခံရတယ်။
- They are selling ***illicit*** drugs.
  သူတရားမဝင်သော မူးယစ်ဆေးဝါးများကို ရောင်းနေကြတယ်။
- She is an ***unlawful*** heir.
  သူမသည် တရားမဝင်သော အမွေဆက်ခံသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (253) imaginary / fanciful / unreal

imaginary = စိတ်ကူးမျှသာ ဖြစ်သော
fanciful = စိတ်ကူးယဉ်သော
unreal = စိတ်ကူးယဉ်သက်သက်သာဖြစ်သော

- The equator is the ***imaginary*** line around the middle of the earth.
  အီကွေတာဆိုတာ ကမ္ဘာ့အလယ်ဗဟိုကို ပတ်၍ ဆွဲထားတဲ့ စိတ်ကူးယဉ်မျဉ်းကြောင်း ဖြစ်တယ်။
- The decorations on that dress are very ***fanciful.***
  ဒီအဝတ်ပေါ်က မွန်းမံမှုတွေဟာ အလွန် စိတ်ကူးယဉ်ဆန်တယ်။
- This story is ***unreal,*** nobody believes it.
  ဒါဟာ စိတ်ကူးယဉ်သက်သက်ဖြစ်တယ်၊ ဘယ်သူမှ မယုံကြဘူး။

## (254) immediate / instant / present

immediate = ရုတ်တရက်ဖြစ်သော၊ ချက်ချင်းဖြစ်သော
instant = ချက်ချင်းဖြစ်သော
present = ယခုအချိန်၌ဖြစ်သော၊ မျက်မှောက်အချိန်၌ဖြစ်သော

- We must have ***immediate*** reply.
  ကျွန်တော်တို့ ချက်ချင်း အကြောင်းပြန်ကြားရမယ်။
- The play was an ***instant*** success.
  ဒီပြဇာတ်ဟာ မမျှော်လင့်ဘဲရုတ်တရက် အောင်မြင်မှုဖြစ်တယ်။
- We have no more informations at the ***present*** time.
  လောလောဆယ် ဘာသတင်းမှ နောက်ထပ် မရသေးဘူး။

## (255) incidental / secondary / unimportant

incidental = မကာင်းနိုင်သော
secondary = လက်အောက်ခံဖြစ်သော၊ အရေးမကြီးလှသော
unimportant = အရေးမကြီးသော

- He spent the ***incidental*** expenses of a journey.
  သူခရီးထွက်ရာမှာ မသုံးမဖြစ်တဲ့ စရိတ်တွေကို သုံးလိုက်ရတယ်။
- Raising animals was only ***secondary*** to other form of farming.
  လယ်ယာလုပ်ငန်းတွေမှာ တိရစ္ဆာန်မွေးမြူတာမဆန်းပါဘူး (အရေးမကြီးပါဘူး)။
- They dismissed the problem as ***unimportant.***
  ပြဿနာကို အရေးမကြီးသလို သူတို့ ရှောင်လွှဲသွားကြတယ်။



## (256) incorrect / mistaken / wrong

incorrect = မမှန်ကန်သော
mistaken = မှားယွင်းသော
wrong = မှားသော၊ မသင့်လျော်သော

- The address to this letter is ***incorrect.***
  ဒီပေးစာရဲ့ လိပ်စာက မှားနေတယ်။
- You are completely ***mistaken*** about my brother.
  မင်းဟာ လုံးဝ ငါ့အစ်ကိုနဲ့ မှားယွင်းနေတယ်။
- His answers were ***wrong.***
  သူ့အဖြေတွေက မှားနေတယ်။

## (257) incredible / improbable / unbelievable

incredible = မယုံနိုင်သော
improbable = မဖြစ်တန်ရာသော
unbelievable = မယုံကြည်နိုင်လောက်သော

- He told me an ***incredible*** story.
  သူပြောပြတဲ့ ဇာတ်လမ်းကို ကျွန်တော် မယုံဘူး။
- It is ***improbable*** that the rain will continue for 3 days.
  မိုး ၃ ရက်လောက် ဆက်ရွာမယ်ဆိုတာ မဖြစ်နိုင်လောက်ပါဘူး။
- We had an ***unbelievable*** time on Chaungthar beach.
  ကျွန်တော်တို့ ချောင်းသာ ကမ်းခြေမှာ မယုံနိုင်လောက်အောင် ပျော်ခဲ့ကြတယ်။

## (258) indefinite / confused / uncertain

indefinite = မထင်ရှားသော၊ မသဲကွဲသော၊ မတိကျသော
confused = ရှုပ်ထွေးသော
uncertain = မသေချာသော

- She will be away for the ***indefinite*** future.
  နောင်တစ်ချိန်ချိန်မှာ သူ့အဝေးကို ထွက်သွားလိမ့်မယ်။
- People are ***confused*** about all the different labels on food these days.
  ဒီနေ့ အစားအစာနဲ့ ပတ်သက်ပြီး တံဆိပ်အမျိုးမျိုးအပေါ် လူတွေ စိတ်ရှုပ်ထွေးနေကြတယ်။
- They are both ***uncertain*** about what to do.
  သူတို့ နှစ်ဦးစလုံး ဘာလုပ်မယ်ဆိုတာ မသေချာသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (259) Individual / separate / single

individual = တစ်ဦးချင်း၊ တစ်ခုချင်းနှင့်ဆိုင်သော
separate = သီးခြားဖြစ်သော
single = တစ်ခုတည်း၊ တစ်ကိုယ်တည်းဖြစ်သော

- They each received ***individual*** letters.
  သူတို့ တစ်ယောက် စာတစ်စောင်စီရကြတယ်။
- They ate at ***separate*** tables.
  သူတို့ ကိုယ့်စားပွဲမှာ ကိုယ်စားကြတယ်။
- The room was empty except for a ***single*** chair.
  ကုလားထိုင်တစ်လုံးကလွဲရင် အခန်းထဲမှာ ဘာမှမရှိပါ။

### (260) Industrious / diligent / hardworking

industrious = လုံ့လဝီရိယရှိသော
diligent = လုံ့လဝီရိယရှိသော
hardworking = အလုပ်ကြိုးစားသော

- He is an ***industrious*** student.
  သူသည် လုံ့လဝီရိယရှိသော ကျောင်းသားတစ်ဦးဖြစ်သည်။
- After a ***diligent*** search, the police found the missing child.
  ဇွဲလုံ့လနဲ့ ရှာဖွေတဲ့အတွက် ရဲက ပျောက်နေတဲ့ ကလေးကို တွေ့ခဲ့တယ်။
- The students in this school are ***hardworking***.
  ဒီကျောင်းက ကျောင်းသားတွေ စာကြိုးစားကြတယ်။

### (261) inferior / lower / mediocre

inferior = ရာထူးနိမ့်သော
lower = တန်ဖိုးနည်းသော
mediocre = ဒုတိယတန်းစားဖြစ်သော

- The rank of captain is ***inferior*** to the rank of major.
  ဗိုလ်ကြီးအဆင့်က ဗိုလ်မှူးအဆင့်ထက် နိမ့်တယ်။
- That store charges ***lower*** prices.
  ဒီစတိုးဆိုင်က ဈေးပိုချိုတယ်။
- I thought the play was only ***mediocre***.
  ပြဇာတ်က ဒုတိယတန်းစားလောက်ပဲထင်ပါတယ်။



### (262) Infinite / limitless / numberless

infinite = အဆုံးမရှိသော
limitless = အကန့်အသတ်မရှိသော
numberless = ရေတွက်မရသော

- The sky is ***infinite*** in size.
  ကောင်းကင်သည် အဆုံးအစမရှိ ကျယ်ပြန့်သည်။
- They sell the ***limitless*** variety of products.
  သူကုန်ပစ္စည်းများကို အကန့်အသန့်မရှိ ရောင်းပါတယ်။
- There were ***numberless*** stars in the sky.
  ကောင်းကင်မှာ ကြယ်တာရာတွေ မရေတွက်နိုင်လောက်အောင်ရှိတယ်။

### (263) Informative / instructive / educational

informative = အသိပေးသော၊ သတင်းပေးသော
instructive = ညွှန်ကြားသော
educational = ပညာပေးသော၊ ပညာရေးနှင့် ဆိုင်သော

- This book is very ***informative***.
  ဒီစာအုပ်က အသိဉာဏ်ဗဟုသုတ သိပ်ရတယ်။
- It is ***instructive*** to see how other countries are tackling problems.
  အခြားတိုင်းပြည်တွေ ပြဿနာတွေကို ဘယ်လို ကိုင်တွယ်ဖြေရှင်းတယ်ဆိုတာ ညွှန်ကြားပေးတယ်။
- This journal is very ***educational***.
  ဒီဂျာနယ်က ပညာပေးတဲ့ စာစောင်ဖြစ်တယ်။

### (264) innocent / faultless / virtuous

innocent = အပြစ်ကင်းသော
faultless = အပြစ်မရှိသော၊ အမှားကင်းသော
virtuous = သီလသမာဓိနှင့် ပြည့်စုံသော

- She was an ***innocent*** young girl.
  သူမသည် အပြစ်ကင်းသော မိန်းမပျိုလေးဖြစ်သည်။
- He is ***faultless*** in speaking English.
  သူအင်္ဂလိပ်လိုပြောရင် အမှားမပါဘူး။
- He was a wise and ***virtuous*** man
  သူ သီလသမာဓိနဲ့ ပြည့်စုံတဲ့ ပညာရှိတစ်ဦးဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (265) inquisitive / curious / prying

inquisitive = စပ်စုသော
curious = သိလိုစိတ်ရှိသော
prying = စပ်စုသော

- She is very ***inquisitive***.
  သူမ အလွန်စပ်စုတယ်။
- They are ***curious*** to know how birds fly.
  ငှက်တွေ ဘယ်လို ပျံသန်းကြတယ်ဆိုတာ သူတို့ သိလိုကြတယ်။
- He was ***prying*** into other people's affairs.
  သူအခြားလူတွေရဲ့ ကိစ္စမှာ ဝင်ပြီး စပ်စုခဲ့တယ်။

### (266) Insane / crazy / mad

insane = ရူးသော၊ စိတ်မကောင်းသော
crazy = လွန်စွာ စိတ်အားထက်သန်သော
mad = ရူးသွပ်သော၊ စိတ်မနှံ့သော

- ***Insane*** peple are treated in special hospitals.
  ရူးသွပ်တဲ့ လူတွေကို အထူးဆေးရုံတွေမှာ ပြုစုကြတယ်။
- He has ***crazy*** ideas.
  သူမဟာ ရူးသွပ်တဲ့ အတွေးအခေါ်တွေ ရှိတယ်။
- The ***mad*** person was taken to a doctor.
  အရူးကို ဆရာဝန်တစ်ယောက်ထံ ခေါ်သွားခဲ့ရတယ်။

### (267) intelligent / smart / wise

intelligent = ဉာဏ်ရည်ထက်မြက်သော
smart = လိမ္မာသော၊ ထက်မြက်သော၊ ကြည့်ကောင်းသော
wise = ဉာဏ်ပညာရှိသော

- He is ***intelligent*** in his lessons.
  သူကျောင်းသင်ခန်းစာတွေမှာ ဉာဏ်ရည်ထက်ပါတယ်။
- She becomes a ***smart*** girl at the age of 15.
  သူမ ၁၅ နှစ်အရွယ်မှာ လိမ္မာပြီး ချောမောသော မိန်းကလေးတစ်ဦးဖြစ်လာတယ်။
- The teacher was a ***wise*** man.
  ဆရာသည် ပညာရှိသူတစ်ဦးဖြစ်သည်။



### (268) Interested / affected / involved

interested = စိတ်ဝင်စားသော
affected = စိတ်လှုပ်ရှားသော၊ အကျိုးသက်ရောက်သော
involved = ပါဝင်ပတ်သက်သော

- He is ***interested*** in reading.
  သူစာဖတ်ခြင်းကို စိတ်ဝင်စားတယ်။
- She was deeply ***affected*** by the bad news.
  သူမ မကောင်းသတင်းကို ကြားရလို့ အတော်ကို စိတ်ထိခိုက်သွားတယ်။
- They are ***involved*** with the police.
  သူတို့ ရဲနှင့် ပါဝင်ပတ်သက်နေတယ်။

### (269) Interesting / attractive / fascinating

interesting = စိတ်ဝင်စားစရာကောင်းသော
attractive = ဆွဲဆောင်မှုရှိသော
fascinating = စွဲမက်စရာကောင်းသော၊ ညို့အားကောင်းသော

- That is an ***interesting*** book.
  အဲဒါ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တစ်အုပ်ဖြစ်တယ်။
- The beauty of that girl is very ***attractive***.
  ဒီမိန်းကလေးရဲ့ အလှက သိပ်ဆွဲဆောင်မှုရှိတယ်။
- Her blue eyes are very ***fascinating***.
  သူမရဲ့ မျက်လုံးပြာလေးတွေက စွဲမက်စရာကောင်းတယ်။

### (270) Internal / interior / Inside

internal = အတွင်းဘက်၌ဖြစ်သော
interior = အတွင်းဘက်၌ရှိသော
inside = အတွင်းဘက်၌ရှိသော

- The ***internal*** structure of this building is painted light green.
  ဒီအဆောက်အဦးရဲ့ အတွင်းပိုင်းကို အစိမ်းနုရောင် သုတ်ထားတယ်။
- The ***interior*** doors of this house is made of teak-wood.
  အိမ်အတွင်းတံခါးတွေကို ကျွန်းသစ်နဲ့ လုပ်ထားတယ်။
- The advertisements are printed in the ***inside*** pages of the newspaper.
  ကြော်ငြာများကို သတင်းစာရဲ့ အတွင်းစာမျက်နှာများမှာ ရိုက်လေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (271) Intimate / close / familiar

intimate = အလွန်ရင်းနှီးသော
close = အနီးဥ္စဖြစ်သော၊ ရင်းနှီးသော
familiar = အကျွမ်းဝင်သော

- They are *intimate* friends.
  သူတို့ အလွန်ရင်းနှီးတဲ့ သူငယ်ချင်းတွေဖြစ်တယ်။
- Our school is very *close* to our house.
  ကျွန်တော်တို့ ကျောင်းက အိမ်အနီးမှာပဲရှိတယ်။
- He was *familiar* with my family.
  သူဟာ ကျွန်တော့မိသားစုနဲ့ ရင်းနှီးသိကျွမ်းပါတယ်။

### (272) Irritable / sensitive / short-tempered

irritable = စိတ်ဆိုးလွယ်သော
sensitive = စိတ်ဆတ်သော
short-tempered = စိတ်တိုသော

- She is *irritable* when she has headache.
  သူမခေါင်းကိုက်ရင် သိပ်စိတ်ဆိုးတာပဲ။
- She was so *sensitive* that she cried when she was teased.
  သူမ သိပ်ပြီး စိတ်ထိခိုက်ခံစားလွယ်တယ်၊ စလိုက်ရင် ငိုတာပဲ။
- My father is *short-tempered.*
  ကျွန်တော် အဖေက စိတ်တိုတတ်တယ်။

### (273) Jealous / enviable / envious

jealous = မနာလိုသော
enviable = အားကျလောက်သော
envious = မနာလိုသော၊ အားကျသော

- You are *jealous* of any one who has more of anything than you.
  မင်းထက်ပိုရှိရင် မင်းဘယ်သူ့ကိုမဆို မနာလိုဘူး။
- They were *envious* of her success.
  သူတို့ သူမရဲ့ အောင်မြင်မှုကို အားကျပြီး မနာလိုဖြစ်နေတယ်။
- Her success is quite *enviable.*
  သူမရဲ့ အောင်မြင်မှုကလဲ တကယ်အားကျလောက်ပါတယ်။



### (274) Jolly / cheerful / Joyful

jolly = ပျော်ပျော်နေတယ်
cheerful = ကျေနပ်အားရသော၊ ရွှင်ပြသော
joyful = ပျော်ရွှင်မြူးတူးသော

- Everyone of the party was very *jolly.*
  ပါတီပွဲလာသူတိုင်းပျော်ရွှင်နေကြတယ်။
- He is very *cheerful* to hear this story.
  ဒီပုံပြင်ကို ကြားရတာ သူစိတ်ကျေနပ်ပျော်ရွှင်မိတယ်။
- They were *joyful* at their wedding.
  သူတို့ လက်ထပ်ပွဲမှာ သိပ်ပျော်ကြတယ်။

### (275) Just / fair / rightful

just = တရားမျှတသော
fair = ကောင်းမွန်သော၊ တရားမျှတသော
rightful = ဥပဒေနှင့် ညီသော၊ သမာသမတ်ကျသော

- A good judge is a *just* man.
  တော်တဲ့ တရားသူကြီးဆိုတာ တရားမျှတသူဖြစ်ပါတယ်။
- They received a *fair* share of the money.
  သူတို့ ရထိုက်တဲ့ ပိုက်ဆံဝေစုကို ကောင်းစွာ ရကြတယ်။
- The stolen car was returned to its *rightful* owner.
  အခိုးခံထားရတဲ့ ကားကို ပိုင်ရှင်အမှန်ကို ပြန်ပေးလိုက်တယ်။

### (276) keen / bright / sharp

keen = စိတ်အားထက်သန်သော၊ ချွန်ထက်သော
bright = တောက်ပသော၊ ဉာဏ်ရည်ထက်မြက်သော
sharp = ထက်မြက်သော၊ ပါးနပ်သော

- He has a *keen* mind.
  သူအလွန်ဉာဏ်ကောင်းတယ်။
- His school record shows that he is *bright.*
  သူဉာဏ်ကောင်းကြောင်း သူ့ပညာရည် မှတ်တမ်းက ပြနေတယ်။
- She is a *sharp* girl. She can do whatever she is asked.
  သူမ ပါးနပ်သွက်လက်တဲ့ မိန်းကလေးဖြစ်တယ်။ ဘာခိုင်းခိုင်းလုပ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (277) kingly / majestic / royal

kingly = ဘုရင်ကဲ့သို့ဖြစ်သော
majestic = ကြီးကျယ်ခန့်နားသော၊ ထယ်ဝါသော
royal = ဘုရင်နှင့် ဆိုင်သော

- The headman of this village was ***kingly*** to rule the villagers.
  ဒီရွာသူကြီးက ရွာသားတွေကို ဘုရင်လို အုပ်ချုပ်တယ်။
- There was a ***majestic*** castle on the bank of the river.
  မြစ်ကမ်းနဖူးမှာ ကြီးကျယ်ခန့်နားတဲ့ ရဲတိုက်ကြီးရှိတယ်။
- The princess came of the ***royal*** family.
  မင်းသမီးလေးသည် ဘုရင့်မိသားစုမှ ပေါက်ဖွားလာခဲ့သည်။

## (278) large / broad / massive

large = ကြီးမားသော
broad = ကျယ်ပြန့်သော
massive = ထုထယ်ကြီးမားသော

- We live in a ***large*** city.
  ကျွန်တော်တို့ မြို့ကြီးမှာ နေကြတယ်။
- The streets in the city are ***broad***.
  မြို့ထဲရှိ လမ်းမကြီးများသည် ကျယ်ပြန့်ကြသည်။
- The house was built on a ***massive*** rock.
  အိမ်ကို ထုထယ်ကြီးမားတဲ့ ကျောက်တုံးကြီးပေါ်မှာ ဆောက်ထားတယ်။

## (279) last / final / latest

last = နောက်ဆုံးဖြစ်သော
final = နောက်ဆုံး၊ နောက်ဆုံးဖြစ်သော
latest = နောက်ဆုံးဖြစ်သော

- December is the ***last*** month of the year.
  ဒီဇင်ဘာလသည် နှစ်၏ နောက်ဆုံးလဖြစ်သည်။
- The ***final*** test was the hardest one of the year.
  နောက်ဆုံးစာမေးပွဲဟာ နှစ်ရဲ့ အခက်ဆုံး စာမေးပွဲဖြစ်တယ်။
- This house is the ***latest*** design drawn by an engineer.
  ဒီအိမ်က အင်ဂျင်နီယာတစ်ဦး ဆွဲထားတဲ့ နောက်ဆုံးဒီဇိုင်းဖြစ်တယ်။



## (280) lean / slender / slim

lean = ပိန်လှီသော
slender = သေးသွယ်သော
slim = သေးသွယ်သော၊ ကြုံလှီသော

- She ate only ***lean*** meat.
  သူအဆီနည်းပြီး ပိန်လှီတဲ့ အသားကို စားတယ်။
- She was a tall, ***slender*** blonde.
  သူမသည် အရပ်မြင့်ပြီး သေးသွယ်ဖြူဖွေးသည်။
- She has a ***slim*** body.
  သူမ၏ ခန္ဓာကိုယ်သည် သေးသွယ်ပါသည်။

## (281) learned / educated / wise

learned = လေ့လာထားသော၊ တတ်မြောက်သော
educated = ပညာတတ်သော
wise = ဉာဏ်ပညာရှိသော

- He is a ***learned*** man.
  သူသည် အသိဉာဏ်ဗဟုသုတနှင့် ပြည့်စုံသူဖြစ်သည်။
- She was an ***educated*** lady.
  သူမသည် ပညာတတ် အမျိုးသမီးတစ်ဦးဖြစ်သည်။
- The teacher was a ***wise*** man.
  ဆရာသည် ဉာဏ်ပညာရှိသူဖြစ်သည်။

## (282) least / smallest / tiniest

least = တန်ဖိုး အနည်းဆုံး၊ အသေးငယ်ဆုံး
smallest = အသေးငယ်ဆုံး
tiniest = အလွန်အသေးငယ်ဆုံး

- He did the work without the ***least*** difficulty.
  နည်းနည်းမှ အခက်အခဲမရှိ သူ့အလုပ်ကို လုပ်ခဲ့တယ်။
- She is the ***smallest*** in her class.
  သူမ အတန်းထဲမှာ အငယ်ဆုံးပဲ။
- The baby put her ***tiniest*** finger in her mouth.
  ကလေး လေးက သူမရဲ့ အသေးဆုံး လက်သန်းလေးကို ပါးစပ်ထဲထည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (283) leisurely / comfortable / relexed

leisurely = အေးအေးဆေးဆေး
comfortable = သက်တောင့်သက်သာ ဖြစ်သော
relexed = အေးအေးဆေးဆေးဖြစ်သော၊ မစိုးရိမ်သော

- They are having a ***leisurely*** dinner.
  သူတို့ အေးအေးဆေးဆေးပဲညစာ စားနေကြတယ်။
- The easy chair is ***comfortable*** to sit on.
  ပက်လက်ကုလားထိုင်က ထိုင်ရတာ သက်တောင့်သက်သာ ရှိတယ်။
- He seemed ***relaxed*** and confident before the match.
  သူပြိုင်ပွဲမစခင် အေးအေးဆေးဆေးပဲ ယုံကြည်မှု အပြည့်ရှိတယ်။

### (284) likely / possible / probable

likely = ဖြစ်တန်ရာသော
possible = ဖြစ်နိုင်သော
probable = ဖြစ်တန်ရာသော

- That is not a very ***likely*** story.
  ဒီဇာတ်လမ်းက ဖြစ်နိုင်ခြေမရှိပါဘူး။
- There are two ***possible*** ways of getting there.
  အဲဒီကို ရောက်ဖို့ဖြစ်နိုင်တဲ့ လမ်းနှစ်သွယ်ရှိတယ်။
- A storm is ***probable*** today.
  ဒီနေ့ မုန်တိုင်းကျကောင်းကျလိမ့်မယ်။

### (285) limp / flabby / soft

limp = မတောင့်တင်းသော၊ ပျော့တိပျော့ဖတ်ဖြစ်သော
flabby = ပျော့တွဲသော
soft = နူးညံ့ပျော့ပျောင်းသော

- The flowers were ***limp*** for lack of water.
  ရေမရှိလို့ ပန်းတွေ ပျော့တိပျော့ဖတ်ဖြစ်နေတယ်။
- He has got ***soft*** and flabby since he gave up running.
  သူမပြေးတော့ကတည်းက အသားအရေ ပျော့တွဲတွဲဖြစ်လာတယ်။
- She has ***soft*** skin and hair.
  သူ့အသားအရေနဲ့ ဆံပင်က နူးညံ့ပျော့ပျောင်းတယ်။



### (286) literate / educated / intelligent

literate = စာရေးတတ်၊ ဖတ်တတ်သော
educated = ပညာတတ်သော
intelligent = အသိဉာဏ်ရှိသော

- What percentage of the people are ***literate?***
  စာတတ်သည့် ဦးရေ ဘယ်နှစ်ရာခိုင်နှုန်းရှိသလဲ။
- Most of the people in this village are ***educated.***
  ဒီရွာထဲက လူတော်တော်များများဟာ ပညာတတ်ကြတယ်။
- They are ***intelligent*** to overcome difficulties.
  သူတို့ အခက်အခဲတွေ ကျော်လွှားဖို့ အသိဉာဏ်ရှိကြပါတယ်။

### (287) little / small / tiny

little = သေးငယ်သော၊ နည်းသော
small = သေးငယ်သော၊ အသေးအဖွဲ့ဖြစ်သော
tiny = အလွန်သေးငယ်သော

- May I have a ***little*** water?
  ရေနည်းနည်းသောက်လို့ ရမလား။
- She is ***small*** for her age.
  သူမ အသက်နဲ့ စာလျှင် အလွန်သေးငယ်တယ်။
- The ***tiny*** pieces of bread are carried by the ants.
  ပုရွက်ဆိတ်များသည် ပေါင်မုန့်အပိုင်းအစ သေးသေးလေးများကို သယ်ယူကြသည်။

### (288) live / alive / surviving

live = အသက်ရှိသော
alive = အသက်ရှင်လျက်ရှိသော
surviving = အသက်ရှင်ကျန်ရှိသော

- They brought back ***live animals.***
  သူတို့ အသက်ရှိတဲ့ တိရစ္ဆာန်တွေကို ဖမ်းလာကြတယ်။
- We don't know whether he is ***alive*** or dead.
  သူသေသလား ရှင်သလားဆိုတာ ကျွန်တော်တို့ မသိဘူး။
- She was the last ***surviving*** member of the family.
  သူမသည် သူတို့ မိသားစုတွင် တစ်ဦးတည်းသော အသက်ရှင်ကျန်ရစ်သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



### (289) lively / active / quick

lively = သွက်လက်သော၊ အသက်ဝင်သော
active = ဖျတ်လတ်တက်ကြွသော
quick = လျှင်မြန်သော

- The band played a ***lively*** tune.
  ဘင်ခရာအဖွဲ့သည် သွက်လက်သော တေးသွားကို တီးမှုတ်ကြသည်။
- She is a very ***active*** person.
  သူမသည် ဖျတ်လတ် သွက်လက်သော မိန်းကလေးဖြစ်သည်။
- The soldiers marched at a ***quick*** speed.
  စစ်သားများသည် အရှိန်မြန်မြန်နှင့် ချီတက်ကြသည်။

### (290) logical / reasonable / sensible

logical = ယုတ္တိဗေဒနည်းဖြင့် တွေးသော
reasonable = သဘာဝကျသော
sensible = ဆင်ခြင်ဆုံးဖြတ်နိုင်သော

- His argument was ***logical.***
  သူရဲ့ ငြင်းဆိုမှုက ယုတ္တိရှိတယ်။
- He is a ***reasonable*** man.
  သူသည် သဘာဝကျကျ ဆင်ခြင်တွေးတောတတ်သည်။
- He made ***sensible*** statements.
  သူဆင်ခြင်ဉာဏ်ဖြင့် အဆိုပြုနိုင်ခဲ့တယ်။

### (291) lone / alone / solitary / lonely

lone = တည်းဦးတည်းဖြစ်သော
alone = တစ်ဦးတည်းဖြစ်သော
solitary = တစ်ဦးတည်းနေထိုင်သော
lonely = အထီးကျန်ဖြစ်နေသော

- A ***lone*** man passed by.
  လူတစ်ယောက် အနီးအနားက ဖြတ်သွားတယ်။
- He lives ***alone*** in this house.
  သူဒီအိမ်မှာ တစ်ယောက်ထဲနေတယ်။
- He enjoys long ***solitary*** walks.
  သူတစ်ဦးတည်း လမ်းဝေးဝေး လျှောက်ရတာ ပျော်တယ်။
- She lives ***alone*** and often feels ***lonely.***
  သူမတစ်ဦးနေပြီး အမြဲတမ်း အဖော်ကင်းမဲ့နေတယ်။



### (292) long / extensive / extended

long = ရှည်လျားသော
extensive = ကျယ်ဝန်းသော
extended = တိုးချဲ့ထားသော

- She has ***long*** hair.
  သူမမှာ ရှည်လျားသော ဆံပင်ရှိတယ်။
- The room is ***extensive*** enough for six people to sleep in.
  ဒီအခန်းက လူ(၆) ယောက် အိပ်နိုင်လောက်အောင် ကျယ်ဝန်းတယ်။
- The railroad has been ***extended*** for another 20 miles.
  ရထားလမ်းကို နောက်ထပ် မိုင် ၂၀ လောက် တိုးချဲ့ထားတယ်။

### (293) loose / free / untied

loose = ချောင်သော၊ လျော့ရဲသော
free = လွတ်လပ်သော၊ လွတ်နေသော
untied = ပြည်ထားသော

- The horse is ***loose.***
  မြင်းလွတ်နေတယ်။
- They were fighting to make their country ***free.***
  သူတို့ တိုင်းပြည် လွတ်မြောက်ရေးအတွက် သူတို့ တိုက်နိုက်ကြတယ်။
- The package was ***untied.***
  အထုပ်ကို ဖြေထားတာ တွေ့တယ်။

### (294) lost / absent / missing

lost = ပျောက်ဆုံးသွားသော
absent = မရှိသော၊ ပျက်ကွက်သော
missing = ပျောက်နေသော

- The police found the ***lost*** money.
  ပျောက်ဆုံးသွားတဲ့ ပိုက်ဆံတွေ ရဲက တွေ့သွားပြီ။
- They were ***absent*** from school yesterday.
  မနေ့က သူတို့ ကျောင်းမတက်ကြဘူး။
- Have they found the ***missing*** child?
  သူတို့ ပျောက်နေတဲ့ ကလေးကို တွေ့ကြပြီလား။

www.burmeseclassic.com

www.burmeseclassic.com



### (295) loud / noisy / shrill

loud = အသံကျယ်လောင်သော
noisy = ဆူညံသော
shrill = အသံစူးရှသော

- The firing of the gun made a ***loud*** noise.
  သေနတ်ပစ်လိုက်သည့် အသံသည် အလွန်ကျယ်လောင်သည်။
- The children are ***noisy*** in the street.
  လမ်းထဲမှာ ကလေးများ ဆူညံနေကြသည်။
- She had a ***shrill*** voice.
  သူမ အသံက အလွန်စူးရှသည်။

### (296) lovely / attractive / charming

lovely = ချစ်ရာကောင်းသော
attractive = ဆွဲဆောင်မှုရှိသော
charming = စွဲမက်စရာကောင်းသော

- Her dress is ***lovely***.
  သူမ ဝတ်စုံက ချစ်စရာကောင်းတယ်။
- She is beautiful and very ***attractive***.
  သူမသည် လှပပြီး အလွန်ဆွဲဆောင်မှုရှိတယ်။
- She can make a ***charming*** dance.
  သူမ လူတွေ စွဲမက်လောက်အောင် ကတတ်တယ်။

### (297) loyal / faithful / true

loyal = သစ္စာရှိသော
faithful = သစ္စာရှိသော
true = သစ္စာရှိသော၊ မှန်ကန်သော

- As a ***loyal*** citizen , he supported his government.
  သစ္စာရှိသော နိုင်ငံသားအနေနဲ့ သူ့အစိုးရကို ထောက်ပံ့ကူညီခဲ့တယ်။
- He was always ***faithful*** to his friends.
  သူ သူငယ်ချင်းများအပေါ်မှာ အမြဲသစ္စာရှိပါတယ်။
- He is one of the ***true*** friends to me.
  သူကျွန်တော့်အပေါ် သစ္စာရှိတဲ့ သူငယ်ချင်းတစ်ယောက်ပါပဲ။



### (298) magnificent / grand / splended

magnificent = ခန့်ညားထယ်ဝါသော
grand = ခန့်ညားကြီးကျယ်သော
splended = တင့်တယ်ခန့်ငြားသော

- Our house has a ***magnificent*** view.
  ငါတို့ အိမ်က သိပ်ပြီး ခမ်းနားထယ်ဝါတယ်။
- They live in a ***grand*** house.
  သူကြီးကျယ်ခန့်ညားတဲ့ အိမ်ကြီးမှာ နေကြတယ်။
- The rich man lives in a ***splended*** house.
  ချမ်းသာတဲ့ လူကြီးသည် တင့်တယ်ခန့်ငြားတဲ့ အိမ်ထဲမှာ နေသည်။

### (299) main / chief / principal / major

main = အဓိကဖြစ်သော
chief = အရေးအကြီးဆုံးဖြစ်သော၊ အဓိကကျသော
principal = အရေးအပါဆုံးဖြစ်သော၊ အဓိကဖြစ်သော
major = ပို၍ အရေးကြီးဆုံးသော၊ အဓိကဖြစ်သော

- Rice is our ***main*** food.
  ဆန်စပါးသည် ကျွန်ုပ်တို့၏ အဓိက အစားအစာဖြစ်သည်။
- He is the ***chief*** clerk in this office.
  သူဒီရုံးက ရုံးအုပ် စာရေးကြီးဖြစ်တယ်။
- Our ***principal*** needs are food, shelter and clothing.
  ကျွန်တော်တို့ရဲ့ အဓိက လိုအပ်ချက်က စားဝတ်နေရေးပါပဲ။
- English is his ***major*** subject.
  အင်္ဂလိပ်စာသည် သူ၏ အဓိက ဘာသာရပ်ဖြစ်သည်။

### (300) male / manly / masculine

male = ဖိုသတ္တဝါနှင့် ဆိုင်သော
manly = ယောကျ်ားပီသသော
msculine = အဖိုနှင့်ဆိုင်သော

- We saw the ***male*** lion in the zoo.
  ကျွန်တော်တို့ ခြင်္သေ့အထီးကို တိရစ္ဆာန်ဥယျာဉ်ထဲမှာ တွေ့ခဲ့တယ်။
- He looked so ***manly*** in his uniform.
  သူ သူ့ ယူနီဖောင်းနဲ့ သိပ်ပြီး ယောကျ်ားပီသတယ်။
- He has a very ***masculine*** voice.
  သူ့အသံက အလွန်ယောကျ်ားပီသတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (301) many / numerous / plentiful

many = များပြားသော
numerous = များပြားသော
plentiful = များပြားသော

- *Many* people were at the party.
  ဧည့်ခံပွဲမှာ လူတွေ အများအပြားရှိကြတယ်။
- He has ***numerous*** problems.
  သူ့မှာ ပြဿနာပေါင်း သောင်းခြောက်ထောင်ပါပဲ။
- The vegetables are ***plentiful*** in the rainy season.
  မိုးရာသီမှာ အသီးအရွက်တွေက ပေါမှ ပေါပဲ။

## (302) marine / oceanic / nautical

marine = ပင်လယ်ရေကြောင်းနှင့် ဆိုင်သော
oceanic = သမုဒ္ဒရာနှင့် ဆိုင်သော
nautical = ရေကြောင်းနှင့် ဆိုင်သော

- Many kinds of ***marine*** life are found in this ocean.
  ဒီသမုဒ္ဒရာထဲမှာ သက်ရှိ ရေသတ္တဝါတွေ အမျိုးမျိုးတွေ့ရတယ်။
- They went out to study the ***life*** of ***oceanic*** birds.
  သူတို့ သမုဒ္ဒရာထဲမှာ ရှိကြတဲ့ ငှက်တွေရဲ့ ဘဝကို လေ့လာဖို့ ထွက်သွားကြတယ်။
- To become a sailor, you have to study the ***nautical*** terms.
  မင်းသင်္ဘောသားတစ်ယောက်ဖြစ်လာဖို့ ရေကြောင်းနဲ့ ဆိုင်တဲ့ အခေါ်အဝေါ်တွေကို လေ့လာရမယ်။

## (303) marvelous / amazing / wonderful

marvelous = အံ့သြစရာကောင်းသော၊ ထူးဆန်းသော
amazing = အလွန်အံ့သြစရာကောင်းသော
wonderful = အံ့သြစရာကောင်းသော

- He has a ***marvelous*** memory.
  သူ့ အံ့သြစရာကောင်းလောက်အောင် မှတ်ဉာဏ်ရှိတယ်။
- She has an ***amazing*** skill to play the piano.
  သူအံ့သြစရာကောင်းအောင် စန္ဒယားတီးတတ်တယ်။
- My mother told me ***wonderful*** stories.
  အမေက ကျွန်တော့်ကို ထူးဆန်းတဲ့ ပုံဝတ္ထုတွေ ပြောပြတယ်။



## (304) mature / aged / ripe / mellow

mature = ရင့်ကျက်သော၊ မှည့်သော
aged = အရွယ်ရောက်သော၊ အသက်ကြီးသော
ripe = မှည့်သော၊ ရင့်ကျက်သော
mellow = မှည့်ဝင်းသော

- He is a ***mature*** person.
  သူအရွယ်ရောက်တဲ့ လူတစ်ယောက်ဖြစ်တယ်။
- I have an old ***aged*** aunty.
  ကျွန်တော့်မှာ အသက်ကြီးတဲ့ အဒေါ်ကြီးတစ်ယောက်ရှိတယ်။
- ***Ripe*** fruits are suitable to eat.
  မှည့်တဲ့ အသီးများကို စားရန် သင့်ပါတယ်။
- The oranges are ***mellow*** on the tree.
  သစ်ပင်ပေါ်မှာ လိမ္မော်သီးတွေ မှည့်ဝင်းနေပြီ။

## (305) memorable / historic / unforgetable

memorable = အမှတ်တရဖြစ်သော
historic = သမိုင်းတွင်သော
unforgetable = မမေ့နိုင်သော

- It was a ***memorable*** day.
  အဲဒါ အမှတ်တရ နေ့တစ်နေ့ဖြစ်တယ်။
- He told us the ***historic*** events in this area.
  သူကျွန်တော်တို့ကို ဒီဒေသက သမိုင်းဝင် အဖြစ်အပျက်တွေကို ပြောပြတယ်
- It was an ***unforgetable*** day that we first met each other.
  အဲဒါ ကျွန်တော်တို့ တစ်ဦးနဲ့ တစ်ဦး စတွေ့တဲ့ မမေ့နိုင်တဲ့ နေ့တစ်နေ့ပါပဲ၊

## (306) mental / reasonable / thinking

mental = စိတ်နှင့် ဆိုင်သော
reasonable = သဘာဝကျသော
thinking = စဉ်းစားတွေးတောသော

- He had great ***mental*** ability.
  သူ စိတ်ကူးစိတ်သန်းသိပ်ကောင်းတယ်။
- He is a ***reasonable*** man.
  သူသဘာဝကျကျ ဆင်ခြင်စဉ်းစားတတ်သူဖြစ်တယ်။
- She is reading a ***thinking*** woman's magazine.
  သူမ အမျိုးသမီးများ၏ အတွေး မဂ္ဂဇင်းကို ဖတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (307) merciful / kindhearted / sympathetic

merciful = သနားကြင်နာသော
kindhearted = သနားကြင်နာတတ်သော
sympathetic = အကြင်နာတရားရှိသော

- They asked him to be ***merciful*** to the prisoners.
  အကျဉ်းသားတွေကို သနားကြင်နာဖို့ သူတို့က သူ့ကို ပြောတယ်။
- My teacher is a ***kind-hearted*** person.
  ကျွန်တော့် ဆရာ သနားကြင်နာတတ်သူဖြစ်တယ်။
- She is ***sympathetic*** to the poor children.
  သူမသည် ဆင်းရဲသော ကလေးများကို သနားကြင်နာတတ်သည်။

### (308) merciless / cruel / pitiless

merciless = အကြင်နာကင်းသော၊ ရက်စက်သော
cruel = ရက်စက်သော
pitiless = ကြင်နာခြင်း ကင်းမဲ့သော

- He was a ***merciless*** killer.
  သူသည် ရက်စက်သော လူသတ်သမားဖြစ်သည်။
- I don't like the people who are ***cruel*** to animals.
  တိရစ္ဆာန်တွေကို ရက်စက်တဲ့ လူတွေကို ကျွန်တော် မကြိုက်ဘူး။
- We cannot stand under the ***pitiless*** heat of the sun.
  အကြင်နာကင်းတဲ့ နေမင်းရဲ့ အပူရှိန်အောက်မှာ ကျွန်တော်တို့ မရပ်နိုင်ကြဘူး။

### (309) mere / bare / scant

mere = မပိုသော၊ မျှသော
bare = အဖုံးအကာမရှိသော
scant = မလောက်မငဖြစ်နေသော

- His mother died when he was a ***mere*** child.
  သူ့ အမေသေတော့ သူကလေးဘဝမျှသာ ရှိသေးတယ်။
- The children walked on the sand with ***bare*** feet.
  ကလေးတွေ သဲသောင်ပြင်မှာ ဖိနပ်မပါဘဲသွားနေကြတယ်။
- He gave ***scant*** attention to the children.
  သူကလေးများကို သိပ်ပြီး ဂရုမစိုက်ဖူး။



### (310) messy / disorderly / untidy

messy = ရှုတ်ပွနေသော
disorderly = ဖရိုဖရဲ၊ ပရမ်းပတာဖြစ်နေသော
untidy = မသပ်ယပ်သော

- His room is always ***messy***.
  သူ့အခန်းက အမြဲတမ်းရှုတ်ပွနေတယ်။
- The books are ***disorderly*** kept on the shelf.
  စင်ပေါ် စာအုပ်တွေ ဖရိုဖရဲဖြစ်နေတယ်။
- The kitchen should be clean. It is ***untidy***.
  မီးဖိုဆောင်က အမြဲတမ်း မသပ်မယပ်ဖြစ်နေတယ်၊ အမြဲတမ်း သန့်ရှင်းသင့်တယ်။

### (311) middle / central / intermediate

middle = အလယ်အလတ်ဖြစ်သော
central = အလယ်ဗဟိုဌာနဖြစ်သော
intermediate = စပ်ကြား၊ အလယ်ပိုင်း၌ ဖြစ်သော

- The ***middle*** window is open.
  အလယ်ရှိ ပြတင်းပေါက် ဖွင့်နေတယ်။
- They live in the ***central*** area of the city.
  သူတို့ မြို့လယ်ခေါင်မှာ နေကြတယ်။
- He is an ***intermediate*** student at the university.
  တက္ကသိုလ်မှာ ပညာရည် အလယ်အလတ် ကျောင်းသားတစ်ယောက်ဖြစ်နေပြီ။

### (312) mighty / powerful / strong

mighty = ခွန်အားကြီးမားသော
powerful = အင်အားကြီးမားသော
strong = သန်မာသော

- The elephants are ***mighty*** animals.
  ဆင်များသည် ခွန်အားကြီးမားသော တိရစ္ဆာန်များဖြစ်သည်။
- This car has ***powerful*** engine.
  ဒီကားမှာ အင်အားကြီးမားတဲ့ စက်ပါတယ်။
- That boy is ***strong*** enough to carry heavy boxes.
  ဒီသူငယ်မှာလေးလံတဲ့ သေတ္တာများကို သယ်ယူနိုင်လောက်အောင် သန်မာတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (313) minor / secondary / unimportant

minor = သေးငယ်သော၊ အရေးမပါသော
secondary = ဒုတိယတန်းစားဖြစ်သော
unimportant = အရေးမကြီးသော

- There were ***minor*** objections to the plan.
  ဒီအစီအစဉ်ကို ကန့်ကွက်သူ အနည်းအကျဉ်းပဲရှိပါတယ်။
- The older children are in ***secondary*** school.
  အသက်ကြီးတဲ့ ကလေးများကို အလယ်တန်းကျောင်းမှာ ထားကြတယ်။
- She felt very ***unimportant*** as she was the youngest in class.
  အတန်းထဲမှာ အငယ်ဆုံးဆိုတော့ သူမ ကိုယ်သူမ သိပ်အရေးမပါဘူးဆိုတာသိတယ်။

### (314) miserable / heart-broken / unhappy

miserable = အလွန်စိတ်ညစ်သော
heart-broken = အသဲကွဲသော
unhappy = စိတ်မချမ်းသာသော

- She was very ***miserable*** because of her illness.
  သူမ ဖျားလို့ စိတ်အရမ်းညစ်နေတယ်။
- He was ***heart-broken*** when she left him.
  သူမက စွန့်ခွာသွားလို့ သူအသဲကွဲနေတယ်။
- He was ***unhappy*** as his pen was stolen.
  သူ့ဖောင်တိန် အခိုးခံရလို့ သူစိတ်မချမ်းမသာဖြစ်နေတယ်။

### (315) miserly / mean / stingy

miserly = ကပ်စေးနှဲသော
mean = နှမြောတသသော၊ အကြင်နာကင်းသော
stingy = ကပ်စေးနှဲသော

- He was so ***miserly*** that he starved himself to death.
  သူ့ကိုယ်သူအစာငတ်ပြီး သေသွားသည့်အထိ ကပ်စေးနှဲတယ်။
- He was too ***mean*** to pay his workers well.
  သူသိပ်နှမြောတွန့်တိုတာပဲ၊ အလုပ်သမားတွေကို လစာကောင်းကောင်းမပေးဘူး။
- He was so ***stingy*** that no girl would marry him.
  သူဟာ ကပ်စေးနှဲလွန်းလို့ သူ့ကို ဘယ်မိန်းခလေးမှ လက်ထပ်မှာ မဟုတ်ဘူး။



### (316) mobile / movable / portable

mobile = ရွေ့ပြောင်းနိုင်သော
movable = ရွေ့ပြောင်းနိုင်သော
portable = သယ်ဆောင်ရ လွယ်ကူသော

- I have a ***mobile*** phone.
  ကျွန်တော့်မှာ မိုဘိုင်းလ် ဖုန်းတစ်လုံးရှိတယ်။
- This chair is ***movable*** as it has wheels.
  ဒီကုလားထိုင်က ဘီးတွေပါတော့ ပြောင်းရွေ့ရတာ လွယ်တယ်။
- He bought a ***portable*** radio.
  သူရေဒီယို အသေးလေးတစ်လုံး ဝယ်လာတယ်။

### (317) moderate / medium / reasonable

moderate = အစွန်းမရောက်သော
medium = အလယ်အလတ်ဖြစ်သော
reasonable = အကျိုးသင့် အကြောင်းသင့်ဖြစ်သော၊ သဘာဝကျသော

- He drinks a ***moderate*** amount of coffee.
  သူကော်ဖီကို အသင့်အတင့်ပဲသောက်တယ်။
- He usually pays a ***medium*** price for his suits.
  သူအဝတ်အစားများကို အသင့်အတင့် တန်ဖိုးရှိတာပဲပေးဝယ်တယ်။
- My father is a ***reasonable*** person.
  ကျွန်တော့်အဖေဟာ သမာသမတ်ကျတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။

### (318) modern / new / up-to-date

modern = ခေတ်မီသော
new = သစ်သော
up-to-date = ခေတ်မီသော၊ အသစ်ဖြစ်သော

- Their house has many ***modern*** furniture.
  သူတို့အိမ်မှာ ခေတ်မီပရိဘောဂတွေ များစွာရှိတယ်။
- They bought a ***new*** car.
  သူတို့ ကားအသစ်တစ်စီး ဝယ်လိုက်တယ်။
- This is an ***up-to-date*** book.
  ဒါဟာ နောက်ဆုံးပေါ် စာအုပ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



### (319) moral / honest / upright

moral = ကိုယ်ကျင့်တရားကောင်းမွန်သော
honest = ရိုးသားသော
upright = ရိုးသားဖြောင့်မတ်သော

- A teacher must be a ***moral*** person.
  ကျောင်းဆရာတစ်ယောက်သည် ကိုယ်ကျင့်တရားကောင်းမွန်ရမည်။
- He is an ***honest*** boy.
  သူသည် ရိုးသားသော လူကလေးတစ်ယောက်ဖြစ်သည်။
- He is ***upright*** in all his business affairs.
  သူစီးပွားရေးလုပ်ကိုင်ရာမှာ အလွန်ရိုးသားဖြောင့်မတ်တယ်။

### (320) mortal / human / temporary

mortal = သေဆုံးရမည်ဖြစ်သော၊ သေမျိုးဖြစ်သော
human = လူသားနှင့်ဆိုင်သော
temporary = ခေတ္တယာယီဖြစ်သော

- Man is ***mortal.***
  လူသည် သေမျိုးဖြစ်သည် (တစ်နေ့သေရမည်)။
- ***Human*** body needs care.
  လူ့ခန္ဓာကိုယ်ကို ဂရုစိုက်ဖို့ လိုတယ်။
- He has a ***temporary*** job which ends in two week.
  သူသီတင်းနှစ်ပတ်ကြာ ယာယီ အလုပ်တစ်ခုရတယ်။

### (321) mutual / alternate / common

mutual = အပြန်အလှန်ဖြစ်သော
alternate = တစ်လှည့်စီဖြစ်သော
common = အများနှင့် ဆိုင်သော

- They were ***mutual*** friends.
  သူတို့ နှစ်ဦးဟာ သူငယ်ချင်း အချင်းအချင်းဖြစ်ကြတယ်။
- Ma Ma has to cook an ***alternate*** day.
  မမ တစ်ရက်ခြား ထမင်းချက်ရတယ်။
- Hla Hla is a ***common*** Myanmar name for girls.
  လှလှဆိုတာ မြန်မာမိန်းကလေးတွေ မှည့်တဲ့ အမည်တစ်ခုပါပဲ။



### (322) narrow / slender / tight

narrow = ကျဉ်းမြောင်းသော
slender = ကြုံလှီသော၊ သေးသွယ်သော
tight = တင်းကျပ်သော

- This road is too ***narrow*** for two cars to pass each other.
  ဒီလမ်းက ကားနှစ်စီး မရှောင်သာလောက်အောင် ကျဉ်းလွန်းတယ်။
- She was a tall ***slender*** blonde.
  သူမသည် အရပ်မြင့်ပြီး အသားဖြူသူဖြစ်သည်။
- The left shoe is a little ***tight.***
  ဘယ်ဘက်ဖိနပ်က နည်းနည်းကျပ်နေတယ်။

### (323) nasty / foul / indecent

nasty = ညစ်ညမ်းသော၊ မနှစ်မြို့ဖွယ်သော
foul = ရွံ့စရာကောင်းသော
indecent = မဖွယ်ရာသော၊ နှစ်လိုဖွယ်မရှိသော

- The drunken man used ***nasty*** language.
  အမူးသမားသည် ညစ်ညမ်းသော စကားကို ပြောဆိုသည်။
- The old well was ***foul*** with leaves.
  ရေတွင်းဟောင်းကြီးက သစ်ရွက်တွေနဲ့ ရွံ့စရာကောင်းနေတယ်။
- She was not ashamed of her ***indecent*** conduct.
  သူမရဲ့ မဖွယ်မရာ အပြုအမူအတွက် သူမ မရှက်တော့ပါ။

### (324) native / local / original

native = မွေးရာပါဖြစ်သော၊ ဇာတိမြေနှင့် ဆိုင်သော
local = နေရာတစ်ခုနှင့် ဆိုင်သော
original = ပထမဦးဆုံးဖြစ်သော၊ မူရင်းအတိုင်းဖြစ်သော

- Myanmar is my ***native*** land.
  မြန်မာနိုင်ငံသည် ကျွန်ုပ်၏ ဇာတိမြေဖြစ်သည်။
- We have a ***local*** newspaper in our town.
  ကျွန်တော်တို့မှာ ဒေသဆိုင်ရာ သတင်းစာရှိတယ်။
- The ***original*** settlers came to this island long long ago.
  ရှေးဦးအတည်တကျနေထိုင်သူတွေဟာ ဒီကျွန်းကို ရှေးရှေးတုန်းက ရောက်လာခဲ့ကြတာ။

www.burmeseclassic.com

www.burmeseclassic.com



### (325) natural / normal / typical

natural = သဘာဝအတိုင်းဖြစ်သော
normal = ပုံမှန်ဖြစ်သော
typical = စံနမူနာပြထိုက်သော

- It is ***natural*** for parents to love their children.
  မိဘတွေက သားသမီးတွေကို ချစ်တယ်ဆိုတာ သဘာဝပါပဲ။
- His temperature is above ***normal***.
  သူ့ အပူချိန်က သာမန်ထက် နည်းနည်းပိုပါတယ်။
- This is ***typical*** April weather.
  ဒါဟာ စံပြလောက်တဲ့ ဧပြီလ ရာသီဥတုပါပဲ။

### (326) naughty / disobedient / mischievous

naughty = ဆိုးသော
disobedient = အမိန့်မနာခံသော၊ နားမထောင်သော
mischievous = သူတစ်ပါးအား ထိခိုက်နစ်နာစေသော

- The teacher punished the ***naughty*** boys.
  ဆရာက ဆိုးသွမ်းတဲ့ ကောင်လေးတွေကို အပြစ်ပေးတယ်။
- He was ***disobedient*** to do homework.
  သူအိမ်စာလုပ်ဖို့ အမိန့်ကို မနာခံဘူး။
- He was beaten for his ***mischievous*** manner.
  သူတစ်ပါးကို ထိခိုက်စေတဲ့ အမူအယာကြောင့် သူအရိုက်ခံရတယ်။

### (327) near / close / neighbouring

near = နီးသော၊ အနီး၌ရှိသော
close = အနီး၌ရှိသော၊ နီးကပ်သော
neighbouring = အိမ်နီးချင်းဖြစ်သော

- The swimmers will gather on the ***near*** side of the beach.
  ရေကူးသမားတွေ ကမ်းခြေဘေးနားမှာ စုကြလိမ့်မယ်။
- The school is ***close*** to our house.
  ကျောင်းက ကျွန်တော်တို့ အိမ်နားမှာရှိတယ်။
- India and China are our ***neighbouring*** countries.
  အိန္ဒိယနဲ့ တရုတ်တို့သည် ကျွန်ုပ်တို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည်။



### (328) neat / clean / tidy

neat = သပ်ရပ်သော
clean = သန့်ရှင်းသော
tidy = သေသပ်သော

- Mother always kept her room ***neat***.
  အမေသည် သူမ အခန်းကို အမြဲသပ်သပ်ရပ်ရပ်ထားခဲ့သည်။
- The windows were very ***clean***.
  ပြတင်းပေါက်များသည် အလွန်သန့်ရှင်းပါသည်။
- I like everything to be neat and ***tidy***.
  ဘာမဆို သပ်သပ်ရပ်ရပ် သေသေသပ်သပ်မှ ကြိုက်တယ်။

### (329) necessary / essential / required

necessary = လိုအပ်သော၊ မရှိမဖြစ်သော
essential = လိုအပ်သော၊ အခြေခံဖြစ်သော
required = လိုအပ်သော

- Food is ***necessary*** to life.
  အစားအစာသည် အသက်ရှင်ရန် မရှိမဖြစ်လိုအပ်သည်။
- Sympathy is an ***essential*** part of personality.
  သူအဖက်ဖက်က ပြည့်စုံဖို့ အကြင်နာတရားလေးတစ်ခုပဲရှိဖို့လိုတယ်။
- Father gave me the ***required*** money to buy good books.
  အဖေက ကျွန်တော့်ကို စာအုပ်ကောင်းတွေ ဝယ်ဖို့ ငွေလိုသလောက်ထုတ်ပေးတယ်။

### (330) needy / poor / penniless

needy = လိုအပ်သော၊ ပိုက်ဆံမရှိသော
poor = ဆင်းရဲသော
penniless = အလွန်ဆင်းရဲသော

- The ***needy*** (people) were given food and clothing.
  ပိုက်ဆံမရှိတဲ့ လူတွေကို စားစရာနဲ့ အဝတ်အထည်တွေ ပေးတယ်။
- The ***poor*** people usually live in small huts.
  ဆင်းရဲသားတွေဟာ အများအားဖြင့် တဲနဲ့ နေကြတယ်။
- In spite of being hardworking, some farmers are ***penniless***.
  အလုပ်ကြိုးစားကြသော်လည်း လယ်သမားအချို့ဟာ အလွန် ဆင်းရဲကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (331) nervous / excited / timid

nervous = စိုးရိမ်ကြောင့်ကြသော
excited = စိတ်လှုပ်ရှားသော
timid = ကြောက်တတ်သော၊ ရှက်တတ်သော

- I felt really ***nervous*** before the interview.
  ကျွန်တော့်ကို လူတွေ့ မေးမြန်းမယ်ဆိုတော့ ကျွန်တော် စိုးရိမ်ကြောင့်ကြသွားတယ်။
- We are very ***excited*** to see hard games.
  ပြင်းထန်တဲ့ အားကစားတွေကို ကြည့်ရတာ အလွန်စိတ်လှုပ်ရှားတယ်။
- She stopped at the doorway as she was ***timid***.
  သူမ အထဲမဝင်ရဲလို့ တံခါးဝမှာ ရပ်နေတယ်။

### (332) new / fresh / modern

new = သစ်သော
fresh = လတ်ဆတ်သော
modern = ခေတ်မီသော၊ ခေတ်ဆန်သော

- They bought a ***new*** car last month.
  သူတို့ လွန်ခဲ့တဲ့ လက ကားအသစ်တစ်စီးဝယ်လိုက်တယ်။
- We can get ***fresh*** air early in the morning.
  နံနက်စောစောအချိန်မှာ လေကောင်းလေသန့်ရနိုင်တယ်။
- They had a ***modern*** house near the Royal Lake.
  ကန်တော်ကြီးအနီးမှာ သူတို့ ခေတ်မီတဲ့ အိမ်တစ်လုံးရှိတယ်။

### (333) nice / pleasant / thoughtful

nice = ကောင်းမွန်သော
pleasant = သာယာသော၊ နှစ်လိုဖွယ်ကောင်းသော
thoughtful = အတွေးအခေါ်ရှိသော၊ ဂရုစိုက်သော

- We had a ***nice*** time at the party.
  ကျွန်တော်တို့ ဧည့်ခံပွဲမှာ အလွန်ပျော်ကြပါတယ်။
- We had a ***pleasant*** visit with our friends.
  ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ လျှောက်ရတာ သိပ်ကြည်နူးဖို့ကောင်းတယ်။
- It was very ***thoughtful*** of you to send me the flowers.
  မင်း ငါ့ဆီကို ပန်းတွေပို့ပေးတာ သိပ်စိတ်ကူးကောင်းတာပဲ။
  (ငါ့ကို ဂရုစိုက်တယ်လို့ ပြောတာ)



### (334) noble / dignified / honourable

noble = မြင့်မြတ်သော
dignified = ဂုဏ်သိက္ခာရှိသော
honourable = ဂုဏ်ပြုထိုက်သော

- She has a ***noble*** character.
  သူမမှာ မြင့်မြတ်တဲ့ အကျင့်စာရိတ္တရှိတယ်။
- She always walked in a ***dignified*** manner.
  သူမ အမြဲတမ်း သိက္ခာရှိတဲ့ အမူအရာနဲ့ လမ်းလျှောက်တယ်။
- The soldiers were ***honorable*** as they defended our country.
  နိုင်ငံကို ခုခံတိုက်ခိုက် ကာကွယ်ပေးတဲ့အတွက် စစ်သားများကို ဂုဏ်ပြုထိုက်ပါတယ်။

### (335) noisy / loud / tumultuous

noisy = ဆူညံသော
loud = အသံကျယ်သော
tumultuous = အုတ်အော်သောင်းနင်းဖြစ်သော

- The children were very ***noisy***.
  ကလေးများသည် အလွန် ဆူညံကြသည်။
- Don't make a ***loud*** voice.
  အသံ သိပ်မကျယ်ပါစေနဲ့။
- ***Tumultuous*** welcome to the Prime Minister came from the street.
  နိုင်ငံတော် ဝန်ကြီးချုပ်ကို အုတ်အော်သောင်းနင်း ကြိုဆိုတဲ့အသံတွေ လမ်းက ထွက်လာတယ်။

### (336) normal / healthy / sound

normal = ပုံမှန်ဖြစ်သော
healthy = ကျန်းမာသော
sound = အခြေအနေကောင်းမွန်သော

- Snow is ***normal*** weather for this month.
  ဒီလမှာ နှင်းတွေက ပုံမှန်ကျနေကျပါ။
- My grandfather is still ***healthy*** and strong.
  ကျွန်တော့် အဖိုး ကျန်းမာသန်စွမ်းဆဲပါပဲ။
- The doctor said the patient's heart is ***sound***.
  ဆရာဝန်က လူနာရဲ့ နှလုံးအခြေအနေကောင်းတယ်လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



**(337) notable / remarkable / unusual**

notable = မှတ်သားလောက်သော၊ ထင်ရှားသော
remarkable = ထူးခြားပြောင်မြောက်သော
unusual = ဖြစ်မြဲအတိုင်းမဟုတ်သော၊ ထူးခြားသော

- His lecture was a ***notable*** success.
  သူ့ရဲ့ ဟောပြောပို့ချချက်ဟာ ထင်ရှားတဲ့ အောင်မြင်မှုတစ်ခုဖြစ်တယ်။
- He told me a ***remarkable*** story.
  သူထူးခြားတဲ့ ပုံဝတ္ထုတစ်ခုကို ပြောပြတယ်။
- It is ***unusual*** for trees to flower so early.
  ပန်းတွေ အစောကြီးပွင့်တာ ဒီသစ်ပင်တွေအဖို့ ထူးခြားတယ်။

**(338) noted / famous / well-known**

noted = ထင်ရှားကျော်ကြားသော
famous = ကျော်ကြားသော
well-known = ထင်ရှားသော၊ လူသိများသော

- His father is a ***noted*** violinist.
  သူ့ဖေက ထင်ရှားတဲ့ တယောဆရာတစ်ယောက်ဖြစ်တယ်။
- He is a ***famous*** writer.
  သူသည် နာမည်ကျော် စာရေးဆရာတစ်ဦးဖြစ်သည်။
- Edison was ***well-known*** for his inventions.
  အက်ဒီဆင်ဟာ သူ့ရဲ့ တီထွင်မှုများကြောင့် ထင်ရှားတယ်။

**(339) notorious / ill-famed / infamous**

notorious = မကောင်းသတင်းဖြင့် ကျော်ကြားသော
ill-famed = နာမည်ဆိုးသော
infamous = မထင်ရှားသော၊ လူသိနည်းသော

- He was ***notorious*** for being late.
  သူနောက်ကျတဲ့ နေရာမှာ နံမည်ကျော်တယ်။
- He was ***ill-famed*** in playing cards.
  သူဖဲကစားတဲ့နေရာမှာ နံမည်ပျက်ရှိတယ်။
- She was ***infamous*** as she stayed at home.
  သူမ အိမ်မှာ အမြဲနေတော့ လူသိနည်းပါတယ်။



**(340) novel / odd / strange**

novel = ထူးဆန်းသော၊ ယခင်က မသိသေးသော
odd = ဘက်ပဲ့နေသော၊ ထူးဆန်းသော
strange = ထူဆန်းသော၊ ဖြစ်မြဲမဟုတ်သော

- The new car had a ***novel*** appearance.
  ဒီကားအသစ်က ထူးဆန်းတဲ့ ပုံပန်းသဏ္ဍာန်ရှိတယ်။
- The sounds of a foreign language are ***odd***.
  ဘာသာခြားစကားသံတွေက အလွန်ထူးဆန်းကြတယ်။
- I saw a ***strange*** sight today.
  ဒီနေ့ ထူးဆန်းတဲ့ မြင်ကွင်းတစ်ခုကို တွေ့ခဲ့တယ်။

**(341) obedient / obliging / respectful**

obedient = နာခံသော၊ ရိုသေကျိုးနွံသော
obliging = တာဝန်သိသော၊ ကူညီတတ်သော
respectful = လေးစားမှုကို ပြသော

- The children are ***obedient*** to their parents.
  ကလေးများသည် သူတို့၏ မိဘများကို ရိုသေကြသည်။
- He has always been ***obliging*** to every one.
  သူလူတိုင်းအပေါ်မှာ အမြဲတမ်း တာဝန်သိတယ်။
- They stood at a ***respectful*** distance.
  သူလေးစားမှုကို ပြတဲ့အနေနဲ့ ခပ်ဝေးဝေးမှာ ရပ်ခဲ့ကြတယ်။

**(342) observant / attentive / watchful**

observant = သတိထားတတ်သော၊ ဂရုတစိုက်ရှိသော
attentive = အာရုံစူးစိုက်သော
watchful = သတိရှိသော

- The ***observant*** walkers may see the red ants along the road.
  ဂရုတစိုက် လမ်းလျှောက်သွားရင် လမ်းတလျှောက် ပုရွက်ဆိတ် အနီတွေ တွေ့ကောင်းတွေ့မယ်။
- He is a very ***attentive*** student.
  သူသည် အလွန် အာရုံစူးစိုက်သည့် ကျောင်းသားတစ်ယောက်ဖြစ်သည်။
- We must be ***watchful*** before we cross the road.
  လမ်းဖြတ်မကူးခင်မှာ သတိရှိရမယ်။

www.burmeseclassic.com

www.burmeseclassic.com



### (343) obvious / clear / plain

obvious = ထင်ရှားသိသာသော၊ ပေါ်လွင်သော
clear = ထင်ရှားသော၊ နားလည်လွယ်သော
plain = အလွယ်တကူ မြင်နိုင်သော၊ ရိုးရိုးဖြစ်သော

- It was *obvious* that he did not hear my calling.
  ငါ ခေါ်နေတာ သူမကြားတာ ထင်ရှားပါတယ်။
- His explanation was *clear.*
  သူ့ရှင်းပြတာ ရှင်းပါတယ်။
- She wore a *plain* black dress.
  သူမ ရိုးရိုးအနက်ရောင်ဝတ်စုံကို ဝတ်ထားတယ်။

### (344) okay (ok) / correct / fine

okay = ကောင်းပြီ၊ မှန်သော
correct = မှန်ကန်သော
fine = ကောင်းမွန်သော

- I have checked your work and it is *okay.*
  ငါမင်းအလုပ်တွေ စစ်ပြီးပြီ အားလုံးမှန်တယ်။
- He gave the *correct* answer.
  သူအမှန်အတိုင်း ဖြေလိုက်တယ်။
- He sent his children to a *fine* school.
  သူ သူ့ကလေးတွေကို ကျောင်းကောင်းကောင်းမှာ ထားခဲ့တယ်။

### (345) only / single / lone

only = တစ်ဦးတည်း၊ တစ်ခုတည်းဖြစ်သော
single = တစ်ကိုယ်တည်းဖြစ်သော၊ အိမ်ထောင်မရှိသော
lone = တစ်ဦးတည်းဖြစ်သော

- She is their *only* daughter.
  သူမသည် သူတို့၏ တစ်ဦးတည်းသော သမီးဖြစ်သည်။
- The traveller asked for a *single* room.
  ခရီးသည်က တစ်ယောက်အိပ်ခန်းကိုပဲ တောင်းတယ်။
- A *lone* traveller passed by.
  အဖော်မပါတဲ့ ခရီးသည်တစ်ဦး ဒီနားက ဖြတ်သွားတယ်။



### (346) oral / spoken / uttered

oral = နှုတ်နှင့်ဆိုင်သော
spoken = ပြောဆိုသော၊ အပြောနှင့် ဆိုင်သော
uttered = နှုတ်ဖြင့် ပြောဆိုသော

- They make a test of *oral* and written English.
  သူတို့ အင်္ဂလိပ်လို အပြောရော အရေးပါ စမ်းသပ်ကြတယ်။
- He studied the *spoken* language of English.
  သူအင်္ဂလိပ်စကားပြောကို လေ့လာခဲ့တယ်။
- The *uttered* words he made were rude.
  သူ့နှုတ်က ပြောတဲ့ စကားတွေက ရိုင်းတယ်။

### (347) original / beginning / first

original = မူရင်းဖြစ်သော
beginning = အစဖြစ်သော
first = ပထမဦးဆုံးဖြစ်သော

- She made six copies of the *original* letter.
  သူမ မူရင်းစာကို (၆)စုံ ကူးယူခဲ့တယ်။
- Capital letters are witten at the *beginning* of a sentence.
  စာကြောင်း အစမှာ အက္ခရာစာလုံး အကြီးနဲ့ ရေးကြတယ်။
- He got the *first* prize in an essay competetion.
  စာစီစာကုံးပြိုင်ပွဲမှာ သူပထမဆုရတယ်။

### (348) outstanding / prominent / well-known

outstanding = ထူးချွန်သော၊ ထင်ရှားသော
prominent = ထိုးထွက်နေသော၊ ထင်ရှားသော
well-known = လူသိများသော၊ ထင်ပေါ်ကျော်ကြားသော

- She is an *outstanding* student.
  သူမသည် ထူးချွန်သောကျောင်းသူတစ်ဦးဖြစ်သည်။
- The flower in her hair was quite *prominent.*
  သူ့ခေါင်းက ပန်းပွင့်လေးက သိသိသာသာပေါ်နေတယ်။
- He was *well-known* for his grammer book.
  သူ့ သဒ္ဒါစာအုပ်ကြောင့် သူထင်ရှားကျော်ကြားလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (349) painful / aching / sore

painful = ဝေဒနာခံစားရသော
aching = နာကျင်ကိုက်ခဲသော
sore = နာကျင်သော၊ ရောင်ကိုင်းသော

- The *painful* injury caused her to cry.
  သူမ အနာနာလို့ ငိုတယ်။
- She has to take out her *aching* tooth.
  သူကိုက်ခဲနေတဲ့ သွားကို နှုတ်ထုတ်လိုက်ရမယ်။
- His *sore* leg made walking difficult.
  သူခြေထောက်နာနေလို့ လမ်းကောင်းကောင်း မလျှောက်နိုင်ပါ။

### (350) pale / colourless / white

pale = ဖြူဖတ်ဖြူယော်ရှိသော
colourless = အရောင်မရှိသော
white = အဖြူရောင်ဖြစ်သော

- The face of the sick girl was very *pale.*
  လူနာ မိန်းကလေးရဲ့မျက်နှာသည် ဖြူဖတ်ဖြူယော်ဖြစ်နေသည်။
- The water is *colourless.*
  ရေမှာ အရောင်မရှိပါ။
- The colour of the house is *white.*
  ဒီအိမ်က အဖြူရောင်ဖြစ်တယ်။

### (351) parallel / like / similar

parallel = မျဉ်းပြိုင်ကျသော
like = တူသော
similar = အလားတူဖြစ်သော၊ တူညီသော

- These two streets are *parallel.*
  ဒီလမ်းနှစ်ခုဟာ တစ်ခုနဲ့ တစ်ခု အပြိုင်ဖြစ်နေကြတယ်။
- Our house is *like* theirs.
  ကျွန်တော်တို့အိမ်က သူတို့အိမ်နဲ့ တူတယ်။
- The two men were wearing *similar* suits.
  အမျိုးသားနှစ်ယောက်ဟာ တူညီဝတ်စုံကို ဝတ်ထားကြတယ်။



### (352) particular / special / specific

particular = ထူးခြားသော
special = အထူးဖြစ်သော
specific = အတိအကျဖြစ်သော၊ တစ်ခုတည်းကိုသာ ရည်ညွှန်းသော

- That *particular* chair belonged to my mother.
  အဲဒီထူးခြားတဲ့ ကုလားထိုင်က အမေပဲထိုင်တယ်။
- She has a *special* way of making bread.
  သူမမှာ ပေါင်မုန့်ဖုတ်တဲ့ ထူးခြားတဲ့နည်းရှိတယ်။
- He had *specific* instructions to follow.
  သူမှာ အတိအကျလိုက်နာရမဲ့ ညွှန်ကြားချက်တွေ ရှိတယ်။

### (353) passionate / emotional / sincere

passionate = စိတ်ဓာတ်ပြင်းပြသော
emotional = စိတ်လှုပ်ရှားသော
sincere = ရိုးသားဖြူစင်သော

- The political leader gave a *passionate* speech to the public.
  နိုင်ငံရေးခေါင်းဆောင်သည် လူထုကို စိတ်ဓာတ်ပြင်းပြစွာ မိန့်ခွန်းပြောခဲ့သည်။
- This display was one of the *emotional* sences I have ever seen.
  ဒီပြပွဲက ကျွန်တော်တွေ့ဖူးတဲ့အထဲမှာ စိတ်အလှုပ်ရှားဆုံး မြင်ကွင်းဖြစ်တယ်။
- He made a *sincere* effort to improve.
  သူတိုးတက်အောင် ရိုးရိုးသားသား ကြိုးစားခဲ့တယ်။

### (354) past / gone / over

past = အတိတ်ကဖြစ်သော
gone = ပြီးသွားသော၊ ကုန်သွားသော
over = ပြီးဆုံးသွားသော

- He had thought his troubles were *past.*
  သူ့ဒုက္ခတွေပြီးသွားပြီလို့ သူထင်ခဲ့တယ်။
- My coffee is all *gone.*
  ငါ့ကော်ဖီတွေ အားလုံး ကုန်သွားပြီ။
- The school was *over.*
  ကျောင်းဆင်းသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



### (355) patient / persistent / persevering

patient = စိတ်ရှည်သော
persistent = ဇွဲကောင်းသော
persevering = ဇွဲလုံ့လဝီရိယရှိသော

- He was ***patient*** with the children.
  သူကလေးတွေအပေါ် စိတ်ရှည်တယ်။
- She was ***persistent*** in her work.
  သူမ အလုပ်မှာ ဇွဲကောင်းတယ်။
- He was ***persevering*** to get 5 distinctions in the Matric Exam.
  သူတက္ကသိုလ် ဝင်စာမေးပွဲမှာ ၅ ဘာသာဂုဏ်ထူးရဖို့ ဇွဲလုံ့လရှိရှိ ကြိုးစားခဲ့တယ်။

### (356) peaceful / quiet / serene

peaceful = ငြိမ်းချမ်းရေးလိုလားသော
quiet = ငြိမ်သက်သော၊ ဆိတ်ငြိမ်သော
serene = တည်ငြိမ်အေးချမ်းသော

- He had a ***peaceful*** life in his old age.
  သူအသက်ကြီးတဲ့အခါ ငြိမ်းချမ်းနေခဲ့ရတယ်။
- He likes to live in a ***quiet*** place.
  သူဆိတ်ငြိမ်တဲ့နေရာမှာ နေရတာ နှစ်သက်တယ်။
- She became ***serene*** when she grew older.
  သူအရွယ်ရောက်လာတော့ တည်ငြိမ်အေးချမ်းလာတယ်။

### (357) peculiar / queer / strange

peculiar = သီးသန့်ဖြစ်သော၊ ထူးဆန်းသော
queer = အထူးအဆန်းဖြစ်သော
strange = ထူးဆန်းသော၊ မမြင်ဖူးသော

- We heard a ***peculiar*** noise.
  ကျွန်တော်တို့ ထူးဆန်းတဲ့ အသံတစ်သံကြားရတယ်။
- There was something ***queer*** about the way he walked.
  သူလျှောက်တဲ့လမ်းက တစ်ခုခု ထူးခြားနေတယ်။
- A ***strange*** man knocked on the door.
  လူစိမ်းတစ်ယောက် တံခါးလာခေါက်တယ်။



### (358) perfect / flawless / pure

perfect = ပြည့်စုံသော
flawless = အပြစ်အနာအဆာကင်းသော
pure = သန့်စင်သော၊ အမျိုးစစ်သော

- The blue of her eyes and of her dress were a ***perfect*** match.
  သူမရဲ့ အပြာရောင်မျက်လုံးနဲ့ ဝတ်စုံတို့ဟာ လိုက်လွန်းပါတယ်။
- Her English is almost ***flawless***.
  သူ့အင်္ဂလိပ်စာက အမှားမရှိသလောက်ပါပဲ။
- We should drink ***pure*** milk every day.
  ကျွန်တော်တို့ နေ့တိုင်း နွားနို့စစ်စစ်သောက်သင့်တယ်။

### (359) permanent / perpetual / stable

permanent = အမြဲတမ်းဖြစ်သော
perpetual = အဆုံးမရှိသော
stable = မပြောင်းလဲသော၊ ခိုင်မာသော

- Brick walls are more ***permanent*** than wooden fences.
  အုတ်တံတိုင်းက သစ်သားခြံစည်းရိုးထက် ပိုခိုင်တာပေါ့။
- He had a ***perpetual*** calendar on his desk.
  သူ့စားပွဲပေါ်မှာ အမြဲတမ်း ပြက္ခဒိန်တစ်ခုရှိတယ်။
- They built a house upon a ***stable*** foundation.
  ခိုင်မာတဲ့ အခြေခံ အုတ်မြစ်ပေါ်မှာ သူတို့ အိမ်ဆောက်ထားတယ်။

### (360) personal / private / secret

personal = ကိုယ်ရေးကိုယ်တာဖြစ်သော
private = ကိုယ်ပိုင်ဖြစ်သော
secret = လျှို့ဝှက်သော

- His secretary does not open his ***personal*** mail.
  သူ့အတွင်းရေးမှူးက သူ့ရဲ့ ကိုယ်ပိုင်စာကို မဖောက်ဖတ်ဘူး။
- Some ***private*** schools are expensive.
  အချို့ ကိုယ်ပိုင် အလွတ်ပညာသင်ကျောင်းတွေက သိပ်ဈေးကြီးတယ်။
- He kept some money in a ***secret*** place.
  သူပိုက်ဆံတွေကို လျှို့ဝှက်တဲ့ နေရာတစ်နေရာမှာ ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (361) physical / natural / real

physical = ကိုယ်ကာယနှင့် ဆိုင်သော၊ ရုပ်နှင့် ဆိုင်သော
natural = သဘာဝအတိုင်းဖြစ်သော
real = စစ်မှန်သော

- They studied the ***physical*** features of the earth in the science class.
  သူတို့ သိပ္ပံတန်းမှာ ကမ္ဘာကြီးရဲ့ ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများကို လေ့လာခဲ့ကြတယ်။
- She teaches us ***natural*** science.
  သူမသည် ကျွန်ုပ်တို့ကို သဘာဝသိပ္ပံကို သင်ပြသည်။
- What is his ***real*** reason for not coming with us?
  သူတို့နဲ့ မလိုက်တဲ့ အကြောင်းရင်း အစစ်အမှန်က ဘာလဲ။

## (362) pious / religious / reverent

pious = ဘုရားတရားကြည်ညိုသော
religious = ဘာသာရေးနှင့် ဆိုင်သော
reverent = ရိုသေမှုကို ပြသော

- My parents are ***pious.***
  ကျွန်တော် မိဘများသည် ဘုရားတရား ကြည်ညိုကြသည်။
- There are ***religious*** festivals in our country.
  ကျွန်တော်တို့နိုင်ငံမှာ ဘာသာရေးနဲ့ ဆိုင်တဲ့ ပွဲတော်တွေရှိတယ်။
- The students are ***reverent*** to their teachers.
  ကျောင်းသားတွေက ဆရာ ဆရာမများကို ရိုသေကြတယ်။

## (363) plump / fat / stout

plump = လုံး၍ ဝသော
fat = ဝသော၊ အဆီများသော
stout = သန်မာသော၊ ထွားကျိုင်းသော

- The girl had a ***plump*** figure.
  မိန်းခလေးသည် ဝတုတ်ကလေးဖြစ်သည်။
- He is a ***fat*** but healthy baby.
  သူသည် ဝသော်လည်း ကျန်းမာသော ကလေးဖြစ်သည်။
- He is too ***stout*** to fit into his old clothes.
  သူ သိပ်ပြီး ဝလာလို့ အကျီအဟောင်းတွေ မတန်တော့ဘူး။



## (364) popular / famous / favourite

popular = လူသိများသော၊ ထင်ရှားကျော်ကြားသော
famous = ထင်ပေါ်ကျော်ကြားသော
favourite = အကြိုက်ဆုံးဖြစ်သော

- He is one of the most ***popular*** boys in class.
  သူအတန်းထဲမှာ ထင်ရှားတဲ့ ကောင်လေးတစ်ယောက်ဖြစ်တယ်။
- U Thu Kha is a ***famous*** director.
  ဦးသုခသည် ကျော်ကြားသော ဒါရိုက်တာတစ်ဦးဖြစ်သည်။
- English is my ***favourite*** subject.
  အင်္ဂလိပ်စာသည် ကျွန်ုပ်အနှစ်သက်ဆုံး ဘာသာရပ်ဖြစ်သည်။

## (365) powerful / mighty / strong

powerful = အင်အားကြီးမားသော
mighty = ခွန်အားကြီးမားသော
strong = သန်မာသော

- This car has a ***powerful*** engine.
  ဒီကား အင်ဂျင်က အားကောင်းတယ်။
- The elephants are ***mighty.***
  ဆင်များသည် ခွန်အားကြီးမားကြသည်။
- He has ***strong*** arms.
  သူ့မှာ သန်မာသော လက်မောင်းများရှိတယ်။

## (366) precious / priceless / valuable

precious = တန်ဖိုးကြီးသော
priceless = တန်ဖိုးမဖြတ်နိုင်သော
valuable = အလွန်အဖိုးတန်သော

- The ring was set with ***precious*** stones.
  လက်စွပ်ကို အဖိုးတန် ကျောက်မျက်ရတနာတွေနဲ့ လုပ်ထားတယ်။
- That is a ***priceless*** work of art.
  အဲဒါ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာလက်ရာဖြစ်တယ်။
- Her diamond ring is very ***valuable.***
  သူမ စိန်လက်စွပ်သည် အလွန်အဖိုးတန်သည်။

www.burmeseclassic.com

www.burmeseclassic.com



### (367) pretty / beautiful / lovely

pretty = လှပသော၊ ကျော့ရှင်းသော
beautiful = လှပသော
lovely = ချစ်စရာကောင်းသော

- The young men watched the ***pretty*** young girls.
  လူငယ်လေးတွေက လှပတဲ့ မိန်းကလေးတွေကို ကြည့်ကြတယ်။
- The city was ***beautiful*** with colourful lights.
  မြို့တော်ကြီးသည်ရောင်စုံမီးများဖြင့် လှနေသည်။
- She has ***lovely*** blue eyes.
  သူမမှာ ချစ်စရာကောင်းတဲ့ မျက်လုံးပြာလေးများရှိတယ်။

### (368) principal / main / prime

principal = အရေးအကြီးဆုံးဖြစ်သော၊ အဓိကဖြစ်သော
main = အဓိကဖြစ်သော
prime = အကြီးအကဲဖြစ်သော

- Our ***principal*** needs are food, shelter and clothing.
  ကျွန်တော်တို့ရဲ့ အဓိက လိုအပ်ချက်များသည် စားစရာ၊ နေစရာနှင့် အဝတ်အထည်များဖြစ်ကြသည်။
- Most of the stores in our town are on the ***main*** street.
  ကျွန်တော်တို့မြို့၏ စတိုးဆိုင်များများသည် အဓိက လမ်းမကြီးပေါ်မှာ ရှိကြသည်။
- The ***prime*** minister of our country came back from abroad.
  နိုင်ငံတော် ဝန်ကြီးချုပ်သည် နိုင်ငံခြားမှ ပြန်လာခဲ့သည်။

### (369) profitable / poroductive / useful

profitable = အကျိုးဖြစ်ထွန်းသော
productive = ထုတ်လုပ်နိုင်သော၊ ဖြစ်ထွန်းစေသော
useful = အသုံးဝင်သော

- Book publishing is quite a ***profitable*** business.
  စာအုပ်ထုတ်ဝေခြင်းသည် အကျိုးဖြစ်ထွန်းသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။
- The conference was ***productive*** of new idea.
  ကွန်ဖရင့်သည် စိတ်ကူးသစ်များကို ဖြစ်ထွန်းစေသည်။
- This book will be ***useful*** to students.
  ဒီစာအုပ်က ကျောင်းသားတွေအဖို့ အသုံးဝင်လာလိမ့်မယ်။



### (370) profound / solemn / serious

profound = နက်ရှိုင်းသော၊ လေးနက်သော
solemn = လေးနက်သော
serious = လေးနက်သော၊ ပြင်းထန်သော

- The professor had written a ***profound*** book.
  ပါမောက္ခသည် လေးနက်သော စာတစ်အုပ်ကို ရေးပြီးသွားပြီ။
- He gave his ***solemn*** promise to defend his country.
  သူတိုင်းပြည်ကို ကာကွယ်ရန် အလေးအနက် ကတိပြုတယ်။
- He spoke about the problem in a ***serious*** way.
  သူပြဿနာအကြောင်းကို အလေးအနက်ထားပြီး ပြောခဲ့တယ်။

### (371) prompt / timely / punctual

prompt = ချက်ချင်းပြုလုပ်သော
timely = အချိန်ကိုက်ဖြစ်သော
punctual = အချိန်မှန်သော

- He was ***prompt*** in paying his bills.
  သူကုန်ကျစရိတ်ကို ချက်ချင်းပေးချေလိုက်တယ်။
- He gave us ***timely*** advice.
  သူကျွန်တော်တို့ကို အကြံဉာဏ် အချိန်ကိုက်ပေးနိုင်ခဲ့တယ်။
- He was always ***punctual*** in attending the class.
  သူကျောင်းတက်တာ အမြဲတမ်း အချိန်မှန်တယ်။

### (372) prospective / planned / proposed

prospective = မျှော်လင့်ထားသော
planned = ကြိုတင်စီစဉ်ထားသော
proposed = အဆိုပြုတင်ပြထားသော

- They are worried about the ***prospective*** changes in the law.
  ပြောင်းလဲလာမည့် ဥပဒေအတွက် သူတို့ စိုးရိမ်နေကြတယ်။
- She has her career all ***planned*** out.
  သူမဘဝအတွက် အားလုံး အသင့်ပြင်ဆင်ထားပြီးပြီ။
- It was ***proposed*** that we should leave the city next week.
  နောက်တစ်ပတ် ကျွန်တော်တို့မြို့က ထွက်ဖို့ အဆိုပြုထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (373) properous / rich / wealthy

properous = စီးပွားဖြစ်သော၊ အောင်မြင်ကြီးပွားသော
rich = ချမ်းသာသော၊ ကြွယ်ဝသော
wealthy = ချမ်းသာကြွယ်ဝသော

- They are ***properous*** in making new soap.
  သူတို့ ဆပ်ပြာ အသစ်ထုတ်လုပ်ပြီး အောင်မြင်ကြီးပွားနေတယ်။
- He is a ***rich*** man.
  သူချမ်းသာကြွယ်ဝသူတစ်ဦးဖြစ်သည်။
- ***Wealthy*** people live in the heart of the city.
  ချမ်းသာကြွယ်ဝတဲ့ လူတွေဟာ မြို့လယ်မှာ နေကြတယ်။

### (374) prudent / sensible / wise

prudent = အမြော်အမြင်ရှိသော
sensible = ဆင်ခြင်ဆုံးဖြတ်နိုင်သော
wise = ဉာဏ်ပညာရှိသော

- He was a ***prudent*** businessman.
  သူသည် အမြော်အမြင်ရှိသော စီးပွားရေးသမားတစ်ဦးဖြစ်သည်။
- I think that is a ***sensible*** idea.
  ဒါဟာ ဆင်ခြင်ဉာဏ်ကောင်းတဲ့ စိတ်ကူးလို့ ငါထင်တယ်။
- My grand father was a ***wise*** old man.
  ကျွန်တော့်အဖိုးက ပညာရှိကြီးတစ်ဦးဖြစ်ခဲ့တယ်။

### (375) pure / genuine / virtuous

pure = သန့်စင်သော၊ အမျိုးစစ်သော
genuine = စစ်မှန်သော
virtuous = ကောင်းမြတ်သော၊ သီလသမာဓိနှင့် ပြည့်စုံသော

- Her dress was made of ***pure*** silk.
  သူမရဲ့ ဝတ်စုံကို ပိုးချည်စစ်စစ်နဲ့ ပြုလုပ်ထားတယ်။
- He proved himself a ***genuine*** friend.
  သူ သူ့ကိုယ်သူမိတ်ဆွေစစ်ဖြစ်ကြောင်း သက်သေဖြစ်တယ်။
- He was a ***virtuous*** person.
  သူသည် သီလသမာဓိဖြူစင်မြင့်မြတ်သူတစ်ဦးဖြစ်သည်။



### (376) quick / rapid / speedy

quick = လျှင်မြန်သော
rapid = လျှင်မြန်သော
speedy = အရှိန်ပြင်းသော၊ မြန်သော

- The soldiers marched at a ***quick*** speed.
  စစ်သားများသည် လျှင်မြန်သော အရှိန်ဖြင့် လမ်းလျှောက်သည်။
- The ***rapid*** growth of the city surprised us.
  ရုတ်တရက် မြို့တော် လျှင်မြန်စွာ ကြီးထွားလာမှုသည် ကျွန်တော်ကို အံ့အားသင့်သွားစေပါသည်။
- I wish you a ***speedy*** recovery from illness.
  မင်းအမြန် ကျန်းမာလာပါစေလို့ ငါဆုတောင်းပါတယ်။

### (377) quiet / silent / still

quiet = တိတ်ဆိတ်ငြိမ်သက်သော
silent = တိတ်ဆိတ်သော
still = တည်ငြိမ်သော၊ မလှုပ်ရှားသော

- The children became ***quiet*** when the teacher talked.
  ဆရာစကားပြောလိုက်တော့ ကလေးတွေ တိတ်ဆိတ်သွားတယ်။
- They were ***silent*** when mother came in.
  အမေ အထဲဝင်လာတော့ သူတို့ ငြိမ်သက်နေကြတယ်။
- ***Still*** water runs deep.
  ငြိမ်သက်သော ရေသည် နက်သည်။

### (378) radiant / brilliant / shining

radiant = အလင်းရောင်ဖြာထွက်သော၊ တောက်ပသော
brilliant = အလွန်တောက်ပသော
shining = တောက်ပသော၊ ပြောင်လက်သော

- The ***radiant*** moon lighted the path.
  လရောင်ကြောင့် တစ်လမ်းလုံး လင်းထိန်နေပါသည်။
- The lighting flashed a ***brilliant*** light.
  လျှပ်စီးလက်ခြင်းသည် အလွန်တောက်ပသော အလင်းရောင်ကို ဖြာထွက်စေသည်။
- We can not look at the ***shining*** sun.
  တောက်ပနေတဲ့ နေကို ကျွန်တော်တို့ မကြည့်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



### (379) ragged / tattered / torn

ragged = စုတ်ပြဲနေသော (အဝတ်အစား)
tattered = စုတ်ပြဲနေသော
torn = ဆုတ်ဖြဲထားသော၊ စုတ်ပြဲနေသော

- She was wearing a ***ragged*** sweater.
  သူမ စုတ်ပြဲနေသော ဆွယ်တာကိုဝတ်ထားသော။
- His clothes were ***tattered***.
  သူ့ အဝတ်အစားတွေ စုတ်ပြဲကုန်ပြီ။
- He threw a sheet of paper ***torn*** into pieces.
  သူဆွဲဆုတ်ထားတဲ့ စာရွက်တစ်ရွက်ကို လွှတ်ပစ်တယ်။

### (380) rare / scarce / uncommon

rare = ရှားပါးသော
scarce = မလုံလောက်သော၊ ရှားပါးသော
uncommon = ဖြစ်မြဲအတိုင်းမဟုတ်သော၊ ရှားပါးသော

- Good diamonds are expensive as they are ***rare***.
  ကောင်းတဲ့စိန်တွေက ရှားပါးလို့ ဈေးသိပ်ကြီးတယ်။
- Sugar was ***scarce*** during the war.
  စစ်အတွင်းက သကြားလိုသလောက်မရခဲ့ဘူး (ရှား)တယ်။
- Red squirrels are ***uncommon*** in England.
  ရှဉ့်အနီကို အင်္ဂလန်နိုင်ငံမှာ တွေ့ရခဲတယ်။

### (381) raw / rough / undone

raw = မချက်ရသေးသော၊ အရိုင်းဖြစ်သော
rough = ကြမ်းတမ်းသော၊ မချောရသေးသော
undone = မကျက်သေးသော၊ မပြီးသေးသော

- We like to eat ***raw*** fruit.
  ကျွန်တော်တို့ သစ်သီး အစိမ်းကို စားရတာ ကြိုက်တယ်။
- The wall was made of ***rough*** stones.
  နံရံကို ကျောက်တုံးအကြမ်းနဲ့ပဲလုပ်ထားတယ်။
- Most of the work had been left ***undone***.
  အလုပ်တော်တော်များများ မပြီးသေးဘဲ ကျန်နေတယ်။



### (382) ready / arranged / prepared

ready = အဆင်သင့်ဖြစ်သော
arranged = စီစဉ်ထားသော
prepared = ပြင်ဆင်ထားသော

- They are always ***ready*** to help others.
  သူတို့ သူတစ်ပါးကို ကူညီဖို့ အဆင်သင့်ပဲ။
- The room was wall ***arraged*** for the meeting.
  အခန်းကို အစည်းအဝေးအတွက် ကောင်းစွာ ပြင်ဆင်ထားတယ်။
- Dinner is ***prepared*** for the guests.
  ဧည့်သည်များအတွက် ညစာပြင်ထားတယ်။

### (383) reasonable / logical / sensible

reasonable = သဘာဝကျသော၊ ကြောင်းကျိုးဆက်စပ်မှုရှိသော
logical = ယုတ္တိဗေဒနည်းကျသော
sensible = ဆင်ခြင်ဆုံးဖြတ်နိုင်သော

- He was a ***reasonable*** man.
  သူသည် ကြောင်းကျိုးဆက်စပ် တွေးတတ်သူဖြစ်တယ်။
- His argument was ***logical***.
  သူ့ရဲ့ ငြင်းဆိုမှုက ယုတ္တိဗေဒ နည်းကျတယ်။
- He made ***sensible*** statements for the plan.
  သူစီမံကိန်းအတွက် ဆင်ခြင်ဉာဏ်ရှိစွာ တင်ပြနိုင်ခဲ့တယ်။

### (384) reluctant / hesitant / unwilling

reluctant = စိတ်မပါသော၊ တွန့်ဆုတ်သော
hesitant = စိတ်မပါသော၊ ချီတုံချတုံဖြစ်သော
unwilling = စိတ်မပါသော

- The mother was ***reluctant*** to leave her children alone.
  မိခင်ဖြစ်သူက ကလေးများကို ထားခဲ့ရမှာ စိတ်မချ (ချီတုံချတုံ)ဖြစ်နေတယ်။
- He was ***hesitant*** to cross the road.
  သူလမ်းဖြတ်ကူးဖို့ မဝံ့မရဲ(ချီတုံချတုံ)ဖြစ်နေတယ်။
- The children are ***unwilling*** to do homework.
  ကလေး အိမ်စာလုပ်ဖို့ စိတ်မပါဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (385) romantic / extravagant / unpractical

romantic = စိတ်ကူးယဉ်သော
extravagant = သာမန်ထက်ပိုသော
unpractical = လက်တွေ့မကျသော

- I am not interested in reading ***romantic*** stories.
  ငါစိတ်ကူးယဉ်ဝတ္ထုတွေ ဖတ်ရတာ စိတ်မဝင်စားဘူး။
- He was ***extravagant*** to express his opinion.
  သူ သူ့ထင်မြင်ယူဆချက်ကို ဖော်ပြရာမှာ ပိုကဲလွန်းတယ်။
- He was ***unpractical*** to operate this machine.
  သူဒီစက်ကို ကောင်းကောင်းမမောင်းတတ်ဘူး။

### (386) rosy / pink / reddish

rosy = နှင်းဆီရောင်ရှိသော၊ နီထွေးသော
pink = ပန်းရောင်ဖြစ်သော
reddish = အနီရောင်ကဲ့သို့ဖြစ်သော၊ နီသလိုလို ဖြစ်သော

- She has ***rosy*** cheeks.
  သူမရဲ့ ပါးလေးတွေက နှင်းဆီရောင်သန်းနေတယ်။
- She is wearing a ***pink*** dress.
  သူမ ပန်းရောင်ဝတ်စုံကို ဝတ်ထားတယ်။
- Her hair is ***reddish.***
  သူမရဲ့ ဆံပင်တွေက အနီရောင်လိုပဲ။

### (387) safe / protected / secure

safe = အန္တရာယ်ကင်းသော
protected = လုံခြုံသော၊ ကာကွယ်ထားသော
secure = လုံခြုံစိတ်ချရသော

- You will be ***safe*** from the storm here.
  မင်းဒီနေ့ မုန်တိုင်းအန္တရာယ်က ကင်းလိမ့်မယ်။
- The city was well ***protected*** by the soldiers.
  မြို့ကို စစ်သားတွေ ကာကွယ်စောင့်ရှောက်ထားတယ်။
- The fort was ***secure*** against any surprise attack.
  ခံတပ်က ဘယ်လို ရုတ်တရက် တိုက်ခိုက်မှုမျိုးမဆို လုံခြုံစိတ်ချရတယ်။



### (388) savage / uncivilized / wild

savage = ရိုင်းစိုင်းသော၊ ရက်စက်သော
uncivilized = မယဉ်ကျေးသော
wild = ရိုင်းသော (တိရစ္ဆာန်များသာသုံး)

- His ***savage*** acts quickly turned the people against him.
  သူ့ရဲ့ ရိုင်းစိုင်းတဲ့ အပြုအမူတွေကြောင့် လူတွေက သူ့ကို ဆန့်ကျင်ကြတယ်။
- They found ***uncivilized*** people in the cave.
  သူတို့ လူရိုင်းတွေကို ဂူထဲမှာ တွေ့ခဲ့တယ်။
- They needed guns to protect themselves from ***wild*** animals.
  သူတို့ တိရစ္ဆာန် ရိုင်းတွေရဲ့ အန္တရာယ်က ကာကွယ်ဖို့ သေနတ်တွေလိုတယ်။

### (389) senior / elder / superior

senior = ရာထူးကြီးသော၊ ဝါကြီးသော
elder = အသက်ပိုကြီးသော၊ အကြီးဖြစ်သော
superior = ရာထူးအဆင့်ပိုကြီးသော၊ သာလွန်ကောင်းမွန်သော

- He was ***senior*** to his brother by several years.
  သူက သူ့ညီထက် အသက်အများကြီး ကြီးတယ်။
- My ***elder*** brother is three years older than I am.
  ကျွန်တော့် အစ်ကိုက ကျွန်တော့်ထက် အသက် (၃)နှစ် ပိုကြီးတယ်။
- The soldiers obeyed their ***superior*** officer.
  စစ်သားတွေက အထက်အရာရှိတွေရဲ့ အမိန့်ကို နာခံကြတယ်။

### (390) shaggy / hairy / woolly

shaggy = ဆံပင်ရှည်၍ ဖွာကြဲသော
hairy = ဆံပင်များ ဖုံးအုပ်ထားသော၊ ဆံပင်ထူသော
woolly = သိုးမွေးများ ဖုံးထားသော၊ သားမွေးထူသော

- I don't like his ***shaggy*** look.
  သူ့ရဲ့ ဆံပင်ရှည်ပုံစံကို ငါမကြိုက်ဘူး။
- My brother has a ***hairy*** chest.
  ကျွန်တော့်အစ်ကိုရဲ့ ရင်ဘတ်မှာ အမွေးတွေပါတယ်။
- We can see ***woolly*** monkeys in the zoo.
  တိရစ္ဆာန်ရုံထဲမှာ သားမွေးထူတဲ့ မျောက်တွေကို တွေ့နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (391) shrill / sharp / piercing

shrill = အသံစူးရှသော
sharp = ထက်သော၊ ထင်ရှားသော၊ ပါးနပ်သော
piercing = စူးရှသော၊ စူးဝင်သော

- She had a ***shrill*** voice.
  သူမ အသံသည် အလွန်စူးရှသည်။
- She cut the meat with a ***sharp*** knife.
  သူမ ဓားထက်ထက်နဲ့ အသားကို လှီးတယ်။
- They took out a ***piercing*** thorn on his foot.
  သူ့ခြေထောက်မှာ စူးဝင်နေတဲ့ ဆူးကို နုတ်လိုက်တယ်။

### (392) skillful / expert / proficient

skillful = ကျွမ်းကျင်သော
expert = ကျွမ်းကျင်သော
proficient = ကျွမ်းကျင်သော

- He is a ***killful*** surgeon.
  သူသည် ကျွမ်းကျင်သော ခွဲစိတ်ကု ဆရာဝန်ကြီးဖြစ်သည်။
- He is an ***expert*** driver.
  သူသည် ကျွမ်းကျင်သော ကားမောင်းသူတစ်ဦးဖြစ်သည်။
- News editors must be ***proficient*** in English.
  သတင်းစာ အယ်ဒီတာများသည် အင်္ဂလိပ်စာ ကျွမ်းကျင်ရမည်။

### (393) social / sociable / friendly

social = အသင်းအဖွဲ့နှင့်နေသော
sociable = ခင်မင်သော၊ လူမှုရေးကျွမ်းကျင်သော
friendly = ခင်မင်တတ်သော၊ ဖော်ရွေသော

- He is a very ***social*** person with many friends.
  သူသည် သူငယ်ချင်းများနှင့် အလွန် အဖွဲ့ကျသူတစ်ဦးဖြစ်သည်။
- She was very ***sociable*** in her school life.
  သူမ ကျောင်းသူဘဝတုံးက အလွန်ဖော်ရွေပါတယ်။
- He is very ***friendly*** with his friends.
  သူ သူငယ်ချင်းများကို အလွန်ခင်မင်တတ်ပါတယ်။



### (394) spacious / roomy / large

spacious = နေရာကျယ်သော
roomy = နေရာကျယ်သော၊ ချောင်ချိသော
large = ကျယ်ဝန်းသော၊ ကြီးသော

- This is a ***spacious*** room.
  ဤအရာသည် အလွန်ကျယ်သော၊ အခန်းဖြစ်သည်။
- This house is ***roomy***.
  ဒီအိမ်အတွင်းခန်းက ကျယ်ပါတယ်။
- They have bought a big house in a ***large*** compound.
  သူတို့ ခြံဝင်းကျယ်ကြီးနဲ့ အိမ်ကြီးတစ်လုံးဝယ်လိုက်ပြီ။

### (395) splendid / magnificent / brilliant

splendid = ကြီးကျယ်ခမ်းနားသော
magnificent = ခမ်းနားထယ်ဝါသော၊ အလွန်ကောင်းသော
brilliant = အလွန်တောက်ပသော

- The rich man lives in a splendid house.
  လူချမ်းသာကြီးသည် ကြီးကျယ်ခန်းနားသော အိမ်မှာ နေသည်။
- This house has a ***magnificent*** view.
  အဲဒီအိမ်က အလွန်ကောင်းမွန်သော မြင်ကွင်းရှိတယ်။
- She was wearing a ***brilliant*** diamond necklace.
  သူမသည် အလွန်တောက်ပတဲ့ စိန်လည်ဆွဲကို ဝတ်ထားတယ်။

### (396) stale / old / spoiled

stale = ပုတ်သိုးသော၊ မလတ်ဆတ်သော
old = ဟောင်းသော၊ အသက်ကြီးသော
spoiled = ပျက်စီးနေသော

- There was only a piece of ***stale*** cake left.
  မလတ်ဆတ်တဲ့ ပေါင်မုန့်တစ်ချပ်ပဲကျန်တော့တယ်။
- My ***old*** shoes need to be repaired.
  ငါ့ဖိနပ်စုတ်ကြီး ပြင်ဖို့ လိုနေပြီ။
- The ***spoiled*** milk should be thrown away.
  ပျက်သွားတဲ့ နွားနို့တွေကို လွှတ်ပစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



### (397) staple / main / principal

staple = အရေးကြီးသော၊ ပဓာနကျသော
main = အဓိကဖြစ်သော
principal = အချက်အချာဖြစ်သော၊ အကြီးအမှူးဖြစ်သော

- Rice is our ***staple*** food.
  ဆန်သည် ကျွန်တော်တို့၏ အဓိက အစားအစာဖြစ်သည်။
- Most of the stores in our town are on the ***main*** street.
  ငါတို့မြို့က စတိုးဆိုင်တော်တော်များများဟာ အဓိက လမ်းမကြီးပေါ်မှာ ရှိကြတယ်။
- Our ***principal*** needs are food shelter and clothings.
  ငါတို့ရဲ့ အဓိက လိုအပ်ချက်များသည် စားဝတ်နေရေးပင် ဖြစ်သည်။

### (398) steady / regular / stable

steady = ပုံမှန်ဖြစ်သော၊ တည်ငြိမ်အောင်လုပ်ထားသော
regular = ပုံမှန်ဖြစ်သော၊ အချိန်မှန်သော
stable = နိုင်မာသော၊ မပြောင်းလဲသော

- The ***steady*** wind was blowing.
  လေပုံမှန် တိုက်ခတ်နေပါတယ်။
- I could hear the ***regular*** breathing of the sleeping man.
  အိပ်ပျော်နေတဲ့ လူတစ်ယောက်ရဲ့ ပုံမှန် အသက်ရှူသံကို ကြားနေရတယ်။
- They built a house upon a ***stable*** foundation.
  သူတို့ နိုင်မာတဲ့ အခြေခံပေါ်မှာ အိမ်တစ်လုံး ဆောက်လိုက်တယ်။

### (399) successful / lucky / fortunate

successful = အောင်မြင်သော
lucky = ကံကောင်းသော
fortunate = ကံကောင်းသော

- He is ***successful*** in his business.
  သူ သူ့စီးပွားရေးလုပ်ငန်းမှာ အောင်မြင်နေတယ်။
- You are ***lucky*** to pass this examination.
  မင်း ဒီစာမေးပွဲအောင်တာ ကံကောင်းတာပဲ။
- He was ***fortunate*** to get the first prize in the state lottery.
  သူထီဖွင့်ပွဲမှာ ပထမဆုပေါက်တာ ကံကောင်းတာပေါ့။



### (400) suspicious / doubtful / suspect

suspicious = သံသယရှိသော
doubtful = သံသယရှိစရာကောင်းသော၊ မသေချာသော
suspect = မယုံသင်္ကာဖြစ်သော

- It was ***suspicious*** to see the broken lock.
  ချိုးဖျက်ထားတဲ့ သော့ခလောက်ကို ကြည့်ရတာ သံသယရှိစရာဘဲ။
- He was ***doubtful*** about accepting an extra work.
  အလုပ်ပိုလုပ်ဖို့ လက်ခံမယ်၊ မခံဘူးဆိုတာ မသေချာသေးဘူး။
- Don't touch this package. It is ***suspect***.
  အဲဒီအထုပ်ကို သွားမကိုင်နဲ့၊ အဲဒါ သံသယရှိစရာ ကောင်းတယ် (အန္တရာယ်ပေးနိုင်တယ်)။

### (401) sweet / pleasant / charming

sweet = ချိုသော၊ ချိုသာသော
pleasant = သာယာသော၊ ခင်မင်နှစ်လိုဖွယ်ကောင်းသော
charming = နှစ်သက်စရာကောင်းသော

- She has a ***sweet*** voice.
  သူမ အသံက သာယာတယ်။
- He is a ***pleasant*** companion.
  သူသည် နှစ်သက်ဖွယ်ကောင်းသည့် အဖော်တစ်ဦးဖြစ်သည်။
- She is a ***charming*** lady.
  သူမသည် နှစ်သက်စရာကောင်းသည့် အမျိုးသမီးဖြစ်သည်။

### (402) systematic / methodical / orderly

systematic = စည်းစနစ်ကျသော
methodical = နည်းလမ်းကျသော
orderly = အစီအစဉ်ကျသော၊ ကောင်းစွာ စီစဉ်ထားသော

- They made a ***systematic*** examination of the subject.
  သူတို့ ဒီအကြောင်းအရာကို စနစ်တကျ စီစစ်ခဲ့တယ်။
- He was the most ***methodical*** worker in this factory.
  သူဒီစက်ရုံက နည်းစနစ်အကျဆုံး အလုပ်သမားဖြစ်တယ်။
- His books were arranged in an ***orderly*** way.
  သူ့ စာအုပ်တွေကို အစီအစဉ်ကျကျကောင်းစွာ စီထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (403) technical / mechanical / industrial

technical = သိပ္ပံနည်းပညာနှင့် ဆိုင်သော
mechanical = စက်ကိရိယာနှင့် ဆိုင်သော
industrial = စက်မှုလုပ်ငန်းနှင့် ဆိုင်သော

- He is attending a ***technical*** high school.
  သူ စက်မှုသိပ္ပံကို တက်နေတယ်။
- He is a ***mechanical*** engineer.
  သူသည် စက်မှု အင်ဂျင်နီယာ တစ်ဦးဖြစ်သည်။
- This is an ***industrial*** centre.
  ဤအရာသည် စက်မှုလုပ်ငန်း ဗဟိုဌာနတစ်ခုဖြစ်သည်။

### (404) temperate / moderate / restrained

temperate = မျှတသော၊ ရာသီဥတုသမသော
moderate = အစွန်းမရောက်သော၊ သမသော
restrained = စိတ်တည်ငြိမ်သော၊ သိုသိုသိပ်သိပ်ရှိသော

- This region has ***temperate*** climate.
  ဒီဒေသက ရာသီဥတု မျှတပါတယ်။
- He drinks a ***moderate*** amount of coffee.
  သူကော်ဖီကို အသင့်အတင့်ပဲသောက်တယ်။
- His anger was ***restrained*** so everybody admired him.
  သူ့ ဒေါသကို ချုပ်တီးထားလို့ လူတိုင်းက သူကို ချီးမွမ်းကြတယ်။

### (405) tender / delicate / soft

tender = နူးညံ့သော၊ ကြင်နာသော
delicate = နူးညံ့သော၊ နုနယ်သော
soft = ပျော့ပျောင်းသော၊ နူးညံ့သော

- She has a ***tender*** heart.
  သူမ ကြင်နာသနားတတ်တယ်။
- He is just a ***delicate*** child.
  သူနုနယ်တဲ့ ကလေးလေးသာဖြစ်တယ်။
- He would like to have ***soft*** drinks.
  အရက်မဟုတ်တဲ့ ယမကာ (အဖျော်ရည်) ပဲသောက်ချင်တယ်။



### (406) tough / hard / strong

tough = မာသော၊ ကြမ်းတမ်းခက်ထန်သော
hard = မာကြောသော၊ ခက်ခဲသော
strong = မာသော၊ သန်မာသော

- His shoes were made of ***tough*** leather.
  သူဖိနပ်များကို သားရေကြမ်းနဲ့ ပြုလုပ်ထားတယ်။
- The bread was too ***hard*** to eat.
  ပေါင်မုန့်က မာလွန်းလို့ စားလို့မရဘူး။
- He has ***strong*** arms.
  သူ့လက်မောင်းတွေက အလွန်သန်မာတယ်။

### (407) tragic / miserable / unfortunate

tragic = ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော
miserable = စိတ်မချမ်းမသာဖြစ်သော
unfortunate = ကံမကောင်းသော

- There was ***tragic*** accident on the high way yesterday.
  မနေ့က အဝေးပြေး လမ်းမကြီးပေါ်မှာ ကြေကွဲစရာ ထိခိုက်မှုတစ်ခုဖြစ်ခဲ့တယ်။
- They live in a ***miserable*** hut.
  သူတို့ စိတ်မချမ်းသာစရာကောင်းတဲ့ တဲကလေးထဲမှာ နေကြတယ်။
- He was ***unfortunate*** in his childhood.
  သူငယ်ငယ်တုန်းက အလွန်ကံဆိုးခဲ့တယ်။

### (408) ugly / hideous / homely

ugly = အရုပ်ဆိုးသော၊ အကျည်းတန်သော
hideous = အလွန်အကျည်းတန်သော
homely = အလွန်ရိုးသော

- That is an ***ugly*** house.
  အဲဒါ အလွန်အရုပ်ဆိုးတဲ့ အိမ်တစ်လုံးပဲ။
- That was a ***hideous*** crime.
  အဲဒါ အလွန်အကျည်းတန်တဲ့ရာဇဝတ်မှုပါပဲ။
- She is a ***homely*** woman.
  သူမသည် အလွန်ရိုးပြီး အကျည်းတန်တဲ့ အမျိုးသမီးဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (409) uncertain / indefinite / vague

uncertain = မသေချာသော
indefinite = မသဲကွဲသော၊ မတိကျသော
vague = မရေရာသော၊ မပြတ်သားသော

- It is ***uncertain*** that the weather will be fine tomorrow.
  မနက်ဖြန် ရာသီဥတု သာယာမယ် မသာယာဘူးဆိုတာ မသေချာဘူး။
- His time of arrival was ***indefinite.***
  သူရောက်လာမဲ့ အချိန်က မတိကျဘူး။
- She was ***vague*** about the date of her return.
  သူမ ဘယ်နေ့ပြန်လာမယ်ဆိုတာ အတိအကျမသိဘူး။

## (410) unhappy / miserable / sad

unhappy = စိတ်မချမ်းသာသော၊ ကံအကျိုးပေးနည်းသော
miserable = အလွန်စိတ်မချမ်းမြေ့သော၊ ဒုက္ခရောက်သော
sad = ဝမ်းနည်းသော၊ ကြေကွဲသော

- He was ***unhappy*** as he lost his car.
  သူကားပျောက်သွားလို့ စိတ်မချမ်းမသာဖြစ်နေတယ်။
- It was very ***miserable*** to live alone in this house.
  ဒီအိမ်မှာ တစ်ယောက်ထဲနေရတာ အလွန်စိတ်မချမ်းသာစရာကောင်းတယ်။
- Losing friends make us very ***sad.***
  မိတ်ဆွေများ ဆုံးရှုံးရတာ အလွန်ဝမ်းနည်းဖို့ကောင်းတယ်။

## (411) universal / common / general

universal = တစ်ကမ္ဘာလုံးနှင့် ဆိုင်သော၊ တစ်လောကလုံးနှင့် ဆိုင်သော
common = အများနှင့် ဆိုင်သော၊ ယေဘူယျဖြစ်သော
general = ယေဘူယျဖြစ်သော၊ အားလုံးနှင့် ဆိုင်သော

- The need for understanding and love is ***universal.***
  တစ်လောကလုံး နားလည်ခွင့်လွှတ်တတ်ပြီး မေတ္တာထားဖို့ လိုအပ်တယ်။
- Our ***common*** interest in art brought us together.
  ပန်းချီဝါသနာပါသူအချင်းချင်း လာရောက်စုစည်းမိကြတယ်။
- I have a ***general*** idea of what he means.
  သူဘာဆိုလိုသလဲဆိုတာ ကျွန်တော် ယေဘူယျသိပါတယ်။



## (412) urgent / immediate / pressing

urgent = အရေးကြီးသော
immediate = ရုတ်တရက်ဖြစ်သော၊ ချက်ချင်းလုပ်ဆောင်သော
pressing = အရေးတကြီးဖြစ်သော

- He was called home on ***urgent*** business.
  အရေးတကြီး အလုပ်ကိစ္စနဲ့ သူ့ကို အိမ်ခေါ်လိုက်တယ်။
- Heart failure was the ***immediate*** cause of death.
  နှလုံး အားနည်းလို့ ရုတ်တရက် သေဆုံးသွားခြင်းဖြစ်ပါတယ်။
- I am afraid I can't pay for a ***pressing*** demand.
  အရေးတကြီး တောင်းဆိုမှုကို မပေးနိုင်လို့ စိတ်မကောင်းပါဘူး။

## (413) usual / normal / regular

usual = ထုံးစံအတိုင်းဖြစ်သော
normal = ပုံမှန်ဖြစ်သော
regular = အချိန်မှန်သော၊ ပုံမှန်ဖြစ်သော

- She took her ***usual*** seat at the table.
  သူမ ထိုင်နေကျ ခုံမှာပဲအမြဲထိုင်ခဲ့တယ်။
- Her temperature is above ***normal.***
  သူမရဲ့ ကိုယ်ပူချိန်က ပုံမှန်အထက်မှာ ရှိတယ်။
- He returned home at the ***regular*** hour.
  သူအချိန်မှန် အိမ်ပြန်လာပါတယ်။

## (414) vacant / empty / unemployed

vacant = ဘာမှမရှိသော၊ နေရာလပ်နေသော
empty = ဘာမှမရှိသော
unemployed = လပ်သော၊ အလုပ်မလုပ်သော

- The house on the corner is ***vacant.***
  လမ်းထောင့်က အိမ်မှာ လူမရှိဘူး။
- I need an ***empty*** bottle to put some oil in.
  ဆီထည့်ဖို့ ငါပုလင်းအလွတ်တစ်လုံး လိုချင်တယ်။
- How long have you been ***unemployed?***
  သူအလုပ်မလုပ်တာ ဘယ်လောက်ကြာနေပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



### (415) valuable / important / worthy

valuable = အလွန်အဖိုးတန်သော
important = အရေးပါသော၊ အရေးကြီးသော
worthy = ထိုက်တန်သော

- His work was very ***valuable*** to the business.
  သူ့အလုပ်က သူ့လုပ်ငန်းအတွက် သိပ်အဖိုးတန်တယ်။
- He has an ***important*** position in his company.
  သူ သူ့ကုမ္ပဏီမှာ အရေးကြီးတဲ့ ရာထူးနေရာ ရထားတယ်။
- She is ***worthy*** of your affection and respect.
  သူမက မင်းရဲ့ ချစ်ခင်လေးစားမှုကို ခံယူထိုက်တယ်။

### (416) verbal / oral / spoken

verbal = နှုတ်ဖြင့်ပြောသော
oral = နှုတ်နှင့်ဆိုင်သော
spoken = စကားပြောသော

- They made a ***verbal*** agreement.
  သူတို့ နှုတ်နဲ့ပဲကတိကဝတ်ပြုကြတယ်။
- We are asked to give ***oral*** reports.
  နှုတ်နဲ့ပဲအစီရင်ခံဖို့ ကျွန်တော်တို့ကို ပြောတယ်။
- My father is a quietly ***spoken*** man.
  ငါ့အဖေက အေးအေးဆေးဆေး စကားပြောတတ်တယ်။

### (417) vital / critical / essential

vital = ရှင်သန်ဖို့အတွက် လိုအပ်သော
critical = အရေးပါသော
essential = မရှိမဖြစ်လိုအပ်သော

- The heart is one of the ***vital*** organs of the body.
  နှလုံးသည် ခန္ဓာကိုယ်ရဲ့ အသက်ရှင်ဖို့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်သည်။
- The most ***critical*** battle of the war occured near that town.
  အရေးပါတဲ့ တိုက်ပွဲတစ်ခု ဒီမြို့အနီးမှာ ဖြစ်ပျက်ခဲ့တယ်။
- Food and water are ***essential*** to life.
  အစာနဲ့ ရေဟာ အသက်ရှင်ဖို့ မရှိမဖြစ် လိုအပ်တယ်။



### (418) wet / damp / soaked

wet = စွတ်စိုသော
damp = စိုထိုင်းသော
soaked = စိုရွှဲနေသော

- She removed her ***wet*** clothes.
  သူမ အဝတ်စိုတွေကို လဲပစ်လိုက်တယ်။
- She put a ***damp*** cloth on his head.
  သူမ သူ့ခေါင်းပေါ်သို့ ခပ်လိုင်းထိုင်း အဝတ်စကို တင်ပေးလိုက်တယ်။
- He was ***soaked*** in the heavy rain.
  သူမိုးရေထဲမှာ စိုရွှဲနေတယ်။

### (419) wise / intelligent / sensible

wise = ဉာဏ်ပညာရှိသော
intelligent = အသိဉာဏ်ရှိသော၊ ဉာဏ်ထက်သော
sensible = ဆင်ခြင်ဉာဏ်ရှိသော

- The teacher was a ***wise*** man.
  ဆရာသည် ပညာရှိတစ်ဦးဖြစ်ခဲ့သည်။
- He is ***intelligent*** to overcome his difficulties.
  သူ့မှာ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ အသိဉာဏ်ရှိတယ်။
- He put up ***sensible*** statements at the meeting.
  သူအစည်းအဝေးမှာ ကောင်းတဲ့ အဆိုပြုချက်များကို တင်ပြခဲ့တယ်။

### (420) young / immature / youthful

young = ငယ်ရွယ်သော
immature = မရင့်ကျက်သေးသော
youthful = နုပျိုသော

- She is too ***young*** to go to school.
  သူမ ကျောင်းနေဖို့ ငယ်လွန်းပါသေးတယ်။
- He is an ***immature*** youth.
  သူသည် မရင့်ကျက်သေးသော လူငယ်တစ်ဦးဖြစ်သည်။
- She is very ***youthful*** in spite of her old age.
  သူမ အသက်ကြီးပေမဲ့ နုပျိုဆဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



### (1) abreast / alongside / beside

abreast = ရင်ဘောင်တန်းလျက်
alongside = ဘေးချင်းယှဉ်လျက်
beside = ဘေးမှာ၊ ဘေးက

- He keeps *abreast* of the time.
  သူခေတ်နှင့် ရင်ဘောင်တန်း၍ လိုက်သည်၊ ခေတ်မီသည်။
- He walked *alongside* of me.
  သူကျွန်တော်နှင့် ယှဉ်၍ လျှောက်သည်။
- They are walking *beside* me.
  သူတို့ ကျွန်တော့်ဘေးက လျှောက်သွားနေသည်။

### (2) abroad / broadly / widely

abroad = တိုင်းတစ်ပါးသို့၊ အဝေးသို့
broadly = ကျယ်ပြန့်စွာ၊ အားရပါးရ
widely = ကျယ်ပြန့်စွာ

- She worked *abroad* for a year.
  သူနိုင်ငံခြားမှာ တစ်နှစ် အလုပ်လုပ်ခဲ့တယ်။
- They smile *broadly* as they are pleased.
  သူတို့ သဘောကျလို့ အားရပါးရ ပြုံးကြတယ်။
- He has travelled *widely* in Asia.
  သူတို့ အာရှတိုက်မှာ ကျယ်ကျယ်ပြန့်ပြန့် ခရီးဆန့်ခဲ့ကြတယ်။

### (3) absolutely / definitely / really

absolutely = လုံးဝဥဿုံ၊ အကြွင်းမဲ့
definitely = အသေအချာ၊ ဂဃနဏ
really = အမှန်တကယ်၊ စင်စစ်

- You are *absolutely* right.
  မင်းပြောတာ လုံးဝမှန်တယ်။
- I *definitaly* remember sending the letter.
  ငါစာပို့လိုက်တာ အသေအချာ မှတ်မိပါတယ်။
- They are not *really* my aunt and uncle.
  သူတို့ အမှန်တစ်ကယ်တော့ ငါ့အဒေါ်နဲ့ ဦးလေးမဟုတ်ပါဘူး။



### (4) almost / nearly / somewhat

almost = လုနီးပါး
nearly = လုနီးပါး၊ နီးနီး
somewhat = အတော်အသင့်၊ အတော်ကလေး

- It is a mistake they *almost* always make.
  အဲဒါ သူတို့အမြဲတမ်းလိုလို မှားတဲ့ အမှားတစ်ခုပါပဲ။
- I have worked here for *nearly* two years.
  ကျွန်တော် ဒီမှာ အလုပ်လုပ်တာ နှစ်နှစ် နီးပါး ရှိပြီ။
- I was *somewhat* surprised to see him.
  ကျွန်တော် သူကို တွေ့လိုက်ရတာ အတော်ကလေး အံ့အားသင့်သွားတယ်။

### (5) also / besides / furthermore

also = ထို့ပြင်လည်း
besides = ထို့ပြင်
furthermore = ထို့ပြင်၊ ထပ်၍

- She is fluent in English. She *also* speaks a little French.
  သူမ အင်္ဂလိပ်စာ ကျွမ်းတယ်၊ ပြင်သစ်လိုလဲ နည်းနည်း ပြောတတ်တယ်။
- I don't really want to go. *Besides,* it is too late now.
  ငါ အမှန်တကယ် မသွားချင်ဘူး၊ ပြီးတော့ နောက်လဲကျနေပြီ။
- He said he had not discussed the matter with her. *Furthermore,* he had not even contacted her.
  သူဒီကိစ္စကို သူမနဲ့ မဆွေးနွေးခဲ့ဘူးလို့ ပြောတယ်၊ နောက်ပြီးတော့လဲ သူမနဲ့ လုံးဝ မဆက်သွယ်ခဲ့ဘူးလို့ ပြောတယ်။

### (6) always / ever / forever

always = အမြဲတမ်း၊ တစ်ချိန်လုံး
ever = အစဉ်သဖြင့်၊ တစ်ချိန်တုံးက
forever = အမြဲတမ်း၊ ထာဝရ

- He is *always* happy.
  သူအမြဲတမ်း စိတ်ချမ်းသာပါတယ်။
- Have you *ever* seen him before?
  မင်းအရင်က သူ့ကို တွေ့ဖူးလား။
- I will not live here *forever*.
  ငါဒီနေရာမှာ အမြဲမနေပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (7) amiss / improperly / wrongly

amiss = လွဲချော်လျက်၊ အထင်လွဲလျက်
improperly = မဖွယ်မရာ၊ မလျော်ကန်ပတ်စွာ
wrongly = အမှားမှား၊ အယွင်းယွင်း

- Please don't take me ***amiss.***
  ငါ့ကို ကျေးဇူးပြု၍ တစ်လွဲမထင်ပါနဲ့။
- She was ***improperly*** dressed for the party.
  သူဧည့်ခံပွဲနဲ့ မသင့်တော်တဲ့ အဝတ် ဝတ်ထားတယ်။
- He was ***wrongly*** accused of stealing.
  သူ့ကို ခိုးတယ်လို့ မှားပြီး စွပ်စွဲကြတယ်။

### (8) anyway / anyhow / neverthless

anyway = ဘယ်နည်းနဲ့ဖြစ်ဖြစ်၊ မည်သို့ပင်ဖြစ်စေ
anyhow = တစ်နည်းနည်းဖြင့်၊ မည်သည့်နည်းနှင့် မဆို
nevertheless = သို့ပါလျက်နှင့်၊ သို့ရာတွင်

- He was told not to go, but he went ***anyway.***
  သူ့ကို မသွားဖို့ပြောတယ်၊ ဒါပေမဲ့ မဖြစ်ဖြစ်တဲ့နည်းနဲ့ သွားတယ်။
- Though her father did not like the young man, she married him ***anyhow.***
  သူ့အဖေက သဘောမတူသော်လည်း သူ့ဒီကောင်လေးကို တစ်နည်းနည်းနဲ့ လက်ထပ်လိုက်တယ်။
- He was tired, ***nevertheless*** he went on working.
  သူပင်ပန်းနေပါလျက်နဲ့ အလုပ်ကို ဆက်လုပ်နေတယ်။

### (9) certainly / surely / particularly

certainly = အသေအချာ၊ သေချာစွာ
surely = အသေအချာ၊ သေချာစွာ
particularly = အထူးသဖြင့်၊ သပ်သပ်

- It will ***certainly*** rain tomorrow.
  မနက်ဖြန် မိုးရွာမှာ သေချာတယ်။
- He will ***surely*** come to my birthday party.
  သူငါ့မွေးနေ့ ဧည့်ခံပွဲကို သေချာပေါက်လာမှာ။
- I enjoyed the play, ***particularly*** the second half.
  ငါပြဇာတ်ကြည့်ရတာ ပျော်တယ်၊ အထူးသဖြင့် ဒုတိယပိုင်းကို နှစ်သက်ခဲ့တယ်။



### (10) chiefly / especially / mostly

chiefly = အဓိကအားဖြင့်
especially = အထူးသဖြင့်
mostly = အများအားဖြင့်

- He was beaten ***chiefly*** for his laziness.
  သူအဓိကအားဖြင့် ပျင်းလို့ အရိုက်ခံရတယ်။
- He is an ***especially*** good student in history.
  သူအထူးသဖြင့် သမိုင်းဘာသာရပ်မှာ ထူးချွန်သူဖြစ်တယ်။
- The children ***mostly*** wanted to play.
  ကလေးများသည် အများဖြင့် ကစားလိုကြသည်။

### (11) clearly / evidently / obviously

clearly = ရှင်းရှင်းလင်းလင်း
evidently = သိသာထင်ရှားစွာ
obviously = သိသာစွာ၊ ပေါ်လွင်စွာ၊ ထင်ရှားစွာ

- You are ***clearly*** at fault.
  မင်းမှားနေတာ အရှင်းကြီးပဲ။
- He ***evidently*** hated maths at school.
  သူကျောင်းတုန်းက သင်္ချာဘာသာကို မုန်းတာ ထင်ရှားခဲ့တယ်။
- He was ***obviously*** drunk.
  သူအရက်မူးနေတာ သိသာပါတယ်။

### (12) commonly / generally / usually

commonly = အများအားဖြင့်၊ များသောအားဖြင့်
generally = ယေဘုယျအားဖြင့်၊ အများအားဖြင့်
usually = ခါတိုင်းကဲ့သို့၊ ခါတိုင်းလို

- It is ***commonly*** believed that looking at the sun hurts the eyes.
  နေကိုကြည့်ခြင်းသည် မျက်လုံးကို ထိခိုက်တယ်ဆိုတာ အများအားဖြင့် ယုံကြည်ကြသည်။
- Generally speaking, men are likely to go astray.
  ယေဘုယျပြောရရင် လူတွေဟာ လမ်းမှားလိုက်တတ်ကြတယ်။
- She ***usually*** comes to school in her car.
  သူခါတိုင်းလိုဘဲ ကျောင်းကို ကားနဲ့လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (13) completely / entirely / totally

completely = လုံးလုံးလျားလျား၊ ပြည့်ပြည့်စုံစုံ
entirely = လုံး၀၊ လုံးလုံးလျားလျား
totally = လုံးလုံး

- This work is ***completely*** new to me.
  ဒီအလုပ်က ကျွန်တော့်အဖို့ လုံး၀ အသစ်အဆန်းပဲ။
- You are ***entirely*** wrong.
  ခင်ဗျားလုံး၀မှားနေတယ်။
- His behaviour was ***totally*** unacceptable.
  သူ့အပြုအမူကို လုံး၀ လက်ခံနိုင်စရာ အကြောင်းမရှိဘူး။

### (14) directly / immediately / straight

directly = တိုက်ရိုက်၊ တည့်တည့်
immediately = တစ်ခါတည်း၊ ချက်ချင်း
straight = တည့်တည့်၊ ဖြောင့်တန်းစွာ

- He drove her ***directly*** to her hotel.
  သူ သူမတည်းတဲ့ တည်းခိုခန်းကို တိုက်ရိုက်မောင်းပို့လိုက်တယ်။
- She answered almost ***immediately.***
  သူမ ချက်ချင်းလိုလို ဖြေဆိုခဲ့တယ်။
- He always goes ***straight*** home after school.
  သူကျောင်းဆင်းရင် အိမ်တန်းပြန်လေ့ရှိတယ်။

### (15) early / quickly / soon

early = စောစွာ၊ စောစောစီးစီး
quickly = အလျှင်အမြန်၊ လျှင်မြန်စွာ
soon = မကြာမီ၊ မကြာခင်

- They come to school ***early.***
  သူတို့ ကျောင်းစောစောလာကြတယ်။
- Mother went to the market and came back ***quickly.***
  အမေဈေးသွားပြီး အမြန်ပြန်လာတယ်။
- They will come back home ***soon.***
  သူတို့ မကြာခင် အိမ်ပြန်လာကြပါလိမ့်မယ်။



### (16) easily / readily / smoothly

easily = လွယ်ကူစွာ၊ သက်သက်သာသာ
readily = လျှောလျှောရှူရှူ
smoothly = အဆင်ပြေစွာ၊ ညက်ညောစွာ

- We can ***easily*** travel by train.
  ကျွန်တော်တို့ မီးရထားနဲ့ အလွယ်တကူ ခရီးသွားနိုင်တယ်။
- He readily consented to lend me some money.
  သူကျွန်တော့်ကို ငွေချေးဖို့ လျှောလျှောရှူရှူ သဘောတူခဲ့တယ်။
- Everything goes ***smoothly.***
  အားလုံးပဲ ချောချောမောမော အဆင်ပြေပါတယ်။

### (17) forth / forward / onward

forth = ရှေ့
forward = ရှေ့သို့
onward = ရှေ့သို့တိုး၍

- They set ***forth*** at dawn.
  သူတို့ အာရုံတက်ချိန်မှာ ခရီးဆက်ခဲ့ကြတယ်။
- She leaned ***forward*** and kissed him on the cheek.
  သူမ ရှေ့ကို နည်းနည်းကိုင်းပြီး သူ့ပါးကို နမ်းခဲ့တယ်။
- The soldiers marched ***onwards.***
  စစ်သားများ ရှေ့သို့ ချီတက်သွားခဲ့ကြတယ်။

### (18) forthwith / instantly / promptly

forthwith = ချက်ချင်း၊ တစ်ခါတည်း
instantly = ချက်ချင်း၊ မဆိုင်းမတွ
promptly = ချက်ချင်း၊ အမြန်

- The manager dismissed him ***forthwith.***
  မန်နေဂျာက သူ့ကို တစ်ခါတည်း ဖြုတ်ပစ်လိုက်တယ်။
- The driver of the car was killed ***instantly.***
  ကားဒရိုင်ဗာ ချက်ချင်းပွဲချင်းပြီး သေဆုံးသွားတယ်။
- She deals with all the correspondence ***promptly.***
  သူမ ချက်ချင်း စာရေးဆက်သွယ်ပြီး အကြောင်းပြန်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (19) forward / backwards / behind

forward = ရှေ့သို့
backward = နောက်သို့
behind = နောက်တွင်၊ နောက်က

- They ran *forward* to welcome her.
  သူတို့ သူမကို ကြိုဆိုဖို့ ရှေ့သို့ ပြေးထွက်သွားကြတယ်။
- I lost my balance and fell *backward*.
  ကျွန်ုပ် မဟန်နိုင်ဘဲနောက်သို့ လဲကျသွားခဲ့သည်။
- She rode off down the road with a dog running *behind*.
  နောက်က ခွေးတစ်ကောင်နှင့်အတူ သူမ လမ်းမကြီးအတိုင်း မြင်းစီးပြေးခဲ့တယ်။

### (20) fully / precisely / utterly

fully = လုံးလုံးလျားလျား
precisely = အသေအချာ၊ အတိအကျ
utterly = လုံးလုံး၊ လုံးဝ

- We are *fully* aware of the danger.
  သူတို့အန္တရာယ်ရှိတယ်ဆိုတာ လုံးဝသိတယ်။
- Tell me *precisely* what happened to you yesterday.
  မနေ့က မင်းဘာဖြစ်ခဲ့တယ်ဆိုတာ ငါ့ကို အတိအကျပြောစမ်းပါ။
- They were *utterly* defeated.
  သူတို့ လုံးဝ အရေးနိမ့်ခဲ့ကြတယ်။

### (21) hardly / barely / scarcely

hardly = အနိုင်နိုင်၊ မ–လုပ်သလောက်
barely = မပြုနိုင်သလောက်
scarcely = မရှိသလောက်၊ မပြုသလောက်

- He is *hardly* well enough to go.
  သူ သွားနိုင်လောက်အောင် မကျန်းမာသေးပါ။
- We can *barely* see at night.
  ကျွန်တော်တို့ ညအချိန်မှာ မမြင်ရသလောက်ပါဘဲ။
- She has *scarcely* any money.
  သူမမှာ ပိုက်ဆံ တစ်ပြားမှ မရှိသလောက်ပါဘဲ။



### (22) highly / extremely / very

highly = အလွန်အမင်း
extremely = အလွန့်အလွန်
very = အလွန်

- He thinks *highly* of you.
  သူမင်းကို သိပ်အထင်ကြီးတယ်။
- She is *extremely* excited to hear this news.
  သူမ ဒီသတင်းကို ကြားရတာ အလွန့်အလွန် စိတ်လှုပ်ရှားသွားမယ်။
- It is *very* important to wear warm clothes in winter.
  ဆောင်းရာသီမှာ အနွေးထည်ဝတ်ထားဖို့ အလွန်အရေးကြီးတယ်။

### (23) indeed / really / surely

indeed = အမှန်တကယ်၊ အမှန်စင်စစ်
really = စင်စစ်အားဖြင့်
surely = အသေအချာ

- You are *indeed* fortunate.
  မင်းတစ်ကယ့်ကို ကံကောင်းပါတယ်။
- It is *really* good to stop smoking.
  ဆေးလိပ်ဖြတ်လိုက်တာ တစ်ကယ့်ကို ကောင်းပါတယ်။
- He will *surely* come.
  သူတစ်ကယ်လာမှာ သေချာပါတယ်။

### (24) intentionally / deliberately / purposely

intentionally = တမင်သက်သက်
deliberately = တမင်သက်သက်
purposely = တမင်သက်သက်

- He would never *intentionally* hurt anyone.
  သူကဘယ်သူ့ကိုမှ တမင်ထိခိုက်အောင် လုပ်မှာမဟုတ်။
- She has been *deliberately* ignoring him all day.
  သူမ သူ့ကို တစ်နေ့လုံးတမင် မသိချင်ဟန်ဆောင်နေခဲ့တယ်။
- He did it *purposely* to attract attention.
  သူ အာရုံဆွဲဆောင်ဖို့ ဒါကို တမင်သက်သက်လုပ်တယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



### (25) mostly / generally / mainly

mostly = အများဆုံးအဖြစ်
generally = ယေဘုယျအားဖြင့်၊ အများအားဖြင့်
mainly = အများအားဖြင့်၊ အဓိကအားဖြင့်

- The mangoes are ***mostly*** unripe.
  သရက်သီးတော်တော်များများသည် မမှည့်ကြသေးပါ။
- ***Generally*** speaking, men are likely to go astray.
  ယေဘုယျသဘောပြောရရင် လူများသည် လမ်းမှားကို လိုက်တတ်ကြသည်။
- An army ***mainly*** composed of Negroes arrived.
  အများအားဖြင့် နီဂရိုးများပါသော စစ်တပ်တစ်တပ် ရောက်လာခဲ့တယ်။

### (26) naturally / normally / usually

naturally = ပကတိအတိုင်း၊ ပင်ကိုယ်သဘာဝအတိုင်း
normally = ပုံမှန်အတိုင်း
usually = ခါတိုင်းလိုလို

- She speaks ***naturally***.
  သူမ ရိုးရိုးပဲပြောတယ်။
- I was not ***normally*** allowed to stay out late.
  ငါ့ကို အခါတိုင်းလို အပြင်မှာ ကြာကြာနေခွင့်မပြုတော့ဘူး။
- We ***usually*** go to work by car.
  ကျွန်တော်တို့ အခါတိုင်းလို အလုပ်ကို ကားနဲ့သွားကြတယ်။

### (27) nearly / approximately / roughly

nearly = နီးကပ်စွာ၊ နီးနီး၊ လုနီး
approximately = နီးနီး၊ နီးပါး
roughly = အကြမ်းအားဖြင့်

- He is ***nearly*** dead.
  သူသေခါနီးပြီ။
- The cost of this house is ***approximately*** 800 thousand.
  ဒီအိမ်တန်ဖိုးဟာ အနည်းဆုံး သိန်း ၈၀ ရှိတယ်။
- We live ***roughly*** halfway between here and the coast.
  ကျွန်တော်တို့ အကြမ်းဖြင်းအားဖြင့် ဒီနဲ့ ပင်လယ်ကမ်းခြေတစ်ဝက်လောက်မှာ နေကြတယ်။



### (28) now / ago / before

now = ယခု
ago = လွန်ခဲ့သည့် အချိန်က
before = ယခင်က

- The sun is shining ***now***.
  ယခု နေပူနေတယ်။
- It rained here 3 hours ***ago***.
  လွန်ခဲ့တဲ့ ၃ နာရီက ဒီနေရာမှာ မိုးရွာခဲ့တယ်။
- I have told you that ***before***.
  ငါ ဒါကို (မင်းကို) အရင်က ပြောထားပြီးပြီ။

### (29) nearly / almost / about

nearly = လုနီးပါး၊ နီးကပ်စွာ
almost = လုနီးနီး၊ ခန့်မှန်း
about = အနီးအနား၊ မျှလောက်

- She is ***nearly*** dead.
  သူမ သေခါနီးဆဲဆဲဖြစ်နေသည်။
- The mangoes are ***almost*** ripe.
  သရက်သီးတွေ မှည့်ခါနီးနေပြီ။
- It is ***about*** nine o'clock.
  ကိုးနာရီလောက်ရှိနေပြီ။

### (30) partially / piecemeal / gradually

partially = အပိုင်းလိုက်၊ တစတစ
piecemeal = တဖြည်းဖြည်း၊ အပိုင်းလိုက်၊ အစလိုက်
gradually = တဖြည်းဖြည်း

- He is ***partially*** blind.
  သူမျက်စေ့ မမြင်မစမ်း ဖြစ်နေတယ်။
- He was doing the work ***pecemeal***.
  သူအလုပ်ကို ဖြည်းဖြည်းချင်း ခွဲလုပ်နေတယ်။
- His health was improving ***gradually***.
  သူ့ကျန်းမာရေးဟာ တစ်ဖြည်းဖြည်း တိုးတက်ကောင်းမွန်လာတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



### (31) presently / shortly / soon

presently = မကြာမီအတွင်း၊ လောလောဆယ်
shortly = ချက်ချင်း၊ မကြာမီအတွင်း
soon = မကြာမီ

- The crime is ***presently*** investigated by the police.
  ရာဇဝတ်မှုကို မကြာမီအတွင်း ရဲက စစ်ဆေးလိမ့်မယ်။
- She arrived ***shortly*** after us.
  သူမ ကျွန်တော်တို့ ရောက်ပြီး ချက်ချင်းရောက်လာတယ်။
- We will be home ***soon.***
  ကျွန်တော်တို့ မကြာမီ အိမ်ပြန်ရောက်ပါလိမ့်မယ်။

### (32) primarily / firstly / originally

primarily = ဦးစွာပထမ၊ အဓိကအားဖြင့်
firstly = ရှေးဦးစွာ
originally = မူလက၊ အစက

- The problem is not ***primarily*** a financial one.
  ပြဿနာသည် အစက ငွေရေးကြေးရေးနှင့် လုံးဝ မပတ်သက်ပါ။
- The brochure is divided into two sections, dealing ***firstly*** with basic courses and secondly with advanced ones.
  ဒီလက်ကမ်းစာစောင်မှာ ပထမ အခြေခံ သင်တန်း ဒုတိယ အဆင့်မြင့်သင်တန်း ဆိုပြီး နှစ်ပိုင်းခွဲထားတယ်။
- The school was ***originally*** very small.
  ဒီကျောင်းက အစက သေးသေးလေးရယ်။

### (33) quite / rather / somewhat

quite = လုံးလုံး/လုံးဝ၊ အတော်
rather = အနည်းကျဉ်း၊ အတော်အတန်
somewhat = အတော်အသင့်၊ အတော်ကလေး

- Their house is ***quite*** small.
  သူတို့အိမ်က လုံးဝ(တကယ်)သေးသေးလေးပဲ။
- He is ***rather*** angry.
  သူအတော်ကလေး စိတ်ဆိုးနေတယ်။
- I was ***somewhat*** surprised to see him.
  သူ့ကို တွေ့လိုက်ရတော့ အတော်ကို အံ့အားသင့်သွားမိတယ်။



### (1) a / an / one

a (*det.*) = တစ်ခု၊ တစ်ကောင်၊ တစ်ယောက်
(a ကို 'အ' သံနှင့် မစသည့် စကားလုံးနှင့်သုံး)
an (*det.*) = တစ်ခု၊ တစ်ကောင်၊ တစ်ယောက်
(an ကို 'အ' သံနှင့် စသည့်စကားလုံးနှင့်သုံး)
one (*det.*) = တစ်ခု၊ တစ်ယောက်ဖြစ်သော
(*pro.*) တစ်ဦး၊ တစ်ယောက်

- I saw ***a*** man in the street.
  ငါလမ်းထဲမှာ လူကြီးတစ်ယောက်ကို တွေ့ခဲ့တယ်။
- She bought ***an*** umbrella yesterday.
  သူမ မနေ့က ထီးတစ်လက် ဝယ်လာခဲ့တယ်။
- This is not a good ***one.***
  ဤအရာသည် ကောင်းသော အရာမဟုတ်ပါ။

### (2) about / above / near

about (*prep.*) = အကြောင်း၊ အနီးအနား
above (*prep.*) = အပေါ်မှာ၊ ကျော်၊ လွန်၍
near (*prep.*) = အနီးမှာ၊ အနားမှာ

- We are talking ***about*** you.
  ငါတို့ မင်းအကြောင်းပြောနေကြတယ်။
- His action is ***above*** suspicion.
  သူ့အပြုအမူက သံသယဖြစ်ဖို့ အခြေအနေထက် ကျော်လွန်နေတယ်။
- Our house is ***near*** the hospital.
  ကျွန်တော်တို့ အိမ်က ဆေးရုံအနီးမှာ ရှိပါတယ်။

### (3) across / over / through

across (*prep.*) = တစ်ဖက်မှ တစ်ဖက်သို့ဖြတ်၍
over (*prep.*) = အထက်မှာ၊ အထက်မှ ကျော်၍
through (*prep.*) = တောက်လျှောက်၊ ထုတ်ချင်းပေါက် ဖြတ်၍

- He is walking ***across*** the road.
  သူလမ်းမကြီးကို ဖြတ်ကူးနေတယ်။
- He crossed the river ***over*** the bridge.
  သူသည် မြစ်ကို တံတားဖြင့် ဖြတ်ကူးခဲ့သည်။
- They passed ***through*** the village.
  သူတို့ ရွာကို ဖြတ်သွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



### (၄) and / but / or

and (*conj.*) = နှင့်၊ ၍၊ ၎င်းပြင်
but (*conj*) = သို့သော်လည်း၊ သို့ရာတွင်
or (*conj.*) = သို့မဟုတ်က၊ သို့မဟုတ်လျှင်

- Cows ***and*** buffaloes are useful.
  နွားနှင့် ကျွဲများသည် အသုံးဝင်ကြသည်။
- He is rich ***but*** miserly.
  သူချမ်းသာသော်လည်း ကပ်စေးနည်းသည်။
- Study hard, ***or*** you will fail in the exam.
  စာကြိုးစားပါ၊ သို့မဟုတ်က စာမေးပွဲကျလိမ့်မယ်။

### (5) as / because / since

as (*conj.*) = သဖြင့်၊ သောကြောင့်၊ နေ့စဉ်
because (*conj.*)= ကြောင့်၊ သောကြောင့်၊ လို့
since (*conj.*) = ရကား၊ သောကြောင့်

- I stayed in ***as*** it was raining.
  မိုးရွာနေသောကြောင့် (သဖြင့်) အိမ်ထဲမှာပဲနေတယ်။
- He failed ***because*** he was ill.
  သူ မကျန်းမာသောကြောင့် ရှုံးခဲ့တယ်။
- ***Since*** there was no more work, he was allowed to leave.
  အလုပ်လုပ်စရာ မရှိသောကြောင့် သူ့ကို သွားခွင့်ပြုလိုက်သည်။

### (6) as / because / since

as (*prep.*) = သကဲ့သို့၊ လို၊ အလားတူ
because of (*prep.*)= သဖြင့်၊ သောကြောင့်
since (*prep.*) = မှစ၍၊ ကတည်းက

- He spoke ***as*** an expert.
  သူကျွမ်းကျင်သူတစ်ဦးကဲ့သို့ ပြောခဲ့သည်။
- He failed ***because*** of his ill-health.
  သူမကျန်းမာသောကြောင့် ရှုံးခဲ့တယ်။
- I have not seen him ***since*** last Sunday.
  လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ကတည်းက သူ့ကို မတွေ့ရသေးပါ။



### (7) as / as if / as though

as (*conj.*) = သကဲ့သို့၊ အတိုင်း
as if (*conj.*) = အလားတူ၊ ကဲ့သို့၊ လို
as though (*conj.*)= သည့်အတိုင်း၊ လိုပင်

- Please do ***as*** you are told.
  မင်းငါခိုင်းထားတဲ့အတိုင်း လုပ်ပါ။
- He remained calm ***as if*** nothing had happened.
  သူဘာမှ မဖြစ်သလို တည်ငြိမ်လျက်ရှိတယ်။
- It sounds ***as though*** he had a good time.
  သူ့ကြည့်ရတာ ပျော်နေတဲ့အတိုင်းပါပဲ။

### (8) as / when / while

as (*conj.*) = နေစဉ်၊ စဉ်တွင်
when (*conj.*) = သောအခါ
while (*conj.*) = စဉ်တွင်၊ အခိုက်

- ***As*** I was waiting, he arrived.
  ကျွန်တော် စောင့်နေစဉ် သူရောက်လာတယ်။
- ***When*** I saw her , she was smiling.
  ကျွန်တော် သူမကို မြင်တဲ့အချိန်မှာ သူမ ပြုံးနေတယ်။
- Please watch the baby ***while*** I am away.
  ငါမရှိတုန်း ကျေးဇူးပြုပြီး ကလေးကို ကြည့်ထားပေးပါ။

### (9) at / in / on (place)

at (*prep.*) = ၌၊ မှာ၊ တွင်၊ ဝယ်
in (*prep.*) = အထဲမှာ၊ အတွင်းမှာ၊ ၌၊ မှာ၊ တွင်
on (*prep.*) = အပေါ်မှာ

- He is now ***at*** work.
  သူအခုအလုပ်ခွင်မှာ ရှိသေးတယ်။
- We live ***in*** a big house.
  ကျွန်တော်တို့ အိမ်ကြီးတစ်အိမ်မှာ နေကြတယ်။
- The pictures are ***on*** the wall.
  နံရံပေါ်မှာ ရုပ်ပုံကားချပ်တွေရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (10) at / in / on (time)

at (*prep.*) = ၌၊ မှာ၊ တွင်၊ ဝယ်
in (*prep.*) = အထဲမှာ၊ အတွင်းမှာ၊ ၌၊ မှာ၊ တွင်
on (*prep.*) = အပေါ်မှာ၊ မှာ၊ တွင်

- I will be back ***at*** 4 p.m. this evening.
  ငါဒီညနေ (၄) နာရီအချိန်မှာ ပြန်လာခဲ့မယ်။
- I was born ***in*** 1936.
  ငါကို ၁၉၃၆ ခုနှစ်မှာ မွေးခဲ့တယ်။
- We do not go to school ***on*** Sunday.
  ကျွန်တော်တို့ တနင်္ဂနွေနေ့မှာ ကျောင်းမသွားကြပါ။

### (11) before / after / behind

before (*prep.*) = ရှေ့၊ အရင်၊ မတိုင်မီ
after (*prep.*) = နောက်၊ ပြီးနောက်
behind (*prep.*) = နောက်တွင်၊ နောက်က

- Don't put the cart ***before*** the horse.
  နွားရှေ့ထွန်မကျူးပါနှင့်(စကားပုံ)။
- He ran ***after*** the dog.
  သူခွေးနောက်က ပြေးလိုက်ခဲ့သည်။
- We have a flower garden ***behind*** the house.
  ကျွန်တော်တို့မှာ အိမ်နောက်ဖေး၌ ပန်းဥယျာဉ်တစ်ခုရှိတယ်။

### (12) below / under / above

below (*prep.*) = အောက်တွင်
under (*prep.*) = အောက်မှာ၊ အောက်က
above (*prep.*) = အထက်မှာ၊ ကျော်၍

- Please do not write ***below*** this line.
  ဒီမျဉ်းကြောင်းအောက်မှာ ဘာမှ မရေးပါနဲ့။
- She placed the ladder ***under*** the window.
  သူမသည် လှေကားကို ပြူတင်းပေါက်အောက်မှာ ထားလိုက်သည်။
- We were flying ***above*** the clouds.
  ကျွန်တော်တို့ မိုးတိမ်များအပေါ်မှာ ပျံသန်းနေကြတယ်။

BURMESE CLASSIC .com



### (13) beside / in / outside

beside (*prep.*) = ဘေး၊ နံဘေးမှာ
in (*prep.*) = အထဲမှာ၊ အတွင်းမှာ
outside (*prep.*) = အပြင်ဘက်၊ အပြင်ဘက်မှာ

- My father is walking ***beside*** me.
  အဖေ ကျွန်တော့်ဘေးက လျှောက်လှမ်းနေတယ်။
- Flower plants are grown ***in*** the garden.
  ဥယျာဉ်ထဲမှာ ပန်းပင်များကို စိုက်ထားတယ်။
- You can park your car ***outside*** our house.
  မင်းကားကို ငါတို့အိမ်အပြင်ဘက်မှာ ရပ်ထားလို့ရတယ်။

### (14) by / beside / near

by (*prep.*) = အနီးတွင်
beside (*prep.*) = ဘေး၊ နံဘေးမှာ
near (*prep.*) = အနီးမှာ၊ အနားမှာ

- Sit ***by*** me.
  ငါ့အနားမှာထိုင်ပါ။
- He sat ***beside*** her all night.
  သူတစ်ညလုံး သူမဘေးမှာ ထိုင်ခဲ့တယ်။
- The City Hall is ***near*** the Sulay Pagoda.
  မြို့တော်ခန်းမသည် ဆူးလေဘုရားအနီးမှာ ရှိသည်။

### (15) between / among / around

between (*prep.*) = နှစ်ဦးနှစ်ယောက်အကြားမှာ၊ တွင်
among (*prep.*) = အများအကြားမှာ၊ တွင်
around (*prep.*) = ပတ်လည်တွင်

- There was a fight ***between*** the two dogs.
  ခွေးနှစ်ကောင်ကိုက်နေကြတယ်။
- The town lies ***among*** the mountains.
  မြို့က တောင်တန်းတွေကြားမှာ တည်ရှိတယ်။
- We walked ***around*** the house.
  ကျွန်တော်တို့ အိမ်ကိုပတ်ပြီး လမ်းလျှောက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



### (16) before / after / during

before (*prep.*) = မတိုင်မီ
after (*prep.*) = နောက်၊ ပြီးနောက်
during (*prep.*) = အတောအတွင်း

- We will arrive home *before* noon.
  မွန်းမတည့်မီ ကျွန်တော်တို့ အိမ်ပြန်ရောက်ကြတယ်။
- *After* dinner, we will take a walk.
  ညစာ စားပြီးရင် ကျွန်တော်တို့ လမ်းလျှောက်ကြမယ်။
- We are going to Mandalay *during* vacation.
  ကျောင်းပိတ်ရက် အတောအတွင်း ကျွန်တော်တို့ မန္တလေးသွားကြမယ်။

### (17) down / up / into

down (*prep.*) = အောက်တွင်၊ အောက်သို့
up (*prep.*) = အထက်မှာ၊ အထက်သို့
into (*prep.*) = အထဲသို့

- The stones rolled *down* the hill.
  ကျောက်တုံးများသည် တောင်ကုန်းပေါ်မှ လိမ့်ဆင်းသွားသည်။
- She climbed *up* the hill.
  သူမ တောင်ကုန်းပေါ်သို့ တက်သွားသည်။
- They dived *into* the water.
  သူတို့ ရေထဲသို့ ဒိုက်ဗင် ထိုးဆင်းခဲ့သည်။

### (18) during / for / in

during (*prep.*) = အတောအတွင်း၊ အချိန်အတွင်း
for (*prep.*) = အချိန်ကြာကြာ၊ အတွက်
in (*prep.*) = ၌၊ မှာ၊ တွင်

- He was taken to the hospital *during* the night.
  သူ့ကို ညတုန်းက ဆေးရုံကို ပို့လိုက်တယ်။
- She has been here *for* 3 hours.
  သူမ ဒီမှာ ရောက်နေတာ (၃) နာရီလောက်ကြာပြီ။
- He passed the examination *in* 1990.
  သူ ၁၉၉၀ ခုနှစ်က စာမေးပွဲအောင်ခဲ့တယ်။

BURMESE CLASSIC .com



### (19) each / every / either

each(*det./pre.*) = တစ်ခုစီ၊ တစ်ယောက်စီ
every (*det.*) = အသီးသီး၊ တိုင်း
either (*det./pro.*) = တစ်ခုမဟုတ် တစ်ခု

- *Each* student has been given exercise books.
  ကျောင်းသားတစ်ယောက်စီကို လေ့ကျင့်ခန်းစာအုပ်တွေ ပေးပြီးပြီ။
- *Every* student in the class has books and pencils.
  အတန်းထဲက ကျောင်းသားတိုင်းမှာ စာအုပ်နဲ့ ခဲတံတွေ ရှိတယ်။
- You can park on *either* side of the street.
  မင်းတို့ကားကို လမ်းရဲ့ တစ်ဖက်ဖက်မှာ ရပ်လို့ရတယ်။

### (20) each other / one another / one after another

each other (*pro.*) = တစ်ဦးကို တစ်ဦး
one another (*pro.*) = တစ်ဦးနှင့် တစ်ဦး
one after another (*pro.*) = တစ်ယောက်ပြီး တစ်ယောက်

- They help *each other* in their work.
  သူတို့ တစ်ဦးကို တစ်ဦး အလုပ်မှာ ကူညီကြတယ်။
- We all tried and helped *one another*.
  ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ကူညီခဲ့ကြတယ်။
- They entered the room *one after another*.
  သူတို့ အခန်းထဲကို တစ်ယောက်ပြီး တစ်ယောက် ဝင်ခဲ့ကြတယ်။

### (21) either / neither / both

either (*pro.*) = တစ်ခုမဟုတ်၊ တစ်ခု
neither (*pro.*) = ဒီဟာလဲမဟုတ်၊ ဟိုဟာလဲမဟုတ်
both (*pro.*) = နှစ်ခုစလုံး၊ နှစ်ဦးစလုံး

- I don't want *either* of the two books.
  ငါစာအုပ် နှစ်အုပ်ထဲက ဘယ်စာအုပ်မှ မလိုချင်ပါ။
- *Neither* of my parents speaks English.
  ကျွန်တော့် မိဘနှစ်ဦးလုံး ဘယ်သူမှ အင်္ဂလိပ်လို မပြောတတ်ဘူး။
- *Both* of his parents were dead.
  သူ့မိဘ နှစ်ဦးလုံး ကွယ်လွန်သွားကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



### (22) either – or / neither–nor / both–and

either – or (*conj.*) = တစ်ခုမဟုတ်တစ်ခု
neither – nor (*conj.*) = ၂ ခုအနက် တစ်ခုမှ မဟုတ်
both – and (*conj.*) = ၂ ခုစလုံး ၂ ယောက်စလုံး

- I think she is ***either*** Chinese ***or*** Korean.
  သူမ တရုတ် သို့မဟုတ် ကိုးရီးယား တစ်ယောက်ယောက်ဖြစ်ရမယ်။
- Their house is ***neither*** big ***nor*** small.
  သူတို့ အိမ်က သိပ်လည်းမကြီး သိပ်လည်း မသေးပါဘူး(အနေတော်ပါပဲ)။
- ***Both*** his father ***and*** mother will be there.
  သူ့အဖေရော အမေပါနှစ်ဦးစလုံး အဲဒီမှာရှိကြလိမ့်မယ်။

### (23) few / a few / little / a little / a lot of

few / a few (*det.*) = အနည်းငယ်၊ အနည်းငယ်သော
(ရေတွက်ရသည့်အမည်များနှင့် သုံး)
little / a little (*det.*) = အနည်းငယ်၊ အနည်းငယ်သော
(ရေတွက်မရသေးသည့် အမည်များနှင့်သုံး)
a lot of (*det.*) = များစွာ၊ များစွာသော
(မည်သည့်အမည်များနှင့် မဆိုသုံး)

- ***Few*** people understand the difference.
  မတူညီတဲ့ အချက်ကို လူနည်းနည်းပဲသိတယ်။
- There was ***little*** doubt in my mind.
  ငါစိတ်ထဲမှာ သံသယနည်းနည်းပဲရှိတယ်။
- ***A lot of*** people are coming to the meeting.
  အစည်းအဝေးကို လူအတော်များများ တက်ကြတယ်။

### (24) if only / if so / if not

if only (*conj.*) = သာ-- ခဲ့လျှင်
if so (*conj.*) = ဒီလိုဆိုရင်
if not (*conj.*) = ဒီလိုသာ -- မဟုတ်ခဲ့လျှင်

- ***If only*** the weather were fine!
  ရာသီဥတုသာ သာယာလိုက်ရင် သိပ်ကောင်းမှာ။
- It was going to rain. ***If so***, I wouldn't go out.
  မိုးရွာတော့မယ်၊ ဒီလိုဆို ငါအပြင်မထွက်တော့ဘူး။
- Do you want that cake? ***If not***, I will have it.
  မင်း ဒီမုန့်စားမှာလား၊ မင်းမစားရင် ငါစားလိုက်မယ်။



### (25) many / much / no

many (*det.*) = များစွာ၊ များစွာသော
(ရေတွက်ရသည့် အမည်များနှင့်သုံး)
much (*det.*) = များစွာ၊ များစွာသော
(ရေတွက်မရသည့် အမည်များနှင့် သုံး)
no (*det.*) = မဟုတ်၊ မဟုတ်သော

- I have ***many*** toys at home.
  ငါတို့ အိမ်မှာ ကစားစရာ အရုပ်တွေ အများကြီးရှိတယ်။
- They have ***much*** money to buy a new car.
  သူတို့မှာ ကားအသစ်ဝယ်ဖို့ ပိုက်ဆံတွေ အများကြီးရှိတယ်။
- There is ***no*** cloud in the sky.
  ကောင်းကင်မှာ မိုးတိမ်လုံးဝမရှိဘူး။

### (26) no / not / never

no (*det.*) = မဟုတ်၊ မဟုတ်သော
not (*adv.*) = မ - မဟုတ်
never (*adv.*) = ဘယ်တော့မှ

- They have ***no*** house to live in.
  သူတို့မှာ နေစရာ အိမ်မရှိဘူး။
- He does ***not*** eat meat.
  သူအသားမစားဘူး။
- She ***never*** tells lies.
  သူမ ဘယ်တော့မှ မုသားမပြောဘူး။

### (27) nobody / no one / none

nobody (*pro.*) = မည်သူတစ်ဦးတစ်ယောက်မျှ
no one (*pro.*) = မည်သူတစ်ဦးတစ်ယောက်မျှ
none (*pro.*) = တစ်ယောက်မျှ

- ***Nobody*** comes here.
  ဒီကို ဘယ်သူမှ မလာကြပါ။
- ***No one*** is allowed to walk on grass.
  မြက်ခင်းပေါ်မှာ ဘယ်သူ့ကိုမှ လမ်းလျှောက်ခွင့်မပြုပါ။
- ***None*** of the boys can answer this question.
  ဒီမေးခွန်းကို ဘယ်ကောင်လေးမှ မဖြေနိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



### (28) on / under / behind

on (*prep.*) = အပေါ်မှာ
under (*prep.*) = အောက်မှာ
behind (*prep.*) = နောက်မှာ

- There is a picture ***on*** the wall.
  နံရံပေါ်မှာ ရုပ်ပုံကားချပ်တစ်ခုရှိတယ်။
- We put some papers ***under*** the bed.
  ကျွန်တော်တို့ အိပ်ရာအောက်မှာ စက္ကူတွေ ထားတယ်။
- The sun disappeared ***behind*** the clouds.
  နေသည် မိုးတိမ်များနောက်မှာ ပျောက်ကွယ်ခဲ့သည်။

### (29) some / any / no

some (*det.*) = အချို့၊ အချို့သော
any (*det.*) = တစ်စုံတစ်ခု၊ တစ်စုံတစ်ခုသော
no (*det.*) = မဟုတ်၊ မဟုတ်သော

- I have ***some*** money to buy a car.
  ငါ့မှာ ကားဝယ်ဖို့ ပိုက်ဆံနည်းနည်းရှိတယ်။
- You can have ***any*** book you like.
  မင်းကြိုက်တဲ့ စာအုပ်တစ်အုပ်အုပ် မင်းယူနိုင်တယ်။
- There is ***no*** time to talk about it now.
  ဒါကို အခုပြောဖို့ အချိန်မရသေးဘူး။

### (30) so / such / very

so (*adj./conj.*) = ထိုမျှလောက်၊ ထို့ကြောင့်
such (*adj./conj.*) = ဤကဲ့သို့သော၊ အရာပစ္စည်း
very (*adv.*) = အလွန်

- She is ***so*** pretty ***that*** everyone loves her.
  သူမသည် လှလွန်းသောကြောင့် လူတိုင်းက ချစ်ကြတယ်။
- I have never seen ***such*** a beautiful flower.
  ဒီလောက်လှတဲ့ပန်း ငါတစ်ခါမှ မမြင်ဖူးဘူး။
- They are ***very*** rich.
  သူတို့ အလွန်ချမ်းသာကြတယ်။

BURMESE CLASSIC .com



### (31) until / by / to

until (*prep./conj.*) = တိုင်အောင်၊ အထိ
by (*prep.*) = အနီးအနား၊ လောက်တွင်
to (*prep.*) = သို့၊ ရန်၊ ဖို့၊ အထိ

- I will sit here ***until*** you agree to come.
  မင်းလာဖို့ သဘောမတူမချင်း ငါဒီမှာ ထိုင်နေမယ်။
- It will be finished ***by*** tomorrow.
  အဲဒါ မနက်ဖြန်လောက်ဆိုပြီးမယ်။
- We only work from Monday ***to*** Friday.
  ကျွန်တော်တို့ တနင်္လာနေ့က သောကြာနေ့အထိသာ အလုပ်လုပ်ကြတယ်။

### (32) until / since / for

until (*prep.*) = တိုင်အောင်၊ အထိ
since (*prep.*) = မှစ၍၊ ကတည်းက
for (*prep.*) = အတွက်၊ ကြာကြာ

- He continued working up ***until*** his death.
  သူသေသည့်အထိ အဆက်မပြတ် အလုပ်လုပ်သွားတယ်။
- We have been living here ***since*** 2001.
  နှစ်ထောင့်တစ်ခုနှစ်ကတည်းက သူဒီမှာနေနေတာ။
- I have been learning English ***for*** 5 years.
  ငါ အင်္ဂလိပ်စာ သင်ယူနေတာ ငါးနှစ်ကြာပြီ။

### (33) unless / if–not / or

unless (*conj.*) = မ --ခဲ့လျှင်
if– not (*conj.*) = မ -- ခဲ့လျှင်
or (*conj.*) = သို့-မဟုတ်က၊ သို့မဟုတ်လျှင်

- ***Unless*** you work hard, you will not succeed.
  မင်းမကြိုးစားရင်တော့ အောင်မြင်မှာ မဟုတ်ဘူး။
- ***If*** you weren't always in such a hurry, your work would be much better.
  မင်းသာ အခုလို အလျှင်စလို မလုပ်ဖူးဆိုရင် မင်းအလုပ်က ဒီထက်ပိုကောင်းမှာ။
- Turn the heat down, ***or*** it will burn.
  အပူကို လျှော့ချလိုက်၊ သို့မဟုတ်လျှင် မီးလောင်သွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



### (34) when / whether / if.

when (*conj.*) = သောအခါ၊
whether (*conj.*) = ဟုတ်မဟုတ်၊
if (*conj.*) = လျှင်--ခဲ့လျှင်

- I loved history ***when*** I was at school.
  ငါ ကျောင်းတုန်းက သမိုင်းဘာသာကို အလွန်သဘောကျတယ်။
- I am going ***whether*** you like it or nor.
  မင်းကြိုက်ကြိုက် မကြိုက်ကြိုက် ငါတော့ သွားမှာပဲ။
- ***If*** you improve your English, you will easily get a job.
  မင်း အင်္ဂလိပ်စာ ကျွမ်းရင် အလုပ်မြန်မြန်ရမှာပဲ။

### (35) whoever / whichever / whatever / wherever

whoever (*pro./conj.*) = မည်သူမဆို၊ ဘယ်သူဘဲဖြစ်ဖြစ်
whichever (*pro./conj.*) = ဘယ်အရာမဆို၊ ဘယ်အရာဖြစ်ဖြစ်
whatever (*pro./conj.*) = ဘာမဆို၊ ဘာဘဲဖြစ်ဖြစ်

- I don't want to see them, ***whoever*** they are.
  ဘယ်သူပဲဖြစ်ဖြစ်၊ ငါသူတို့ကို မတွေ့ချင်ဘူးကွာ။
- Please take ***whichever*** you like.
  မင်းကြိုက်တာ တစ်ခုခုယူသွားပါ။
- Don't tell your mother ***whatever*** you do.
  မင်းဘာပဲလုပ်လုပ် မင်းအမေကို သွားမပြောနဲ့။
- ***Wherever*** she goes, there are crowds of people waiting to see her.
  သူမ ဘယ်ကိုပဲသွားသွား သူမကို စောင့်ကြည့်တဲ့ လူတွေအများကြီးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

# WORDS OFTEN CONFUSED

- ဝေါဟာရတိုးပွားစေရန် အကောင်းဆုံး အထောက်အကူပြုမည့်စာအုပ်။
- စကားလုံး ၃၀၀၀ ကျော်၊ ၄၀၀၀ နီးပါးပါတယ်။
- တစ်လုံးချင်းရဲ့ အဓိပ္ပါယ်များကို နမူနာ ဝါကျတစ်ခုစီနဲ့ ရှင်းပြထားတယ်။
- တစ်လုံးကြည့်လိုက်ရုံနဲ့၊ အနည်းဆုံး (၃) လုံး သိသွားမယ်။
- အက္ခရာစဉ်လိုက် ဖော်ပြထားတဲ့အတွက်၊ ရှာရတာလွယ်တယ်။
- အဘိဓါန်စာအုပ်ကြီးများကို လှန်ချိန်၊ ကြည့်ချိန်မရအောင် အလုပ်များနေသူများအတွက် အလွန်အသုံးဝင်မယ်။

**U Taung Lone**
B.A; Dip. Ed

www.burmeseclassic.com